www.burmeseclassic.com

သမိုင်းနောက်ခံ ဇာတိမာန်ဝတ္ထု



၂၀၀၄ အမျိုးသားစာပေ [illegible]ဆုရ

ဆင်ဖြူကျွန်းအောင်သိန်း

# ဓားရောင်တဖွေး

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံးစိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဆင်ဖြူကျွန်းအောင်သိန်း

## မားရောင်ကဖွေး

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ထုတ်လုပ်သူ
မအောင်ကြင်းနိုင်၊ (B.sc Maths)

တာမူခွင့်ပြုချက်အမှတ် ၅၀၀၂၃၅၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၀၆၀၄၀၉

ပုံနှိပ်မှတ်တမ်း၊
ပထမအကြိမ် ၁၉၆၇ ခုနှစ်၊ နံ့သာတိုက်
ဒုတိယအကြိမ် ၂၀၀၉ ခုနှစ်၊ မျိုးမြန်မာစာအုပ်တိုက်
ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ၊
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊
ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးဇော်မြင့်ဝင်း၊ ကာလာဇုံပုံနှိပ်တိုက်
၁၈၄/ဘီ၊ ၃၁လမ်း။ ပန်းဘဲတန်း။ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်
ကျွောက်စိမ်းအော့ဖ်ဆက်
မျက်နှာဖုံးပန်းချီ
မျိုးပြည့်ဖြိုးအောင်
စာအုပ်ချုပ်
သံခဲ
ဒုတိယအကြိမ်
၂၀၀၉၊ ဖွန်လ။ အုပ်ရေ ၁၀၀၀

တန်ဖိုး ၂၅၀၀ကျပ်

၈၉၅ ၈၃
အောင်သိန်း ၊ ဆင်ဖြူကျွန်း
ဓားရောင်ကဖွေး / ဆင်ဖြူကျွန်းအောင်သိန်း ။ – ရန်ကုန် ၊
ချိုတေးသံစာပေ ၊ ဒုတိယအကြိမ် ၊ ၂၀၀၉ ။
၂၆၈ – စာ ၊ ၁၂ X ၁၉ စင်တီ။
(၁) ဓားရောင်ကဖွေး



နေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းကို မကွေးတိုင်း၊ ဆင်ဖြူကျွန်းမြို့နယ်၊ ယမ်းဖိုကုန်းရွာ
င် အဖ ယာသမားကြီး ဦးရွှေစံနှင့် အမိဒေါ်ငွေစင်တို့မှ ၁၉၂၈ နိုဝင်ဘာ ၁၀တွင် ဖွားမြင်
ည်။ မွေးချင်းလေးယောက်တွင် စတုတ္ထဖြစ်ပြီး အမည်ရင်းမှာ ဦးကြည်အေးဖြစ်၏။

ဒုတိယကမ္ဘာစစ်မတိုင်မီက ဆင်ဖြူကျွန်း ဒိစတြိတ်ကောင်စီ အထောက်အပံ့ခံ
တန်းကျောင်းနှင့် ဆင်ဖြူကျွန်းဦးဖိုးသိန်း အလယ်တန်းကျောင်းတို့တွင် မူလတန်းနှင့်
ယ်တန်းပညာများ သင်ခဲ့၏။ ဒုတိယကမ္ဘာစစ်အတွင်း ဆင်ဖြူကျွန်းဆရာနွယ် အထက်တန်း
ျာင်းတွင် အထက်တန်းပညာသင်ခဲ့သည်။ ၁၉၅၅တွင် ဂွတ္တလစ်ကျောင်းသားဂုဏ်ရည်
ှတ်ပညာသင်ကျောင်း၌ ဆက်လက်ပညာသင်ယူခဲ့ရာ ၁၉၅၇တွင် တက္ကသိုလ်ဝင် စာမေးပွဲ
င်မြင်ခဲ့သည်။

၁၉၅၇–၅၈တွင် 'ရုပ်ရှင်ပဒေသာ' မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ၊ ၁၉၅၈–၅၉တွင်
ှင်လောက'၊ 'ယနေ့ရုပ်ရှင်'နှင့် 'နတ်သျှင်နောင်' စာစောင်တို့တွင် တာဝန်ခံအယ်ဒီတာ၊
၀တွင် 'တံခွန်ဂျာနယ်' အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၆၄–၆၅တွင် 'ကာနယ်ဖင်း'၌ တာဝန်ခံ
ယ်ဒီတာအဖြစ် အမှုထမ်းခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ စာရေးဆရာ စာပေကလပ်၊ ပြည်ထောင်စု မြန်မာ
 စာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံ စာပေဝါသနာရှင်
 ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၊ စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်း
တို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၅၉ မှ ၁၉၆၁ အထိ ရုပ်ရှင်ဇာတ်လမ်း မှတ်တမ်းတင်သူ၊ တွဲဖက်ဒါရိုက်တာ
ည်ဖြင့် လုပ်ကိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဌ် ကျပင်းမြို့၊ မြေတိုင်မြို့သူကြီးမင်း၏ သံတံဆိပ်တုံး ခတ်နှိပ်ရာများ တွေ့ရပေသည်။ ထို့ပြင် ကျောက်ပြာဘုရား၊ ငါးမျက်နှာနှင့် ဖောင်တော်ဦးဘုရားမှ ကျောက်စာဟောင်းများ ဖြစ်သည်။

ကြာအင်း(ကျပင်း)မြို့အတွက် ဤမျှ အထောက်အထား ရှိသော်လည်း လူပုဂ္ဂိုလ်များအတွက်မူ မင်းကြီးဗိုလ်ဥတ္တမမှတစ်ပါး ခိုင်လုံသော အထောက် အထား မရှိပေ။ သိမှတ်ဖူးသော ဆရာတော်များ၊ သိမီဖူးသော လူပုဂ္ဂိုလ်များထံ ချဉ်းကပ်မှတ်သားကာ ညှိနှိုင်းရေးသားရပါသည်။ လူပုဂ္ဂိုလ်များအတွက် ခိုင်လုံသော အထောက်အထား မရှိသည့်အတွက် ဤဝတ္ထုကို တစ်ချိန်သောအခါက အမှန် တည်ရှိဖြစ်ပျက်ခဲ့ဖူးသော အကြောင်းအရာတစ်ခု၏ မပြည့်စုံသော အရိပ်အယောင်အဖြစ် မှတ်ယူနိုင်ပါသည်။

ဤဝတ္ထုအတွက် အကူအညီပေးသော အောက်ပါပုဂ္ဂိုလ်များ၏ အရေးပါမှုကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြပါသည်။

| | |
|---|---|
| ၁။ ဆရာတော် ဦးညာဏ | (ငါးမျက်နှာကန်ကျောင်း) |
| ၂။ ဦးရွှေစင် | (ကျပင်း မြောက်ရွာ) |
| ၃။ ဦးခန့် | (ရွာသစ်ကြီးရွာ) |
| ၄။ ကျောင်းဆရာ ဦးကျော်ခင် | (သူဌေးကုန်း) |
| ၅။ အဘိုး ဦးရွှေကွန် | (ရွှေလှေချောင်း) |
| ၆။ ဦးနီ | (ကျပင်းတောင်ရွာ) |
| ၇။ ဦးလှမောင် | (ရွာသစ်ကြီးရွာ) |
| ၈။ ဦးလှအေး | (ရွာသစ်ကြီးရွာ) |
| ၉။ ဦးသောင်းပေ | (ကျပင်း) |
| ၁၀။ မောင်ဟန် | (ရုံးပင်ရပ်) |
| ၁၁။ ဦးသန်းရွှေ | (ယမ်းဖိုကုန်း) |
| ၁၂။ ကျောင်းဆရာဦးကျော်ငြိမ်း | (သာယာကုန်း) |
| ၁၃။ ဦးကျော် | (စလင်းမြို့) |

## ၁

မြင်းခွာသံသည် တိတ်ဆိတ်သော ညဥ့်ယံကို ဖောက်ထွင်းဝဲပျံလာ၏။

လရောင်သည် ရှင်းလင်းကြည်လင်ခြင်း မရှိ။ တိမ်မင်ခိုးမှိုင်း မသမ်းသော် ငြား လကား ဝေဝေမှိုင်းမှိုင်း၊ မသာချင့် သာချင် ထွန်းလင်းနေသည်။ မိုးအာကာသို့ မျှော်လျှင် လဝန်းဆီသို့ မီးခိုးမီးငွေ့များ စုပြုံတိုးဝှေ့လာသလိုလို ထင်ရတတ်၏ င်စစ်သော် ကောင်းကင်သည် ကြည်လင်နေ၏။

ညင်ညင် ညင်းသော လေပြည်သည် မလတ်ဆတ်။ ယမ်းနံ့ယမ်းခိုးများ မှုံလှိုင်ချေ၏။ တစ်ခါ တစ်ခါတွင် အိမ်ရာ အဆောက်အဦများ လောင်ကျွမ်းရာမှ လွင့်ပျံ့လာသော အနံ့လည်း ပါလာတတ်၏။ တစ်ချက်တလေတွင် လူသေကောင်နံ့ င် လူသေ မီးကျွမ်းရနံ့များပင် လေဝယ် ပါလာတတ်သည်။

အချိန်မှာ ၁၂၄၈ ခု ကဆုန်လ၏ လဦးပိုင်း။ အထက်မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ဆုံးရှုံးသည်မှ ၆ လ ကြာမြင့်သော ကာလတည်း။

နေရာမှာ ဧရာဝတီမြစ်နှင့် စလင်းမြို့ ဆက်သွယ်ရာ လမ်းဆုံ ဖြစ်သော လင်းချောင်း ကမ်းနဖူးရှိ ရမ်းဘိုကုန်းရွာ (ယမ်းဖိုကုန်း) တောင်ဘက် အုတ်လမ်းကြီး ပါတွင် ဖြစ်ကာ ပရပိုက်တန်းရွာဘက်မှ ခွာသံပြင်းပြင်းဖြင့် ကဆုန်စိုင်းလာသော င်းခွာသံသည် ယမ်းဖိုကုန်းရွာ မြောက်ဖျားသို့ တဖြည်းဖြည်း နီးကပ်လာလေ၏

မားထက်သော ဝန်အဆက်ဆက် ကိုးကွယ်ခဲ့ရာ လေးထပ်ကျောင်းကြီး သည်လည်း မှုန်ရီသော လရောင်အောက်တွင် တိတ်ဆိတ် ငြိမ်သက်နေချေသည်။ မြို့မှာ ကင်ထက်မှ ပျောက်ကွယ်ခဲ့ပြီ ဖြစ်သော သာသနာ့ဒါယကာ မင်းမြတ်ကိုပင်လျှင် ၍ရွှေကျောင်းတော်ကြီးသည် လွမ်းဆွတ်နေပေသလော။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာဝယ် ကြီးမားသော မြန်မာကုက္ကိုပင်ကြီးများ အုပ်ဆိုင်းနေ ကုက္ကိုပင် ကြီးများအောက်တွင် လရောင် တစ်ပြောက် နှစ်ပြောက် မှုန်မွှား ကွက်ထင်နေသည်မှအပ မှောင်လှသည်။

ကုက္ကိုပင်ရိပ်၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် ရွာနှစ်ရွာ၏ ဆူးတ စောင်ရန်း ရှိ၏။ တစ်ခုနှင့် တစ်ခု ခဲတစ်ပစ်သော်မျှ မဝေး။ နှစ်ရွာလုံး ငြိမ်သက် သည်။ တိတ်ဆိတ်နေသည်။

အနောက်ဘက်က ရွာသည် ယမ်းပိုကုန်း မည်၏။ အရှေ့ဘက်က သည် ရွာသစ် တွင်၏။

သက်ကြီးခေါင်းချ အချိန်မို့ လူသူလေးပါးတို့၏ အသံဗလံများ ဆိတ် သည် ဆိုလျှင်ထား၊ ခွေးဟောင်သံ၊ ကြက်တွန်သံနှင့် ကလေး မြွေးငယ်တို့ အသံများကိုကား ကြားသင့်ကောင်း၏။

ယခုကား ဘာမျှ မကြား။

ရွာသူရွာသားများသည် ရွာကို စွန့်၍တည်း ပြေးသည်လော... ။

ကုလား ဖျက်၍တည်း ရွာ ပျက်စီးချေပြီလော... ။

တစ်လောကလုံးသည် ချောက်ချားဖွယ်ရာ တိတ်ဆိတ်နေ၏။

လွန်စွာ မိုးခေါင် ရေရှား၍ အလွန်အမင်း ပူပြင်းသော သည်ကဆုန်ဝ ရင်ကွဲ (ပုစဥ်ရင်းကွဲ)ကောင်တို့ တစ်ရုံမပြတ် အော်လေ့ရှိသည်။ ပုရစ်နှ ပုရစ်မြေခွေးတို့သည် စီစီကျာကျာ မြည်လေ့ရှိ၏။ ညဥ့်ငှက်တို့သည်လည်း အော်မြ သင့်သည်။

ယခုတစ်မူ တစ်လောကလုံးတွင် အသက် ကင်းမဲ့နေလေပြီ။

သို့ကြောင့်လျှင် မြင်းခွာသံသည် တစ်လောကလုံးကို လွှမ်းခြုံနေခြ ဖြစ်၏။

မြင်းသည် မြင်းဖြူကြီး ဖြစ်၏။ မြင်းပေါ်တွင် ဓားလွယ်ကို လွယ်လျ ပိုးပဝါ တလွင့်လွင့်ဖြင့် ပါလာသော မြင်းစီးယောကျ်ားသည် ခံ့ညားလှပါ ယောကျ်ားကောင်း သဏ္ဌာန် ဆောင်ပါဘိခြင်း။

လေ၏ လျင်မြန်ခြင်းပမာ လျင်မြန်စွာ ပြေးလာသော မြင်းကြီးသ ရွာ နှစ်ရွာကြား မြန်မာကုက္ကိုပင် မှောင်ရိပ်သို့ အဝင်တွင် လေထဲက မမြင်ရသေ တစ်စုံတစ်ခုကို တိုက်မိသည့်အလား ကျွမ်းပျံ လိမ့်လဲသွားလေ၏။

မြင်းပေါ်က လူသည် လွင့်စဥ်သွားသည်။ သို့သော် သူသည် လေထဲ ကိုယ်ခန္ဓာကို လှည့်ပတ်ကစားလိုက်ရာ မြေပေါ်သို့ ဟန်မပျက် မတ်တတ်ကျ

မြနှင့် ခြေ ထိလျှင် သူ၏ ဓားသည် လက်ခနဲ ဓားအိမ်ထဲမှ ချွတ်ပြီးသား ဖြစ် သွားသည်။

ရှမ်းခနဲ ဓားချွတ်သံသည် သွေးသောက်ရန် ကြုံးဝါးဘိသို့ ကျယ်လောင်၏။

"ဟား ဟား ဟား... ဟား ဟား ဟား..."

သူက အသံနက်ကြီးဖြင့် အော်ဟစ် ရယ်မောလိုက်ကာ ချာလပတ်လည်၍ မှောင်ရိပ်တွင်းမှ ရန်သူကို ရှာဖွေလိုက်သည်။

"ဟား ဟား ဟား... ဒီလို မိန်းမညာဏ်မျိုးနဲ့ ဗိုလ်ထွန်းအောင်ကို သုပ်ကြံလို့ ရရိုးလား၊ ဟား ဟား ဟား... ဟား ဟား ဟား..."

သူသည် လမ်းပေါ် ကန့်လန့်ကျကာ ယခုထက်ထိ မပြတ်သေးသော ကြိုးကို ဓားဖြင့် ဖြတ်လိုက်သည်။ ကြိုးကား လက်မောင်းခန့် တုတ်သော နဘူးနွယ် ဖြစ်ပေ၏။

"ဟား ဟား ဟား... ဝါး ဟား ဟား..."

ဗိုလ်ထွန်းအောင်က ဖျစ်ညှစ်၍ အူလန်သည်းလန် ရယ်မောရဟန်ဖြင့် ရယ်မော လိုက်စဥ် သူ မျက်နှာမူရာ ချုံအုပ်များစွာတွင်းမှ ဓားလွတ် ကိုယ်စီ ကိုင်ထားသော မြင်းစီးယောကျ်ားများ ထွက်လာကြသည်။ မြင်းများသည် ဗိုလ်ထွန်းအောင်၏ မြင်းလောက် မထွားကျိုင်းပေ။

မြင်းများသည် လမ်းကို ပိတ်၍ ဗိုလ်ထွန်းအောင်ဘက်သို့ တရွေ့ရွေ့ ချဉ်းကပ် လာ၏။

ဗိုလ်ထွန်းအောင်သည် ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ သူ့မျက်လုံး တို့သည် တောက်ပလာ၏။ မြင်းပေါ်က လူများကို ရဲရင့်စွာ ကြည့်သည်။

မြင်းစီးယောကျ်ားများသည် မြင်းကို အသာအယာ တို့မြဲ တို့ပေးကြ၏။ မြင်းများသည် ဗိုလ်ထွန်းအောင်ကို နင်းတော့မည့်နှယ် ချဉ်းကပ်လာသည်။ ကုက္ကိုရိပ် ယ် မြင်းခွာသံ ကပေါက်တီကပေါက်ချာမှ လွဲ၍ တိတ်ဆိတ်နေ၏။

ဗိုလ်ထွန်းအောင်သည် တောက်တစ်ချက် ခေါက်ကာ နောက်သို့ ဆုတ်ပေး ၁ လရောင်ထဲသို့ ရောက်သွားသည်။

သူ တစ်ဆုတ်တည်း ဆုတ်နေစဥ် သူ့ကျောဘက်မှာလည်း မြင်းစီး သာကျ်ားအချို့က မြင်းကိုယ်စီဖြင့် ရောက်လာကြ၏။

ဗိုလ်ထွန်းအောင်သည် မြင်း ၁၀ စီးကို လှည့်ပတ်ကြည့်သည်။ မြင်းနက် င်း၏ ကျောပေါ်မှ လက်ထောက်၍ ငုံ့ကြည့်နေသူ၏ မျက်နှာကို မြင်လိုက်လျှင်-

"ဩ... ဗိုလ်ချင်းပါကလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်လိုက်၏။

"ဟုတ်တယ်… မင်းဟာ ရပ်ရွာအပေါ်မှာ နိုင့်ထက်ကလူ နှိပ်စ… ညှဉ်းပန်းတဲ့ သတင်းတွေ တို့နားမှာ လျှံနေပြီကွ"

"ခင်ဗျားလည်း ဗိုလ်ချင်း… ကျွန်တော်လည်း ဗိုလ်ထွန်းအောင်… ယောကျ်ားကောင်းတို့မည်သည် မိန်းမဉာဏ်နဲ့ ဒီလို မကြံသင့်ပေဘူး"

ဗိုလ်ထွန်းအောင်၏အသံမှာ ညင်သာခြင်းသို့ ပြောင်းလွဲသွားလေ၏။

ဗိုလ်ထွန်းအောင်၏ စကားဆုံးလျှင် ဗိုလ်ချင်းက ထွီခနဲ ဗိုလ်ထွန်းအော… မျက်နှာကို တံတွေးဖြင့် ထွေးချလိုက်သည်။

"သူများ သားပျိုသမီးပျိုတွေကို လက်ရုံးအားကိုးနဲ့ လိုက်လံဖျက်ဆီး… တဲ့ မင်းလို လူယုတ်မာဟာ ယောကျ်ားကောင်း မဟုတ်ဘူး"

ဗိုလ်ချင်းအသံက ကျားဟိန်းသံလို ခက်ထန် ကျယ်လောင်လှသည်။

"ကုလားကို ကြောက်ရတာက တစ်မျိုး၊ မင်းလို မသူတော်တွေက စော်ကာ… နှိပ်စက်တာက တစ်ဖုံနဲ့၊ တိုင်းနေပြည်သူတွေမှာ နေစရာ မရှိတော့ဘူး။ မင်းဟာ… ကုလားနဲ့ တစ်ကျိုက်တည်း တစ်ဉာဏ်တည်း သစ္စာဖောက်ကောင်"

"ရှည်ရှည်ဝေးဝေးတွေ ပြောမနေပါနဲ့ဗျာ၊ ယောကျ်ားဆိုတာ သေရ… မကြောက်ပါဘူး၊ ခင်ဗျားတို့မှာ ပါတဲ့ ပြောင်းတို ပြောင်းရှည်သေနတ်တွေနဲ့ တစ်ခါတည်… သာ ပစ်သတ်လိုက်ပါတော့"

"ဟော့၊ ကိုယ့်တိုင်းရင်းသား အချင်းချင်းကို မသတ်ချင်လို့ ငါ ဒါလော… ပြောနေတာ ထွန်းအောင်ရ။ မင်းဟာ လူစွမ်းလူစ ရှိတယ်၊ သတ္တိရှိတယ်၊ ရဲရင့်တယ်… ဒါတွေကို ကုလားနဲ့ တိုက်တဲ့ဘက်ကို လှည့်ပြီး အသုံးချလိုက်ရင် ဘယ်လော… အဖိုးတန်လိုက်မလဲ ထွန်းအောင်ရာ"

"သောမကြုံဟ် မှိန်ပျောက်လို့ ပါပကြုံဟ် ထိန်တောက်နေပါပြီ ဗိုလ်ချင်… ကုလားတိုက်လို့တော့ အလကားပါပဲ"

"တော် တိတ်…"

ခက်ထန်သော အသံကြီးသည် ဗိုလ်ထွန်းအောင်ကိုသာမက မြင်းစီးယောကျ်… များကိုပါ တုန်လှုပ်သွားစေ၏။

အသံရှင်သည် မြင်းစီးယောကျ်ားများ၏ ကျောဘက် မှောင်ရိပ်မှ မြင်းက… တို့ကာ လေးလေးမှန်မှန် ထွက်လာရာ မြင်းများက နေရာရှဲပေးကြသည်။

သူကား ဗိုလ်ချင်း၏ တပ်မှ အကြီးအမှူး မြတောင်ဗိုလ် ဖြစ်၏။

ဗိုလ်ထွန်းအောင်သည် မြတောင်ဗိုလ်ကိုကား ရဲရဲမကြည့်ဝံ့ပေ။



"တောင်ကြို့တောင်ကြား ပေါက်တဲ့ဝါး အဖျားခပ်သွယ်သွယ်၊ အိမ်ကြို… …ကြား ပေါက်တဲ့သား စကားခပ်ကြွယ်ကြွယ်၊ နင် ပြောတာတွေ နားခါးတယ်။ …နောက်တစ်ကြိမ် သားပျို သမီးပျိုတွေကို စော်ကားရင် ဒီဓားနဲ့ ဆုံးမမယ်"

မြတောင်ဗိုလ်၏ စကားလုံးတိုင်းသည် မိုးချုန်းသံလို ဟိန်း၏။

ဗိုလ်ထွန်းအောင်က ခေါင်းငုံ့ထားလျက်-

"ကျွန်တော် ရပ်ရွာတွေကို သူခိုး ဓားပြ တောကြောင်ရန်က ကာကွယ်ပေး… …ပါတယ် ဗိုလ်မှူး"

"သွေးသောက်၊ သင်းကို သစ္စာဆိုခိုင်း"

မြတောင်ဗိုလ်က ဗိုလ်ချင်းအား အမိန့်ပေးလိုက်ရာ ဗိုလ်ချင်းက-

"ရပ်ရွာသူ ရပ်ရွာသားတွေ မျက်ရည်ပေါက် ကြီး ငယ် ကျအောင် မလုပ်… …ဘူး။ ဓားနဲ့ အစွမ်းကို ကုလားအပေါ်မှာ သုံးမယ်လို့ ကတိပေးနိုင်မလားဟေ့"

ဟုမေးသည်။

"ကျွန်တော်က တစ်ယောက်တည်းပါဗျာ။ ဗိုလ်ချင်းတို့ သတ်ရင် …ရှာပါပဲ၊ သို့သော် ယောကျ်ားကောင်းတို့မည်သည် အသက်သာ အသေခံမယ်၊ …ရေးညှိုးရာကျအောင် မလုပ်ပါဘူး"

"ထွီ…"

ဗိုလ်ချင်းက တံတွေးဖြင့် တစ်ကြိမ် ထပ်ထွေးလိုက်ပြန်သည်။

"ယောကျ်ားကောင်းဆိုတဲ့ စကား မင်းနဲ့ မတန်၊ ကေသရာဇာခြင်္သေ့မင်း …ညီသည် မြက် သစ်ရွက်ကို ဘယ်ခါမှမစား။ ယောကျ်ားကောင်းတို့ မည်သည် …နဲ့ ဘာသာ သာသနာကို အသက်ပေး ကာကွယ်တယ်။ အမျိုးဘာသာ သာသနာ… ဘယ်ခါမှ မစော်ကား၊ မင်းမှု မှုဒိမ်းတန္တသာ ဖြစ်တယ်၊ ယောကျ်ားကောင်း …ဟုတ်…"

ယောကျ်ားကောင်း ဟုတ်၊ မဟုတ် လူရေးပြကြည့်ပါလား"

ဗိုလ်ထွန်းအောင်က ဓားကို ဝင့်လိုက်၏။

"အေး… ကောင်းတယ်"

"ဗိုလ်လေး… ဗိုလ်လေး…"

မြင်းဖြူတစ်စီးသည် ဗိုလ်ချင်း၏ မြင်းရှေ့တွင် ပြေးလာ ပိတ်ဆို့၏။

"ဗိုလ်လေးရဲ့ ဓား သနသွားပါ့မယ်။ ဒီလို အယုတ်တမာ အပါယ်လေးပါးစာ… ဗိုလ်လေးရဲ့ဓား မတန်ပါဘူး။ ကိုရင် ဆုံးမပါရစေ"

www.burmeseclassic.com



မြင်းပြူးပေါ်မှ ယောက်ျားကား လူ မဟုတ်ပေ။ သက်နိုးဝတ်နှင့် သာမ
တစ်ဝါသော ဖြစ်ေ သူတား မျိုးကလေး ခေါ် ရှင်သူငယ်ဗိုလ်ပေတည်း။
နှိုးချွန်းဘာ သဘောတူသည့် သဘောဖြင့် ခေါင်းညိတ်ပြလိုက်
ဗိုလ်ထွန်းအောင်က-

''ဟာ… ဘုရားသားတော်ကို ကျွန်တော် မသတ်လိုဘူး''

ဟု ဆိုလေ၏။

''ငါ့ကို မင်းက သတ်မယ်၊ ဟော့ တစ်တီတူးသတ္တဝါဟာ မတ
အိပ်တယ် ရှိဖူးသလားကွ''

မျိုးကလေး ခေါ် ရှင်သူငယ်ဗိုလ်သည် မြင်းပေါ်မှ လှမ်း၍ ဗိုလ်ထွန်းအေ
စက်ကို ပိုင်းချလိုက်လေ၏။

ဗိုလ်ထွန်းအောင်မှာ ကိုရင့်ဓါးသကို အစင်းသိမို့ အသာကလေး ဒူးထော
ရှောင်ပေးလိုက်သည်။ မျိုးကလေး၏ မြင်းသည် နောက်သို့ လှည့်လာကာ ဗိုလ်ထွန်းအေ
တို့ နင်းသတ် ပတတ်ရပ်လိုက်သည့်တွင်-

''ကိုရင်… ဒီလို မလုပ်နဲ့''

မြတောင်ဗိုလ်၏ ဟိန်းသော အသံကြီးကြောင့် မျိုးကလေးသည် ရ
နေရာသို့ မြင်းကို ရွှေ့ဝင်သွားလေ၏။

''ဗိုလ်ချင်း… တာဝန်ကျေပါစေ''

ဗိုလ်ချင်း၏ မြင်းသည် ရှေ့သို့ တိုးလာလေသည်။

''မင်းကို ယောက်ျားကောင်းတို့ရဲ့ အညစ်အကြေးအဖြစ် အားလုံး
မှန်းနေကြပြီ ထွန်းအောင်ယေ… မင်းဟာ အောက်အရပ်က လူသတ်မှုနဲ့ ထွက်
တိမ်းရှောင်လာပြီး ဒီအရပ်မှာ စော်ကား ရမ်းကားနေတာကို ငါတို့ သည်းမခံ
တော့ဘူး။ ဒါကြောင့် သစ္စာခံပါ''

''အသေခံပါရစေ ဗိုလ်ချင်း''

''မင်းရဲ့ အစွမ်းအစကို နှမြောလို့ ငါ တောင်းပန်နေတာ ထွန်းအော
မင်းကိုယ်မင်း မင်းကြီးဗိုလ်ဥတ္တမရဲ့ တပ်ဗိုလ်လိုလို ဘာလိုလို သတင်းလွှင့်
လို့ မင်းကြီးရဲ့ တပ်ကလည်း မင်းကို အစိမ်းလိုက် ဝါးစားချင် နေကြတယ်

''သေတစ်နေ့ မွေး တစ်နေ့ပါ''

''ဟော့… မင်းကြီးဗိုလ်ဥတ္တမရဲ့ ရန်သူဟာ မြတောင်ဗိုလ်ရဲ့ ရန်သူပဲ

ဗိုလ်ချင်းသည် ဓါးသကို ချွန်းဖွင့်လွှတ်လိုက်ကာ ဓါးသတကြီး အော်
၍ မြင်းပေါ်မှ ခုန်ဆင်းလိုက်လေ၏။



သွေးသောက် ဓားနှစ်စင်းသည် လရောင်ဝယ် ဝင်းခနဲယှဉ်၍ မိကာ၊ ဓားသွား
ချင်း စတင် ထိနိုက်မိကြတော့သည်။

ဗိုလ်ချင်းနှင့် မြတောင်ဗိုလ်တို့တွင် ပြောင်းတိုသေနတ် ကိုယ်စီ ပါ၏။
အပင်ပန်းခံ၍ ဓားရေးပြနေစရာ မလို။ ဗိုလ်ထွန်းအောင်ကို အေးဆေးစွာ သုတ်သင်နိုင်
၏။ အနီးအနားရှိ ချုံများထဲတွင် ပြောင်းရှည်သေနတ်သမားနှင့် ဒူးလေး လင်းလေးသမား
များလည်း ရှိကြ၏။

သို့တစေ… ယောက်ျား မပီသဟု ယူဆသဖြင့် မသုံးစွဲခြင်း ဖြစ်၏။

တစ်ကြောင်းလည်း ပုံပြင်၍ ရကောင်း၏၊ မျှော်လင့်ချက်ဖြင့် သတိပေး
လိုခြင်းကြောင့်လည်း ဓားကို သုံးခြင်း ဖြစ်၏။

ဗိုလ်ထွန်းအောင်သည် ဗိုလ်ချင်းအား မနိုင်နိုင်ကြောင်း မဆွက သိသည်။
မိမိ၏ ကိုယ်ခံကို ယုံကြည်ပြီး ခံခြင်း ဖြစ်၏။

ဗိုလ်ချင်းသည် ဗိုလ်ထွန်းအောင်လို မပေ့ါပါးပေ။ ဓားရေးမှု အဆမတန်
သာ၏။ သို့ကြောင့် ဗိုလ်ထွန်းအောင် မောစေရန် ချက်နှငကာ ဓားလှကိုသာ တွင်တွင်
သုံး၍ တစ်ချက်တလေမှ ဓားလျှိုဓားရေးကို သုံးပြီး ရင်ခွဲအသားလှန်ဖြင့် လည်း
ကောင်း၊ စင်ရော်သုတ်ဖြင့် လည်းကောင်း တစ်ဖက်သား စိတ်အားငယ်အောင်
ခြောက်လှန့်နေချေသည်။

မြတောင်တပ်သည် မျိုးဖျက်သစ္စာဖောက် ဗိုလ်ထွန်းအောင်အား ရေးကြီး
ခွင်ကျယ် လာရောက် စောင့်ဆိုင်းနေကြခြင်း မဟုတ်။ သူတို့၏ အရေးထားသော
အရာမှာ စလင်းတိုက်ပွဲသို့ စစ်ကူလာမည့် ပုဂံဗိုလ်၏တပ် (ကုလားတပ်သာ)
ဖြစ်၏။

ဤအချိန်တွင် စလင်းမြို့၌ မင်းကြီးဗိုလ်ဥတ္တမ၏ တပ်များ ဦးဆောင်သော
မျိုးချစ်ခုခံတွန်းလှန်ရေးတပ်များက စလင်းမြို့ကို အရအမိ ကုပ်တွယ်ထားပြီး၊ ရန်သူ
ကုလားဖြူ ကုလားမည်း တပ်များကို အလေှာင်းနှင့် မြေနှင့် လဲလှယ် တိုက်ခိုက်နေချိန်
ဖြစ်၏။ အပေါ်ယံ ကြည့်လျှင် ယောလားဝါးလား နေတတ်သော လူမျိုးဟု ထင်စရာရှိ
ပေမယ့် မိမိနိုင်ငံကို ထိပါးခံရသောအခါတွင်မူ လူလား… သဘက်လား…
ခွဲခြားမရအောင် ကြမ်းကြုတ်၍ ရဲရင့်ပြောင်မြောက်ကြောင်းကိုလည်း ပြသသော
တိုက်ပွဲ ဖြစ်ပေသည်။

ကုလားတပ်များသည် ရွှေတန်ဆာ ဘုရားကုန်းကို အရအမိ သိမ်းရန်
ကြိုးစားနေကြ၏။ အကျအဆုံး များသဖြင့် နောက်သို့ ဆုတ်ကာ မြစ်တစ်ဖက်
ကမ်းရှိ ပုဂံဗိုလ်၏ တပ်သို့ စစ်ကူတောင်းနေချိန် ဖြစ်သည်။ မြတောင်ဗိုလ်၏

www.burmeseclassic.com

www.burmeseclassic.com



တင်သည့် သတင်းအရ ဖြတ်တောက် တိုက်ခိုက်ရန် စောင့်ဆိုင်း
ဗိုလ်ထွန်းအောင်နှင့် ကြုံကြိုက်ကြခြင်း ဖြစ်၏။

ဗိုလ်ထွန်းအောင်သည် မင်းကြီးဗိုလ်ဥတ္တမ၏ လက်ထောက်ဗိုလ်ယောင်
ောင် ဟိတ်ထုတ်၏။ ကာယသိဒ္ဓိ ပြီးသည်ဟု ဝါ၏။ စင်စစ်ကား ဓားပြ မုဒိမ်း
ှသာ ဖြစ်သည်။

သူသည် ချောင်းအနောက်ဘက် ရှားတော၊ ညောင်ကုန်း၊ ကျောက်ရဲတုန်း
ရွာများနှင့် ချောင်းအရှေ့ဘက် ယမ်းဖိုကုန်းရွာသစ် ပရပိုက်တန်းရွာများတွင်
လာရောက် တွင်ကျယ်နေ၏။ သူ့အလုပ်မှာ ဓားပြ ဖြစ်သောကြောင့် ကြေးခွဲသည်။
ဟင်းရွက်ခူး၊ ထင်းခွေ၊ ရေခပ်ထွက်သော မိန်းမများကို ပျို အို မရှောင်၊ စော်ကား၏။
သူကား မုဒိမ်းကောင်သာ ဖြစ်၏။

ယင်းသို့ ညံ့နံ့သော သတ္တဝါတစ်ယောက်နှင့် ရင်ဆိုင်၍ ဓားရေးပြရခြင်း
မှာ ဗိုလ်ချင်းကဲ့သို့သော ခုခံတွန်းလှန်ရေး ပြည်ချစ်တပ်သားတစ်ယောက်အတွက်
ဝုဏ်ငယ်လှသည်။

သို့သော် သူ့အား မလွှဲမရှောင်သာ ဆုံးမရတော့မည်။

ညဥ့်ရုံအောက်ဝယ် ငြိမ်ကုပ်နေသော ချောင်းဖြူရွာငယ်မှာ မြင်းခွာသံ
များ အောက်တွင် ပျောက်ကျေသွားတော့မည်သို့ ရှိသည်။

မြင်းခွာသံများ တစ်စ တစ်စ ကျယ်လောင်လာ၏။ သို့တစေ မြင်းခွာသံ
များသည် ပြန်၍ တိုးမှိန်သွားကာ တဖြည်းဖြည်း ဝေးသွားသည်။ နောက် မြင်းခွာ
သံများ ပျောက်ကွယ်သွားကာ၊ ချောင်းဖြူရွာငယ်မှာ ညဥ့်ရုံအောက်တွင် တိတ်ဆိတ်
ငြိမ် တိတ်ဆိတ်ငြိမ်သက်နေလေ၏။

စံပယ်ရုံ အောက်ဝယ် စံပယ်ရနံ့ သင်းနေသည်။ လရောင်က ချမ်းမြသည်။မိမိငယ်
၏ ကိုယ်ရနံ့က စံပယ်နံ့ကို နိုင်၏။

မိမိငယ်က ကျိတ်ကျိတ်ကလေး သက်မ ချလိုက်သည်။

"မောင်မောင်တို့ ဘယ်ကလာလို့ အချိန်မတော်ကြီး ပြန်ရတာပါလိမ့်
ဒေါ်သီတာရယ်၊ တိုက်ကြခိုက်ကြနဲ့ ဘေးအန္တရာယ်မှ ကင်းပါလေစ။ ဘုရား…
ဘုရား… မောင်မောင်တစ်ယောက် ဘေးမထိ ရန်မငြိပါစေနဲ့ ဘုရား"



မိမိငယ်သည် သွယ်ပျောင်းသော လက်ကလေးများကို ယောင်ယမ်း
ယှက်ပူးလိုက်မိသည်။

"သူတို့ ထမင်းမှ စားရပါသေးစ ဒေါ်သီတာရယ်၊ ကျပင်း အရောက်
ပြန်ကြမှာ ထင်ပါရဲ့"

"ယောက်ျားကောင်းပဲ မိမိရယ်… ဒါလောက် ဘာကြောင့် ပူပန်ရတာတုံး။
မြတောင်ဗိုလ်ဟာ ပွဲတိုင်းအောင်တဲ့ ယောက်ျားကောင်းပါ၊ ရေကြည်တစ်ပေါက်
မှဲ့တစ်ပြောက် မစွန်းပါဘူး"

"ဒေါ်သီတာ ပြောမှပဲ မိမိ စိတ်ဝမ်းသာရတော့တယ်"

"သူတို့ရဲ့ မြင်းတွေက မြင်းကောင်းတွေကလား၊ ကျပင်းဆို တစ်အောင်
ပေါ့၊ သူတို့ ကျပင်းမှာပဲ အိပ်ကြမှာပေါ့ မိမိရယ်။ ချောင်းဖြူနဲ့ ကျပင်း ဆိုတာ
လည်း ၂ တိုင်လောက်ပဲ လှမ်းတာ"

"မိမိဖြင့် လှည်းယာဉ်စီးရတာတောင် ပင်ပန်းလိုက်တာ ဒေါ် သူဇာရယ်…
နည်းတဲ့ ခရီးလား"

မိမိငယ်သည် ကွမ်းသီးဖက် ဆေးပေါ့လိပ်ကြီးကို ကောက်၍ စဉ်းငယ်
ဖွာရှိုက်လိုက်ကာ-

"မောင်မောင်လည်း ဒီဘက်ကို မရောက်လာတာ ကြာမြန့်ပြီနော်"

မိမိငယ်၏ အသံသာသာကလေးသည် ညည်းတွားခြင်းကို ဆောင်သေ
လည်း တမ်းတခြင်းသည်လည်း မကွယ်သာ–မဖုံးသာ ပါဝင်၏။

"ကုလားတပ်တွေ ကျပင်းကို တိုက်တာ ငါးခါတောင် ရှိသွားပြီကေ
မိမိရယ်၊ သူ ဘယ်မှာ ရုတ်တရက် လာနိုင်ပါတော့မလဲ"

မြတောင်နှင့် ဗိုလ်ရွှဲတပ်များသည် ကျပင်းမြို့၏ အမာခံ တွန်းလှန်ရေ
တပ်များ ဖြစ်ကြသည်။ ကုလားတပ်များသည် ဆင်ဖြူကျွန်းကို ခြေကုပ်ရပြီးနောက်
စလင်းနှင့် ကျပင်းကို ပြိုင်တူ တိုက်ခိုက်လာရာ အကျအဆုံး များလှ၏။

စလင်းမှ မင်းကြီးဗိုလ်ဥတ္တမ ခေါင်းဆောင်၍ ကျပင်းမှာ မြတောင်ဗိုလ်ဧ
တပ်က ဦးဆောင်ပေသည်။

ဗိုလ်ဥတ္တမ၏ တပ်ကို ဗိုလ်ဥတ္တရတပ်၊ ဗိုလ်ဆေးနီ၏တပ်၊ ဗိုလ်ခံသီးဧ
တပ်များက ပူးတွဲကူညီသည့်အပြင် ရုံဖန်ရံခါ ဗိုလ်မော်၏ တပ်နှင့် မြတောင်တာ
များက လမ်းဖြတ်တိုက်ပွဲများ ဆင်နွှဲ၍ ကူညီ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျားမြီးဆွဲမားရေး တစ်ချက် ကစားလိုက်ပြီး ပန်းကုံးပြတ် ခုတ်ချလိုက်ရာ ဗိုလ်ထွန်းအောင်၏ ကိုးသချိုင်းသံဟု ဆိုသော ဓားကြီး ထက်ပိုင်းကျိုးထွက်သွားလေ၏။

ဗိုလ်ချင်းသည် ထွန်းအောင်၏ ဖဲည်ပင်းကို ခြေဖြင့် နင်းထားသည်။

"သူဘရာဇာကို ငါ့ဓားနဲ့ အနိုင်ယူရတာ နာသဟေ့"

ဗိုလ်ချင်း၏ ဓားသည် လက်ခနဲ မြှောက်တက်သွားရာ-

"ဗိုလ်ချင်း မလုပ်နဲ့ဦး"

ဟု မြတောင်ဗိုလ်က အမိန့်ပေးလိုက်သဖြင့် ဓားမှာ တုန့်၍ တန့်သွား၏။

"သစ္စာဆိုမလား မေးစမ်း"

"ဆိုပါ့မယ် ဗိုလ်မင်းရယ်… သစ္စာဆိုပါတော့မယ်၊ အသက်ကို ချမ်းသာပေးပါ"

"အေး… ထပြီး သစ္စာဆိုဟေ့"

ဗိုလ်ထွန်းအောင်သည် ဗိုလ်ချင်း ချပေးသော သစ္စာစကားကို လိုက်ဆိုရ၏။

ထိုသစ္စာစကားသည် ကျိန်စာတစ်မျိုးသာ ဖြစ်၏။ ဗိုလ်ထွန်းအောင်က မြတောင်တပ်တွင် သစ္စာခံရခြင်း မဟုတ်။ ရွာသူရွာသားများ မျက်ရည်ပေါက်ကြီး ငယ် ကျအောင် မနှိပ်စက်၊ ကိုယ်စိတ်နှလုံး ဆင်းရဲအောင် မညှဉ်းပန်းပါဟု ပြည်သူ့သစ္စာ ခံယူခြင်းသာ ဖြစ်၏။

"အေး… ခွေးမြီးကောက် ကျည်တောက်စွပ်သလို လုပ်နေရင်တော့ နောက်တစ်ကြိမ် ငါတို့ ဒီဘက် ရောက်တဲ့အခါ သေပြီမှတ်ပေတော့"

ဗိုလ်ချင်းက ကြုံးဝါးနေစဉ် လုံကိုင် အထောက်တော် တစ်ယောက် မြတောင်ဗိုလ်ထံ ရောက်လာကာ တစ်စုံတစ်ရာ သတင်းပေး၏။ မြတောင်ဗိုလ်သည် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး-

"တပ် နုတ်ဟေ့…"

ဟု အမိန့်ပေးကာ ချောင်းဘက်သို့ မြင်းကို အသားကျ စီးထွက်သွားလေ၏။

တံပိုးမှုတ်သံသည် ကျောင်းထဲမှ လည်းကောင်း၊ ချုံများထဲမှ လည်းကောင်း ဆက်ကာဆက်ကာ ထွက်ပေါ်လာသည်။ တစ်ပြိုင်နက်ပင် ပုန်းခိုနေသော တပ်သားများသည် လမ်းပေါ်သို့ ရောက်ရှိလာကြလေ၏။

# ၂

တစ် ကျိုပ်ထက် နည်းဟန်မတူသော မြင်းတို့၏ ခွာသံသဲ့သဲ့သည် ချောင်းမြို့ရွာလေး၏ တိတ်ဆိတ်ခြင်းကို ဖြိုဖျက်လိုက်သည်။

အဝေးရောက် အပျိုတော် မိမိငယ်သည် ပြောလက်စ စကားကို ရပ်၍ ...ငှင့်လိုက်ကာ-

"မောင်မောင်မြတောင့်တို့များလား ဒေါ်သီတာရယ်…"

ဟု စိုးရိမ်သံလား၊ ပီတိဖြစ်သံလား မထင်ရှားသော အသံကလေးဖြင့် ...၏။

ဒေါ်သီတာမှာ မိမိငယ် နည်းတူ နားစွင့်နေရသဖြင့် စကားမပြန်အား

အရေအတွက် တစ်ကျိပ်ထက် အောက်ပုံမရသော မြင်းတပ်တစ်တပ်၏ ...သံသည် တဖြည်းဖြည်း နီးကပ်လာ၏။

...ောင်ဗိုလ်၏ တပ်ကို ဗိုလ်ရွှဲတပ်၊ ဗိုလ်မော်၏ တပ်နှင့် ဗိုလ်ချက်ကြီး၏ တပ် ... ပူးတွဲ ကူညီသည်။

ကျပင်းကို တိုက်သော အကြိမ်တိုင်းတွင် ကုလားတပ် ခြေကုပ်ယူရာ ...ဖြူကျွန်းကို ဗိုလ်ဥတ္တမ၏ တပ်အချို့နှင့် ကိုရင်ကြီးဗိုလ်(ဗျိုင်းကြီး)၏ တပ် ...ဝင်၍ စီးသည်။ ခါးကိုလည်း ဖြတ်သည်။ နောက်ပိုးလည်း သိပ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် တုလားများသည် ပြိုင်တူတိုက်သော စနစ်ကို စွန့်လွှတ် ကျယ်သထက် အရှည်ကြီးသော စလင်းကို အရေးထားနေကြ၏။ အားသွန်တိုက် နေကြ၏။

မိမိငယ်သည် မြေပေါ် သက်ဆင်းလာသော လရောင်တန်းကလေ ညင်းသာစွာရှင်း တွေတွေကလေး ဖြစ်နေသည်။

သူသည် မြတောင်၏ မျက်နှာကို မြင်ယောင်လာ၏။

ယောကျ်ားပီသ ခံ့ညားသော လူတစ်ယောက်။ အသည်းအေးအောင် ကြ သော မျက်လုံး၊ ချမ်းမြှမြှယ် အပြုံးတို့ကို ဆောင်သော မြတောင်မိုလ်ပါတ

မိမိငယ်သည် မြတောင်မိုလ်ကို နေပြည်တော်မှာ တွေ့ခဲ့ရခြင်း ဖြ

မိမိငယ်၏ မိခင် မယ်မင်းယာမှာ ဆင်ဖြူမရှင်မိဖုရားကြီး၏ အ ရောက် အပျိုတော် ဖြစ်ကာ အထည်များ ရက်လုပ် ဆက်သရ၏။ တစ်နှစ် တ အပူးအမြော် ဝင်ရ၏။

သမီးတော် စုဖုရားလတ် နန်းရသောအခါ မိမိငယ်လည်း အပေးရ အပျိုတော်အဖြစ် ထမ်းရွက်ခွင့် ရခဲ့သည်။

မြတောင်နှင့် တွေ့သော နှစ်တွင် မိမိငယ်သည် မိခင်နှင့်အတူ နေပြည် သို့ တက်လာရာ မူးရွှေနေသော စစ်သားနှစ်ယောက်က ဈေးချိုတော်ထဲတွင် ရှဲ ကြ၏။ ဆွဲခေါ်သည့် အကြောင်းမှာ သူတို့ သက်ဆိုင်ရာ သခင်များ၏ ထိ ထီအထိုးခိုင်းရန် ဖြစ်ပေသည်။

ထိုအချိန်က နေပြည်တော်တွင် ထီရုံများ မှိုလိုပေါက်၏။ နေ့ချ သီတင်းတစ်ပတ်ထီနှင့် လထီ စသည်ဖြင့် ရှိသလို မင်းသား၊ မင်းသမီး၊ မှူးမတ ၏ ထီရုံများက သွေးဆောင်၍ တစ်သွယ်၊ ခြိမ်းခြောက်၍ တစ်နည်းဖြင့် မိမိ များတွင် ထိုးသူ များပြားအောင် ကြိုးစားကြသည်။

မယ်မင်းယာနှင့် မိမိငယ်တို့အား အနိုင်ကျင့် ခေါ်ဆောင်လာသူမျ ဈေးချိုတော်အပြင် ရောက်လျှင် အခြားတပ်သား သုံးယောက်၏ အနိုင်ကျ ခံကြရပြန်၏။ ၎င်းတို့၏ ထီရုံနှင့် နီးကပ်သော နေရာမှ လူသည် ၎င်းတို့ နှင့်သာ သက်ဆိုင်သည် အကြောင်းပြ ဓားချင်း ယှဉ်သည်အထိ ဖြစ်ကြ

မိမိငယ်တို့ သားအမိအား ကျန်စစ်သားတစ်ယောက်က ဓားမိုးပြီး လာစဉ် မြတောင်မိုလ်နှင့် တွေ့ခြင်း ဖြစ်သည်။ မဖွယ်မရာ အနိုင်ကျင့်ရ လားဟု စစ်သားကို ရိုက်ပုတ်လွှတ်လိုက်ပြီး မိမိငယ်တို့ သားအမိအား တည်



သို့ လိုက်ပို့၏။ တည်းအိမ်တွင် ခဏတစ်ဖြုတ် စကားပြောပြီး မြတောင် နှုတ်ဆက် ပြန်သွားရာ မိမိငယ်၏ မျက်လုံးထဲတွင် စွဲကျန်ခဲ့သည်။

တိုင်းပြည်ကြီးတော့ ငါးပါးမှောက်ရန် တဲတဲသာ လိုတော့သည်ဟု မိမိငယ် သည် ထိုအခါက ရိုးတိုးရိပ်တိတ် ကြားခဲ့ရ၏။

နောက်အကြိမ်များတွင် မိမိငယ်မှာ မြတောင်ကို တွေ့ခွင့်မကြုံခဲ့ပေ။ မေးရ မြန်းရမှာလည်း လိပ်ပြာမလုံ။ မျက်လုံးထဲတွင် စွဲငြိခဲ့ရာက မြတောင်သည် မိမိငယ်၏ အသည်းထဲ ဝင်ရောက်နေလေပြီ။

မကြာမီ သီပေါဘုရင်နှင့် မိဖုရားကို ကုလား ဖမ်းသွားပြီဟူသော သတင်း ကို မိမိငယ်တို့ ကြားရကာ ရင်ကျိုးကြတော့သည်။ မယ်မင်းယာမှာ အရှင်နှစ်ပါး၏ စိတ်ဖြင့် ကွယ်လွန်ခဲ့၏။

မြတောင်သည် အင်းဝခံတပ်၌ အမြောက် တစ်ချက် သေနတ်တစ်ချက် မဖောက်ရဘဲ ရှက်စဖွယ်လိလိ လက်နက်ချရစဉ် အာဏာဖီဆန်၍ သေနတ် ၁၀၀ နှင့် ရှောင်ထွက်လာခဲ့သူ ဖြစ်သည်။ ထို့နောက် ဝါးဖောင်သမားယောင်၊ ကုန်သည် ယောင်ဆောင်ကာ အသီးသီး လူစုခွဲ၍ ကျွပင်းသို့ ရောက်လာခဲ့၏။

မြတောင်သည် မိမိငယ်ကို အမှတ်မထင်ခဲ့ပေ။ မိမိငယ် ကျပင်းကဟု သိရန်ကား သာ၍ကျဲသေးသည်။

စလင်းချောင်း၏ အနောက်ဘက်သို့ ကုလားတပ်များ တစိမ့်စိမ့် ဝင်ရောက်လာပြီး မကြာမီ မိမိငယ် ဝမ်းသာစရာ အသံတစ်ခုသည် ချောင်းဖြူရွာ၏ တိတ်ဆိတ်သော ညကို ဖြိုခွဲ ထွက်ပေါ်လာခဲ့၏။

“မြတောင်တဲ့ဟေ့… မိစ္ဆာသွေးနဲ့ ခြေဆေးတဲ့ မြတောင်”

ထိုစဉ်က ချောင်းဖြူသည် ကုလားသူလျှိုများနှင့် ခြေချင်းလိမ်နေသည်။ ခုခံရေးပြည်ချစ်တပ်သားများဘက်မှ သူလျှိုများလည်း တန်ပြန်ထားရှိ၏။ ထန်းရည် ဆိုင်းနှင့် ဖဲဝိုင်းများတွင် သူလျှိုတွေချည်းပင်။

အဆိုပါညတွင် မြတောင်၏ ဖဲက ကောင်းနေသည်။ မြတောင်၏ ဝဲယာ တွင် ကုလားကျွန် ဗမာနှစ်ယောက် ညှပ်ထိုင်နေကြရာ မြတောင် အလစ်တွင် မိုင်းချုပ်ကြ၏။

“မင်း ဘယ်သူလဲ… ဘယ်ကလဲ…”

www.burmeseclassic.com

www.burmeseclassic.com



မြတောင်သည် ချုပ်ဖမ်းသူ နှစ်ယောက်ကို အေးဆေးစွာ လှည့်ကြည့်ရင်း–

"ကျွန်တော် သပြေပင်ကပါ ခင်ဗျာ..."

ဟု ကျိုးနွံစွာ ဖြေပြီး ဖဲနိုင်သော ငွေများကို ပုဆိုးထဲ ထည့်၏။ ကျစ်ကျစ်ပါအောင် ထုပ်၏။

"မင်း သပြေပင်က ဘယ်သူ့သားလဲ... လာ လိုက်ခဲ့"

"နောင်ကြီးတို့က ဘယ်သူတွေ ဆိုတာလည်း တစ်ဆိတ်..."

"သဘောက်မသား... ဘာစကားများနေတာလဲ၊ လာ လိုက်ခဲ့"

ကုလားကျွန် နှစ်ယောက်က ဆောင့်ဆွဲကာ ထ အရပ်နိုင်းသည့်တွင် မြတောင်က တစ်ယောက်ကို လူအုပ်ထဲသို့ ကိုင်ပေါက်ပြီး ကျန်တစ်ယောက်ကို ခြေနှင့် ခတ်ပစ်လိုက်သည်။

"ဟော့ မလှုပ်နဲ့... ကုလားကျွန် သစ္စာဖောက်တွေ"

မြတောင်က ပြောင်းတိုသေနတ်ဖြင့် ထုတ်ချိန်သလို၊ တစ်ဖက် ဖဲဝိုင်းမှ လူတစ်ယောက်ကလည်း ပြောင်းတိုသေနတ် ဆွဲထုတ်လိုက်သဖြင့် မြတောင်၏ တပည့် ကိုကြာလန်းက မှောင်ရိပ်မှနေ၍ ဓားဖြင့် လှမ်းပေါက်လိုက်သည်။

မြတောင်အား ဖမ်းချုပ်ခဲ့သူ နှစ်ယောက်က လျှပ်တစ်ပြက် မြတောင်ထံ ခုန်အုပ်ရာ မြတောင်က ပြောင်းတိုသေနတ်ဖြင့် ပစ်သတ်လိုက်တော့၏။

တစ်ရွာလုံး မောင်းသံ၊ ကုလားတက်ခေါက်သံများ ဆူညံနေသည်။

"ယော့ မြတောင်ဗိုလ်ကွ... မိစ္ဆာသွေးနဲ့ ခြေဆေးတဲ့ မြတောင်... ကုလားကို ဒူးမထောက်တဲ့ မြတောင်တဲ့ ဟေ့"

ဤအချိန်မှစပြီး အင်းဝခံတပ် တစ်နေရာတွင် ပျောက်ကွယ်ခဲ့သော မြတောင်ဗိုလ်၏ အမည်သည် ပြန်လည်ပေါ်ထွန်းလာခဲ့ကာ၊ မိခင် ကွယ်လွန်ပြီးနောက် ဆွေမျိုးများ ရှိရာ ချောင်းဖြူသို့ ရွှေပြောင်း နေထိုင်သော မိမိငယ်၏ ပျောက်သော ချစ်သူသည် ပြန်လည်ပေါ်ပေါက်လာသည်။

မိမိငယ်၏ အသည်းညွန့်ညောက်သည် လူးလွန့်ဝေဆာလာခဲ့၏။

မကြာမတင်ပင် ဓါးသူဓာကို ခေါ်၍ ကျပင်းသို့ လာခဲ့ရာ ကွန်းဖိုးထိန်း၏ အိမ်တွင် မြတောင်ကို အခန့်သင့် တွေ့ရသည်။

မိန်းမကြိုက်၍ စိုက်စိုက်လာခဲ့ရတာ တစ်ခုတည်းနှင့်ပင် မိမိငယ် လိပ်ပြာရှက်လှပြီ။ မြတောင်ကို မြင်ဆုံရသောအခါ နှုတ်မှ လွတ်ထွက်သွားမည့် အသံကို မနည်း ချုပ်တည်းထားခဲ့ရသည်။ ရင်မှာ မခံသာသောကြောင့် အမြန်ဆုံး နှုတ်ဆက်



...န့် စိတ်ကူးမိသော်လည်း မိမိအား နှုတ်ဆက်တော့မလိုလို၊ မြင်ဖူးပါတယ် ပြော...မလိုလို ကြည့်နေတာ တွေ့ရသဖြင့် အားတက် ရွှင်လန်းကာ ထိုင်ဖြစ်သည်။

ကွန်းဖိုးထိန်းက အသိဖွဲ့ပေး၏။ ကွန်းဖိုးထိန်း၏ သမီးကလေး ခင်ဆုံက ...ွယ် ကျီစယ် နောက်ပြောင်သည်။ ရေငတ်သူ ရေအိုင် တွေ့သလို ရင်မှ တောင့်တ ...ကို ပြန်လည်တွေ့ဆုံပြီးနောက် ရင်းနှီးမေတ္တာ ထက်သန်လာ၍ မိမိငယ် ...ဝမ်း အေးချမ်းခဲ့ရလေ၏။

တိုက်ပွဲများ မပြင်းထန်မီကမူ မြတောင်သည် မိမိငယ်ထံသို့ မကြာခဏ ...တ်လာလေ့ ရှိသည်။ တစ်ခါတစ်ရံ အဝေးဖိတ်နေတိုင်း၊ ထို့နောက် ကုလား ... ပူလာ၍ တစ်လမှ တစ်ခါ၊ ယခုသော် ကြာပြီ။ သူ မလာတာ ကြာပြီ။

ချစ်သူ့ရင်ခွင်ကို မှီတွဲနေရခြင်းမှာ ရေသီတာနှယ် အေးချမ်း၏။ ချစ်သူ၏ ...ပိုက်ပွေ့မှု ခံရလျှင် ဒုက္ခကို မေ့သည်။

မလာတာ ကြာတောင့်ကြာလှပြီမို့ မိမိငယ်သည် ချစ်သူကို တောင့်တ၏။ ...လို နေဝင်သည်နှင့် အထုပ်ကို ပြင်ကာ ဘယ်ဆီက စီခနဲ ကြားရပါ့မလဲဟု ...က်ဖွဖွရှုလျက် နားစွင့်ပြီး ပြေးပေါက် အသင့်လုပ်ထားရသော ကာလမျိုးတွင် ...ယ်မှာ မြတောင်ကို ပို၍ တောင့်တသည်။ ချစ်သူ့ရင်ခွင်ကြီးသည် တောင်မြင်းမိုရ် ...နိုင်ခဲ့သည် မဟုတ်လား။

မိမိငယ်သည် မိမိတို့၏ ကြားတွင် ဘာအနှောင့်အယှက်မျှ မရှိဟု နားလည် ...ည်။ ဦးရီး ဘုရားဒါယကာ ဦးဖိုးဟပ်ကိုယ်တိုင် ပြည်ချစ်သားကောင်း တစ်ယောက် ...ရှည်င်နေသော တူမအတွက် ဂုဏ်ယူဝမ်းမြောက်နေပေသည်။

"ငါက တမ်းတာပေမယ့် သူကတော့ လူချောလူလှ၊ ချစ်သူ ကြိုက်သူ ...စ်တွေ့ပြီး ဒီကို မေ့နေမှာပါ"

သဝန်ကြောင်စိတ်ကလေး ဖျတ်ခနဲ ပြူလာသည် ဆိုလျှင်၊ မိမိငယ်သည် ...ကို ပြေးမြင်၏။

ခင်ဆုံသည် ကလေးစိတ် မပျောက်သေးသော အပျိုအရွယ်ကလေး ...၏။ မိမိငယ်၏ မျက်စိအောက်တွင်ပင် ခင်ဆုံသည် မြတောင်၏ ရင်ခွင်ထဲ ...ိုင်ချင် ထိုင်သည်။ ရင်ချင်းကပ်ကာ ဖက်ချင် ဖက်၏။

မြို့အုပ်ရာထူး ပေးပါမည်၊ မဆန့်ကျင်ပါနှင့်ဟု ကမ်းလှမ်းလာသော ...းတို့၏ သွေးဆောင်ချက်ကို ပယ်လှန်နိုင်သော မြတောင်... ။

ကုလားဖြူ ၁၀ ယောက် ဝိုင်းတိုက်သည့်ကြားက ဓားနှစ်လက်ဖြင့် ...ွက်နိုင်သော မြတောင်... ။

www.burmeseclassic.com

www.burmeseclassic.com



သတ္တိအရာရော၊ ဗုဒ္ဓိအရာမှာပါ နိုင်ကျည်သော မြတောင်သည် ငယ်သစ်
သော ခင်ဆုံ၏ အတွေ့ကို…

"အို… ငါ ဘာတွေ တွေးနေပါလိမ့်။ မောင်မောင်မြတောင်
ယောက်ျား… ယောက်ျား ပီသတဲ့ ယောက်ျား"

မိမိငယ်သည် ယောင်ယမ်း ရေရွတ်မိသည်။

"ဘာတွေ ပြောလိုက်တာပါလိမ့် မိမိ၊ ဒေါ်သီတာတောင် လန့်သွားတယ်

ဒေါ်သီတာသည်လည်း သူ့အလွမ်းနှင့်သူ တွေးတော ငေးမောနေရာ
ထိတ်လန့်စွာ မေး၏။

"မောင်မောင့်အကြောင်း တွေးမိလို့ပါ ဒေါ်သီတာရယ်၊ စောစောက စ
ဘယ်ရောက်သွားပါလိမ့်၊ မြင်းခွာသံ ကြားတာနဲ့ ပြတ်သွားတယ်"

"ဟုတ်ပါရဲ့၊ ဪ… အလောင်းစည်သူမင်းကြီးဟာ ဒီတောင်မကြီး
ခြစ်ထဲကနေပြီး သက်န်းနက်ဖောင်တော် စီးလာရင်း လှမ်းမြင်တော်မူတယ်တဲ့ မိမိ

"တောင်မကြီးဆိုတာ မဟာဂီရိတောင်ကို ခေါ်တာပဲ ထင်ပါရဲ့… ဒေါ်သီ
ရယ်"

"ဟုတ်တာပေါ့ကွယ်"

သူတို့သည် ကျပင်းတောင်ဘက် ခပ်လှမ်းလှမ်းရှိ တန့်ခိုးကြီးဘုရားတ
ဖြစ်သော ငါးမျက်နှာဘုရား တည်ဦးစ သမိုင်းကို ပြောနေကြခြင်း ဖြစ်၏။

ဒေါ်သီတာက ဆက်ပြောသည်။

"မင်းတရားကြီးဟာ ဒီတောင်ကို မြင်တော့ လှမ်းပြီး လက်ညှိုးထိုးသ
အလောင်းစည်သူမင်းကြီး လက်ညှိုးညွှန်ရာ အရပ်ဟာ ရေဖြစ်ပြီး ဖောင်တော်
လည်း တစ်ခါတည်း ဦးလှည့်သွားတာပဲတဲ့"

"တယ်ပြီး တန့်ခိုးကြီးတာပဲနော်"

"ဘဝအဆက်ဆက်က ပါရမီတွေ ဖြည့်ခဲ့လို့ပေါ့ကွယ်"

"ဒါလောက် တန့်ခိုးကြီးရက်သားနဲ့… နတ်ရွာစံတော့ သားတော်က အ
တွေနဲ့ ဖိသတ်လို့ နတ်ရွာစံရတယ်ဆို ဒေါ်သီတာရဲ့၊ တန့်ခိုးနဲ့ ပြန်ပြီးလုပ်ပါလား

"ဝိပါကဝဋ်ကိုး မိမိရဲ့၊ တန့်ခိုးအရာ တေဒဂ်ရတဲ့ လက်ဝဲတေ
ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးတောင် ဝိပါကဝဋ်တော် ဆိုက်လာတော့ ခိုးသား ၅
အရိုက်ခံရတာပဲ မဟုတ်လား"

"ဆက်ပါဦး ဒေါ်သီတာ"



"ဒီတစ်ခါတော့ ဖောင်တော်ဟာ ဦးလည်း မလှည့်ဘူး။ မြေအပြင်ဟာ
…ည်း ရေမဖြစ်ဘူးတဲ့ မိမိရဲ့။ ဒါကြောင့် ပညာရှိအမတ်တွေ၊ ပုဏ္ဏားဖြူ ပုဏ္ဏားညို
…တွေကို ခေါ်ပြီး အကြောင်းကို မေးသတဲ့။ ဒီတော့ ပညာရှိအမတ်ကြီးတွေက-
…လှုပါဘုရား… ဒီနေရာမှာ တန့်ခိုးကြီးသော အေးတော် ဘိုးတော်တို့ တည်ထား
… မြတ်စွာဘုရား သရီရဓာတ်တော်များ ကိန်းဝပ်လို့သာလျှင် လက်ညှိုးညွှန်ရာ
…မဖြစ်တာပါ… လို့ လျှောက်ကြသတဲ့"

"တကယ်ကော ရှိသလား ဟင်"

"ရှိပြီကော မိမိရယ်… သီရိဓမ္မာသောကမင်းကြီး ကိုးတိုင်း ကိုးဌာနကို
…သနာပြုတော့ တည်ထားလှူဒါန်းတဲ့ စေတီပေါင်း ရှစ်သောင်း လေးထောင်၊
…တွင်းပေါင်း ရှစ်သောင်း လေးထောင်ထဲမှာ ဒီငါးမျက်နှာကန်ကြီးနဲ့တကွ
…ာယဂီရိတောင်ပေါ်မှာ မြတ်စွာဘုရား သရီရဓာတ်တော်တွေကို ဌာပနာပြီး
…တီတော်တစ်ဆူ တည်ထားကိုးကွယ်ခဲ့တာပေါ့"

"ဘာပြုလို့ ရွှေမုဋ္ဌော ခေါ်တာလဲ"

"တချို့တော့ 'ထဆင်ထူး'နဲ့ ရွှေမုဋ္ဌောလို့ ရေးကြတယ် မိမိရဲ့။ တချို့က
…ာ့လည်း 'ငွဝမ်းဘဲ'နဲ့ မုဋ္ဌော ရေးကြတယ်"

"မိမိ မှတ်ပါရစေ ဒေါ်သီတာရယ်… ရှင်းပြစမ်းပါဦး"

မိမိငယ်သည် ကွမ်းသီးဖက် ဆေးပေါ့လိပ်ကြီးကို စံပယ်ပင် ခြေရင်းတွင်
…ားလိုက်ကာ နားထောင် မှတ်သားရန် အသင့်ပြင်လိုက်၏။

"ပါဋလိပုတ် ပြည့်ရှင်မင်းကြီး ဒေဝါနံပိယဒဿီမင်းကြီးဟာ မြတ်စွာ
…ရားသခင် ပရိနိဗ္ဗာန်ပြုပြီး ၂၁၈ နှစ် အကြာမှာ ဒီဘုရားကို တည်တယ်တဲ့။ ဘုရား
…ည်ချိန်မှာ လငပုပ်ဖမ်းတာဟာ ဘုရားလည်း တည်ပြီးရော လငပုပ်ဖမ်းတာလည်း
…တ်သွားသတဲ့။ ဒါကြောင့် 'ထဆင်ထူး'နဲ့ မုဋ္ဌောကြသတဲ့"

"ဗိဂြိုဟ်လေး ဘာလေး ပြုပါဦး"

"ဒါတော့ ဒေါ်သီတာ မရပါဘူးကွယ်။ ဟော နောက်တစ်နည်းကတော့…
…ဘူထူပေ- အကြင်စေတီတော်၌၊ မုဋ္ဌိပမာဏံ- လက်တစ်ဆုပ်စာမျှ ပမာဏရှိ
…ာ၊ ဗုဒ္ဓပိမ္ဗံ- ဘုရားရုပ်ပွားတော်သည်၊ အတ္ထိ- ရှိ၏။ ဣတိတသ္မာ- ထို့ကြောင့်
…ာထူပေါ- ထိုစေတီတော်ကို၊ မုဋ္ဌော- မုဋ္ဌောစေတီတော် မည်၏…တဲ့။ တဲ…
…တစ်ရှူလောက် သောက်ပါရစေဦး"

"ဟင်… ဒေါ်သီတာ လုပ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီတာ ပြောပြနေသော ငါးမျက်နှာဘုရားကို ခင်ကြီးစို အမည်ရဟန်းတစ်ပါးက ပြင်ဆင်ခဲ့ပြီးနောက် ယခု ပျက်စီးယိုယွင်းနေပြန်ပေပြီ။

ယင်းကို ဘုရားအနီး လေးထပ်ကျောင်းတွင် သီတင်းသုံးနေတော်မူ ဘုန်းကြီးဦးရွှေနှစ်က တပည့် သီလရှင်များ၊ ဒါယကာ ဒါယိကာမများနှင့် တိုင်ပြင်ဆင်မွမ်းမံရန် တာစူနေဆဲ အချိန် ဖြစ်သည်။

"မိမိ အိပ်ချင်ပြီလား"

"ညနေက အိပ်ထားလို့ မအိပ်ချင်သေးပါဘူး ဒေါ်သီတာရယ်။ ကဲ-ဆေးလိပ်ကြီးက တော်ပါတော့၊ ခုနကဟာ ဆက်ပါဦး"

"အဲဒီလို စေတီတစ်ဆူ ရှိတာကို မဏိစည်သူမင်းကြီး သိတော့ သိကမ်းယော်တက် ဘုရားဖူးချင်သတဲ့။ ဒါနဲ့ ဖောင်ဆိုက်ဖို့ လက်ညှိုးညွှန်လိုက်အခု ဖောင်တော်ဦးစေတီ နေရာကို သွားပြီး ဖောင်က ဆိုက်သတဲ့၊ အဲဒီနေရာ ဖောင်တော်ဘုရား တည်ပြီး၊ ဖောင်လှည့်ပြီး ဆုတ်တဲ့ နေရာမှာ ဆုတ်လေဦးဘုရားကို တည်ထခဲ့တယ်"

"ငါးမျက်နှာဘုရားက ဝါတော် ကြီးတာပေါ့နော်"

"မတုအပ် မယှဉ်အပ်သော ဘုန်းတော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ဉာတော် အနန္တ၊ ကံတော်အနန္တရှင် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်ကျေတော်တွေကို ရည်မှူး တည်ထားတဲ့ ဘုရားပဲ မိမိရယ်... ဝါကြီး ဝါငယ် မရှိပါဘူ

"ဆက်ပြောပါဦး ဒေါ်သီတာ"

"အဲဒါနဲ့ မဏိစည်သူမင်းကြီးဟာ အဲဒီတောင်မကြီး ခေါ်တဲ့ ရတနာတောင်ပေါ် တက်ပြီး ဘုရားဖူးတော့ ကြာငါးခိုင် ပေါက်လာသတဲ့"

"ဆန်းလိုက်တာနော်... ဒီကုန်းကြီးပေါ်မှာ ကြာပေါက်ရတယ်လို့"

"ဘုရားတန်ခိုးတော်နဲ့ ဘုရင့် တန်ခိုးကိုး မိမိရဲ့"

"ကြာငါးခိုင် ပေါက်လာတော့ ဘာလုပ်သလဲ ဟင်... ဒေါ်သီတာ"

"ဘာလုပ်တယ်တော့ မသိဘူးလေ။ အဲဒီလို ကြာငါးခိုင် ပေါက်တာအစွဲပြုပြီး ကုလားကျောင်းခံနဲ့ မုခ်ငါးပေါက်နဲ့ ဒီဘဒ္ဒကမ္ဘာမှာ ပွင့်တဲ့ ဘုရားငါးရဲ့ လျှောင်းတော်မူဟန်၊ ရပ်တော်မူဟန်၊ တင်ပျဉ်ဖွဲ့ခွေဟန်၊ ဖျာဒိတ်ပေးဟခြေချထိုင်တော်မူဟန် ရပ်ပွားတော် ငါးဆူ တည်ထားခဲ့တယ် မိမိရဲ့"

"ကျပင်း ဆိုတာကလည်း ကြာပင်ပေါက်ရောက်တာကို အစွဲပြုတလို့ပဲ မိမိ ကြားဖူးတယ်"



"ဟုတ်တယ်... ကရာပင် ကြာပင်ပေါက်ရောက်ရာ အရပ်အနီးတွင် တည်သော မြို့မို့ ကြာအင်း ခေါ်တယ်တဲ့"

"ဒါဖြင့် ဘာပြုလို့ ကျပင်း ခေါ်ရတာလဲ ဟင် ဒေါ်သီတာ"

မိမိငယ်သည် လရောင်ဖြင့် ဒေါ်သီတာကို စူးစိုက်ကြည့်ရင်း မေးသည်။

"ဒါက နှစ်မျိုး ဖြစ်နေပြီ မိမိရဲ့။ ရှေးရှေးမြို့တည်ဦး ပကတူးက ဘယ်လို ခေါ်တယ် မသိဘူးလေ။ ဒီကျပင်း တည်တဲ့ မင်းသား ညီနောင်သုံးပါးဟာ နားပင်းနေတဲ့ ကျားနားပင်းကြီးကို နှိမ်နင်းပြီး မြို့တည်လို့ ကျပင်း ခေါ်တယ်တဲ့။ ကျားခုတ်လယ်တို့ ဘာတို့လည်း အခုထက်ထိ ရှိနေပါတယ်လေ"

"သိပ်တော့ ယုတ္တိမတန်လှပါဘူး"

"ဒီလို မပြောကောင်းဘူးလေ၊ နောက်တစ်မျိုးကတော့ သရေခေတ္တရာပြည် မြို့ပျက်လို့ လူစု သုံးစု ကွဲသွားကြတယ်တဲ့။ တစ်စုဟာ ပြည်မှာ ကျန်ခဲ့ပြီး၊ နောက်တစ်စုက ပုဂံ ရောက်သွားပါရော။ ကျန်တစ်စုက ဒီကျပင်းဘက် ရောက်လာတယ်တဲ့။ ကျပင်း တည်တဲ့နှစ်ဟာ ကြာအိုးအံ ပုဂံတည်တဲ့ ၂၁၁ ခုနှစ်မှာပဲ ပုဂံနဲ့ တစ်နေ့တည်း တစ်ချိန်တည်း ကြာအိုးအင်း ကျပင်း တည်တယ်တဲ့။ အဲဒီမူကတော့ ကြာအင်းလို့ ခေါ်တာပဲ"

"ထားပါတော့လေ"

"ရတနာဂီရိတောင်တော်ရဲ့ အရှေ့ဘက်မှာ ရွှေနှန်းလယ်ပွဲ၊ အင်္ဂါထောင့်မှာ လယ်တွန်မင်္ဂလာ ကျင်းပတဲ့ လယ်တော်လယ်ပွဲ၊ အဲဒီနားမှာ ဝက်ကြီးကို နှိမ်နင်းလို့ ဝက်ခေါင်းလယ်ပွဲတဲ့။ အဲဒီနားမှာပဲ မင်းသားညီနောင်တွေ ရေကစားတဲ့ နေရာအခုတော့ ကမ္ဘလယ်ပွဲဆိုတာ ရှိတယ်။ တရားစီရင်တဲ့ နေရာကတော့ နေပူခံ ရွာရဲ့ အရှေ့ဘက်မှာတဲ့။ အဲဒီမှာ ကျမ်းကိုင်ဘုရား ဆိုတာ အခုထက်ထိ ရှိတယ်"

"ပုဂံမှာ ကျားကြီး၊ ငှက်ကြီး၊ ဝက်ကြီး ဆိုတဲ့ ရန်တွေကို ပျူစောထီးမင်းက ဖြိုခွင်းပြီး မင်း ဖြစ်တယ် ဆိုတာကို အတုယူပြီး ဒီမှာလည်း ဒီလို ဖြစ်တယ်လို့ ဆရာကြီး သမားကြီးတွေ လုပ်ခဲ့တာများလား ဒေါ်သီတာရယ်"

ဒေါ်သီတာမှာ ပျာပျာသလဲ ဖြစ်သွား၏။

"အို အို... ဘယ့်နှယ် ပြောလိုက်တာလဲ မိမိရယ်။ လူကြီးသူမတွေရဲ့ အဆိုအမိန့်ကို ကိုယ် မနှစ်သက်လည်း အေးအေးနေရတယ်"

"မိမိ ဘဝင်မကျလို့ ပြောမိတာပါ ဒေါ်သီတာရယ်။ ဘာဖြစ်လို့လဲဆိုရင် ပုဂံတည်တဲ့နေ့မှာ တည်သလို ပုဂံ ပျက်တဲ့နေ့မှာပဲ ကြာအင်းမြို့ကလည်း လိုက်ပြီး ပျက်ရတယ် ဆိုတာတွေ ဒေါ်သီတာပဲ စဉ်းစားကြည့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



“နက္ခတ်တူ ဇာတာတူ ဂြိုဟ်ခွင်တူမယ်ဆိုရင် ဖြစ်နိုင်တာပဲ မိမိရဲ့။ ပုဂံဟာ ပုဂံငယ် ဆိုပြီး ပခန်းငယ် ဆိုတဲ့ မြို့ကလေး တစ်မြို့ ခွဲတည်လို့ ပျက်ရသလို ကြာအင်းမြို့ကြီးဟာလည်း မြို့သစ် ဆိုပြီး မြို့ကလေး ခွဲတည်လို့ ပျက်ရတာ မိမိရဲ့။ ဒါပေမဲ့ ကြတ္တိကာနက္ခတ် ပြန်ပြီးထွန်းတောက်တဲ့နေ့မှာ ကြာအင်းမြို့ကြီးဟာလည်း ပြန်ပြီး ကောင်းစားဦးမှာပဲ။ ကြာအင်းမြို့ရဲ့ နက္ခတ်ဟာ ကြတ္တိကာနက္ခတ်ပဲကိုး”

“ဒါနဲ့ ကြာအင်းနဲ့ စောခယာ ဆိုတဲ့ မင်းသမီးနဲ့ ဘယ်လို ပတ်သက်ဖြစ်တာလဲ”

“ကြာအင်းနဲ့ ဘာမှမဆိုင်ဘူး မိမိရေ… ဆိုင်တာက မဏိစည်သူမင်းကြီးနဲ့ ဆိုင်တာ”

“အို… ဒီလိုလား ပြောစမ်းပါဦး ဒေါ်သီတာရယ်၊ စောပါသေးတယ်”

“ဒါက ဒီလိုတဲ့… မိမိရဲ့”

“ဟုတ်ကဲ့ ဒေါ်သီတာ”

“အလောင်းစည်သူမင်းကြီး အဲဒီမုဋ္ဌောစေတီကို မှန်ငါးပေါက်နဲ့ တည်ပြီးလို့ ပွဲသဘင်တွေ ခံနေတုန်းမှာ မဇ္ဈိမဒေသက ပြေးလာတဲ့ ဘာဝါနဲ့ စောခယာ ဆိုတဲ့ ကုလားမင်းသား၊ မောင်နှမ ရောက်လာပြီး စောခယာကို မင်းကြီးဆီ ဆက်သသတဲ့၊ စောခယာကလည်း သိပ်လှသတဲ့”

“ပပဝတီတို့၊ ဥမ္မာဒန္တီတို့လည်း ကုလားပဲနော် ဒေါ်သီတာ”

“မိဖုရားတွေဟာ စောခယာကို မြင်ကြရတော့ ပုဏ္ဏားတွေ ကပ်ပြီး စောခယာကို မင်းကြီး လက်မခံအောင် ကုန်းချောကြသတဲ့၊ စောခယာ ရောက်လာရင် သူတို့ကို ဘုရင် မချစ်မှာစိုးလို့ပေါ့ကွယ်”

မိမိငယ် သက်ပြင်းရှိုက်လိုက်မိ၏။ သူသည် မိဖုရားများအား အပြစ်တင်ရန် မေ့လျော့နေ၏။

“မိဖုရားတွေက ကတုန်းကတိုက်လုပ်၊ ပုဏ္ဏားတွေက ကုန်းချောနဲ့ လုပ်တော့ မဏိစည်သူမင်းကြီးဟာ စောခယာကိုလည်း မမြင်ဖူးတော့ ငြင်းလိုက်တာကိုး။ ဒီတွင် စောခယာဟာ ရှက်လှချေရဲ့ ဆိုပြီး ကိုယ့်လည်ပင်း ကိုယ် ဆံထိုးနဲ့ ထိုးသတ်သေရှာသတဲ့”

“ဒါပေါ့လေ… မိန်းမတို့ အသက်ဟာ အရှက်လေပဲကလား”

“နှမ သေတော့ မောင် ဖြစ်တဲ့ ဘာဝါကလည်း ကိုယ့်နံကြား ကိုယ်ဓားစိုက်ပြီး သေသတဲ့။ အဲဒါနဲ့ အုတ်အုတ်ကျက်ကျက် ဖြစ်ကြတော့ မင်းကြီး



ကိုယ်တော်တိုင် ထွက်ပြီး ရှုစားတာကိုး။ ဒီတော့မှ စောခယာရဲ့ လှပယဉ်ကျေးသိမ်မွေ့ပုံကို မြင်ရပြီး မိဖုရား ဖြစ်ထိုက်တဲ့ ရုပ်လက္ခဏာနဲ့ ပြည့်စုံတယ်ဆိုပြီး မိဖုရားတစ်ပါးရဲ့ ဈာပနလို ပြင်ဆင်မွမ်းမံစေသတဲ့”

“ဒီမှာ မင်းမြှောင်စိုးကပ်တွေ ဘယ်လောက် အန္တရာယ်ကြီးတယ် ဆိုတာ ထင်ရှားတာပဲ ဒေါ်သီတာ။ အရှင်နှစ်ပါးလည်း မင်းမြှောင်စိုးကပ်တွေ ကြောင့် ခုတိမ်မှာ နစ်တော်မူကြရတာ”

“ပြီးတာတွေ ပြီးပါစေတော့ မိမိရယ်… ဒါနဲ့ စောခယာရဲ့ အလောင်းကို ခမ်းနားကြီးကျယ်အောင် ပြင်ဆင်ပြီး ခေါင်းရင်းက ဆင်မတစ်ဝန်တင် ရွှေနဲ့ ခြေရင်းက ငွေ ဆင်မတစ်ဝန်တင် ထားပြီး ဂူဏ်တင်သတဲ့”

“သင်္ဂြိုဟ်ပြီးတော့ ဒီရွှေတွေ ဘာလုပ်ပစ်သလဲ”

“ဘာဝါရဲ့ အလောင်းကို ကန်ထဲက အရှေ့ဘက်ကျကျ ကုန်းကလေးပေါ်မှာ မြှုပ်သလို စောခယာကိုလည်း အဲဒီမှာပဲ မြှုပ်ပြီး စေတီတစ်ဆူ တည်ခဲ့တယ်ဆိုင်ပါရဲ့။ အဲဒါကြောင့် ကန်ထဲက ဘုရားကို ကုလားမြှုပ်ဘုရား ခေါ်တယ်ဆိုင်တာပဲ မိမိရဲ့”

“ကုလားမြှုပ်ဘုရားက အခုထက်ထိ ရှိတယ်နော်။ နေပါဦး ဒေါ်သီတာရဲ့၊ ငါးမျက်နှာရွှေမုဋ္ဌောကို မဏိစည်သူမင်းကြီး တက်ပြီး တည်တော့ ကြာအင်းမြို့မှာ ဘုရင် ရှိသေးလား”

“ဘုရင်တော့ ရှိမယ် မထင်ပါဘူး။ မြို့စား ရွာစားလောက်တော့ ရှိတယ်ထင်ပါရဲ့”

“အင်း အင်း… ဆက်ပါဦးလေ”

“စောခယာကို သင်္ဂြိုဟ်ပြီးတဲ့နောက်မှာ စောခယာကို ချီးမြှင့်မြှောက်စားတဲ့ ရွှေ ငွေတွေကိုလည်း လောင်းလှေနဲ့ ထည့်တယ်။ အဓိမေတ္တယျ မြတ်စွာဘုရား ပွင့်တော်မူတဲ့အခါမှာ ကျောင်းတော် ဆောက်ရန် မိဋ္ဌာန်ပြီး ကန်ထဲမှာ မြှုပ်ပစ်တယ်တဲ့”

“ဒီတောင်တော်ကိုကော ဘာပြုလို့ ရတနာဂီရိတောင်၊ မဟာဂီရိတောင် ခေါ်ရတာလဲ”

“ပန်းဘဲမောင်တင့်တယ် မင်းပြစ်မင်းဒဏ်သင့်တော့ ဒီရတနာဂီရိတောင်မှာ… မှန်လှပါဘုရား၊ မုန်းတင်း မဆိုပါဘူး၊ ချစ်တင်းကို ဆိုပါတယ် ဘုရားဖွင့်လှတ်တော်မူပါ”

www.burmeseclassic.com

www.burmeseclassic.com



ဓါသီတာသည် မြောက်ဘက်သို့ လှည့်ကာ တစ်ချက် လက်အုပ်
လိုက်ပြီးလျှင် ဆက်လက် ပြောပေ၏။

'အဲဒီမှာ လာပြီး ပုန်းခိုနေတာပေါ့ကွယ်။ နတ်ဖြစ်တဲ့အခါကျတော့
မင်းမဟာဂီရိကို အစွဲပြုပြီး မဟာဂီရိတောင် ဖြစ်သွားတာပါ''

''ဦးဖြူ ဦးညိုကကော...''

''သျှင်ဖြူ သျှင်ညိုက မင်းမဟာဂီရိနဲ့ မယ်နှယေတို့ရဲ့ သားလေ... မယ်
ဟာ တညောင်နားက ကိုးရေလျှဉ်...''

ကုလားတက် ခေါက်သံများ ရုတ်တရက် ထွက်ပေါ်လာသည့်အတွ
ဓါသီတာ စကားပြတ်သွားလေ၏။

''မကြောက်နဲ့ မိမိ... မကြောက်နဲ့''

ဓါသီတာသည် မိမိငယ်ကို အားပေးလိုက်ပြီး၊ သူတို့ ထိုင်ရာ ခုံတ
အောက်မှ အဝတ်ထုပ်ကလေးများကို ကိုယ်စီဆွဲ၍ မှောင်ရိပ်ကျသည့် ချုံတ
ဘက်သို့ သုတ်ခြေတင်ကြလေ၏။

''မသီတာတို့ မိမိတို့ ဘယ်မှာလဲဟေ့''

အိပ်ချင်မူးတူးသံဖြင့် ဦးပိုးဟပ်က လှမ်းမေး၏။

''ရှိပါတယ် ဦးရီး''

''အေး အေး... သတိဝီရိယနဲ့ နေကြ။ ငါ ရွာထဲ ထွက်ပြီး စနည်းနာလို
ဦးမယ်။ တယ်... ဒီကောင်ကလေး နှစ်ယောက်ဟာ အရေးထဲ ရန်ဖြစ်နေပြန်ပြ

သားနှစ်ယောက်အား ဆက်လက် မာန်မဲပြီးနောက် ဦးပိုးဟပ်သ
ရွာထဲသို့ ထွက်ခဲ့၏။

တုံးကြီး(အုန်းမောင်း)သည် တာဝေး အချက်ပေးသံ ဖြစ်၍ ကုလားတ
သည် တာတိုအချက်ပေးသံ ဖြစ်သည်။

နိုင်ငံတော်သည် မကြာခဏ ဖရိုဖရဲ ဖြစ်ခဲ့ရ၏။ ခါတင်ခု ကျိုးလ
စားလည်း ဖြစ်ခဲ့ရပါ၏။ ယခုတစ်ခါမှာမူ ထီးသုဉ်း နန်းသုဉ်း မင်းပါ ပြန်းခဲ့ရ
မကြုံစဖူး မကြားစဖူးသော ရက်စက်မိုက်ရိုင်းမှုများကို ခံကြရပြီ။ ရွာ ဟူသ
ဤအရပ်၌ ရှိလေ၏ဟု သိမှာကိုပင် စိုးကြောက်ရသည်အထိ ဖြစ်ကာ တိုး
တိတ်တိတ် အချက်ပေးသော ကုလားတက် ဝေါဟာရသည် သည်အခါက စ
ပေါ်ပေါက်ခဲ့လေ၏။

ဦးပိုးဟပ် ရွာထဲ ထွက်လာသောအခါ တိုးတိုးတိတ်တိတ် စကားပြော
များကို ကြားရသည်။ ဟိုနွားတင်းကုပ်၊ သည်နွားတင်းကုပ်၊ ဟိုစပါးစည့်၊ သ



ပါးစည့်များဆီမှ လှုရိပ်လိုလိုများ မြင်ရ၏။ ပါးစပ် ပိတ်ထားလျက်က ဆိုးသွမ်း
ာစ်သော ကလေးငိုသံများကိုလည်း ကြားရ၏။

လမ်းတွင် လူရှင်းနေသည်။

အတန်ငယ် လျှောက်မိမှ ရွာဆော်ကြီးကို တွေ့ရသည်။

''ဘာတဲ့လဲ မောင်ကွန်း''

''ကျွန်တော်လည်း မသိသေးဘူး ဘုရားဒကာရဲ့... ရှင်မ နေမကောင်းလို့''

''တယ်ပေါ့လျော့တာကိုးကွ''

သူတို့သည် ရွာတံခါးဆီသို့ ခပ်သုတ်သုတ် လျှောက်လာကြသည်။
ကင်းတဲတွင် ကင်းသမားအချို့နှင့် ဆယ်အိမ်ခေါင်းများ ရောက်နေနှင့်ကြပြီ။

''ဘာတွေလဲဟေ့... ဘာဖြစ်တာလဲ''

ဦးပိုးဟပ်က လှမ်းမေး၏။

''လူနှစ်ယောက် ရွာခြေကို ကပ်လာတာ မြင်လို့ပါ ဘုရားဒါယကာကြီးရဲ့''

''အခု ဘယ်ရောက်သွားလဲ''

''မသိသေးဘူး ခင်ဗျာ... ကျေန် သွားကြည့်နေတယ်''

သို့စဉ်တွင် လူတစ်ယောက် ရေးကြီးသုတ်ပျာ ပြေးလာ၏။

''လာနေပြီဟေ့... လာနေပြီ''

ပြေးလာသူမှာ ကျေန် ဖြစ်၏။

ဦးပိုးဟပ်နှင့် ဦးကွန်းတို့မှာ တံခါးပျဉ်ကြားမှ ရွာပြင်သို့ ချောင်းကြည့်
ေကြသည်။

မှန်ပေ၏။

သေနတ်တစ်လက် ကိုင်ထားသော လူတစ်ယောက်နှင့် ဓားကိုင်ထားသော
ာစ်ယောက်တို့ တံခါးဝသို့ အေးဆေးရဲတင်းစွာ ချဉ်းကပ်လာကြ၏။

''ခေါင်းမင်းတို့ ရွာဆော်တို့ မရှိကြဘူးလား ဗျား''

''ရှိပါ့ဗျား... ရှိပါ့ဗျား''

''ဗိုလ်ထွန်းအောင်ရဲ့ တပည့် ဗိုလ်သံဆုံလေ... မလေးမစား လုပ်ရင်
ဆုံထဲ ထည့်ထောင်းသလို ဆုံးမပစ်တဲ့ သံဆုံ ကြားဖူးကြလား''

''ကြားဖူးပါတယ် ခင်ဗျာ... ဗိုလ်မင်း အလိုရှိရာ မိန့်တော်မူပါ''

ဦးပိုးဟပ်နှင့် ဦးထွန်းတို့သည် မမြင်သာသော နေရာမှာပင် ယိုယို့ကလေး
ာက်ယုက်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းဆာယာမှိုပေါက်လို့ ကိုယ်ပျောက်တဲ့ ယောကျ်ား၊ ဓားနဲ့ထိုး ဓားကျ လို့ လုံခြုံသတဲ့။ သေနတ်ဆိုတာများ အပျော့။ မယုံရင် စမ်းကြည့်ကြဦးမလား"

"မစမ်းဝံ့ပါဘူး ဗိုလ်မင်းရယ်"

"ဆန်တစ်ပြည်ချက်နဲ့ ကြက်တစ်ကောင်ချက် မြန်မြန်ပေးရမယ် ကြားလား"

"မှန်ပါ"

"ဒေါင်းဒင်္ဂါး ၅၀ လည်း လိုချင်တယ်။ တောင်ပံမီးတစ်ပြား ပါရင် တစ်ယော အသတ်ခံရမယ်။ နားလည်လား"

"မှန်ပါ ဗိုလ်မင်း... ကဲ ကဲ မောင်ကွန်း မြန်မြန်သွားဟေ့"

ဦးပိုးဟပ်သည် ရွာဆော်ကြီးအား ခန့်ခွဲရန် စေလွှတ်လိုက်ပြီးနောက်

"ဗိုလ်မင်းလည်း မတ်တတ်နေရတာ သွေးတောင့်လှရောမယ်။ အ ဝင်ပြီး ကွမ်းဆေး လက်ဖက် သုံးဆောင်စေချင်ပါတယ်"

ဟု ဗိုလ်သံဆုံ ခေါ် ဓားပြအား ဖိတ်ခေါ်၏။

"ကျေးဇူးကြီးပါပေတယ်။ သို့သော် ရှိပါစေတော့ တံခါးမဖွင့်ပါနဲ့"

တောကြောင်ကလည်း ပါးနပ်သည်။ ရွာထဲဝင်ပြီး ရွာသားတွေ၏ ချဉ်း ခံလိုက်လျှင် လူအားဖြင့် ဖိသတ်ဦးတော့ သေမည် မုချ ဖြစ်သဖြင့် တံခါးကို အဖွင့်မခိုင်းပေ။

ချောင်းဖြူရွာမှာ ငွေကြေးချမ်းသာသူများ ဆင်ဖြူကျွန်းသို့ တက်ပြေး သဖြင့် စားနိုင်သောက်နိုင်နှင့် လူဆင်းရဲများသာ ကျန်၏။

ထိုလူဆင်းရဲများအနက် သူရသတ္တိရှိသော လူငယ်များမှာ တွန်းလှန် ပြည်ချစ်တပ်များတွင် ရောက်ရှိနေကြသည်။ ကျန်ယောကျ်ားများကား လူ လူညံ့များနှင့် မယား၏ လက်ချိုးခံနေရသူများ ဖြစ်ကြသည်။ ထို့ကြောင့်လည်း နှစ်ယောက်တည်းဖြင့် ကြေးလာခဲ့သူများကို တံခါးကြားမှ ဒူးလေးဖြင့်သော် ဆီးကြို မပစ်ရဲကြခြင်း ဖြစ်ပေသည်။

တစ်ကြောင်းမှာလည်း လူ၏အင်အားနှင့် သတ္တိစွမ်းပကားထက် ဘုန်း နှင့် အင်းအိုင်ခါးလှည့် လက်ဖွဲ့ မန္တရား စသော ကာယသိဒ္ဓိများကို ယုံကြည် စွဲ နေကြသဖြင့် ညီညာဖျဖျ တိုက်ခိုက်နှိမ်နင်းရန် မဝံ့ရဲကြခြင်း ဖြစ်ပေ၏။

ထိုခေတ် ထိုအခါသည် ဗိုလ် အမည်တပ်၍ မိမိ အဘယ်မျှစွမ်းကြော ဟိန်းဟောက်ကာ ငွေတောင်းရဲလျှင် မည်သူမဆို ငွေရလွယ်သော ခေတ်ဆိုး ကာ ဆိုးကြီးပါပေတည်း။

# ၃

တူမီးသေနတ်သံ တစ်ချက်သည် ငါးမျက်နှာကန် မန္တလာကန်များဘက်သို့ ညာင်ထပ်သွားသည်။ ဝမ်းဘဲ ဟင်္သာများ တောဘဲများ ရုတ်ရုတ်သဲသဲ ထပျံသွား ကြလေ၏။

သေနတ်သံသည် အေးချမ်းငြိမ်သက်နေသော ကြာအင်းမြို့ကို ကိုင်လှုပ်လိုက် သည်။ သာယာသော နံနက်ခင်း၏ အလှအပ မင်္ဂလာများ ပြိုကွဲ၏။ မုဋ္ဌောစေတီ ရှိသည်ရာ တောင်မကြီးမှ ကြာအင်းမြို့တိုင် တည်ရှိသော တောင်ကုန်း တောင်ကမူ များထက်တွင် လှုပ်လှုပ်ရွရွနှင့် အသက်ဝင်လာသည်။

လက်ဖတင်နှင့်နော်တင် ဦးစီးသော ကုလားတပ် တပ်ခွဲတစ်ခွဲသည် အရှေ့ ဘက်မှ ထ၍ လှည်းလမ်းအတိုင်း ချီတက်လာကြခြင်း ဖြစ်၏။ သူတို့၏ တပ်ခွဲသည် တောင်မကြီးကို ကျော်သည်အထိ ပြည်ချစ်တပ်သားတို့၏ အရိပ်အယောင်မျှ မတွေ့ ရပေ။ ဗိုလ်နော်တင်သည် ကြာအင်းကိုများ အခုအခံ မရှိ သိမ်းပိုက်ရတော့မည်လား ဟု စိတ်ကူးယဉ်မိရှာလေ၏။

သို့သော် ကျောင်းကုန်းလမ်းကွေ့ထဲ ဝင်မိသည်နှင့်တစ်ပြိုင်နက် နော်တင် များ အိပ်မက်ရာမှ လန့်နိုးလာသည်။

တောင်ပူစာတစ်ခုပေါ်မှ ပစ်လိုက်သော တူမီးသေနတ်သံနှင့် ပြိုင်တူ သူ့ဘေးမှ စကားပြန် ပုံလဲသွားလေ၏။

နော်တင်သည် အကာအကွယ် ယူလိုက်၏။ ချက်ချင်း ထိုတောင်ပူစာ ဘက်သို့ ပြန်လှန်ပစ်ခတ်စေကာ ကုလားစစ်ဗာရီ တပ်စိတ်တစ်စိတ်အား ထို တောင်ပူစာကို တက်ရောက် သိမ်းပိုက်ခိုင်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ဝယ် မြတောင်၊ ကိုကြာလန်းနှင့် ဗိုလ်ရွှဲ၊ ဗိုလ်မှော်တို့သည် မြင်းအပြေးစီးကာ တိုက်ပွဲ စတင်ရာသို့ လာနေကြသည်။

ဗိုလ်နော်တင်၏ ကုလားများသည် တောင်ပူစာယေကို အခုအခံ သိမ်းပိုက်မိကြ၏။

မြတောင်နှင့် ကိုကြာလန်းတို့သည် တောင်ညီနောင် တောစပ်အရော တွင် ရှေ့ကင်းမှ အထောက်တစ်ယောက်ကို တွေ့ကြ၏။

"ရန်သူ ဘယ်လောက် ရှိသလဲဟေ့"

"၁၀၀ လောက် ရှိပါတယ် ဗိုလ်မှူး။ ကုလားဖြူ နှစ်ယောက်နဲ့ ကုလားမည်း ၁၀၀ ပါ။ အမြောက်ကလေး တစ်လက်လည်း မြင်ခဲ့ပါတယ်"

"အေး…"

မြတောင်ဗိုလ်သည် ဗိုလ်ရွှဲနှင့် ဗိုလ်မှော်အား လှမ်းကြည့်၏။ သတင်း ပို့သူက-

"ကုလားတစ်ကောင်တော့ ချေးဦးပေါက် ကျသွားပြီ ဗိုလ်မှူး"

"ကောင်းလိုက်တာကွာ… စောစောစီးစီး မင်္ဂလာရှိတဲ့ သတင်းကြား တာပါကလား၊ သူ့မေရိုးတယ်မှုပဲ"

ဗိုလ်ရွှဲသည် ဝမ်းသာအားရ ရေရွတ်လိုက်လေ၏။

"ခင်ဗျားကတော့ အဆဲမပါရင် စကားပြောလို့ မပြီးတဲ့ လူပဲ"

ဗိုလ်မှော်က ပြုံး၍ ပြောသည်။

မြတောင်က-

"ကျွန်တော် တောင်ပေါ်က ခံမယ်။ နောင်ကြီးတို့က လှည်းလမ်း စောင့်ပါ"

သူက မြင်းကို တို့ရင်း မြင်းခွာသံလိုလို ကြားသဖြင့် ကြာအင်း လှည့်ကြည့်၏။ ဖုန်တထောင်းထောင်းနှင့် မြင်းတစ်စီးကို မြင်ရသည်။ ကြည် နေရင်း နီးလာ၏။

"တောင်ဗိုလ်ဘက်က ကုလားတွေ တက်လာတယ် ဗိုလ်မှူး"

အဝေးမှ အော်ပြောလိုက်သူမှာ ရှင်သူငယ်ဗိုလ် ခေါ် ဖျိုးကလေး ဖြစ်၏။

"နောင်ကြီးမှော် သွားမလား"

"သွားမယ် ဗိုလ်မှူး"

ဗိုလ်မှော်သည် မြင်းကို လှည့်ကာ ကြာအင်းသို့ ဒုန်းစိုင်းထွက်ခွာသွား လေ၏။



"ကျုပ် ဗိုလ်မှူးနဲ့ လိုက်မယ်"

ဖျိုးက ဓကသီကို ပခုံးပေါ် တင်ရင်း ပြောသည်။

"မလိုက်ပါနဲ့ ကိုရင်ရယ်… ကိုရင် မြို့ကို စောင့်ရှောက်ပါ၊ ဟုတ်လား"

"ကျုပ်ဓားက ကုလားသွေး ဆာနေလို့ပါ ဗိုလ်မှူးရယ်"

"နောက်မှ နောက်မှ နော် ဟုတ်လား… ကိုရင်က လိမ္မာပါတယ်"

ဖျိုးကလေးသည် အင်တင်တင်ဖြင့်ပင် မြို့သို့ ပြန်သွားရလေ၏။

မြို့ထဲတွင် မင်းကြီးဗိုလ်ဥတ္တမအပြင် ဗိုလ်ချက်ကြီးလည်း ရှိနေခဲ့သေး သည်။

သို့ရာတွင် မင်းကြီးဗိုလ်ဥတ္တမ၏ တပ်မှာ စလင်းမှ ဆုတ်ခွာလာစမို့ နာနေသည်။ ထို့ပြင် နယ်မြေ စိမ်းနေသဖြင့် အားမကိုးသာသေး။ ဗိုလ်ချက်ကြီးမှာ ကိုရင်ဖျိုးလောက် မထက်မြက်ပေ။ ကုလားများသည် တောင်ကုန်းများနှင့် လှည်းလမ်းမှ တပ်ဖြန့်၍ တက်လာကြ၏။

ငြီးငွေ့ဖွယ်ရာ တောင်ခေါင်းတုံးများနှင့် ခြောက်သွေ့သော စေးပျစ်တော များ ခြံရံသည့် ကြာအင်း နယ်နိမိတ်တွင်းသို့ ကုလားတပ်သည် ရွှေ့ရွှေ့ ချဉ်းကပ် လာ၏။ ကုလားဖြူ နှစ်ယောက်နှင့် ကုလားနက် တစ်ယောက်သည် နောက်ဆုံး မှ မြင်းစီး၍ လိုက်ပါလာကြသည်။

ကုလားများသည် မသင်္ကာဖွယ်ရာ နေရာတိုင်းကို သေနတ်ဖြင့် တရစပ် ပစ်ခတ်သည်။ သေနတ်သံ စဲသွားလျှင် ပတ်ဝန်းကျင်သည် ချောက်ချားဖွယ်ရာ တိတ်ဆိတ်သွားပြန်၏။

ကုလားတပ်သည် တောင်ညီနောင် တောအုပ်သို့ ဝင်လာ၏။

တိတ်ဆိတ်ခြင်းမှ ကမ္ဘာပျက်ခြင်းသို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွား လေသည်။

လှည်းလမ်းကြောင်းမှ စောင့်နေသော ဗိုလ်ရွှဲနှင့် တပ်သားများသည် ဘီလူး သဘက်လို အော်ဟစ်လျက် ကုလားများကို ဝင်ခုတ်သည်။ ဗိုလ်ရွှဲသည် လျှပ်တစ်ပြက်အတွင်း ကုလားနက် ၁၀ ယောက်ကို မြင်းနှင့် နင်းခုတ်ပစ်လိုက်၏။ ကုလားများမှာ ပြေးသူက ပြေး၊ ခံပစ်သူက ပစ်နှင့် အထွေးထွေး ဆောကုန်ကြ သည်။

ကုန်းကြောမှ တက်လာသော ကုလားတပ်မှာလည်း တစ်ပြိုင်နက် အတိုက်ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချပှာ... ခုတ်ဟ... သတ်ဟ..."

ဟူသော အသံများ တောင်ပြိုတော့မလို ဟိန်းတက်လာကာ သေနတ်ဖြင့် စတင် အပစ်ခံရသည်။ ကုလားများ တန့်ရပ်၍ ပြန်ပစ်ချိန်တွင် ကျောက်ကြားထဲ၊ တောင်ခေါင်းထဲ၊ ချုံပုတ်ထဲမှ ဓားကိုင်တပ်သားများ ထွက်လာပြီး ကျားဟိန်းသလို အော်၍ အော်၍ ခုတ်ကြ၏။

မြတောင်မိုလ်သည် တစ်ဖက်မှ ပြောင်းတိုသေနတ်၊ တစ်ဖက်မှ ဓားကိုင်၍ မြင်းစီးကာ ဝင်နင်း၏။ ကုလားများ အတုံးအရုံး ကျကာ ကိုင်းတောကြီး ပြိုသလို နောက်သို့ ယိုင်ဆင်းသွားကြသည်။

"ချကြပါလား... နင်းခုတ်... ဗမာ့သတ္တိကို ပြလိုက်ကြစမ်း"

ပြည်ချစ်တပ်သားများသည် ကုလားအုပ်ကြီး နောက်သို့ ဖိလိုက်ကာ နင်းခုတ်ကြ၏။

မြတောင်သည် ဓားကို ရပတ်လှည့်သလို မွှေ့ယမ်းရင်း နင်းခုတ်နေစဉ် မြင်းမှာ ခြေချော်၍ ချော်ကျသွား၏။

တစ်ပြိုင်နက် အဆက်မပြတ် ပစ်လိုက်သော စက်သေနတ်သံနှင့်အတူ ဓားကိုင် ပြည်ချစ်တပ်သားများ အလွေးလွေး အလူးလူး ကျကုန်သည်။

"ဟေ့ မတက်ကြနဲ့ မတက်ကြနဲ့"

မြတောင်သည် ကုန်းထရင်း အော်၍ အမိန့်ပေး၏။

"ဖိုးလှော်... ဖိုးလှော်... လှိမ့်ပြီး ဆုတ်ခဲ့... ဟဲ့ ဖိုးလှော်..."

မြတောင်သည် သံကုန်ဟစ်၍ ခေါ်သည်။

သူ၏ တပ်သား ဖိုးလှော်မှာ ကုလားတပ်ထဲသို့ သရဲစီးနေသူအလား ပြေးဝင်သွားသည်။ နောက်ပွင့်သေနတ်မှ ကျည်များ၊ စက်သေနတ်မှ ကျည်ဆန်များသည် ဖိုးလှော်၏ ကိုယ်ကို ဆန်ခါပေါက်ဖြစ်အောင် ဖောက်ထွက်သွား၏။

ဖိုးလှော်သည် လဲကျမသွားပေ။ တစ်ကိုယ်လုံး ဆန်ခါပေါက် ဖြစ်နေလျက်က ဓားနှစ်လက် ဆိုင်၍ မည်းမည်းမြင်ရာ လျှောက်ခုတ်နေသည်။

စက်သေနတ်ဖြင့် ပစ်လျှင် လုံမြုံပြီဟု အထင်ရောက်နေမိသူ ကုလားများမှာ ဖိုးလှော်အား အံ့အားသင့်စွာ ပြန်ကြည့်ရင်း အလဲလဲ အကွဲကွဲဖြင့် ခေါင်းပြတ်ကုန်၏။ ဖိုးလှော်သည် စက်သေနတ်ဆီသို့ ဝါးလုံးထိုး ပြေးသွားရင်း ဟပ်ထိုး လဲကျသွားတော့သည်။ ဆန်ခါပေါက် ဖြစ်နေသော ဖိုးလှော်၏ အလောင်းကို ကုလားများသည် သဲသဲမဲမဲ ဝိုင်းပစ်ကြသည်။



ပြည်ချစ်တပ်သားများမှာ ဓားကို သုံးခွင့်မရကြတော့ပေ။ တူမီးသေနတ်များဖြင့် ခံပစ်ရင်း တစ်လက်မချင်း ဆုတ်လာကြရ၏။ တရွေ့ရွေ့ဖြင့် စနေနံဘုရားနှင့် နီးကပ်လာပြီ။ သို့စဉ် အထောက်တော်တစ်ယောက် မြင်းနှင့် ရောက်လာ၏။

"မိုလ်မှူး မိုလ်မှူး... ကုလားတွေ မြစ်ဘက်က လာနေကြတယ်"

"အေး... မိုလ်ချုပ်ကြီး တာဝန်ယူပါလို့ ပြောလိုက်။ မင်းကြီးရဲ့တပ်တွေ မြို့ထဲက အသင့်စောင့်ဖို့ မင်းကြီးကို လျှောက်လိုက်။ တောင်မိုလ်ဘက်က ငိုလ်မှော်ဆီက ဘာကြားသလဲ"

"မလာပါ မိုလ်မှူး"

"အေး သွားတော့၊ ဟော့ ကိုရင့်ကို လျှောက်လိုက်၊ မြို့ထဲမှာပဲ နေရမယ်လို့"

စနေနံဘုရားဘက်သို့ မြတောင်၏တပ် ဆုတ်လာရသည်။

မိုလ်ရွှဲ၏ တပ်မှာလည်း လှည်းလမ်းအတိုင်း ဆုတ်လာရသည်။

ထိုနေရာသည် တောကောင်း၏။ ကုလားတပ်သည် သတိဖြင့် တက်လာ၏။ အတက်လည်း နှေးကွေးလာသည်။

မြတောင်သည် ဘုရားနောက်သို့ ရောက်လာကာ မိုလ်ရွှဲနှင့် တိုင်ပင်ရတော့၏။

"ကျုပ်တို့ ဒီအတိုင်းဆိုရင်တော့ မြို့ထဲ ရောက်အောင် ဆုတ်ပေးရုံပဲ ရှိတော့တယ် မိုလ်မှူး။ ကျုပ်တပ်သားတွေ ၅၀ လောက် ကျသွားပြီ"

မိုလ်ရွှဲက တွေ့လျှင်တွေ့ချင်း သတင်းပေးသည်။

"ဆုတ်တော့ မဆုတ်နိုင်ဘူး မိုလ်ရွှဲရာ"

"သေချင်လည်း သေပစေ မိုလ်မှူးရယ်... ကျုပ် ဝင်ခုတ်မယ်"

"မိုက်ရူးရဲ မလုပ်ချင်စမ်းပါနဲ့လေ... ကျွန်တော်က ဒီလို လုပ်ချင်တယ်ဗျာ"

"ပြောစမ်းပါ မိုလ်မှူး... ကျုပ်တော့ ဗမာ့ဓားစွမ်း ပြလိုက်ချင်တာပဲ"

မိုလ်ရွှဲကမူ မိမိတပ်သား ၅၀ မျှ အသေခံခဲ့ရပြီး ကုလား ၂၀ မျှသာ သေသေးသည့်အတွက် ဒေါသထွက်နေ၏။

"တောလည်း ထူတယ်ဗျာ၊ ခင်ဗျာ့ တပ်သားတွေ သစ်ပင်ပေါ် တချို့ ချုံထဲ တချို့ ဝင်ပြီး ငြိမ်နေပါစေ။ ကျွန်တော့်တပ်က လှုယောင်ပြပြီး ဆုတ်ပေးမယ်။ ငါတ်မိလောက်မှ ပုန်းနေရာက ထွက်ပြီး ဓားစွမ်းပြကြပါစေ"

"ဟာ... ကောင်းလိုက်တာ၊ ကျုပ်ပါ ဝင်ပုန်းနေမယ်"

"မိုလ်ရွှဲက ကျုပ်နဲ့ လိုက်ပါ။ မြစ်ဘက်က စစ်ကြောင်း ဘယ်လိုနေတယ် မသိရသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြင့် ဗိုလ်ရွှဲ၏ တပ်သား ၂၀၀ နီးပါးသည် တောထဲ၌ ပျောက်သွားကာ မြတောင်၏ တပ်ကသာ ညာသံပေး၍ တက်ပစ်လိုက်၊ ပြန်ဆုတ်သွားလိုက်ဖြင့် ကုလားတွေကို စိတ်မငြိမ်အောင် လုပ်နေပေ၏။

တောင်ဗိုလ်စစ်မျက်နှာတွင် တစ်ခုသော တောင်ကြားကလေး ရှိသည်။

ဗိုလ်မှော်၏ တပ်သည် တစ်ချက်နှင့် တစ်ချက် ကွမ်းတစ်ယာညက်လောက်ကြာသော ကျောက်မီးသေနတ်၊ တူမီးသေနတ်များကို ကိုင်စွဲရသော်လည်း အထက်စီးနေရာများမှ ချက်ကောင်းကို စောင့်၍ ပစ်ခတ်နေသောကြောင့် ကုလားများ ရှေ့မတိုးနိုင်ပေ။ သို့ကြောင့် မြင်းဆွဲအမြောက်ဖြင့် ပစ်သည်။ ဗိုလ်မှော်၏ တပ်သားများ ကျကား ကျ၏။ နေရာကို ကုလားတို့ မရပေ။

ကုလားများသည် နောက်ပိုးသိပ်ရန် အကြံဖြင့် တောင်ကြားနေရာကို ဖိတိုက်ရာ အလွယ်နှင့် ရသည်။ ထိုတောင်ကြားအတိုင်း ကုလားနက်တပ်စိတ်တစ်စိတ် ဝင်လာရာ အသင့်ထောင်ထားသော ကွင်းပြုံပြီး သေကုန်၏။

ကုလားဗိုလ်သည် မြန်မာတို့၏ တောင်ကြားထောင်ချောက်မှာ ဤမျှသာဖြစ်မည် ထင်၏။ ထပ်မံ၍ စက်သေနတ် တပ်ဆင်ထားသော ကုလားတပ်စိတ်တစ်စိတ်ကို ထပ်မံလွှတ်လိုက်ရာ ဗိုလ်မှော်ကိုယ်တိုင် ဆီးကြို၍ မားကစားလေတော့သည်။ ကုလားများမှာ လူ သေရုံသာမက အားထားရသော စက်သေနတ်ပါ ဆုံးရှုံး၏။

ပြည်ချစ်တပ်သားများမှာ စက်သေနတ်ကို ခဏသာ သုံးစွဲလိုက်ရသည်။ ကျည်ကုန်သဖြင့် ဘာမျှ သုံးမရတော့ပေ။ သို့သော် ကုလားများမှာ ဆုတ်ခွာသွားရသည်။

မြစ်ဘက်မှ တက်လာသော တပ်တွင် ကုလားဖြူ ၃ ယောက် ပါ၏။

သူတို့သည် မန္တလာကန်ပေါင်ကို အကာအကွယ်ယူပြီး ပုန်းတက်လာကြ ကြား တတိယပြွန်ပေါက်တွင် ဗိုလ်ချက်ကြီး၏ တပ်နှင့် တွေ့ဆုံ တိုက်ပွဲဖြစ်လေသည်။ ဗိုလ်ချက်ကြီး၏ တပ်မှာ တစ်တိတစ်တိနှင့် ဆုတ်လာရာ ကိုင်းတောတစ်ခုထဲ အရောက်တွင် လေညာမှနေ၍ ကိုင်းတောကို မီးဟင်ရှို့ရာ ကုလားတပ် တပ်လုံး ပြုတ်သွားတော့၏။ ကုလားတို့တွင် ပါသော အမြောက်နှင့် သေနတ်များကို ပြည်ချစ်တပ်သားတို့ မရလိုက်ပေ။

စနေနံဘုရား စစ်မျက်နှာတွင်ကား ကုလားတပ်နှင့် ပြည်ချစ်တပ်သားများ အနီးကပ်တိုက်ပွဲ ဆင်နွှဲကြသည်။ ပြည်ချစ်တပ်သားများ၏ ဓားသည် ကုလားသွေးကို တစ်ဝကြီး သောက်ကြ၏။



ဗိုလ်ရွှဲနှင့် မြတောင်တို့သည် မြင်းနှင့် အပြင်းလိုက်ပြီး ထွက်ပြေးသော လားတွေကို ခုတ်သတ်သည်။ လက်ဖတင်နင်နော်တင်နှင့် တပ်စိတ် တစ်စိတ် လျှောင် လွှတ်သွား၏။

သည်ပွဲတွင် ကိုကြာလန်း၏ ဆောင်ရွက်ချက်မှာ ပို၍ထင်ရှားသည်။

သူမှာ မြတောင်၏ သစ္စာရှိလူရင်း ဖြစ်ရာ မြတောင်နှင့် ပူးတွဲပါရှိမြဲပင်။ နုံတောအုပ်မှ ထွက်၍ ကုလားတွေကို ခွေးသတ် ဝက်သတ် သတ်လိုက်ရာတွင် ကြာလန်းသည် ကုလားရိုင်ဖယ် တစ်လက်ကို ကောက်ယူလိုက်ပါလာသည်။

ကိုကြာလန်းက ပြေးသော ကုလားတွေကို မြင်းပေါ်မှ သေနတ်ဖြင့် ရင်း လိုက်လာ၏။ သူက ချိန်လိုက်၊ ကုလားက ပြေးသွားလိုက်။ သူက ချိန် တ် မြတောင်သော် လည်းကောင်း၊ ဗိုလ်ရွှဲကသော် လည်းကောင်း ဝင်လာလိုက် တစ်ချက်မျှ မပစ်ရပေ။

တောင်ညီနောင်နား အရောက်တွင် ကုလားဖြူတစ်ယောက် မြင်း ခွေပြီး ကျသည်။ မြတောင်က ဓားဝင့်၍ မြင်းစိုင်းအသွားတွင် ကုလားဖြူက ပြောင်းတို နတ်ကို ဆွဲထုတ်၏။ သို့သော် ကုလားဖြူမှာ မြတောင်အား မပစ်လိုက်ရပေ။ ကျသွား၏။

ကုလားဖြူအား ဟန့်တားလိုက်သူမှာ ကိုကြာလန်းပေတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ၄

**ဓား**နှစ်စင်း၏ ဓားသွားချင်း ထိခတ်တိုက်ခိုက်သံသည် တိတ်ဆိတ်နေသေ
ထန်းရည်ဆိုင်ကလေးကို လွှမ်းမိုးနေ၏။

"ဟား ဟား ဟား… နင်လားဟ ယောကျ်ား၊ ထွက်လေ ထွက်
ဇက်ပြုတ်သွားမယ်… ဟား ဟား ဟား…"

ဗိုလ်မှော်၏ တပ်သားတစ်ယောက် ဖြစ်သော ပြောသည် ဗိုလ်
တပ်မှ မိမိကို ရန်ပြုလာသော ချို့အား ဓားအယှက် လှူချင်းအပူးတွင် မခန့်လေး
ပြောလိုက်ခြင်း ဖြစ်သည်။

"ဟား ဟား… နင်မှ ယောကျ်ားလား၊ ကဲ ထွက်တယ်ကွာ"

ချို့က ဆောင့်၍ ခွာလိုက်သည်တွင် ပြောက-

"ထွက်တော့ ဒီလို လုပ်တာပေါ့၊ ဟား ဟား…"

ချို့၏ တံခေါက်ခွက်ကို ဆောင့်နင်းလိုက်ရာ ချို့ ဟပ်ထိုးလဲသွား
ပြောက အားရပါးရ ရယ်မောပြီး ရွှေဘယက်လည်လျှောက် ဓားရေးဖြင့် ခြေ
လိုက်ရာ ချို့က သက်တင်ရေသောက် ဓားရေးဖြင့် ထိုင်ခံလိုက်သည်။ မီးပွ
ဖွားခနဲ လိုက်သွား၏။ နှစ်ယောက်လုံးသည် တုန်လှုပ် ယိုင်ရွေ့သွားကြသည်

ရန်ပွဲ ကျင်းပနေရာ ထန်းရည်တဲသို့ ပြည်ချစ်တပ်သား နှစ်ယေ
ရောက်လာကြပြန်၏။ ဗိုလ်မှော်၏ တပ်မှ လွှန်းပြေနှင့် ဗိုလ်ရွှဲ၏ တပ်မှ ရွှေ
တို့ ဖြစ်ကြသည်။ တစ်ယောက်၏ လည်ပင်း တစ်ယောက် ဖက်၍ ရွှေမော
ပုဆိုးခါးပိုက်ထောင်ထဲမှ ပဲကြီးလှော်ကို နှစ်ယောက် အတူ နှိုက်စားလာ



သူတို့သည် တစ်ယောက် လည်ပင်း တစ်ယောက် ဖက်ကာ ရပ်ကြည့်နေကြသည်။

ပြော တစ်ချက် အရေးနိမ့်လျှင် လွှန်းပြေသည် ရွှေမောင်း၏ ပခုံးပေါ်မှ လက်ကို ရုတ်လိုက်သည်။ ရယ်သော မျက်နှာ ပျောက်သွားကာ ပုဆိုးကို အောက်ပိုး ကျိုက်လိုက်၏။

"ငါ ရှိတယ်ဟေ့၊ ချလိုက်ပါတော့လား ပြောရ၊ ဘာကြောင်နေတာလဲ။ သုတ်လိုက်စမ်း… အား… ဒီလိုမှပေါ့"

လွှန်းပြေက ဖောက်သွားသလို ရွှေမောင်းမှာလည်း ချို့ဘက်မှ ဝင်ရောက်အားပေးရတော့သည်။

ရန်ပွဲ၏ အစမှာ ချို့နှင့် ပြောတို့ ထန်းရည် အတူသောက်ရာက အကျိုးစယ်လွန်သွားကြခြင်း ဖြစ်၏။

အကြောင်းရင်းခံမှာ ၃၀၀ မျှသော အင်အားဖြင့် လာသော ကုလားတပ်ကို နိုင်လိုက်သဖြင့် ပြည်ချစ်တပ်သားများ ဘဝင်မြင့်ကုန်ကြခြင်း ဖြစ်သည်။ တပ်ဗိုလ် တပ်မှူးများကလည်း လွတ်လွတ်လပ်လပ် နေကြပါစေတော့ဟု အလိုလိုက်ထားမိ၏။ ဗိုလ်ရွှဲတပ်နှင့် ဗိုလ်မှော်၏ တပ်မှာ လူထက်တွေချည်း ဖြစ်ရာ အတောကလေးတွေလည်း ရှိကြသည်။

ချို့နှင့် ပြောတို့က စတင်သော ရန်ပွဲသည် တပ်ချင်း တိုက်ရသည်အထိ ကြီးကျယ်လာပေတော့မည်။ နှစ်ဖက် တပ်သားများသည် ရန်ပွဲကို စောင့်ကြည့်အားပေးရင်း စောင်နေကြပြီ။

ထန်းရည်ဆိုင်ရှင်၏ အဖေကြီးက အမြင်မတော်သဖြင့် ဝင်တားရာ တပ်သားတစ်ယောက်က တွန်းထိုးပစ်သည်။

ထန်းရည်တဲတွင် အကျိုးစားသန်၍ ရန်ဖြစ်သော်လည်း ရွာများက ရေတွင်းသွင်မှ ဗိုလ်ရွှဲ၏ တပ်သားများနှင့် ဗိုလ်မှော်၏ တပ်သားများ ရေချိုးရင်း သတ်ပုတ်နေကြ၏။ အစသော် လက်သီးနှင့် ထိုး၊ တံတောင်ဖြင့် ထောင်း၊ ဖနောင့်ဖြင့် ပေါက်ကြသည်။ ရန်ပွဲ ကျယ်ပြန့်လာသောအခါ ဓားတွေ ပါလာတော့၏။

ရွာလယ် ရေတွင်းကို ကြည့်မည်လား။

ဗိုလ်ချုပ်ကြီး၏ ပြည်ချစ်တပ်သားများသည် ရေတွင်းသို့ ရေခပ်ရန် လာသော မိန်းကလေးများကို စောင့်ဆိုင်း၍ ကျီစယ်နေကြသည်။ မိန်းကလေးများက ရေအိုးများ ပင့်ခိုင်းလျှင် မေတ္တာစကားပြော၏။ ကိုယ့်ဘာသာ ပင့်သူအားအိုးကို ဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းတလေ ပြောလျှင် မေတ္တာစကားဟု မှတ်ယူခွင့်လွှတ်ပါ၏။

တစ်ချက်မျှ နောက်ပြောင်လျှင် ကာလသားမို့ အပြစ်မယူနိုင်။

နှစ်ခွန်းက သုံးခွန်း ဖွတ်ပြောသောအခါ အနိုင်ကျင့်ရာ ရောက်၏။ နှစ်ကြိမ် သုံးကြိမ် အဆက်မပြတ် နောက်ရွတ်သောအခါ စော်ကားသည် မည်၏။

အဘယ် မိဘ မောင်ဖွားနှင့် လင်သားက ခွင့်လွှတ်ချင်ပါမည်နည်း။

ရန်သူတပ်သား ၃၀၀ ကို နိုင်လိုက်ခြင်းမှာသာ ပြည်ချစ်တပ်သားတို့ သိရှိယစ်မူး၏။ ယစ်မူးခြင်း အခြေခံ၍ မိမိတို့ မူတည် ကာကွယ်ရာ မြို့ရွာကို မလေးမခန့် ပြု၏။ ရန်သူတပ်သား ၃၀၀ ကို နိုင်အောင် တိုက်ရသော မိမိတို့ အင်အားမှာ ၃၀၀၀ မျှ ရှိသည်ကိုကား ပြည်ချစ်တပ်သားတို့ သတိမမူ။

သို့သော် ဗိုလ်ထွန်းဖဲ၊ ဗိုလ်ရွှေ၊ ဗိုလ်ချုပ်ကြီး၊ ဗိုလ်မော်နှင့် မင်းကြီးဗိုလ်ဥက္ကမ တို့မှာ ခေါင်းချင်းရိုက်နေကြလေပြီ။

ကုလားစစ်သား ၂၀၀ ကျော် သေဆုံးသောကြောင့် စစ်ကြောင်း သုံးကြောင်းမှ တိုက်ပွဲများတွင် ပြည်ချစ်တပ်သား ၂၀၀၀ နီးပါး ကျဆုံးရခြင်းမှာ များပြားလွန်းသည်။ လောလောဆယ်ရှိ အင်အား၏ တစ်ဝက် လျော့ပါးသွားရခြင်း ဖြစ်၏။

မင်းကြီးဗိုလ်ဥက္ကမ၏ တပ်နှင့် ဗိုလ်ထွန်းဖဲ၏ တပ်သည် တိုက်ပွဲမဝင်လိုက်ကြပေ။ တပ် ၇ တပ် ပေါင်းမှ လူအင်အား ၃၀၀၀ ကျော်မျှသာ ရှိတော့၏။ ဒဏ်ရာရသူများကို ဖယ်သော် ၂၅၀၀ ထက် မပို။

ထို့ထက်ပို၍ အရေးကြီးသော ကိစ္စမှာ လက်နက်ခဲယမ်းမီးကျောက် ဖြည့်တင်းရေး ဖြစ်သည်။ ကုလားထံမှ ရလိုက်သော သေနတ်များမှာ ကုလား ကျည်ကုန်လျှင် တုတ်ချောင်း ဖြစ်ကုန်တော့၏။ ထို့ကြောင့် ယမ်းချက်တတ်သော တပ်သားများကို ဗိုလ်အသီးသီးက စုပေါင်းစာရင်း တင်နေရသည်။

ကုလားသည် အချက်အချာကျသော စလင်းကို မေဂျာအက်ကင်ဆင်နှင့် ကပ္ပတိန်ဒန်းစဖို့ကဲ့သို့သော မျက်နှာဖြူ အရာရှိကြီးများနှင့် ကုလားဖြူ ကုလားနက် စစ်သား သုံး လေးရာထက် မနည်း အသေခံကာ အရတိုက်ယူပြီးပြီ။

စလင်းပြီးလျှင် ကျပင်းသည် ဆင်ဖြူကျွန်းနှင့် အနီးဆုံး ဖြစ်၏။

ကျပင်းသည် ဆင်ဖြူကျွန်း၏ ကျောထောက်နောက်ခံ ကောင်းခြင်း လမ်းပန်းဆက်သွယ်ရေး အချက်အချာကျခြင်းကို မမီပေ။ စလင်းသည်လည်း ပတိမ်းငဖဲသို့ သွားရာ တံခါး ဖြစ်၏။ မြို့ကြီးလည်း ဖြစ်၏။ ကျပင်းကား စလင်း၏ တန်ဖိုးကို မမီပေ။



ကျပင်းမှာ မြို့ဟု ခေါ်ရလင့်ကစား ရွှေလျှော်ပျက်ပြားနေပြီး မြန်မာ ဘုရင့် သဘော်များ၊ ကုလားသဘော်များ ဧရာဝတီမြစ်စဉ်တွင် ခုတ်မောင်း ပြေးဆွဲခြင်း မပြုမီကပင် ကူးသန်းရောင်းဝယ်ရေး အမြင် တိုးတက်ချိန်ကစ၍ ...ထောင် အများအပြားသည် ဆင်ဖြူကျွန်းသို့ ရွှေ့ပြောင်းသွားကြ၏။ ကျပင်းသည် ...စ်နေ့တခြား ဆုတ်ယုတ်လာသည်။ ယခု ရွာကြီးသာသာ ရပ်ကြီးပင် အမည်မခံ ...နိုင်တော့သော အခြေတွင် ရှိလေ၏။

ကျပင်း၏ ရေမြေ တောတောင်သည် ပျက်သုဉ်းနေပြီ။ မျှော်လေရာရာတွင် ...သော တောင်ခေါင်းတုံးများသာ ရှိသည်။ အရှေ့ဘက်ရှိ မန္တလာ ကန်ရေ ...ဆက် လယ်များမှတစ်ပါး မြေဆီမြေနှစ် ကင်းမဲ့၏။ မိုးလည်း ဆုတ်ယုတ်သည်။

သို့ဖြစ်စေကာမူ ကုလားသည် ကြာအင်း(ကျပင်း) ကို စစ်ရေးအရ ...တိုက်မည်။ နိုင်ငံရေးအရ မတိုက် မနေနိုင်။ စီးပွားရေး ဖွံ့ဖြိုးခြင်း ရှိ မရှိကို ...တွက်စစ်နေရန် မဟုတ်။ ရန်မီးကို တစ်စက်ကယ်မျှ ချန်ခြင်းမထားနိုင်ပေ။

ကုလားသည် နေ့လယ်တွင်လည်း ရောက်လာနိုင်၏။ ညနေတွင်လည်း ...ရောက်လာနိုင်၏။ ည နံနက် မရွေး ရောက်လာနိုင်၏။

သို့ကြောင့် ခဲယမ်းမီးကျောက် အလျင်အမြန် ဖြည့်တင်းရမည်။ လူအင်အား ...မသိမ်းသွင်း၍ လာမည့် စစ်ပွဲအတွက် ပြင်ဆင်ရမည်။ တပ်မှူး တပ်စီးတို့က ...သို့ မရှုနိုင် မကယ်နိုင် ခေါင်းချင်းဆိုင်နေကြချိန်တွင် ဗိုလ်ချုပ်ကြီး၏ တပ်သား ...သည် ဈေးထဲတွင် မုန့်တီစားပြီး ဈေးသည်ကို ပိုက်ဆံမပေးဘဲ ဓားပြားဖြင့် ...ပစ်ခဲ့ကြသည်။

ဗိုလ်ချုပ်ကြီး၏ တပ်သားများပင်လျှင်-

"နှမကို မောင်ကြီး မေတ္တာရှိလို့ပါ နှမရယ်၊ ရွှေမေတ္တာတော် မသွေ ...ချင်ပါနဲ့"

"မတော်ပါဘူး မောင်ကြီး ရှင်"

အရက်သေစာ မူးယစ်နေသော တပ်သားတစ်ယောက်သည် ဟင်းရွက် ...ထွက်လာသော မိန်းကလေးတစ်ယောက်အား လိုက်လံနှောင့်ယှက်နေ၏။

"မောင်ကြီးက မေတ္တာရှိရင် မောင်ကြီးကို ပြန်ပြီး မေတ္တာထားမှ ...တယ် နှမရဲ့"

"ပြန်ပါရစေတော့ရှင်"

မိန်းမပျိုသည် နောက်ကြောင်း ပြန်လှည့်ချင်သော်လည်း နှောင့်ယှက်သူ ...ိတ်ဆီးထားသည်။

www.burmeseclassic.com



"ရှိခိုးပါရစေ မောင်ကြီးရှင်"

"ဟဲ ဟဲ… မောင်ကြီးရဲ့ မေတ္တာကို… အဲ အဲ… ဟင်းရွက်ခူးစ ရှိ သွားခူးပါ၊ မောင်ကြီး မလိုက်ပါဘူး"

မိန်းကလေးသည် နောင့်ယှက်သူ ချက်ချင်း ပြောင်းလဲသွားသဖြင့် အံ့အ သင့်သွား၏။ သို့ရာတွင် ကျောဘက်သို့ တစ်ချက် လှည့်ကြည့်လျှင် အမှန်ကို သွားတော့သည်။ အဘယ်ကြောင့်ဆိုသော် နောင့်ယှက်သူ၏ တူရူမှ ကိုရင်ဖျိုးကဆ ကြွလာနေသောကြောင့်တည်း။

ရှင်သူငယ်မိုလ်သည် ကုလားတပ်များနှင့် တိုက်ခိုက်ရာတွင် လိင်ဆယ် ဒဏ်ဆယ်ပါးတွေကို အရေးမထား၊ ရမ်းကားရက်စက် ဓားထက်လှပါသည် ယခုလို ရပ်ထဲ ရွာထဲ ကြွလာပြန်တော့လည်း သိက္ခာရှိလှ၏။ ကိုရင်သည် နောင့်ယှ သူ တပ်သားကို မျက်လုံး တစ်ချက် လှန်ကြည့်ပြီး ထိုတပ်သား ထွက်သွားလျှ စက္ကူကြာနွေ့ချလျက် ရွာထဲသို့ ကြွလှမ်းသွားသည်။

"ဗိုလ်ရွှဲတပ်ကွ"

"ဗိုလ်မှော်တပ်ကွ"

အသံနက်ကြီးများ ကျယ်လောင် များပြားလာ၏။ ဓားသံများကို မှပင် ကြားရသည်။ ထန်းရည်တဲမှ မပြတ်စဲသေးသော ရန်ပွဲသည် တစ်မော ထက် တစ်မောင်း ကြီးကျယ်လာပေပြီ။

"ဗိုလ်ရွှဲတပ်က စော်ကားနေပြီ"

သွေးရဲသံရဲနှင့် ပြည်ချစ်တပ်သား အချို့ မြို့ထဲ လမ်းမပေါ် ပြေးလွ ရင်း အော်ဟစ်ကြသည်။ ပြေးရင်းလွှားရင်း လဲကျသွားသူလည်း ရှိ၏။

"ဗိုလ်မှော်ရဲ့ တပ်တွေကို တွေ့ရာ နေရာမှာ သတ်ကြဟေ့"

လည်ပင်း ပြတ်လုတဲကာ တပ်သားများ၊ ဓားမြှောင်တန်းလန်း တပ်သားများ အော်ဟစ်ပြေးလွှားရင်း အသက်ပျောက်သွားကြ၏။

တစ်မြို့လုံး ဗိုလ်မှော်၏ တပ်သားများ၊ ဗိုလ်ရွှဲ၏ တပ်သား ပြေးလွှားကြသဖြင့် ရှုပ်ယှက်ခတ်နေသည်။ ရပ်သူရွာသားများ ထိတ်လန့်ပြေး ကြ၏။ သတင်းစုံ ကြားပြီးသော တပ်သားအချို့သည် အချင်းဖြစ်ပွားရာသို့ မသွား မြို့ထဲမှာပင် တိုက်ခိုက်ကြလေတော့သည်။



ကိုကြာလန်းနှင့် မြတောင်ဗိုလ်တို့သည် မြင်းကိုယ်စီ စီး၍ မင်းလမ်းအတိုင်း ဒုန်းစိုင်းလာကြ၏။ လမ်းမတွင် တိုက်ခိုက်နေသော ပြည်ချစ်တပ်သားများမှာ ဘုလေးစုံ၏ အောက်တွင် လဲကွဲကုန်၏။ သေသူ သေ၍၊ ဒဏ်ရာရသူ ရသည်။ ရန်ပွဲစဲသည်လည်း ရှိ၍ ဆက်နွှဲသော ပွဲများလည်း ရှိ၏။

"ဗိုလ်မှော်တပ်ကွ… ဇမ္ဗူမှာ တလှူပဟော့နော်"

"ဗိုလ်ရွှဲတပ်တဲ့ဟေ့… လူမှန်ရင် ဗိုလ်မထားဘူးကွ"

"ချဟ… ခုတ်ဟ…"

"ခုတ် ခုတ်… ခုတ်ပေး"

ထန်းရည်တဲကလေးမှာ ပြိုကျနေလေပြီ။

၂၀၀ မျှ ရှိသော ပြည်ချစ်တပ်သားများသည် အော်ဟစ်ဆဲဆိုကာ တိုက်ခိုက်နေကြသည်။ သေသူ နာသူများကို နင်း၍ သူသေ ကိုယ်သေ ထိုးခုတ် နေကြသည့်အတွက် မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့ ရောက်လာတာပင် မသိ ကြ။

"ကြာလန်း… ချစမ်းကွာ"

ကိုကြာလန်းသည် တပ်သားတစ်ယောက်၏ ခေါင်းပေါ် ကျော်ချိန်လိုက် ရာက မြောက်လာသော ဓားတစ်လက်ကို ပစ်ချလိုက်သည်။

ဓား လွင့်စဉ်သွား၏။ သေနတ်သံ အဆုံးတွင် နှစ်ဖက် တပ်သားများ တွေသွားစဉ်-

"ရပ်လိုက်ကြစမ်း… ဓားတွေ သိမ်းလိုက်ကြစမ်း"

မြတောင်၏ အောင်မြင်မာကျောသော အသံ ပေါ်လာ၏။

"ရောင်းရင်းတို့… သွေးသောက်ချင်းတွေ ဒီလို ပြုကျင့်တာဟာ အင်မတန် မိုက်တဲ့ အမှုအကျင့်ပါကလား ရောင်းရင်းတို့၊ ကုလားဟာ ကြာအင်းကို အချိန်မရွေး လာတိုက်မယ်။ ရောင်းရင်းတို့ဟာ ဓားသွေးနေရမယ့် အချိန်မှာ ညီအစ်ကိုချင်း သတ်ဖြတ်နေကြပါကလား ဟင်"

မြတောင်သည် ခေါင်းငုံ့နေသော ပြည်ချစ်တပ်သားများကို ကြေကွဲစွာ ငေးကြည့်နေလိုက်ပြီးနောက်-

"ကြည့်စမ်း… အချည်းနှီး သေသွားတဲ့ သွေးသောက်ချင်းတွေ၊ ဟင် ဘယ်လောက် နှမြောစရာကောင်းသလဲ။ ကုလားကို တိုက်ရင်း သေသွားတယ်ဆိုရင် ဘယ်လောက် ကောင်းမလဲ။ ညီအစ်ကိုချင်း သွေးသောက်ရင်းတွေ နောက်ကို ဒီလို မဖြစ်ကြပါစေနဲ့၊ ကဲ… လူစုခွဲကြ"

www.burmeseclassic.com

www.burmeseclassic.com

မြတောင်ဗိုလ်သည် မြင်းကို လှည့်လိုက်စဉ် မြို့ထဲမှ မြင်းတပ်တစ်တပ် ချီတက်လာသည်။ ဗိုလ်ရွဲ၏ တပ်မှ တပ်ဗိုလ်များ ဖြစ်၏။

သူတို့သည် ဗိုလ်ရွဲတပ်မှ တပ်သားများကို လက်ပြန်ကြိုးတည်း၏။ ထို့နောက် ဆဲဆို ကြိမ်းမောင်းကာ ကြိုးတန်းလန်းဖြင့် ခေါ်သွားကြလေသည်။

မြတောင်ဗိုလ်သည် ပင့်သက်ရှိုက်လိုက်ကာ မြင်းကို ဒုန်းစိုင်း၍ မြို့ထဲ ပြန်ဝင်ခဲ့၏။

မြို့သူမြို့သားများသည် လက်ပြန်ကြိုး အတည်းခံရကာ မြင်းအောက်မှ ခေါင်းငိုက်စိုက်ဖြင့် လိုက်ပါလာသော တပ်သားများကို ကြည့်ကာ ဝမ်းသာနေကြသည်။

မြတောင်ဗိုလ်သည် မင်းကြီးဗိုလ်ဥတ္တမ၏ တပ်စာရေးနှင့် တွေ့ဆုံပြီးနောက် ဗိုလ်ဥတ္တမ ရှိရာ ကျောက်ဖြူဘုရားကြီးဘက်သို့ ထွက်လာပြန်၏။

ဗိုလ်ဥတ္တမသည် မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့ကို မြင်သဖြင့် ဘုရားပေါ် ဆက်မတက်သေးဘဲ လှေကားတစ်ဝက်မှ ရပ်စောင့်နေသည်။ မြတောင်သည် မြင်းပေါ်မှ ခုန်ဆင်းကာ ပြေးတက်လာ၏။

"အမောတကောနဲ့ ဗိုလ်မှူးရယ်"

"ဗိုလ်ရွဲတပ်သား တချို့နဲ့ ဗိုလ်မှော်ရဲ့ တပ်သား တချို့ ထန်းရည်တဲမှာ တိုက်ခိုက်လိုက်ကြတာ ဝက်ဝက်ကွဲပါရောလား မင်းကြီးရဲ့..."

"ဒီထန်းရည်တဲဟာ ကောင်းကျိုးပေးမှာ မဟုတ်ဘူးလို့ အစက ကျုပ် ပြောသားပဲ။ ကဲ အပေါ်တက်ကြရအောင်"

သူတို့သည် ဘုရားကုန်း တောင်ပေါ်သို့ တက်လာရင်း ဆက်လက် ဆွေးနွေးလာကြသည်။

"ထန်းရည်တဲကြောင့် ဆိုတာလည်း မှားတော့ မမှားပါဘူး မင်းကြီး။ သို့သော်လည်း တပ်ချင်းအနေနဲ့ကိုက အစေးမကပ်တဲ့ အခံ ရှိတယ်"

"ရင်လေးတယ် ဗိုလ်မှူး"

"ဗိုလ်ချုပ်ကြီးရဲ့ တပ်သားတွေကျတော့ ဈေးထဲမှာ ရမ်း၊ ရေတွင်းမှာ ရမ်း၊ သမီးပျိုကလေးတွေကို ကာလနွေ့ပျက်အောင် လုပ်တယ်လို့ ရှင်သူငယ်ဗိုလ်ကရော ကျွန်တော့် အကြပ်တွေကပါ တိုင်ကြပါတယ်"

"ရပ်ရွာ အကြည်ညိုပျက်ရင်တော့ ကျုပ်တို့ သန်ချိုင်းဟာ နီးလာပြီ ဗိုလ်မှူး"



မင်းကြီးသည် ကုန်းတော်ပေါ်တွင် ရပ်ကာ မလှမ်းမကမ်းရှိ ရေတွင်းကို စီး၍ လှမ်းကြည့်ရာက လေးဆေးစွာ ဆို၏။

"အဲဒါကြောင့် သက်ဆိုင်ရာ တပ်အသီးသီးက ဗိုလ်တွေ နားလည်အောင် သဘောပေါက်အောင် မင်းကြီး ဖျောင်းဖျမှ တော်မယ် ထင်တယ်"

"မနှာခံရင် ခက်တယ် ဗိုလ်မှူး"

"မင်းကြီးကို အားလုံးက လေးစားကြပါတယ်။ ကျွန်တော် ပြောရမှာ ကိုရင့်တတူတွေ ဖြစ်နေလို့"

မင်းကြီးသည် ရေတွင်းကို ငေးစိုက်ကြည့်နေ၏။

ရေတွင်းတွင် ရေခပ် ရေချိုးနေကြသော အရပ်သူ အရပ်သားများသည် ကမ်းပါးစွန်းတွင် ရပ်နေသော ကတ္တီပါအင်္ကျီနှင့် ခံ့ညားလှသည့် မင်းကြီးဗိုလ်ဥတ္တမကို လည်းကောင်း၊ မြစိမ်းရောင် ပဝါစ လေတွင် တလွင့်လွင့် လှုပ်ဆော့နေသော မြတောင်ဗိုလ်၏ ကျက်သရေရှိခြင်းကို လည်းကောင်း ဦးမော့ ငေးမောနေကြလေသည်။

ကွမ်းတစ်ယာညက်ခန့် ကြာသွားမှ-

"တပ်မှူး စုံညီအစည်းအဝေး ခေါ်ကြည့်ပါဦးမယ်လေ"

ဟု မင်းကြီးက ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၅

"**ဓား**ကြီးက ဘာလုပ်ဦးမလို့လဲ ကိုရင်သူငယ်ရဲ့"

မြတောင်ဗိုလ်သည် ကိုရင်ဗျိုင်းကလေး၏ အံသကိုက်ကြားထဲတွင် ကျောက်စီဓားမြှောင်လိုလို ဘာလိုလို လက်ခနဲ မြင်လိုက်သဖြင့် လှမ်းမေးလိုက်ကြခြင်း ဖြစ်သည်။

ကိုရင်ဗျိုင်းသည် အရိုးကျောက်စီထားသော ဓားမြှောင်ကို နုတ်သည်။

"မြို့ထဲ ရွာထဲကို အေးအေးဆေးဆေး သွားတာပဲ ကိုရင်ရယ်။ ဓားဆောင်သွားလို့ မတော်ပါဘူး၊ ပေးခဲ့ပါ"

ကိုရင်သည် ဓားကို ဆကြည့်နေပြီးမှ-

"အေးလေ… ဟုတ်ပါတယ်"

ဆိုကာ မြတောင်၏ လက်ထဲသို့ လှမ်းပေးသည်။

"တိုက်တဲ့ ခိုက်တဲ့အခါမှာတော့ ဓားရော သေနတ်ရော ကိုင်ရမှာပေါ့ ကိုရင်ရယ်၊ အခုဟာက တခြားပဲ"

"ဟုတ်ပါတယ်ဗျာ… ဟုတ်ပါတယ်"

ကိုရင် ထွက်သွားလျှင် မြတောင်သည် တဲထဲမှ ဆင်းလာကာ-

"ကြာလန်းရေ… ကွန်းဖိုးထိန်း အိမ်မှာ ငါ ရှိမယ်ဟေ့"

ဟု အော်ပြောသည်။

"ကောင်းပါပြီ ဗိုလ်မှူး… ခင်ဆုံ ကျွေးတဲ့ ထမင်း မစားရတာ ကြာပြီ မဟုတ်လား"

"အေးကွ"



မြတောင်က ပြုံးရယ်၍ ထွက်လာ၏။

ခင်ဆုံကား ကွန်းဖိုးထိန်း၏ တစ်ဦးတည်းသော သမီး ဖြစ်၏။ မိမိထံ သဝန်ကြောင်စိတ်ကလေး မသိုးမသန့် ဖြစ်လာအောင်လည်း လှစပြုနေပေပြီ။

မြတောင်အနေနှင့်ကား ခင်ဆုံသည် နှမငယ်ကလေးသာ ဖြစ်၏။ ပြည်ချစ်တပ်သားတို့၏ အကြီးအမှူးတစ်ယောက်အနေနှင့် မညီသည့်နည်းနှင့်မျှ ခေါင်ခေါ်တခံနိုင်ပေ။

သို့သော် သေနတ်နှင့် ဓား၊ သွေးနှင့် ယမ်းတို့မှ ကင်းဝေးချိန်ဝယ် ခင်ဆုံတို့အိမ်သည် မြတောင်အတွက် အေးရိပ်ပသျှောင်ကြီးပေတည်း။

ကိုရင်ဗျိုင်းသည် ဆင်ဖြူကျွန်းသို့ စနည်းနာရင်း လမ်းတစ်လျှောက် ရွာများမှ သတင်းပလင်း စုဆောင်းရန် ထွက်လာခဲ့ခြင်း ဖြစ်သည်။ ချောင်းဖြူတွင် ပြည်ချစ်သူလျှိုနှစ်ယောက် ရှိသည့်အပြင် မြတောင်၏ သက်ထား မိမိငယ် ရှိနေပြန်သဖြင့် ကိုရင်သည် ချောင်းဖြူသို့ ဦးစွာ ဝင်လာ၏။

သူလျှိုများသည် လမ်းမှာ တွေ့ဆုံနှုတ်ဆက်ဟန်ဖြင့် သတင်းပေးသွားကြသည်။

ကိုရင်က ဦးပိုးဟပ်တို့ အိမ်ဝင်းထဲသို့ မျက်လွှာချ၍ ဝင်လာ၏။

"ကိုရင် ဘယ်က ကြွလာသလဲ ဘုရား၊ အိမ်ပေါ်ကို ကြွပါ"

ဒေါ်သီတာသည် အိမ်အောက်မှ ဆီးကြို၍ အော်ကြီးဟစ်ကျယ် နှုတ်ဆက်၏။

"ဆင်ဖြူကျွန်းကို ကြွမလို့ပါ ဒကာမကြီး၊ ကျန်းခံ့သာလို့ မာကြရဲ့ မဟုတ်လား"

"နေကောင်းကြပါတယ် ဘုရား"

"ဘုရားဒကာကြီး မမြင်ပါလား"

"တလင်းထဲ သွား ထင်ပါ့ဘုရား၊ မိမိရေ… ဖျာခင်းပါဟေ့"

ဒေါ်သီတာသည် ကိုရင်အား လေ့ကားနား ရောက်အောင် လိုက်ပို့ပြီးလျှင် အိမ်အောက်သို့ ပြန်ဝင်သွား၏။

အိမ်ပေါ်၌ မိမိငယ်ကို မြင်ရသည်။ မိမိငယ်နှင့် တစ်လုံးတွာ သင်ဖြူးပေါ်တွင် လူချောချောတစ်ယောက် ထိုင်နေသည်။

"ကြွပါ ကိုရင်"

www.burmeseclassic.com



ညွှန့်သည်ယောကျ်ား၏ အရိပ်အခြည်မှာ ကိုရင်အား နေရာ ဖယ်ပေးမည့် မပေါ်သဖြင့် မိမိငယ်က ခေါင်းရင်းတစ်နေရာတွင် ဖောင်တစ်ထည် ခင်းပေးသည်။

"ကိုရင် ကွမ်းစားပါ"

"ဟုတ်ကဲ့ ဒကာမကြီး"

"ချောင်းဖြူ ထန်းလျက်နုနုကလေးများ မှီဝဲချင်ရင် ရှိတယ် ဘုရား"

"ရှိပါစေတော့ ဒကာမကြီး"

"ကိုရင်က ဘယ်ကလဲ"

မိမိငယ်၏ ညွှန့်သည်က ကိုရင်ကို လိုလို၊ မိမိငယ်အား လိုလို မေးသည်။

"ဒကာကြီးကကော ဘယ်ကလဲ၊ ဘယ်သူလဲ၊ ဒီနားတစ်ဝိုက်မှာတော့ ဒကာကြီးကို ကိုရင် တစ်ခါမှ မမြင်ဖူးပါဘူး"

ကိုရင်ဖျိုင်းက မိမိငယ်၏ အဖြေကို မစောင့်ဘဲ ကောက်ခါငင်က မေး၏။

ညွှန့်သည်သည် ကိုရင်အား မနှစ်မြို့ဟန် စိန်းစိန်းကြည့်နေသည်။

"မသိစေချင်လို့လား၊ ဒါဖြင့်ရင်တော့ ဒကာကြီးဟာ အင်္ဂလိပ်မင်းထံ အခစားနေတဲ့ သူပုန်ပဲ ဖြစ်ရမယ်"

"ဟာ ဟာ… မဟုတ်ပါဘူးဗျာ"

ညွှန့်သည် ယောကျ်ားခမျာ ကိုရင်၏ ပိုက်ကွန်တွင်း အထိတ်အလန့် ဝင်သွားကာ-

"အငယ်… မောင်မောင့်ကို ကယ်ပါဦးကွယ်၊ မောင်မောင်ဟာ ဘယ်သူ ဆိုတာ အငယ် ပြောမှ ကိုရင် ယုံကြည်မယ် ထင်တယ်၊ မောင်မောင်ဟာ ဗြိတိသျှ အစိုးရမင်းကို လိုလားတဲ့ ပုံနှင်းဦးထွန်းရဲ့ သား ဆိုတာလည်း ထည့်သွင်းလျှောက် ထားပေးပါ"

"ဒါလောက်လည်း ကြောက်အားမပိုပါနဲ့ ဒကာကြီးရဲ့၊ ဒကာမကြီးတို့ မိန်းမသားတွေ ကြောက်ဖို့လည်း ချန်ထားပါဦး"

ညွှန့်သည်မှာ မျက်နှာပျက်သွားရတော့သည်။

"မောင်မောင်လတ်လို့ ခေါ်ပါတယ် ကိုရင်ရယ်၊ ပုံနှင်းဦးထွန်းရဲ့ သား အမှန်ပါပဲ"

မိမိငယ်က ပြုံးစစဖြင့် ပြောရာ မောင်မောင်လတ်မှာ နေသာထိုင်သာ ရှိသွားဟန်ဖြင့် မိမိငယ်အား ပြုံးကြည့်လိုက်၏။



"ကျေးဇူးကြီးလှပါပေတယ် အငယ်၊ ဒီအပုံကြီး ကြီးတဲ့ ကျေးဇူးကို မောင်မောင့်အသက်နဲ့ ပေးဆပ်ရမလို ဖြစ်နေပြီ ထင်ပါရဲ့"

"ကဆုန်လအခါမှာ ငါးသတ္တဝါများကို ဖမ်းပြီး ရေများရာကို လွှတ်ရတဲ့ စိတ်ဒါနမျိုးလို့ သဘောထားပါ မောင်ကြီးရှင်"

စကားပရိယာယ် ကြွယ်ဝလွန်းသဖြင့် မောင်မောင်လတ်မှာ နားသာခံ နေက် ရှိရ၏။

ကိုရင်ဖျိုင်းမှာ သည်မျှဆိုလျှင် သည်လူ၏ အကဲကို ရရှိပြီမို့ ထပြန်ရန် ပြင်ဆင်သည်။

"နေသိပ်မပူခင် ရောက်အောင် သွားရမယ် ဒကာမကြီးရေ… မာကြောင်း သာကြောင်း သိချင်လို့ ဝင်လာတာပါ"

"တင်ပါဘုရား… မနက် ဆွမ်းစားသွားပါလား ကိုရင်"

"နေပစေ… ဒကာမကြီး"

မိမိငယ်သည် ကိုရင်ဖျိုင်း၏ နောက်မှ ကပ်လိုက်လာပြီး-

"ကိုရင် ဒါကလေး အလှူခံပါ ကိုရင်"

ဟု လှေကားထိပ်အရောက်၌ ဆို၏။

"ဘာတွေလဲ"

"ဖိနပ်ဖိုး၊ သင်္ကန်းဖိုး၊ ဆေးဝါးဖိုးပါ ကိုရင်၊ ဆရာတော်ကိုလည်း ကပ်ချင်တာ ကပ်ရတာပေါ့"

ကိုရင်က လှည့်ပြီး လက်ခံ၏။ မိမိငယ်က ဒေါင်းဒင်္ဂါးအချို့ကို ကိုရင့် လက်ထဲ လှမ်းထည့်ရင်း-

"မောင်မောင့်ကို ပြောလိုက်ပါ။ အဲဒီလူဟာ မိမိကို လာပြီးလည်နေ တယ်လို့"

ဟု လေသံဖြင့် မှာသည်။

ကိုရင်က မောင်မောင်လတ်အား မကြည့်ဘဲ ဆင်းလာ၏။

"ဘယ်ကလဲ အငယ်"

"ကုက္ကိုတန်း ဆရာတော့်ကျောင်းကပါ ရှင်"

ကိုရင်သည် မောင်မောင်လတ်၏ အမေးနှင့် မိမိငယ်၏ အဖြေကို အိမ်အောက်မှ ကြားသဖြင့် ရပ်နားထောင်သည်။ ဆက်၍ မေးသံ မကြားတော့မှ ခရီးဆက်ခဲ့၏။

www.burmeseclassic.com



တစ်ရွာဝင် တစ်ရွာထွက် စနည်းနာရင်း သတင်း စုဆောင်းရင်း လာခဲ့ရာ ချောင်းကမ်းနဖူး နွယ်တမယ်ရွာ အရောက်တွင် ရှမ်းဒါယကာကြီးတစ်ဦး၏ အိမ်တွင် ဝင်ပြီး ဆွမ်းစားရတော့သည်။ ရှမ်းက ကိုရင် မမေးဘဲနှင့် ကုလားတ အတက် အဆုတ်ကို သတင်းပေး၏။ ကိုရင်သည် ဆွမ်းစားပြီးမှ စကား စသည်

"ကုလားကတော့ တစ်ရွာပြီး တစ်ရွာ တစ်နယ်ပြီး တစ်နယ် နင်းလာ ဒကာကြီးရဲ့။ ကျုပ်တို့ဆီမှာတော့ အာဇာနည် လူစွမ်းကောင်းတွေ စွမ်းစွမ်းတ နှိမ်နင်းလွတ်လို့ ကုလားဘေးက လွတ်နေသေးတယ်"

"မှန်ပါတယ် ကိုရင်... ကျုပ်လည်း ကုလား ရောက်လာစက ပြေးမ ပါဘဲ။ သို့ပေမယ့် အဖ ဦးနွယ် တည်ထောင်ခဲ့တဲ့ ဒီဒေသကို သေမှာခွဲပါ့မ သစ္စာဆိုထားမိလို့"

"သာဓု... ဒကာကြီး သာဓု သာဓု"

ရှမ်းကြီး ပြောသော အဖ ဦးနွယ် ဆိုသည်မှာ နွယ်တမယ်ရွာကို စတ တည်ထောင်ခဲ့သော ရှမ်းအမျိုးသားကြီး ဖြစ်ပေ၏။

နွယ်တမယ်မြောင်းသည် လည်းကောင်း၊ ယင်းမြောင်းသောက်လ များသည် လည်းကောင်း အဖ ဦးနွယ် အမှူးပြု၍ ဖောက်လုပ် တောတိုးခဲ့သေ မြောင်းများ၊ လယ်များ ဖြစ်ပေသည်။

ကျေးဇူးကြီးမားသော အဖ ဦးနွယ် ကွယ်လွန်ပြီးနောက်ဝယ် ဤမှာဘ ရှိ ကျေးရွာများတွင် ရီးရာပသတိုင်း အဖ နွယ်တမယ်အတွက် ပွဲတစ်ပွဲပေးသည် အထိ ဦးနွယ်၏ ကျေးဇူးဂုဏ်ကို ရှိသေ နှလုံးသွင်းထားကြလေ၏။

"ဒကာကြီးတို့ရွာဟာ 'စွန်းရွာ' ဆိုတာ ဟုတ်သလား ဒကာကြီး"

"ဟုတ်သပေါ့ ကိုရင်... ကျုပ်တို့ကို ကျပင်းကလည်း မအုပ်နိုင်ဘူး ဆင်ဖြူကျွန်းကလည်း မအုပ်နိုင်ဘူး၊ နေပြည်တော်က တိုက်ရိုက်အုပ်တာပဲ"

စွန်းရွာ ဆိုသည်မှာ ဘုရင်၏ သူလျှိုရွာ ဖြစ်သည်။ စွန်းရွာ၏ အကြီးအက သည် မိမိရွာဝန်းကျင်ရှိ မြို့များ တိုက်များမှ အတွင်းသတင်း အပြင်သတင်းမျာ ကို ဘုရင်မင်းမြတ်ထံ တင်လျှောက်ရ၏။ ဘုရင် တိုက်ရိုက် အအုပ်ခံရသောကြော လည်း ဒဂတိ လိုက်စားခြင်း ကင်းသည်ဟု ယုံကြည်ကြ၏။

"ဘုရင်မင်းမြတ် လက်ထက်တော်က ငြိမ်းငြိမ်းချမ်းချမ်း နေခဲ့ရပေမ ကိုရင်ရေ... အခုတော့ ကုလားက ဆင်ဖြူကျွန်းအောက်ကို သွင်းလိုက်ပါပကော"

"ဓာတ်မာန်ကိုတော့ ဘယ်တော့မှ မချနဲ့ ဒကာကြီးနော်"

"ဓေးပါသေးရဲ့ ကိုရင်ရယ်၊ အားမတန်လို့ ခဏ မာန်လျှော့နေတာပါ"



ကိုရင်သည် နေပူကျဲကျဲတွင် စလင်းချောင်းကို ဖြတ်၍ ဆင်ဖြူကျွန်းသို့ ခဲ့သည်။ မသာတံခါးမှ ဝင်ပြီး ဆုတောင်းပြည့်ဘုရားထဲမှ ဖြတ်ကာ ဈေးသို့ လာခဲ့၏။

ဈေးထဲတွင် ကုလား တစ်ယောက်တလေမျှသာ တွေ့ရသည်။

ဈေးတောင်ဘက်သို့ ထွက်လာကာ ခြုတန်းမှ ပတ်၍ မဟာစေတီလှ ရားဝိုင်းထဲသို့ အကဲခတ်ကြည့်၏။ ဘုရား ပရဝဏ်ထဲတွင် ကုလားများ ရှိနေ ည်။ ဘုရင်က အစ ဖိနပ်ချွတ်ရသော ဘုရားဝိုင်းထဲတွင်-

"ကြည့်စမ်း... မိုက်ရိုင်းတဲ့ မိစ္ဆာဒိဋ္ဌိကောင်တွေ ဖိနပ်စီးနေလိုက်ကြတာ"

ကိုရင် အံကြိတ်မိ၏။

ကိုရင်လည်း သင်္ကန်းကို လှွင့်ပစ်ပြီး ဓားကောင်းကောင်း တစ်လက်နှင့် ရောက် ဆုံးမလိုက်ချင်သည်မှာ လက်ကို ယားနေ၏။

သို့သော် မဖြစ်နိုင်သေးတာကို စိတ်ကူးကြောင်း ကိုရင် ချက်ချင်း တိဝင်လာပြီး မျက်နှာလွှဲသည်။ သိပ်ပြီး ကြည့်နေလျှင် မသင်္ကာမှာ စိုးရသေး၏။

ကုလားများသည် ဘုရား အုတ်တံတိုင်းအပြင် အတွင်း၌ပင် ဝင်းထရံ ထပ် ကာရံထားကြသေးသည်။ ဤသို့ အထပ်ထပ် ကာရံပြီး နေကင်း ညကင်း ထဲစွာ ချထားရခြင်းမှာ ကိုရင်ကြီးဗိုလ် ခေါ် ဖျိုင်းကြီးကြောင့်ပင် ဖြစ်၏။

ဖျိုင်းကြီးနှင့် ဖျိုင်းကလေး* တို့သည် ဌာနေမှ အတူခွာ၍ တစ်ဆရာ ည်း၏ ဘုန်းရိပ်အောက်သို့ လာရောက် ခိုလှုံခဲ့ကြသည်။ သူတို့သည် မုန်းနား မှ လိုက်လာကြကာ ကုလား အတက်တွင် ဖျိုင်းကြီးက အလျင် သင်္ကန်းချွတ် ပြည်ချစ်တပ်သားဘဝကို ခံယူသွားခဲ့၏။ ကိုရင်ဖျိုင်းမှာမူ ငယ်သေးသဖြင့် တ်လဲခွင့်မရဘဲ မကြာခဏ ပူဆာလွန်းသဖြင့် မြတောင်ဗိုလ်တပ်တွင် ဝင်ထွက် းလာခွင့်ရခြင်း ဖြစ်ပေသည်။

ဖျိုင်းကြီး၏ တပ်သည် ဆင်ဖြူကျွန်းရွာခြေမှ ခွာလှသည် မရှိ။ နေ့ ည ကုလားတပ်ကို စောင့်၍ ဒုက္ခပေးနေ၏။ တပ်လိုက် ဝင်တိုက်သည်၊ ဓားလွတ် ၍ တစ်ယောက်ကောင်း နှစ်ယောက်ကောင်း ဝင်ခုတ်သည်။ ဘုရား ပရဝဏ် က ရေတွင်းမှာ ကုလား အလောင်းများကြောင့် သုံးမရပြီ။

'ဖျိုင်းကြီးဟော့' ဆိုလျှင် ကုလားတွေ နေစရာ မရှိသည်အထိ ဖျိုင်းကြီး ပယောဂက မှောင့်နေသဖြင့် အုတ်တံတိုင်းအတွင်းမှာ ထရံ နှစ်ထပ် ကာထား ခြင်း ဖြစ်ပေ၏။

* အချို့ကမူ ဖျိုင်းကလေးကို ပိုးသည်စု ဦးအံ၏ သားဟု ဆိုကြသည်။

www.burmeseclassic.com



ကိုရင်ဖျိုင်းသည် မဲထီးကျောင်းတိုက်သို့ စိုက်စိုက် စိုက်စိုက်နှင့် လျှောက်လာသည်။ သူသည် မြေကို မမြင်၊ ကုလားသစ်တပ်ကို ခုန်လွှားပြီး ဓားဖြင့်ခုတ်တာကိုပဲ မြင်နေ၏။ ‘ကိုရင့် ဆန္ဒ ပြည့်ဝပါစေမယ်၊ စိတ်ချပါ’ ဟူသော မြတောင်ဗိုလ်၏ နှစ်သိမ့်စကားကို ကြားယောင်မှ ကိုရင် ခြေလှမ်းသွက်လာတော့သည်။

ဆွမ်းစားပြီးစအချိန် ဖြစ်သောကြောင့် ဈေး တစီစီဖြင့် သာမဏေအချို့ ဈေးကျွေးနေကြ၏။ ကျောင်းသားများ၊ သာမဏေများသည် ပန်းကန်ဆေးသံ ခွက်ယောက်နှင့် သပိတ်ဆေးသံများနှင့် လုံးထွေးနေကြသည်။ ကိုရင်ကြီးတစ်ပါး ဈေးများအနီးတွင် တုတ်တစ်ချောင်းနှင့် ရပ်စောင့်နေ၏။

“ဟေ့ ခြေတံရှည်ဖျိုင်းစုပ္ပ၊ နင် ဘယ်ကို ကြွသလေ့”

ကိုရင်ကြီးက ဆီးကြို ကျီစယ်သည်။

“နွယ်တမယ်ဘက်က ကူးခဲ့တယ်”

“ဆွမ်းကော…”

“ပြီးခဲ့ပါပြီ၊ ဦးတေဇဝန္တ ဘယ်ကြွသလဲ ကိုရင်ကြီး”

“ရှိတယ် ရှိတယ်”

ကိုရင်ဖျိုင်းသည် ကျောင်းပေါ်သို့ တက်ခဲ့ကာ ဦးပဥ္စင်း၏ နေရာသို့ ရောက်လာသည်။

“ဟေ့… မင်းတို့ဆီက သတင်းကို ကြားချင်နေတာနဲ့ အတော်ပဲလာ လာ၊ မွန်းမတည့်သေးဘူး စားစမ်း”

ဦးပဥ္စင်းတစ်ပါးက ဝမ်းသာအားရ ခေါ်လိုက်ပြီး အချိုပွဲထဲမှ ငှက်ပျောသီး သုံးလုံး ဖြုတ်ကာ ပစ်ပေးသည်။

ကိုရင်က ဝတ်ဖြည့် ဦးချပြီး မလှမ်းမကမ်းတွင် ထိုင်၏။

“ဟေ့… ရှေ့တိုးလကွာ… ရော့ ရေနွေးသောက်စမ်း။ လာစမ်း… တိုးစမ်းပါကွ”

ဦးတေဇဝန္တက အတင်း ရှေ့သို့ အတိုးခိုင်းပြီး လက်ဖက်ရည်တစ်ခွက် ငှဲ့ပေးသည်။

“မင်းတို့ဘက်မှာ ကုလားတွေ တော်တော် သေသွားဆိုကွ”

ချီးစောင်းတွင် ဓားခုတ်ရာကြီးနှင့် ဦးစိန္တာက မေး၏။

“မှန်ပါဘုရား… ၂၀၀ ကျော်ကျော်လောက် သေသွားပါတယ်”

“သာဓု သာဓု ကိုရင်… သာဓု”



“ဟာ… ကိုယ်တော့်မလဲ နေရင်းထိုင်ရင်း အပြစ်ဖြစ်နေပြန်ပါပြီ”

ဦးပဥ္စင်းတစ်ပါးက ဦးစိန္တာအား သတိပေးသည်။

“မတတ်နိုင်ဘူး ကိုယ်တော်… အပြစ်ရှိလည်း ခံရတော့မှာပဲ။ နေပါဦး ကိုရင်ရ… ဘယ်နေ့ကလဲ ပြောစမ်းပါဦး”

“နေ့ရက်တော့ မမှတ်မိဘူး ဘုရား၊ သီတင်း သုံးပတ်တော့ ကျော်သွားပြီ ဘုရား”

“အေး အေး… မြတောင်ဗိုလ်တို့ ဗိုလ်ထွန်းဖဲ၊ ဗိုလ်ရွှေတို့ကို ပြောလိုက်ပါကွာ။ အမျိုး ဘာသာ သာသနာအတွက် ရဲရဲတောက် ဆောင်ရွက်နေတဲ့ သားကောင်းအာဇာနည်တွေကို ဦးပဥ္စင်းတို့ ဘုရားသားတော်တွေက အနောဒိဿမေတ္တာ၊ ဩဒိဿမေတ္တာများ မပြတ်လောင်းနေတဲ့ အကြောင်း…”

“တင်ပါ့ဘုရား”

ကိုရင်သည် လက်ဖက်ရည်တစ်ခွက် သောက်ပြီး စားသောက်မှုကို လက်စသတ်လိုက်ကာ ဦးတေဇဝန္တ နေရာသို့ ထလိုက်သွားသည်။

ကိုရင်ဖျိုင်း ရောက်လာသောကြောင့် ဦးပဥ္စင်းများ အစုမကွဲပေ။

“ဦးဓမ္မရက္ခိတဆီ မရောက်ဘူးလား ကိုရင်ရဲ့။ သူကြီးရိုက်မှု ဘာများ မိန့်ကြားမလဲ”

ဦးဓမ္မရက္ခိတသည် ဦးရွှေသီး အမည်ဖြင့် ကျော်ကြားသော ကျမ်းပြုဆရာတော် ဖြစ်သည်။ အဘယဂီရိတိုက်၌ သီတင်းသုံးသည်။

“တပည့်တော် မရောက်တာ ကြာပြီဘုရား၊ အကြောင်းထူး ရှိလို့လား”

“ဟာ… ရှိပြီကော ကိုရင့်နှယ်၊ မင်းတို့ ဦးရွှေသီးရဲ့ တပည့် ဦးဖဲ သိမဟုတ်လား”

“တင်ပါ့ဘုရား”

“အေး… ဦးဖဲ တပည့် ဦးကောဏ္ဍညက သူကြီး ဦးရွှေသီးကို ရိုက်လို့ ရုံးတွေ ဘာတွေ ရောက်လို့ပါကော ကိုရင်ရဲ့”

“မင်းတို့ ဆရာတော်က မပြောလို့ ဖြစ်ပါလိမ့်မယ် ကိုရင်ရာ။ သိတော့ သိမှာပါ။ ဦးသရက်ချင်ကတောင် ‘သရမ်းချော် လူမိုက်ကို ရဟန်းတော် သူရိုက်လို့’ ဆိုပြီး စာတွေ ဘာတွေတောင် ချီးလို့”

ဦးပဥ္စင်းတစ်ပါးက ရှင်းပြသည်။

“ဘာပြုလို့တဲ့လဲ ဘုရား”

www.burmeseclassic.com

www.burmeseclassic.com



"ဦးဖဲက ကျောင်းပြင်ဖို့ သစ်တွေ စုဆောင်းပြီး ပုံထားတာကို ဦးရွှေသီး က လာတဲ့ပြီး ကိုယ်တော် လွှမိန့် ဘယ်ကရလို့ သစ်ခွဲတာလဲ။ ဒါ အရှင် အင်္ဂလိပ် မင်းခေတ်၊ သူ့ဥပဒေနဲ့ မညီရင် ဖမ်းချုပ်လိုက်ရမလား… စသည်ဖြင့်ပေါ့ကွာ။ မခန့်မညား ပြောတော့ အနားမှာ ရှိတဲ့ ဦးကောဏ္ဍညက ကဲလား ထောက်တဲ့ တုတ်နဲ့ ဆွဲရိုက်တာပဲ"

"ရိုက်ထိုက်တာပေါ့ ဘုရား၊ ဒါ အင်မတန်ကောင်းတာပဲ"

"ကိုရင့်မှာ ရိုက်ထိုက်နေ၊ သာသနာပိုင် မန္တလာဆရာတော့်ဆီ အမှု ရောက်သွားပြီ"

"ဟာ… ဒီလိုဆိုရင် ဦးကောဏ္ဍည ရှုံးပြီပေါ့ဘုရား။ ငွေဒဏ်လား သဲဒဏ်လား ရေဒဏ်လားပဲ"

"ဒီလိုကွ… ကိုရင်ရ"

ဦးပဥ္စင်းတစ်ပါးက တင်ပျဉ်ခွေ ပြင်ထိုင်ရင်း ကိုရင့်ဘက်သို့ ခါးကိုင်း လိုက်၏။

"သာသနာပိုင်က ဦးရွှေသီးဆီ လှမ်းမေးသေးသတဲ့။ အရှင်ဘုရား တပည့် ဒီလို ဒီလို ဖြစ်နေပါပြီ။ ဘယ်လို လုပ်ရမလဲ ဘုရားလို့။ ဦးရွှေသီးက သာသနာပိုင် သဘောလို့ ပြန်လိုက်သတဲ့"

"တမင်ရွဲ့မေးတာပဲ ဘုရာ့"

"ရိုးရိုးသားသား မေးလည်း ကိုရင်တို့ကတော့ ရွဲ့တယ် ထင်မှာပါပဲလေ" မှန်ပေသည်။

ကိုရင်ဗျိုင်းတို့ ဆရာ ကုက္ကိုတန်းဆရာတော်သည် ဦးရွှေသီး (ဦးဓမ္မ ရက္ခိတ)၊ ဦးရွှေနှစ် (ဦးရွှေသီး၏ အစ်ကို) တို့နှင့်အတူ မန္တလာဆရာတော်ကို လျှစ်လျူရှုကြသည်။ သင့်မြတ်ခြင်း မရှိကြသည့် အဓိပ္ပာယ်ပင်တည်း။

ဝါတော် သက်တော်အားဖြင့် မန္တလာဆရာတော်၊ ဦးရွှေနှစ်၊ ဦးရွှေသီးတို့ အစဉ်လိုက် ဖြစ်ကြ၍ စာပေကျမ်းဂန်ကို မွှေနှောက် ချောက်ချားရာတွင်မူ ဦးရွှေနှစ် မန္တလာဆရာတော်ဟူ၍ ဖြစ်သည်ဟု ဆိုလေ့ရှိကြ၏။

ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရား လက်ထက်တွင် သာသနာပိုင် (၃ မြို့) ဖြစ်လာကာ ကြာအင်းနှင့် ငါးမျက်နှာ အရှေ့ဘက်တွင် မန္တလာကန်ကို တူးဖော်သဖြင့် မန္တလာရာမဆရာတော် အမည်တွင်လာသည် ဆို၏။ ထိုကန်မှ ရေထုတ်မြွန်များ တပ်ဆင်၍ မုရင်းလယ်များကို ရေပေးသည်။ သာသနာပိုင် စီမံသောကန် ဖြစ်၍ သာယာတင့်တယ်လှပေ၏။



သို့သော် အဘယဂီရိတိုက် ဆရာတော်သည် ပကာသန နွယ်သော အလုပ်ကို မနှစ်မြို့ခဲ့ချေ။

တစ်နေ့သော် ကန်ထဲ ဆင်း၍ ဒါယိကာမတစ်ရု ရေချိုးကြရာ ဒါယိကာမ တစ်ယောက်၏ ရင်သားကို ငါးတွက်ရာ ထက်ခြမ်းကွဲသွားလေ၏။

*'မန္တလာ ကြံရှာလေခြင်း။*

*ရွှေပင်းသူ ညိုပြာညက်၊ ငါးတွက်တဲ့ အင်း။'*

အုတ်အော်သောင်းတင်း ဖြစ်သော ကိစ္စကို အခြေခံ၍ ဦးရွှေသီးက စာချိုးလိုက်သည်။

မန္တလာဆရာတော် မခံမရပ်နိုင် ဖြစ်၏။ *'မန္တလာ ကြံရှာလေခြင်း'* ဆိုသော အပိုဒ်အတွက် ဆွေ့ဆွေ့ခုန်အောင် နာသည်။ သို့သော် မည်သို့မျှကား မတုံ့ပြန်နိုင်ခဲ့ပေ။

ဆရာတော် ဦးဓမ္မရက္ခိတ(ဦးရွှေသီး)သည် စင်စစ် မန္တလာဆရာတော်ကို သာ စာချိုးသည် မဟုတ်။ ဒါယကာရင်း ဒါယိကာမရင်းများကိုလည်း စာချိုးသည်။ နောက်ဆုံး အစ်ကိုဝမ်းကွဲ ဦးရွှေနှစ်ပင် မကျန်။

ဦးရွှေနှစ်ကား ညီဝမ်းကွဲ ဦးရွှေသီးကဲ့သို့ စာမချိုးပေ။ ထောင်တိုက်တတ် သော ကျွဲချိုကို ရှန်ပန်းထည်ပတ်၍ ကျွဲလှဲစီးသည့် ရွတ်ပေပေ ဝါသနာ ရှိ၏။

ချမ်းသာသော မိဘထံမှ အမွေအနှစ်များ ရလိုက်သဖြင့် လယ်တွက် စပါး ကို ချက်စား၏။ သီလရှင် တပည့် အများအပြား ရှိရာ ဦးရွှေနှစ်အတွက် ဆွမ်းခံရန် မလိုပေ။ ပိုလျှံသော စပါးကို တပည့် ဒါယကာ ဒါယိကာမများသို့ ပေးထားရာ တစ်တင်းစ နှစ်တင်းစ တင်းတိုး ရရှိသည် ထင်၏။

ဤသည်ကို ဦးရွှေသီး မြင်သည်။ အစ်ကို ဖြစ်၍ ပြောရန်လည်း ခက် သည်။ ထိုအခါ -

*'တောင်မကြီးစပ်ကြား စွယ်နဂါး၊*

*စပါးတင်းတိုး ပေးလစ္စ့။*

*ရယ်မြူးခေါ် မယ်သူတော် စာချုပ်ဲ၊*

*ကာလနဂါး။*

*နဂါးအစွယ် ပြုတ်ရှောထင့်၊*

*လယ်လုပ်လှီစား။'*

ဟူ၍ မထိတထိ စာချိုးလေတော့သည်။

ဦးရွှေနှစ်မှာ စနေသား ဖြစ်၍ 'နဂါး' ဟု ဆိုခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်မကြီးစပ်ကြား ဟူသည်မှာ ဦးရွှေနှစ်၏ ကျောင်းသည် တောင်မကြီးခေါ် အဘယဂီရိတောင်၏ မြောက်ဘက် တောင်ချပ်ကြား (နောင်အခါ ကျောင်းကုန်းရွာ တည်မည့် နေရာ) တွင် တည်ရှိသောကြောင့် ဖြစ်၏။

ငါးမျက်နှာကန်မှ ကြာအင်းသို့ သွားလျှင် ငါးမျက်နှာကန်အနီး၌ ဦးရွှေသီး၏ အဘယဂီရိကျောင်းတိုက် ရှိ၏။ အဘယဂီရိတောင်ကို လွန်လျှင် ဦးရွှေနှစ်၏ ကျောင်း ရှိသည်။ ကြာအင်း အဝင် ကျောက်ဖြူဘုရား (မြို့သစ် ကြာအင်းဆရာပီး အခိုအရ ကောဇာသက္ကရာဇ် ၄၀၀ ပြည့်နှစ်က တည်သည်။) တည်ရှိရာ ရွှေကျောင်းကုန်းတွင် မန္တလာရာမဆရာတော် သီတင်းသုံးလေသည်။

မန္တလာရာမဆရာတော်သည် အခွန်တော် ပဏ္ဏာတော်များ ရရှိ၏။

ဤအချက်ကို ဦးရွှေသီး မမြင် မဟုတ်။ မြင်သည့်အလျောက် စာချိုးခဲ့သော် မန္တလာဆရာတော်၏ ဂုဏ်သိန် ညှိုးငယ်စရာ ရှိသဖြင့် စာမချိုးပေ။ သို့ကြောင့် ဦးရွှေသီးသည် မိမိ သာသနာပိုင် မဖြစ်ရကောင်းလားဟု အာဃာတ မထားကြောင်း ထင်ရှားသည်။

မည်သို့ပင် ဖြစ်စေကာမူ ဦးပဥ္စင်းအများနှင့် ကိုရင်ဖျိုင်းတို့ကမူ မန္တလာဆရာတော်သည် မင်းရိပ်ခိုကာ ဦးရွှေသီးအား စီးနင်းသော အပြုအမူဖြင့် ဆက်ဆံသည်ဟု စွပ်စွဲနေကြ၏။

နေအတန်ညှိုးလျှင် ကိုရင်သည် ဆရာတော်ကို ကန်တော့၍ ဦးပဥ္စင်းများအား နှုတ်ဆက်ကာ ပြန်လာခဲ့ရာ ကျောင်းလှေကားရင်း အလွန်တွင် ဒါယကာတစ်ယောက်ကို တွေ့သည်။

"ဟင်..."

ထိုဒါယကာ၏ ခြေထောက်တွင် ဖိနပ်စီးထားသည်ကို တွေ့ရ၏။ ကိုရင်သည် ဟင်ခနဲ မြည်ကာ ဒါယကာ၏ မျက်နှာကို ကြည့်မိသည်။

"ဟာ..."

မန္တလာဆရာတော်၏ ယင်ကိုင်၊ ထင်ရှားကျော်စောသော ပုံနင်းဦးထွန်းပါတကား။

ကိုရင့် ရင်ထဲမှာ ဆို့တက်လာ၏။ ဘုရင် ရှိစဉ်ကမူ ဘုရင် ကိုးကွယ်သော သာသနာပိုင်၏ ခြေရင်း ဝပ်တွားကာဘုရင့်မျက်နှာသာ ရအောင် လုပ်ခဲ့၍ ဘုရင် မျက်နှာလွှဲသည် ဆိုလျှင် ကျူးကျော်သော မိစ္ဆာဒိဋ္ဌိ ကုလားများနှင့် တန်းတူရည်တူပင် ဘုရင့် ပုံနင်းက သာသနာကို စော်ကားနေပြီတကား။

'ဩော်... သူ စိတ်တွေဆိုးလို့ ထင်ပါရဲ့'



ဟု ကိုရင်က ငုံ့ညှာတွေးလိုက်ကာ-

"ဒကာကြီး ကျောင်းဝိုင်းထဲ ဘယ့်နှယ်ကြောင့် ဖိနပ်စီးရတာလဲ"

ဟု သတိပေးသည်။

ဦးထွန်းက ကိုရင်အား ခြေဆုံး ခေါင်းဆုံး ကြည့်၏။ မျက်နှာကို ရှုံ့မဲ့လိုက်၏။

"ဒါဟာ ဗြိတိသျှမင်းရဲ့ ပိုင်နက် ကိုရင်ရဲ့၊ ဗမာဘုရင် သွားပြီ"

ကိုရင်ဖျိုင်း၏ ဖျိုင်းမွေး မျက်နှာကလေးမှာ နီရဲသွားသည်။

"ခင်ဗျား ကုလားလိုပဲ သာသနာကို စော်ကားပြီ ဆိုပါတော့"

"ဘာကုလားလဲ... ဗြိတိသျှအစိုးရလို့ ခေါ်ပါ။ ကိုရင်ပေမယ့် ဖမ်းလိုက်မယ်နော်"

ကိုရင်သည် တောက် တစ်ချက် ခေါက်ကာ မျက်နှာလွှဲလိုက်သည်။

လမ်းတစ်လျှောက်လုံး ကိုရင့် ရင်ထဲ၌ မီးတောက်လာ၏။ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း၊ ကြေကွဲခြင်းတို့သည် မီးဖြစ်ကာ ကိုရင့် ရင်ကို ပူလောင်အောင် နှိပ်စက်နေကြလေ၏။

"စော်ကားနင့်ဦးပေါ် ထွန်းရာ..."

www.burmeseclassic.com

www.burmeseclassic.com

# ၄

**ချွတ်**ခနဲ အသံကြား၍ မြတောင် လှည့်လိုက်သောအခါ ဘယ်အချိန်က ရော... လာသည် မသိသော ကိုရင်ဗျိုင်းသည် ဓားတစ်လက် ဆွဲကာ တဲပေါ်မှ လွှား... ခုန်ဆင်းသွားလေ၏။

"ကိုရင်... ကိုရင်..."

မြတောင်သည် ဘုမသိ ဘမသိဖြင့် ကဲလားပေါက်မှ ခုန်ချလိုက်သည်...

ကိုရင်သည် "ကဲဟာ ကဲဟ"ဆိုကာ တဲအောက်ရှိ ငှက်ပျောခင်းကြီး... ဓားဖြင့် ဘယ်ပြန် ညာပြန် တွက်ပိုင်းနေ၏။ ငှက်ပျောပင် အချို့ ပြတ်ကျသည်... အချို့ မပြိုလဲ။

ကွမ်းတစ်ယာညက်မျှ ကြာသွား၏။ ကိုရင်သည် ဓားကို ဓားအိမ်... ပြန်သွင်းကာ ပစ်ချ၍ မြေပေါ် ထိုင်ချသည်။ ဟောခနဲ လေပူ မှုတ်ထုတ်လိုက်...

"ဘယ်လို ဖြစ်လာတာလဲ ကိုရင်"

မြတောင်က ကိုရင့်အနားတွင် ဝင်ထိုင်ရင်း မေးသည်။

"ကျုပ် သက်န်းချွတ်တော့မယ်ဗျာ"

"အကျိုးအကြောင်း ပြောဦးမှပေါ့ ကိုရင်ရဲ့"

ကိုရင်သည် မြတောင်အား ကြေကွဲစွာ လှည့်ကြည့်သည်။ ကိုရင့် ပါး... တွင် မျက်ရည်ပေါက်များ စီးလိမ့်နေ၏။

"ဘယ်လိုဖြစ်တာလဲ ကိုရင်ရယ်..."

ကိုရင်သည် မျက်ရည်ကို ဧကသီဖြင့် သုတ်သည်။

"ပွဲနှင်းဦးထွန်းလေ... မိုလ်မှူး သိလား"



"သိတာပေါ့ဗျာ၊ မန္တလာဆရာတော်ရဲ့ ယပ်ကိုင်၊ အကျော်အေးယျ... ကြီးကပဲ"

"သူပေါ့ဗျ"

ကိုရင်သည် မရှိုက်မိအောင် ကြိုးစားကာ မဲယီးတိုက်တွင် ဦးထွန်းနှင့် ဆုံခဲ့ရပုံများကို ပြန်ပြောင်းဖောက်လှန်၏။

မြတောင်၏ မေးရိုးကြီးများသည် ထောင်၍ထောင်၍လာသည်။ ကိုရင့် ... ကောဆုံးသော် သူက ပြုံးလာ၏။ နောက် အသံထွက်အောင် ရယ်မောသည်။

"ဟား ဟား ဟား... မင်းမြှောင်စိုးကပ်တွေနဲ့ ဘုရင်နဲ့ လိုက်ပါ့ဗျာ ... ဟား ဟား ဟား..."

မြတောင်သည် ကိုရင့်အနားက ဓားကို ချွတ်ကြည့်နေသည်။ ငှက်ပျော ... အကလေးမှာ တိတ်ဆိတ်သွား၏။

"မိမိငယ်တို့ဆီ ဝင်ဖြစ်သေးလား ကိုရင်"

"ကျုပ် မေ့သွားတယ် မိုလ်မှူး၊ ဒါကို မပြောဖြစ်ဘူး၊ ဝင်ခဲ့ပါတယ်"

"ဘာမှာလိုက်လဲ"

"သူ့ဆီမှာ ပွဲနှင်းဦးထွန်းရဲ့ သား မောင်မောင်လတ် ဆိုတာ တွေ့ခဲ့တယ်"

"ဩ ဩ..."

"အဲဒီလူဟာ မိမိကို ထိကပါး ရိကပါး လာလာပြောနေတယ်တဲ့၊ မိုလ်မှူး ...အားရင် လာခဲ့ပါဦးတဲ့"

မြတောင်က သွက်လက်စွာ ထရပ်သည်။

"အခု သွားလိုက်မယ်လေ"

သို့သော် မြတောင်သည် ကိုရင်နှင့် မျက်နှာချင်းဆိုင်တွင် ပြန်ထိုင်ပြီး-

"ကိုရင် လူဝတ်လဲတော့မယ် ဆိုတာ တကယ်လား"

အကဲခတ်ရင်း မေး၏။

"ကနေ့ညပဲ လဲမယ်"

"ဆရာတော် ခွင့်မပြုရင်ကော ကိုရင်"

"သာမဏောပဲဗျာ... သိက္ခာချရတာမှ မဟုတ်တာဘဲ။ ပုဆိုး အကျႌ ...လိုက်ရင် လူဖြစ်တာပဲ"

"ဆရာတော် စိတ်ဆိုးအောင် မလုပ်သင့်ဘူး ထင်တယ်ဗျာ"

"ဒီတစ်ခါတော့ ဆရာတော့် စကားကို လွန်ဆန်ရတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com


''ဆိုင်းစမ်းပါဦး ကိုရင်ရယ်''

''ကျုပ် စိတ်ဆင်းရဲလှပြီ ဗိုလ်မှူး၊ ရှင်သူငယ်ဗိုလ် ဆိုပြီး အခြောက်တိုက်[illegible]သည်။ ဗိုလ် နာမည်ရနေပေမယ့် ကုလားကိုလည်း မသတ်ရ၊ သာသနာ စော်ကားသူ[illegible] လည်း မဆုံးမရနဲ့၊ ကျုပ် စိတ်ဆင်းရဲလှပြီ''

မြတောင်က ခေါင်းတစ်ချက် ညိတ်လိုက်မိသည်။

''ကိုရင် အသက် ဘယ်လောက်ရှိပြီလဲ''

''၁၅ နှစ်''

''ငယ်သေးတယ် ကိုရင်ရယ်၊ ကဲလေ... ကိုရင် မပျော်ပိုက်ဘူးဆို[illegible] တော့ လူဝတ်လဲချင်လည်း လဲပါလေ''

ကိုရင်က မြတောင်အား ကျေးဇူးတင်ဟန်ဖြင့် ကြည့်၏။

''ကျုပ် ချောင်းဖြူကို သွားမလို့ ကိုရင်၊ ကျုပ် ပြန်မလာခင်မှာ ဘာကို[illegible] စိတ်လိုက်မာန်ပါ မလုပ်စေချင်ဘူး''

''မလုပ်ပါဘူးဗျာ''

''ကဲ ကျုပ်သွားမယ်''

မြတောင်သည် ကိုရင့်အပါးမှ ခွာကာ ကိုကြာလန်းနှင့်အတူ မြင်းစီး[illegible] ထွက်သွားလေ၏။

ကိုရင်မှာ ငုက်ပျောပင်ရင်းတွင် တိတ်ဆိတ်စွာ ကျန်ခဲ့သည်။

ကိုရင်သည် ယခု ကိုရင်ကြီးဗိုလ် ဖြစ်နေသော ဖျိုင်းကြီးနှင့်အ[illegible] ကုက္ကိုတန်းဆရာတော့်နောက်သို့ မုန်းနှားအရပ်မှ လိုက်ပါလာပုံ၊ နှစ်ယောက်သ[illegible] စားခုတ် လှံထိုးနှင့် မြင်းစီး သေနတ်ပစ်များ သင်ရပုံကို မြင်ယောင်နေ၏။

ဆရာတော်က ဖျိုင်းကြီး ဖျိုင်းလေး သင်္ကန်းဆီးရမည် အမိန့်ရှိ[illegible] ဖျိုင်းလေး အကျောက်အကန် ငြင်းသဖြင့် အရိုက်ခံရပုံ၊ သည့်နောက်တွင် ဖျိုင်း[illegible] လူဝတ်လဲကာ ကျွန်းညိုဌေးသောင် ဆင်မကျွန်း၊ ကြက်ဟင်းခါးကျွန်း စသော[illegible] ဘက်၌ လူစု၍ ကုလားကို တိုက်ပုံ၊ ကိုရင်ကြီးဗိုလ်အဖြစ် နာမည်ကြီးလာပုံ[illegible] သည် ဆက်ကာ ပေါ်လာသည်။

ဘုရားဝိုင်းထဲနှင့် ဘုရားကြို ဘုရားကြားတွင် ကုလားများ ဖိနပ်[illegible] တဂေါက်ဂေါက်ဖြင့် လမ်းသလားနေပုံများကို မြင်လာသောအခါ ဓားကို ကော[illegible] ကိုင်မိ၏။

မိမိကို မလေးမစား ပြော၍ ရှက်ချသော အကြည့်ဖြင့် ကြည့်နေသော[illegible] ပုံနှင်းဦးထွန်း၏ မျက်နှာကြီးကို မြင်ယောင်လာပြန်၏။

ကိုရင်သည် ဓားကို ရွမ်းခနဲ ဆွဲချွတ်လိုက်က မြောက်ခနဲ ထခုန်တော့

''ဖျိုင်းကလေးတဲ့ဟေ့...''

ကြုံးဝါးသံကြီးသည် ကြာအင်းတစ်မြို့လုံးကို လွှမ်းခြုံသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# ၇

လ မသာသော ည ဖြစ်သည်။

ချောင်းဖြူရွာသည် အမှောင်အောက်ဝယ် သစ်ပင်များနှင့် ရော... ပျောက်ကွယ်နေ၏။

ကြက်တို့သာ မတွန်လျှင်၊ ခွေးများသာ မဟောင်လျှင်၊ ကလေးတွေ... မငိုလျှင်၊ ချောင်းဆိုးသူသာ မရှိလျှင် ဤနေရာ၌ ရွာဟူသည် ရှိကြောင်း မသိ... ကြပေ။

ကာလပျက်နေချိန်မို့ လူတွေသည် သုတ်သုတ်သွား၊ သုတ်သုတ်စား... နေဝင်သည်နှင့် အထုပ်အပိုး ကိုယ်စီဆွဲ၍ လုံခြုံမည် ထင်ရာများသို့ သွားရော... ပုန်းအောင်းနေကြလေပြီ။ ကလေး မငိုအောင်၊ ခွေး မဟောင်အောင် ကြိုးစား... သည်။

မည်သူမျှ မီးမထွန်းရဲ။ ဆေးလိပ်သော်မှ ဆေးခံခွက်တွင်း သွ... ဖြစ်စေ၊ တစ်စုံတစ်ရာ အုပ်၍ ကာ၍ ဖြစ်စေ သောက်ကြရ၏။

မထွန်းလျှင် မဖြစ်၍ တစ်စုံတစ်ယောက်က မီးထွန်းညှိလိုက်မည် ဆို... မီးရောင်အောက်ရှိ မျက်နှာတိုင်းသည် မျက်နှာငယ် မျက်နှာသေကလေးတွေ... ဖြစ်နေတာ မြင်ကြရမည်။ သူလည်း ဒုက္ခသည်၊ ငါလည်း ဒုက္ခသည်။ ကူက... ဝေးသောဘဝ၊ ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်ဆူး ကိုယ့်ဘာသာကိုယ် နှုတ်ရ... မှန်း မသိသော ဘဝ။

တိတ်ဆိတ်နေသော ချောင်းဖြူရွာခြေ ချုံတောထဲတွင် ကိုကြာလ... မြင်းကို ထားခဲ့ပြီး မြတောင်က ဦးပိုးဟပ် အိမ်နောက်ဖေးမှ ဝင်လာသည်။



သူတို့သည် ဆေးလိပ်မီးရောင်ဖြင့်သာ တစ်ယောက် မျက်နှာ တစ်ယောက် ...မြင်ခွင့် ရကြ၏။

“နေနိုင်လိုက်တာ မောင်မောင်ရယ်”

မိမိငယ်က မြတောင်၏ ရင်ခွင်ထဲ ဝင်လာကာ အပြစ်တင်သည်။

“ကုလားအရေး၊ တပ်အရေးနဲ့ မအားလို့ပါ မိမိရဲ့။ စိတ်ကတော့ ...ထံပါးမှာသာ အမြဲ ပျံ့ဝဲနေတာပါ”

“နေပြည်တော်သား ဆိုတော့ စကားကလည်း တတ်ပါဘိ”

“ခနဲ့တာလား မိမိရယ်”

မြတောင်က မိမိ၏ ထွေးနွေးသော ကိုယ်ကလေးကို တိုး၍ ပွေ့လိုက်ကာ–

“အညတြတောသားကလေးပါ မိမိရယ်၊ မိမိတို့လို ရွှေနန်းတော်ကြီးမှာ ...တွက် ခစားခွင့် မရပါဘူး”

ဟု တိုးတိုးသက်သာ ဆို၏။

“ဒီအချိန်သာ တိုင်းပြည် အေးချမ်းသာယာတဲ့အချိန် ဖြစ်လိုက်ရင်၊ ...ယ်လောက် ကောင်းလိုက်မလဲ မောင်ရယ်”

“ဘာဖြစ်လို့လဲကွယ်”

“မောင်မောင်နဲ့ မိမိတို့ရဲ့ ရှေ့ရေးဟာ ဖြောင့်ဖြူးနေပြီပေါ့ မောင်ရယ်”

“သြော်... ဒါကတော့ ပြောစရာ လိုသေးသလား မိမိရယ်... သားကြီး ...ောင် ရှင်ပြုလို့ ပြောသံ တခြိမ့်ခြိမ့်နဲ့”

“မိမိ နားရှက်ပါတယ် မောင်မောင်”

မိမိငယ်သည် မြတောင်၏ ရင်ခွင်ထဲသို့ ရှက်စနိုးဖြင့် ကျုံ့ဝင် တိုးတွေ့သည်။

“ကုလားကို နိုင်မည်၊ ရှုံးမည် ဒီနှစ်လီ မောင်မောင် မတွက်ဆတတ် ...ူးလေ။ သို့သော်လည်း မောင်မောင်တို့ တာဝန်က အသက်မသေသေးသမျှ ကုလား ...ာ ဒူးမချဖို့ တာဝန်ပဲ။ မောင်နဲ့ မိမိတို့ ရှေ့ရေး ဘယ်လိုဆိုတာ၊ ဒါလည်း ...ချာ မရေရာတဲ့ အကြောင်းပါပဲ”

မိမိငယ်သည် သက်မ ချမိ၏။

ဓားဖျား သေနတ်ဖျား၌ ပျော်ပိုက်သော ပြည်ချစ်တပ်သားကို ချစ်သူ ...ရသည်မှာ ရင်မောဖွယ် ကောင်းလှသည်။

ဆောင်တော်ကူးပန်းပင်ရိပ်ဝယ် တိတ်ဆိတ်သွား၏။ မြတောင်သည် ...ယ်၏ ညှိနူးသော ပါးပြင်ကလေးကို ရှုရှု မွှေးနေမိသည်။ မိမိငယ်မှာ ရင်ထဲက ...ခုန်နှင့် မျက်စိမှိတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုရစ်မြည်သံ တစ်ချက် စီခနဲ တက်လာသည်။

"မောင်မောင်..."

မိမိငယ်က အသံပေး၏။

"မိမိ..."

"အမေနဲ့ မိမိတို့ကို ဈေးချိုးနားမှာ မောင်မောင် ကယ်ခဲ့တာကို မှတ် သေးလား ဟင်"

"ဟိုတုန်းကတော့ မေ့မေ့ပျောက်ပျောက်ပါပဲ။ အခုတော့လည်း မိ မောင်တို့ ဦးစွာ တွေ့ခဲ့တဲ့ အမှတ်အသားမို့ တစ်သက် မမေ့တော့ပါဘူး"

မြတောင်က ဆက်ပြော၏။

"မိမိတို့ကလည်း ဗရုတ်သုတ်ခ အချိန်ကြီးမှာ ရောက်လာတာ မင်းတရားကြီး လက်ထက်တော်တုန်းကများ တယ်ပြီး စိတ်နှလုံး မွေ့ပျော် ကလား။ တိုင်းသူပြည်သားတွေ ရေချမ်းအိုး ပိုက်ထားရသလို အေးချမ်းခဲ့ မင်းတရားကြီးလည်း နတ်ရွာစံရော မဟုတ်တာတွေ လျှောက်လုပ်လိုက်တာ မဟာတ်တာ ဖြစ်တဲ့ ဘဝ ခွေးဘဝ ရောက်ကုန်တာပဲ မဟုတ်လား"

"သီပေါအရှင်နဲ့ ထိပ်ခေါင်တင်တို့ အပြစ်ချည်းလည်း မဟုတ်ပါ မောင်မောင်။ ဂြိုဟ်စီးဒသာကလည်း မကောင်း၊ ယောအတွင်းဝန်တို့တ ကရွဲ့ကစောင်း လုပ်တာတွေကလည်း တစ်မှောင့်မို့ပါ မောင်မောင်ရယ်"

"မိမိက အဝေးရောက် အပျိုတော်ပါကွယ်။ နန်းတော်ထဲမှာ စုဖုရား တတ်ယောင်ကားနဲ့ လျှောက်လုပ်နေတာ မသိပါဘူး။ သီပေါကိုယ်တော် နန်းတက်တဲ့ ၁၂၄၀ ခုနှစ်မှာ ကိုယ်တော်လေးဟာ အသက် ၂၀ ပဲ ရှိသေးတ သတ္တိအရာ ဗျတ္တိအရာ ဘာမှ မရှိဘူး။ ဆင်ဖြူမရှင်မိဖုရားကြီးနဲ့ လယ်ကိုင်း မြ သေနတ်ဝန်တို့ လော်လှယ်လို့ မတရား နန်းရလာတာ။ နောက်ဆုံး သူတို့ တ ဘုရင် သူတို့ ပြန်ချုပ်လာသည်အထိ ဘုရင်က ညံ့ဖျင်းလွန်းတယ်"

"ဘုရား... ဘုရား..."

မိမိငယ်သည် မြတောင်၏ ရင်ခွင်ထဲမှ ထွက်ထိုင်မိသည်။

"ကိုယ့်အရှင်သခင်ကို ဒီလို မပြစ်မှားသင့်ပါဘူး မောင်မောင်"

"သီပေါဟာ မောင်မောင့် အရှင်သခင် မဟုတ်ဘူး မိမိ"

"ဒါဖြင့် ဘာဖြုလို့ ကိုယ်တော်လေးရဲ့ သစ္စာတော်ခံပြီး တပ်မ အမှုထမ်းနေသေးလဲ မောင်မောင်ရဲ့"



"အောက်မှာ ကုလားက တိုက်မယ် တကဲကဲ လုပ်နေတော့ အမျိုး ဘာသာ သာသနာအတွက် တပ်တော်မှာ အမှုထမ်းနေရတာပေါ့ မိမိရယ်။ အထူး အပြင့် ပုရှက်ဆိတ်တောင် မသတ်ရဲတဲ့ ဘုရင်၊ တစ်တောင် ပြည့်အောင် မခုန်နိုင်တဲ့ ဘုရင်"

"ဟင်... မောင်မောင်"

"အနောက်ဆောင်မှာ တင်းတိမ် ကိုင်ဖို့ကော်ဇော်းတဲ့ ဘုရင်ကို ဘာအမြော် အမြင်နဲ့ ဆင်ခြင်တုံတရားမှ မရှိတဲ့ မိဖုရားက ဝင်ပြီး ညွှန်ကြားပေးနေတော့..."

"မောင်မောင်ရယ်... တော်ပါတော့"

"မိန်းမ ဖျက်လို့ အခု ပြည်ပျက်ရတာပဲ မိမိရေ... မိဖုရား ထဘီနား ကပ်ပြီး ဗောင်းတော်ညိတ် စိတ်တော်သိတဲ့ အမတ်လက်ပံတုံး၊ အမတ် ငှက်ပျောတုံး တွေကို ဧရာမသုခမိန်ကြီးတွေ ထင်ပြီး မြှောက်စား။ ရွှေပြည်ဝန်ကြီး၊ ရေနံချောင်းဝန်ကြီး နဲ့ ခန်းပတ်ဝန်ကြီးကို ဖယ်ပစ်ကြတော့ ဘာဖြစ်သလဲ။ ရွှေမြို့တော်မှာ ဘုရင် တော်တုတ် ရှိရဲ့သားနဲ့ တရား မရှိ မား မရှိ ဖြစ်နေတာ မိမိတို့ ကိုယ်တွေ့ပဲ"

"ဘာပဲဖြစ်ဖြစ် မောင်မောင်ရယ်... အရှင်နှစ်ပါးကိုတော့ မစော်ကား ပါနဲ့။ မိမိ တောင်းပန်ပါရစေ"

မိမိငယ်သည် ငိုသံပါကလေးဖြင့် တောင်းပန်သည်။

"မောင်မောင် မစော်ကားပါဘူး မိမိရယ်။ အရှင်နှစ်ပါး မရှိလို့ ပြော တာလည်း မဟုတ်ဘူး၊ ရှိတုန်းကလည်း ဒီလိုပဲ ပြောခဲ့တာပဲ၊ ပြောတာကလည်း မဟုတ် အမှန်တွေပါ"

"မိမိ ငိုချင်ပြီ"

"ဘယ်လောက် အသည်းနာစရာကောင်းသလဲ ဆိုတော့ မိမိရယ်၊ ပညာ တော်သင် မြန်မာအများ ရှိပါရဲ့နဲ့ လျှို့ဝှက်အပ်တဲ့ ခံတပ် တည်ဆောက်ရေး အစီအစဉ်ကို တိုင်းတစ်ပါးသား အီတာလျံတွေကို လွှဲအပ်ယုံမှတ်သတဲ့။ ကုလားလည်း တက်လာရော အဲဒီအီတာလျံတွေက ခံတပ်မြေပုံတွေ ကုလားလက်ထဲ ထည့်လိုက် တယ်။ တောက်... ရိုင်းလိုက်လေ မိမိရယ်"

မြတောင် ပြောသော အချက်အလက်များမှာ လုံးဝ မချို့မယွင်း မှန်ကန် သည်။

ဗြိတိသျှအစိုးရ၏ အရှေ့အိန္ဒိယနယ်ချဲ့ကုမ္ပဏီ၏ ရန်ကို ကာကွယ်နိုင်ရန် ဘုရင်သည် ဖရန့်စစ်နှင့် အီတာလျံများကို မျက်နှာသာပေးခဲ့၏။ တစ်စိတ် သ ယုံမှတ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အားထားခံရသော အီတာလျံ သံအမတ်သည် ဗြိတိသျှသူလျှို ဖြစ်နေ၏။

ဘုရင်မင်းမြတ်၏ တပ်မတော်တွင် အကြီးအမှူး အရာဖြင့် အမှုထမ်းနေသော နိုင်ငံခြားသား များစွာ ရှိသည်။ ထိုသူများသည် မြန်မာစစ်တပ်၏ အင်အားနှင့် အရည်အချင်းကို ဗြိတိသျှတို့ထံ ရောင်းမစားဟု မည်သူ ပြောနိုင်ပါသနည်း။

ဘုရင့်တပ်မတော်မှ နိုင်ငံခြားသားများသည် မြန်မာစစ်တပ်တွင် ရှိသော မားကျိုး မားပုံ၏ စာရင်းပါ မကျန် ဗြိတိသျှတို့ထံ ရောင်းစားသည်။ အမြောက်ပစ်လျှင် ယမ်းထည့်သော စဥ့်အိုးကို ဘယ်နေရာမှာ ထားသည်ဟူ၍လည်း သတင်းပေးသည်။ မြန်မာဘုရင့်တပ်မတော်မှ အကြီးဆုံး အမြောက်သည် မည်မျှ ဝေးဝေး ပစ်နိုင်သည် ဆိုခြင်းကိုလည်း သင်းတို့ မုချ ရောင်းစားမည်သာ ဖြစ်၏။

မိမိ၏ ကျေးတော်မျိုး ကျွန်တော်မျိုး ဖြစ်သော မိမိလူမျိုးကို အားမကိုးမူဘဲ သီပေါမင်းတရားသည် နိုင်ငံခြားသားကို အားထားကိုးကွယ်ခဲ့သည်။ စလေဒင်နှင့် ပရင်ဒါဂတ်တို့ ချီတက်လာချိန်တွင် မြန်မာ အမြောက်တပ်များသည် အခံဘဝနှင့် စခန်းသိမ်းရသည်ချည်း ဖြစ်ခဲ့သည်။

ဗြိတိသျှသံအဖွဲ့သည် ရတနာပုံနေပြည်တော်မှ ရုပ်သိမ်းသွားသော်လည်း မြန်မာဘုရင့်နန်းတွင်း၌ ဆေးလိပ်တို မည်မျှ ရှိသည်က အစ သိနေ၏။ နန်းတွင်းတွင် မြန်မာတို့ထက် သိုးဆောင်းလူမျိုးတို့ တွင်ကျယ် မျက်နှာ ပွင့်လန်းသည်။ အရေးပါသည်။

သီပေါမင်း၏ နိုင်ငံတော်သည် ပျက်စီးနေ၏။ နန်းတွင်း၌ တိုင်တားမင်းကြီး၊ လှေသင်းအတွင်းဝန်နှင့် ရနောင်မင်းသားတို့က တစ်ဖက်၊ ကျောက်မြောင်းအတွင်းဝန်၊ ပေါက်မြိုင် အတွင်းဝန်နှင့် ကင်းဝန်မင်းကြီး၊ တောင်ခွင်မင်းကြီးတို့က တစ်ဖက် ဖြစ်နေသည်။ အရာရာတွင် ဆန့်ကျင်ဘက် ဖြစ်နေကြ၏။

အုပ်ချုပ်ရေးပိုင်း၌ ညီညွတ်မှု ပျက်ပြားလာသောအခါ ဖရိုဖရဲဖြစ်နေသော နိုင်ငံ၏ အင်အားပါ အစိတ်စိတ်အမြွှာမြွှာ ကွဲနေလေ၏။ သို့ကြောင့် ဗြိတိသျှ နယ်ချဲ့သမားသည် မန္တလေး အစိုးရအား မလောက်လေးမလောက်စား ပါမွှားအဖြစ် သဘောထားကာ စော်ကားစီးနင်းသော လိုလားချက်တွေ အကြောင်းပြဖြင့် တက်ရောက် သိမ်းပိုက်သည်။

(နောင် အနှစ် ၅၀ ကြာမြင့်သော အချိန်တွင် ဂျာမနီပြည်မှ ဟစ်တလာ ဆိုသူသည်လည်း ဗြိတိသျှတို့ ဗမာနိုင်ငံအား အနိုင်ကျင့်သော တောင်းဆိုချက်တွေနှင့် သိမ်းပိုက်သလို၊ ဥရောပရှိ နိုင်ငံငယ်ကလေးများကို စီးနင်းစော်ကားသော တောင်းဆိုချက်တွေ၊ အကြောင်းပြချက်တွေ ကျင့်သုံးကာ သိမ်းပိုက်လေသည်။)



မြန်မာ့တပ်မတော်သားများသည် တိုက်ပွဲတိုင်း၌ အရေးနိမ့်သည်။ သို့သော် မြတောင်တို့ အင်းဝခံတပ်မှာမူ ယမ်းတစ်မှုန့် မသုံးရဘဲ အရှုံးပေးရ၏။ မြတောင် အသည်းနာသည်။ ဘုရင်ကို လည်းကောင်း၊ ဝန်ကြီးများကို လည်းကောင်း အသည်းနာအောင် နာကြည်း မုန်းတီးသည်။

သို့ကြောင့်ပင် မိမိငယ် တောင်းပန်နေလျက် ဖွတ်တိုး ပြော၏။

"မောင်မောင်တို့အဖြစ်ကို မိမိ ကိုယ်ချင်းစာပြီး ကြည့်စမ်းပါကွယ်။ ရက် အတိအကျ မောင် မှတ်မိပါတယ်။ အဲဒီနေ့ဟာ တန်ဆောင်မုန်းလဆုတ် ရက်နေ့ပါပဲ မိမိရယ်။

"မောင်မောင်တို့ အင်းဝခံတပ်မှာ ရဲမက် ၃၀၀၀ နီးပါး ရှိတယ်။ သင်းတို့ ဘယ်နည်းနဲ့မှ ရှေ့မတိုးနိုင်ဘူး။ ဘေးဖွင့် သေနတ်ချည်း ၅၀၀ ကျော် ရှိတယ်။ ဗုံးသေနတ် ၃၀၀ လောက် ရှိတယ်။ နှစ်ဆင့်ကွဲတဲ့ ကျည်ဆန်နဲ့ ထည့်ပစ်ရတဲ့ အမြောက်ကြီးက ၁၈ လက်၊ အဝေးပစ် အမြောက် ၃ လက်နဲ့ နောက်ဖွင့် အမြောက် ၈၅ လက်လား မသိဘူး ရှိတယ်။

"ကုလား သင်္ဘောတွေ လာနေတာ မြင်ဖေ မောင်တို့တစ်တွေဟာ သွေးတောက်ပြီး ရဲမာန်ကြွနေကြတယ်။ စော်ကားတဲ့ ားအလောင်းပါ အောင် ဆုံးမလိုက်မယ်လို့၊ အမြောက်တွေကလည်း ယမ်းထိုးပြီး ချိန်းထား ရဲမက်တော်တွေဟာလည်း တာဝန်အသီးသီး ထမ်းဆောင်ဖို့ ရှိနေကြပြီ"

ထိုအချိန်က အင်းဝခံတပ်၌ စိုက်ထူအပ်သော ကျက်သရေမင်္ဂလာလည်း ရဲစိတ်ရဲသွေးလည်း ကြွစေသော၊ လေဝယ် လွင့်နေသော သူရဲကြီး အောင်လံ ခု၏ ရဲရဲတောက် နီမြန်းသော အသရေကို မြင်ယောင်လာသည်။

ယခုပင် ခံစားရသို့ ရင်ဝယ် ဆို့နင့်လာ၏။

"ကုလား သင်္ဘောတွေကိုလည်း အမြောက်က ချိန်လိုက်ပါရော၊ ကုလား သင်္ဘောရှေ့မှ မင်းစီးလှေက ကန့်လန့်ကန့်လန့်နဲ့ ပါလာတာကိုး"

"ဘယ်သူတွေလဲ မောင်"

"ကျောက်မြောင်းအတွင်းဝန်နဲ့ ဝက်မစွတ်ဝန်ထောက်တို့ပေါ့ မိမိရယ်။ တို့က ကုလားကို မတိုက်ရဘူး။ လက်နက်ချရမယ်တဲ့။ မောင်မောင်တို့က ဘယ်မှာ လက်နက်ချမလဲ မိမိရယ်။ ဘုရင်နဲ့ကိုင်ပြီး ဘုရင့်အမိန့် မရရင် လက်နက်မချနိုင်ဘူးပေါ့။

"အဲဒီအချိန်မှာ ကျောက်မြောင်းအတွင်းဝန်ဟာ ခံတပ်က နေပြီး နေပြည်တော် သံကြိုးရိုက်တယ်။ ဘုရင့်ဆီက သတ္တိကြောင် သူရဲဘောနည်းတဲ့ ထဘီပုံထဲက င်က လက်နက်ချလိုက်ကြတဲ့။ ကြေးနန်းနဲ့ အမိန့်ပေးတယ် မိမိရယ်..."

www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်… အရှင်မင်းမြတ်ကို မစော်ကားပါနဲ့"

"မောင်သာ လူကြီးဆိုရင် ဘုရင့်အမိန့် ဘာမှာခံမလဲ။ ကျောက်မြောင်းအတွင်းဝန်နဲ့ ဝက်မစွတ်ဝန်ထောက်ကိုလည်း ဖမ်းသတ်မှာပဲ။ ကုလားကိုလည်း အသေတိုက်မှာပဲ။ မောင်ဟာ ဒီဘုရင့်အမိန့်ကို အတတ်နိုင်ဆုံး ဖီဆန်တဲ့အနေနဲ့ သေနတ်တွေ ယူပြီး မောင့်ငယ်သားတွေနဲ့ ထွက်လာတယ်၊ လက်နက်မချဘူး။ ဘယ်တော့မှ မောင်ဟာ လက်နက်မချဘူး။ သေတာတောင် ကုလားကို တိုက်ရင်းသေမယ်"

မြတောင်သည် ဒေါသဖြင့် အော်ကြီးဟစ်ကျယ် ဖြစ်သွားလေ၏။

"မောင်မောင်… မောင် ဒီလို သဘောထားမျိုး ထားတာ မကောင်းပါဘူး မောင်ရယ်"

"မိမိပဲ စဉ်းစားကြည့်ပါ။ မောင်တို့ တိုက်လို့ အကုန်သေကုန်တော့ကော ဘာဖြစ်လဲ… ရှုံးတာပဲ မဟုတ်လား။ အခုလို မတိုက်ဘဲ လက်နက်ချလိုက်တော့ကော ဘာထူးလဲ… ရှုံးတာပဲ မဟုတ်လား။ ရာဇဝင်မှာ နောင်လာနောက်သားတွေရဲ့ တံတွေးခွက်ထဲ မောင်တို့ ပက်လက်မျောရတော့မယ်။ အရင်းခံက ဘုရင်အသုံးမကျလို့၊ ဝန်ညံ့၊ မှူးညံ့၊ မတ်ညံ့တွေ လွှမ်းမိုးတာ"

"မိမိဟာ ထိပ်ခေါင်တင် စုဖုရားရဲ့ အပျိုတော်ဆိုတာ သတိထားပါ မောင်၊ အရှင်နှစ်ပါးကို မထိခိုက်စေချင်ဘူး"

မိမိငယ်၏ အသံက သိသိသာသာ မာလာတော့သည်။

မြတောင်က ဖျတ်ခနဲ ငဲ့လိုက်ကာ-

"အရှင်နှစ်ပါးကို မောင် မကြည်ညိုဘူး။ ညောင်ရမ်း၊ ညောင်အုပ်မြင်ကွန်းကို နန်းတင်ချင်လို့ ကုလားကို တိုက်နေတာလည်း မဟုတ်ဘူး။ သီပေါဘုရင်လို ဘုရင်များတော့ အမှိုက်ပုံထဲက ကောင်ကို ကောက်တင်ဦး၊ ဘုရင် လုပ်ခိုင်းလို့ရတယ်"

ဟု ဆိုကာ ထရပ်လေ၏။

"ဒါတော့ ရိုင်းသွားပြီ မောင်မောင်"

မိမိငယ်က အော်ပြောသည်။

"မောင်မောင်ဟာ အမျိုးနဲ့ ဘာသာ သာသနာအတွက် ကုလားကို တိုက်နေတာပါ။ သီပေါကိုယ်တော်ကို မကြည်ညိုဘူးဆိုလို့ ရိုင်းတယ် ပြောလည်း မောင် ပြန်ရုံပါပဲ မိမိရယ်"

မြတောင်သည် ရုတ်ခနဲ နောက်ဖေးပေါက်သို့ ပြေးတက်သွားလေ၏။



မိမိငယ်ခမျာမှာ မလှမ်းမကမ်းတွင် ထိုင်ငိုက်နေသော ဒေါ်သီတာထံ ပြေးသွားကာ ဖက်၍ ငိုရှာတော့သည်။

"မောင်မောင်ဟာ ကျေးဇူးသစ္စာတော်ကို… အို… မိမိ မပြောရက်ပါတလား ဒေါ်သီတာရယ်"

ကုလားတက် ခေါက်သံများ ညံလာ၏။ မိမိငယ်၏ အပူကို အကြောက်တရားက မလွှမ်းနိုင်။

"သမီးရည်းစား လျှာနဲ့ သွားပါပဲ မိမိရယ်၊ အဆင်မသင့်တဲ့အခါများ ကိုက်မိကြစမြဲပါပဲ… တိတ်ပါကွယ်"

"မောင်မောင်ဟာ မိမိ မျက်နှာကိုမှ မငဲ့ဘူး။ သိပ်ရက်စက်တယ်"

သည်းကျွမ်းရှိုက်သံသည် ကုလားတက် ခေါက်သံများကို လွှမ်းခြုံသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၈

ကိုကြာလန်းမှာ ဓားကို ဆွဲထုတ်ကာ တောင် မြောက် လေးပါးကို နားစွင့်နေလေ၏

မြတောင်က ပြန်မလာသေး။ ကုလားတက်ခေါက်သံများက ညံနေသည်။ ကိုကြာလန်းအတွက် စိုးရိမ်စရာပင် ဖြစ်သည်။

ချွတ်ခနဲ အသံကြား၏။ ကိုကြာလန်း ခုန်လှည့်လိုက်၏။ ချုံပုတ်သည် ငြိမ်နေ၏။

ကျောဘက်က သစ်ရွက်နင်းသံ ပေါ်လာပြန်သည်။

''ဘယ်သူလဲ...''

ကိုကြာလန်း ဓားမြှောက်၍ အော်၏။

''မင်းကော ဘယ်သူလဲ''

''ဟာ... ဗိုလ်မှူး၊ ကျွန်တော် ကြာလန်းပါ။ စိတ်ပူလိုက်ရတာ ဗိုလ် ရယ်''

မြတောင်သည် ကိုကြာလန်း၏ လက်မှ မြင်းကို ယူ၍ မြင်းပေါ်တက်သည်။ မြင်းကို မတို့ဘဲ စီးလိုက်လာ၏။ မြင်းကြီးသည် လေးတွဲ့စွာ လှမ်းထွက်လာ၏

''ကုလားတက်ခေါက်သံတွေ ညံလို့ပါကလား ဗိုလ်မှူး''

''တောကြောင် လာပြီ ထင်တယ်''

''ရွာတံခါးကိုသွားရင် ဒီကောင်တွေကို မုချမိမှာပဲ ဗိုလ်မှူး''

မြတောင်က ဘာမျှ မပြောပေ။

''သွားရအောင် ဗိုလ်မှူး''

''သွားလေ''



ကိုကြာလန်း ရှေ့ဆောင်၍၊ မြင်းနှစ်စီးသည် ရွာတံခါးဆီသို့ ခွာသံ ပြင်းပြင်းဖြင့် ဒုန်းစိုင်းလာကြသည်။

မြင်းခွာသံ ကြားသဖြင့် ရွာတံခါးတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ ရွာ ါး ပြင်ဘက်တွင် ရပ်နေသော လူသုံးယောက်မှာ ပြေးချိန် မ ကြပေ။ ါး၏ အတွင်းဘက်တွင် မီးတုတ် မီးစည်းများ လင်းထိန်နေပေသ

''ဟေ့... ဒါ ဘာလုပ်တာလဲ''

ကိုကြာလန်းက ဟိန်း၍ မေး၏။

မြတောင်မှာ နောက်ကွယ် မှောင်ရိပ်တွင် နေသဖြင့် တောကြောင်များ င်သာ။ တောကြောင်များအနေနှင့် ကိုကြာလန်းကိုမူ လူထင်စရာ အကြောင်း လှ။

''ဗိုလ်ထွန်းအောင်ရဲ့ တပည့် ငရဲမီးဆိုတာ ငါပဲဟေ့။ မဆိုင်ဘဲ ဝင်မရှုပ်နဲ့၊ င်းပြုတ်သွားချင်သလား''

''မင်း စွမ်းရင်လည်း ငါ ခေါင်းပြုတ်ရမှာပေါ့ကွာ၊ ဒါ အရေးမကြီးပါ အဲ... အခု မင်း ဘာလုပ်တာလဲ''

ကိုကြာလန်းက အာလေးလျှာလေးကြီးဖြင့် မေးသည်။

အတွင်းက ရွာသားများမှာမူ ယခု မေးသူသည် မင်းကြီး ဗိုလ်ဥတ္တမ ာ... မြတောင်ဗိုလ်လော... အမျိုးမျိုး တွေးနေကြ၏။ မြတောင်ကို မြင်ဖူး ားကမူ မဟုတ်ဟု ငြင်းနေကြသည်။

''ငါတို့ဘာသာ ဘာပဲလုပ်လုပ်၊ ဝင်မရှုပ်နဲ့လို့ ပြောနေတာ မကြားဘူး ခေါင်းကောင်းလို့ ဓားတောင်းတာလားဟေ့''

ငရဲမီး အမည်ခံ ပုကွကွ ဓားပြဗိုလ်က ဟိန်းဟောက်၏။

ကိုကြာလန်းက-

''ဗျို့... ရွာထဲက မင်းများတို့... ဒီလူတွေကို ငွေဘယ်လောက် ပေးရ ''

''မများပါဘူးဗျာ... ဒင်္ဂါး ၅၀ တည်းပါ''

''ပေးပြီးကြပြီလား''

''ဟုတ်ပါ့ဗျား''

ကိုကြာလန်းသည် မြင်းကို မီးရောင်ထဲ တိုးလာ၏။

''ခင်ဗျားတို့ အခုလို ရပ်သူရွာသားတွေအပေါ်မှာ ခြိမ်းခြောက် ငွေတောင်း ဘာကြောင့်လဲ။ လုပ်ကိုင် မစားနိုင်လို့လား''

www.burmeseclassic.com

www.burmeseclassic.com



"တယ်ပြီး စော်ကားပါလား၊ မင်း ဘယ်သူလဲ ဟေ"

"မလုပ်နိုင် မကိုင်နိုင်ရင်လည်း အစွန့်ခံများလို နေ့အချိန်မှာ လာ
တောင်းပါလားဗျာ"

"ဟင်… ငရဲမီးတဲ့ဟေ့"

လူသုံးယောက်အနက် ဗိုလ်နှင့် တူသူ ငရဲမီးက ကြုံးဝါးကာ ကိုကြာလ
ထံ ဓားနှင့် ပြေးလာ၏။ ကိုကြာလန်းက ဓားဖြင့် ခံ၍ ပက်ထုတ်လိုက်သည်
ငရဲမီးမှာ ရှာတံခါးနှင့် ပြေးဆောင့်မိ၏။

"ဟေ့… ခဏရပ်ကြစမ်း"

မြတောင်၏ ရူးရှသော အသံကြောင့် ငရဲမီး တန့်သွားသည်။

မြတောင်က မြင်းနှင့် ရှေ့တိုးလာ၏။

"ဟေ့… မင်း ဗိုလ်ထွန်းအောင် တပည့် မှန်သလားဟေ့"

"ဟုတ်တယ်"

"မင့်ဆရာ ဗိုလ်ထွန်းအောင်ဟာ ရပ်သူရွာသားတွေကို မနှိပ်စက်တော
ပါဘူးလို့ ငါ့ဆီမှာ သစ္စာဆိုသွားပြီးပြီ။ အခု မင်းတို့ လုပ်နေတာက မင်း
ဆရာနဲ့ တခြားစီ ဖြစ်မနေဘူးလား"

"ကြက်မှာသာ ဗိုလ်ရှိတာ၊ လူမှာ ဗိုလ် မရှိဘူး။ ဘာသစ္စာလဲ
မသိဘူး"

ငရဲမီးသည် လက်နက်မဲ့သော ရွာသားများကိုကား ဗိုလ်ထွန်းအောင်နှ
ခြောက်၍ ဗိုလ်ထွန်းအောင်၏ ဆရာ ဆိုသူ ပေါ်လာသောအခါတွင်ကား ဗိုလ်ထွန်းအေ
ကို ဖယ်ရှားပစ်လိုက်သည်။

"ငါတို့ဟာ ဗုဒ္ဓဘာသာ မြန်မာ အမျိုးသားတွေပါ။ ဘောက်မဲ့ကြော
ဓာတ်တူသားချင်း စားချင်ရတာလဲ။ မင်းတို့ ယောက်ျားကောင်း မှန်ရင် ကုလား
တိုက်ပါတော့လား။ အင်အားမရှိရင် ငါနဲ့ လာပြီး ပေါင်းပါ"

"ဘယ်သူ့ တပည့်မှ မခံဘူးဟေ့၊ ကုလားကို တိုက်လို့ ထမင်းဝတ
မဟုတ်ဘူး"

"ဗိုလ်မှူး… ကျောက်ခဲကို ဆီညှစ်မနေပါနဲ့တော့ ခင်ဗျာ၊ ကျွန်တော်
ဆုံးမပါရစေ"

ကိုကြာလန်းက ဓားဝင့်ကာ ပြော၏။

"အေး… မင်း ပြောတာ မှန်တယ်။ နွားချိုကို နို့ညှစ်ရတာ မောတယ်
ကွာ။ ဟေ့ ဟေ့… မတရား မလုပ်နဲ့လေ၊ မြင်းပေါ်က ဆင်းတိုက်စမ်း"



ကိုကြာလန်းက မြင်းဖြင့် နင်းခုတ်မည် လုပ်သဖြင့် မြတောင်က သတိပေး
လိုက်ရာ ကိုကြာလန်းက မြင်းဇက်ကို မြတောင် လက်ထဲ ထည့်ကာ ခုန်ဆင်းလိုက်
သည်။

မြတောင်က ပြောင်းတိုသေနတ်ကို ထုတ်ပြီး ကျန်လူများအား ချိန်ထား၏။

ဓားပွဲကား စပေပြီ။

ကိုကြာလန်းက မျက်နှာကာဓားလှဖြင့် ခေါ်လိုက်သည်တွင် ငရဲမီးက
ရင်ခွဲအသားလှန်ဖြင့် ဝင်လာသည့်အတွက် ကိုကြာလန်းက စင်ရော်သုတ်ဖြင့်
ခတ်လိုက်သည်။

ဓားနှစ်စင်းမှ ဝင်းခနဲ မီးပွင့်သွား၏။

ငရဲမီးသည် နောက်သို့ ဆုတ်သွားကာ ဓားလျှိုဓားရေးဖြင့် ဝင်လာသဖြင့်
ကိုကြာလန်းက ဓားခုတ် ဓားရေးဖြင့် ဖျက်ပစ်လိုက်ပြီး မောက်တိုယပ်၊ ခတ်အင်တွဲ၊
ယဉ်ထန်ရေပေါ်၊ တစ်ဖက်နုတ်၊ ဓားသွဲ့ စသည်ဖြင့် ဓားရေးများ ဆင့်ကဲဆင့်ကဲ
ဆက်ကာ သုံး၍ ဖိတိုက်လေ၏။

မြတောင်မှာ ငရဲမီး တစ်ချက် နှစ်ချက် ခုတ်တာ မြင်ရလျှင် ကိုကြာလန်း
နှင့် လူဖက် မဟုတ်ဟု သိသည်။

သို့ကြောင့်-

"တော်တော့ဟေ့… ဒီကောင် အလကားပဲ။ ဓားရေး ပြပါဆို နွားစာ
စဉ်းသလို လုပ်နေတာပဲ၊ တော်တော့ကွာ"

မြတောင်၏ အမိန့်ကြောင့် ကိုကြာလန်း ဓားသိမ်းလိုက်ရာ ငရဲမီးက
အလစ်ဝင်၍ ပိုင်းလိုက်လေ၏။ တံခါးတွင်းက ရွာသားများမှာ ဟယ်ခနဲ ဖြစ်သွား
ကြသည်။ ကိုကြာလန်းသည် သိုင်းကွက်နင်း၍ ရှောင်လိုက်ကာ၊ အားလွန်မှောက်
လျက် လဲသွားသော ငရဲမီး၏ ကျောကို ဖနောင့်ဖြင့် ပေါက်လိုက်သည်။

"သဘောက်မသား… မိန်းမလိုမိန်းမရ"

ရေရွတ်ပြီး နောက်တစ်ချက် ထပ်ပေါက်လိုက်ပြန်၏။

ငရဲမီးသည် လက်ထောက်၍ ထသည်။ ပါးစပ်ထဲမှ သွေးခဲများ အန်ထွက်
လာကာ ပြန်လဲသွား၏။ နောက်တစ်ကြိမ် ကုန်းထပြန်သည်။ လေးဖက်ထောက်မိ
ကာမှ အွတ်ခနဲ ကျသွား၏။

မလှုပ်တော့ပေ။

ကိုကြာလန်း၏ ဖနောင့် နှစ်ချက် ပေါက်ခံရရုံဖြင့် ဓားပြကြီး ငရဲမီးမှာ
ဇီဝိန်ချုပ်သွားရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွာသားတွေဆီက ဒင်္ဂါး ၅၀ ဘယ်မှာလဲဟေ့"

ငရဲမီး၏ နောက်လိုက် ထင်ရသူများအား ကိုကြာလန်းက မေးသည်။

ထိုသူများမှာ ဒူးချင်းရိုက်နေ၏။ ပြေးပေါက်မဲ့သော ယုန်သူငယ်လို ဖြစ်နေကြသည်။

"ဟေ့… မေးတာ မကြားဘူးလား"

"သူ့ဆီ·· သူ့… သူ့ဆီမှာပါ"

"ရှာပေးကြစမ်း"

တစ်ယောက်သည် ကိုကြာလန်းအား ကြောက်ကြောက်ရွံ့ရွံ့ မော့ကြည့်ရင်း၊ ငရဲမီး၏ အိတ်ထောင်ထဲမှ ဒင်္ဂါးများကို ယူပေး၏။

ကိုကြာလန်းက ဒင်္ဂါးများကို ရေတွက်ကြည့်ရာ ၁၀၀ ဖြစ်နေ၏။

"၁၀၀ ဖြစ်နေပါကလား၊ မင်းတို့ ဘယ်ရွာကို ဝင်ခဲ့သေးလဲ"

"အို··အို··အဲ··အဲ"

"အခုမှ ကြောက်မနေပါနဲ့လေ၊ မေးတာ ဖြေကြစမ်းပါ"

"ချောင်း… ချောင်းကောက်ရွာပါ"

"ပိုလ်မှူး ၅၀ ပိုနေတယ်"

ကိုကြာလန်းက မြတောင်အား လှည့်ပြောသည်။

"ပိုတဲ့ ၅၀ ကို မင်းယူထား၊ ကျန်တဲ့ ၅၀ ကို ဒီရွာမှာ ပြန်ပေးလိုက်"

ကိုကြာလန်းသည် ဒင်္ဂါး ၅၀ ကို အဝတ်ဖြင့် ထုပ်၍ ရွာထဲသို့ ပစ်ချလိုက်၏။

"တွေ့ကြလားဗျို့"

"တွေ့ပါဗျား"

"စေ့ရဲ့လား၊ ရေကြည့်ပါဦး"

"စေ့ပါဗျာ"

ကိုကြာလန်းသည် ထိုကျန်လူများကို မည်သို့ စီရင်ရမည် မသိ ဖြစ်နေ၏။ သို့စဉ် မြတောင်က-

"ခင်ဗျားတို့ကို ကျွန်တော် ဘယ်လို လုပ်ရရင် ကောင်းမလဲ"

"ချမ်းသာ ပေးပါ ခင်ဗျာ။ကျွန်တော်တို့လဲ ဓားပြတိုက်ခံရလို့ ကြံရာမရ ဖြစ်တာနဲ့ သူ့နောက်ကို တပည့်ခံပြီး လိုက်လာမိကြပါတယ်"

ကျန်လူများသည် ရှိခိုး၍ တောင်းပန်၏။ သူတို့၏ ရွာအမည်များကို လည်း ပြောပြသည်။



"ခင်ဗျားတို့ကို ဓားပြတိုက်လို့၊ ခင်ဗျားတို့က ဓားပြ ထလုပ်သလို ခင်ဗျားတို့ရဲ့ အတိုက်ခံရတဲ့ လူတွေကလည်း ခင်ဗျားတို့လိုပဲ ဓားပြထ လုပ်ရင် တော်မကုန်ပေဘူးလား ဟင်။ တစ်နိုင်ငံလုံး ဓားပြချည်း ဖြစ်ကုန်ရင် ဘယ့်နှယ် ထုပ်မလဲ"

မြတောင်၏ အမေးကို တောကြောင်များ မဖြေယာတ်ကြပေ။

"ရိုးသားတဲ့ ရပ်သူရွာသားတွေမှာ ကုလားရန်က တစ်မျိုး၊ ခင်ဗျားတို့လို တောမီးလောင်တုန်း ထပြီး လက်ခမောင်းခတ်တဲ့ လူတွေရဲ့ အနှောင့်အယှက်က တစ်သွယ်နဲ့ နေစရာ မရှိကြတော့ဘူး"

"ဘာပဲဖြစ်ဖြစ် ကိုယ့်အမျိုးသားချင်း ပြန်ပြီး မနှိပ်စက်စေချင်ဘူး။ တော်သာလို့ လုပ်ရရင်လည်း ကုလားကို ဘုရားထူးတဲ့ သစ္စာဖောက်တွေကို သွားလုပ်ကြပါတော့လား။ အခုလို အေးဆေးစွာ နေတဲ့လူတွေကို နောင်ခါမှာ ဘယ်တော့မှ မနှိပ်စက်ပါနဲ့။ ခင်ဗျားတို့ မျက်နှာတွေ ကျုပ် သေသေချာချာ မှတ်မိတယ်။ နောင်ကို ဒါမျိုး လုပ်တာတွေ့ရင် အသေပဲဆိုတာကို မြဲမြဲမှတ်ထား။ ခင်ဗျားတို့ရဲ့ ဆရာ ဗိုလ်ထွန်းအောင်ကိုလည်း ပြောလိုက်ပါ။ ထမင်း ဝဝစားထားလို့ ဟဲ… သွားကြ"

မြတောင်သည် မိုးချုန်းသံဖြင့် ငေါက်ငမ်းကာ နှင်လွှတ်လိုက်ပြီးနောက်-

"ခေါင်းမင်းတို့…"

ဟု လှမ်းခေါ်၏။

"ဗျား… ဗျား…"

"ခေါင်းမင်းတို့ ဒီလိုသာ ပေးနေရရင် ကြာရှည်မှာ ခက်မယ်ဗျာ။ တောင်ကြောင်လည်း လူ၊ ခင်ဗျားတို့လည်း လူပါ။ ပြီးတော့ သူတို့ လာတာကလည်း တစ်ယောက် နှစ်ယောက်။ အဲဒါကို ခေါင်းငုံ့ပြီး တောင်းသမျှ ပေးနေရတာ ရှက်စရာ ကောင်းလှသဗျာ"

"တောကြောင်ပေမယ့် စွမ်းတယ် ဗိုလ်မင်းရဲ့"

ရွာထဲက ပြန်ပြောသည်။

"ဓားရေး လှံရေး မယှဉ်နိုင်ရင် ရွာတံခါးမှာ ကျင်းတူး ခြောင့်ထောင်ထား ပါတော့လား။ ဓားပြီး တုတ်ပြီးတဲ့ ကောင်တွေကို သူ့အားနဲ့ ဝိုင်းဖမ်းပြီး မီးဖုတ် သတ်ပါတော့လား။ သူတို့ကို ပေးတဲ့ အစာထဲ အဆိပ်ခတ် သတ်ပါတော့လား။ ခင်ဗျားတို့ ညီရင် စကြာမင်းတောင် မခံနိုင်ဘူး။ ခင်ဗျားတို့ ယောက်ျားတွေပါ။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ ယောက်ျားစစ်လျက် သတ္တိကြောင်တာ မရှက်ကြဘူးလား။ ခင်ဗျားတို့ လူဖျင်းတွေ… လူနုံတွေ…''

မြတောင်၏ အသံသည် ကြောက်မက်ဖွယ်ရာ ကျယ်လောင်လာ၏။

''လူညံ့တွေ… လူ့ငတုံးတာတွေ… ကောနေတဲ့ အသုဥ်းတွေ၊ ရှက်ဖွယ်လီလီ… ရွာရိပ်က မြန်မြန်ခွာရအောင်ဟေ့… လာ''

အကျယ်လောင် အပြင်းထန်ဆုံးသော အသံကြီး၏ အဆုံးဝယ် ချောင်းဖြူရွာမှာ တိတ်ဆိတ်သွား၏။

ဒုန်းစိုင်းသွားသော မြင်းခွာသံများမှာ တဖြည်းဖြည်း ဝေးသွားသည်။ ပျောက်သွားသည်။

တံခါးအတွင်း၌ ရွာသော်၊ ဆယ်အိမ်ခေါင်းနှင့် ရွာသားများသည် မီးတုတ် မီးစည်း ကိုင်လျက် တစ်ယောက်မျက်နှာ တစ်ယောက် ငိုင်ကြည့်နေကြသည်။

ရွာသော် ဦးကွန်းက စတင်၍-

''အင်း… သူ ပြောသွားတာလည်း ဟုတ်ပေတာပဲ''

''သူက ဘယ်သူလဲဗျ''

ရွာသားတစ်ယောက်က မေး၏။

''မဟုတ်ကာမှ လွဲရော… ငါတော့ မြတောင်ဗိုလ်လို့ ထင်တာပဲ''

ဆယ်အိမ်ခေါင်းတစ်ယောက်က ဖြေလိုက်လျှင် ဦးကွန်းက ပြောသည်။

''ဒါ ထားစမ်းပါကွာ၊ ငါတော့ သူ ပြောသွားတာ တစ်စက်မှ မခံချင်ဘူး ငါတို့အားလုံး ခွေးဖြစ်ကုန်ပြီ''

''ဟုတ်တယ်ဗျာ… ကျုပ်လည်း မခံချင်ဘူး''

''ဒါဖြင့် တို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ''

သူတို့သည် မီးစည်း မီးတိုင်များကို ငြိမ်းပစ်ကာ ကင်းတဲပေါ် ထိုင်ကြ၏။ အချို့က မြေကြီးပေါ်မှာ ထိုင်ကြ၏။

''ရွာတံခါးဝမှာ ကျင်းကြီးတူးပြီး၊ အောက်မှာ ရှူးသား ဖြောင့်တွေစိုက်၊ အပေါ်က ဝါးတန်းပစ်၊ ထန်းရွက်အုပ်ပြီး မြေဖို့ထား။ ဒီတံခါးက ဘယ်သူမှ မဝင်ထွက်နဲ့''

''တို့တစ်တွေ ထင်းခွေ ဟင်းရွက်ခူးသွားဖို့ လယ်ပြင် ချောင်းပြင်သွားရင် ကျတော့ ဘယ့်နှယ် လုပ်မလဲ''

''နောက်ဖေးပေါက်က ထွက်ကြ ဝင်ကြပေါ့ဗျာ။ ပူစောင့်ပူယန် ဖြစ်လိုက်တာ''



''ပြီးတော့ ကျင်းထဲ မကျွံတဲ့ အကောင်ကျတော့ သုတ်တံထောင်ရအောင်''

သုတ်တံ ဆိုသည်မှာ နင်းမိလျှင် ဝါးကိုင်းက ထောင်မတ်သွားပြီး မောင်းကို တက်နင်းသူမှာ ကွင်းလျှော အစွပ်ခံရကာ ဝါးကိုင်းထိပ်ဖျားတွင် တန်းလန်းကြီး ဖြစ်နေရသည့် ထောင်ချောက်ပင်။

''နိုင်ပုံမပေါ်တော့လည်း ပေးလိုက်တာပေါ့ကွာ။ နိုင်ပုံပေါ်ရင် ဝိုင်းချုပ်ပြီး အောင်တိတ်ထားရင် ဘယ်လောက်ပဲပြီးပြီး မခံနိုင်ပါဘူး''

''ကောင်းတယ် ကောင်းတယ်''

''ကောင်းပြီကောင်းရဲ့နဲ့ အရေးထဲကျမှ သဝေထိုးသွားရင်တော့လား''

''အို… သဝေမထိုးဘူး၊ ကျုပ်တို့ ရွာကို ကျုပ်တို့ တညီတညွတ်တည်း ကာကွယ်မယ်''

ရွာသားများက ပြိုင်တူ ကြွေးကြော်လိုက်ကြလေ၏။

သို့စဉ်တွင် မိုးသား ပါးသော နေရာမှ ကြယ်မှုန်ကလေးတစ်ပွင့် လက်ခနဲ ကျွတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၉

အနားရောက်မှ ထပ်ပြုသွားသော လှည်းလမ်းကြောင်းထဲမှ မြေဝပ်ငှက်တစ်ကော
၏ တောင်ဟုန်သံကြောင့် ကိုကြာလန်း၏ မြင်းကြီးမှာ ပတတ်ရပ်၍ ဟီလို
သည်တွင် ကိုကြာလန်းမှာ လန့်ဖျပ်ပြီး ဓားကို ဆွဲထုတ်လိုက်မိလေသည်။

မြတောင်၏ မြင်းမူ မလန့်။

"သွက်သွက်ကလေး နှင်လိုက်ကြစို့ ကိုကြာလန်းရေ…"

မြတောင်သည် မြင်းကြီးကို တောက်ခေါက်၍ အချက်ပေးလိုက်
မြင်းကြီးသည် တစ်ဟုန်ထိုး ပြေးထွက်၏။ ကိုကြာလန်းသည် မိမိ၏ မြင်း
ဇက်လျှပ်ပေးကာ မြတောင်အား မီအောင် လိုက်လာသည်။

မည်းမှောင်သော တောတန်းများ ရိပ်ခနဲ ရိပ်ခနဲ ကျန်ခဲ့၏။

လယ်ကွင်းများကို တစ်ကွင်းပြီး တစ်ကွင်း ဖြတ်ကျော်ခဲ့ကြသည်။

ရွာများမှာ စောစီးသော ညဦး ဖြစ်စေကာမူ တိတ်ဆိတ်ငြိမ်သက်နေ
ပြီ။ ထိုတိတ်ဆိတ်ချိန်ကို ဖောက်ထွင်း ထွက်ပျံလာသော မြင်းခွာသံများ ပြင်းပြ
စောင့်ရှောက်တာ၊ နယ်လှည့်တာ စသည်ဖြင့် ပြောလား ပြောတတ်ကြ၏။

မြင်းနှစ်စီးသည် နွယ်တမယ်တောင်ဖျားမှ ဖြတ်ကာ ချောင်းထဲသို့ ဆင်း
မှ အပြေးရပ်တော့သည်။

ချောင်းပြင်တွင်း၌ လေသည် တသုန်သုန် သုတ်ဖြူး၏။ မောပန်းနေသော
မြင်းနှစ်ကောင်အတွက် အမောပြေဆေးပင်။ မြတောင်နှင့် ကိုကြာလန်းတို့သည်
ပြည်စိုးကုန်းအနီးမှ ခက်ခက်ခဲခဲ တက်၍ မြို့ထဲ ဝင်လာကြသည်။



သူတို့သည် ပျံလွင့်လှေတော်ပုံနှင်း ဦးချို၏ အိမ်ထဲသို့ အေးဆေးစွာ ဝင်လာကြ၏။

ဆင်ပြူကျွန်းမှာ ကိုရင်ကြီးမိုလ်၏ တပ်ကြောင့် မထိနိုက်ပေ။ အိမ်များတွင် မီးခွက်ထွန်း၍ စကားစမြည် ပြောဆိုနေကြ၏။

မြတောင်သည် အိမ်ပေါ်သို့ တက်လာခဲ့ရာ–

"ဟင်… မောင်ကြီးပါကလား"

ဟု ဝမ်းသာအားရ အော်သံဖြင့် မိန်းကလေးတစ်ယောက်က ဆီးကြိုသည်။

"ခင်ခင်တို့ကို မမေ့သေးဘူးနော်"

"မမေ့ပါဘူး ခင်ခင်ရယ်… ဦးရီး ဘယ်ကို ကြွသလဲ ခင်"

"ပုတီးစိပ်နေတယ်။ ပြီးခါနီးပါပြီ မောင်ကြီးရဲ့၊ ကွမ်းစားနော်၊ ဟောဒီမှာ လက်ဖက်ရည်"

ခင်ခင်သည် ပျာပျာသလဲ ဧည့်ဝတ်ပြု၏။ အိမ်ထဲမှ အနုဆုပ်များ၊ ပေါက်ပေါက်ဆုပ်၊ မုန့်ဩဇာများ ထုတ်လာသည်။

"အချိုတွေချည်းပါလား ခင်ရဲ့"

"အချိုရှာနေတယ် ထင်လို့၊ သကာ အသင့်ထည့်ရတာပါ မောင်ကြီးရဲ့"

"ကျေးဇူးတင်ပါဘိ ခင်ရယ်၊ နေကောင်းကြတယ်နော်"

ခင်ခင်သည် မြတောင်၏ ဘေးဘက် မလှမ်းမကမ်းတွင် ထိုင်သည်။

မီးရောင်အောက်တွင် ခင်ခင်၏ မျက်လုံးများသည် တောက်ပနေ၏။ ပျောက်သောသူကို တွေ့ရ၍ ထင်သည်။

"ခင့်ကိုတော့ ကျေးဇူးမတင်ပါနဲ့ မောင်ကြီးရယ်၊ ဘဘကို ကျေးဇူးတင်ချင် တင်ပါ"

"အို… ဘာဖြစ်လို့ ကျေးဇူးမတင်ရမှာလဲ ခင်ရဲ့၊ မောင့်ကို စိတ်ဆိုးလို့လား"

"မောင်ကြီးကို ဘယ်တော့မှ စိတ်မဆိုးဘူး၊ ဒီတစ်သက်မှာလည်း မမုန်းဘူး၊ ခင့်ကို ကျေးဇူးတင်မယ့်အစား သြော်… ငါ့ကို ခင်တွယ်တဲ့ ခင်ခင် ဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိပါကလားလို့ သတိရနေစေချင်တယ်"

"ဟား ဟား… မမေ့ပါဘူးဗျာ၊ ဘယ်တော့မှ မမေ့ပါဘူး၊ အမြဲတမ်း အမှတ်ရပါတယ်"

"ပါးစပ်ရှိလို့ ပြောတာမျိုးတော့ မဖြစ်ပါစေနဲ့ မောင်ကြီးရယ်"

ခင်ခင်မှာ မျက်လုံးကလေး ဝင့်ကာ ကြည့်လိုက်ပြီးနောက် မျက်လွှာပင့်ကာ မြတောင်အား ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဗိုလ်မှူးပါကလား''

အေးဆေးညင်သာ၍ တည်ငြိမ်စွာ ပြောရင်း ပဲ့နင်းကြီးသည် အခန်းထဲမှ ထွက်လာ၏။

''မှန်ပါတယ် ဦးရီးခင်ဗျား...''

မြတောင်က ထိုင်ရာမှ ထ၍ ဂါရဝပြုသည်တွင် ပဲ့နင်းကြီးက လက်ကာပြရင်း-

''နေပါ ဗိုလ်မှူးရယ်... ကျုပ်လည်း ပဲ့နင်း မဟုတ်တော့ပါဘူး။ ဗိုလ်မှူးတို့ကသာ အမျိုးဘာသာ သာသနာအတွက် အသက်နဲ့ရင်းပြီး ဆောင်ရွက်နေနိုင်ကြသေး။ ကျုပ်မှာတော့ သူ့လက်အောက်မှာ အတက်ကျိုးတဲ့ ကြက် ဖြစ်နေပါတယ်ဗျာ''

ပဲ့နင်းကြီးသည် ခေတ်ကို လည်းကောင်း၊ အခါကို လည်းကောင်း၊ ဘဝကို လည်းကောင်း မကျေမနပ်သံဖြင့် ထုတ်ဖော် ညည်းတွားလေသည်။

''ခင်ရေ... အောက်မှာ ကိုကြာလန်း ကျန်ခဲ့သေးတယ်ကွယ်၊ စားစရာလေးများ ပေးပါကွယ်''

''ဟုတ်လား၊ သမီး... တစ်ယောက်ယောက် ခိုင်းလိုက်ပါ့ကွယ်''

ပဲ့နင်းကြီးက လိုလားစွာ ပြောလိုက်လျှင် မြတောင်က-

''အားမလျှော့ပါနဲ့ ဦးရီးရယ်၊ ကာယကံမြောက် မတိုက်ပေမယ့် မနောကံနဲ့ တိုက်သူတွေ ရှိနေရင်ပဲ ကျွန်တော်တို့ အားတက်လှပါပြီ ဦးကြီးခင်ဗျာ''

''မနောကံနဲ့ကတော့ သေသည်အထိ တိုက်မှာပဲ ဗိုလ်မှူး။ ကမ္ဘာကျေသော်လည်း ဒီမိစ္ဆာဒိဋ္ဌိ မသမာကောင်တွေကို ကျေနိုင်မလား''

''ဝမ်းသာလှချည့် ခင်ဗျာ''

''ဒါပေသည့်... သူတို့ကို အလိုက်အထိုက်တော့ ဆက်ဆံနေရတယ် ဗိုလ်မှူးရေ... ကလန်ကဆန် လုပ်ရင်လည်း ကျုပ်မှာ သမီးလေးနဲ့ဆိုတော့၊ အင်း... အရှယ်ကျလာမှတော့ မကောင်းတော့ပါဘူး ဗိုလ်မှူးရယ်၊ ကျုပ်ကိုတော့ အထင်မမှားစေချင်ဘူး''

''ဦးရီးကို အထင်မလွဲရဲပါဘူး ခင်ဗျာ။ ကျွန်တော် ယုံကြည်လေးစားပါတယ်''

မြတောင်က ပဲ့နင်းကြီး အားရှိလာစေရန် ပျာပျာသလဲ ပြော၏။ ထို့နောက်-

''ကနေ့ အယောက်တစ်ယောက် ဒီကို လွှတ်ပါတယ် ဦးရီး။ အဲဒီ ပဲ့နင်းဦးထွန်း ကျောင်းဝိုင်းထဲ ဖိနပ်စီးတာ တွေ့ပြီး မခံမရပ်နိုင် ဖြစ်လာပါတယ် ခင်ဗျာ။ ဦးထွန်းက သူ့ဘက်သား ဖြစ်သွားပြီလား ခင်ဗျာ့''



ပဲ့နင်းကြီးသည် သက်မ ချလိုက်ကာ မှောင်ထဲသို့ ငေးကြည့်နေသည်။ ပြုချင်သည် မထင်သောကြောင့် မြတောင်က လက်ဖက်ရည်တစ်ခွက် ငှဲ့သောက်၏။

ပဲ့နင်းကြီးက-

''အင်း...''

ဟု လေးလေးကြီး ညည်းလိုက်ကာ-

''မောင်ထွန်းအကြောင်း ပြောရမှာ ပါးစပ်သနပါပြီ ဗိုလ်မှူးရယ်''

မြတောင်မှာ ဆိတ်ဆိတ်နေကာ ခင်ခင်အား လှမ်းကြည့်လိုက်ရာ မိမိအား ငေးမောနေသော ခင်ခင်၏ မျက်လုံးရွဲကြီးများနှင့် အကြည့်ချင်း ဆုံသွားသည်။ ထိုအခါ အေးခနဲ ဖြစ်ကာ မျက်လုံးလွှဲလိုက်ပြီး တစ်ချက် နိုးကြည့်ပြန်သည်။ ခင်ခင်လည်း မျက်လွှာချနေပေပြီ။

ခင်ခင့် ပါးပြင်မှာ ဒန်းရောင် ပြေးနေသည် ထင်ရ၏။

ပဲ့နင်းကြီးက-

''ဗိုလ်မှူးကိုတော့ မပြောမဖြစ်လို့ ပြောရဦးမှာပဲ၊ သူတို့ သားအဖ နှစ်ယောက်လုံး ကုလားကို ဘုရားထူးပြီး ကျွန်ခံလိုက်ကြပြီ''

''သူ့သားက ဘယ်သူပါလဲ ဦးရီး''

''မောင်မောင်လတ်တဲ့''

''သြော်...''

မြတောင်သည် ကိုရင်ဖျိုင်း ပေးသော သတင်းတစ်ရပ်မှ မိမိငယ်ထံ ရောက်နေသည် ဆိုသည့် အမည်ကို သတိရလာ၏။

''တစ်လောက ဗိုလ်မှူးတို့ဆီမှာ ကုလား ၅၀၀ လောက် သေသွားဆို''

''၂၀၀ ကျော်ကျော်ပါ ဦးရီး၊ ဒီကောင်တွေ အဝင်အထွက် ဘယ်လိုလဲ''

''မနေ့က ဂေါ်ရာတပ်တစ်တပ်၊ အင်အား ၅၀၀ လောက် ရှိမယ်တဲ့၊ ရောက်လာတယ် ကြားတယ်။ သမီး... ဟုတ်တယ်နော်''

ခင်ခင်အား လှည့်မေးလိုက်ရာ-

''ဟုတ်ပါတယ် ဘဘ၊ အမြောက်တွေလည်း ပါတယ်၊ မြင်းတွေလည်း ပါတယ်''

ဟု ခင်ခင်က ဖြေ၏။

''သင်းတို့ကတော့ ဗိုလ်မှူးတို့ဘက်ကို ဦးလှည့်လာပြီ။ ဗိုလ်မှူးတို့ သတိထားစရာ ... စစ်ဖို့ အလွန်အရေးကြီးတယ်နော်''

www.burmeseclassic.com

www.burmeseclassic.com



“စိတ်ချပါ ခင်ဗျာ… နယ်သူနယ်သားတွေကကော ဘယ်လိုရှိကြ သလဲ ဦးရီး”

“အင်း… နယ်သူနယ်သားတွေကတော့ ခွေး အဖေ ခေါ်စရာ မ အဖြစ် ရောက်ကုန်ကြပါပြီ ဗိုလ်မှူးရယ်၊ တောကြောင်တွေက တစ်ဖက်နဲ့ဆို ကုလားအောက် ဝင်ကြရတော့မှာပေါ့”

“ကုလားကကော…”

“ကုလားကတော့ ငထွန်းတို့လို လောက်ကောင်တွေကို အသုံး ငါးကြင်းဆီနဲ့ ငါးကြင်းကို ကြော်တာပေါ့ ဗိုလ်မှူးရယ်၊ ကုလား ဘုရားဖူ ကိုယ့်အမျိုးကို စော်ကားကြတယ်လေ”

ပဲ့နင်းကြီး အသံမှာ ကြေကွဲသံ ပါနေ၏။ မြတောင်မှာ စိတ်မချမ်းသ မှအပ ဘာမျှ မပြောတတ်ချေ။

“ကုလားကလည်း နည်းနည်းထောင်ရင် ရွာလုံးကျွတ် မီးတိုက် တခြားရွာတွေ ကြောက်အောင် လုပ်ပေးတာပေါ့။ နောက်တော့မှ သစ္စာဖောက် အုပ်ချုပ်တာ၊ အခုဆိုရင် ဆုငွေ တစ်မျိုးတောင် ထုတ်လိုက်ပြန်ပြီကော”

“ဘာများပါလိမ့် ဦးရီး ခင်ဗျား”

“သေနတ် လာအပ်ရင် တူမီး တစ်လက် ၄၀၊ ကျောက်မီးတစ် ၃၀ ဆုပေးမယ် ဆိုပဲ”

မြတောင် အံ့သြသွားလေ၏။ ထို့နောက် ထိတ်လန့်၏။

အချိန်အခါမှာ ငွေတစ်ကျပ်ကို စပါး တစ်တင်းခွဲ ငါးစိတ် ရ၍ သက္ကလ အကောင်းစားဖြင့် ပြုလုပ်သော ပိန်းဖိနပ်တစ်ရံကို တစ်ကျပ်၊ ပေါက်စီတစ် တစ်ပြား၊ ပုသိမ်ထီးတစ်လက် ငါးမူး၊ ခေါက်ဆွဲ တစ်ခွက် တစ်ပဲ နှ ပေးရသော အချိန် ဖြစ်ရာ ငွေ ၁၀ ၏ တန်ဖိုးသည် ကြီးမား၏။ သို့ဖြစ်လျှင် သုံး လေးဆယ်သည် ဆို့ဆို့နင့်နင့် ရှိသည် ခေါ်ရမည်။

မြတောင်တို့ တပ် အုပ်သော ဒေသ၏ လုပ်ခင်းဆောင်တာများ ပုံနှင့် သေနတ်တစ်လက်ကို သုံး လေးဆယ် ပေးပုံတို့မှာ မြတောင်တို့အား တိုက် ကြီး အန္တရာယ်ပြုလာခြင်းသာ ဖြစ်သည်ဟု မြတောင် ထင်မိသည်။

“အရှင်နှစ်ပါးရဲ့ သတင်းကော ဘယ်လိုများ ကြားသေးလဲ ဦးရီး”

“ရတနာဂီရိမှာ အကျယ်ချုပ်နဲ့ စံနေကြရတယ် ဆိုလားပဲ။ ဒီဘု အကြောင်းကို မပြောချင်ပါဘူး ဗိုလ်မှူးရယ်၊ အသည်းနာလွန်းလို့”

ပဲ့နင်းကြီးသည် စိတ်မချမ်းသာသံကြီးဖြင့် မျက်နှာလှည့်သွား၏။



ပုဂ္ဂိုလ်စွဲ မဟုတ်မူ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ဘုရင် ပါတော်မူခြင်းကို ကြားမိသူတိုင်း ဘုရင်ကို စိတ်နာကြသည်။

သီပေါမင်းကို မြတောင်ဗိုလ်တို့၊ ပဲ့နင်းကြီးဦးချိုတို့ နမြောကြခြင်း မဟုတ်။ ဘုရင်ကို တမ်းတကြခြင်းသာ ဖြစ်သည်။

တိုင်းပြည် သူ့ကျွန် ဖြစ်ရခြင်းအတွက် သီပေါကို ခွင့်မလွှတ်နိုင်ကြ သလောက် ဘုရင် ပါတော်မူရခြင်းကိုလည်း နာကြည်းကြ၏။

သို့ကြောင့် သည်အကြောင်းနှင့် စပ်မိတိုင်း ပဲ့နင်းကြီးမှာ ဒေါသဖြစ်ရ၏။ သာက ရင်နင့်ရ၏။

“အေးလေ… ထူးတော့ မထူးပါဘူး ဗိုလ်မှူးရယ်။ ကုလားကျွန် ဖြစ်ရင်လည်း ဖရန်စစ်ရဲ့ သဘောက်ဘဝကို တဖြည်းဖြည်း ကျရောက်မှာပါပဲ။ နေ့စစ်ဟာ မာလာယုဘက်မှာ သူတစ်ပါးရဲ့ တိုင်းနိုင်ငံတွေကို လုယက်နေတဲ့ င်းပဲ မဟုတ်လား”

“မှန်ပါတယ် ဦးရီး… ကိုယ့်သွေး ကိုယ့်သား ကိုယ့်တိုင်းရင်းသားချင်း ခ်ပယ်ပြီး ရေခြားမြေခြားက လူတွေကို သွားအားကိုးချင်တာကိုက အနေနဲ့ မြန် ထီးနန်း သုဉ်းရမယ့် ကိန်းပါ”

“တို့ မင်းကြီးဗိုလ်ဥတ္တမ စလင်းကို လက်လွှတ်လိုက်ရတော့ ကုလား တိမ်း ငဖဲကို အလွယ်နဲ့ တိုက်နိုင်ပြီ ဆိုရမှာပေါ့”

ပဲ့နင်းကြီးသည် စိတ်မကြည်လင်တော့သဖြင့် စကားလွှဲလိုက်၏။

“စလင်းကို ရပေမယ့် ကုလား အဝိုင်းခံနေရတယ် ဦးရီး”

“ဒီလိုတော့လည်း အဟုတ်သားပဲ”

“ဗိုလ်ရာဘော်ရဲ့ တပ် ရှိတယ်။ ဗိုလ်အဲကြီး၊ ဗိုလ်ခံသီး တပ်တွေ ရှိ တယ်။ ဆေးနီဗိုလ်ဥတ္တရ ရှိသေးတယ်။ သူတို့က စလင်းကို ဝိုင်းထားပြီး အခု ကိုရင်ကြီးဗိုလ် ဆင်ဖြူကျွန်းမှာ လုပ်သလို ဒုက္ခပေးနေတာပေါ့”

“ဒီလို ကုလားကို နှိပ်စက်သတ်ဖြတ်နေသူများ ရှိသေးတဲ့ သတင်း ကြားရတော့ နည်းနည်းစိတ်သက်သာရာ ရတယ် ဗိုလ်မှူး”

ပဲ့နင်းကြီးမှာ ပြုံးနိုင် ရယ်နိုင်လာ၏။

“ကျွန်တော်တို့ကတော့ အသက်နဲ့ ကိုယ် မြဲနေသမျှ ကာလပတ်လုံး ဓားမချပါဘူး ဦးရီး။ ဟိုဘဝရောက်လို့ နာနာဘာဝ သရဲ သဘက် မှတ် ပြိတ္တာ မှင်စာ ဘီလူး ဖြစ်နေဦးတော့ ကုလားကို သတ်ဖြတ် ဖမ်းစားနေဦးမှာပါပဲ”

www.burmeseclassic.com

www.burmeseclassic.com

“သာဓု သာဓု ဗိုလ်မှူးရယ်… သာဓုပါ။ အသက်ရှည်ပါစေ၊ ချမ်းသာပါစေဗျာ”

“ဒီကုလားတပ်တွေ ကင်းလှည့်သလား ဦးရိုး ခင်ဗျား”

“မလှည့်ပါဘူး ဗိုလ်မှူးရယ်။ ကိုရင်ကြီးဗိုလ် နှိပ်စက်လွန်းလို့ ဈေးလယ်ရဲ့ အရှေ့ဘက်က ကပ်လျက် ဘုရားဝိုင်း အနောက်ဖျားမှာ သစ်တပ် နှစ်ထပ်ကာထားပြီး အထဲမှာပဲ နေကြရတယ်”

“အပြင်မှာလည်း အုတ်တံတိုင်း တစ်ထပ် ရှိသေးတယ် မဟုတ်လား”

“ဟုတ်ပါသကော… သမီးတို့ ဈေးစကားတွေ ကြားရတာတော့ ရေတွင်းနှစ်တွင်း သုံးတွင်းဟာ ကုလားအလောင်းတွေ ထည့်ပြီး ဖို့ပစ်လိုက်တယ် ကြားတာပဲ။ ဟုတ်လောက်စရာလည်း ရှိပါတယ်”

“ကဲ… အချိန်လင့်ပြီ ထင်ပါ၊ ကျွန်တော် ဦးတင်ပါသေးတယ် ဦးရိုး”

မြတောင်သည် ပွဲနင်းကြီးကို ဂါရဝပြုလိုက်ပြီးနောက်-

“မောင်ကြီး ပြန်လိုက်ဦးမယ် ခင်ခင်”

ဟု ဆိုကာ ထသည်။

“ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ။ ငွေ ၁၀၀ လောက် ယူသွားပါ ဗိုလ်မှူး”

“ကိစ္စမရှိပါဘူး ဦးရိုး”

“သမီးရေ… ဆေးဝါးများ ထည့်ပေးလိုက်ပါကွယ်။ မြင်းပေါ် ရောက်အောင်လည်း ပို့လိုက်ပါ”

မြတောင်သည် အိမ်အောက်သို့ ဆင်းလာပြီး ခင်ခင်အား စောင့်နေရသည် အတန်ကြာလျှင် ခင်ခင်က လွယ်အိတ်တစ်လုံး လာပေးရင်း-

“မကြာ မကြာ လာပါ မောင်ကြီးရယ်… ခင် မျှော်နေမယ်နော်”

ဟု သနားစဖွယ် မှာကြား၏။

“လူမရောက်ပေသည့် စိတ်ကတော့ ရောက်လျက်ပါ ခင်”

“လူလည်း ရောက်စေချင်ပါတယ် မောင်ကြီးရယ်။ ခင်ခင်လေး တစ်ကောင်ကြွက်မှာ မောင်ကြီး တစ်မျက်နှာပဲ ခင်တွယ်စရာ ရှိပါတယ်”

“လာပါ့မယ်… လာပါ့မယ်”

မြတောင်သည် ခင်ခင်၏ လက်ကလေးကို လွှတ်ကာ မြင်းနှင်၍ ထွက်ခဲ့တော့၏။

ဆင်ဖြူကျွန်းရွာကြီးသည် မီးများ ငြိမ်း၍ အိပ်ရာဝင်စပြုနေပေပြီ။

## ၁၀

“ဟော့ ရှေ့မှာ လူတွေ မဟုတ်လား ကိုကြာလန်း”

မြတောင်က မြင်းရပ်လိုက်ရင်း ပြောင်းတိုသေနတ်ကို ထုတ်လိုက်၏။

“ဟုတ်တယ် ဗိုလ်မှူး”

ကိုကြာလန်းကလည်း ဓားကို ဆွဲထုတ်ရင်း ဖြေ၏။

သူတို့သည် ရွာ၏ စနေထောင့်မှ ထွက်ကာ လယ်ကွင်းများ၊ တောအုပ်များကို ဖြတ်သန်းလာရာ တောအုပ်ကလေးတစ်ခုမှ အထွက်တွင် ကွင်းထဲ၌ လူအုပ်တစ်ခုလိုလိုကို မြင်ကြရ၏။

သူတို့သည် သတိထား၍ မြင်းကို ဖြည်းဖြည်းချင်း နှင်လာကြရာ ကန်သင်းတစ်ခုအောမှ လူတစ်ယောက် ဘွားခနဲ ထရပ်၏။

“ကိုကြာလန်း အရမ်းမလုပ်နဲ့”

မြတောင်၏ အမိန့်ကြောင့် ကိုကြာလန်းမှာ ဓားကို မြှောက်ရုံသာ မြှောက်ထားရသည်။ ပုန်းနေရာမှ ထရပ်သူကလည်း လှံဖြင့် ချိန်ထား၏။

“ဘယ်သူလဲဟေ့”

မြတောင်က ပြောင်းတိုသေနတ်ဖြင့် ချိန်ထားကာ မေးသည်။

“ကိုရင်ကြီး…”

“ဟော… ကိုရင်ကြီး ဟုတ်လား၊ ငါ မြတောင်ပါ ရောင်းရင်းရေ အခုသူ ဘယ်မှာလဲ”

မြတောင်က ဝမ်းသာအားရ ရှေ့တိုးလာသဖြင့် လှံသမားသည် လှံကို ရပ်လိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"နောက်မှာပါ ဗိုလ်မှူး"

ဟု ဆိုကာ ကျန်နေခဲ့၏။

"ကိုရင်ကြီး"

မြတောင်သည် မြင်းကို သွက်သွက်နှင်လာရင်း လှမ်းအော်၏။

လူအုပ်ထဲမှ-

"ဘယ်သူလဲဟေ့… မြတောင်လား"

မြတောင်၏ အသံကို ကျက်မိဟန်ဖြင့် ပြန်မေး၏။

"ဟုတ်တယ် ကိုရင်ကြီးရေ… နေကောင်းရဲ့နော်"

"ဗိုလ်မှူး ပို့သသော မေတ္တာကြောင့် ကျန်းမာပါ့ဗျာ။ ရှင်သူငယ်ကော ဘာလုပ်နေလဲ"

"ရှင်သူငယ် ညနေကမှ ဆင်ဖြူကျွန်းက ပြန်ရောက်တယ်။ လူ၀တ်လဲ လိမ့်မယ်"

"ကောင်းတယ်… ကောင်းတယ်"

ကိုရင်ကြီးဗိုလ် ခေါ် ဗျိုင်းကြီးသည် မြင်းနှင့် ထွက်လာကာ မြတောင်ဗိုလ်၏ ဘေးတွင် ယှဉ်ရပ်၏။

"ကျုပ်လည်း အခုပဲ ရွာထဲက သတင်းပလင်း စုံစမ်းလာခဲ့တယ်။ ကုလားတွေ အားဖြည့်နေသတဲ့။ မနေ့က ဓါရာ ငါးရာတပ်တစ်တပ် ရောက်လာသတဲ့"

"သိပြီးပါပြီ ဗိုလ်မှူး"

"ငွေမမက်အောင်လည်း သွန်သင်ဟောပြောဖို့ မေ့မနေနဲ့"

ဗျိုင်းကြီး တွေသွား၏။

"ဪ… ဒါလား၊ ဟုတ်တယ် ဗိုလ်မှူး။ ကုလားကလည်း ဉာဏ်အများသားပဲ။ ကျုပ် သတိမလစ်ပါဘူး ဗိုလ်မှူးရဲ့"

သေနတ်အပ်လျှင် တစ်လက်ကို ၃၀၊ ၄၀ ဆုငွေပေးမည် ဆိုသော သတင်းကို ပြောကြခြင်း ဖြစ်၏။

"ကောင်းပါလေ့ဗျာ… ကဲ သွားဦးမယ်"

"အပြန်ပဲလား"

"ဟုတ်တယ်"

မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့သည် အသားကျစီး၍ ခရီးဆက်ခဲ့ကြသည်။



ပတ်ဝန်းကျင်သည် မှောင်မည်းနေပေ၏။ အဝေးမှ ကြက်တွန်သံများ တစ်ခါတလေ ကြားရ၏။ ညဥ့်လေအေးသည် လယ်ကွင်းများကို ဖြတ်ကျော်တိုက်ခတ်လာလေသည်။

ကိုကြာလန်းနှင့် မြတောင်တို့သည် မြင်းများ သယ်ဆောင်ရာ နောက်သို့ တိတ်ဆိတ်စွာ လိုက်ပါလာကြ၏။

မြတောင်သည် အေးရှင်သော လေပြည်အရသာကို ခံစားရင်း သူနှင့် မိငယ်တို့ အမှတ်မထင် ကတောက်ကဆ ဖြစ်ခဲ့ရသော ကိစ္စကို စဉ်းစားမိသည်။

အာရုံတွင် ထင်လာသူမှာ ခင်ခင်သာ ဖြစ်ချေ၏။

သူသည် မှုမမှန်သော မိမိ၏ စိတ်ထွေပြားမှုကို ချက်ချင်း ဆန်းစစ်သည်။

"ငါ တွေးတာက မိမိငယ်၊ မြင်ယောင်တာက ခင်ခင်၊ ငါ ဘယ်လို ဖြစ်တာလဲ"

ခင်ခင်၏ သနားစဖွယ် ချစ်စဖွယ် မျက်နှာကလေးသည် မြင်းရှေ့၌ ပေါ်နေ၏။

"မကြာမကြာ လာပါ မောင်ကြီးရယ်"

ဟု သူ ပြောလိုက်သော အသံကို ကြားယောင်လာကာ ရင်၌ နွေးသိမ့်လာတော့သည်။

ခင်ခင်ကား ပွဲနင်းကြီးဦးချို၏ တစ်ဦးတည်းသော သမီး ဖြစ်၏။ မိခင်ဖြစ်သူ တောရကျောင်းတစ်ကျောင်းတွင် ကမ္မဋ္ဌာန်းတရား အားထုတ်နေချိန်တွင် ဖခင်ကို ပြုစုနေရသူကလေး ဖြစ်သည်။ ခင်ခင်သည် မြတောင်ကို တွယ်တာဟန်ရှိ၏။

မောင်လိုဖားလို တွယ်တာခြင်းလား… ကြင်ဖက်သက်နှံအဖြစ် မြတ်နိုးစက်ခြင်းလား… ဆိုတာက ပြောရန် ခဲသည်။

သို့သော် မြတောင်ဗိုလ်မှူးမှာ ပင့်သက်ရှိုက်ရချေပြီ။

ဖွံ့ထွားစည်ပင်သော ကိုယ်အလုံးနှင့် မြမျက်လုံးတို့သည် မြတောင်အား တစ်တီတစ်တီဖြင့် ဖမ်းစားယောင် ရှိသည်။ သာယာအေးချမ်းသော ခင်ခင့် အသံကလေးများက လေပြည်နှင့် ရောပါယောင် ရှိ၏။ မြတောင် မောရတော့သည်။

"မိမိကို သစ္စာဖောက်ရာ ကျရောက်တော့မှာပါကလား"

မြတောင်က သတိသမ္ပဇဉ် ယှဉ်၍ စိတ်ကို ဆုံးမ၏။

မိမိငယ် မိမိအပေါ် မည်မျှ ချစ်မြတ်နိုး၍ ယုံမှတ်သည်ကိုလည်း ပြန်လည် သုံးသပ်စစ်ရပြန်သည်။

www.burmeseclassic.com



မိမိငယ်သည် ခင်ခင့်ထက် မျက်နှာငယ်ရှာ၏။ ခင်ခင်၌ မိစုံဖစုံ ရှိသေး၏။ မိမိငယ်မှာမူ ဒေါ်သီတာကို အဖော်လုပ်၍ ဦးရီး မယား မျက်နှာကို ကြည့်နေရရှာသည်။ သို့ကြောင့် မိမိငယ်ကို ကြင်နာပိုရ၊ သနားပိုရပါသည်။

ညဦးကမူ ရင်ထဲ ရှိသမျှ မြတောင် ဖွင့်ဟမိသည်တွင် မိမိငယ် မခံမရပ်နိုင် ဖြစ်သွားတာ မြတောင် သတိထားမိ၏။ ပစ်ပစ်ခါခါ မပြောလိုက်သည်မှာ ချစ်လွန်း၍ ဖြစ်မည် ထင်သည်။ သို့လျှင် ကြင်နာ ဆပ္ပားရချေ၏။

သို့စဉ် ခင်ဆုံက ပြေးလွှား ဝင်ရောက်လာပြန်သည်။

ရင်လွှမ်းစ အရွယ်၊ ပြစ်မြူမတင် ပကတိ စင်ကြယ်သော ကလေးတည်း။ အစ်ကိုရင်း မောင်ရင်းလို ခရာ၍ တာ၍ ဆိုးတတ်သည်။

''ခင်ဆုံဟာ ငါ့နှမလေးပဲ… အို… ငါ ဘာတွေ တွေးနေပါလိမ့်ဟယ်… မတွေးပါဘူး''

မြတောင်သည် အာရုံပြောင်းစေရန် ကိုကြာလန်းထံမှ ကွမ်းအစ်ယူ၍ ကွမ်းတစ်ယာ ယာပြီး စားသည်။

စိတ်ကို ထိန်းချုပ်နိုင်ပြီ ဖြစ်၏။

မြင်းနှစ်ကောင်သည် သခင် မသင်ဘဲနှင့် သွားနေကျ လမ်းအတိုင်း လာကြသည်။ လမ်းမှာ ယမ်းဖိုကုန်းရွာဆီသို့ ဦးတည်နေ၏။

မြတောင်သည် မြင်းဇက်ကို ဆွဲကွေ့လိုက်သည်။ မြင်းကြီးသည် မြောင်းကို ခုန်၍ စက်တိုင် လယ်ထဲ ဆင်းလာ၏။ ဦးတည်မိသော ရွာမှာ ယမ်းဖိုကုန်းရွာ၏ အရှေ့ဘက်ရှိ ရွာသစ်ရွာပေတည်း။

ကိုကြာလန်းက မြင်းချင်း ကပ်လာ၏။

''ဗိုလ်မှူး မီးရောင် မြင်သလိုပဲ''

''အေးကွ… ငါလည်း မီးရောင် ထင်လို့ ကြည့်နေတာ''

သူတို့သည် ရွာခြေသို့ ကပ်လာကာ နားစွင့်လိုက်ကြသည်။

ရွာထဲမှ အသံများလိုလို ဘာလိုလိုကို သဲ့သဲ့ ကြားရ၏။ သဲသဲကွဲကွဲတော့ မဟုတ်။

ရွာခြေတွင် လယ်ရေသောက် မြောင်းကြီးတစ်ခု စီးဆင်းနေသည်။

မြတောင်နှင့် ကိုကြာလန်းတို့သည် မြောင်းကို ခုန်ကျော်၍၊ လေးထောင့်ရွေကျောင်းဘက် ထွက်ရာ အလယ်တံခါးသို့ လာခဲ့ကြ၏။

ရွာတံခါးတွင် မီးရောင် ရှိနေသည်။ မြတောင်က မြင်းဇက်ကို လွှတ်ပေးလိုက်ရာ မြင်းကြီးသည် ရွာတံခါးသို့ တစ်ဟုန်ထိုး ပြေးလာ၏။ ချောင်းမြောင်းမှာထွေ...



တစ်စုံတစ်ယောက် ငွေ့ခွဲနေလျှင် ပြေးလမ်း မရှိစေရန် မြင်းနှစ်စီးက ပိတ်ဆို့လိုက်ကြသည်။

မှန်၏။

မီးတုတ် မီးစည်းများသည် ရွာတံခါး၏ အတွင်း၌ စိုက်ထူထားကာ ပိတ်ထားသော တံခါး၏ အပြင်တွင် လူတစ်ယောက် ရပ်နေ၏။ သူသည် ယာမှ စားလွှတ်၊ ဝဲမှ ငွေအိတ်ဟု ထင်ရသော အရာကို ကိုင်ကာ တိုက်ခိုက်ရန် အသင့် ဖြစ်နေသည်။

''ဟား… ဗိုလ်ထွန်းအောင် ဆိုတဲ့ မုဒိမ်းတန္တ လူပေါက်ပန်းပါကလား''

ကိုကြာလန်းက အာလေး လျှာလေးကြီးဖြင့် ရေရွတ်လိုက်၏။

တံခါးအတွင်း၌ မီးတုတ် မီးစည်းများ ပို၍ ထိန်လင်းလာလေ၏။ မိမိတို့ တမျှားမျှား ရှိညွှတ်ရသော ဗိုလ်ထွန်းအောင်တွင် ရန်သူ ပေါ်ပြီ သိရသဖြင့် ကြည့်ရန် ရောက်လာကြခြင်း ဖြစ်၏။

''ဟော့… နောင်ကို ရပ်သူရွာသားတွေကို မနှိပ်စက် မညှဉ်းပန်းတော့ပါဘူးလို့ ဟောဒီ ဗိုလ်မှူးရှေ့မှာ မင်း သစ္စာခံထားတာ မေ့သွားပြီလား''

ဗိုလ်ထွန်းအောင်မှာ ချောင်ပိတ်မိနေသော ခွေးလို ပြေးပေါက်ကိုသာ ရှာနေ၏။

''မေးနေတာ မကြားဘူးလားကွ၊ ကုလားကျတော့ ကြောက်လို့မတိုက်ရဲဘူးတဲ့။ အေးအေးဆေးဆေး နေတဲ့ ရပ်သူရွာသားတွေကိုတော့ မင်း စော်ကားရဲတယ်ပေါ့လေ… ပြောလေကွာ''

ကိုကြာလန်း၏ မြင်းသည် ဗိုလ်ထွန်းအောင် ရှေ့သို့ ရုတ်ခနဲ ရောက်လာတာ ကိုကြာလန်း၏ စားရောင် တစ်ချက် လက်သွား၍ မြင်းက မူလနေရာသို့ ပြန်ရောက်သွား၏။ သို့ဖြင့် ဗိုလ်ထွန်းအောင်၏ ဝဲလက်မှ အဝတ်ထုပ်ကို ပိုင်းပိုင်း ပြတ်သွားကာ ဒင်္ဂါးတွေ မြေပေါ်သို့ ထွက်ကျလာ၏။

''ငါတို့ မေးတာကို မင်း မဖြေနိုင်တော့ဘူး မဟုတ်လား ထွန်းအောင်၊ နောင်ကို ရပ်ရွာအပေါ်မှာ မတရားပြုမူတာ တွေ့ရင် အသေပဲ ပြော်ထားဖူးလို့ သေရမှာ ကြောက်နေပြီလား။ ဟား ဟား ဟား… သေတစ်နေ့ မွေးတစ်နေ့ပဲကွ ခင်း ယောက်ျား မဟုတ်ဘူးလား''

''ငါ ယောက်ျား… သေမှာ မကြောက်ဘူး''

ဗိုလ်ထွန်းအောင်က ခွေးဟိန်းသလို အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



“ဟား ဟား ဟား… ပါးစပ်က ပြောတော့ ယောက်ျား၊ လက်တ လုပ်တာကျတော့ မိန်းမအလုပ်ပါကလား ထွန်းအောင်ရ၊ ယောက်ျားဆိုတာ အမျိုး ဘာသာ သာသနာအတွက် အသက်ပေးရတယ်ကွ။ ကုလားကို သတ်ရတယ် မင်း အခု မင်းနဲ့ မပြိုင်ရဲတဲ့ လူတွေကို ငွေလာခွဲတယ် မဟုတ်လား”

“နိုင်ရာ စားတယ်လေ… ဘာဖြစ်သလဲ”

သူ့အတွက် အကြောင်းမထူးတော့ပြီမို့ ဗိုလ်ထွန်းအောင်သည် ဓားကိုသာ တင်းတင်းကျပ်ကျပ် ဆုပ်ထားတော့၏။

“ဗိုလ်မှူး… ဒီကောင်ကို ဘာပြောဦးမလဲ ခင်ဗျာ”

ကိုကြာလန်းက မြတောင်အား လှမ်းမေးရာ-

“ကွပ်ပစ်ဖို့ပဲ ရှိတော့တာပဲ”

မြတောင်ဗိုလ်၏ အဖြေ ဆုံးလျှင်- “ယောက်ျားကွ…” ဟု အော်က မားပြဗိုလ် ထွန်းအောင်က ကိုကြာလန်းကို ပြေးခုတ်သည်။ ကိုကြာလန်းက အလွယ်တကူ ဆီးခံလိုက်၏။

ဗိုလ်ထွန်းအောင်သည် မြတောင်ဗိုလ်၏ တပည့် ကိုကြာလန်းကို နိုင်မည် ဟု မမျှော်လင့်သဖြင့် တိုက်ခိုက်ရန် မရည်ရွယ်ပေ။ ဟန်ပျက်စေရန် သတိလွှတ် စေရန် ပရိယာယ်ဆင်ခြင်းသာ ဖြစ်၏။

ထို့ကြောင့် ကိုကြာလန်းအား တစ်ချက် ခုတ်ပြီးနောက် အရှေ့ဘက်သို့ စွတ်ပြေးလေသည်။ ကိုကြာလန်းက မြင်းနှင့်၍ မြင်းပေါ်မှ လိုက်ခုတ်ရာ ဗိုလ်ထွန်းအောင် မြောင်းထဲ ဆင်းပြေး၏။ ကိုကြာလန်းက မြောင်းထဲသို့ မြင်းပါ ခုန်ချရာ သစ်ကိုင်း တစ်ကိုင်းနှင့် ရိုက်မိပြီး လူနှင့် မြင်း တခြားစီ ဖြစ်သွားလေတော့သည်။

မြတောင်က မြင်းကို ဒုန်းစိုင်း၍ လိုက်လာကာ ပြောင်းတိုသေနတ်ဖြင့် ပစ်၏။ ကိုထွန်းအောင်သည် မှောင်ရိပ်ကို အားကိုးပြုကာ လွတ်ထွက်သွား၏။

“ဟော့… ကိုကြာလန်း”

“ဗိုလ်မှူး”

“ဘာဖြစ်သေးသလဲ”

“မဖြစ်ပါဘူး ဗိုလ်မှူး”

ကိုကြာလန်းက မြင်းပေါ် ပြန်တက်၏။ နှစ်ဦးလုံး ရွာတံခါးသို့ ပြန်လာ ကြသည်။ ကိုကြာလန်းက-

“ခေါင်းမင်းတို့… ခေါင်းမင်းတို့… ပြန်လာခဲ့ကြပါဦး”

“ဗျား ဗျား… ကျွန်တော်တို့ စောင့်နေကြပါတယ် ခင်ဗျာ”



ရွာတွင်းမှ ပြန်၍အသံပြု၏။

“တောကြောင်တော့ လွတ်သွားတယ်ဗျူ့”

“ဟုတ်ပါ့ ဟုတ်ပါ…”

“ခေါင်းမင်းတို့ ရွာမှာ အိမ်ခြေ ဘယ်လောက်ရှိသလဲ”

“လေးဆယ်ကျော်ပါတယ် ဗိုလ်မင်း”

အရွယ်ရောက်တဲ့ သန်သန်မာမာ ယောက်ျား ဘယ်လောက်ရှိသလဲ”

“၆၀ လောက် ရှိပါလိမ့်မယ် ခင်ဗျူ့”

“၆၀ ဟုတ်လား”

“ဟုတ်ပါတယ်”

“အံ့ရောဗျာ… ခင်ဗျားတို့က ၆၀၊ ဟိုက တစ်ကောင်တည်း… ဒါမျိုး သည်းခံကြရတယ်လို့၊ ခင်ဗျားတို့ ထဘီ ဝတ်နေကြပါတော့လား”

ကိုကြာလန်းက မြတောင်ဗိုလ်၏ လေသံအတိုင်း အော်ဟစ်ကြိမ်းမောင်း၏။

“ကျွန်တော်တို့က သူ့လို ဓားလည်း မစွမ်းဘူး ဗိုလ်မင်း၊ သူက ပြီးလည်း ပြီးတယ်”

“ခင်ဗျားတို့ ရွာဟာ ဘူးတောင်းရွာပဲ၊ ခင်ဗျားတို့ ရွာဟာ ရွာကြီးပြီး မိန်းမစီးတဲ့ ရွာပဲ၊ အဆိပ်ပင် ရေလောင်းတဲ့ ရွာပဲ၊ နောက်တစ်ကြိမ် တောကြောင် ကို အညှဉ်းခံတာ တွေ့ရင် တစ်ရွာလုံး မီးတိုက်ပစ်မယ်”

“ချမ်းသာပေးပါ ဗိုလ်မင်း… အလိုရှိရာ မိန့်တော်မူပါ”

“တော် တိတ်… ကျုပ်တို့ ဓားပြ မဟုတ်ဘူး၊ ကုလားကို တိုက်နေတဲ့ ...ကပဲ၊ ခင်ဗျားတို့ဟာ ဘာမဟုတ်တဲ့ တောကြောင်ကို ကြောက်မနေနဲ့၊ တံခါး ...ပြီး ခင်ဗျားတို့ရဲ့ ငွေတွေ ထွက်ကောက်”

ရွာသားများသည် တံခါးဖွင့်၍ ဒင်္ဂါးတွေကို ထွက်၍ကား ကောက်ပါ၏။ ...လူများက ကိုကြာလန်းအား ဒူးတုပ် ရှိခိုးနေကြသည်။

“ကျုပ် ဘုန်းပိပြီး သေနေပါဦးမယ်၊ ရှိမခိုးကြပါနဲ့၊ ကျုပ် ခုနက ...တာ ခင်ဗျားတို့ နားလည်ကြရဲ့လား”

“လည်ပါ့ဗျား… လည်ပါ့”

“နားလည်တယ်ဆိုရင် ထွန်းအောင်ကို နောက်ထပ် ဘာမှ မပေးနဲ့၊ ထမင်း ...ောင်းရင်း အဆိပ်ခတ်ပြီးမှ ပေးရမယ်၊ သူ့အနား ကပ်ပြီး ရေနံနဲ့ပက်ပြီး မီးရှို့ ...ပစ်ရမယ်၊ ဘယ်လောက် ပြီးတဲ့ အကောင်ပဲဖြစ်ဖြစ် မီးနဲ့တိုက်ရင် သေတာပဲ၊ ...တ်တံတို့ ဘိတို့ ဆောင်ထားရမယ်၊ ကြားလား”

www.burmeseclassic.com

www.burmeseclassic.com



"ကြားပါဗျား... ကြားပါ"

"ထွန်းအောင်သာ မဟုတ်၊ အလားတူ တခြား တောကြောင်တွေ လည်း မပေးရဘူး၊ ပြောင်မလုပ်ရဲရင် ချောင်းပြီး သတ်ပစ်ရမယ်၊ ဓားတွေ တွေ၊ လေးတွေကို မီးနေထဘီနဲ့ ဖုံးထားပြီးမှ ဒီကောင်တွေကို ထိုးရင် ခုတ် ဒီကောင်တွေ ဘာခံနိုင်မလဲ၊ ကဲ လုပ်ကြမှာလား"

"လုပ်ပါ့မယ်ဗျာ..."

"အရေးကြီးတာက ခင်ဗျားတို့ လူညီဖို့ပဲ၊ ခင်ဗျားတို့သာ ညီရင် တော မဆိုထားနဲ့၊ ကုလားတောင် ပြေးရမယ်။ တညီတညွတ်တည်း တစည်းတလုံးတည် ဝိုင်းပြီး တောကြောင် အယုတ်တမာကောင်တွေကို မခုခံဘူး ဆိုရင်တော့ ခင်ဗျာ ရွာနဲ့ ကျုပ်တို့တပ်နဲ့ အတွေ့ပဲ။ ကဲ... တံခါးပိတ်ကြ၊ ထွီ... အလကားရွာ အသုံးမကျတဲ့ ရွာ"

ရွာသားများ မခံချင်အောင် ဆဲဆိုရှုတ်ချပြီးနောက် ကိုကြာလန်းက မြတော အား ကြည့်၏။ မြတောင်က ခေါင်းညိတ်ပြကာ မြင်းဇက်လှုပ်ကာ ထွက်လာသ ကိုကြာလန်းက နောက်မှ လိုက်လာသည်။ ရွာသစ်ရွာသားများ သည် တီးတိုးပြော တံခါးဝမှာ ကျန်ခဲ့ကြ၏။

# ၁၁

မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့သည် မှောင်ထဲတွင် စမ်း၍ မြောင်းပေါင်အတိုင်း မြင်းစီးလာခဲ့ကြသည်။

"မင်းကတော့ သူတို့ရွာသားတွေ မခံချင်စိတ်နဲ့ တောကြောင်တွေကို ခံချအောင် ပြောတာပဲ။ တောကြောင်ကို မလုပ်ရဲရင်တော့ မင့်ကိုပဲ မုန်းနေမှာ သေချာတယ်ဟေ့"

မြတောင်က ရယ်မော၍ ပြော၏။

"စိတ်ထမလာရင်လည်း သူတို့ကို တောကြောင်က နှိပ်စက်မြဲ နှိပ်စက် နေမှာပေါ့ ဗိုလ်မှူးရယ်..."

"ဟေ့... ဒါထက် တို့လူ မရှိဘူးလားကွာ၊ ဒီရွာမှာ ငါတော့ ရှိတယ် ထင်တာပဲ။ နာမည်တော့ မေ့နေတယ်၊ မင်း သိလား"

"သိပါတယ် ဗိုလ်မှူး၊ သို့ပေမယ့် ဒီကောင်တွေ အကျင့်မကောင်းကြဘူး။ ဗိုလ်ချင်းက သူတို့ကို အသိအမှတ်မပြုတော့ဘူး"

"ဘာဖြစ်လို့လဲကွ"

"ပါးစပ်ကလည်း ပွာတယ်တဲ့ ဗိုလ်မှူးရဲ့။ နွားခိုးသတ်၊ ကြက်ခိုး၊ သူတစ်ပါး သားမယား ကြာခိုနဲ့"

"လူယုတ်တွေပဲကွာ"

သူတို့သည် စကားတပြောပြောနှင့် ချောင်းထဲ ဆင်းမည့် လမ်းပေါ်ရှိ ကုက္ကိုပင်အုပ်၏ အောက်သို့ ရောက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤလမ်းသည် မြန်မာဘုရင့် လက်ထက်တော်မှစ၍ ယနေ့ ကုလား လက်ထက်အထိ စလင်းနှင့် ဆက်သွယ်သော လမ်း ဖြစ်သည်။

စလင်းမြို့ဝန်သည် ယမ်းဖိုကုန်းအထိ စလင်းမှ ဆင်စီးလာကာ ဤနေရာ တွင် လှေသို့ ပြောင်း၍ ဧရာဝတီမြစ်သို့ ထွက်၏။ မြစ်မှ နေပြည်တော်သို့ ဆန်၏။

မင်းကြီးမဟာဗန္ဓုလသည် ဆင်ဖြူကျွန်းအထိ မြစ်ကြောင်းစုန်ကာ ဤ နေရာတွင် တပ်မတော်အတွက် လိုအပ်သော ယမ်းများ ချက်လုပ်စုဆောင်းသည်။ မလှမ်းမကမ်း တောင်အရပ်တွင် ရှိသော မိုးဝန်းဒေသတွင် ပန်းပဲဖိုများ တည်၍ ဓား လှံ လုပ်၏။ ရေကြောင်းမှ စုန်လာခဲ့ပြီး ဤနေရာကစ၍ ကြည်းကြောင်း ချီတက်သည်။ မင်းကြီးမဟာဗန္ဓုလ ဖောက်လုပ်ခဲ့သော အုတ်လမ်းမကြီးများသည် ခေတ်မီ၏။ ခိုင်ခံ့၏။ ယနေ့ထက်ထိ ကောင်းသေး၏။ နောင် သားစဉ်မြေးဆက် သုံးစွဲနိုင်သေးသည်။

ကုလားလည်း ဤလမ်းကို သုံးစွဲ၍ စလင်းသို့ စစ်ကူပို့၏။ စလင်းနှင့် ဆက်သွယ်၏။

မြတောင်သည် မြင်းဇက်ကို သတ်လိုက်ကာ–

"ဒီရွာမှာကော တို့လူတွေ ရှိသေးလားကွ"

ဟု မေးသည်။

"၃ ယောက် ရှိပါတယ် ဗိုလ်မှူး"

"လာကွာ"

သူတို့သည် အုတ်လမ်းမကြီးအတိုင်း တောင်ဘက်သို့ မြင်းစီးလာကြ၏။ နောက် ဘုရား ပရဝုဏ်ထဲ ဝင်လာပြီး မြင်းပေါ်မှ ဆင်းကြသည်။

"ငါ ဒီက စောင့်မယ်ကွာ၊ တစ်ယောက်လောက် သွားခေါ်ချေ၊ ရှေ့ သေနတ် ယူသွား"

"သေနတ်ထက် ဓားက အားကိုးရပါတယ် ဗိုလ်မှူးရယ်"

"နေရာကို လိုက်ပြီး သုံးရတာပေါ့ကွာ၊ ရှေ့ ယူသွား"

ကိုကြာလန်းသည် ပြောင်းတိုသေနတ်ကို မြတောင်ထံမှာ ရှိနေစေချင်၏။ သူက ပေးနေလျှက် နှစ်ကြိမ် ငြင်းသော် အအော် အငေါက်ခံရချေမည်။ သို့ကြောင့် လှမ်းယူကာ ရွာဘက်သို့ ထွက်လာလေ၏။

ယမ်းဖိုကုန်းမှာ စစ်လမ်း ကျသောကြောင့် ကုလားထံ အခြားရွာထက် စောစီးစွာ သစ္စာခံရသော ရွာ ဖြစ်သည်။ အဆက်အနွယ်များကား သစ္စာရှိ သူရဲကောင်း မျိုးရိုးက များ၏။ သို့သော် ယနေ့မူ ရွာကလေးမှာ နာကျင်နေပေပြီ။



ကိုကြာလန်းသည် လမ်းဘက်သို့ ထွက်နေသော မန်ကျည်းကိုင်းတစ်ကိုင်း ခုန်ဆွဲကာ သစ်ပင်ပေါ် တက်၏။ သစ်ပင်ပေါ်မှ ဆင်းလျှင် ရွာထဲ ရောက်သည်။

သူသည် တိတ်ဆိတ်စွာဖြင့် အိမ်ကြိုအိမ်ကြားမှ ဝင်ကာ ဘက်တော်သား ကို အိပ်ရာမှ နှိုး၍ ခေါ်လာခဲ့၏။

မြတောင် စောင့်နေသော နေရာသို့ ရောက်သောအခါ မြတောင်ကိုကား မတွေ့။ မြင်းနှစ်ကောင်ကိုသာ တွေ့သည်။

ကိုကြာလန်း မျက်လုံးပြူးသွား၏။

ချက်ချင်း တစ်စုံတစ်ရာ တွေးမိကာ–

"ဟော့ ကျေနံ... မြင်းဇက်ကို သွားကိုင်စမ်းကွာ"

ဟု ပြောလိုက်၏။

"ဘာဖြစ်လို့လဲ"

"အိုကွာ... လုပ်စမ်းပါ။ ငါ ရှိပါတယ်"

မောင်ကျေနံသည် မြင်းဖြူကြီး၏ ဇက်ကို သွားကိုင်ရာ မြင်းကြီးက ဟီ၍ ပတတ်ရပ်လိုက်သည်နှင့်တစ်ပြိုင်နက် မြတောင်သည် ဘယ်က ဘယ်လို ရောက် လာသည် မသိ။ ကျေနံအား ဓားဖြင့် မိုးပြီးသား ဖြစ်နေ၏။

"ဗိုလ်မှူး... ဗိုလ်မှူး... ကျွန်တော်တို့ လူပါ၊ လူမှားမယ်"

"မင်း တော်တော်ရုပ်တဲ့ကောင်"

မြတောင်က ဓားပြန်သွင်းရင်း ဆို၏။

"ကျွန်တော်တို့ လူပါ ဗိုလ်မှူး၊ သူ့နာမည် ကျေနံတဲ့"

"လာဗျာ... ထိုင်"

မြတောင်သည် ဘုရားတံတိုင်းဆောင် ကပ်ထိုင်ရင်း၊ စောစောက ချုံထဲ ဝင်အိပ်စဉ် ငြိပါလာသော အမှိုက်များကို ဖယ်ရှားနေ၏။ ကိုကြာလန်းကမူ တံတိုင်းထောင့်စွန်းပေါ် တက်ထိုင်နေသည်။

အရှေ့ဘက်မှ အရုဏ်လာနေပေပြီ။

တစ်မေးမျှ စက်လိုက်ရုံဖြင့် မြတောင်မှာ လန်းဆန်းနေ၏။

"ကုလား အလာ အသွား ထူသလားဗျ"

"မထူပါဘူး ဗိုလ်မှူး၊ သွားရင်လည်း အနည်းဆုံး ၅၀၊ ၆၀ ရှိပါတယ်။ ပြန်တာ နည်းပြီး သွားတာပဲ များပါတယ်"

"ကုလားနက်တွေပဲလား"

www.burmeseclassic.com

www.burmeseclassic.com



''ကုလားဖြူတွေလည်း ပါပါတယ်၊ မနေ့ နံနက်က သွားတာတော့ ၁၀၀ လောက် ရှိလိမ့်မယ်''

''အင်း…''

ဆင်ဖြူကျွန်းမှ ကြားခဲ့ရသော သတင်းအရ ကုလား ၅၀၀ ထပ်ရောက်လာသည် သိရ၏။ ယခု ၁၀၀ စလင်းဘက် သွားသည် ဆိုက ဆင်ဖြူကျွန်းတွင် ကုလား ၅၀၀ ထက် မအောက်ဟု တွေးမိ၏။

''ဒါထက် ထွန်းအောင် သိလား''

''ဘယ်ထွန်းအောင်လဲ ဗိုလ်မှူး… ကျွန်တော်တို့ရွာမှာ ထွန်းအောင်ဆိုတာ မရှိပါဘူး''

''ဗိုလ်ထွန်းအောင် ဆိုတာဗျာ''

''ဩော်… ဗိုလ်လေးလား၊ သူ့ကို ဗိုလ်ထွန်းအောင်လို့တောင် မခေါ်ကြပါဘူးဗျာ။ ဗိုလ်လေးလို့ပဲ ခေါ်ရပါတယ်''

''ထားပါလေ… သူ့အကြောင်းကို ခင်ဗျား ဘာသိတာများ ရှိလဲ''

''ကျွန်တော် သိသလောက်တော့ သူဟာ အောက်အရပ်မှာ လူသတ်မှုဖြစ်ပြီး ဟိုဘက်ရွာက ကိုစံကွန်းနဲ့ လိုက်လာတာပဲ။ ချောင်းဟိုဘက်က ညောင်ကုန်းရွာမှာ အိမ်ထောင်ကျလို့ သားသမီးတွေ ဘာတွေတောင် ရှိနေပြီ ဗိုလ်မှူးရဲ့၊ ဒီမရောက်ခင်တုန်းကတော့ ခနဖြူ ဦးမြတ်ထွန်းတပ်မှာ လိုက်ဖူးတယ်ဆိုပဲ''

''ဒါပဲလား''

''ဒီမှာလည်း ကုလားတက်စတုန်းကတော့ ဟုတ်မလိုလိုဘဲ၊ အသက်ချင်းလဲပြီးတော့ပဲ ကုလားကို တိုက်မလိုလိုနဲ့ နောက်မှ အဖျားရှူးပြီး ရွာတွေ လိုက်နှိပ်စက်နေတာကလား''

''ခင်ဗျားတို့ ရွာကိုကော လာတာပဲလား၊ ဝိုင်းမချကြဘူးလား''

မြတောင်က မျက်မှောင်ကြုတ်၍ မေးလေသည်။

''ကျွန်တော်တို့ရွာမှာ သူက ငွေမတောင်းဘူး ခင်ဗျ၊ ဘာကြောင့်လဲဆိုရင် သူ ဝင်ထွက်နေတာကိုး ဗိုလ်မှူးရဲ့''

''သူ့ဆွေမျိုး ရှိလို့လား''

''မဟုတ်ဘူး ခင်ဗျ၊ မိန်းမတစ်ယောက်ကို သူ စုံမက်နေလို့ အဲဒီအိမ်ကို နေ့တိုင်း လာနေတာ''

''မိန်းကလေးကကော သူ့ကို နှစ်သက်ပုံရရဲ့လား''

''သားကြီးမယားကြီးနဲ့ လူကို ဘယ်မှာ နှစ်သက်ပါ့မလဲ ဗိုလ်မှူးရယ်''



''မိန်းကလေးမှာ မိဘမောင်ဖွား မရှိလို့ သည့်တိုင်း ကြည့်နေကြတာလား''

''အတူနေတဲ့ မောင်တစ်ယောက်နဲ့ အမေ ရှိပါတယ်။ သို့ပေသည့် …ည့်နိုင်တော့ ဒီလိုပဲ အံကြိတ်ပြီး ကြည့်နေရတာပါပဲ''

''မိန်းကလေးက ဘယ်သူလဲ''

''မကျည်းအုံ…တဲ့''

''မောင်ကကော…''

''ငမှိုင်း…တဲ့''

''အင်း…''

မြတောင်သည် ငြိမ်သက်ပြီး ငေးမောနေလေ၏။

ကျော်သည် ယခုမှ အနားရသွားဟန်ဖြင့် ဆေးလိပ်တိုကို ပါးစပ်မှာ ကိုက်…ပြီး 'ထိုးလားမီးစာ' ကို တချောင်းချောင်း ဆောင့်၍ မီးစွဲအောင် လုပ်နေသည်။

''ကိုမှိုင်းနဲ့ တွေ့ချင်တယ်ဗျာ၊ ခေါ်ပေးနိုင်မလား''

ကျော်သည် ခေါင်းညိတ်ပြရင်း 'ထိုးလားမီးစာ' အခေါင်းထဲမှ မီး…ငွေ့ လောင်နေသော လဲကို ယူ၍ ဆေးလိပ်တွင် ကပ်ညှိလိုက်ပြီးမှ-

''ခေါ်ပေးနိုင်ပါတယ် ဗိုလ်မှူး''

''ဒါဖြင့် တစ်ဆိတ် ခေါ်ပေးဗျာ''

ကျော်က ထသည်။

''သိပ်လည်း မကြာစေနဲ့နော်''

''စိတ်ချပါ ဗိုလ်မှူး''

ကျော်က ပြောပြောဆိုဆို အပြေးထွက်သွားလေ၏။

''ခင်ခင် ပေးလိုက်တဲ့ လွယ်အိတ်ထဲမှာ စားစရာ မုချပါရမယ် ဗိုလ်မှူး''

ကိုကြာလန်းက တံတိုင်းပေါ်မှ လှမ်းပြောလေသည်။ မြတောင်က ထ…လျှောက်နေ၏။

''ဩော်… ခင်ခင်… ခင်ခင်…''

''ဘာဖြစ်ရတာလဲကွ''

မြတောင်သည် ဆွဲဆွဲငင်ငင် ရေရွတ်နေသော ကိုကြာလန်းအား လှမ်း…ပ်၏။

''မိန်းမသား ဖြစ်နေတော့ ခမျာမှာ သူ့မေတ္တာကို ဖွင့်ဟလို့လည်း မပြော…ရဲ၊ ကြုံခွင့်ရှင် မိန်းမသားမို့ အရှက်ကိုလည်း ငဲ့ရရဲ့၊ သနားလို့ ညည်းမိတာပါ…ရယ်''

www.burmeseclassic.com



"ခင်ခင်က မင့်ကို မေတ္တာရှိနေလို့လား... ဟုတ်စ"

"ဟာ... ကျားသားမိုးကြိုးဗျာ၊ ဗိုလ်မှူးကို မေတ္တာသက်ဝင်နေရှာ အကြောင်း ပြောတာပါဗျာ။ ကျွန်တော့်ကို မေတ္တာရှိရအောင် ကျွန်တော်က ဗိုလ်မှူ လောက်မှ မချောတာ"

"ဟား ဟား ဟား..."

မြတောင်က နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလေ၏။

"ဟား ဟား... ဘောက်မဲ့ကြောင့် မင်းက ငါ့ လာမြှောက်နေရဖြ တာတုံး"

"မမြှောက်ပေါင်ဗျာ၊ မျက်စိထဲ မြင်သလို ပြောရတာပါ။ ဒြော်- ခင်ခင် ခင်ခင်... ဘယ်တော့များမှ တို့ဗိုလ်မှူး မေတ္တာ တုံ့ပြန်တာကို ရပါ့မတုံး"

"မတော်တာ ကိုကြာလန်းရာ၊ သူ့အဖေ ယုံမှတ်လို့ ဝင်ထွက်ခွင့်ပေး ထားတာ၊ မင်းအသိ မဟုတ်လားကွ"

"သိပါတယ်ဗျာ... သိလို့ ပြောနေတာပေါ့၊ ပဲ့နင်းကြီးကလည်း သီပေါ ကိုယ်တော်ကလေးကို တစ်စက်ကယ်မှ အထင်မကြီး၊ ဗိုလ်မှူးကလည်း အရှင်နှစ် ကို နှားသတ်သမား လင်မယားလို့ ထင်တယ်။ အဲဒါလောက် စိတ်သဘောချင်း ညီညွှတ်ကြတာ"

"ဒါလို အမြင်ချင်းတူလို့ ဝင်ထွက်ခွင့် ရတာပေါ့ကွ"

"ပဲ့နင်းကြီးက အသက်လည်း ကြီးပြီလေ၊ သူ မျက်နှာမလွှဲခင် သမီးကလေး ကို သင့်တော်တဲ့လူနဲ့ ပေးမြားချင်မှာပဲ၊ ပထမဆုံး မြင်မှာက ဗိုလ်မှူးပဲ ခင်ဗျာ သိလား"

"ငါတော့ စိတ်နဲ့တောင် မပြစ်မှားမိဘူး ကိုကြာလန်း"

"မိမိငယ်ကျတော့ သီပေါကိုယ်တော်လေးနဲ့ စုဖုရားလတ်တို့ရဲ့ ဆွေ တော်မျိုး ကျွန်တော်မျိုး၊ ကြာရှည်မှာ ဗိုလ်မှူးနဲ့ မဖြစ်ဘူးနော်"

"မရှုးစမ်းပါနဲ့ကွာ"

အမှန်မူ ခင်ခင်၏ အကြည့်က မြတောင်၏ ရင်တွင်းသို့ စူးဝင်ခဲ့ပြီ ဖြစ်သည်။ မြတောင်လည်း အသိပင်။

မိမိငယ်ကို သစ္စာမဲ့ရာကျမည်မို့ ကိုယ့်စိတ်ကို အတင်းပြောင်းရသည်အထိ စိတ်များ လှုပ်ရှားခဲ့ရသည်မှာလည်း မသြောင်းလှသေး။

ယခု ကိုကြာလန်းက နှိုးဆော်နေပြန်ပြီ။



"ချစ်တတ်တဲ့ စိတ်ကြောင့် ချစ်ရပေမယ့် ကိုကြာလန်းရေ... ငါတို့ ဘဝဟာ သေခြင်းမှတစ်ပါး တခြားဟာကို မျှော်မှန်းလို့ မရကြပါဘူး၊ ဒါကြောင့် ချစ်ကြင်သူနဲ့ ရွှေလည်တွဲပြီး ချစ်ပွဲဝင်ဖို့ ဆိုတာဟာလည်း ငါတို့အတွက် မမျှော်လင့် အပ်တဲ့ တရား ဖြစ်နေပါပြီ ကိုကြာလန်းရာ"

မြတောင်က စိတ်ထိခိုက် ဝမ်းနည်းသံဖြင့် ညည်းတွားလိုက်၏။

ကိုကြာလန်းမှာမူ စမိတာ မှားလေခြင်းဟု တွေးနေဟန်ရှိသည်။

မြတောင်က-

"သို့ပေမယ့် ရိုင်းပျစော်ကားတဲ့ ကုလားလက်အောက်မှာ သားမယားနဲ့ ပျော်ပျော်ရွှင်ရွှင် နေရတာထက် ကုလားကို တိုက်ရင်းခိုက်ရင်း သတ်ဖြတ်ရင်းနဲ့ ဆင်းရဲဒုက္ခခံရတာက ပိုပြီးမြင့်မြတ်ပါတယ် ကိုကြာလန်းရာ၊ ဒါကြောင့် ငါ ဝမ်းမနည်း ပါဘူး"

သို့စဉ်တွင် ကျော်နှင့် မှိုင်းတို့ တဲတိုင်းအတွင်း ဝင်လာကြ၏။

"မကျည်းအုံရဲ့ မောင် မှိုင်းဆိုတာ သူပါပဲ ဗိုလ်မှူး"

"လာဗျာ ထိုင်ပါ"

မြတောင်က ကိုမှိုင်းအား ဖော်ရွေစွာ ကြိုဆိုလိုက်ရာက-

"ကိုကြာလန်းရေ... ကိုကျော်ကို ကိစ္စမရှိရင် ပြန်လွှတ်လိုက်ပေ့"

ဟု လှမ်းပြောသည်။ ကိုကြာလန်းက မောင်ကျော်အား တဲတိုင်းပြင်သို့ တစ်စုံတစ်ရာ မှာကြားရင်း ခေါ်ထွက်သွားသည်။

"ဗိုလ်ထွန်းအောင်နဲ့ ခင်ဗျားနဲ့ တော်တော်ခင်မင်ကြသလား ကိုမှိုင်း"

"ဒီကောင်မျိုးနဲ့များ ခင်မင်ဖို့ နေနေသာသာဗျာ... သတ်ပစ်ချင်နေတာ ကြာပြီ၊ ပြီးတယ် ဆိုလို့သာ ဟင်း..."

ကိုမှိုင်းကား မရှို့မီက လောင်ချင်နေသူပေတည်း။

"ခင်ဗျားကို ခင်မင်လို့ ခင်ဗျားတို့ အိမ်ကို ဝင်ထွက်နေတာများ..."

"ခင်မင်တာ မဟုတ်ဘူးဗျ၊ စော်ကားတာ။ သူ့မှာလည်း သားကြီး မယားကြီးနဲ့၊ အဲဒါ ကျုပ်နှမကို လာလည်တာ တောက်... ဟင်း..."

ကိုမှိုင်းသည် နားထင်ကြောကြီးများ ထောင်လာအောင် အံကြိတ်၏။

"ခင်ဗျားက သူ့ကို မုန်းတာ၊ ဒါ တစ်ခုတည်းကြောင့်ပဲလား"

"ရွာတွေ လိုက်ကြေးခွဲ၊ ကွမ်းခြံထဲမှာ ကွမ်းရွက် ခူးနေတဲ့ မိန်းကလေးတွေ ကို လေကား လှုပ်ချပြီး ဖမ်း၊ မုဒိမ်းကျင့်၊ ရေခပ်ဆိပ်မှာ ပျို အို မရှောင် ဆွဲပြီး ခေါ်သွားနဲ့ လုပ်နေတဲ့ ကောင်ကို ကျုပ်တို့ တစ်ရွာလုံးက မကျေနပ်ရဲလို့ ကြည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တာ။ သူ့လိုသာ စားကျွမ်းရင် သူသေ ကိုယ်သေ ပြိုင်ခုတ်မယ့် လူချည်းပဲ။ သေနတ်ပြီးတယ်လည်း ဆိုထားပြန်တော့ မချစ်သော်လည်း အောင့်ကာ နမ်းနေရတော့တာပဲ ဗျို့''

''ခင်ဗျား... သူ့ကို သတ်ပါလား''

''သတ်ချင်လို့ အိမ်က သစ်ခုတ်ဓားမကြီးကို သွေးထားတာ ခြေသလုံးမွေးတောင် ကျနေပြီ သိလား''

''ဒါဖြင့် အတော်ပဲ၊ ကျုပ် ပြောသလိုသာ လုပ်၊ ဒီကောင် မုချသေရမယ်''

''လုပ်မယ်ဗျာ... ပြောသာ ပြောပါ''

ကိုမှိုင်းသည် စော်ကားရမ်းကားသော ဓားပြ လူသရမ်းကို နှိမ်နင်းရတော့မည်မို့ ရွှင်ပျအားတက်သွားလေ၏။

# ၁၂

မြောင်၏ ဓားသည် လေထဲသို့ မြောက်ခနဲ တက်သွားစဉ်၊ မြင်းကြီးသည် ချုံမှ တစ်ဟုန်ထိုး ခုန်ထွက်လာ၏။

တစ်ပြိုင်နက် ကိုကြာလန်းနှင့် မြင်းသည်လည်း တစ်ဖက်ချုံထဲမှ ခုန်ထွက်လာသည်။

''ယောက်ျား...''

အာခေါင်ကြီး ခြစ်၍ အော်လိုက်သော အသံသည် ဘီလူး သဘက် အော်သလို စူးဝါးကျယ်လောင်စွာ လွှမ်းသွား၏။

ကုလား ၁၁ ယောက်မှာ အလစ်တွင် အတိုက်ခံရသည့်အတွက် ခုခံရန် မြင်ဆင်နိုင်မီ ဓားနှစ်လက်အောက်တွင် တုံးခနဲ တုံးခနဲ ခေါင်းပြတ်သွားကြ၏။

''ယောက်ျား...''

နေရာမှာလည်း ချောင်းအတက် လမ်းကျဉ်းကလေး ဖြစ်ရာ ကုလားများ၏ သေနတ်မှာ အသုံးမဝင်ဘဲ ဓားတစ်ချက် မြောက်လိုက်တိုင်း ခေါင်းတစ်လုံးကျ၍သို့ လိမ့်ဆင်းလာ၏။

အားချမ်းသယောင် နံနက်ခင်းဝယ် ကုလားများ၏ ထွက်ပြေး အော်ဟစ်သံဖြင့် ညံနေ၏။ လည်ပင်းများကို ခုတ်ပိုင်းသံက အသည်းတုန်စရာ ပျံ့လွင့်လာ၏။ စလင်းချောင်း အတက်လမ်းမှာ ကုလားသွေးဖြင့် လွှမ်းကာ ကုလားအလောင်းများ ပြန့်ကြဲနေတော့သည်။

''ကျား... ကျား...''

ကုလား ၃ ယောက်သည် အုတ်လမ်းကြီးအတိုင်း တောင်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေး၏။ မြတောင်နှင့် ကိုကြာလန်းက အတင်းလိုက်ခုတ်သည်။

ကိုကြာလန်းက ကုလားစစ်သား၏ ချိုင်းအောက်ကို ထိုးပိုင်းလိုက်ရာ ကုလားမှာ အသံနက်ကြီးဖြင့် အော်ဟစ်လျက် မြောင်းထဲ လိမ့်ကျသွားသည်။ ကိုကြာလန်းက မြောင်းထဲသို့ မြင်းပါ ခုန်ချကာ သေချာအောင် သုတ်သင်၏။

နောက်ဆုံး ကျန်သူကား ပုဂံဗိုလ်၏ စကားပြန်နှင့် စစ်သားတစ်ယော တည်း။

စကားပြန်က ပြောင်းတိုသေနတ်ဖြင့် လှမ်းပစ်၏။ မြတောင်က မြင်းနှ နင်းဝင်၍ ပိုင်းချလိုက်သည်။

နောက်ဆုံး ကျန်သူသည် ရွာထဲသို့ ဝင်ပြေးရန် ကြိုးစားရာ မြတောင်က နင်းလိုက်၏။ လွတ်ပုံမပေါ်သဖြင့် သေနတ်ကို ဇော်ကိုင် ကိုင်ပြီး ခံသည်။ မြတော ၏ ဓားသွားက သေနတ်ကို ခုတ်ပိုင်းပြီး ကုလား၏ ခေါင်းထဲသို့ ထက်ခြမ်း ဝင်ရောက်သွားလေ၏။

ယမ်းဖိုကုန်းရွာထဲမှ လူများမှာ ဘုမသိဘမသိဖြင့် ခြေဦးတည့်ရာ ပြေ ကြ၏။ အော်ဟစ်ငိုယိုသံဖြင့် ဆူညံနေသည်။

"သေနတ်တွေ မြန်မြန်ကောက်ခဲ့ဟေ့… ကျည်တွေ မကျန်စေနဲ့"

မြတောင်သည် စကားပြန်၏ ပြောင်းတိုသေနတ်အပြင် ကျည်ဆန် အိ နှင့် စကားပြန်၏ ကိုယ်မှ ငွေသား ၁၀၀ နှင့် ရွှေ ၁ ကျပ်သား ရလိုက်၏။

သူက ကိုကြာလန်းအား မှာခဲ့ပြီး တိုက်ပွဲ စတင်ဖြစ်ပွားရာ နေရာ မြင်းကို ဒုန်းစိုင်းခဲ့သည်။

သူတို့သည် ကိုမှိုင်းအား ပြန်လွှတ်လိုက်ပြီးနောက် ဘုရားထဲမှ ထွက်က ချောင်းထဲသို့ အေးဆေးစွာ ဆင်းလာကြ၏။ သို့ရာတွင် ချောင်းပြင်အတိုင်း တ လာသော ကုလားတစ်အုပ်ကို မြင်သဖြင့် ကုန်းပေါ် ပြန်တက်ပြီး ချုံထဲတွင် ပုန် နေကာ တိုက်နိုက်ကြခြင်း ဖြစ်သည်။

မြတောင်က တိုက်ပွဲ စတင်ဖြစ်ပွားရာ နေရာသို့ အလျင်အမြန် ပြန်လာ ခြင်းမှာ ဤအစုသည် ရှေ့ပြေးဖြစ်ကာ နောက်မှ တပ်ကြီး ပါလာလိမ့်မည် ထင်သ ဖြစ်၏။ မြတောင် ထင်သည့်အတိုင်းလည်း မှန်ကန်သည်။ ကုလား တပ်ခွဲတစ် သည် ချောင်းပြင်တွင်းမှ တပ်ဖြန့်၍ ချီတက်လာနေ၏။

မြတောင်က သေနတ်တွေကို အပြေးအလွှား ကောက်ယူသည်။ သေနတ် နှင့်အတူ ကျည်များပါ မကျန်ရအောင် ဂရုစိုက်ပြီး မြင်းပေါ် တင်နေစဉ် ကိုကြာလ ရောက်လာ၏။



"အရသာ ရှိလိုက်တာ ဗိုလ်မှူးရယ်"

"စကားများမနေနဲ့ ကုလားတွေ လာနေပြီ"

"ဟင်… ဟုတ်လား"

ကိုကြာလန်းသည် ခုန်ဆင်းကာ သေနတ်တွေကို အပြေးအလွှား ကောက် ယူ၏။

"သိပ်ပြီးပျာမနေနဲ့ဟေ့၊ ဟားပွင့် သေနတ်တွေက ကျည်မရှိရင် အလကားပဲ"

မြတောင်က အေးဆေးစွာ သတိပေး၏။

သူတို့ကိုယ်တွင် သွေးများဖြင့် ညှီဟောင်နေသည်။ ရွှဲစိုနီရဲနေသည်။

သူတို့သည် အဖိုးတန်သော ကျည်ဆန်များကို စေ့စေ့စပ်စပ် ရှာယူကြပြီး နောက် ညက လာခဲ့သော လမ်းအတိုင်း မြင်းစီး ထွက်ခွာသွားကြလေ၏။

ကွမ်းတစ်ယာညက် အကြာတွင် ကုလားတပ်ခွဲ ဆိုက်ရောက်လာရာ ကြည့်မကောင်း မြင်မကောင်းသော အလောင်းများက ဆီးကြိုနေသည်။

အလောင်းများ၏ မျက်နှာတွင် မြင်းခွာရာများ၊ ရင်ဘတ်တွင် မြင်းခြေရာ များ မြေတွင် မြင်းခြေရာများ ရှုပ်ပွနေ၏။

ကုလားတပ်သည် ချက်ချင်း ယမ်းဖိုကုန်းရွာကို ဝိုင်းကာ မြင်းရှိသော အိမ်ကို ရှာဖွေသည်။ ထိုအချိန်တွင် မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့သည် ကွမ်းခြံ များကြားမှ ဖြတ်ကာ ချောင်းထဲသို့ ဆင်းသက် ရောက်ရှိသွားကြ၏။

ယမ်းဖိုကုန်း တစ်ရွာလုံးမှာ ရိုက်သံ ပုတ်သံ ထုနှက်သံ အော်ဟစ် ငိုယို ပြေးလွှားသံများဖြင့် ကမ္ဘာပျက်သည့်အလား အသံဆိုးများ ညံစီနေတော့သည်။ ကုလားများက ကြွက် မနိုင်၍ ကျီကို မီးရှို့ခြင်းပင်။

ရွာသူရွာသားများမှာ သည်ကိစ္စကို တစ်လုံးတစ်ပါဒမျှ မသိ။ အချို့ အိပ်ရာထဲမှာသာ ရှိသေး၍ အချို့မှာ အိပ်ရာမှ နိုးစသာ ရှိသေးသည်။ ယခုသော် မသိသော ကိစ္စအတွက် အနှိပ်စက်ခံနေကြရလေပြီ။

ကုလားစစ်ဗိုလ်သည် ဂတ်ဦးချင်း နှိပ်စက်၍ စစ်မေးသည်။ ပြောနိုင်သူ မရှိ။ သေရုံသာ ရှိမည်။ မသိသော ကိစ္စအတွက် မည်သို့ အစစ်ခံရမည်နည်း။

မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့မှာမူ ကျက်ဆူးဘုရားဆိပ်မှ ကက်၍ သပြေပင်ရွာဘက်သို့ ဦးတည်သွားနေကြပေပြီ။

ယမ်းဖိုကုန်း ရွာသူရွာသားများမှာ တစ်နေ့လုံး နေပူလှမ်း၍ ညှဉ်းပန်း ခံရသည်။

သည်မျှနှင့် မပြီးသေးဘဲ တစ်ရွာလုံး ကျမ်းကိုင်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ကုလားများသည် မြတောင်ဗိုလ်နှင့် တပည့် တပ်သား တစ်ယောက်၏ လက်ချက်ဟု သိသွားကြ၏။ ၁၁ ယောက်ကို ၂ ယောက်တည်းဖြင့် အစတုံး သုတ်သင်နိုင်ခြင်းကို လည်းကောင်း၊ ဘေးပွင့်သေနတ်များ ကိုင်ဆောင်ထားသူများအား ဓား နှစ်လက်ဖြင့် နိုင်အောင် တိုက်သွားခြင်းကို လည်းကောင်း ကုလားများ အံ့သြသည်။ ကြောက်ရွံ့တုန်လှုပ်သည်။

ကြောက်ရွံ့တုန်လှုပ်သည်နှင့်အမျှ မြတောင်ဗိုလ်၏ အခြေစိုက်ရာ ကြာအင်းမြို့ကို အရ သိမ်းမှသာ ဖြစ်တော့မည်ဟု မြင်လာကြ၏။

ထိုရွာများတစ်ဝိုက်တွင် မြတောင်ဗိုလ်၏ သတင်းသည် နေ့ချင်းညချင်း ကျော်ကြားသွားလေသတည်း။

# ၁၃

ဓားများ၏ အရောင်သည် တက်သစ် နေရောင်ခြည်အောက်ဝယ် ဖွေးခနဲ ဖွေးခနဲ တောက်ပလက်သွားကာ မြတောင်ဗိုလ်ကွ… မြတောင်ဗိုလ်ကွ… ဟူသော အသံကြီးများက မိုးပြိုသလို၊ တောင်ကျ ချောင်းရေ လာသလို ဝေါခနဲ ဝေါခနဲ ဟိန်းခြိမ့်၍ ကြာအင်း တစ်မြို့လုံး ဖုံးသွားလေ၏။

"ကြာလန်းကွ… ကြာလန်း…"

ကိုကြာလန်းအားလည်း ပြည်ချစ်တပ်သားများက ဝိုင်းဝန်းချီပိုး၍ ရေတွင်းသို့ ခေါ်လာကာ ရေငင်ပေးသူက ပေး၊ ရေလောင်းသူက လောင်းဖြင့် ကုလားသွေးကို ဆေးကြော၍ ခေါင်းကို တရော်ကင်ပွန်းဖြင့် ဆေးလျှော်ပေးကြသည်။

ပြည်ချစ်တပ်သားများသည် ထောင်ထားသော သေနတ်များနှင့် ပုံထားသော ကျည်ဆန်များကို ရွှန်းရွှန်းစားစား ကြည့်ကြ၏။ ကျေနပ်အားရစွာ ကိုင်တွယ်ကြည့်ကြ၏။

ဗိုလ်ချင်းမှာ သေနတ်တွေကို ပတ်ချာလှည့်၍ ကွေးနေအောင် ကသည်။

သမီးပျိုများက ခေါင်းလျှော်ရည်များ ယူလာကာ မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့အား ခေါင်းလျှော်ပေး၏။ ကိုကြာလန်းမှာ တဟဲဟဲနှင့် ကျေနပ်နေသည်။ ဆွေမျိုး မေ့နေသည်။

မင်းကြီးဗိုလ်ဥတ္တမနှင့် ဗိုလ်ထွန်းဖဲ၊ ဗိုလ်ရွှဲ၊ ဗိုလ်ချက်ကြီး၊ ဗိုလ်မော်တို့ကလည်း အားရဝမ်းသာ လာရောက်ချီးကျူးကြ၏။

ရေမိုးချိုး ခေါင်းလျှော်ပြီးနောက် မြတောင်ဗိုလ်အပေါ်တွင် ဗိုလ်ချင်း ရောက်နေသည်။ ကိုကြာလန်းမူ တပ်သားများ ခူးခပ်ပေးသော ထမင်းဖြင့် လှိုင်ဘောလယ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဗိုလ်ချင်း… ကျုပ် မရှိတုန်း ဘာတွေများ ဖြစ်ကြသေးလဲ"

"အားလုံး ငြိမ်ငြိမ်သက်သက်ဖါပဲ ဗိုလ်မှူး၊ ဘာမှ မဖြစ်ပါဘူး"

"ထမင်းစားပြီးပြီလား"

"ကျွန်တော် ပြီးပြီ၊ ဗိုလ်မှူးကို ကျွေးရအောင်လို့ စောင့်နေတာ"

"ကိုရင်ဖျိုင်း လူထွက်ပြီလား"

"အဲဒါ ပြောဖို့ ကျွန်တော် မေ့သွားတယ် ဗိုလ်မှူး။ ကိုရင်က ပြောတော့ ဗိုလ်မှူး သိပြီးသားလို့ ပြောတာပဲ"

"ဟုတ်ပါတယ်… ကျုပ် သိပြီးပါပြီ… အခု သူ ဘယ်မှာလဲ"

"ဗိုလ်မှူးတို့ ပြန်မရောက်ခင်ကလေးတင် မြင်လိုက်ပါသေးတယ်။ ဘယ်များ ထွက်သွားပါလိမ့်…"

သို့စဉ်တွင် ကိုကြာလန်းက ဒေါင်းလန်းတစ်ခုဖြင့် ထမင်းများ ပြင်၍ ယူလာသည်။

"ဟောကောင်ကြီး… မင်း စားမှာ ဝအောင်စား။ ဗိုလ်မှူးကို ငါ ခူးခပ်ကျွေးဖို့ စောင့်နေတာ၊ ပြန်ယူသွား"

ဗိုလ်ချင်းက ကိုကြာလန်းအား နှင်လွှတ်သည်။

"ကောင်းပါပြီဗျာ… ဗိုလ်မှူး ကျွန်တော် စားပစ်လိုက်မယ် နော်"

"စား စား…"

မြတောင်သည် ဗိုလ်ချင်း၏ တဲသို့ ထမင်းစားရန် လိုက်လာရာ ခေါင်းတွင် အရောင်တဖိတ်ဖိတ် တောက်နေသလို ဓားအိမ်ကလည်း ကျောက်နီများ ဖိတ်ဖိတ်တောက်နေသော ကိုရင်လူထွက် ရှင်သူငယ်ဗိုလ် ဖျိုင်းကလေး မြင်းတစ်စီးနှင့် ရောက်လာသည်ကို မြင်ရလေ၏။

"ဗိုလ်မှူး အောင်ပွဲ ရခဲ့တယ်ဆို"

ဖျိုင်းက မြင်းပေါ်မှ ခုန်ဆင်းရင်း ဝမ်းသာအယ်လဲ မေးသည်။

"ဟုတ်တယ်…ကိုရင်ရေ…"

ဗိုလ်ချင်းက ဝင်ဖြေ၏။

မြတောင်ကတော့ ဖျိုင်းအား ပြုံး၍ ကြည့်နေသည်။

"မျက်စိကျိန်းလိုက်တာ ကိုရင်ရယ်… ဟိုဘက် အရိပ်ထဲ တိုးနေပါ"

"ဟဲ ဟဲ သီလဝင်ဓား ဆိုတာ ဒါပဲဗျ။ ကုလားသွေး ဆာနေတယ်"

ကိုရင်လူထွက်က သူ၏ ကျောက်စီဓားကြီးကို ဝင့်ကြွားစွာ ပုတ်ပြသည်။



"ကိုယ်တော့် ဓားကို ပြောတာ မဟုတ်ပါဘူး၊ ခေါင်းက တပြောင်ပြောင်နဲ့ အရောင်ထွက်နေလို့ ပြောတာပါ"

"ဗိုလ်မှူးကတော့ အရွှန်းကလည်း တကယ် ပြောတတ်တယ်"

ဖျိုင်းက မြတောင်အား ခေါင်းဖြင့် ဝင်၍ဝှေ့သည်။

"ခေါင်းပေါင်း မပေါင်းဘူးလား"

"ရွှေဖရုံသီး အဝတ်ပတ်ထားတာလို့ ပြောကြလိမ့်မယ်"

"ဒါဖြင့် သံခမောက်ဆောင်း"

"မဆောင်းချင်ဘူး ဗိုလ်မှူး။ ဒီလိုပဲ နေမယ်။ ဒါပဲ ကောင်းတယ်"

"ကဲ ကိုရင် ထမင်းမစားရသေးရင် ဗိုလ်မှူးနဲ့ တစ်ခါတည်း ဝင်စား"

ဗိုလ်ချင်းက ရှေ့ဆောင်၍ တဲထဲ ဝင်လာရင်း ပြောရာ-

"ဗိုလ်မှူးနဲ့ လက်ဆုံ မစားကောင်းပါဘူးဗျာ။ ဟောဟိုလူကြီးနဲ့ သွားစားမယ်"

ဖျိုင်းက ပြင်းပယ်လိုက်ကာ မြတောင်၏ တဲဝတွင် တစ်ဖြဲ နှစ်ဖြဲ ထမင်းစားနေသော ကိုကြာလန်းထံ ပြေးသွားလေ၏။

မြတောင်နှင့် ဗိုလ်ချင်းတို့သည် ပြုံး၍ တဲထဲ ဝင်လာကြသည်။

"ဖျိုင်းကတော့ သိပ်ပြီးတက်ကြွနေပြီ ဗိုလ်ချင်းရေ…"

"အခုနေ တစ်ပွဲလောက် တိုက်လိုက်ရရင် မကောင်းဘူးလား ဗိုလ်မှူး"

ဗိုလ်ချင်းက တပ်သား နှစ်ယောက်၏ အကူအညီဖြင့် ထမင်းပြင်၍ ယူလာကာ မေး၏။

"တိုက်ပွဲရှိတဲ့ဆီကို ကျုပ်တို့ သွားဖို့ မလိုဘူး ဗိုလ်ချင်း။ တိုက်ပွဲဟာ ကျုပ်တို့ဆီကို တစ်ရက် နှစ်ရက်အတွင်း ရောက်လာတော့မယ်"

"ဘာဖြစ်လို့လဲ ဗိုလ်မှူး"

"ဆင်ဖြူကျွန်းကို အင်အား ၅၀၀ ရှိတဲ့ ဂေါရာတပ် တစ်တပ် ရောက်လာတာ စလင်းဘက်ကို ၁၀၀ လောက်ပဲ သွားတယ်တဲ့။ ဒါကြောင့် ကျန်တာဟာ ကြာအင်းကို လာမှာပေါ့"

"လာလည်း ကျွန်တော်တို့ကတော့ အသင့်ပါပဲလေ"

ဗိုလ်ချင်းက စိတ်ထက်သန်စွာ ပြောလေသည်။

"အဲဒါကြောင့် ပြောတာပေါ့။ ကျုပ်တို့က သွားတိုက်လို့ စစ်ပန်းပြီး ပြန်လာတော့မှ သူတို့က လာတိုက်ရင် အရေးမလှမှာ စိုးရတယ်"

"မှန်ပါတယ် ဗိုလ်မှူး"

www.burmeseclassic.com



ဗိုလ်ချင်းသည် မြတောင်၏ ထမင်းပွဲကို ဟင်းလိုက်ပေးလိုက်၊ ယပ်ခတ်လိုက်ဖြင့် မအားလပ်ပေ။

"ဗိုလ်ရွှဲတပ်သားတွေနဲ့ ဗိုလ်မှော်ရဲ့ တပ်သားတွေရော"

"ခပ်စောင်စောင်ပဲ"

"ဗိုလ်ချက်ကြီး တပ်ကကော"

"သူတို့ကတော့ ငြိမ်နေတယ် ဗိုလ်မှူး။ ဆုံးမထားသလားတော့ မသိဘူး"

မြတောင်သည် ထမင်းစားပြီးလျှင် ဗိုလ်ချင်းနှင့်အတူ တဲထဲမှ ထွက်လာသည်။

ကိုကြာလန်း၊ ဇျိုင်းကလေးတို့နှင့် စကားပြောနေသော မိန်းမကြီးတစ်ယောက်သည် မြတောင်ကို မြင်လျှင်–

"ဗိုလ်မှူး"

ဟု ခေါ်ကာ သွက်သွက် လျှောက်လာ၏။ မိန်းမကြီးသည် ကွန်းဖိုးထိန်းဦးကြွယ်၏ အိမ်မှ အခိုင်းအစေတစ်ယောက် ဖြစ်သည်။

"ဗိုလ်မှူး… ခင်ဆုံက အိမ်ကို ကြွခဲ့ပါဦးတဲ့၊ အခေါ်ခိုင်းလိုက်လို့"

"ဘာဖြစ်လို့လဲ"

"မသိပါဘူး ဗိုလ်မှူးရယ်… သူ့အကြောင်းလည်း ဗိုလ်မှူး သိသားနဲ့"

"ခင်ဗျား ပြန်နှင့်လေ၊ ကျွန်တော် ခုပဲ လာခဲ့မယ်"

"တစ်ခါတည်း အပါ ခေါ်ခဲ့ရမယ်တဲ့"

"တယ်ဆိုးတဲ့ မိန်းကလေးပါကလား"

"ဩော်… ဆိုးပါတယ်ဆိုမှ ဗိုလ်မှူးရယ်"

မြတောင်သည် ကိုကြာလန်းအား လှမ်းပြောသည်။

"ကိုကြာလန်း ငါ ခင်ဆုံတို့အိမ်ကို သွားမလို့ ကြားလား"

"ဟုတ်ကဲ့ ဗိုလ်မှူး"

မြတောင်သည် မိန်းမကြီးနောက်သို့ မလိုက်မီ ဗိုလ်ချင်းအား တစ်စုံတစ်ရာ တီးတိုးမှာခဲ့သည်။

ခင်ဆုံသည် မြတောင်အား ဝင်းဝမှ စောင့်ကြိုနေ၏။

"အခေါ်လွှတ်မှပဲ လာတော့တယ်။ သိပ်စိတ်ဆိုးဖို့ ကောင်းတာပဲ"

အပြစ်တင်စကား ဆိုရင်း မြတောင်၏ ခါးကို ဖက်၍ လိုက်လာသည်။

"ညတုန်းက ဗိုလ်မှူး ဘယ်သွားနေသလဲ ဟင်"

"ဒီလိုပေါ့ ခင်ဆုံရယ်၊ ကိစ္စများမြောင် လူတို့ဘောင်မှာ…"



"အဲဒီလူတို့ဘောင်နဲ့ အဲဒီကိစ္စများမြောင်က ဗိုလ်မှူးလို တစ်ကိုယ်ရေသမားနဲ့ မဆိုင်ပါဘူး ဗိုလ်မှူးရယ်"

ခင်ဆုံသည် စကားတတ်၏။ စာလည်း ဟတ်၏။ သူ့ချေပချက်က သူ့အရည်အချင်းကို ဖော်ပြလာသည်။

"ဟဲ ဟဲ… ခင်ဆုံကို ဗိုလ်မှူး မနိုင်ပါဘူးကွယ်၊ ကဲ ဘာကိစ္စ ခေါ်ရတာလဲ ပြော"

အိမ်ပေါ်တွင် ထိုင်မိလျှင် မြတောင်က တစ်အိမ်လုံးကို အကဲခတ်လိုက်သည်။

"မြမန်းသုပ် သုပ်ထားလို့ အခေါ်ခိုင်းတာပါ ဗိုလ်မှူးရယ်၊ ကြွယ်ကြွယ်ရေ… ဗိုလ်မှူးဖို့ ယူခဲ့တော့လေ"

ခင်ဆုံက စားဖိုဆောင်ဘက်သို့ လှမ်း၍ အမိန့်ပေးလျှင် မိန်းမရွယ်တစ်ယောက်သည် ဒေါင်းပေါင်ဖြင့် ပြင်ထားသော စားဖွယ်ရာများကို ယူလာ၏။ ခင်ဆုံက မြတောင်၏ ရှေ့တွင် ချကာ ပြင်ဆင်ပေးသည်။

"ထမင်းစားပြီးစ ဘယ်မှာ စားနိုင်ပါ့မလဲ ခင်ဆုံရယ်၊ တစ်ရေး အိပ်လိုက်ပါရစေဦး"

"ဟင့်အင်း… အခုလည်း စားရမယ်။ အိပ်ရာက နိုးတော့လည်း စားဦး"

"ဟုတ်ပါပြီဗျာ"

မြတောင်မှာ ခင်ဆုံ ကျေနပ်စေရန် စားရ၏။ မြမန်းသုပ် စားပြီးလျှင် လက်ဖက်သုပ်ကို ကျောက်ကာအုပ်ဖြင့် ထည့်ခင်းလာပြန်သည်။ နောက် သကာရည်လည်း ပါသေး၏။

"ခင်ဆုံရဲ့… ငါ့များ ဘုရင်ကဲ ကာ ထင်နေသလား ဟင်"

"ဗိုလ်မှူး မလာလို့ ကြုံးဝါးနေတာ ဗိုလ်မှူးရေ့၊ လာတုန်းမှာ နင်းကန်ကျွေးနေပြီ ထင်ရဲ့ ဟဲ ဟဲ"

ကွန်းဖိုးထိန်း ဦးကြွယ်သည် ရယ်မောရင်း အိမ်ပေါ်သို့ တက်လာသည်။

"ဟုတ်ကဲ့ ဦးတော်… ကြွပါ ခင်ဗျာ။ နေကောင်းပါရဲ့လား ဦးတော်"

"နေပါ ဗိုလ်မှူး နေပါ၊ နေကောင်းပါတယ်ဗျာ၊ စားလို့ကောင်း အိပ်လို့ကောင်း"

ကွန်းဖိုးထိန်းသည် မြတောင်နှင့် မလှမ်းမကမ်းတွင် ဝင်ထိုင်လိုက်ပြီး–

"ဗိုလ်မှူး… ဆင်ဖြူကျွန်းက သေနတ် ၁၀ လက် တိုက်လာခဲ့တယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"ယမ်းဖိုကုန်းထိပ်ကပါ ဦးတော်"

"ဆင်ဖြူကျွန်း ရောက်ခဲ့သေးလား"

"ရောက်ခဲ့ပါတယ် ခင်ဗျာ"

"အခြေအနေ ဘယ့်နှယ် နေတဲ့လဲ"

"ကုလားစစ်ကူတွေ ရောက်နေတယ် ကြားခဲ့ရပါတယ် ဦးတော်"

ဦးကြွယ်သည် လေးပင်စွာ ခေါင်းညိတ်လိုက်ပြီးမှ-

"ဒါပေါ့လေ…"

ဟု မြည်တမ်းသည်။

"သူကြီးကို ဦးဖဲ တပည့် ပဥ္စင်းတစ်ပါးက ရိုက်ဆိုတာကော…"

"မနေ့တုန်းက ကိုရင်ဖျိုင်း ပြောလို့ ကြားပြီးပါပြီ ဦးတော်"

"ဒါဖြင့် ဆရာတော့်ကျောင်းကို သွားဦးမှပါလေ။ ဦးဖဲက ဦးရွှေသီး တပည့်ဆိုတော့ ဘယ်လိုများ သဘောထားလဲ သိရအောင်"

"ကောင်းပါပြီ ဦးတော်"

မြတောင်သည် နောက်ဆုတ်၍ သင်ဖြူးတစ်ချပ်ဖြင့် လှဲမည်အပြုတွင် အိမ်ပေါ်သို့ ဖျိုင်းကလေးနှင့် ကိုကြာလန်းတို့ တက်လာကြသည်။

ဖျိုင်းကလေးသည် ခင်ဆုံအား မရဲတရဲ ကြည့်ရင်း သင်ဖြူးအစပ်တွင် ထိုင်၏။

"ဟော… ကိုရင်"

ခင်ဆုံသည် ဖျိုင်းအား ကြည့်ကာ ပြုံးပြီး-

"စားကြပါဦး"

ဟု ဆက်ပြောရင်း ပါးစပ်အုပ်၍ အခန်းထဲ ဝင်ပြေးသည်။

ဖျိုင်းမှာ မျက်နှာကလေး အနီသားနှင့် ကိုကြာလန်းအား ကြည့်နေရာ ကိုကြာလန်းက တံတောင်ဖြင့် တွက်၏။ သူကလည်း တံတောင်ဖြင့် ပြန်တွက်သည်။ ကိုကြာလန်းက တွက်လိုက် သူက တွက်လိုက်နှင့် လက်ဖက် စားနေကြစဉ် မြတောင်မှာ အိပ်ပျော်သွား၏။

နေမွန်းတည့်ချိန်တည်း။

လုံးဝ တိတ်ဆိတ်နေသော ကြာအင်းမြို့မှာ စီခနဲ အသံများ ပေါ်လာပြီး နောက် ငရဲပွက်သလို အော်ဟစ်သံ ဆဲဆိုသံများ ဖုံးလွှမ်းသွားသည်။

မြတောင်သည် အိပ်ရာမှ ခုန်ထကာ အောက်ပိုးကျိုက်ပြီး အသံလာရာ သို့ ဓားဆွဲ၍ ပြေးလာခဲ့လေ၏။

ဖျိုင်းကလေးနှင့် ကိုကြာလန်းတို့သည် မြတောင်ထံ ပြေးလာကြ၏။

"ဘာလဲ ဘာလဲ"

မြတောင်က အော်မေးရင်း ဆက်ပြေးလာသည်။

"ချကုန်ပြီ… ချကုန်ပြီ"

"ဘယ်သူနဲ့လဲ"

"ဗိုလ်ချုပ်ကြီးတပ်နဲ့ ဗိုလ်ထွန်းဖံရဲ့ တပ်သားတွေ"

"ချဟ… ခုတ်ဟ… သတ်ဟ…"

ဟူသော အသံများသည် ဟည်းနေသည်။ သေနတ်သံများလည်း …ကြား ပါဝင်လာ၏။

"သေနတ်နဲ့ တိုက်ရင်တော့ ခက်ကုန်တော့မှာပဲ"

ဖျိုင်းကလေးသည် မြတောင်နောက်မှ ကပ်ပါလာရင်း ပူပန်စွာ ပြော သည်။

ပြည်ချစ်တပ်သားများသည် ဈေးရှေ့တွင် အလုံးအရင်းဖြင့် တိုက်ခိုက် …ကြခြင်း ဖြစ်၏။ အချို့လည်း သေနတ်ဒဏ်ရာ၊ အချို့လည်း ဓားဒဏ်ရာဖြင့် သေကုန်၏။

"ဗိုလ်ထွန်းဖံတပ်က… ကြက်ခေါင်းဆိတ် မခံတဲ့ တပ်ဟေ့"

"ဘယ်သူ့မှ လူမထင်တဲ့ ဗိုလ်ချုပ်ကြီး တပ်ဟေ့"

ဖွေးခနဲ ဖွေးခနဲ မြောက်တက်သွားသော ဓားရောင်သည် ဓားသွားချင်း …ပွင့်အောင် တိုက်ခိုက်ရင်း သွေးစများ ရဲတက်လာ၏။ ခုတ်သံများသည် မြတောင် …ဘက်သို့ နီးလာသည်။ ဗိုလ်ချုပ်ကြီးတပ် ပြိုဆင်းလာခြင်း ဖြစ်၏။

"ဟေ့… ရောင်းရင်းတို့ အခု ရပ်လိုက်ကြစမ်း၊ ရပ်လိုက်ကြစမ်း"

မိုးချုန်းသံဖြင့် မြတောင်က အော်လိုက်ရာ တိုက်ပွဲ ရပ်စဲသွားသည်။

"သွေးချင်းတို့… ကျောချင်းကပ် ရင်ချင်းအပ်ရမယ့် အချိန်မှာ ဒီလိုပဲ …လဟာသ ပျက်စီးပြုန်းတီးအောင် လုပ်ပစ်ကြတော့မလား။ ရန်သူဟာ နီးသထက် …လာပြီ"

"သူတို့က လာပြီး စော်ကားတာ ဗိုလ်မှူး"

"မဟုတ်ဘူး… သူတို့ ညာတာ"

"ဟေ့ တစ်ယောက်မှ စကားမပြောနဲ့"

"သွားကြ၊ အခုသွား။ ငါ ပစ်သတ်လိုက်ရမလား… ကောင်မိုက်တွေ"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ထွန်းဖဲနှင့် ဗိုလ်ချက်ကြီးတို့သည် မြင်းကိုယ်စီဖြင့် ရောက်လာ
အသီးသီး ဝေါက်ခမ်း မာန်မဲကြ၏။ တပ်သားများသည် ငြိမ်သက်လျက် ဒဏ်
ရသူများကို တွဲခေါ်သွားကြ၍ အလောင်းများကို ထမ်းသွားကြသည်။

မြတောင်သည် ငေးကြည့်နေမိ၏။

သေသူ ၁၅ ယောက်နှင့် ဒဏ်ရာရသူ ၃၀ ရှိသည်ကို ရေတွက်မှတ်သား
နေခြင်း ဖြစ်သည်။

သူသည် သက်ပြင်းရှိုက်ကာ-

“ကိုကြာလန်းရေ… မြင်း သွားယူချေပါ”

ဟု ပြော၏။

ကိုကြာလန်း မြင်းယူလာလျှင် မင်းကြီးဗိုလ်ဥက္ကမထ လာခဲ့သည်။

သူ၏ ညှိုးနွမ်းနေသော မျက်နှာကို မြင်လျှင် မင်းကြီးမှာ မကောင်း
သတင်း ကြားရတော့မည် သိလိုက်လေ၏။

“ဗိုလ်ထွန်းဖဲတပ်နဲ့ ဗိုလ်ချက်ကြီးတပ် ဟုတ်လား”

“မှန်ပါတယ် မင်းကြီး၊ စုစုပေါင်း ၁၅ ယောက် သေပြီး ၃၀ နာသွားတယ်”

“ကျွတ် ကျွတ်… နမြောစရာကောင်းပါဘိ ဗိုလ်မှူးရယ်… ထိုင်
ထိုင်ပါ၊ ကျုပ် ဒီမှာ ထိုင်ပါ့မယ် ဗိုလ်မှူး”

မြတောင်အား မြင်းခုံတစ်ခုပေါ်တွင် ထိုင်ခိုင်းကာ မင်းကြီးဗိုလ်ဥက္က
က ခွေးခြေတစ်ခုတွင် ထိုင်လိုက်ပြီး-

“ကျုပ်လည်း မုန်းနားဘက်ကို တပ်ရွှေ့ရလိမ့်မယ် ဗိုလ်မှူး။ ကုလား
က ဖောင်းလင်းဘက်ကနေ ဖောက်ဝင်ပြီတဲ့။ ကျုပ် ဇာတိကို ကျုပ် အသက်
လဲပြီး ကာကွယ်ရလိမ့်မယ်”

မင်းကြီးက ပွင့်ဖြူညောင်ပင်စောက်ရွာ ဇာတိ ဖြစ်ပေသည်။

“ဟိုမှာ ဘယ်သူမှ မရှိကြလို့လား”

“ဗိုလ်အဲကြီးတို့ ဗိုလ်ခံသီးတို့တော့ ရှိသပေါ့ ဗိုလ်မှူးရယ်၊ သူတို့
စိတ်မချလို့”

“ဗိုလ်ရာဇော်တို့ ဗိုလ်ဆေးနီတို့ ရှိသေး မဟုတ်လား”

“သူတို့က ငဖဲဘက်မှာ”

“ဟုတ်ပါတယ်လေ… မင်းကြီး ကြွမှာကိုလည်း ကြွပါ။ မကြွခင်
တော့ အားလုံး စုရုံးပြီး ဩဝါဒပေးခဲ့စေချင်ပါတယ်။ အခုအတိုင်းသာဆို
ကုလားက အသာကလေး ‘ဆောင်း’နဲ့ လာအုပ်သွားလိမ့်မယ်”



“ဗိုလ်မှူး ဆန္ဒ ပြည့်ဝပါစေမယ်လေ။ တယ်တော့ မပြောချင်ဘူး”

“ကျွန်တော် ပြောရမှာက လူငယ် ဖြစ်နေလို့ပါ ခင်ဗျာ။ ဒါ တစ်ခုတော့
ဆောင်ရွက်ပေးခဲ့ဖို့ တောင်းပန်ပါတယ်”

“ကောင်းပါပြီလေ”

မြတောင်သည် စိတ်အေးဆေးသွားရဟန်ဖြင့် သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

**နောက်**တစ်နေ့ နံနက်တွင် ဖြစ်ပေ၏။

မန္တလာကန်သည် ကြာအင်းမြို့၏ အသရေကို ဆောင်လျက် ရှိသည်။

ယနေ့ အနည်းငယ် ထူးခြားသည်ဟု ရပ်သူရွာသားများ ထင်မှတ်၏။ ဈေးထဲတွင် လည်းကောင်း၊ အရပ်ထဲတွင် လည်းကောင်း ပြည်ချစ်တပ်သားများကို မတွေ့ရပေ။

တိုက်ပွဲဆင်ရန် ထွက်သွားကြသလား။ တပ်တွေပင် နုတ်သွားပြီလားဟု တွေးကြသည်။ ယခုမှ ရှင်းလင်းသည် ဆိုသူ ဆို၍ အခုအခံ မရှိလျှင် ကုလား လာတော့မည်ဟု ပူပန်သူက ပူပန်၏။

ကျောက်ဖြူဘုရားကြီး တည်ထားရာ ရွှေကျောင်းကုန်း၏ အနောက်ဘက်တွင် ကျယ်ပြန့်သော ကွင်းကြီး တည်ရှိ၏။ ကုန်းကမူကလေးများသည် ကွက်ကျားကွက်ကျား ပေါက်နေသည်။ ဤကျယ်ပြန့်သော ကွင်းကို ရွှေကျောင်းကုန်းက စိုးမိုးထားချေ၏။

၄၀၀၀ မျှရှိသော ပြည်ချစ်တပ်သားများသည် ကွင်းထဲတွင် ငြိမ်သက်စွာ ရောက်ရှိနေကြသည်။ တပ်အလိုက် ခွဲခြား ရပ်ဆိုင်းနေကြ၏။ ဒေါင်းအလံကြီး တစ်ခုသည် တောင်ကုန်းတစ်ခုထက်၌ တလွင့်လွင့် ကြွားဝေနေသည်။ တပ်တိုင်း၏ ဦးတွင် ရဲမာန်ကို ဆောင်သော သူရဲကြီးအလံများက တလူလူ လွင့်နေသည်။

ဒေါင်းအလံ စိုက်ထူထားသော တောင်ကုန်းပေါ်တွင် မည်သူမျှ မရှိ။ ပြည်ချစ်တပ်သားများသည် တောင်ကုန်းပေါ်သို့ အာရုံစိုက်နေကြ၏။



တပ်သား အများအပြားသည် မင်းကြီးဗိုလ်ဥတ္တမ၏ တပ် ကြာအင်းမှ ထွက်ခွာခါနီး နှုတ်ဆက်ရန်သာဟု ထင်မှတ်နေကြသည်။

တပ်အားလုံး စုံစေ့ချိန်တွင် တံပိုးမှုတ်သံများ စီစီညံလျက် မင်းကြီးဗိုလ်ဥတ္တမ၊ မြတောင်ဗိုလ်၊ ဗိုလ်ထွန်းဖေ၊ ဗိုလ်ရွှေနှင့် ဗိုလ်ချက်ကြီး စသော ဗိုလ်မှူးများသည် မင်းကြီးဗိုလ်ဥတ္တမ ရှေ့ဆောင်၍ တောင်ကုန်းပေါ်သို့ ရောက်ရှိလာကြလေ၏။

"မင်းကြီး ဘေးဘယာ ဝေးပါစေ"

တစ်ခဲနက်သော ဆုမွန်ခြွေသံသည် ပဲ့တင်ရိုက်၍ လျှံသွား၏။

သုံးကြိမ် ဟစ်ကြွေးသံသည် ကြာအင်းမြို့နှင့်တကွ၊ ကြာအင်းမြို့ကို ရံသော တောင်ကိုးလုံး၊ အင်းကိုးအင်းနှင့် ကန်ကိုးခုတို့တိုင် သိမ့်သိမ့်တုန်အောင် ရိုက်ခတ်သွားသည်။

"သွေးသောက်တို့..."

မင်းကြီးဗိုလ်ဥတ္တမ၏ အသံသည် တည်ငြိမ်၏။ စစ်သား ၄၀၀၀ ကို လွှမ်းမိုးနိုင်သော အသံသြဇာဖြင့် ပြည့်စုံ၏။

"အမျိုး ဘာသာ သာသနာရဲ့ ရန်ဆူး ရန်ငြောင့်ဟာ ကြီးမားသထက် ကြီးမားလာခဲ့ပြီ။ သင်းတို့ကို နှိမ်နင်းရန်အတွက် ကျုပ်တပ်ဟာ ကြာအင်းမြို့ကြီးမှ ခွာရတော့မယ်၊ ဝမ်းလည်း နည်းပါရဲ့။ သို့သော် ကုလားနဲ့ ရင်ဆိုင်ရမှာမို့ ဝမ်းသာပါတယ်"

ရွှေကျောင်းကုန်း ကမ်းပါးယံသို့ အရပ်သူ အရပ်သားများ တစ်ယောက်စ နှစ်ယောက်စ ရောက်ရှိလာကြသည်။

"အမျိုး ဘာသာ သာသနာရဲ့ ရန်သူ ကုလားကို ဒူးထောက်ပြီး စည်းစိမ်ချမ်းသာနဲ့ နေရတာထက် ဒီရန်သူကို အသက်သေသည်အထိ တိုက်ရခြင်းက နှမ်မြတ်ပေတယ်။ သေသည်အထိ ကုလားကို တိုက်သွားသူဟာ နောင်လာနောက်သားတို့ရဲ့ နှုတ်ဖျားမှာ ကျန်ခဲ့လိမ့်မယ်။

"သေခြင်းတရား ဆိုတာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးသော်မှ မလွန်ဆန်နိုင်ဘူး။ ရောင်းရင်းတို့ ကျုပ်တို့ဟာလည်း သေမျိုးချည်းပဲ။ သေဘေးကို ပြေးလို့ ရှောင်လို့ မလွတ်ပါဘူး။ ရှောင်လို့ ပြေးလို့ မလွတ်တဲ့ သေခြင်းတရားနဲ့ ရင်ဆိုင်ရာမှာ ဂုဏ်ရှိသော ရာဇဝင်ပြောင်သော သေခြင်းမျိုးနဲ့သာ ကုလားကို သက်ဆုံးတိုင် ခုခံတိုက်ခိုက်ကြရမယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကုလားကို ဒီလို ခုခံတိုက်ခိုက်ရာမှာ သေမှာပဲ။ ဒီပွဲမှာ မသေရင် နောက်တစ်ပွဲမှာ သေမှာပဲ။ သေခြင်းတရားနဲ့ နပန်းလုံးနေရတဲ့ ရောင်းရင်းတို့ကို ရပ်သူရွာသားတွေက အားကိုးတယ်၊ ခင်မင်တယ်၊ လေးစားတယ်။ အခုလို ရပ်သူရွာသားတွေရဲ့ အားကိုး ချစ်ခင် လေးစားခံရတဲ့ ရောင်းရင်းတို့ဟာ ရပ်သူရွာသားတွေရဲ့ စေတနာ ပျက်ကွက်အောင် မလုပ်သင့်ဘူး။

"ဟိုတပ်နဲ့ ဒီတပ် ရန်ဖြစ်၊ ဒီတပ်နဲ့ ဟိုတပ် မတည့်တာဟာ အမျိုးဘာသာ သာသနာရဲ့ ရန်သူ ကုလားအတွက် အခွင့်အလမ်းသာအောင် လုပ်ပေးတာလို့ ခေါ်ရပေလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ် ဖျက် သံချေးတက်အောင် မလုပ်ကြနဲ့။ ကြက်နှစ်ကောင် ခွပ်လို့ အမောမှာ ဝင်ဖမ်းခံရသလို၊ အချင်းချင်း တိုက်ခိုက်ပြီး ခြေကုန်လက်ပန်း အကျမှာ ကုလားက နင်းဆုတ်တဲ့အဖြစ် မရောက်ကြစေနဲ့။

"ရောင်းရင်းတို့ ကုလားကို တိုက်သူ မှန်သမျှဟာ ညီရင်းအစ်ကိုတွေပဲ၊ ကုလားသာလျှင် ရန်သူ၊ ကုလားကို ဘုရား ထူးသူသာလျှင် ရန်သူ ဖြစ်တယ်။ ရောင်းရင်းတို့ဟာ မိစ္ဆာဒိဋ္ဌိ ခွေးမျိုးကို ဘုရား ထူးချင်သလား။ ဘုရားမထူးချင်ရင် ညီရင်းအစ်ကိုတွေ သင့်မြတ်ကြ။ ပြောမှားဆိုမှား ရှိရင် သည်းခံကြ။ အမတ်တွေ မညီညွတ်လို့ ထီးသုဉ်း နန်းသုဉ်း ဖြစ်ရတာကို ပြန်မြင်ပြီး သတိရကြပါ။ ချစ်ခင် ညီညွတ်ကြပါ ရောင်းရင်းတို့။

"အို… သွေးသောက်တို့ ကျုပ်တို့ရဲ့ များပြားသော တပ်သားတွေကို စေတနာရှိလှန်းလို့ ကျွေးမွေးထားရစေကာမူ စင်စစ် ဤကြာအင်းမြို့ကလေးမှာ ပင်ပန်းလှပြီ။

"ဤမြို့ကလေးကို တစ်ဖက်မှ ကုလားရန်ကို ကာကွယ်ပေးရင်း တစ်ဖက်မှ တောများကို တိုး၍ လယ်တည်ကြလော့။ ဓား လှံကို တစ်ဖက်မှ ကိုင်၍ တစ်ဖက်မှ ခက်ရင်း ပုဆိန်တို့ဖြင့် ဥယျာဉ် လုပ်ကြကုန်လော့။ ယာဘက်မှာ သေနတ်ကို ကိုင်ကာ ဝဲဘက်မှ ကိုင်းများ ယာများ လုပ်ကိုင်ကြလော့။

"စစ်ကိုလည်း တိုက်၊ လယ်လည်း စိုက်မှသာ ဤမြို့ကလေး ကြာရှည်မြဲမြံမည်။ ရောင်းရင်းတို့… သနားသဖြင့် ဟင်းတစ်ခွန်း ကူသောက်သော အဖြစ်သို့ ရောက်နေတာကို သတိချပ်ကြလော့။ ရောင်းရင်းတို့၏ အင်အားဖြင့် လယ်ယာ ကိုင်းကျွန်း လုပ်ကိုင်မယ်ဆိုရင် ကြာအင်းမြို့ဟာ ရေးကထက် သာယာဝပြောလာမယ်။

"အို… ရောင်းရင်းတို့… ကျုပ် ပြောတာကို သေသေချာချာ စဉ်းစားကြပါ။ အမျိုး ဘာသာ သာသနာအတွက် ကုလားကို တိုက်ခိုက်ရာမှာ ပြစ်ခြည်မြူမျှ မတင်အောင် ကြိုးစားကြပါ။ ရောင်းရင်းတို့ရဲ့ ခွန်အားမှ ဖြစ်တဲ့ သီးနှံ



[...]ဒီးပွင့်တို့နဲ့ တစ်ဖက်မှ ဝေဆာ ကြွယ်ဝစေသလို၊ တစ်ဖက်မှလည်း ရောင်းရင်းတို့[...] ဓား လှံ သေနတ်များနဲ့ ရဲရင့်ပြောင်မြောက်စွာ ကြာအင်းမြို့ကို ကာကွယ်ကြပါ။

"ရှေး မြန်မာဘုရင်မင်းမြတ်များမှာ ကျုပ်တို့ ကုန်းဘောင်ခေတ် ဘုရင်[...]င်းမြတ်များကဲ့သို့ ထာဝရတာပ်မတော်ကြီးများ မရှိကြပါဘူး။ အရေးရှိရင် လယ်ထဲ[...]ာထဲက ထပြီး ဓား လှံ လေး မြားနဲ့ တိုက်ခိုက်ကြရတာပါပဲ။

"ဒါကြောင့် ရှေးမိဘ ဘိုးဘွားများ လုပ်ရိုးလုပ်စဉ်အတိုင်း သေနတ်[...]စ်ဖက် တံပျာ တစ်ဖက် ကိုင်ပြီး ကြာအင်းမြို့ကြီး စည်ပင်လှဲခြိုပါစေလော့။

"အို သွေးသောက်တို့… ငါတို့ကား ဤမြို့ကို ကာကွယ်ပေးရသူများ[...]ည်း။ ငါတို့ကား ရဲစွမ်းသတ္တိ ပြည့်စုံသော စစ်သားများတည်း ဆိုတဲ့ မာန်မာ[...]း ဖယ်ရှားကြ။ သမီးပျိုများကို နှမအရင်းလို စောင့်ရှောက်ကြ။ လင်ရှိမယား[...] အမေကဲ့သို့ လေးစားကြ။ ရပ်သူရွာသားများကို မိဘသဖွယ် ရိုသေကြ။ [...]မျိုး ဘာသာ သာသနာအတွက် ပြစ်ခြည်မြူ မတင်သော တပ်သားကောင်းများ [...]ဖြစ် ရယူကြကုန်လော့"

မင်းကြီးဗိုလ်ဥတ္တမသည် တောင်ကမူစွန်းမှ နောက်သို့ ဆုတ်၍ အခြား[...]သ်များထဲသို့ ဝင်ရပ်လိုက်ကာ-

"ဗိုလ်မင်းတို့ ဘယ်လို သဘောရကြသလဲ"

ဟု မေးလေသည်။ မြတောင်ဗိုလ်က-

"မှန်ကန်မွန်မြတ်တဲ့ ဩဝါဒတွေပါပဲ မင်းကြီး"

"ဟုတ်ပါတယ်၊ ကောင်းပါတယ်၊ ကြိုက်ပါတယ် မင်းကြီး"

အခြားဗိုလ်မှူးများကလည်း နှစ်သက်လိုလားဟန် ပြကြစေကာမူ ဗိုလ်ရွှေ[...]က-

"ကျွန်တော်ကတော့ သိပ်ပြီး သဘောကျပါတယ်။ ကျွန်တော့်တပ်သား[...]တွေကလည်း ကျွန်တော့်လို နေကြမှာပါပဲ။ သို့သော် တခြားတပ်တွေကတော့ [...]င်းကြီးရှေ့မှာမို့ ငြိမ်နေတာ ဖြစ်မှာပါ"

"ဒီလို မပြောပါနဲ့ ဗိုလ်ရွှေ…"

ကန့်ကွက်သူမှာ ဗိုလ်မော် ဖြစ်၏။

"ကျုပ် ဟုတ်တာ ပြောတာပဲ ဗိုလ်မော်ရဲ့၊ ကျုပ် တပ်သားအစိတ်[...]ာ လက်နက်ကိုင်ထားမယ်။ တစ်ဝက်က မန္တလာကန်ကြီးရဲ့ ကောနေတဲ့အပိုင်း[...] လယ်ဆင်းလုပ်မယ်။ ကျုပ်ရဲ့ အကြံအစွယ်မျိုး ဘယ်သူမှ မရှိကြပါဘူး။ [...]… မြတောင်တစ်ယောက်တော့ တော်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



''ယောကျ်ားကောင်း ပီသရင် စောင်းမြောင်းပြီး မပြောဘူး'

ဗိုလ်ချုပ်ကြီးက ငေါက်ဆတ်ဆတ် ပြောလိုက်ရာ-

''အလို... ဒါဟာ စောင်းပြောတာလား။ မင်းတို့ကို ငါက တစ်ယောက် ခေါင်းခေါက် ပြောနေရအောင် လူဘက် မဟုတ်ဘူး။ ယောကျ်ားကောင်း ပီ မပီ စမ်းကြည့်ပါလား''

ဗိုလ်ချုပ်ကြီး၏ လက် ဓားပေါ် ရောက်သွားလျှင် မြတောင်က လှမ်းဆွဲ ဗိုလ်ရွှဲ၏ ပခုံးကို မင်းကြီး ဗိုလ်ဥတ္တမက ဖက်လိုက်သည်။

''ဒေါသ ရှေ့ထားရင် မှားမယ် ဗိုလ်ချုပ်ကြီး မှားမယ်''

မြတောင်က ဖျောင်းဖျ၏။

''ကျုပ် ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်စမ်းပါရစေ ဗိုလ်ရွှဲရယ်''

မင်းကြီးဗိုလ်ဥတ္တမကလည်း တောင်းပန်လေသည်။

မင်းကြီး၏ ဆုံးမစကားကို ကြားနာပြီးနောက် ပြည်ချစ်တပ်သားများ သည် တလှုပ်လှုပ် တရွရွဖြင့် လှုစုခွဲနေကြ၏။ များပြားသော တပ်သားတို့ သွားလာနေပုံမှာ တွင်းထွက် ပုရွက်နယ်တည်း။

သူတို့သည် နောင်တ တရားလည်း ရသင့်သလောက် ရကြ၏။

သူတို့သည် သဘောပေါက်သင့်သလောက် ပေါက်ကြ၏။

ကုလားကို သေသည်အထိ တိုက်ရန် သန္နိဋ္ဌာန်ချသူလည်း ချကြ၏

ထို့ကြောင့် များစွာသော ပြည်ချစ်တပ်သားများ၏ အသွင်အပြင်မှာ နှစ်လိုကြည်ညိုဖွယ်ရာ ပြောင်းလဲသွားသည်။ ထောင်ထောင်လွှားလွှားမှသည် ယဉ်ယဉ်ကျေးကျေး ဖြစ်လာကြ၏။

သို့ရာတွင် တောင်ကုန်းပေါ်ရှိ ဗိုလ်များမှာမူ စကားကို ဆီလို အပေါ် ရှာနေကြသည်။ တစ်ဦး တစ်ဦး အကျကောက်နေကြ၏။ တစ်ဦးကို တစ်ဦး အပြစ်ရှာနေကြခြင်း ဖြစ်သည်။

မြတောင်ဗိုလ်က-

''အားလုံးကို ကျွန်တော် တောင်းပန်ပါတယ် ဗိုလ်မှူးတို့၊ မင်းကြီး ပြောလို့ ပါးစပ်မှ မပိတ်သေးခင် ဒီလို ထဖြစ်ကြတာဟာ မင်းကြီးကို မလေး ရာလည်း ရောက်ပါတယ်''

''ကျုပ်ကတော့ မင်းကြီးကို လေးစားပါတယ် ဗိုလ်မှူး။ ဟိုကော လူပါးဝစကားပြောလို့ ထပြောမိတာပါ''

ဗိုလ်ထွန်းဖဲက မျက်စောင်း တခဲခဲဖြင့် ပြောရာ-



''သယ်... ငါ့ကို ဟိုကောင်လေး ဘာလေးနဲ့ စော်စော်ကားကား သဘောက်မသား''

ဗိုလ်ရွှဲသည် မင်းကြီးဗိုလ်ဥတ္တမ၏ လက်ထဲမှ ခုန်ထွက်ကာ ဓားကို ဆွဲထုတ်လေတော့၏။

''ဗိုလ်ထွန်းဖဲဟာ ဓားပြ မဟုတ်ဘူးကွ၊ မင်းလို ကောကြောင်ကို ဟောသလို...''

ဗိုလ်ထွန်းဖဲက ပြောပြောဆိုဆို ဗိုလ်ရွှဲအား ပိုင်းချလိုက်ရာ ဗိုလ်ရွှဲက ဓားခင်းဖြင့် ခံလိုက်သည့်အတွက် မီးပွင့်သွားလေ၏။

''ကဲ... ခင်ဗျားတို့ ကျွန်တော့်ကိုသာ ခုတ်သတ်လိုက်ကြပါတော့ဗျာ''

မြတောင်ဗိုလ်သည် ဓားနှစ်စင်းကြား အတင်းတိုးဝင်သည်။ ဗိုလ်ထွန်းဖဲ ခုတ်သွား၏။ ဗိုလ်ရွှဲက-

''ဗိုလ်မှူး မရှုပ်နဲ့ ဖယ်...''

''ကျွန်တော် ရှိခိုးတောင်းပန်ရမလား ဗိုလ်ရွှဲ''

မြတောင်က အမှန်ပင် ရှိခိုးတော့မည့်နှယ် ဖြစ်နေသည်။

''ပြောမရလှတဲ့ကောင်... သွားရောဟာ''

'ဟယ်'ခနဲ ဗိုလ်မှော်နှင့် ဗိုလ်ချုပ်ကြီးတို့ အော်မိကြ၏။

ဗိုလ်ရွှဲသည် မြတောင်ဗိုလ်၏ ဇက်ကို ပိုင်းချလိုက်ခြင်း ဖြစ်ရာ မြတောင်ဗိုလ် က ငုံ့ရှောင်လိုက်သဖြင့် ခေါင်းနှင့် ကိုယ် အိုးစားမကွဲခြင်း ဖြစ်သည်။

''ကဲဟာ ကဲဟာ...''

မိမိ၏ ဓားချက် မထိသဖြင့် ဗိုလ်ရွှဲ တိုး၍ ရှက်ရမ်း ရမ်းသည်တွင် ဗိုလ်ချုပ်ကြီးက ဓားဆွဲထုတ်၍ မြတောင်အား ကာကွယ်ပေးရသည်။

''မင်းနဲ့ တွေ့ချင်နေတာ ကြာပြီကွ၊ သေဖို့သာ ပြင်ပေတော့''

ဗိုလ်ချုပ်ကြီးသည် ခွက်ခြင်း၊ ပိုင်းခြင်း၊ ထိုးခြင်း၊ လှိုခြင်းများဖြင့် တရကြမ်း ဖိတိုက်လေ၏။

''ငါ သေမလား... မင်း သေမလား... ကြည့်သေးတာပေါ့ ဟား ဟား ဟား...''

ဗိုလ်ရွှဲက မခန့်မလေး ရယ်သွမ်းသွေးကာ ပြန်တိုက်သည်။

ထိပ်သီးဗိုလ်များ ဖြစ်ကြသောကြောင့် ရက်စက်၏။ လျင်မြန်၏။ ဓားကို သစ်ရွက်ကလေးလို ကစားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မားသွဲ့၊ မောင်းကပ်၊ နောက်လည်လျှောက်၊ နောက်လှည့်၊ ရှေ့နှုတ်လည်လျှောက်၊ လက်ကောက်ဝတ်၊ မားဖက်၊ ဒေါင်းမြီးက၊ ကျားမြီးဆွဲ စသော မားရေးများက အစ···

ရှေ့ဘယက် လည်လျှောက်၊ ခပြေ၊ ပိုးခြည်လွှား၊ သက်တင်ရေသောက်၊ မီးတိုင်ပြ၊ ကြာစံ၊ မားလွှင့်၊ ဆက်ရက်ခုန် မားရေးမကျန်···

ပါးကပ်၊ ပန်းကုံးပြတ်၊ ရှေ့နုတ်မြွက်ယာလှ၊ ရှေ့နုတ်မြွက်ဝဲလှ၊ နှစ်ဖက်နုတ်နောက်လှည့်၊ စွန်သုတ်၊ တစ်ဖက်နုတ်၊ နှစ်ဖက်နုတ်၊ ရှေ့လည့် စသည်ဖြင့် ပညာစွမ်းပြသည့်နယ် တိုက်ခိုက်ကြရာ···

တစ်ဖက်ထိုး ပေါ်ထုတ်၊ နှက်ဖက်ထိုး ပေါ်ထုတ်၊ စင်ရော်သုတ်၊ ယဉ်ထန်ရေပေါ်၊ ခတ်အင်တွဲ၊ ရင်ခွဲအသည်းလှန်၊ မားလျှိုမောက်တိုယပ်၊ မျက်နှာကာ မားလှ၊ မားခုတ်၊ ဓါးချို၊ မားခင်း၊ မားရေး ၃၇ မျိုး ကုန်စင်ပါလေတော့သည်။

တောင်ကုန်းထက်တွင် ပြင်းထန်သော အသက်ရှူသံကြီးများ၊ မားသွားချင်း ထိခတ်သံများ နားပွင့်မတတ် ထွက်ပေါ်နေကာ ဗိုလ်ရွဲနှင့် ဗိုလ်ချက်ကြီးတို့ တစ်ယောက် အသက် တစ်ယောက် အရယူနေကြစဉ် တောင်ကုန်းအောက် မြေပြင်တွင်လည်း ဗိုလ်ရွဲတပ်က ဗိုလ်ချက်ကြီး၏ တပ်ကို စတင်တိုက်ခိုက်လေ၏။

"ယောက်ျားကွ···"

"ချဟ··· ခုတ်ဟ··· သတ်ဟ···"

လောက ပျက်သည့်နယ် မားသံများ၊ အော်ဟစ်သံများနှင့် သွေးဖုံးသော မြင်ကွင်းကို ကြည့်ကာ မင်းကြီးဗိုလ်ဥတ္တမသည် တောင်အောက်သို့ ဆင်းလာပြီး တပ်စာရေးအား တပ်ချီတက်ရန် တပ်ဗိုလ်များသို့ အကြောင်းကြားခိုင်းလိုက် လေ၏။

"ဟေ့··· ချကွာ ဒီကောင်တွေကို တစ်ယောက်မှ မကျန်အောင် သတ်ဟေ့"

ဗိုလ်တွန်းစံ တပ်ကလည်း ဗိုလ်ရွဲ၏တပ်ကို ဗိုလ်ချက်ကြီး၏တပ်နှင့် ပူးတွဲ တိုက်ခိုက်လေတော့၏။

ကုလားကို သတ်မည့် လက်များ မြေသို့ ပြုတ်ကျသည်။

ကုလားကို ကြိမ်းမောင်း ငေါက်ငန်းမည့် ဦးခေါင်းများ မြေသို့ လိမ့်ဆင်း၏။

ကုလားကို ခုတ်မည့် မားများ ကျိုးပဲ့၏။

ကုလားသွေးဖြင့်သာ ဖုံးလွှမ်းစိုနေရမည့် မြေအပြင်ဝယ် ပြည်ချစ် တပ်သားတို့၏ နီရဲသော သွေးများ စီးဆင်းဖုံးလွှမ်းချေ၏။

# ၁၅

သွင်းပေကျံနေသော မားများ၊ သွေးစက်ယိုစီးနေသော မားများသည် လေ၌ ...နေ၏။

ပြေးလွှားသံများ၊ အော်ဟစ်သံများ၊ ခုတ်သံ ထစ်သံများသည် ကြာအင်း ကို ဖုံးလွှမ်းချေ၏။ ဗိုလ်ရွဲ၏တပ်မှာ နှစ်တပ် ညှပ်ပိတ် အတိုက်ခံရသဖြင့် ...သည်။ ဗိုလ်ရွဲ၏ တပ်အား တပ်နှစ်တပ်က ဖိလာရာ တပ်များ ကြာအင်းမြို့ထဲ ...ဆင်းလာ၏။

"မြတောင်တပ်တွေ မန္တလာကန်ဘက်ကို ထွက်၊ မြတောင်တပ်တွေ ...ကာရုဏ်းမှာ မပါစေနဲ့"

ဖျိုင်းကလေးနှင့် ဗိုလ်ချင်းတို့သည် မြို့ထဲတွင် မြင်းဖြင့် လျှောက်အော်၏။

မြတောင်ဗိုလ်၏ တပ်သားများသည် မြို့၏ အရှေ့ဘက်သို့ ပြေးထွက် ...သည်။

"ငါ့တပ်သားတွေ မြို့အနောက်ဘက်ကို ထွက်၊ ထွက်လဟာ··· ...လဟ"

ဗိုလ်မော်နှင့် လက်ထောက်ဗိုလ်များသည် မြို့တွင်းတစ်လျှောက် လှည့် ...ကာ အော်နေစဉ် ပြုံဆင်းလာသော ဗိုလ်ရွဲ၏ တပ်သည် ဗိုလ်မော်၏ ...ထောက်ဗိုလ် တစ်ယောက်ကို သွေးရူးသွေးတန်း ဝင်ခုတ်ရာ လက်ထောက်ဗိုလ် ...ခိုင်းချလိုက်၏။

"ဗိုလ်မော်ရဲ့တပ်ကိုလည်း တိုက်ကြဟေ့"

www.burmeseclassic.com



ဗိုလ်ရွှဲ၏ တပ်သားများသည် ဗိုလ်မှော်နှင့် လက်ထောက်ဗိုလ်များ ဝိုင်းတိုက်သည်။ ဗိုလ်မှော်သည် ဗိုလ်ရွှဲ၏ တပ်သားများကို နင်းခုတ် အလောင်းများကို နင်း၍ လူအုပ်ထဲမှ ထွက်သည်။

ဗိုလ်ရွှဲသည် ဒဏ်ရာဖြင့် ပြေးလာ၏။ ဗိုလ်ချက်ကြီး၏ လက်ချက်လော ဗိုလ်ထွန်းဖံ၏ လက်ချက်လော သူကိုယ်တိုင်ပင် မသိပေ။ မည်သူ၏ တပ်သ က ခုတ်လွှတ်လိုက်သည် မသိ၊ ပခုံးမှ သွေးစီးကြောင်းကြီးသည် အင်္ကျီတစ်ထ လုံး ရွှဲနေသည်။

“သေနတ် သုံးကြပါတော့လား။ သေနတ်သမားတွေ သေကုန်ပြီလား

ဗိုလ်ရွှဲသည် အသံနက်ကြီးဖြင့် အော်လိုက်လေ၏။

သေနတ်ဖြင့်သာ တိုက်ကြမှု ဆုတ်ယုတ်စ ကြာအင်းမြို့ပါ မီးလော ပြာကျရပေတော့မည်။ ထိုအန္တရာယ်ကို မင်းကြီးဗိုလ်ဥတ္တမလည်း မတားဆီး သူ့တပ်သည် ကြာအင်းမှ ခွာသွားချေပြီ။

“ဟော့ သေနတ်တွေ ပစ်ပါတော့လား”

ဗိုလ်ရွှဲသည် သွေးရူးသွေးတန်း လျှောက်အော်နေစဉ် စစ်မောင်း တည်ညံ့ မြင်းခွာသံ မိုးလုံးလျှံလျက် မင်းကြီးဗိုလ်ဥတ္တမ၏ တပ်သည် မြို့တံခါး သို့ ရောက်လာလေ၏။

“ရန်သူ လာနေပြီ… ကုလားတွေ တက်လာပြီ ရောင်းရင်းတို့”

လက်ထောက်ဗိုလ်တစ်ယောက်က အော်၏။

အပြင်းအထန် တိုက်ခိုက်နေသော တပ်များအတွင်းသို့ ထိုနှိုးဆော်သံမှ သည် ဖောက်ထွင်း ဝင်ရောက်နိုင်ခြင်း မရှိ။

“ဟယ်… ငမိုက်သားတို့ ရန်သူ လာနေပြီ၊ ရန်သူ နီးလာပြီ”

မင်းကြီးဗိုလ်ဥတ္တမ၏ အသံသည် အချို့တပ်သားများ၏ လက် တုံ့ဆိုင်းသွားစေ၏။ သို့သော် အခြားသူများက ရန်မူမြဲ ဆက်လက်ရန်မူလာသ အတွက် တိုက်ပွဲသည် ဆက်လက်ဖြစ်ပွားနေသည်။ ဓားသံများသည် တစ်မြို့ ကို လွှမ်းခြုံနေ၏။

သည်တွင် မင်းကြီးဗိုလ်ဥတ္တမ၏ တပ်သားများသည် ကျယ်လောင်သေ အသံကို တစ်ပြိုင်နက် ပြုကြသည်။

“သွေးသောက်တို့ ရန်သူတပ်ကြီး လာနေပြီ… သွေးသောက် ကုလားတွေ လာနေပြီ”





ကြီးမားသော အသံကြီးက တစ်မြို့လုံးကို ဖုံးအုပ်သွားသည့်ခဏ တိုက်ပွဲ တ်ခြည်း ပြီးစီးသွားလေ၏။

“ဟယ်… ငမိုက်သားတို့ သင်တို့၏ ရန်သူအစစ်ကား မန္တလာကန်တွင်း ၌ တက်လာကြပြီတကား”

မင်းကြီးဗိုလ်ဥတ္တမ၏ စကားသံကြောင့် တပ်သားများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြကာ သက်ဆိုင်ရာ အကြပ် အိုးစား သွေးသောက်များထံ အသီးသီး ရုံးသွားကြလေသည်။

ကျွဲချိုမှုတ်သံများ တံပိုးမှုတ်သံများနှင့် မောင်းတီးသံများသည် တပ် အသီးသီးမှ ထွက်ပျံလာသည်။

ရန်သူနှင့် မတိုက်ရဘဲ သေဆုံးသွားသော ပြည်ချပ်တပ်သားတို့၏ အလောင်းများ ပြန့်ကြဲကျန်ခဲ့၏။ ဒဏ်ရာရသော တပ်သားများသည် ဒဏ်ရာကို လက်ဖြင့် ဖိ၍ စစ်မြေသို့ ပြေးလိုက်လာကြသည်။ ဒဏ်ရာပြင်းသော တပ်သား များကား တရွတ်ဆွဲ၍ တစ်ဖုံ လေးဖက်တွား၍ တစ်သွယ် စစ်မြေပြင်သို့ ရှေးရှု သွားနေကြ၏။

ကုလားတပ်တစ်တပ်သည် မြစ်ဘက်မှ တက်လာ၏။

ကုလားတပ်သည် မန္တလာကန်၏ တောင်ဘက် မြောက်ဘက် နှစ်ခုခွဲ၍ ကြာအင်းမြို့သို့ ရှေးရှု ချီတက်လာရာ အသင့်စောင့်နေသော မြတောင်တပ်က ဆီးကြိုပစ်ခတ်သည်။ ကုလားများ နောက်သို့ ပြန်ဆုတ်သွား၏။ မြတောင်၏ တပ်သားများ ညာသံပေး၍ တက်သွားရာ အမြောက်ဆန်များ ကျလာသဖြင့် ဒရိုဖရဲ ပြန်ဆုတ်သွားရလေသည်။

ဗိုလ်ချင်းသည် ကျဆုံးသော တပ်သားများကို မြင်ရသောအခါ ထောင်းခနဲ ဒေါသဖြစ်လာသည်။ ဓားကို ဝင့်ကာ ကွင်းထဲသို့ ခုန်ထွက်လာ၏။

“ဗိုလ်ချင်း… ပြန်ဝင်စမ်း၊ ဟော့ ပြန်ဝင်ကွ၊ ရန်သူကို အထင်သေးလို့ မရဘူး”

မြတောင်က မြင်းဖြင့် ပြေးလာပြီး သတိပေးကာ ညောင်ပင်ကြီးတစ်ပင် နောက်သို့ ခေါ်သွား၏။

ညောင်ပင်ကြီးပေါ်သို့ ကုလား အမြောက်ကျည်ဆန်များ ကျလာသည်။ ညောင်ကိုင်းများ ကျိုးပဲ့ ပြတ်လွင့်ကုန်သည်။ မြတောင်ဗိုလ်မှာ အထိအခိုက် မရှိဘဲ နေရာရွှေ့သွား၏။

www.burmeseclassic.com

www.burmeseclassic.com

ကုလားတပ်သည် အစိမ်းရောင် ခေါင်းပေါင်းစ တလူလူနှင့် မြင်းပေါ်
လူကို မြတောင်ဗိုလ်ဟု အတပ်သိကာ သူ ဝင်ရောက်သွားရာ နေရာကို အ
အချာ ပစ်ခတ်ခြင်း ဖြစ်သည်။

မြတောင်ဗိုလ်၏ တပ်သားများမှာ ဆားပွင့်သေနတ် အနည်းငယ်
ရှိ၏။ တူမီးသေနတ် တစ်ဝက်ကျော် သုံးပုံ နှစ်ပုံနီးပါး ကိုင်စွဲထားကြ၏။
လှံကိုင် လေးကိုင် တင်ကျည်းကိုင် ရဲမက်များမှာ အမိန့်ကို အံတကြိတ်ကြိတ်
စောင့်နေသည်။

ကုလားတပ်က အမြောက်ဖြင့် ပစ်၍ စက်သေနတ်ဖြင့် ပစ်၍ တက်
၏။ မြတောင်၏ တပ်မှာ အနည်းငယ်မျှ ပစ်လိုက်၊ ဆုတ်လိုက်ဖြင့် ရွှေကျောင်းကု
ဘက်သို့ ချဉ်းကပ်လာ၏။

သို့စဉ် ဗိုလ်ထွန်းဖံ၏ တပ်သည် အပြင်း ချီတက်လာ၏။

"ဗိုလ်ထွန်းဖံ အရမ်းမတက်နဲ့"

မြတောင်က အော်၍ သတိပေးသော်ငြား ဗိုလ်ထွန်းဖံက အရေးမစိုက်

"တက်ပါတော့လား... သတ်ပါတော့လား ခုတ်ပါတော့လား..."

တိုက်မောင်းဆော်ကာ ညာသံပေး၍ ပြည်ချစ်တပ်သားများသည်
ကို ဝင့်ကာ မြှောက်ကာ ပြေးတက်သွား၏။ တစ်ပြိုင်နက် ပစ်လိုက်သော
သေနတ်သံများ အဆုံးဝယ် ထက်လှစွာသော ဓားဖြင့် အပိုင်းခံရသော ကိုင်းထော
လို အစင်းသား လဲကျ သေကုန်သည်။

"တက်ဟ... ချဟ... သတ်ဟ..."

ဗိုလ်ထွန်းဖံ၏ အသံကား အသံသာ ရှိတော့၏။ တက်သူ မရှိ၊ ခုတ်
မရှိ။ တက်မိသူ အချို့ပင် သေပြေး ရှင်ပြေး ဆုတ်ပြေးလာကြ၏။

"ဗိုလ်ထွန်းဖံ လုပ်လိုက်ပုံက ကုလားတွေ အားတက်စရာ ဖြစ်သွား
ဗိုလ်ချုပ်"

"ဟုတ်တယ် ဗိုလ်မှူး၊ တယ်မိုက်တဲ့ လူပါကလား"

"မင်းက ဒီမှာ ထိန်းထိန်းသိမ်းသိမ်းတိုက်။ ငါ ရွှေကျောင်းကုန်း
ခံမယ်"

မြတောင်သည် သူ နေထိုင်ရာ တဲအနီးရှိ ငှက်ပျောတောသို့ မြင်းအပြင်း
စိုင်းခဲ့သည်။

ငှက်ပျောတောအတွင်း၌ ဗျိုင်းကလေးနှင့် လူ ၁၀ ယောက်မှာ စကြာတင်
အမြောက်တစ်လက်ကို ကျိတ်၍ ပြင်ဆင်နေကြ၏။



"မရသေးဘူးလား ဟေ့"

မြတောင်က စိတ်လှုပ်ရှားစွာဖြင့် အော်မေးရင်း ရောက်လာသည်။

"ပြီးပါတော့မယ်"

ဗျိုင်းကလေးက သီးပြောသည်။

"ကဲ... ပြီးရင်လည်း ရွှေကျောင်းကုန်းကို မြန်မြန်ယူခဲ့ကြ"

မြတောင်ဗိုလ်သည် ကျောက်ဖြူဘုရားဘက်သို့ မြင်းကို စိုင်းနှင်ခဲ့သည်။

ဘုရားပေါ်၌ မင်းကြီးဗိုလ်ဥက္ကမ၏တပ်က ကြံ့ကြံ့ခံနေ၏။ ကုလားတပ်
သည် ဘုရားကုန်းတော်ကို အမြောက် နှစ်လက်ဖြင့် ဆူလှယ်ပစ်ကာ ချေမှုန်းနေ၏။

အကယ်၍ ဘုရားကုန်းကို ကုလား ရသော် ကြာအင်း မုချကျတော့
မည်။ သို့ကြောင့်လည်း မြတောင် စိတ်လှုပ်ရှားနေခြင်း ဖြစ်သည်။

မြတောင်နှင့် မရှေးမနှောင်းပင် ဗျိုင်းကလေးသည် တပ်သား ၁၀ ယောက်
နှင့် စကြာတင် အမြောက်ကို ကျောက်ဖြူဘုရားကုန်းပေါ် တင်လာသည်။

"ဘယ်သူ လုပ်မှာတုံး၊ ဒီအမြောက်ကြီးကို"

ဗျိုင်းကလေးက မြတောင်ထံ ပြေးလာပြီး မေး၏။

"ငါ ပစ်မှာပေါ့ ဗျိုင်းရာ... ဗိုလ်ချင်းဆီသာ သွားပါ၊ ဖွတ်လည်း
မလုပ်နဲ့နော်"

"ကောင်းပါပြီ ဗိုလ်မှူး"

ဗျိုင်းကလေးသည် မြင်းခုန်စိုင်း၍ ထွက်သွားသည်။

အမြောက် ပြင်ဆင်ရန်အတွက် မြတောင် လျှို့ဝှက်ပြီး တာဝန်ပေးထား
ခဲ့သော တပ်သား ၁၀ ယောက်မှာ အင်းဝခံတပ်တွင် အမြောက်ပစ်ခတ်ဖူးသူ၊
ကိုင်တွယ်ဖူးသူ ဘုရင့်တပ်မတော်သားဟောင်းများ ဖြစ်ကြ၏။

သို့ကြောင့် ယမ်းထိုးမည့်သူ၊ ကာဖတ်ထိုးမည့်သူ၊ ထိုးတံကိုင်သူ၊
အမြောက်ဆန် ထည့်သူ၊ နားစူးကိုင်သူ၊ နားယမ်းကျည်ထောက် ကိုင်သူ၊ အမြောက်
ချိန်ရွယ်သူ၊ မီးရှို့သူ၊ ရေပုံးကိုင်သူနှင့် အမြောက်လက်တံကိုင် ရေကျပ်သူ အစ
ရှိသူတို့သည် အသင့်ဖြစ်နေကြ၏။ မြတောင်၏ အမိန့်ကို စောင့်ဆိုင်းနေကြ၏။

"ပစ်နိုင်ပါပြီ ဗိုလ်မှူး"

"ဟေ့... ဟိုနဘဲပင်နားက အမြောက်ကို မြင်လားဟေ့"

"မြင်ပါတယ် ဗိုလ်မှူး"

"သေသေချာချာ ချိန်ကွာ"

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မြတောင်ဗိုလ်သည် ဤစကြာတင် အမြောက်ဖြင့် ဤတိုက်ပွဲကိုပင် အနိုင်ရမည်ဟု မမျှော်လင့်ပေ။ အလွန်ဆုံး ရန်သူ့အမြောက် နှစ်လက်ကို ဖျက်ဆီးနိုင်ရုံသာ ရှိမည်ဟု ယုံကြည်၏။

"ချိန်ပြီးပါပြီ ဗိုလ်မှူး"

"သေချာရဲ့လားကွ"

"အမြောက် ခါးလယ်ကို ချိန်ထားပါတယ် ဗိုလ်မှူး၊ သေချာပါတယ်"

နဘဲပင်ဘေးရှိ အမြောက်မှာ ပစ်ခတ်ရန် အသင့် ဖြစ်နေ၏။ ပစ်မိန့်ကို စောင့်နေဟန် ရှိ၏။

သို့စဉ်တွင် မြတောင်က "ပစ်" ဟု အမိန့်ပေးလေတော့သည်။

မီးစာ ကောက်ကိုင်သူသည် နားယမ်းကျည်တောက်နှင့် နားပေါက်တွင် ဖြူးထားသော ယမ်းမှုန့်များပေါ်ရှိ အုန်းဆံမွေးများကို မီးရှို့လိုက်လေ၏။

ကျိုထားသော ယမ်းမှုန့်များတစ်လျှောက် မီးစွဲလောင်သွားကာ အုန်းခနဲ မြည်ဟိန်းသွားသည်။

ဒိုင်းခနဲ အသံကြီး တစ်ချက်သည် နဘဲပင်ဘေးရှိ ကုလားအမြောက်မှ ထွက်ပေါ်လာသည်။ ပစ်ခြင်း မဟုတ်။ အပစ်ခံရခြင်းသာ ဖြစ်၏။ အမြောက် ခါးပြတ်သွားရုံမက ယမ်းထုပ်များ ပေါက်ကွဲခြား၊ အမြောက် အပိုင်းအစများ ထိမှန်ခြင်းကြောင့် ကုလားနက် တပ်သားများနှင့် ကုလားဖြူများ လွင့်စဉ်ကုန်လေ၏။

မြတောင်၏ အမြောက်တပ်သားများမှာ ကကြ ခုန်ကြ၏။ သို့ရာတွင် ကြာကြာ မရွှင်မြူးနိုင်ကြ။

"ဓလပ်ပင်တွေ ဘေးကို ရွှေ့"

မြတောင်၏ အမိန့်ကြောင့် အမြောက်ကို ရွှေ့ကာ ပြောင်းကို ရေကျုပ်သူက ကျုပ်၊ ယမ်းထုပ်သွတ်သူက သွတ်၊ ယမ်းထိန်း ကာဖတ်များ ဆောင့်သွင်းသူက သွင်း၊ အမြောက်ဆန် ထည့်သူက ထည့်၊ အမြောက်ဆန်ထိန်း ကာဖတ်ထည့်သူက ထည့်ဖြင့် အလုပ်ရှုပ်နေကြသည်။

"ကျန်တဲ့ အမြောက်ကို ချိန်ဟေ့"

ကုလားများသည် ပြည်ချစ်တပ်သားတို့ လက်ဝယ် အမြောက်မရှိဟု ထင်နေဆဲတွင် အငိုက်မိသွားခြင်း ဖြစ်သည်။

သို့ကြောင့် စကြာတင် အမြောက် ရှိခဲ့သော နေရာသို့ ချက်ချင်း ပြန်ပစ်၏။ စကြာတင် အမြောက်ကိုကား မထိ။ နေရာရွှေ့ထားသောကြောင့် ဖြစ်သည်။

"ချိန်ထားပါပြီ ဗိုလ်မှူး"



အမြောက်ချိန်သူက သတင်းပို့၏။

"သေချာပေစေဟေ့"

အမြောက်ချိန်သူသည် အမိန့်ကို နာခံ၍ ထပ်မံစစ်ဆေးသည်။

"သေချာပါတယ် ဗိုလ်မှူး"

အုန်းခနဲ ပြည်ချစ်တပ်သားတို့ဘက်မှ အမြောက်တစ်ချက် ပစ်လိုက်ပြန်သည်။

စကြာတင် အမြောက်ဖြင့် ထောင်းလမောင်း ကျေရှာပြီ ထင်နေသော ကုလားတပ်ဗိုလ်မှာ မျက်လုံးပြူးသွား၏။ မျက်လုံး ပြူးဆဲမှာပင် ကုလားတို့၏ တစ်ခုတည်းသော အမြောက်မှာ အပိုင်းပိုင်း လွင့်စဉ်သွားသည်။ ယမ်းထုပ်များမှာ ထပ်ဆင့်၍ ဒိုင်းဒိုင်း ပေါက်ကွဲကုန်၏။

"ငါ့ကောင်တွေ တော်တယ်ဟေ့"

လူ ၃၀ နှင့် တက်လာသော ကုလားတပ်မှာ ၁၆ ယောက်ခန့်သာ ကျန်တော့၏။

မြတောင်ဗိုလ်၏ တပ်သားများကား ဗိုလ်ချင်းနှင့် ရှင်သူငယ်ဗိုလ်တို့၏ အမိန့်အရ အကာအကွယ်ရှိသော နေရာများမှသာ သေနတ်ဖြင့် ပစ်ခတ်နေကြ၏။ ရှေ့သို့လည်း မတက်၊ နောက်သို့လည်း မဆုတ်ပေ။

သို့သော် တပ်သားများကား အားတက်နေကြသည်။ ကုလားအမြောက် နှစ်လက် ပျက်စီးသွားသောကြောင့် ဖြစ်၏။

သို့စဉ်တွင် ဗိုလ်ချက်ကြီး၏ တပ်သားများဟု ထင်ရသော ၅၀ အစု တစ်စုသည် သစ်ပင်များပေါ်မှ သေနတ်ဖြင့် ပစ်ပေးသူများက ပစ်ပေးနေစဉ် ဓားဆွဲ၍ ညာသံပေးကာ ပြေးတက်လာကြသည်။ စက်သေနတ် ကျည်၊ ရိုင်ဖယ် ကျည်များ အောက်ဝယ် အတုံးအရုံး ကျဆုံးကုန်လေသည်။

"ပစ်..."

မြတောင်ဗိုလ်၏ အမိန့် ထွက်ပေါ်လာ၏။ စကြာတင် အမြောက်မှ ကျည်ဆန် ရုတ်တရက် ထွက်မလာပေ။

အတန်ကြာမှ အုန်းခနဲ မြည်ဟည်းကာ စက်သေနတ်ကိုင် ကုလားတို့ ကိုက်ရိုက် ထိမှန်သွားလေ၏။

ဗိုလ်ချင်းသည် စက်သေနတ်ကိုင် ကုလား ကျသွားသည် ဆိုလျှင် မြင်းစီး၍ ထွက်လာလေ၏။ ချုံများ၊ သစ်ပင်များ၊ လယ်ကန်သင်းဘောင်များမှ

www.burmeseclassic.com

www.burmeseclassic.com



မြတောင်ဗိုလ်၏ တပ်သားများ တောင်ကျရေ ဆင်းလာသလို တိုက်မောင်းေ
ကာ ကြုံးဝါးအော်ဟစ်ကာ ပြေးတက်လာလေ၏။

“ခုတ်ဟ… ချဟ…”

“မြတောင်ကွ… မြတောင်”

“သတ်ဟ… သတ်ဟ…”

တော်လဲသံအလား ခြိမ့်ခြိမ့်ညံသော အသံများနှင့် ခုတ်သံ ထစ်သံမျာ
နှင့်အတူ စိတ်ဓာတ်ကျနေသော ကုလားများသည် သေနတ်သော်မှ မယူနိုင်
ကိုယ်လွတ် ထွက်ပြေးကြလေ၏။

ဤတိုက်ပွဲတွင် ကုလား ၂၀ ကျသတည်း။

# ၁၆

ာမ်းများကို တစ်ပြိုင်နက် မြှောက်ကာ ဟေးခနဲ ဟေးခနဲ အော်လိုက်ကြသည်။

မြတောင်ဗိုလ်၏ တပ်သားများသည် ဟေးခနဲ ဟားခနဲ အော်ကာ
ျာက်ဖြူဘုရားဆီသို့ ချီတက်လာကြ၏။

“မြတောင်ဗိုလ်ကွ”

ဗိုလ်ထွန်းဖီတပ်နှင့် ဗိုလ်ချက်ကြီး တပ်များသည်လည်း ဓားများကို
မြှာက်ကာ အော်ဟစ်ရင်း ကျောက်ဖြူဘုရား ခြေရင်းသို့ စုဝေးလာကြ၏။

တပ် သုံးတပ်သည် ဘုရားကုန်း ခြေရင်းတွင် ဆုံကြကာ တစ်ယောက်နှင့်
ာစ်ယောက် ဖက်သူ ဖက်၊ ခေါင်းပေါင်းတွေ မြှောက်သူ မြှောက်၊ ခမောက်တွေ
ွှင့်သူ လွှင့်ဖြင့် ရွှင်လန်းအားရနေကြ၏။

မြတောင်ဗိုလ်သည် စကြာတင် အမြောက်ကို ဆက်လက် သုံးနိုင်ခြင်း
မရှိ စစ်ဆေးပြီးနောက် အမြောက်ဘေးမှ ခွာလာသည့်တွင် မင်းကြီးဗိုလ်ဥက္ကမ
ာက်လာပြီး တစ်စုံတစ်ရာကို လက်ထဲ ထည့်၏။

“မြတောင်ဗိုလ်ရဲ့ အမြော်အမြင်ကြီးမှုကို ချီးကျူးတဲ့အနေနဲ့ ဒီလက်ဆောင်
ာလေးကို ပေးပါရစေ၊ လက်ခံပါ”

မင်းကြီး ပေးသော လက်ဆောင်ကား ရွှေရိုးတပ် ဓားမြှောင်ကလေး
ာ်ပေသည်။

“ဗိုလ်မှူး ပထမ တစ်ချက် ပစ်ပြီး နေရာရွှေ့သွားတော့ ကျုပ်စိတ်ထဲ
ာ ဇဝေဇဝါ ဖြစ်သွားတယ်။ ဒီနေရာ ချိန်သားကောင်းရဲ့နဲ့ ဘာဖြစ်လို့ ကမြင်းပြီး
ွသွားရတာပါလိမ့်လို့။ မကြာခင် အဲဒီနေရာကို ကုလားက ဆောင်းလမောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြေအောင် ပစ်တော့မှ… သြော်… ဒါကြောင့်ကိုးလို့ ကျုပ် သဘောပေါက်တယ်။ ကျုပ်ရဲ့ လက်ဆောင်ဟာ အဲဒီအချက်တစ်ခုတည်းအတွက်သာ ဖြစ်ပါတယ်"

"ကျွန်တော်လည်း ဒီလို လုပ်ရ ကောင်းမလား ဆိုပြီး လုပ်ကြည့်တာပါ မင်းကြီး"

မြတောင်က ပြုံးရွှင်စွာ ဖြေသည်။

"ဗိုလ်မှူးနဲ့ တွဲတိုက်ရတာ စစ်ဆင် စစ်တက် စစ်ပရိယာယ်နဲ့ ပတ်သက်တဲ့ ပညာတွေလည်း တိုးပါတယ်ဗျာ"

မင်းကြီးဗိုလ်ဥတ္တမက ဦးညွှတ်ကာ လက်အုပ်ချီမည် ပြုသဖြင့်-

"သည်းခံပါ ခင်ဗျာ… မင်းကြီး သည်းခံပါ"

မြတောင်ဗိုလ်က မင်းကြီး၏ လက်ကို ဆွဲပြီး ဖက်ထားလိုက်သည်။

ဗိုလ်ထွန်းဖဲနှင့် ဗိုလ်ချက်ကြီးတို့ကလည်း ကုန်းတော်ပေါ် တက်လာပြီး ဖက်ယမ်းနမ်းရှုပ်ကာ ချီးကျူးကြ၏။

"တော်ပါပေတယ်ဗျာ… ကျုပ် ချီးကျူးပါတယ်"

ဗိုလ်ထွန်းဖဲ၏ ချီးကျူးသည့်နည်းတူ-

"ဒါကြောင့်လည်း မြတောင်ဗိုလ် မြတောင်ဗိုလ် ဆိုပြီး နာမည်ကြီးတာပဲ"

ဗိုလ်ချက်ကြီးကလည်း ချီးမွမ်း၏။

"ကျွန်တော့်အစွမ်း မဟုတ်ပါဘူးဗျာ။ အမြောက်ရဲ့ အစွမ်းပါ"

"အဲဒီအမြောက် ရှိအောင် ကြံဆောင်နိုင်တာ၊ လျှို့ဝှက်ထားနိုင်တာအပြင် ပစ်ခတ် လုပ်ကိုင်တတ်တဲ့ လူပါ အသင့်ရှိနေတာကိုက မြတောင်ရဲ့ အစွမ်းလို့ ဆိုရပေလိမ့်မယ်ဗျာ"

မင်းကြီးဗိုလ်ဥတ္တမက အချက်အလက်ဖြင့် ပြောလိုက်ရာက-

"အလို… ဗိုလ်မှော်နဲ့ ဗိုလ်ရွှဲတို့ မမြင်ပါကလား၊ မဆိုကောင်း မပြောကောင်း အမိကရုဏ်းမှာ သေကြရှာသလား ဟင်"

မြတောင်ဗိုလ်ရော… ဗိုလ်ချက်ကြီး၊ ဗိုလ်ထွန်းဖဲတို့ပါ မျက်စိမျက်နှာ ပျက်သွားကြလေ၏။

မြတောင်ဗိုလ်သည် ခေါင်းတုံးတပြောင်ပြောင်ဖြင့် မြင်းစိုင်းလာသော ရှင်သူငယ်ဗိုလ်ကို လှမ်းမြင်သဖြင့်-

"ဘာအရေးရယ် မသိဘူးဗျို့… ဗျိုင်းကလေး လာနေတယ်"

ဟု ပြောသည်။

သူတို့ လေးဦးသား လှေကားဆီသို့ လျှောက်လာကြ၏။

"ဗိုလ်မှူး… ဗိုလ်မှူး…"

ရှင်သူငယ်ဗိုလ်သည် လှေကားမှ ပြေးတက်လာရင်း အမောကြီးအပန်းကြီး အော်လာ၏။

"ကိုရင်… ဘာလဲ ကိုရင်"

"ဗိုလ်မှူးရဲ့ တပ်သားတစ်ယောက် ဒဏ်ရာနဲ့ ရောက်လာတယ်။ မြောက်ဘက်ခါးနားမှာ ကျွန်တော်နဲ့ တွေ့ပြီး တစ်ခွန်း နှစ်ခွန်းပဲ ပြောနိုင်တယ်၊ သေသွားပြီ"

"ဟင်… ဘာဖြစ်လို့လဲ"

"ဘာဖြစ်တာလဲ"

၄ ဦးသား ပြိုင်တူကျလုနီးပါး မေးလိုက်ကြသည်။

"မြို့သစ်ဘက်က လာတဲ့ ကုလားတပ်တစ်တပ်ကို ဗိုလ်မှော်နဲ့ ဗိုလ်ရွှဲတို့ ပေါင်းပြီး တိုက်ကြတယ်။ အဲဒီမှာ ဗိုလ်မှော်နဲ့ ဗိုလ်ရွှဲတို့ တောင်နီကို ဆုတ်ပြီးတော့ ကုလားက တောင်နီကိုတိုက် ယူတယ်တဲ့။ အဲဒါ နှစ်တပ်လုံး ဘေးက ... နေရတယ်။ အကျအဆုံးလည်း များသတဲ့"

မင်းကြီးဗိုလ်ဥတ္တမတို့ ၄ ဦးသား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

မြတောင်က-

"ဒီဘက်မှာ ကာကွယ်ဖို့ ဗိုလ်မှော်ကို တာဝန်ပေးထားတာပါ။ ဗိုလ်ရွှဲက ...တောင်ဘက်မှာ ရှိရမှာ ဘယ့်နှယ်ကြောင့် ဟိုရောက်သွားရပါလိမ့်"

"ဗိုလ်မှော်ကို သွားကူတာများလား"

ဗိုလ်ထွန်းဖဲက ထင်မြင်ချက် ပေးသည်။ မင်းကြီးက-

"မဟုတ်ကာမှ လွဲရော၊ ကျုပ်အထင်တော့ သူ့ကို ဝိုင်းတိုက်ကြလို့ ...ဒေသ ငပဲဘက်ကို ဆုတ်သွားရင်း လမ်းမှာ ကုလားနဲ့ ဝင်တိုးတာလား၊ ဗိုလ်မှော် ...ရေးမလှလို့ ဝင်ကူတာလား… တစ်ခုခုပဲ"

"ဒါပဲ ဖြစ်ပါလိမ့်မယ်"

ရှင်သူငယ်ဗိုလ်က ထောက်ခံလိုက်သည်။

"ကဲ… ဒီမှာ ဗိုလ်ထွန်းဖဲ ချန်နေခဲ့။ ကျွန်တော်နဲ့ ဗိုလ်ချက်ကြီးတို့ ...သွားရအောင်"

မြတောင်ဗိုလ်က ပြောပြောဆိုဆို ရှေ့မှ ပြေးဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း မသွားသေးပါဘူးလေ၊ ကူတန် ကူရအောင် စောင့်နေပါ့မယ်"

မင်းကြီးဗိုလ်ဥတ္တမက လှမ်းပြောသည်။

မကြာမီ မြူးထူးအော်ဟစ်နေသော တပ်သားများ ငြိမ်သက်သွား စစ်မောင်းသံ ပေါ်လာသည်။ တံပိုးမှုတ်သံများ တပ်အသီးသီးမှ ပျံ့လာ၏။

မြတောင်ဗိုလ်၏ တပ်နှင့် ဗိုလ်ချက်ကြီး၏ တပ်သည် ကြာအင်းအနော မှ ထွက်ကာ တောင်နီတောင်ဆီသို့ စစ်ကြောင်းခွဲ၍ ချီတက်လာကြလေ၏။

စစ်မောင်းသံ တဆူဆူဖြင့် စစ်သူရဲကြီးအလံ တလူလူကို မြင်ရကတည် ကုလားတပ်များသည် အသင့်ပြင်ဆင်၍ အမြောက်ဖြင့် ဆီးကြိုပစ်ခတ်လေ၏

မြတောင်ဗိုလ်၏ တပ်သည် လက်ယာစစ်ကြောင်းမှ တိုက်သည်။ သူ့တ ဘေးဖွင့်သေနတ်များအပြင် အမြောက်တစ်လက် ပါ၏။

အလယ်ဗဟိုတွင် ဗိုလ်မှော်နှင့် ဗိုလ်ရွှဲ၏ တပ်များ ပူးပေါင်းထားသည်

လက်ဝဲစစ်ကြောင်းမှ ဗိုလ်ချက်ကြီး၏ တပ်သည် မြက်ရှည်ပင်ကြီး ကြားမှ တိတ်ဆိတ်စွာ ချီတက်လာကြ၏။

ဗိုလ်ရွှဲနှင့် ဗိုလ်မှော်တို့သည် တပ်ကူလာ၍ နိုင်ရသည်ဟူသော အ မျိုး မခံချင်ကြသဖြင့် တောင်နီကို ရှုပ်ရှုပ်ချွံချွံ လုပ်ကြံကြ၏။ သေနတ်ပစ် ခက်ခဲသော ကမ်းပါးစောက်များမှ တူးရွင်းဖြင့် လှေကားထစ် တူးပြီး တက်ကြသ

မြတောင်၏ တပ်က အမြောက်ဖြင့် တစ်ချက် လှမ်းပစ်ရာ စက်သေ ကိုင် ကုလား နှစ်ယောက် ကျသွား၏။ မြက်ရှည်တောထဲမှ တက်လာ ဗိုလ်ချက်ကြီး တပ်က ညာသံပေးကာ တောင်ကြောအတိုင်း ပြေးတက်လာသ

ကုလားများ ဗိုလ်ချက်ကြီး၏ တပ်ကို ဆီးကြိုခုခံစဉ် မြတောင်ဗို ဗိုလ်ချင်း၊ ရှင်သူငယ်ဗိုလ်နှင့် သွေးသောက်အများက မြင်းနှင့် အတင်းဝင်ခုတ်

ပြည်ချစ်တပ်သားများနှင့် ကုလားများ လုံးထွေးပူးကပ်မိလျှင် ကု နာသည်ချည်း ဖြစ်၏။

ကုလားအလောင်းတွေ ထပ်နေသည်။ ပြည်ချစ်တပ်သားတွေလ အတွဲလိုက် အထွေးလိုက် ကျဆုံး၏။

ပြေးသော ကုလားများနောက်သို့ ပြည်ချစ်တပ်သားတွေက ဖိလိုက် ခုတ်သတ်၏။

တောင်ကမ်းပါးယံမှ တက်လာသော တပ်သားများသည် ရှေ့တ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေစဉ် နောက်မှ တက်၍ ကုလားအမြောက်ကို သိမ်း ကုလားတစ်ယောက် မကျန် ခါးစာကျွေးပစ်၏။



ပြည်ချစ်တပ်သားများသည် ကုလား ၃ ယောက်နောက်သို့ ထက်ကြပ် လိုက်၍ သုတ်သင်ပါသော်လည်း မြို့သစ်အလွန်တွင် မျက်ခြည်ပြတ်သွားသည့် အတွက် လှည့်ပြန်ခဲ့ကြသည်။

တောင်နီတောင်တစ်ဝိုက်ဝယ် သွေးအိုင်များ ဆက်နေ၏။ အလောင်းများ စုထပ်နေ၏။

သို့သော် ပြည်ချစ်တပ်သားတို့၏ သေခြင်းကား ကောင်းသော သေခြင်း၊ မွန်မြတ်သော သေခြင်းပေတည်း။

ရှောင်းရင်း သွေးသောက်အချင်းချင်း တိုက်ခိုက် ထိုးခုတ်နေရာက ရန်သူကို လက်တွဲတိုက်ရင်း သေရခြင်းကား မင်္ဂလာရှိသော သေခြင်းသာတည်း။

ပြည်ချစ်တပ်သားများသည် မိမိတို့ဘက်မှ အလောင်းများကို လိုက်လံ ကောက်ယူကာ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးနောက် မွန်းတိမ်းအချိန်တွင် အောင်မောင်း သံ တညံညံ အောင်လံ တဝင့်ဝင့်ဖြင့် ကြာအင်းမြို့ဆီသို့ ပြန်လာကြ၏။

မွန်းတိမ်းသာသာတွင် မြို့ထဲ ပြန်ဝင်လာသော တပ်များကို မင်းကြီး ဗိုလ်ဥတ္တမ ကိုယ်တိုင် မြို့တံခါးဝမှ ဆီးကြိုသည်။

ဗိုလ်ထွန်းဖံ၏ တပ်သားများနှင့် မင်းကြီး၏ တပ်များကလည်း ကခုန်၍ ကြိုဆို၏။

တစ်တပ်နှင့် တစ်တပ် ပွေ့ကြဖက်ကြ၊ ချီးကြပိုးကြနှင့် မြင်ရသူ ရပ်သူ ရွာသားများ စိတ်နှလုံးကို ရွှင်ပြုံးစေသည်။

ဝမ်းသာအားရ အော်သံ ဟစ်သံများ ပွဲတင်ညံနေ၏။

တိုက်ပွဲပြန် တပ်များအတွက် မြို့စောင့် ကျန်ခဲ့သော တပ်များက ထမင်း ဟင်း အဆင်သင့် ချက်ပြုတ်ထားသောကြောင့်လည်း မောမောပန်းပန်းနှင့် ပြန်လာ သော တပ်များမှာ ပို၍ ရွှင်လန်းအားရနေကြပေတော့၏။

တစ်ယောက်၏ ထမင်းကို တစ်ယောက်က ဝင်စား၍ လည်းကောင်း ဟိုအစုမှ သည်အစုသို့ ပြေးလွှားကူးပြောင်း၍ လည်းကောင်း၊ စားကြသောက်ကြ ခေါ်ကြငင်ကြဖြင့် ပျော်စရာကြီး ဖြစ်နေပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ၁၇

**ဓား**များတွင် ပေကျံစေးကပ်နေသော ကုလားသွေးများကို ရေနှူး၍ ဆေးကြောသူက ဆေးကြော၊ ရေချိုးသူက ချိုး၊ သေနတ်များကို ပြင်ဆင်သူက ပြင်ဆင်၊ လည်ပတ် ရယ်မောသူက ရယ်မောဖြင့် ကြာအင်းမြို့ကလေးမှာ သာယာငြိမ်းချမ်းနေသည်။

ရပ်သူရွာသားများမှာလည်း ကုလားတပ်သည် နှစ်နေရာတွင် မရှုမလှ ရှုံးနိမ့်ပြီးနောက် ဆင်ဖြူကျွန်းအရောက် အမြီးကုပ်ကာ ပြေးလေပြီဟု ယူဆကာ လမ်းသလားသူ သလား၊ သီချင်းဆိုသူ ဆို၊ လည်သူ လည်ဖြင့် အေးချမ်းသော အသွင်ကို ဆောင်နေချေ၏။

"လာစမ်းပါ ရောင်းရင်းရဲ့… သည်မှာ ကြက်သားနဲ့ ထန်းရည်ခါး အရသာ တွေ့လွန်းလို့ပါ"

ဗိုလ်မှော်၏တပ်မှ ပျေ အမည်ရှိ တပ်သားတစ်ယောက်သည် ဗိုလ်ရွှေ၏ တပ်မှ ကြောင်၊ ဖိုးမဲ။ ဗိုလ်ထွန်းဖေ တပ်မှ သာကြွယ်၊ ဖော။ ဗိုလ်ချက်ကြီး၏ တပ်မှ အောင်ပြည့်၊ ပန်းအေးတို့နှင့်အတူ မြို့တံခါးအနီးရှိ အိမ်တစ်အိမ်တွင် ဝိုင်းဖွဲ့ ထန်းရည်သောက်နေရာက လမ်းမှ လျှောက်သွားသော မင်းကြီးဗိုလ်ဥတ္တမမှ အောင်ပွင့်နှင့် မြတောင်တပ်မှ ဖိုးရွှေလှာတို့ကို မူးမူးရူးရူး ထွက်ခေါ်ခြင်းဖြစ်သည်။

"လာစမ်းပါ ရောင်းရင်းရဲ့၊ ကျွန်တော်က ချစ်လွန်းလို့ ခေါ်တာပါ"

"သွားစရာကိစ္စလေး ရှိလို့ကွာ။ ဗိုလ်လေးက ခိုင်းတာလည်း ဖြစ်နေတယ်"



ဖိုးရွှေလှာက အကြောင်းပြချက် ကောင်းကောင်းဖြင့် ဆက်လျှောက်သွားရာ အောင်ပွင့်မှာ မငြင်းနိုင် မပြေးနိုင် ဖြစ်နေ၏။

"တစ်ခွက်တလေ သောက်တာ၊ မင်းကြီးဗိုလ်ဥတ္တမ မသိပါဘူး ရောင်းရင်းရဲ့… လာစမ်းပါ"

ပျေသည် အောင်ပွင့်အား လက်မောင်းရင်းမှ ကိုင်ကာ ဆွဲခေါ်လာပြီး-

"ကဲ… သောက်စမ်း"

ဟု ဆို၍ အုန်းမှုတ်ခွက်ချောဖြင့် ထည့်သော ထန်းရည်ကို ပေး၏။

"ကျွန်တော်က အားနာလို့ လိုက်လာတာပါဗျာ၊ စားစရာ နည်းနည်းပါးပါး စားပြီး သွားပါရစေ"

အောင်ပွင့်က လိုက်လျောသည့်အနေဖြင့် အပြေအလည် ပြောရင်း ကြက်ခြေထောက်ရိုး တစ်ချောင်းကို ကောက်ဝါးသည်။

"အား… ဘယ်ရမလဲ၊ သောက်ရမယ်၊ ကျွန်တော့်ကို ချစ်ရင် သောက်ရမယ်"

ပျေသည် ထန်းရည်ခွက်ကို အောင်ပွင့်၏ ပါးစပ်နား အတင်းအပ်လာ၏။

"သောက်လိုက်ပါဗျာ… သောက်လိုက်ပါ"

ဗိုလ်ရွှေ၏ တပ်မှ ကြောင်က တိုက်တွန်း၍ ၎င်းနှင့် တစ်တပ်တည်းသား ဖိုးမဲကလည်း-

"အင်မတန်ကောင်းတဲ့ အရည်ကို သောက်ရမှန်း မသိသာ သနားလိုက်ပါဘိကွာ"

ဟု သရော်၏။

အောင်ပွင့်သည် ထန်းရည်ခွက်ကို ယူပြီး သောက်ရာ အသီးသီး အနှင်နှင်ဖြင့် ခွက်မှောက်သွားတော့သည်။

"ထန်းရည် သောက်တာ ရေသောက်တဲ့ဟန်နဲ့ သောက်နေတာကိုး ရောင်းရင်းရ"

ဗိုလ်ထွန်းဖေ၏ တပ်မှ သာကြွယ်က အပြစ်ဆို၏။

"ဟောဒီလို သောက်ရတယ်ကွ"

သာကြွယ်တို့ တပ်မှ ဖောက တစ်ခွက်ပြီး တစ်ခွက် ခပ်သောက်လိုက်ရာ ဗိုလ်ချက်ကြီး၏ တပ်မှ ပန်းအေးနှင့် အောင်ပြည့်တို့ကလည်း-

"မှန်သပေါ့ဗျာ…"

"သူ သောက်တဲ့အတိုင်း ဟောသလို ဟောသလို သောက်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခွက်ဆင့် သောက်ချလိုက်ကြလေ၏။

''ပေးကြပါဦး ရောင်းရင်းတို့ရ၊ ကျုပ်လည်း သောက်ပါရစေဦး''

ပျော့ကာ ခွက်တောင်း၍ ခွက်ကို ကြမ်းပေါ်ချပြီး အိုးလုံး မှောလေ၏။

''ဟား ဟား ဟား… ပျော်တယ် ပျော်တယ် ပျော်တယ်… သိပ်ပျော်တာပဲ၊ ရောင်းရင်းတို့ကော…''

ဗိုလ်ရွှေ၏ တပ်မှ ဖိုးမဲက အော်ဟစ် ရယ်မောသည်။ အားလုံး ဝိုင်း၍ ရယ်မောသည်။

''ကုလားတွေကို ခုတ်သတ်ရတာလည်း အရသာရှိ၊ ထန်းရည်ခါးနဲ့ ကြက်သားကလည်း အရသာရှိ၊ ဟေ… တယ်ပြီး ပျော်စရာကောင်းတဲ့ နေ့ပါကလား ဟရို့…''

ဗိုလ်ရွှေ၏ တပ်မှ ကြောင်က ဥဒါန်းကျူးရင့်၏။ ကျန်လူများက သံကုန် ရယ်မော၏။

ဗိုလ်မှော်၏ တပ်မှ ပျော့က–

''ကျွန်တော့်မှာတော့ ရောင်းရင်းတို့လို ပြောစရာစကား မရှိဘူးဗျ။ ကျွန်တော်တို့ တပ်က ခင်ဗျားတို့ စားဖို့ ထမင်းချက်ရတာကိုးဗျ၊ ရှက်တယ်ဗျာ… သိပ်ပြီး ရှက်တယ်''

ဗိုလ်ထွန်းဖဲ၏ တပ်မှ သာကြွယ်နှင့် ဖော့တို့သည် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မိကြလေတော့၏။ သူတို့က မြို့စောင့် ချန်နေခဲ့ရပြီး အလိုက်သိစွာ ထမင်းချက်ခဲ့သူများတည်း။

ဗိုလ်ဥတ္တမတပ်မှ အောင်ပွင့်မှာလည်း ပျော့ကို ပါးစပ်ဟ၍ ကြည့်နေလေ၏။

''ဟော့… မင်း ဗိုလ်မှော်ရဲ့တပ်က မဟုတ်လားကွ''

ဗိုလ်ရွှေတပ်မှ ဖိုးမဲက မေး၏။

''မှန်ပေသဗျား''

''ဝါး ဟား ဟား… အား ဟား ဟား…''

ကြောင်နှင့် ဖိုးမဲတို့သည် ခွက်ထိုးခွက်လှန် ရယ်မောကြလေ၏။

''ဘာဖြစ်တာလဲဗျ''

ဗိုလ်ချက်ကြီး၏ တပ်မှ အောင်ပြည့်က မေးလေ၏။

''ဘာဖြစ်ရမလဲဗျ… သူတို့ ဗိုလ်မှော်တပ်နဲ့ ကျုပ်တို့ ဗိုလ်ရွှေတပ်သားတွေ ကမ်းပါးယံကြီး ကုပ်တက်ပြီး ဟိုက်ကြတာ ဗိုလ်မှော်ရဲ့ တပ်သားတွေ



…တစ်ယောက်မှ အပေါ် မရောက်ဘူး၊ အလကား သောက်ဖျင်းတွေ… အထွ…သန့်ကျတာပဲ''

''အံမာ…''

ပျော့ကလည်း အားကျမခံ ပြန်ချေပ၏။

''မင်းတို့ ဗိုလ်ရွှေတပ်က အကောင်တွေပေါ့ကွ။ ကုလားက အခြောက်…ဆုတော့ ပြေးလိုက်တာ၊ ပုဆိုးတောင် မပါဘူး''

''အား ဟား ဟား ဟား… ဝါး လားလား…''

ဗိုလ်ချက်ကြီး တပ်မှ ပန်းအေးနှင့် အောင်ပြည့်တို့က အာခေါင်ခြစ်၍ …ယ်မောလိုက်ကာ ပန်းအေးက–

''ခင်ဗျားတို့ ဗိုလ်ရွှေတပ်ကကော ဘာအသုံးကျလို့လဲ။ ဒီကမ်းပါးယံကို …ပ်တက်တာ သေနတ်မပေါ်ခင်က သေနင်္ဂဗျူဟာဗျ''

''မှန်တယ် မှန်တယ်… အဘက်ဘက်က ဝိုင်းတိုက်နေလို့ ခင်ဗျားတို့ကို …လားက သေနတ်နဲ့ ပစ်မသတ်တာ၊ ထွီ… ဘာတပ်မှူးလဲ… ဗိုလ်မှော်… …ဗိုလ်ရွှေ… အလကားလူတွေ။ ငါတို့ ဗိုလ်ချက်ကြီးတပ်ကမှ စစ်ဆင် စစ်တက် …ရာမှာရော သတ္တိအရာမှာပါ၊ ဟော့ လူစကား ပြောပြီး ခေါင်းပေါက်သူ မှန် …ဗျ လာခဲ့''

အောင်ပြည့်က ပန်းအေးကို ထောက်ခံရင်း လက်ပန်းပေါက် ထခတ် …သည်။

ဗိုလ်မှော်၏တပ်မှ ပျော့နှင့်ဗိုလ်ရွှေ၏တပ်မှ ဖိုးမဲ၊ကြောင်တို့သည် …အောင်ပြည့်နှင့်ပန်းအေးအား စားတော့ ဝါးတော့မလို ကြည့်လိုက်ကြရာ

ဗိုလ်ဥတ္တမ၏တပ်မှ ထန်းရည်မမူးသော အောင်ပွင့်သည် ပျော့အား …ကာက်မှနေ၍ ပါးရိုက်လေ၏။ ပျော့မှာ အမှတ်မဲ့မို့ တဲပေါ်မှ လိမ့်ကျသွားသည်။

''စေတနာနဲ့ ထမင်းချက်တဲ့ ငါတို့တပ်ကို သရော်ဦးကွ''

အောင်ပွင့်က ပျော့၏ ရင်ဘတ်ပေါ် ခုန်ချလိုက်၏။

''အို… တော်ပါတော့၊ သေသွားပါ့မယ် ရောင်းရင်းရယ်၊ တော်ပါ …တော့''

အောင်ပွင့်အား ဗိုလ်ထွန်းဖဲ၏ တပ်မှ သာကြွယ်နှင့် ဖော့တို့က ဝိုင်း၍ …တောင်းပန်သည်။ အောင်ပွင့် တဲထဲမှ ထွက်သွား၏။

သာကြွယ်သည် ပျော့အား ပွေ့ထူကာ–

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဗိုလ်ထွန်းဖဲ တပ်နဲ့ သူတို့ ဗိုလ်ဥတ္တမတပ်က စေတနာနဲ့ ထမင်းချက်ထားတာကို ရောင်းရင်းက စော်စော်ကားကား သွားပြောတာကိုး[illegible] ကျုပ်တို့ ချက်မထားရင် ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ မောမောပန်းပန်းနဲ့ ချက်ရမယ် မဟုတ်လား။ ကျေးဇူးမတင်တဲ့အပြင် စော်ကားသွားတော့ ဒီလို ဟောဒီလို…"

သာကြွယ်က ငပျံ၏ ကျောကို တံတောင်ဖြင့် ထောင်းသည်။ အမယ်လေး[illegible] ဗျ… အော်ကာ ငပျံမှာ ကျောကော့နေရုံမှတစ်ပါး ပြန်လှန်မခုခံနိုင်။

သာကြွယ်၏ အဖော် ဖော့ကလည်း ငပျံ ခေါင်းငုံ့လာတိုင်း နဖူး[illegible] ကိုင်ကာ ဒူးနှင့် တိုက်သည်။ ငပျံ၏ နဖူးမှ သွေးများ စီးကျလာ၏။

စောင်နေသော ကြောင်နှင့် ဖိုးမဲတို့ကလည်း ပန်းအေးနှင့် အောင်ပြည့် အား လျှပ်တစ်ပြက် ဒူးနှင့် ခုန်တိုက်သည်။ ပန်းအေးနှင့် အောင်ပြည့်မှာ [illegible] ပေါ်မှ ကျွမ်းပျံကျလာသည်။

ပန်းအေးနှင့် အောင်ပြည့်အပေါ်သို့ ဖိုးမဲနှင့် ကြောင်တို့ ခုန်ချ[illegible] သာကြွယ်နှင့် ဖော့၏ ကျောပေါ်သို့ ကျရောက်လာ၏။ သာကြွယ်၊ ဖော့[illegible] သည် ကြောင်နှင့် ဖိုးမဲအား လက်သီးနှင့် ထိုးသည်။

ငပျံသည်-

"ဗိုလ်မှော်ရဲ့ တပ်ကို ဗိုလ်ရွှဲ၊ ဗိုလ်ချက်ကြီး၊ ဗိုလ်ထွန်းဖဲတပ်[illegible] ဝိုင်းသတ်နေကြပြီဗျို့"

ဟု အော်ကာ လျှောက်ပြေးလာရာ လမ်းမတွင် လဲကျ အသက်ပျော[illegible] သွားလေ၏။

တဲထဲတွင် ဗိုလ်ရွှဲ၏ တပ်မှ ဖိုးမဲနှင့် ကြောင်ကို ဗိုလ်ထွန်းဖဲ၏ တပ်[illegible] ဖော့နှင့် သာကြွယ်က ထိုးကြိတ်ကန်ကျောက်၍ ဗိုလ်ချက်ကြီး၏ တပ်[illegible] ပန်းအေးနှင့် အောင်ပြည့်က ဖိုးမဲနှင့် ကြောင်ကို လည်းကောင်း၊ ဖော့ [illegible] သာကြွယ်ကို လည်းကောင်း ဝါးရင်းတုတ်နှင့် ဆွဲရိုက်နေ၏။

သို့ကြောင့် ဗိုလ်ရွှဲ၏ တပ်သားများနှင့် ဗိုလ်ထွန်းဖဲ၊ ဗိုလ်ချက်ကြီး[illegible] တပ်သားများ၊ ဗိုလ်ထွန်းဖဲ၏ တပ်နှင့် ဗိုလ်ချက်ကြီး၊ ဗိုလ်ရွှဲ၏ တပ်သား[illegible] ဗိုလ်ချက်ကြီး၏ တပ်သားများနှင့် ဗိုလ်ထွန်းဖဲ၊ ဗိုလ်ရွှဲ၏ တပ်သားများ ခိုက်[illegible] ဖြစ်ပွားနေသည် မည်၏။

ထို့ကြောင့် ဗိုလ်ရွှဲတပ်သားများ၊ ဗိုလ်ထွန်းဖဲ တပ်သားများနှင့် ဗိုလ်ချက်[illegible] တပ်သားတို့ သုံးဦး သုံးဖလှယ် တိုက်ခိုက်နေကြခြင်း မည်ပေသည်။

"ချဟ… ခုတ်ဟ… သတ်ဟ…"

ငပျံ၏ အော်သံကို ကြားသော ဗိုလ်မှော်၏ တပ်သားများသည် [illegible] လှံ၊ သေနတ်၊ တင်ကျည်းများ ဆွဲကိုင်၍ အော်ဟစ် ပြေးလွှားလာကြလေ၏။

ငပျံ၏ နောက်ဆုံး အော်သံကို အခြားတပ်များကလည်း ကြားကြသည် ဖြစ်ရာ ဗိုလ်မှော်၏ တပ်သားများ လက်နက်ဆွဲ၍ ပြေးထွက်ကြသည် မြင်လျှင် ဗိုလ်ထွန်းဖဲတပ်၊ ဗိုလ်ချက်ကြီးတပ်များကလည်း လက်နက်စုံ ဆွဲ၍ ထွက်လာ ကြလေ၏။

ရယ်မောသံ၊ တေးသီချင်းသံများဖြင့် သာယာစိုပြည်ခဲ့သော ကြာအင်း မြို့၏ ညနေခင်းသည် ပျက်ပြယ်ရလေပြီ။

အရပ်သူ အရပ်သားများမှာ အလဲလဲ အကွဲကွဲဖြင့် ပြေးလွှားကြသည်။ ကလေးတို့သည် အော်ဟစ် ငိုယို၍ အိမ်ထဲ ဝင်၏။

ပြည်ချစ်တပ်သားတို့၏ အော်ဟစ်သံများ၊ ညာသံများသည် ကမ္ဘာပျက် သည့်အလား ဆိုးဝါးစွာ ထွက်ပေါ်လာသည်။

ဗိုလ်ထွန်းဖဲ၏ တပ်က ဗိုလ်မှော်၏ တပ်ကို တိုက်သည်။ ဗိုလ်မှော်၏ တပ်ကို ဗိုလ်ချက်ကြီး၏ တပ်က တိုက်သည်။ ဗိုလ်ချက်ကြီး၏ တပ်က ဗိုလ်ထွန်းဖဲ၏ တပ်ကို တိုက်သည်။ ဗိုလ်ရွှဲတပ်က အားလုံးကို တိုက်သည်။

ပြည်ချစ်တပ်သားများသည် လူမြင်သမျှကို တိုက်ခိုက် ထိုးခုတ်ကြ၏။ [illegible]စ်ခတ်ကြတော့၏။ တစ်တပ်တည်းသားချင်းလည်း ခုတ်ထစ်-ပစ်ခတ်မိကြ၏။ [illegible]ားသွားချင်း ခုတ်သံ၊ သေနတ်သံများသည် ကုလားအား လာပါတော့ဟု ဖိတ်ခေါ် သလို ရှိ၏။

ဗိုလ်ဥတ္တမ၊ ဗိုလ်ချင်း၊ ရှင်သူငယ်ဗိုလ်၊ မြတောင်ဗိုလ်တို့မှာ ကုလား လာပြီ အထင်ဖြင့် အသံကြားရာသို့ အပြင်း ချီတက်လာကြလေ၏။

"ချက်ကြီးတပ်ကွ"

"ထွန်းဖဲတပ်ကွ"

"ဗိုလ်ရွှဲတပ်ကွ"

"ဗိုလ်မှော်တပ်ကွ"

အမင်္ဂလာအသံကြီးများက သေခါနီး လူမမာ၏ နား၀ လာ[illegible]သော သေမင်းအော်သံလို ဟိန်းတက်လာရာ မင်းကြီးဗိုလ်ဥတ္တမမှာ-

"ဟယ်… ခွေးချင်း ကိုက်ပြန်ပါပေါ့လား"

ဟု ရေရွတ်လျက် လူအုပ်ကြီးထဲသို့ မြင်းဖြင့် [illegible]ဝင်လေ၏။

www.burmeseclassic.com



"ရောင်းရင်းတို့… တော်ကြ တော်ကြ"

"သွေးသောက်တို့ ရပ်ကြ"

"ဟဲ့… တော်ကြပါတော့လား"

"မှားကုန်မယ်၊ ရောင်းရင်းတို့ မှားကုန်ပြီး ရောင်းရင်းတို့"

မြတောင်ဗိုလ်သည် လည်းကောင်း၊ ဗိုလ်ချင်းသည် လည်းကောင်း မင်းကြီးဗိုလ်ဥတ္တမသည် လည်းကောင်း၊ ရှင်သူငယ်ဗိုလ်သည် လည်းကောင်း နင်းဝင်ပြီး အော်ဟစ်ကြလေသည်။ သို့သော်…

"ဘာမင်းကြီးလဲကွ… ပွဲထဲက မင်းကြီးလား ဟေ့"

မင်းကြီးဗိုလ်ဥတ္တမကိုပါ ဝိုင်းဝန်းထိုးခုတ်ကြသည်တွင် မင်းကြီးကို ကာကွယ်သည့်အနေဖြင့် မြတောင်ဗိုလ်မှာ ဝင်ရောက် နှိမ်နင်းရလေတော့၏။

မင်းကြီးဗိုလ်ဥတ္တမ အတိုက်ခံရသည် မြင်လျှင် မင်းကြီး၏ တပ်သား များသည် လည်းကောင်း၊ မြတောင်နှင့် ဗိုလ်ချင်းတို့ တိုက်သည် မြင်လျှင် မြတောင်တပ်သည် လည်းကောင်း ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

ကြာအင်းမြို့ကား ရောမစစ်မြေပြင်သို့ ပြောင်းလဲသွားလေ၏။

တပ် ၆ တပ်သည် သဲသဲမဲမဲ ထိုးခုတ်ကြလေသည်။ အလောင်းကို နင်းလျက် သွေးစီးကြောင်းတွင် ချော်လဲလျက် အပြင်းအထန် တိုက်ခိုက်နေကြ တော့၏။

ဗိုလ်ထွန်းဖ၊ ဗိုလ်ရွှဲ၊ ဗိုလ်မှော်၊ ဗိုလ်ချက်ကြီးတို့သည်လည်း ကိုယ့်တပ် ကိုယ်ထိန်းရန် ရောက်ရှိလာကြပါသော်လည်း မည်းသည်းနေသော တပ်သား ပင်လယ်ကြီးထဲတွင် ညပ်နေကာ ဝိုင်းဝန်းထိုးခုတ်ခံရသည့်အတွက် ပြန်လှန် တိုက်ခိုက်ရတော့သည်။

ဗိုလ်ရွှဲ၏ တပ်သားသည် ဗိုလ်ရွှဲအား မှား၍ တိုက်မိသလို ဗိုလ်ရွှဲသည် လည်း ဗိုလ်ရွှဲတပ်သား ခေါင်းကို ခုတ်ချမိ၏။

ဗိုလ်ထွန်းဖကလည်း ဗိုလ်ထွန်းဖ၏ တပ်သားကို ခုတ်မိကာ ဗိုလ်မှော် ကိုလည်း ဗိုလ်မှော်၏ တပ်သားက မှားတိုက်ပြီး ဗိုလ်ချက်ကြီးမှာလည်း အလား တူပင် ကြုံရသည်။

တပ် ၆ တပ်တွင် မင်းကြီးဗိုလ်ဥတ္တမ၏တပ်သည် အနာအပန်း အနည်း ဆုံး ဖြစ်၏။ မြတောင်ဗိုလ်၏ တပ်သည် လက်နက်ကောင်း၍ လေ့ကျင့်သား နိုင်လှ၏။



ထို့ကြောင့် ကျန်တပ်လေးတပ်မှာ နောက်ဆုံး လက်နက်ချလိုက်ကြ ရတော့သည်။

သေလိုက်သည့် ပြည်ချစ်တပ်သားတွေ သောက်သောက်လဲ။

မင်းကြီးဗိုလ်ဥတ္တမသည် ပြည်ချစ်တပ်သားတွေ၏ အလောင်းများကို ငေးကြည့်နေ၏။ မြတောင်ဗိုလ်မှာ ခေါင်းငိုက်စိုက်ကျနေသည်။ ရှင်သူငယ်ဗိုလ် ကား မြင်းကုန်းကို ဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးနေလေ၏။

"မိုက်လိုက်ကြတာ၊ မိုက်လိုက်ကြတဲ့ ခွေးတွေ၊ ဟဲ့… အော်လို့ မရဘူး ဟင်း… ငေါက်လို့ မတန့်နဲ့။ နောက်ဆုံး ငါ့ကိုတောင် ဝိုင်းပြီးရန်မူကြသေးတယ်။ ဟင်… အခုတော့ ကောင်းကြသေးရဲ့လား"

မင်းကြီးဗိုလ်ဥတ္တမ၏ ပါးပြင်ပေါ်သို့ မျက်ရည်ပူကြီးများ လိမ့်ဆင်းလာ လေ၏။

မြတောင်တပ်နှင့် ဗိုလ်ဥတ္တမတပ်သားများသည် ဓားကို အိမ်ထဲ ပြန် သွင်း၍ သေနတ်များကို ရပ်လိုက်ကြ၏။

ဗိုလ်ထွန်းဖ တပ်သားများသည် လည်းကောင်း၊ ဗိုလ်မှော်၏ တပ်သား များသည် လည်းကောင်း၊ ဗိုလ်ရွှဲ၏ တပ်သားများနှင့် ဗိုလ်ချက်ကြီး၏ တပ်သား များသည် လည်းကောင်း မြေပေါ်တွင် အသေဆိုးဖြင့် ခေါင်းပြတ် ခြေပြတ် တုံးလုံးပက်လက် သေပွဲဝင်နေကြသော ရောင်းရင်း သွေးသောက်များကို မျက်ရည် စက်လက်ဖြင့် ခေါင်းငိုက်စိုက်ကျကာ ကြည့်နေကြလေသည်။

"ဟေ… ပျက်ချိန်တန်လို့ ကြုံပြီး ဖြစ်ရတာပဲလို့ တရားနဲ့ ဖြေရတော့ မှာပဲလေ"

မင်းကြီးသည် သက်မချသံနှင့် ရော၍ ညည်းတွားလိုက်ကာ–

"ပေါက္ကံပြည် ပျက်ဖို့ ကြုံလာတော့၊ သူ့ဘာသာသူ မနီတဲ့ ခြသေ့ကြီး ရဲ့ မျက်လုံးကို ကျောင်းသားကလေးက ပါးစပ် ဆော့ပြီး ကွမ်းသွေးနဲ့ ထွေးရ တယ် မဟုတ်လား။ ကဲ… ဗိုလ်မြတောင်ရေ… ဗိုလ်မှူးလည်း မနေချင်ရင် မှန်နှားကို လိုက်ခဲ့။ ဗိုလ်မှူးကိုတော့ ကျုပ် လေးလည်း လေးစား၊ ချစ်လည်း ချစ်ပါတယ်။ သတိ ဝီရိယနဲ့သာ နေခဲ့ပေတော့ ကျုပ် သွားပြီ"

နောက်ဆုံး တစ်ဆို့ အက်ကွဲသော အသံကြီးဖြင့်နှုတ်ဆက်သော မင်းကြီး ဗိုလ်ဥတ္တမသည် တောင်တံခါးဘက်သို့ ဒုန်းစိုင်း ထွက်ခွာသွားရာ အလောင်းများ ထပ်ထပ် ကြမ်းနေသော တစပြင်ပမာ မြို့လယ်ခေါင်မှာ တိတ်ဆိတ်၍ ကျန်ရစ်ခဲ့ လေ၏။

www.burmeseclassic.com

## ၁၈

လူသေအလောင်းများဖြင့် ထပ်ထပ်ကြမ်းနေသော ကြာအင်း မြို့လယ်ခေါင်ဝယ် တိတ်ဆိတ်နေချေသည်။

မသေ ကျန်ရှိသော ပြည်ချစ်တပ်သားများမှာ ခေါင်းငိုက်စိုက်ကျ၍ ကျောက်ရုပ်များလို ငြိမ်သက်နေကြလေ၏။

ချွေးအုသံများသည် ရာဟုထောင့်မှ တစ်ပြိုင်နက် ထွက်ပေါ်လာလေသည်။

ဝင်လုဆဲ နေသည် တောင်နီတောင်ကို မေးတင်နေ၏။ အရှေ့ကောင်းကင်ဝယ် တိမ်နီများ တောက်ပြီ။ ကြာအင်းမြို့၏ မြေအပြင်သည်လည်း သွေးခြင်းခြင်းနီနေ၏။

ချွေးအုသံများ ရပ်စဲသွားလျှင် တစ်လောကလုံးသည် တိတ်ဆိတ်သွားပြန်၏။ တစ်လောကလုံးသည် လူသေအလောင်းများနှင့် သွေးအဆင်းဖြင့် ချောက်ချားဖွယ်ရာကို ဆောင်နေသည်။

"ဟား ဟား... ဟား ဟား..."

အသံနက်ကြီးဖြင့် ရယ်မောလိုက်သံက တိတ်ဆိတ်ငြိမ်သက်နေသော ပြည်ချစ်တပ်သားများအား ထိတ်လန့်တုန်လှုပ်သွားစေ၏။ ပြည်ချစ်တပ်သားများမှာ အယောင်ယောင် အမှားမှားဖြင့် ဓားဆွဲချွတ်သူ ချွတ်၊ ထိုင်သူ ထိုင်၊ ထသူထ၊ ပြေးရမလို၊ ရပ်ရမလို ဖြစ်သူ ဖြစ်နှင့် ယောက်ယက်ခတ်သွားကြသည်။

"ဟား ဟား ဟား... ဝါးဟား ဟား..."

အသံဆိုးကြီးဖြင့် အခြောက်တိုက် အော်ဟစ် ရယ်မောလိုက်သူကား ဗိုလ်ထွန်းဖုံတည်း။



ဗိုလ်ထွန်းဖုံသည် အလောင်းများကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် စိုက်ကြည့်နေလိုက်ရာက ထပ်မံ ရယ်မောလိုက်ပြီး-

"ဟင် ဟင်... သေကုန်ပြီ သေကုန်ပြီ... ဟား ဟား ဟား... ကောင်းတယ် ကောင်းတယ်၊ ငါ့တပ်သားတွေ... ငါ့တပ်သားတွေ အများကြီး ပါပဲလား"

မြတောင်ဗိုလ်၊ ဗိုလ်ချင်း၊ ဗိုလ်ရွှေ၊ ဗိုလ်မှော်နှင့် ဗိုလ်ချက်ကြီးတို့မှာ ဗိုလ်ထွန်းဖုံအား နားမလည်သလို ငေးကြည့်နေကြစဉ် ဗိုလ်ထွန်းဖုံသည် သူ၏ ကျောက်စီဓားကို အိမ်ထဲမှ ဆွဲထုတ်လိုက်ကာ-

"သေကုန်ပြီ သေကုန်ပြီ... မင်းတို့ မရှိတဲ့နောက် ငါက ဘာလုပ်ဦးမှာလဲ"

ဓားရိုးသည် အထက် ဓားဦးသည် အောက် ပြောင်းပြန် လှည့်သွားပြီး ဓားသည် လေထဲသို့ မြောက်တက်သွား၏။

"ဗိုလ်ထွန်းဖုံ မလုပ်နဲ့"

ဗိုလ်ချင်းသည် ငယ်သံပါအောင် အော်လိုက်၏။

သို့သော် ဗိုလ်ထွန်းဖုံ ဓားဦးသည် ရင်ဝဆီသို့ ပြေးဝင်သွားစဉ် ဒိုင်းခနဲ ချွင်ခနဲ အသံနှင့်အတူ ဗိုလ်ထွန်းဖုံ၏ ဓားသည် စဉ်ထွက်သွားလေသည်။

ယမ်းငွေ့ဝေနေသော တူမီးသေနတ်ကို ကိုင်နေသူမှာ မြတောင်ဗိုလ်၏ သွေးသောက်ကြီး ဖိုးရွှေလှ ဖြစ်၏။ သူသည် မြတောင်အား ကြောက်ရွံ့စွာ ကြည့်နေသည်။

"အေး... ကောင်းတယ်ဟေ့"

မြတောင်က ချီးကျူးလိုက်ပြီးနောက် ဗိုလ်ထွန်းဖုံထံ ပြေးလာကာ-

"ရောင်းရင်း ရောင်းရင်း... သတိထားပါဗျာ"

ဟု ပခုံးဖက်၍ ပြောသည်။

ဗိုလ်ထွန်းဖုံသည် အလောင်းများကို မျက်ရည်တွေတွေ ကျလျက် ငေးစိုက်ကြည့်နေ၏။

"သတိထားပါ ဗိုလ်ထွန်းဖုံ"

"ဟား ဟား ဟား... ဟား ဟား ဟား..."

"ရောင်းရင်း... ရောင်းရင်း..."

မြတောင်ဗိုလ်သည် ဗိုလ်ထွန်းဖုံ၏ ပခုံးကို ပုတ်၏။ ဗိုလ်ထွန်းဖုံက ရုတ်တရက် လှည့်၍ လက်သီးဖြင့် ထိုးလိုက်သည်။ မြတောင်ဗိုလ်မှာ မြင်းပေါ်မှ စဉ်ကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟား ဟား ဟား… ဟား ဟား ဟား…"

ဗိုလ်ထွန်းဖုံသည် မြင်းကို စိုင်းနှင်သွားကာ ပိုင်ရှင်မဲ့ ဓားတစ်ချောင်းကို ပြေးကောက်၍ ဗိုလ်မှော်အား ဝင်ရောက် တိုက်ခိုက်လေ၏။

"ငါ့တပ်သားတွေ တိုက်ကြ… သေပြီးသား ငါ့ကောင်တွေလည်း ဘယ်ကိုမှ မသွားရဘူး၊ ဝင်တိုက်ရမယ်။ ခုတ်ကြ ထစ်ကြ… ဟား ဟား ဟား… ဖြိုင်တူ သေရင် ကောင်းတယ်၊ ဟား ဟား ဟား… သတ်ဟ ဖြတ်ဟ… ဟား ဟား ဟား…"

ယနေ့ နံနက် တိုက်ပွဲတွင် အထိနာခဲ့ပြီးနောက် အဓိကရုဏ်းတွင် တပ်သား လေးချိုး သုံးချိုးလောက် ဗိုလ်ထွန်းဖုံတပ်မှ သေကုန်သဖြင့် ဗိုလ်ထွန်းဖုံ ရူးချင်သလိုလို ဖြစ်သွားခြင်းပင်။

သူ၏ ကျန်တပ်သားများသည် အရှုံး ပေးသော အမိန့်ကို လိုက်နာကာ မည်သည့်ဗိုလ်၊ မည်သည့်တပ်သားကိုမျှ မရှောင်ဘဲ ထိုးခုတ်ကြ၏။ ကျွန်ဗိုလ်များ တပ်သားများမှာလည်း မလွှဲမရှောင်သာ ပြန်လည်တိုက်ခိုက်ကြရသည်။

အလောင်းများ မသတီစရာ စုပုံနေသော မြေအပြင်တွင် သတ်ပွဲ ထပ်မံ ဖြစ်ပွားပြန်ပြီ။ ဓားသံ၊ သေနတ်သံ၊ အော်ဟစ်သံ၊ ဆဲဆိုသံ ညည်းတွားသံများ ပုံးလွှမ်းပြန်၏။

တိုက်ရင်း တိုက်ရင်း ဒေါသထွက်လာကြသည်။ သွေးဆူလာကြသည်။ ဗိုလ်ထွန်းဖုံ၏ တပ်ကို ဝိုင်းဝန်းခုခံရင်း တစ်ယောက်နှင့် တစ်ယောက် မတော်တဆ ထိခိုက်မိခြင်းကို အကြောင်းပြု၍ စောစောကလိုပင် ငါးဦး ငါးဖလှယ် တိုက်ခိုက်သော အခြေဆိုးသို့ ပြောင်းလဲလာပါတော့သည်။

"ဗိုလ်ချက်ကြီးတဲ့ဟေ့…"

"ဗိုလ်ရွှဲတပ်ကွ… ချဟ… ခုတ်ဟ…"

"ဗိုလ်မှော်ကွ… သတ်ဟ… ထိုးဟ…"

"ဗိုလ်ထွန်းဖုံတဲ့ဟေ့…"

ဖျိုင်းကလေးနှင့် မြတောင်ဗိုလ်သည် ပိန္နဲပင်ကြီး တစ်ပင် ဘေးတွင် ကပ်ရပ်လျက် အမင်္ဂလာ လူသတ်ပွဲကို ဝမ်းနည်းစွာ ကြည့်နေကြ၏။

"ဟာ ဗိုလ်မှူး… သွေးတွေပါလား"

ဗိုလ်ချင်းက မြင်းဖြင့် အနားရောက်လာရင်း အော်လိုက်သည်။

"ဘယ်သူ ခုတ်လိုက်တာရယ် မသိပါဘူးဗျာ၊ နည်းနည်းလေး ခြစ်သွားတာပါ၊ ကိစ္စမရှိပါဘူး"

ဖျိုင်းကလေးသည် သတ်ပွဲကို ကြည့်ရင်း ကြည့်ရင်း အံတကြိတ်ကြိတ် ဘက် တခေါက်ခေါက် ဖြစ်နေ၏။

"မိုက်မဲတဲ့ ခွေးတိရစ္ဆာန်တွေ၊ အမြောက်နဲ့ ပစ်သတ်ရရင် မကောင်းဘဲ ရှိရောမယ်"

"မလုပ်ပါနဲ့ ဖျိုင်းရယ်… သူတို့ မောရင် တော်ကြမှာပါ။ အမြောက်နဲ့ ပစ်ရင် ချက်ချင်း သေမယ်။ သူတို့ချင်း တိုက်တာ ချက်ချင်း မကုန်ပါဘူး"

ကိုကြာလန်းက ရှင်းလင်း တောင်းပန်၏။

ဖျိုင်းကလေး ရည်ညွှန်း ပြောသော အမြောက်မှာ စကြာတင် မြန်မာ အမြောက် မဟုတ်ပေ။ တောင်နီတောင် တိုက်ပွဲမှ ရလိုက်သော ပေါက်ကွဲကျည် ကို သုံးသည့် ကုလားအမြောက် ဖြစ်သည်။

မြို့တောင်တံခါးဆီမှ မြင်းခွာသံသဲ့သဲ့ ကြားရသည်။

"ဟော… တောင်ညီနောင် ကင်းက လာတဲ့ မြင်းခွာသံပဲ"

ကိုကြာလန်းက အထိတ်တလန့် အော်၏။

မြင်းတစ်စီးသည် တောင်တံခါးမှ ဝင်၍ မြတောင်တို့ထံ ကဆုန်စိုင်း၍ နှင်လာသည်။ တောင်ညီနောင်ကင်းမှ လူပင် ဖြစ်၏။ အရေးကြီးဟန် တူသည်။

သူသည် မြတောင်တို့အနား ရောက်၍ မြင်းဇက်ကို ချုပ်လိုက်စဉ် သေနတ်သံ တစ်ချက်နှင့်အတူ မြင်းပေါ်မှ စဉ်ကျသွားလေ၏။

"ဟယ်…"

ပိန္နဲပင်အောက်မှ လူအများမှာ အော်ဟစ်ရင်း ပြေးပွေ့ကြသည်။ ကင်းတမန်မှာ ရင်ဝကို ရန်ပွဲထဲမှ ပစ်သော ကျည်သင့်သွားခြင်း ဖြစ်၏။

"ဗိုလ်မှူး… ရန်သူ ရန်သူ… ကုလား တောင်ညီနောင်ကို အလစ် သိမ်း…"

ကင်းတမန်မှာ အသက်ပျောက်သွားတော့သည်။

"တောက်… ရိုင်းလိုက်လေ သွေးသောက်တို့ရယ်… ရိုင်းလိုက်လေ ခြင်း… ဟင်း"

မြတောင်သည် သဲသဲမဲမဲ တိုက်ခိုက်နေသော ရန်ပွဲကို အံကြိတ်လျက် ကြည့်ကာ ကြိတ်မနိုင်ခဲမရ ရေရွတ်လေ၏။

"ကျွန်တော် သွားမယ် ဗိုလ်မှူး"

ဗိုလ်ချင်းက ပြောသည်။

"အေး… မနိုင်ရင် ဆုတ်သာ ပေးဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချင်းနှင့် တပ်သားအချို့ တောင်ညီနောင်ဘက်သို့ ထွက်ခွာ၍ ပြင်ဆင်နေကြစဉ် မန္တလာကန်ဘက်မှ ကင်းသမားတစ်ယောက် ပြေးလာပြန်သည်။

သူ့ခများမှာ မြင်း မပါပေ။ ခြေကျင် ပြေးလာစဉ် ရန်ပွဲကျင်းနေသော တပ်သားတစ်စုက ဗိုင်းဝန်းခုတ်သတ်လိုက်ကြ၏။

သူသည် သေခါနီး၌-

"ရန်... သူ..."

ဟု နှစ်လုံးသာ အော်နိုင်ပြီး အသက်ပျောက်သွားသည်။ သူ့အသံ၏ မည်သူမျှ မကြားလိုက်ပေ။

"ကင်းသမား ထင်တယ်"

ယင်းသူ၏ အဖြစ်ကို မြတောင်ဗိုလ်က မျက်စိလျှင်လျှင်ဖြင့် မြင်လိုက်၍ မြင်းဖြင့် ပြေးသွားရန် ပြင်လိုက်ရာ ကိုကြာလန်းက ဆွဲထား၏။

"ပြေးလို့ မရကြတော့ဘူး ဗိုလ်မှူး၊ ရေတိမ်မှာ နစ်ပါ့မယ်"

သို့စဉ်တွင် နေပူကန်ဘက်မှ လည်းကောင်း၊ တောင်နီတောင်ဘက်မှ လည်းကောင်း မြင်းနှင့် အထောက်များ ရောက်လာကြပြန်၏။ သူတို့သည် ရန်သူနှင့် လွတ်ရာမှ ကွင်း၍ လာကြသဖြင့် ကောင်းမွန်စွာ ရောက်ရှိ သတင်းပေးနိုင်ကြသည်။

"တောင်နီတောင်ကို ရန်သူက ဝင်သိမ်းပါပြီ ဗိုလ်မှူး"

"ကျွမ်းကိုင်ဘုရားက ခံတပ် ကျသွားပါပြီ ဗိုလ်မှူး"

ကင်းများမှ လာသော တပ်သားများသည် ဗိုလ်မှော်တပ်မှလည်း ဖြစ်မည်။ ဗိုလ်ရွှေ၊ ဗိုလ်ချက်ကြီးနှင့် ဗိုလ်မှော်၏ တပ်မှလည်း ဖြစ်မည်။ သို့ရာတွင် သတင်းပေးစရာ ဗိုလ်က မြတောင်ဗိုလ် တစ်ယောက်သာ ရှိသည့်အတွက် မြတောင် ထံသာ သတင်းပေးကြရခြင်း ဖြစ်သည်။

"ရောင်းရင်းတို့... ကြာအင်းမြို့ကို လေးဖက်လေးတန်မှ ကုလားတွေ ဝိုင်းလာကြပြီ"

မြတောင်ဗိုလ်သည် မိုးချုန်းသည့် အသံဖြင့် အော်ပါ၏။

သို့သော် ငရဲထသည့်နှယ် ပွက်လောရိုက်နေသော အသံများကို မဖောက် နိုင်။

"သွေးသောက်တို့... ရန်သူ လာနေပြီ"

ဗိုလ်ထွန်းဖေသည် ယင်းအော်သံကို ကြားဟန်တူ၏။ ဓားကို အိမ်ထဲ သွင်း၍ မြတောင်ဗိုလ်ထံ မြင်းဖြင့် ပြေးလာသည်။



"ဘာလဲ ဗိုလ်မှူး... ဘာလဲ ဟင်"

သူသည် အော်ဟစ်မေးရင် ဇက်ကျိုးကျသွား၏။ နောက် အထုပ်ကြီး တစ်ထုပ် ပစ်ချလိုက်သလို မြင်းပေါ်မှ ကျသွားသည်။ ဖျိုင်းကလေးနှင့် ဖိုးရွှေလှာ တို့က ပြေးပွေ့ကြ၏။

"သေပါပေါ့လား... ဟယ်"

ရေရွတ်ရင်း ပက်လက် ဆွဲလှန်လိုက်သောအခါ ဗိုလ်ထွန်းဖေ၏ ရင်မှာ ဟင်းလင်းပွင့်နေပြီ။ အခြားတပ်သားက ခွဲလိုက်သလော၊ သူ့တပ်သားကပဲ ခွဲ လိုက်သလော မသိ။

"ကဲ.. ချထားခဲ့ကြ"

မြတောင်သည် ငိုကိထိခိုက်စွာ အော်၏။

"ဖိုးရွှေလှာ... တောင်နီတောင်ကို သွား၊ ဖျိုင်းကလေး မန္တလာကန် ဘက်ကို သွား၊ သွေးသောက်ကြီး ဖိုးနီတာက နေပူကန်ဘက်ကို သွား"

ဖျိုင်းနှင့် ဖိုးရွှေလှာတို့သည် မြင်းများပေါ်သို့ ခုန်တက်လိုက်ကြ၏။

"မနိုင်လို့ ဆုတ်ပေးကာမှုနဲ့ သူရဲကောင်းတို့ သိက္ခာကို မထိခိုက်ဘူး၊ အချည်းနှီး မစွန့်စားကြနဲ့၊ ကြားကြလားဟေ့"

"ကြားပါတယ် ဗိုလ်မှူး"

"တပ်သား ၂၀၀ စီ ယူသွားကြ။ ငါ မြို့ထဲက ခံနှင့်မယ်။ ကဲ... သွားကြ"

မြင်း ၅ စီးသည် သစ်ပင်ရိပ်အောက်မှ ဖြန့်ထွက်သွားလေ၏။

"ဟဲ့ ခွေးတွေ... အချင်းချင်း ကိုက်နေကြတုန်းလား၊ ရန်သူ လာနေပြီ၊ နင်တို့ကို သတ်မယ့် ရန်သူ လာနေပြီဟ"

မြတောင်သည် ရန်ပွဲကို မြင်းဖြင့် ပတ်လျက် လျှောက်အော်နေ၏။

"နွားတွေ... မိုက်မဲတဲ့ နွားတွေ... အချင်းချင်း ဇွေ့တုန်းလား၊ ဇွေ့ကြ ဇွေ့ကြ... မသေမချင်း ဇွေ့ကြ၊ ရန်သူတွေ မြို့တံခါးကို ရောက်နေပြီ"

မြတောင်ဗိုလ်သည် ရန်ပွဲကို မြင်းဖြင့် ပတ်လှည့်ရင်း ဆက်လက် အော်ဟစ်နေသည်။ သူ့အသံကို ကြားသော တပ်သား တစ်ယောက်စ နှစ်ယောက်စ သည် ကြိုတင် နေရာချထားခံရသော နေရာသို့ ဓားဆွဲ သေနတ်ဆွဲ၍ ပြေးထွက် သွားကြသည်။

ရန်ပွဲကား အင်အားကြီးမားဆဲ။ ဓားသံ သေနတ်သံနှင့် လဲဆို အော်ဟစ် ညည်းတွားသံများ ဆူညံနေဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



မြတောင်ဗိုလ်သည် ကုလားအမြောက်ကို ကျောက်ဖြူဘုရားကုန်းသို့ လွှတ်လိုက်သည်။ စကြာတင်အမြောက်ကို မန္တလာကန်ဘက်သို့ လွှတ်လိုက်သည်။

မြို့တွင်း ရန်ပွဲမှ သေနတ်သံ ဓားသံများကို မြို့ပြင် လေးဘက်မှ အမြောက်သံ သေနတ်သံများက လွှမ်းမိုးလာ၏။

စစ် ၄ မျက်နှာလုံး၌ ကုလားများက ရှေ့သို့ ဖိတက်လာသည်။ စစ်မျက်နှာတိုင်း၌ ခုခံသော တပ်သားများမှာ မြတောင်ဗိုလ်၏ တပ်ချည်း ဖြစ်နေ၏။ ရှိသော အင်အားကို ခွဲဝေထားရသဖြင့် ခံဆုတ် ဆုတ်လာကြရသည်။

မြတောင်ဗိုလ်သည် စစ်မျက်နှာ ၄ ခုသို့ ပြေးလွှား အကဲခတ်၏။ လိုအပ်သည်များကို ဖြည့်စွက် အမိန့်ပေးပြီးနောက် မြို့ထဲသို့ ပြန်လာသည်။ မြို့ထဲတွင်ကား သဲသဲမဲမဲ တိုက်ခိုက်ကြဆဲ ရှိသေး၏။

"ရောင်းရင်းတို့… ရောင်းရင်းတို့.. သင်တို့၏ သေနတ်များကို မြို့ပြင်သို့ လှည့်ကြ… ဟယ် သွေးသောက်တို့… သင်တို့၏ ဓားများကို ကုလားထံ ဦးတည်ကြ"

မြတောင်သည် မမောမပန်း အော်ဟစ်နေပြန်လေသည်။

"အို… သွေးသောက်တို့၊ ညီအစ်ကိုချင်းချင်း သတ်ဖြတ်သော အကျိုးမဲ့ စစ်ပွဲကို ရပ်စဲကြ။ မြို့ပြင်ကို ထွက်၍ ကုလားကို သုတ်သင်ကြ"

ဦးစွာ ပထမ ဗိုလ်ရွှဲသည် မြင်းဒုန်းစိုင်း၍ ထွက်သွားလေ၏။ သူ ထွက်သွားသည် မြင်လျှင် သူ့တပ်သား အချို့ ပြေးလိုက်သွားကြသည်။

ဗိုလ်ချက်ကြီးနှင့် ဗိုလ်မှော်၏ တပ်များကား ဆက်လက်တိုက်ခိုက်ကြတုန်း။

"အို ရောင်းရင်းတို့… အချည်းနှီး တိုက်ပွဲကို စွန့်ခွာကြပါတော့လား၊ မြို့ပြင် လေးရပ်မှာ ကုလားတွေ တက်လာပါပကောလား၊ ထွက်ကြ ထွက်ကြ"

မြတောင်က ဆက်လက် အော်ဟစ်၏။

သူ၏ ကြိုးစားရခြင်းမှာ ထိရောက်ပါပေသည်။ ဗိုလ်မှော်သည်-

"ကုလား… ကုလား…"

ဟု သံနက်ကြီးဖြင့် အော်ကာ တိုက်ပွဲကို စွန့်ခွာ၍ ပြေးထွက်သွားရာ သူ့တပ်သား အကုန် ပြေးလိုက်သွားကြ၏။

"ကုလား… ကုလား…"

ဗိုလ်မှော်၏ တပ်သားများ အော်သံကို ကြားရသော ဗိုလ်ချက်ကြီး တပ်သားများမှာ ဗိုလ်ထွန်းဖဲ၏ တပ်ကို ဆက်လက် မတိုက်ခိုက်တော့ပေ။



"ဗိုလ်ချက်ကြီး… ရန်သူတွေ လေးရပ်က ဝိုင်းနေတာ သင် မကြားရှာသလား"

မြတောင်က အော်ဟစ်လိုက်ရာ ဗိုလ်ချက်ကြီးသည် ဓားကို မြှောက်၍-

"ထွက်ကြ ထွက်ကြ"

အော်ကာ ရှေ့မှ မြင်းစီးထွက်သွားတော့သည်။ ဗိုလ်ချက်ကြီးနှင့် တပ်သားများ ထွက်ခွာသွားလျှင် ဗိုလ်ထွန်းဖဲ၏ တပ်သား ၅၀ မှာ ယောင်လည်လည် ကျန်နေခဲ့ကြတော့၏။

"ဟဲ့… လူမိုက်တွေ… ခွေးထက် မိုက်တဲ့ မိုက်တုံးတာတွေ"

မြတောင်ဗိုလ်က အော်ဟစ် ငေါက်ငမ်းလိုက်သည်။ တပ်သားများမှာ သွေးစေး အထပ်ထပ် ပေနေသော ဓားများကို အိမ်ထဲ သွင်း၍ ဒူးထောက် ရှိခိုးနေကြလေ၏။

"နင်တို့လို မိုက်ရိုးရင့်တဲ့ ခွေးတွေကို မဟာပထဝီမြေကြီးဟာ ထမ်းရွက်ထားဖို့ ဝန်လေးလှပြီ။ နင်တို့ သခင်ဗိုလ်ထွန်းဖဲလည်း သေပြီ"

"ဟင်…"

"နင်တို့ရဲ့ မိုက်ပြစ်ကို ဆေးကြောတဲ့ အနေနဲ့ နင်တို့ သခင်နောက်ကို လိုက်သွားကြ။ အခုချက်ချင်း မြို့တွင်း သစ်ပင်တွေပေါ် တက်နေကြ။ သေနတ် ရှိတဲ့လူက ကုလားတပ် ဝင်လာရင် ပစ်။ သေနတ် မရှိတဲ့လူက ကုလားတွေ အပေါ် ခုန်ချပြီး တစ်ယောက်ချင်း ပူးပြီးသတ်။ ကုလားလက်ကို နင်တို့ရဲ့ အသက်နဲ့ ကိုယ် တွဲပြီး မအပ်ရဘူး။ နင်တို့ လုံးဝအသေခံရမယ်… သွားကြ"

မိုးကြိုးကြီး နှစ်စင်း ပြိုင်တူ ခသလို ခက်ထန်ရက်စက်သော အမိန့်သံ အဆုံးတွင် ဗိုလ်ထွန်းဖဲ၏ တပ်သားများသည် ခက်ရွက် ဝေဆိုင်းသော မန်ကျည်း၊ ပိန္နဲ၊ သရက်နှင့် ညောင်ပင်များပေါ်သို့ ပြေးတက်သွားကြလေ၏။

မြို့တွင်း ရန်ပွဲကို ရပ်စဲ၍ ကုလားအား ညီညာဖျဖျ တိုက်ခိုက်ကြသော်လည်း နောက်ကျခဲ့ပေပြီ။

တောင်ကုန်းများ ဝန်းရံနေသော ကြာအင်းမြို့၏ အနောက်ဘက် စစ်မျက်နှာကို ကုလားတပ်များက လုံးဝ အုပ်စီးမိပေပြီ။

မြတောင်ဗိုလ်သည် မန္တလာကန်ဘက်သို့ မြင်းဖြင့် ရောက်လာသည်။ စကြာတင် အမြောက်ကို သူကိုယ်တိုင် ကွပ်ကဲတိုက်ခိုက်၏။ သံလုံးကြီးဖြင့်သာ ပစ်နိုင်သော စကြာတင် အမြောက်မှာ မြေပြန့်တွင် တိုက်ခိုက်ရသည့်အတွက် မထိရောက်ရုံသာမက အမြောက် ရန်သူ့လက် ကျချေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေပူကန်ဘက်မှ ခုခံသော တပ်သည်လည်း မြို့တွင်း ဆုတ်၍ ခုခံထေ ပြီ။ မန္တလာကန်ဘက် ခံသော တပ်သည်လည်း မြို့ထဲ ရောက်ဂ ရပြီ။

ကုလားတပ်သည် ကျောက်ဖြူ ဘုရားကုန်းကို မဖြိုနိုင်သေးသဖြင့် တောင်ဘက် စစ်မျက်နှာ၌ တန့်နေသည်။ ကုလားအမြောက်သည် ကုလားတို့ ပြန်လည် သတ်ဖြတ်နေ၏။

မြတောင်ဗိုလ်သည် အနောက်ဘက် စစ်မျက်နှာမှ ဖရိုဖရဲ ဆုတ်ခွာလာသော တပ်များကို လိုက်လံထိန်းသိမ်း၍ ဆက်လက် ခုခံစေသည်။ ထို့နောက် ကျောက်ဖြူဘုရားဘက်သို့ မြင်းကို နှင်လာရာ-

"မောင်ကြီး... မောင်ကြီး..."

ဟူသော ခေါ်သံဖြင့် ခင်ဆုံသည် စပါးကျီတစ်ခုအောက်မှ ပြေးထွက်လာသည်။

"ဟင် ခင်ဆုံ..."

"မောင်ကြီး..."

"ခင်ဆုံတို့ မပြေးသေးဘူးလား၊ ပြေးကြလေ။ ကုလားတွေ ဝင်လာပြီ"

မြတောင်သည် မြင်းပေါ်မှ ဆင်းကာ ခင်ဆုံအား ဖက်၍ စပါးကျီဆီသို့ ခေါ်ခဲ့၏။ ဦးကြွယ်သည် ဓားကိုင်၍ ထွက်လာသည်။

"ဦးရီး... ပြေးတော့လေ"

"ဗိုလ်မှူးကော..."

"ကျွန်တော် သေမှ ကြာအင်း ကျရမယ်။ အသက်နဲ့ ကိုယ် မကွဲကွာသေးသမျှ တိုက်မယ်။ ကဲ... ဦးရီးတို့ ပြေးကြ။ ခင်ဆုံ... သွားတော့"

ခင်ဆုံသည် ဦးကြွယ်၏လက်တွင် ကျန်ခဲ့ကာ ဖခင် ဆွဲခေါ်ရာသို့ ပါသွားသည်။

အနောက်ဘက် တောင်ကုန်းများမှ ပစ်သော အမြောက်ဆန်များ မြို့ထဲသို့ ကျလာ၏။

"မောင်ကြီး..."

ခင်ဆုံသည် နောက်ပြန်ကြည့်၍ အော်ရှာသည်။

"သွားတော့... ခင်ဆုံ"

မြတောင်က မြင်းနားမှ လှမ်းပြော၏။

"မောင်ကြီး လိုက်ခဲ့ရမယ်"

"သွားစမ်း ခင်ဆုံ... သွားစမ်း"



မြတောင်က မြင်းပေါ်သို့ လွှားခနဲ တက်လိုက်စဉ် ခင်ဆုံက ဦးကြွယ်၏ လက်ထဲမှ ရုန်းထွက်ပြေးလာသဖြင့် မြတောင် ခုန်ဆင်းရပြန်သည်။

"မောင်ကြီး..."

"သမီးလေး..."

အမြောက်ဆန်တစ်ခုသည် ဦးကြွယ်နှင့် ခင်ဆုံ၏ ကြားတွင် ကျရောက်ပေါက်ကွဲ၏။

မြေကြီးခဲများ မြတောင်ကို လာမှန်၏။ ယမ်းခိုး အူ၍ မှောင်မည်းသွား၏။

"သမီးရေ... သမီးလေးရေ..."

ဦးကြွယ်သည် မှောင်ထဲမှာ တစာစာ အော်လိုက်သည်။

"မြတောင်သည် ဦးကြွယ်၏ အသံဆီသို့ ပြေးလာရာ ခင်ဆုံကို ခလုတ်တိုက် လဲ၏။ ကောက်ပွေ့လိုက်သောအခါ ခင်ဆုံမှာ အသက် မရှိတော့ပြီ။ ခင်ဆုံ၏ ကိုယ်တွင် သွေးစေးနှင့် မြေမှုန့်များ လိမ်းကျံနေသည်။

"အမယ်လေး... သမီးရဲ့၊ အဖြစ်ဆိုးလှချည့်လား သမီးရဲ့"

ဦးကြွယ်သည် သမီး အလောင်းကို ဖက်၍ ငိုလေ၏။ မြတောင်ဗိုလ်သည် ခင်ဆုံ၏ ခေါင်းကလေးကို ပွတ်သပ်ရင်း မျက်ရည်တွေ ကျနေသည်။ ယမ်းငွေ့နှင့် မြေမှုန် လုံးကာ မည်းနေသော ခင်ဆုံ၏ မျက်နှာပေါ်သို့ မျက်ရည်ပေါက်များ တပေါက်ပေါက် ကျဆင်းလာ၏။

"ခင်ဆုံရယ်... အသေဆိုးလှချည့်လား နှမရယ်"

ရန်သူ ဝိုင်းနေကြောင်း သိပါလျက် မိမိကို တွယ်တာကာ မပြေးနိုင် မခွန့်နိုင် ဖြစ်ရသည့်အတွက် သေရလေခြင်းဟု မြတောင် သိသည်။ သံယောဇဉ်ကြီးပဲ ကြီးနိုင်လွန်းသူကလေးအတွက် မြတောင်ဗိုလ်မှာ ရင်ဆို့ရတော့သည်။

"ခင်ဆုံ... ခင်ဆုံ..."

မြတောင်က တစ်ဆို့သံဖြင့် ခေါ်နေမိ၏။

"ဗိုလ်မှူး... ဗိုလ်မှူး..."

ကိုကြာလန်းသည် မြင်းဖြင့် အော်ဟစ်ရင်း ရောက်လာကာ-

"ရွှေကျောင်းကုန်းက ကုလား အမြောက်ကျည်ဆန် ကုန်သွားပြီ"

ဟု အော်လေသည်။

သို့စဉ် ဗျိုင်းကလေးက အပြေးအလွှား ရောက်လာပြန်၏။

"ဗိုလ်မှူး... ရွှေကျောင်းကုန်းက အမြောက်ပေါ် အမြောက်ဆန်တွေ ကျပြီး အကုန်လုံး သေကုန်ပြီ ဗိုလ်မှူးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဗိုးရွှေလှာ ရောက်လာပြန်၏။

"ကုလားတပ်တွေ မြို့ထဲကို လေးဖက်က ဝင်လာပြီ ဗိုလ်မှူး"

"လာကြပေ့ ... သေသည်အထိ ချမယ်"

မြတောင်သည် မြင်းပေါ်သို့ ခုန်တက်ကာ ဒုန်းစိုင်းလာခဲ့သည်။

"ချကြ ... သတ်ကြ ... ခုတ်ကြ ..."

မြတောင်သည် ရင်ဆိုင်တိုက်ပွဲဖြစ်ရာ မြို့လယ်ခေါင် ဈေးသို့ ညာသံပေးကာ ရောက်ရှိလာပြီး တရကြမ်း နင်းခုတ်တော့သည်။

မြို့တွင်း နေရာအနှံ့အပြား၌ ကုလားများနှင့် ပြည်ချစ်တပ်သားများ လုံးထွေးတိုက်ခိုက်နေကြလေ၏။ ပြည်ချစ်တပ်သားများ ကျဆုံးသွားသော နေရာ အခုအခံ မရှိသော နေရာများတွင်မူ မြတောင်၏ ဒဏ်ပေးချက်အရ သစ်ပင်များ ပေါ် တက်နေခဲ့သော ပြည်ချစ်တပ်သားများက ကုလားများအပေါ်သို့ ခုန်ချ သတ်ဖြတ်ကြသည်။

မြို့လယ်ခေါင် ဈေးတိုက်ပွဲတွင် ကုလားများ ဖရိုဖရဲ ဖြစ်ကုန်၏။

ပြည်ချစ်တပ်သားများသည် လူလူချင်း အစိမ်းစားတော့မလို တိုက်ခိုက်ကြသည်။ ကုလားများမှာ နောက်သို့ ဆုတ်ရသဖြင့် သေနတ် သုံးခွင့်ရလာ၏။ ပြည်ချစ်တပ်သားများ အခဲလိုက် အထွေးလိုက် ကျကုန်၏။

မြတောင်ဗိုလ်၊ ဗိုလ်မှော်၊ ဗိုလ်ချင်းနှင့် ဗိုလ်ဗျိုင်းကလေးတို့သည် တပ်ဦးမှနေ၍ ကုလားများကို လိုက်ခုတ်ရာ စနေနံဘုရားနားသို့ ရောက်လာကြသည်။ ထိုအနီးတစ်ဝိုက်သို့ ထွက်ပြေးလာသော ကုလားမှန်သမျှ သေသည်ချည်း ဖြစ်၏။

သို့ရာတွင် ယင်းသို့ တိုက်ခိုက်ခြင်းသည် လေးဖက်မှ ဝိတ်ဝင်လာသော ကုလားများကို တိုက်ခိုက် ဖောက်ထွင်းမိသလို ဖြစ်သွားသည်။

မှန်ပေ၏။

စနေနံဘုရားသည် မြို့ပြင်ပေတည်း။

ကြာအင်းမြို့ကို ကုလားများ အုပ်စီးမိပြီးသား ဖြစ်သွားကာ ၃ နှစ်နီးပါး တိုက်ခဲ့ရသော ကြာအင်းမြို့တွင်းသို့ ကုလားများ ယခုမှ ရောက်ရှိ တပ်စွဲနိုင် ပေတော့သည်။

ဤတိုက်ပွဲတွင် ကုလားတပ်အားလုံး၏ အင်အားမှာ ၅၀၀ ရှိ၏။ ပြည်ချစ်တပ်သားများ၏ အင်အားမှာ ၂၀၀၀ နီးပါး ရှိစေကာမူ အချည်းနှီး



တိုက်ခိုက်၍ သေရခြင်းများ၊ ပင်ပန်းဒဏ်ရာရမှုများ၊ ခဲယမ်းမီးကျောက် နည်းပါးခြင်းတို့ကြောင့် ၁၀၀၀ အင်အားမျှဖြင့်သာ ခုခံနိုင်တော့၏။

ခုခံရာတွင်လည်း အင်ကြီးအားကြီးဖြင့် မဟုတ်ဘဲ မြတောင် တစ်တစ်တည်းကသာ ရှိအင်အားကို ဝေမျှ သုံးစွဲရသဖြင့် လက်နက်အား သာလွန်သော ကုလားကို မဟန့်တားနိုင်ရှိသာမက အချက်အချာကျသော နေရာများကိုလည်း ကုလားက မြန်မြန်ဆန်ဆန် ရသွားသောကြောင့် ကြာအင်းမြို့ ကျဆုံးခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၁၉

ဓားကို အိမ်ထဲသို့ ထိုးသွင်းလိုက်သော်လည်း ဓားသည် ဓားအိမ်ထဲမှာ မကျန်ခဲ့ မြတောင်၏ လက်တွင် ကပ်ပါလာသည်။

ဓားမင်းထိပ်တွင် ကုလားသွေးများ ခဲစုနေ၏။ ဓားရိုးတွင် စီထားသော ကျောက်များမှာ သွေးဖုံး၍ ပျောက်ကွယ်နေသည်။ မြတောင်ဗိုလ်၏ လက်ချောင်းများသည် သွေးခဲထဲတွင် နစ်မြုပ်နေ၏။ သို့ကြောင့် ဓားကို လက်မှ ခွာမရခြင်း ဖြစ်ပေသည်။

မြတောင်ဗိုလ်၏ တပ်သည် တောင်မကြီး (မဟာဂီရိတောင်၊ ရတနာ တောင်)ဆီသို့ ဦးတည် ချီတက်လာခဲ့၏။ သူနှင့်အတူ ဗိုလ်မှော်၊ ဗိုလ်ရွှဲတို့လည်း ပါလာသည်။ ဗျိုင်းကလေးမူ နောက်ဆုံးမှ ဖြစ်၏။

မြတောင်နှင့် ကိုကြာလန်းတို့သည် ငါးမျက်နှာကန်စပ်တွင် ထိုင်၍ မြတောင်၏ လက်ကို ရေထဲတွင် စိမ်ရင်း တောင်မျက်နှာရှိ ဖောင်တော်ဦးဘုရား ကို ငေးမောကြည့်နေကြလေသည်။

ဗိုလ်ဗျိုင်းကလေးသည် မြတောင်တပ်ကို ဒေါ်ပိုင်ကြီးဘုရား (အချို့ ဒေါ်ဂန်ကြီးဘုရား ခေါ်) တံတိုင်းအတွင်း၌ တပ်စွဲနေစေသည်။ ဗိုလ်မှော်၏ တပ်သားအနည်းငယ်နှင့် ဗိုလ်ရွှဲ၏ တပ်သား မဖြစ်စလောက်တို့မှာ လှည်းလမ်း တောင်ဘက်ရှိ ဇရပ်များ၊ တလင်းများတွင် ချရပ်ကြ၏။

မုဋ္ဌော ငါးမျက်နှာစေတီတော်မှ ဆည်းလည်းသံများသည် သာယာစွာ တီးခတ်ကြသည်။ ကြာဖြူ ကြာနီတို့ဖြင့် တင့်တယ်သော ငါးမျက်နှာကန်မင်းသည် မုဋ္ဌောစေတီကိုလည်း ကော်ရော်၏။ တပ်ဆုတ်လာသော တပ်သားများကိုလည်း နှစ်သိမ့်၏။



ကန်မင်းကို ဖြတ်သန်းလာသော လေချိုသည် ကြာရနံ့ဖြင့် သင်းသည်။ တော်ဝန်းကျင်သည် တိတ်ဆိတ်၍ စစ်စလီငှက်တို့က တေးသဖွယ် မြည်ကြွေးသည်။

အရာရာသည် တင့်တယ်ငြိမ့်ညောင်းပါဘိတောင်း။

မြတောင်ဗိုလ်အတွက်မူ သာယာခြင်းမည်သည် မရှိ။ လှပခြင်း မရှိ။ ထို့ကြောင့် စွင့်စွင့်ပွင့်နေသော ကြာပွင့်များကို မြတောင်၏ မျက်စိထဲ၌ လူသေ အလောင်းတွေဟု မြင်သည်။ ထင်လည်း ထင်သည်။

အကျိုးမဲ့ တိုက်ခိုက်၍ တစ်လောင်းပေါ် တစ်လောင်း ထပ်ဆင့်နေခဲ့ သော ပြည်ချစ်တပ်သားတို့၏ အလောင်းသည် မြတောင်၏ မျက်လုံးထဲမှာသာ ပေါ်။ နှလုံးသားထဲမှာပင် ဝင်ရောက် စွဲထင်နေ၏။ လေပြည် ဖျပ်ဖျပ် ကန်ထဲမှ လှုပ်ရှားသံသည် အလောင်းကောင်တို့ အော်ညည်းသံ ထင်ရသည်။

လက်တွင် ကပ်နေသော ဓား ကွာကျသွားပေပြီ။ ဓားကို ကိုကြာလန်း က ဆေးကြော၍ လက်ကို မြတောင်က ပွတ်သပ်ဆေးကြောနေသည်။

"မောင်ကြီး… လိုက်ခဲ့"

မိမိထံ ပြေးလာရင်း ယမ်းခိုးထဲတွင် ပျောက်ကွယ်သွားသော ခင်ဆုံ၏ အသံကလေးကို ကြားယောင်လာရပြန်၏။

ခင်မင်စရာ ရှားသဖြင့် တစ်ရပ်တစ်ကျေးမှ ရောက်လာသော မြတောင် ကို အစ်ကိုလို ခင်တွယ်ဆိုးနွဲ့နေခဲ့သော ခင်ဆုံ… ။ သံယောဇဉ် မပြတ်နိုင်ဘဲ အသေဆိုး သေရသော ခင်ဆုံ။ ယမ်းနှင့် မြေတို့ လိမ်းကျံနေသော မျက်နှာကို မြင်ယောင်ရသောအခါ ရင်ထဲက နာလာသည်။

မြတောင်သည် ပင့်သက်ရှိုက်လိုက်မိပြန်လေ၏။

"ဗိုလ်မှူး… ခြေ လက် မျက်နှာ သန့်စင်လိုက်ပါဦးလေ"

ကိုကြာလန်းက ဓားကို နေရာတကျ ထားရာက မြတောင်အား သတိ ပေးသည်။

"ငါ ဘာမှ မလုပ်ချင်တော့ဘူးကွာ"

မြတောင်က စိတ်ပျက်လက်ပျက် ပြန်ပြောလိုက်၏။

"ဗိုလ်မှူး အရင်တုန်းက ပြောတော့ အသက် မသေမချင်း ကုလားကို တိုက်မယ်ဆို"

"ဒါ ဘာဆိုင်လဲကွ"

"ဘာမှ မလုပ်ချင်ဘူး ဆိုတာဟာ ကုလားကိုလည်း မတိုက်တော့တဲ့ အဓိပ္ပာယ် ရောက်မနေပေဘူးလား ဗိုလ်မှူးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ မှားသွားတယ်ကွာ"

မြတောင်က မျက်နှာ သစ်သည်။ နောက် လက်များကို ဆေးကြောရင်း-

"ခင်ဆုံ မရှိတော့တာဟာ ငါ့ရင်ထဲက အသည်းကို ဆွဲထုတ်သွားသလိုပါပဲကွာ၊ သို့ပေမယ့် ငါဟာ သူ့ကို နှမငယ် တစ်ယောက်လို ချစ်တာ"

"ကျွန်တော်လည်း စိတ်မကောင်းပါဘူး ဗိုလ်မှူးရယ်"

"အေးလေ… သံယောဇဉ် ပြတ်သွားတာပဲ ကောင်းပါတယ်။ ဒါမှလည်း ကုလားကို စိတ်ရှိလက်ရှိ တိုက်နိုင်မှာပဲ"

ကန်ရေပြင်သည် လုံးဝ အမှောင်ဖုံးသွားပေပြီ။ မြတောင်မှာ မသဲမကွဲ ကန်ရေပြင်ကို ငေးစိုက်ကြည့်နေသည်။

"ဗိုလ်မှူး… ဘယ်ကိုများ ထိမိ နိုက်မိသွားသေးလဲ"

ဗိုလ်ဖျိုင်းကလေး၏ အသံ ဖြစ်၏။

ဖျိုင်းကလေးသည် ကန်ပေါင်မှ ကန်ထဲသို့ ဆင်းလာ၏။

"ဖျိုင်းကလေးကော…"

"ကျွန်တော်တော့ ဘေးမသီ ရန်မခပါဘဲ ဗိုလ်မှူး"

ဖျိုင်းကလေးသည် မြတောင် ဘေးတွင် ကပ်ထိုင်လိုက်ကာ-

"ဗိုလ်မှူး…" ဟု ခေါ်၏။

မြတောင်သည် စကား မဟ။ ခေါင်းမလှည့်မူ။ မြို့သစ် ရွာဘက်ဆီရှိ ကြယ်ပွင့်ကလေး တစ်ပွင့်ကို လှမ်းကြည့်နေ၏။

"ခင်ဆုံ သေသွားပြီဆို"

ဖျိုင်းကလေးက မေး၏။ မြတောင်က ဆက်လက် ငေးမောနေသည်။

"ပြောပါဦး ဗိုလ်လေးရယ်… ခင်ဆုံ… သူ မရှိတော့ဘူးဆို"

မထင်မှတ်ဘဲနှင့် ငိုသံဖြင့် မေးလိုက်သည့်အတွက် မြတောင်မှာ တုန်လှုပ်သွားကာ ဖျိုင်းကလေးအား လှည့်ကြည့်ရင်း ဖျိုင်း၏ ပခုံးကို ဖက်ထားသည်။

"ငါ့ကို မင်း လာခေါ်တဲ့ အချိန်မှာပဲ ခင်ဆုံ သေသွားတယ်"

ဖျိုင်း၏ မျက်နှာကို သဲကွဲစွာ မမြင်ရစေကာမူ ပါးပြင်တစ်လျှောက် မျက်ရည်များ သွယ်ကျနေရာ ကြယ်ရောင်ဖြင့် ဝိုးတဝါး မြင်ရ၏။ ဖျိုင်း၏ ရှိုက်သံသည် ပတ်ဝန်းကျင် တိတ်ဆိတ်နေ၍ ထင်ရှားစွာ ကြားရသည်။ ဖျိုင်းသည် ခင်ဆုံအတွက် စိတ်ထိခိုက်ရမည့်သူဟု မြတောင် ယခုမှ သိ၏။

မြတောင်မှာ အံ့ဩသည်။ ဝမ်းနည်းသည်။



ခင်ဆုံအတွက် ဖျိုင်း ဝမ်းနည်းတသသည် သိ၍ အံ့ဩကာ စောစောက မသိ၍ ဖျိုင်းအား မကူညီလိုက်ရသည့်အတွက် ဝမ်းနည်းရ၏။

"ဖျိုင်း… သူ့ကို မေတ္တာရှိတာ ဘာဖြစ်လို့ မပြောသလဲ ဖျိုင်းရယ်"

"ကျွန်တော်… ကျွန်တော်…"

ဖျိုင်းခမျာ ထစ်ငေါ့နေရှာ၏။

"ကျွန်တော် ယောက်ျားစွမ်း မပြရသေးလို့ မပြောသေးတာပါ ဗိုလ်မှူး"

"သူ့ကို မေတ္တာရှိတာ ကြာပြီလား"

"ကိုရင်ဘဝက စပြီး မေတ္တာရှိခဲ့တာပါ ဗိုလ်မှူးရယ်"

"မင်းရဲ့ အစွမ်းသတ္တိကို ယုံကြည်လို့ ရှင်သူငယ်ဘွဲ့နဲ့ ဗိုလ်ခန့်ထားတာ မဟုတ်လား ဖျိုင်းရယ်၊ စောစောက ပြောပါတော့ကွာ"

မြတောင်၏ သဘောထားကို သိရသဖြင့် ဖျိုင်းကလေးမှာ ပိုမို ဝမ်းနည်းရသည်။ မြတောင်မှာလည်း ဖျိုင်းကလေးအတွက်ပါ စိတ်မကောင်း ဖြစ်ရလေတော့၏။

ဖျိုင်းကလေးခမျာ ချစ်သူ သေခါမှ ချစ်ကြောင်း ဖွင့်ဟခွင့်ရသည့်အတွက် ဖျိုတ်၍ရှိုက်နေရှာသည်။ မြတောင်မှာ ဖျိုင်း၏ ကျောကို သပ်နေမိ၏။

ကန်ပေါင်ပေါ်မှ ခြေသံများ ပေါ်လာသည်။ ကန်ပေါင်ပေါ်မှ လူများ ဆင်းလာကာ-

"ထမင်းစားရအောင် ဗိုလ်မှူး"

ဟု ခေါ်မှ ကိုကြာလန်းမှန်း သိ၏။

ကိုကြာလန်းသည် မည်သည့်အချိန်က အနားမှ ထသွားသည် မသိပေ။

"တပ်သားတွေ စားပြီးကြပြီလား"

"ပြီးပါပြီ ဗိုလ်မှူး"

"ဆန် ဘယ်ကရသလဲ"

"ဆရာတော့်ကျောင်းက ထမင်းခြောက် တချို့၊ ဆန်တချို့ ရပါတယ်"

"ကပ္ပိယကို ဝတ္ထုကပ်ပြီး ဆန်ဖြစ်ဖြစ် ထမင်းခြောက်ဖြစ်ဖြစ် စလွယ်လေးတွေ လုပ်ပြီး ဆောင်ထားကြဟေ့"

"ကျွန်တော် စီစဉ်ပါ့မယ် ဗိုလ်မှူး"

နောက်ဆုံး ပြောလိုက်သူမှာ သွေးသောက်ကြီး ဖိုးရွှေလှ ဖြစ်၏။

"ဖိုးရွှေလှ…"

"ဗိုလ်မှူး…"

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချုပ် ဘယ်သွားလဲ"

"ကျဆုံးရှာပါပြီ ဗိုလ်မှူး"

"ဗိုလ်ချက်ကြီးတပ်ကော"

"တပ်သား တချို့တလေ ကျန်တာ၊ ကျွန်တော်တို့ တပ်မှာ လာပေါင်းပါတယ်"

"ဒါဖြင့် သူက ကျခဲ့ပြီပေါ့"

"မှန်ပါတယ် ဗိုလ်မှူး"

မြတောင်သည် တိတ်ဆိတ်သွား၏။ သူ့အပါးတွင် ရပ်နေသူများသည်လည်း မီးသွေးရုပ်များလို ငြိမ်သက်နေကြသည်။

အတန်ကြာမှ မြတောင်က မေးပြန်၏။

"ဖိုးနီတာ တစ်ယောက်ကော..."

"ကင်း တာဝန်ယူထားပါတယ်"

"အေးလေ... သေတယ် ဆိုတာဟာ ကမ္ဘာဦးက စပြီး ပေါ်ပေါက်တဲ့ ရောဂါပဲကွ။ ငါတို့လည်း ဒီရောဂါဆိုးနဲ့ သေကြရမှာပဲ။ ကြောက်စရာ မရှိပါဘူးကွာ"

"ဘုရား ရဟန္တာတို့သော်မှ မလွန်ဆန်နိုင်တာဘဲ ဗိုလ်မှူးရဲ့"

ကိုကြာလန်းက ပြော၏။

"ဘယ်သူမှ ရှောင်လွှဲလို့မရတဲ့ သေမင်းနောက်ကို လိုက်ရမှာ ငါတို့ဟာ မှန်မြတ်ပြီး ယောကျ်ားကောင်း ပီသတဲ့ သေခြင်းနဲ့ သေမယ်ဟေ့။ ဟုတ်ပလားဟေ့"

"ဟုတ်ပါတယ် ဗိုလ်မှူး"

ငိုရှိုက်နေသော ဗျိုင်းကလေးပါ မကျန် အားလုံး ညီညွတ်ကြသည်။

"ဗိုလ်မှူး ထမင်းစားရအောင်"

ကိုကြာလန်းက ထပ်မံသတိပေးမှ မြတောင်က ဗျိုင်း၏ ပခုံးကို ပုတ်ရင်း ထသည်။

"လာဟေ့... ဗျိုင်း"

သူတို့သည် ဒေါ်ပိုင်ဘုရားတံတိုင်းအတွင်းသို့ ဝင်လာကြကာ မြတောင်အတွက် စီမံထားသော အုန်းလက်မိုး အုန်းလက်ကာ တဲကလေးတွင် ထမင်းပွဲပြင်လျက် ဖိုးနီတာ စောင့်နေသည်ကို တွေ့ရ၏။

"စားပြီးပြီလား ဖိုးနီတာ"



"ပြီးပါပြီ ဗိုလ်မှူး"

"ကဲ...မစားရသေးတဲ့သူ..ဝင်စားကြကွာ...။"

"စားပြီးပါပြီ ဗိုလ်မှူး"

ကိုကြာလန်းမှအပ အားလုံး စားပြီးကြပေပြီ။

"မင်း မစားရသေးရင် လာဟေ့"

"ဗိုလ်မှူး ပြီးမှ စားမယ်"

"ကြာအင်းမြို့မှာလို အခန့်သားနေလို့ မရတော့ဘူးကွ။ ကုလားက ဘယ်အချိန် လာတိုက်မယ် မသိဘူး၊ အချိန်ရတုန်း စားရတာ လာစမ်းပါကွာ"

ကိုကြာလန်းက မရွံ့မရဲဖြင့် ထမင်း ဝင်စားလေသည်။

"ဟေ့... ဗျိုင်း၊ တို့တပ်အင်အား ဘယ်လောက် ရှိသေးလဲကွ"

မြတောင်က ထမင်းစားရင်း လှမ်းမေး၏။

"၃၀၀ မဲ့မဲ့လောက်တော့ ရှိပါသေးတယ် ဗိုလ်မှူး"

"အင်း... ယောကျ်ားကောင်းတို့ရဲ့ သေခြင်းနဲ့ သေကုန်ကြပါရောလား"

မြတောင်၏ တပ်မှာ အကျိုးမဲ့သော ရန်ပွဲများတွင် ထိထိရောက်ရောက် ပါဝင်ခဲ့သည့်အတွက် ကုလားတို့ မြို့သိမ်းတိုက်ပွဲ စတင်ချိန်တွင် ၇၀၀ ကျော် ၈၀၀ နီးပါး ရှိ၏။ ယခုမူ သူ့တစ်တပ်တည်းမှပင် ၅၀၀ ခန့် ကျဆုံးခဲ့ရသည်။

"ဒါ ကျွန်တော်တို့တပ် အများဆုံး ကျန်ခဲ့တာပဲ ဗိုလ်မှူး"

"သည့်ပြင်တပ်တွေ ဘာဖြစ်ကုန်လဲ"

"ဗိုလ်မှူးနှယ်... ဗိုလ်ရွှေတပ်များ ၅၀ လောက်ပဲ ကျန်တော့တယ်။ ဒါဟာ ကျိုးပဲ့ ဒဏ်ရာရတွေပါ ရောရေတာ"

"သူကိုယ်တိုင်မှ မသေသေးတာကွာ... ဘာအရေးလဲ"

မြတောင်က စိတ်နာနာနှင့် ပြောလိုက်ခြင်း ဖြစ်၏။ ဗိုလ်ရွှေ၏ တပ်သည် အင်အား ၁၀၀၀ မျှ ရှိခဲ့ရာ ရန်သူကို တိုက်ရင်း မှန်မြတ်စွာ ကျဆုံးရသည်မှာ ၂၀၀ ထက် မပိုခဲ့။ ၇၀၀ မျှမှာ အကျိုးမဲ့ ရန်စစ်မီးတွင် သေကျေခဲ့ကြရခြင်း ဖြစ်သည်။

"ဗိုလ်မော်ကောကွ"

"ဗိုလ်မော်လည်း ဒါလောက်ပဲ ရှိတော့တာပဲ ဗိုလ်မှူး"

သို့စဉ်တွင် ကန်စပ်ဆီမှ-

"ရပ်လိုက်စမ်း"

ဟူသော အသံသဲ့သဲ့ ကြားရ၏။ နောက် ကန်ပေါင်ပေါ်မှ မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့စဉ်တွင် ဗိုလ်ရွှဲနှင့် ဗိုလ်မှော်တို့ မြတောင်၏ တဲထဲသို့ ဝင်လာကြကာ-

"ဗိုလ်မှူး ခုမှ စားတယ်၊ ဟုတ်လား"

ဟု ဗိုလ်မှော်က မေး၏။

"ဟုတ်တယ်၊ စားကြပါဦး"

"သုံးဆောင်ပါ ဗိုလ်မှူး"

ဗိုလ်ရွှဲက ပြန်ပြောရင်း၊ ဗိုလ်မှော်နှင့်အတူ ထိုင်လိုက်သည်။ ဗိုလ်ရွှဲသည် လက်ကို ကျပ်စည်းကာ သိုင်းထား၍ ဗိုလ်မှော်မှာ ခေါင်းကို အဝတ်စည်းထား၏။ မြတောင် မြင်ပေသည်။ ဘယ်လောက် များသလဲ၊ ဘယ့်နှယ် နေသလဲ မမေးပေ။

ဗိုလ်ရွှဲက-

"ကျွန်တော် ဗိုလ်မှူးကို တောင်းပန်ပါရစေ၊ ကြာအင်းမြို့ ကျရတာ ကျွန်တော့်ရဲ့ မိုက်မဲမှုပါ"

"မိုးလွန်မှ ထွန်ချမနေပါနဲ့တော့ ဗိုလ်ရွှဲရယ်.. လွန်ပြီးသား လွန်ပါစေ"

"ကျွန်တော် ဝမ်းနည်းလို့ မဆုံးပါဘူး။ ကနေ့ညပဲ အနောက်တစ်ကြောကို ရွှေ့ပါတော့မယ်"

"ဘယ်အနောက်တစ်ကြောလဲ"

"ငပဲအထိ ဆိုပါတော့ဗျာ။ ရွှေချီးဖြူမင်းသား မရှိတော့ဘူးဆိုရင် ကျွန်တော်ပဲ ရှိမှာပေါ့"

"ကောင်းပါတယ်"

ဗိုလ်မှော်က-

"ကျွန်တော့်ကိုလည်း ခွင့်လွှတ်ပါ ဗိုလ်မှူး... ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်"

"ခင်ဗျားက မင်းနေပြည်သားကြီးပါဗျာ။ ကျွန်တော့်လို ကျေးတောသားကို တောင်းပန်ဖို့ အကြောင်းမရှိပါဘူး"

ဗိုလ်မှော်မှာ စလင်းသား ဖြစ်၍ မြတောင်က ပင်းတလဲ ချထောက်သား ဖြစ်၏။ ဤသည်ကို ရည်ညွှန်း၍ ပြောလိုက်ခြင်း ဖြစ်သည်။

"ဒီလိုလည်း မဟုတ်ပါဘူး ဗိုလ်မှူးရယ်... ဗိုလ်မှူး ခွင့်မလွှတ်နိုင်သေးရင် ကျွန်တော့်ပါးကို ရိုက်ပါ။ ကျွန်တော် ခံပါရစေ"

ဗိုလ်မှော်မှာ များစွာ နောင်တရသည်မှာ အမှန် ဖြစ်၏။ သူ့တပ်သား ၅၀၀ အနက် ၃၀၀ ကျော်ကို မိုက်မဲစွာ ရန်ပွဲတွင် သုံးစွဲခဲ့သည် မဟုတ်ပါလော။



"ကျွန်တော် ခွင့်လွှတ်ပါတယ် ဗိုလ်မှူး— ခွင့်လွှတ်ပါတယ်"

ထိုအခိုက် ကိုနီတာ ပြန်ဝင်လာကာ-

"ဗိုလ်မှူး... မင်းကြီးဗိုလ်ဥတ္တမတော် [illegible] ရောက်နေပါတယ်"

"ပင့်ခဲ့ပါကွာ"

ကိုနီတာ ပြန်ထွက်သွား၍ ချက်ချင်းဝင် မင်းကြီးဗိုလ်ဥတ္တမ ဝင်လာသည်။ မြတောင်က လက်ဆေး၍ ထသဖြင့်-

"ထမင်းစားတုန်းပါကလား... စားပါ ဗိုလ်မှူး၊ စားရင်းလည်း ပြောလို့ရတာပါပဲ"

"ပြီးပါပြီ ခင်ဗျာ"

မြတောင်က မင်းကြီးအနီးသို့ ရွှေ့ထိုင်ရင်း ဖြေသည်။

"ကျုပ်ရဲ့ တပ်တံခွန်က တောင်ပစ်ကုန်းကို ရောက်နေပြီ။ ဒီက အသံတွေ ကြားတာနဲ့ တပ်တွေ အဆိုင်းနိုင်းပြီး ဒီကို အထောက်လွှတ်လိုက်တော့ သေးဖက်က ကုလားဝိုင်းနေတယ် ကြားလို့၊ မီသေးရင်လည်း နောက်ပိုးသိပ်အောင် ပြန်လာတာ"

"အခုတော့ မြင်တဲ့အတိုင်းပါပဲ"

မြတောင်က ဗိုလ်ရွှဲနှင့် ဗိုလ်မှော်တို့ကို ညွှန်ပြ၏။ ဗိုလ်ဥတ္တမမှာ သူတို့နှစ်ယောက်အား ယခုမှပင် မြင်ပုံရသည်။

"မင်းတို့နှစ်ယောက် မသေကြသေးဘဲကိုးကွ"

ဗိုလ်မှော်နှင့် ဗိုလ်ရွှဲတို့မှာ ခေါင်းငုံ့နေကြလေ၏။

"အင်း... မိုက်ရိုးရင့်ကြပါပေရဲ့ကွာ မိုက်ရိုးရင့်ကြပါပေ့"

"နီတာ ဘာလဲဟေ့"

တဲထဲသို့ ကင်းဗိုလ် ကိုနီတာ ဝင်လာပြန်သဖြင့် မြတောင်က ဆီးမေးခြင်း ဖြစ်သည်။

"ကိုရင်ကြီးဗိုလ်က ဗိုလ်မှူးနဲ့ တွေ့ချင်လို့တဲ့ ခင်ဗျာ"

မင်းကြီးဗိုလ်ဥတ္တမက-

"ဒီနာမည်ကို ကြားပူးနေတာ ကြာပြီကွ။ တွေ့ချင်နေတာ အတော်ပဲဟ့"

"အေး... ခေါ်ခဲ့ကွာ"

ကိုနီတာ ပြေးထွက်သွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



''ကိုရင်ကြီးဗိုလ်က မင်းကြီးလို မှန်းနားသားပဲ ခင်ဗျာ့''

ကိုရွှေလှက ဝင်ပြောသည်။

''ဟုတ်တယ်။ ကြားဖူးသလိုလို ရှိတာပဲ ရွှေလှရဲ့။ မြင်တော့ မမြင်ဖူးဘူး''

သို့စဉ် ကိုရင်ကြီးဗိုလ်သည် သူ၏ ရှည်လျားသော အရပ်ကြီး မြေကြီးနှင့် ခေါင်းနဲ့ ထိမတတ် ငုံ၍ တဲထဲ ဝင်လာသည်။

''သူပဲ... ကိုရင်ကြီးဗိုလ် ဆိုတာ''

မြတောင်က ပြောလိုက်သဖြင့် မင်းကြီးဗိုလ်ဥတ္တမက မော့ကြည့်၏။

''ရှင်သူငယ်ဗိုလ်နဲ့ ညီအစ်ကိုများလား''

'ညီအစ်ကိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူ့ကို ဗျိုင်းကြီး ခေါ်ပြီး ရှင်သူငယ်ဗိုလ်ကို ဗျိုင်းကလေးကို ခေါ်ကြပါတယ်''

''ဗျိုင်းနဲ့လည်း တူပါ့ဗျား''

''ကိုရင်ကြီး... ဟောဒါ မင်းကြီးဗိုလ်ဥတ္တမပဲ။ တောင်ပစ်ကုန်းရွာက မှ ပြန်လာတာ''

ကိုရင်ကြီးဗိုလ်က ဦးညွှတ်လိုက်ပြီးနောက်-

''မင်းကြီး ဘာဖြစ်လို့ ထွက်သွားရတာလဲ''

ဟု မေးသဖြင့် မြတောင်မှာ ရန်ပွဲအကြောင်းကို စိတ်မချမ်းသာစွာ ရှင်းပြရသည်။

''လူမိုက်တွေပဲဗျာ''

ကိုရင်ကြီးဗိုလ်က မှတ်ချက်ချ၏။

''မိုက်ရုံတင် မဟုတ်ဘူး။ မှားလည်း မှားပါတယ်လို့ အခုပဲ တောင်းပန် နေပါတယ် ကိုရင်ကြီးရယ်''

ဗိုလ်ရွှဲက ကြေကွဲစွာ ပြော၏။ ဗိုလ်မော်ကလည်း-

''ကိုရင်ကြီး ပြောတာ နည်းတောင် နည်းပါသေးတယ်။ ခွေးလောက် မှ မကောင်းအောင် ပြောသင့်ပါတယ်''

ဟု ဝမ်းနည်းစွာ ဝန်ခံသည်။

''ဖြစ်ခဲ့ပြီးသား... ပြောမနေပါနဲ့တော့ ကိုရင်ကြီးရယ်... ပြင်လို့ရ တာမှ မဟုတ်တာ''

မြတောင်က ဝန်ရောက် ဖျန်ဖြေပေးလိုက်သည်တွင်-

''ဟုတ်ပါတယ်၊ ဘာလုပ်လို့ ရတော့မှာလဲ။ ကဲ... ဒီတော့ ကြာအင်ကို အခုည ပြန်သိမ်းမလား။ ကျုပ်တပ်က ၅၀၀ အင်အား ရှိတယ်''



''ညတွင်းချင်း မရဘူး၊ အရုဏ်တက်မှပဲ ...
...စုရဦးမှာ''

ဗိုလ်ဥတ္တမက ဝင်ပြော၏။

မြတောင်က-

''နေရာကောင်းတွေကို သူတို့ စီးမိနေပြီ ကိုရင်ကြီး။ အင်အား ဒါလောက် မရဘူး။ ကျုပ်တပ်မှာဆို ခဲယမ်းမီးကျောက် ကုန်သလောက် ဖြစ်နေပြီ''

''ဗိုလ်မှူး သဘောပဲလေ''

''ပင်ပန်းထားတာကလည်း ကနေ့ တစ်နေ့လုံးလိုလိုပဲ ကိုရင်ကြီးရဲ့။ သူတွေ ဆေးဝါးကုသဖို့ ခဲယမ်းမီးကျောက် ဖြည့်တင်းဖို့ ၂ သီတင်းလောက် ကြာမှ ဖြစ်မယ်''

''ဟုတ်တယ်ဗျ၊ ကုလားကလည်း အခုအချိန်မှာတော့ သတိနဲ့ နေမှာ''

ဗျိုင်းကလေးက ဖြည့်စွက်ပြော၏။

''ဗိုလ်မှူး ပြောတာရော၊ ဗျိုင်းကလေး ပြောတာရော မှန်တာချည်းပါပဲ။ သို့သော်လည်း အခုနေ တိုက်ရင် ကျုပ်တပ်ကို ရမယ်၊ နောင်မှ တိုက်ရင် ကျုပ် ပေါနိုင်တော့ဘူး။ ဒါတော့ ရှိတယ်''

''မင်းကြီးတပ်လည်း ခရီးပန်းနေပါတယ်။ ဒီမှာ စခန်းချနိုင်ရင်လည်း ချနေပါဦး။ ကျွန်တော့်တပ်ကတော့ ခြေကုန်လက်ပန်း ကျနေပြီ''

''ဒီမှာကို မနေနိုင်တော့ဘူး ဗိုလ်မှူးရဲ့။ ဟိုမှာကလည်း အရေးကြီး နေတယ်''

ကိုရင်ကြီးက-

''မင်းကြီး ဆက်ချီချင်သပ ဆိုလည်း ချီပါစေလေ။ ဗိုလ်မှူး အင်အား ဖြည့်တင်းလာတဲ့ အချိန်မှာ ကျုပ်နဲ့ နှစ်တပ် ပေါင်းပြီး အလစ်စီးရင် နိုင်တန် ကောင်းရဲ့ ထင်ပါတယ်''

''ဒါဖြင့်လည်း ကျုပ် ပြန်မယ်။ ကဲ ဗိုလ်မှူး ခွင့်ပြုလေတော့''

''ကောင်းပါပြီ မင်းကြီး''

မင်းကြီးဗိုလ်ဥတ္တမ ပြန်သွားပြီးနောက် ကိုရင်ကြီးဗိုလ်သည်လည်း တပ်ခေါက်၍ ပြန်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀

မြတောင်ဗိုလ်သည် ဓားကို ဆုပ်ကာ တင်းမာသော မျက်နှာထားဖြင့် ကြည့်
လေ၏။

"မပျက်မစီး ကျန်ခဲ့တဲ့ အိမ်တွေမှာလည်း လူမရှိတော့ဘူး ဗိုလ်မှူး
ကုလားတွေဟာ ချုံကြိုချုံကြား၊ ချောက်ကြိုချောက်ကြား လျှောက်ရှာပြီး တွေ့
ယောကျ်ားတွေကို 'မြတောင်ဗိုလ် ဆိုတာ မင်းလား၊ မြတောင်ဗိုလ် ဘယ်မှာ
သူ့မယားတွေ ဘယ်သွားလဲ' မေးတယ်တဲ့ ဗိုလ်မှူး"

သူလျှိုတစ်ဦးက မြတောင်ဗိုလ်ထံ ဝင်ရောက်၍ သတင်းပေးနေခြင်း
ဖြစ်၏။

"လူတွေကို ဘာလုပ်လဲ"

"မေးမရတော့ ယောကျ်ားတွေကို ရိုက်နှက်ညှဉ်းဆဲသတဲ့ ဗိုလ်မှူး
မိန်းမတွေကိုလည်း၊ 'မြတောင်ဗိုလ်ရဲ့ မယားလား၊ မြတောင်ဗိုလ် ဘယ်မှာလဲ
မြတောင်ဗိုလ် ဆိုတာ ဘယ်သူလဲ' ဆိုပြီး မေးတယ်။ မေးပြီး ဗလက္ကာ
ပါသတဲ့"

"တော်ပြီ တော်ပြီ... ရော့ မင်း စားဖို့ သုံးဖို့။ ခုအချိန်မှာ
အမိမခံနဲ့၊ ကြားလား"

မြတောင်ဗိုလ်သည် သူလျှိုလုပ်သူကို ဒင်္ဂါးအနည်းငယ် ပေးပြီး မြ
လွှတ်လိုက်သည်။

ကွမ်းတစ်ယာညက်မျှ ကြာသွားလျှင် သူလျှိုတစ်ယောက် ရောက်လာ
ပြန်၏။



ထိုအထောက်တော် သတင်းပေးချက်အရ ကုလား ၂၀၀ မျှ ကျဆုံး၍ ၅၀ ခန့် ဒဏ်ရာရသည်။ လက်ရှိ ကုလားအင်အားမှာ ၃၀၀ ခန့် ဖြစ်၏။ နောက်ထပ် ကုလားများ ရောက်မည် ကြားသည်။ ကြာအင်းမှ ရိက္ခာမရသဖြင့် မြစ်ဘက်မှ ရိက္ခာလာပို့ရသည် စသည်တို့ ဖြစ်၏။

တတိယ သူလျှိုထံမှ ရယ်စရာ သတင်းတစ်ခု ရရှိသည်။

ကုလားများသည် အလောင်းများကြားမှ တွေ့သော ဗိုလ်ထွန်းဇံ၏ အလောင်း၊ လမ်းများမှ တွေ့သော ဗိုလ်ချင်းနှင့် ဗိုလ်ချက်ကြီးတို့၏ အလောင်းများကို မြတောင်ဗိုလ်ဟု ထင်နေကြ၏။ ဖမ်းမိသော အရပ်သားများက မြတောင်ဗိုလ် မဟုတ် ဖြေသည်ကို မကျေနပ်ကြ။

ဗိုလ်ထွန်းဇံ၏ ရင်တစ်ခုလုံး ဟင်းလင်းပွင့် သေခဲ့၏။ ယင်းကိစ္စကို ကုလားများ နားမလည်နိုင်ကြပေ။ အမြောက် မှန်လျှင်လည်း ယမ်းချေး ယမ်းညှော် နံရမည်။ ကုလား လက်နက်တွေကလည်း သို့ကလောက် မစွမ်း။ ရပ်သူရွာသားတွေကို မေးတော့လည်း မသိ။

ထို့ပြင် ထောင်ချီပြီး သေနေသော ပြည်ချစ်တပ်သားတို့၏ အလောင်း ပုံကြီးတည်း။

ကုလားများသည် အံ့သြမဆုံးဘဲ ရှိနေ၏။ ကျည်ဆန်ကြောင့် မဟုတ်ဘဲ ဘာကြောင့် ဓားဒဏ်ရာဖြင့် သေနေကြရသနည်း။ ဗမာ စကားပြန်တစ်ဦးက-

"အရှင် ဗြိတိသျှမင်းကို လိုလားသူတွေ သူပုန်ထဲတွင် အလုံးအရင်းနှင့် ရှိနေသောကြောင့်သာ အတွင်းက လုပ်ကြံ၍ သည်လို ဖြစ်ရသည်"

ဟု ကြံဆ၏။ ကုလားများ သဘောကျသော်လည်း မကျေနပ်ကြပေ။

စတုတ္ထသူလျှိုထံမှ သတင်းကား မင်္ဂလာသတင်းပေတည်း။

ကြာအင်းမြို့တွင်း တိုက်ပွဲတွင် သေကုန်သော ကုလားအလောင်း ၂၀ တွင် ထူးခြားသော အခြင်းအရာများကို တွေ့ရသည်။

ယင်းမှာ ကုလား အလောင်းများတွင် ပြည်ချစ်တပ်သားများ ဖက်တွယ် ပူးယှက်နေကြခြင်း ဖြစ်၏။ အချို့ ပြည်ချစ်တပ်သားအလောင်းများ၏ လက်များသည် ဖြုတ်၍ မရ၊ ဖြေ၍မရအောင် ကုလားအလောင်းများကို ကပ်တွယ်နေ၏။

အချို့သော ပြည်ချစ်တပ်သားများသည် ဖက်တွယ်ထားရုံမက ကုလားများ၏ လည်မျိုကိုပါ ပါးစပ်ဖြင့် ကိုက်ထားသည်။ လည်ချောင်း ပေါက်၍ သေသော ကုလားအလောင်းမှ ပြည်ချစ်တပ်သားတို့၏ ပါးစပ် မျက်နှာများကို ဓားဖြင့် လှီးပစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



''ကောင်းတယ်... ကောင်းတယ်။ ငါ ကျေနပ်တယ် သွေးသောက်တို့''

မြတောင်ဗိုလ်သည် မားဝင့်၍ အားရဝမ်းမြောက်စွာ အော်၏။

ထူးဆန်းသော ထိုပြည်ချစ်တပ်သားများကား မြတောင်ဗိုလ်၏ ဒဏ် ပေးခံရသော ဗိုလ်ထွန်းဖံ့ တပ်သား ၅၀ ဖြစ်သည်။

''မင်းတို့ အပြစ်ကို အသက်နဲ့ ဆေးလျှော်ရမယ်''

ဟု မြတောင်ဗိုလ် ဒဏ်ထားသည့်အတိုင်း သစ်ပင်များပေါ်မှ စောင့်ဆိုင်း နေကာ ကုလားများအပေါ် ခုန်ချသည်။ ဓားမြှောင်ဖြင့် ထိုး၏။ ဓားရှည်ဖြင့် ပိုင်း၏။

ဓားဖြင့် ခွာ၍ တိုက်ခိုက်သူများမှာ အောင်မြင်သူလည်း ရှိ၍ ဆုံးရှုံးကာ အသေခံသွားရသည်လည်း ရှိသည်။

ဓားမြှောင်ဖြင့် ထိုးသူများသည် မိမိ ဓားချက် မထိရောက်ကြောင်း သိသည်နှင့် တစ်ပြိုင်နက် ကုလားကို မလွှတ်တမ်း ဖက်ထားကာ လည်မျိုကို အရအမိ ခဲသည်။ ကုလား မသေမချင်း မိမိ မသေမချင်း ခဲထားတော့သည်။

တစ်စုံတစ်ယောက်က နောက်မှ လာပြီး ထိုးသတ်ဦးတော့၊ ပြည်ချစ် တပ်သား၏ ထက်သော သွားများသည် ကုလား၏ လည်ပင်းမှ မလွှတ်တော့ပြီ။ ဤနည်းဖြင့် ကုလား ၂၀ ထက် မနည်း သေရ၏။

မြတောင်ဗိုလ်၏ ဒဏ်ထားခြင်း ခံရသော ပြည်ချစ်တပ်သားများကား တာဝန်ကျေပါပေသည်။ ခန္ဓာကိုယ်အနေဖြင့်သာမက စိတ်ထဲ နှလုံးထဲကပါ နာခံသော အမိန့်ဖြင့် တိုက်ခိုက်သောကြောင့်သာ သေနေပါလျက်က ပါးစပ်ကို ဖြဲမရခြင်း ဖြစ်ပေသည်။

''သွေးသောက်တို့ တာဝန်ကျေပါပေတယ်၊ သွေးသောက်တို့ ကောင်း ရာသုဂတိ လားကြပါစေ''

မြတောင်ဗိုလ်သည် ဝမ်းလည်းနည်း၊ အားရခြင်းလည်း ဖြစ်စွာ ရေရွတ် လိုက်လေ၏။

ဒေါ်ပိုင်ကြီးဘုရားဝင်းအတွင်းဝယ် ပြည်ချစ်တပ်သားများသည် ဓားဖြင့် သူ၊ သေနတ်ပြင်သူ၊ ယမ်းချက်လုပ်သူ၊ ဖော်စပ်သူများနှင့် အလုပ်ရှုပ်နေကြလေသည်။

မြတောင်ဗိုလ်သည် သူလျှိုလွှတ်ခြင်း၊ ကင်းထောက်ခြင်းမှအပ အတိုက် အခိုက် ရပ်စဲကာ အားမွေးနေလေ၏။

ကုလားများသည် ကြာအင်းမြို့ကို ရလိုက်သော်လည်း စားနပ်ရိက္ခာ မရသည့်အတွက် အခက်အခဲ ဖြစ်နေကြသည်။ မြို့ထဲတွင် တပ်မချရဲသဖြင့် မြို့ အနောက်ဘက် တောင်ကုန်းတစ်ခုတွင် တပ်စွဲနေကြရသည်။



သို့ရာတွင် ကုလားသည် ထိုနယ်တစ်ဝိုက်ကို ဖိဖိစီးစီး ထိန်းချုပ်ရန် အစစ ပြင်ဆင်နေပေပြီ။ ကြာအင်း အနောက်အရပ်ရှိ ကံ့သစ်တောကျောင်း တောင်တစ်လုံးသို့ မလှိုင်တွင်းအရပ်ရှိ တောင်မှနေ၍ မှန်ပြ အချက်ပေးသည်။ ကံ့သစ်တောကျောင်းမှတစ်ဆင့် ချောက်ရွာ မြစ်တစ်ဖက်ကမ်းသို့ မှန်ပြ၏။ နေ့တွင် မှန်ပြ၍ ညတွင် မီးပြကာ အချက်ပေးသည်။

ဤအချက်ကပင် ကြာအင်းမြို့သည် ကုလားတပ်၏ နိုင်မာသော ဆက်သွယ်ထိန်းချုပ်မှု အောက်သို့ ကျရောက်သွားကြောင်း သက်သေခံနေပေ၏။

ကုလားသည် ကြာအင်းမှ ထွက်ပြေးသွားသူများကို လိုက်လံရှာဖွေကာ ပြန်လည်နေထိုင်စေသည်။ သုံးစွဲ၍ အကျိုးရှိမည့် သူများကို ဆယ်အိမ်ခေါင်း တန်လျှင် ဆယ်အိမ်ခေါင်းမှ စ၍၊ မြေတိုင်မြို့သူကြီး၊ မြို့ချုပ် စသည်ဖြင့် ခန့် ထားကာ လူမွေး၏။ စိတ်ပါနှစ်သက်သူလည်း ရှိ၍ မနှစ်သက်သူလည်း ရှိသည်။

ကုလားသည် အောက်မြန်မာနိုင်ငံတွင် ဗမာတို့၏ အထာကို သိခဲ့ရ သဖြင့် အရက်စက်ဆုံး အပက်စက်ဆုံး ဖိနှိပ်သလို လက်တစ်ဖက်က ကြီးကြီး ကျယ်ကျယ် မြှောက်စား၏။

အချုပ်တန်းဆရာဖေသည် ကုလား၏ သစ္စာခံ ဗမာများကို ကုလားထံ သစ္စာခံခြင်းအတွက် အပြစ်ဆိုဟန် မရှိ။ အမျိုးသားချင်း သူ့လူ ကိုယ့်ဖက်သား မလုပ်ဘဲ ဓာတ်တူသား ပြန်စားခြင်းအတွက်မူ လွန်စွာ စက်ဆုပ်ခဲ့ဟန် ရှိ၏။ ထို့ကြောင့် –

*''မြန်မာချင်း ကြွားကြရာမှာ၊ ဓားပြကာ လူဆိုး၊ ကုလားမြင် သူ့အမေ ရှိုးတော့မလို၊ ခု မြေလျှိုး ပုန်းရှောင်၊ ပြောရောဟဲ့ ရာဇဝင်ပြောင်အောင်၊ စာဇင်တောင် ဒူးချလို့၊ ပလူးရ ပြေးကြို့ကာ၊ ခွေးသို့ပမာ...''*

ဟု စိတ်နာ ခံပြင်းစွာဖြင့် တေးထပ် ရေးစပ်ခဲ့ဟန် တူ၏။

ဓားပြကာ လူဆိုး ဟူသည်မှာ အမျိုးသားချင်းကို လုယက် သတ်ဖြတ်ရဲ သလောက် ရန်သူမိစ္ဆာ မျက်နှာဖြူ ကုလားကို အဝေးက ရှောင်သော ဗိုလ်ထွန်းအောင်၊ သံဆုံနှင့် ငရဲမီးတို့လို တောကြောင်များကို ရည်ရွယ်ပုံရ၏။

စာဇင်တောင် ဒူးချလို့ ဟူသည်ကား၊ သူ့လူ ကိုယ့်ဘက်သား မလုပ်ဘဲ အမျိုးသားချင်း ဖိနှိပ်ဖော်ကားသလောက် တစ်ဖက်တွင်ကား အညံ့ခံ စာဇင်ထံ တွင် ဒူးထောက် ရှိခိုးသော မြန်မာပျက်များကို ဆိုခဲ့ခြင်း ဖြစ်ပေသည်။

ကြာအင်းမြို့တွင်မူ ကုလားသည် မှန်းတိုင်း မပေါက်၊ ထိုးတိုင်း မဝင်ပေ။ ကုလား၏ ခိုင်းစေခံရသူများသည် ဝတ်ကျေဝတ်ကုန်သာ ဆောင်ရွက်၏။ ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



တူသား မစားကြပေ။ အထူးသဖြင့် ပြည်ချစ်တပ်သားတို့ အကြောင်းကို သူတို့သည် မသိသလောက်နီးနီး ဘူးကွယ်နေကြလေ၏။

သို့သော် တစ်ယောက်တလေ ဆန်နီ တစ်စေ့တလေကား ပေါက်ရမည်သာ။

ထိုသူများထံမှ ရသော သတင်းအစအနကို ခြေရာခံ၏။ ကုလားသည် မြတောင်ပိုလ်ကို ချေမှုန်းရန် ကြံစည်နေကြသည်။

မြတောင်သည် ကြာအင်းမြို့ကို ပြန်တိုက်ရန် ပြင်ဆင်ရင်း သတင်းစုဆောင်းနေသည်။ ကုလား အဘယ်မျှ ရာဇပရိယာယ် ကြွယ်ဝ၍ မည်မျှပင် အင်အားကောင်းစေကာမူ မြတောင်က တိုက်မည်သာ ဖြစ်၏။ သူသည် မသေမချင်း တိုက်လိမ့်မည်။

တိုက်ပွဲနှင့် ကင်းကွာချိန်ဝယ် ခင်ဆုံသည် လည်းကောင်း၊ ခင်ခင်သည် လည်းကောင်း၊ မိမိငယ်သည် လည်းကောင်း မြတောင်ထံ ရောက်လာကြသည်။

ခင်ဆုံကို မြတောင် မတွေးချင်။ တွေးလျှင် စိတ်ဆင်းရဲ နာကျင်ရ၏။ ကုလားကို လက်စားချေချင်သည်မှာ ထား၊ သနား၍ မဆုံးပေ။

ခင်ခင်မှာမူ အသနားခံ၍ ချစ်တတ်သူ ဖြစ်သည်။ ယခုလို ငြိမ်သက်နေရသောအခါကျမှ မြတောင်မှာ မိမိ၏ စိတ်နှလုံးကို မွှေနှောက် ရှာဖွေကြည့်ချိန် ရလာသည်။ ခင်ခင်ကို တွယ်တာသည်မှာ ခင်ဆုံကို တွယ်တာခြင်းထက် ပိုသည် ထင်၏။ ခင်ဆုံကို ကလေးသဖွယ်၊ နှမငယ်ပမာ ချစ်ခင် သနားရခြင်း ဖြစ်သည်။ ခင်ခင်ကိုမူ မြတ်နိုးသည် ထင်၏။ ခင်မင်သည်လည်း ထင်၏။ စွဲလမ်းသည်လည်း ထင်၏။ စုံမက်လေသည်လားဟူ၍မူ သံသယဝင်ရုံ ရှိသည်။

သည်သံသယအဝင်တွင် မိမိငယ်က ဖြုတ်ခြည်း ရောက်လာ၏။ မချစ်မကြင်ဟု မဆို။ မုန်းသည် တစ်ခွန်း မပြောသေးဘဲနှင့် ခင်ခင်ကို မေတ္တာသက်ရမည်မှာ သစ္စာ မတည်ရာ ကျမည်။ မိမိငယ်၏ အချစ်သည်လည်း တစ်ချိန်တုန်းက မသေးငယ်ခဲ့။ တစ်ချိန်တွင်မူ မိမိငယ်၏ ကျေးဇူးတော်ရှင် သီပေါကိုယ်တော်ကလေးကို ပဝက်မျှ မတန်အောင် မြတောင်က ရှုတ်ချဖူး၏။

ယင်းမျက်သိုစရာက လွှဲလျှင် မိမိငယ်နှင့် နှလုံးမသင့်ဖွယ် ရှင်းသည်။ သို့သော် မြတောင်၏ စိတ်က မိမိငယ်ကို အလိုလို မသိုးမသန့် ဖြစ်ရ၏။ စိတ်လှည့်စားခြင်း ဖြစ်မည်လား မသိ။

မြတောင်သည် အနောက်ဘက် လှည်းလမ်းမှ ဖြတ်သန်းသွားသော နွားလှည်းများကို တောင်မကြီးပေါ်မှ ငေးကြည့်နေ၏။ လှည်းများသည် ကုလားတို့အတွက် ဆင်ဖြူကျွန်းမှ ရိက္ခာကို သယ်ဆောင်လာသလော။ ကုလားတို့သည် ပင်လျှင် လှည်းကုန်သည်ယောင်ဆောင်၍ လာသလော။



မြတောင်သည် တောင်မကြီးပေါ်မှ ပြေးဆင်းလာခဲ့၏။

မှန်ပြတောင်ပေါ်မှ ကုလားတို့၏ မီးသည် အခြေအနေ ကောင်းမွန်ကြောင်း ပြလျက် ရှိသည်။

ကျေးရွာတို့၏ အချိန်အားဖြင့် များစွာစောသော အချိန် ဖြစ်၏။ ကာလကြီး မပျက်ပါမူ ဤအချိန်သည် ကလေးသူငယ်တို့ လမ်းတွင် ဆော့မြူး၍ ကာလသားကာလသမီးတို့ ဗိုင်းငင့် ဝါဖန့်ရင်း၊ မောင်းထောင်း ဆန်ဖွပ်ရင်း စကားထာဝှက်ရန် ပြင်ဆင်နေခါစ အချိန် ဖြစ်လေသည်။

မှန်ပြတောင်ကိုမူ အမှောင်ရိပ်များ လွှမ်းနေပေပြီ။ ဆန်းစ လသည် ထွက်မည်မျှ မကြံသေး၊ ဝင်တော့မည်။

တောင်ပေါ်တွင် ကုလားစစ်သားသည် ရှက်ထည် တဲရှေ့၌ ကင်းစောင့်လျက် ရှိသည်။

တောင်အောက် ထနောင်းပင်ပေါက်များ၊ ရှားပင်များနှင့် မြက်ရိုင်းများကြားသို့ လူတစ်စု ခိုကပ်လာ၏။ လက်ခနဲ ဓားရောင်ဟု ထင်ရသော အရောင်သည် လူများ လှုပ်ရှားပြောင်းသွားလျှင် ပေါ်လာ၏။ သူတို့သည် အလွန်သတိထားဟန်ဖြင့် ကျောက်ခဲတစ်လုံး ပွံ့မကျအောင်၊ မြေစိုင်တစ်လုံး ပြိုမကျအောင် ဖြည်းညင်းစွာ တက်လာကြသည်။

ပတ်ဝန်းကျင်သည် မြေပိုးမြွေများတို့ အော်မြည်သံဖြင့် စီညံနေ၏။

မှန်ပြတောင် တောင်ခြေသို့ ပွေးသတ္တဝါများလို လျှို့ဝှက်စွာ ရောက်လာသူများသည် တောင်တစ်ပိုက် ရောက်လျှင် ပြန့်သွားသည်။ တောင်သည် အခေါ်သို့ ရောက်လေ၊ စောက်လေ ဖြစ်ကာ ပြေသော နေရာတွင် ကုလားကင်းသမားက ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေ၏။

လျှို့ဝှက်သူများသည် တောင်ထိပ်သို့ နီးကပ်လာသည်။

အနောက်မိုးကုပ်စက်ဝိုင်းတွင် လဝန်းသည် ဝင်စပြု၏။

စောက်မတ်သော ကမ်းပါးထိပ်မှ တူမီးသေနတ်သံ တစ်ချက် ထွက်ပေါ်လာသည်။ တိတ်ဆိတ်သော မှန်ပြတောင်၏ အရှေ့ဘက်နှင့် တောင်ဘက်မှ သေနတ်သံများက အခြေအနေကို ပြောင်းလဲပစ်၏။ ကုလားများသည် အော်ဟစ်ကြသည်။ ပြေးလွှားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိသူ ထိ၊ နာသူ နာ၊ သေသူ သေ၊ ပြေးလွှားသူဖြင့် ငြိမ်ရာမှ လှုပ်လာလျှင် သေနတ်သံများ စဲသွားကာ 'ယောက်ျား...' ဟူသော အသံနက်ကြီးက ဆင်ခြေလျှောဘက်မှ ပေါ်လာပြီး ကုလား ရုတ်ရုတ်သဲသဲကြားသို့ ရုတ်ခြည်း ဓားနှစ်လက် ဝဲပျံ ရောက်ရှိလာသည်။

ကုလားတို့ မချိမဆံ့ အော်ကြ၏။ ထိတ်လန့်ကြောက်ရွံ့စွာ အော်ကြ၏။ ကုလား ဦးခေါင်းတွေ မြေပေါ်သို့ တဖုတ်ဖုတ် ပြုတ်ကျသည်။

"ဗျိုင်းကလေးကွ... ယောက်ျား..."

တစ်နေရာ ခုတ်ပြီးလျှင် လက်သော ဓားနှစ်စင်းက အခြား တစ်နေရာသို့ ရောက်ရှိ ခုတ်ထစ်ပြန်လေ၏။

"ဗျိုင်းကလေးတဲ့ဟေ့... ဟ... ယောက်ျား"

ဓားသွားနှင့် လူ့အသားထိသံ၊ လည်ချောင်းရိုးကို ဖြတ်သံ၊ နံကို ဖြတ်သံများကသာ မှန်ပြတောင်၏ အသံများ ဖြစ်တော့သည်။

မိမိ အသံကို ထုတ်ဖော်မာန်သစ်၍ 'ယောက်ျား' အော်ကာ အားပေးသော ဗျိုင်းကလေး၏ အသံ ပျောက်သွားကာ-

"တက်ခဲ့ကြဟေ့"

ဟု ခေါ်လိုက်လျှင် ပြည်ချစ်တပ်သား ၁၀ ယောက်သည် အရှေ့ဘက်နှင့် တောင်ဘက်မှ တက်လာကြလေ၏။

"မြန်မြန်ယူကြဟေ့... သယ်ကြ"

ပြည်ချစ်တပ်သားများသည် သေနတ်များ၊ ကျည်ဆန်များနှင့် စားနပ်ရိက္ခာ အသုံးအဆောင်များကို သယ်ပိုးကြ၏။

ဗျိုင်းကလေးသည် ထွန်းထားသော မီး ငြိမ်း မငြိမ်း ကြည့်သည်။

မီးမငြိမ်းပေ။

လ ဝင်သွားလေပြီ။

ပြည်ချစ်တပ်သားများသည် ကုလား (၁၁)ယောက် တပ်မှ ပစ္စည်းများကို မနိုင် မနင်း ထမ်းပိုး၍ အရှေ့ဘက်သို့ ဆင်းသွားကြသည်။

ထို့နောက် မှန်ပြတောင်မှာ မှောင်နှင့်မည်းမည်း အောက်ဝယ် မီးကလေး တလက်လက်ဖြင့် တိတ်ဆိတ်ငြိမ်သက်သွားလေသတည်း။

# ၂၁

"ဓားကိုတော့ မချနဲ့နော် ဗိုလ်မှူး"

"ပြောင်းတိုသေနတ် ပါပါသေးတယ် ကိုကြာလန်းရာ"

"အခြေအနေက မကောင်းတော့ဘူး ဗိုလ်မှူးရဲ့"

မိမိငယ် ရှိရာ ချောင်းဖြူသို့ မြင်းစီး၍လာစဉ် မြတောင်အား ကိုကြာလန်းက သတိပေးခြင်း ဖြစ်၏။

"အခြေအနေ မကောင်းပေမယ့်လည်း တို့ကတော့ ဘယ်ကိုမှ မပြေးနိုင်ဘူးဟေ့"

"ဒါတော့ ဒါပေါ့ ဗိုလ်မှူးရယ်"

မြတောင်၏ ခေါင်းပေါင်း ပိုးပဝါစကလေးမှာမူ အခြေအနေကောင်းသည် မကောင်းသည်ကို မသိ၊ ထောင်မြဲ ထောင်နေသည်။ အစိမ်းရောင် ပဝါစကလေး အမြဲထောင်နေသောကြောင့်များ သူ့ကို မြကောင်ဗိုလ် ခေါ်ကြလေသလား မသိ။

မြင်းနှစ်စီးသည် ချောင်းဖြူရွာထဲသို့ အေးဆေးစွာ ဝင်လာကြ၏။

ချောင်းဖြူရွာ၌ မြတောင်၏ သူလျှိုများ ရှိရာ မဝင်သင့်လျှင် သူတို့က အချိန်မီ လာရောက် အကြောင်းကြားလိမ့်မည်ဟု ယုံကြည်သောကြောင့် အေးဆေးစွာ ဝင်လာခြင်း ဖြစ်သည်။

ဦးပိုးဟပ်၏ အိမ်ဝင်းထဲ ရောက်သောအခါ ကိုကြာလန်းသည် မြင်းကို အိမ်ပေါ်မှ ကဲလားပေါက် အောက်တွင် ယားကာ အောက်မှ စောင့်၏။ မြတောင်မှ အေးဆေးစွာ တက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြတောင်၏ ခြေလှမ်းများသည် လေကားထိပ်၌ ရပ်သွား၏။

အိမ်ပေါ်တွင် မိမိငယ်သည် ဒေါ်သီတာ အရံအတား မပါဘဲ မြ... မသိသော ယောက်ျားတစ်ယောက်ကို ညှော်ခံ စကားပြောနေ၏။

သို့သော် မြတောင်က နားလည်လိုက်ပါသည်။ သူကား မောင်မောင်... ဆိုသူပင် ဖြစ်ရမည်။

အကယ်၍သာ ချောမောလှပသော မောင်မောင်လတ် အမည်ရှိ ယောက်ျား... က လေကားထိပ်ဆီသို့ စိန်းစိန်းမကြည့်လျှင် မိမိငယ်သည် မြတောင် ရော... လာသည်ကို သိမည် မဟုတ်။ ဤမျှ အာရုံဝင်စားနေသည်။

"မောင်မောင်တို့များ ခုမှပဲ ကြွလာပေတော့တယ်"

မျက်နှာချင်း ဆုံမိပြန်တော့လည်း မိမိငယ်၏ အမူအရာ ချစ်စ... ပျူငှာသား။

"လာလေ... မောင်မောင်ရဲ့၊ နေပဲ နေနိုင်လွန်းတယ် မောင်ရယ်... နေကောင်းတယ်နော်"

"ကောင်းပါတယ်"

မြတောင်သည် ပြုံးရုံမျှသာ ပြုံး၍ မောင်မောင်လတ်နှင့် လက်တစ်ထ... ကွာတွင် ထိုင်၏။

"သူက ဘယ်သူလဲ မိမိ"

မောင်မောင်လတ်က မေးသည်။

"မောင်မောင့်ထက် ရင်းနှီးတဲ့ သူတစ်ယောက်ပါ။ ကျေးဇူးရှင်လည်း... ဖြစ်ပါတယ်"

"သြော်... သြော်..."

"သူကတော့ ဘယ်က ဘယ်သူလဲ မိမိ"

မြတောင်ကလည်း အားကျမခံပင် မောင်မောင်လတ်အား လက်ညှိုး... မေးသည်။

"ဆင်ဖြူကျွန်းကပါ မောင်မောင်"

"ဆင်ဖြူကျွန်းကတဲ့လား"

"ဟုတ်ပါတယ်... မောင်မောင်လတ်လို့ ခေါ်ပါတယ်"

"ဘာများ လုပ်သတဲ့တုံး"

"မြို့အုပ် အပါးတော်မြဲ ဆိုလား၊ ရှေ့နေဆိုလား မသိပါဘူး မောင်မော... ရယ်"

"ရှေ့ဖတ်စာရေးပါ မိမိ"

မောင်မောင်လတ်သည် မိမိငယ်အား ဝင်ထောက်လိုက်ရာက-

"ဘာဖြစ်လို့ ဒါလောက် မေးနေရတာတုံး၊ မိတ်ဆွေကတော့ ဘယ်သူ... လဲ"

ဟု မြတောင်အား မေးသည်။

"မောင်မောင်လတ် မောင်မောင်လတ်နဲ့ ကြားဖူးတာ ကြာပါပြီဗျာ။ ခုမှပဲ လူကို မြင်ဖူးပါတယ်။ သို့သော်လည်း ခုလို သိရတာကို အများကြီး ဝမ်းသာပါတယ်လေ"

မြတောင်က မောင်မောင်လတ်၏ အမေးကို မဖြေဘဲ သူ ပြောချင်ရာကို ပြောလိုက်ပြီး-

"ဦးရီးတစ်ယောက် မမြင်ပါလား မိမိ"

"ရှိပါတယ် မောင်မောင်"

"ဒေါ်သီတာတစ်ယောက်ကော နေထိုင်ကောင်းရဲ့လား"

"မီးဖိုထဲ ဝင်သွားတယ်။ ဘာပြုလို့လဲ... နေကောင်းပါတယ် မောင်ရဲ့"

"ဘာမှ မပြုပါဘူး၊ မမြင်လို့ မေးတာပါ"

မြတောင်ဗိုလ်၏ စကား ပြတ်သွားလျှင် မောင်မောင်လတ်က ချိုသာသော အသံဖြင့် ပြော၏။

"မိမိဆီ လာတဲ့လူချင်းမို့ မိတ်ဆွေ ဖြစ်ချင်ပါတယ်။ ဒါကြောင့် မိတ်ဆွေရဲ့ နာမည်ကို သိပါရစေ"

မြတောင်က မကြားယောင်ပြုကာ-

"ညရေးညတာ မကောင်းသေးဘူးလား မိမိ"

ဟု မေးသည်။

"မကောင်းသေးပါဘူး မောင်"

"သူပုန်ဆိုလား... အဲဒီလူတွေရဲ့ သတင်းများကော ဘာကြားသလဲ"

"ဟန်တော့... မိတ်ဆွေက ဗြိတိသျှအရှင် အင်္ဂလိပ်မင်းရဲ့ စုံထောက် ထင်တယ်"

မြတောင်က ပြုံးသလိုလို သရော်သလိုလို လုပ်နေသည်။

"ဒါများ ကျွန်တော့်ကို မေးပါဗျာ"

"ဟုတ်ကဲ့... ပြောစမ်းပါဗျာ"

"ဘယ်မှာ ကြားသေးသလဲဗျ။ ကသစ် တောချောင်းနားက မှန်ခြ...

www.burmeseclassic.com



တောင်ကို သူပုန်ဝင်စီးသွားတာ စစ်သား ၁၁ ယောက်လုံး ဓားနဲ့ ဝင်အခုတ်ခံရတာပဲ''

''ဘယ်သူက ခုတ်တာလဲ''

''ချက်ချင်း မသေတဲ့ စစ်သားတစ်ယောက်က ပြောတယ်။ ဂျိုင်းကလေး ဂျိုင်းကလေး… လို့ အော်ပြီး ခုတ်တယ်တဲ့၊ အဲဒီလို ပြောနိုင်အောင် ဆေးရုံအထိ အသက်ရှင်သေးသတဲ့ဗျ။ ဗြိတိသျှအရာရှိတွေက ပညာရှိတွေ ဆိုတော့ ဆက်စပ် တွေးတောတာပေါ့။ ဒါဟာ ဧကန္တ ဂျိုင်းကလေး ဆိုတဲ့ သူပုန်ဗိုလ် ဖြစ်ရမယ်လို့''

''နို့… အကုန်လုံး အခုတ်ခံရတာကို ဘယ်သူက သိသွားလို့၊ ဒဏ်ရာရတဲ့ ကုလားကို သွားကယ်နိုင်တာလဲ''

''မသေတဲ့ စစ်သားက မလှိုင်တွင်းကို လှမ်းပြီး မီးနဲ့ အချက်ပြလို့ သိတာတဲ့။ ခရီးအဝေးကြီးကို လာရလို့ ဒီမှာ မသေသေးတဲ့ ကုလားစစ်သားမှာ အလောင်း လာစားတဲ့ လင်းတတွေနဲ့ သတ်ပုတ်နေရသတဲ့''

''ဒီမုန်ပြတောင်နဲ့ အနီးအနားမှာ စစ်တပ် မရှိရှာလားဗျာ''

''ကျပင်းမြို့မှာတော့ စစ်တပ်တစ်တပ် ရှိသတဲ့။ ဒါပေမဲ့ မီးအချက်ပြတာကို ကျပင်းစစ်တပ်က မမြင်လို့ ရှိမှာပေါ့''

''အင်း… အင်း…''

မြတောင်မှာ ကျေနပ်စွာဖြင့် ခေါင်းညိတ်နေမိသည်။

''ဘာကို ခေါင်းညိတ်တာလဲဗျ''

''ဒီသူပုန်တွေကိုပါ''

''သေကုန်မှာပါဗျာ… ဗြိတိသျှအစိုးရရဲ့ အင်အားကို တုလို့ ဘယ်ရမလဲ''

''တုတာ မထင်ပေါင်ဗျာ''

''ဘာကြောင့်ပါလိမ့်''

''သူတို့ အမျိုး ဘာသာ သာသနာကို စွမ်းစွမ်းတမံ ကာကွယ်တာ ထင်ပါ''

''ကာကွယ်ကြပါလေ… ကာကွယ်ရင်း သေကုန်မှာပဲ။ ဘယ်သူက သူတို့ကို သနားမှာလဲ။ အရှင် မိလည်း မသက်သာ၊ အသေ မိလည်း လင်းတစာ ကျွေးပစ်တာပဲ။ လက်နက်ချတဲ့ လူတွေကျတော့ ဆုငွေလည်း ရ၊ ရာထူးလည်း ရသဗျာ''

မြတောင်က မသိမသာ ပြုံးလိုက်ကာ-



''စိတ်ပါလို့ ပြောတာ မဟုတ်ပါဘူးလေ၊ စကားအဖြစ် တစ်ခု ပြောရတာ''

''ဘာများပါလိမ့်…''

''ဒါက ဒီလိုပါ။ သူပုန်တွေရဲ့ အပြောအရ သူတို့နိုင်ငံ၊ သူတို့လူမျိုးကို ဘာသာ မတူ အယူခြားတဲ့ တိုင်းတစ်ပါးက လာပြီး အုပ်စိုးတာ မကြိုက်လို့ တိုက်တာပါတဲ့ ဒီလိုဆို မဟုတ်လား။ သူတို့ ပြောတာထဲမှာ သူတို့လူမျိုးလို့ ဆိုတဲ့အတွက် ခင်ဗျားရော ကျုပ်ပါ ပါသွားပြီ။ အကယ်၍ အမျိုးတူ ဘာသာတူ ဖြစ်တဲ့ သူပုန်တစ်ယောက် ဒဏ်ရာရပြီး ခင်ဗျားအိမ် ရောက်လာပြီ ဆိုပါတော့၊ ခင်ဗျား ဘာလုပ်မလဲ''

''ဗြိတိသျှအစိုးရဆီမှာ အပ်မှာပေါ့ဗျာ၊ ဆုငွေလည်းရ ရာထူးလည်းတိုး''

မိမိငယ်မှာ မနေတတ် မထိုင်တတ် ဖြစ်နေရှာ၏။ မောင်မောင်လတ်မှာ မြတောင်ကို လှူကဲခတ်နေရသဖြင့် သတိမမူနိုင်။

''စဉ်းစားပါဦးလေ… ကိုယ့်အမျိုးသား အချင်းချင်းကို ခင်ဗျား တကယ် မရက်စက်နိုင်ပါဘူး။ အရေးကြီးရင် သွေးနီးဆို မဟုတ်လား''

''သွေးမနီးနိုင်ဘူးဗျာ… ရက်စက်ရမှာပဲ''

မြတောင်သည် ခေါင်းညိတ် လည်ညိတ် လုပ်လိုက်ကာ-

''ကျုပ်အနေနဲ့တော့ မလုပ်နိုင်ဘူးဗျ။ ကိုယ့်အမျိုးသားချင်းကို အသက်ပေး ကာကွယ်ရလိမ့်မယ်။ ဒါထက် စကားမစပ် မိတ်ဆွေ မြတောင်ဗိုလ်ဆိုတာ ကြားဖူးသလား ဟင်''

''ကြားဖူးပါတယ်။ သူလည်း မကြာခင် ဆုငွေ အထုတ်ခံရတော့မှာပဲ။ ဒါထက် ခင်ဗျားကို ဗြိတိသျှအစိုးရမင်းရဲ့ စုံထောက် ထင်နေတာ၊ ကျွန်တော်တော့ လှူကဲခတ် မှားပြီ ထင်တယ်''

''ဟဲ ဟဲ ဟဲ…''

မြတောင်က သရော်သော ရယ်ခြင်းဖြင့် ရယ်မောနေပါ၏။

''ခင်ဗျား လှူကဲခတ် မှားသွားပြီကော''

''ဘာဖြစ်လို့လဲဗျာ''

''ကျုပ် မြတောင်လေ''

''ဗျာ…''

''ခင်ဗျားတို့ ဗြိတိသျှအစိုးရမင်း ဆိုတဲ့ မိစ္ဆာဒိဋ္ဌိ ဓားပြသရမ်းတွေက အလိုရှိနေတဲ့ မြတောင်ဗိုလ် ဆိုတာလေ… ဟား ဟား ဟား… ဘယ့်နှယ် အံ့သြသွားသလား''

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လတ်မှာ မြတောင်အား မျက်စိ မျက်နှာ ပျက်ပျက်ဖြင့် စေ့စေ့စပ်စပ် ကြည့်နေ၏။

"ကြည့်ပါ... သေသေချာချာ မှတ်မိအောင် ကြည့်ထားပါ"

မောင်မောင်လတ် ခေါင်းငုံ့သွားကာ မြတောင် မျက်နှာ လွှဲသွားလျှင် ကြည့်မြကြည့်၏။

"မိစ္ဆာဒိဋ္ဌိ ကုလားကို ကျုပ်ရဲ့ အသက်နဲ့ ခန္ဓာ ယှဉ်တွဲရှိနေသမျှ ကာလပတ်လုံး တိုက်ခိုက် သတ်ဖြတ်မယ့် မြတောင်ဗိုလ် ဆိုတာ ကျုပ်ပဲ။ ဟား ဟား ဟား.... ကုလားရဲ့ ရန်သူနဲ့ ကုလားကျွန်နဲ့ ကြမ်းတစ်ပြေးတည်း ထိုင်ရလို့ ခွကျနေသလား ဟဲ ဟဲ..."

"ကျွန်ရယ်လို့တော့ မဟုတ်ပါဘူးဗျာ။ မနိုင်ဘူး ဆိုတာ သိလျက်နဲ့ အမိုက်ခံပြီး ခုခံတိုက်ခိုက်နေမယ့်အစား အေးအေးချမ်းချမ်း သူ့လက်အောက် ဝင်နေလိုက်တာပဲ ကောင်းတယ် မဟုတ်လား"

"မနိုင်ဘူး ဟုတ်လား... မနိုင်ဘူး ပြောရအောင် ခင်ဗျားက ကုလားကို ဘယ်နှစ်ခါ ခဲနဲ့ ပေါက်ဖူးသလဲ ဟင်၊ တိုက်ဖူး ခိုက်ဖူးမှ ရန်သူ့အင်အားကို သိတယ်ဗျ။ မတိုက်ဘဲနဲ့ မသိဘူး။ ကဲ... ပြောင်ပြောင်တင်းတင်း မတိုက်ရဲရင် နေပါတော့၊ အိမ်ခန်းထဲက နေပြီးတော့ကော ဘယ်နှခါ လက်သီးပြဖူးသလဲ ကုလားကို..."

မောင်မောင်လတ် မျက်နှာ မည်းသွားလေ၏။ မြတောင် မေးခွန်းက မောင်မောင်လတ်၏ ဂုဏ်သိက္ခာကို ရစရာ မရှိအောင် ထုချေလိုက်ပေပြီ။

"ကုလားကျွန် အများစုဟာ ကုလား မလာခင်က မျှော်နေခဲ့ကြတာပါဗျာ။ ကုလား လာတော့ သူ့ထက်ငါ အလုအယက် ကျွန်ခံကြတယ် မဟုတ်လား။ ကုလားက ဘာထင်မလဲ၊ အမျိုးကို မချစ်တဲ့ လူမျိုး၊ ရန်သူကို မြိန်ရေရှက်ရေ ရှိခိုးတဲ့ လူမျိုး၊ အရှက်မရှိတဲ့ လူမျိုးအဖြစ် အထင်သေးတော့တာပေါ့ဗျာ။ အထင်သေးနေမှတော့ ခင်ဗျားတို့ကို သူက ဘယ်မှာ လူထင်တော့မလဲ"

"ကျုပ်မှာ ဘာလက်နက်မှ မပါလို့ မိတ်ဆွေ ဒီလို ပြောနေနိုင်တယ် မှတ်ပါ။ ကျုပ်မှာ သေနတ်တစ်လက် ပါရင် ခင်ဗျားကို ဖမ်းလိုက်ပြီ"

"ခင်ဗျား ဘယ်လိုလူ ဆိုတာ ကျုပ် မသိခဲ့ပါဘူး မောင်မောင်လတ်ရဲ့။ လက်နက် ပါတဲ့ လူဖြစ်ချင်လည်း ဖြစ်မယ်၊ လက်နက် မပါတဲ့လူလည်း ဖြစ်ချင် ဖြစ်မယ်။ သို့သော် လက်နက်ပါတဲ့လူပင် ဖြစ်စေကာမူ ကျုပ် အရေး

လုပ်လို့ လာတာပဲ။ ခင်ဗျားလို ကုလားကျွန် မဆိုထားဘိ၊ ခင်ဗျား သခင်တွေ ကောင် ကျုပ်ကို အရှင် မဖမ်းနိုင်ဘူး ဆိုတာ နားလည်ထားပါ"

"ခင်ဗျား မှားတယ်ဗျာ၊ ခါချဉ်ကောင် ဘယ်လို မာန်ကြီးသေမယ့် ကောင်ကြီးကို ဘယ်လိုလုပ်ပြီး ပြိုင်နိုင်မလဲ။ ခင်ဗျား စဉ်းစားကြည့်ပါ။ ခါးက သန်ဘဲကိုး၊ ခင်ဗျားတို့ မိုက်တယ်ဗျာ"

"မှားတယ် ဟုတ်လား... ဟား ဟား ဟား"

"ခင်ဗျားကသာ ဗြိတိသျှအစိုးရမင်းရဲ့ သစ္စာကို ခံလိုက်မယ်ဆိုရင် ငွေတွေလည်း ရဦးမယ်။ အနည်းဆုံး မြို့အုပ်ရာထူးတော့ သေချာတာပေါ့"

"မြို့အုပ်... ဟား ဟား ဟား... ဒီခွေးတွေကို သခင်လို့ ခေါ်ပြီး အုပ် ဆိုတာ လုပ်ရမယ် ဟား ဟားဟား... တော်တော်အရှက်နည်းတဲ့ လုပ်ပဲ"

"ခင်ဗျား ဒီလို မပြောပါနဲ့"

"ဩ... ပြောရင် ဖမ်းမယ် ဆိုပါတော့၊ ဖမ်းကြည့်ပါလေ။ ဟောဒီ ရဲ့အကြောင်း သိသွားမယ်"

မြတောင်သည် အပြုံးမပျက် ပြောနေရာက မျက်နှာ တင်းမာသွားသလို ကိုလည်း ဆွဲထုတ်လိုက်လေ၏။ ဓားရောင်သည် လက်ခနဲ ဖြစ်သွားသည်။

မောင်မောင်လတ်မှာ နောက်သို့ ဆုတ်သွားမိ၏။

"မောင်မောင်... မိမိ တောင်းပန်ပါတယ် မောင်ရယ်"

မိမိငယ်က စိုးရိမ်စွာ ပြောကာ မြတောင်၏ လက်ကို လာဖက်သည်။

"မစိုးရိမ်ပါနဲ့ မိမိရဲ့၊ မောင် ဘာမှ မလုပ်ပါဘူး၊ စိတ်ချပါ"

မြတောင်က မိမိငယ်အား ပြုံး၍ ပြောလိုက်သော်လည်း မောင်မောင်လတ် ကို ကြည့်လိုက်သောအခါတွင်မူ ရှုတ်ချသော အကြည့်ဖြင့် ခက်ထန်လှသည်။

"မင်း ငါနဲ့ တွေ့လို့ သက်သာတာ။ တခြားဗိုလ်ဆိုရင် ခေါင်းပြတ် သွားပြီ။ ငါကတော့ အမျိုးသားချင်းကို မသတ်ချင်ဘူး။ အထူးသဖြင့် မင်းတို့လို ကုလားကျွန်ရဲ့ သွေးစွန်းရင် ငါ့ဓား သနသွားမယ်။ ဒီဓားဟာ ရန်သူကုလားရဲ့ သွေးကိုမှ သောက်တာ"

မြတောင်ဗိုလ်သည် ဓားကို ဓားအိမ်ထဲသို့ ဆောင့်သွင်းလိုက်သည်။

"အေး... ငါက မင့်ကို ရန်မမူသလို မင်းကလည်း ငါတို့အစ်တွေကို ပြုဖို့ စိတ်မကူးပါနဲ့။ ငါတို့ကို စေတနာမရှိလို့ မင်း မကူညီချင်ရင် မင့်ဘာသာ အေးအေးဆေးဆေး နေပါ။ မြတောင်ဗိုလ် ဒီရွာမှာ အဝင် အထွက် လုပ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုး မျက်နှာလိုမျက်နှာရ သွားပြီး သံတော်ဦး မတင်ပါနဲ့။ ငါ ပြော စကားကို နားမထောင်ဘဲ သွားပြီး သတင်းပေးရင်တော့ မင်းဟာ ဘီလပ်တို ပြေးနေနေ၊ ဘုံခုနစ်ဆင့်မှာ တက်နိုနို၊ ငါ့ဓားနဲ့ မလွတ်ဘူး ဆိုတာ မြဲမြဲမှတ်ထ စေချင်တယ်''

မြတောင်သည် ဆက်မပြောတော့ဘဲ မောင်မောင်လတ်အား စိုက်ကြ နေသည်။ မောင်မောင်လတ်သည် မျက်နှာ အပျက်ပျက်ဖြင့် လွှဲဖယ်စိုက်ကြ နေ၏။

''မောင် ပြန်မယ် မိမိရေ… ညှိသည် ရှိနေလို့ ပြောစရာရှိတာလည်း မပြောရဘူး။ ကဲ မောင်မောင်လတ် ကျွန်တော် သွားပြီဗျို့…''

၂၂

ရှိခနဲ မြည်သံ ချုံများနောက်မှ ထွက်လာလျှင် ကုလားစစ်သားများ ပျာယာခတ် သွားကြ၏။ အသံလာရာ ချုံကို သေနတ်ဖြင့် ချိန်ပြီး ကုလား ၅ ယောက် ဝိုင်းအုံ လာသည်။ ချုံထဲတွင် ဘာမျှ မရှိ။ သစ်ပင်ပေါ်က ငှက်ကလေးတစ်ကောင် မြည်လိုက်ခြင်းသာ ဖြစ်၏။

ကုလားများသည် သေနတ်ကို အသင့် မောင်းတင်ပြီး ဆက်လျှောက် လာကြသည်။

ပတ်ဝန်းကျင်မှာ ခြောက်သွေ့ရုံမက တိတ်လည်း တိတ်ဆိတ်လွန်း၏။ ကုလားများသည် လှည်းလမ်းကြောင်းမှ ဘေးဖဲ့ လျှောက်လာကြသည်။ သူတို့ မျက်လုံးမှာ ကြောက်ရွံ့ဟန်ကို ပြနေ၏။

မြေအနေအထားမှာ တောင်ကမူကလေးများ အနည်းငယ်၊ တန်ဆောင်းပင်၊ နာနတ်ရိုင်းနှင့် ထနောင်း၊ ရှားပင် အနည်းငယ် ပေါက်ရောက်၍ ရှင်းလင်းသည် ဆိုနိုင်စေကာမူ ကုလားများမှာ သည်မျှ မြင်ကွင်း ရှင်းနေသော နေရာတွင်ပင် ထိတ်လန့်နေကြဟန် ရှိ၏။

ပတ်ဝန်းကျင်သည် ငြိမ်ငြိမ်ဝပ်ဝပ်ရှိ တိတ်ဆိတ်နေသည်။

ကုလားစစ်သားများသည် အရွယ် အတန်ငယ်ကြီး၍ မြင့်သော ထနောင်း ပင် တစ်ပင်အောက် အရောက်တွင် ကုလားစစ်သားတစ်ယောက်မှာ–

''အဘား…''

ဟု အော်လိုက်၏။ ကျန်ကုလားများမှာ ထနောင်းပင်အောက်မှ ပြေးထွက် ကာ သေနတ်ဖြင့် ဝိုင်းချိန်ကြသည်။ အော်ဟစ်သူ ကုလားမှာ ကျောပေါ် သစ်ကိုင်း ကျိုးကျသောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စတင် အော်မီသော ကုလားမှာ သစ်ကိုင်းခြောက်ကို ကြည့်ကာ ရှက်နေသည်။ ကျန်ကုလားများက ဝိုင်းဝန်းမာန်မဲသည်။

ကုလားများသည် တစ်ကုန်းကျော် တစ်တောင်ဆင်းဖြင့် လှည့်လည်ကြ၏။ မသင်္ကာဖွယ် လျှိုရိုးများ ချောက်များကို စေ့စပ်စွာ စစ်ဆေးကြ၏။

သူတို့သည် မှန်ပြတောင်ရှိ ကုလားတပ် တပ်လုံးပြုတ် အသက်ခံရသည့်အတွက် နယ်မြေ ရှင်းလင်းရန် ထွက်လာသော တပ် ဖြစ်သည်။ မွန်းတည့်ချိန်တွင် ချုံထူထပ်၍ ချိုင့်ဝှမ်းပေါသော နေရာတစ်ခုသို့ ရောက်လာကာ သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်နားကြသည်။

ကုလားများ နားခိုနေသော သစ်ပင်နှင့် ကိုက် ၁၀၀ မျှ အကွာတွင်ရှိသော တောင်ပူစာကလေးထက်မှ လူဦးခေါင်းတစ်ခု ထွက်လာ၏။ ကုလားများ မမြင်ကြ။ မြက်ပင်များ ဖုံးနေသောကြောင့် ဖြစ်၏။ ထိုခေါင်းဘေးတွင် နောက်ထပ်ခေါင်းသုံးလုံး ပေါ်လာပြန်သည်။ သေနတ်ပြောင်းများ ထွက်လာကာ ကုလားများဘက်သို့ ချိန်လိုက်၏။

တောင်ပူစာပေါ်မှ ပြည်ချစ်တပ်သားများသည် တစ်ကွင်းလုံးကို စီး၍မြင်နိုင်သည်။ သို့ကြောင့် စားသမားများ အသင့် ဖြစ်သည်အထိ စောင့်ဆိုင်းနေကြ၏။

ချိုးငှက်တစ်ကောင်သည် ကုလားများ၏ ခေါင်းပေါ်တွင် ကုလားများကို ကျိန်ဆဲသည့်အလား အဆက်မပြတ် မြည်နေသည်။

သေနတ်သံ လေးချက် တစ်ပြိုင်နက် ထွက်ပေါ်လာ၏။ နားနေသော ကုလားများထဲမှ ကုလားတစ်ယောက် ကျသွားသည်။ ချက်ချင်း တောင်ကမူဆီသို့ ပြန်လည်ပစ်ခတ်ကြလေ၏။

တစ်ပြင်လုံးမှာ သေနတ်သံ ဖုံးအုပ်သွားသည်။ ကုလားသေနတ်သံများက မရပ်မနား ထွက်ပေါ်နေ၍ ပြည်ချစ်တပ်သားများဘက်မှ ပြတ်တောင်းပြတ်တောင်းသာ ပြန်လည် ပစ်ခတ်နိုင်သည်။

တိုက်သည့် ပုံစံမှာ ပစ်ပြေး မဟုတ်ပေ။ ပြည်ချစ်တပ်သားများသည် မရပ်မနား ကျည်ထွက်သော သေနတ်များကို တစ်ချက်နှင့် တစ်ချက် အတော်ကြာမှ ထွက်သော သေနတ်များနှင့် ပြိုင်ဆိုင် ပစ်ခတ်နေကြ၏။

ကုလားစစ်သားများသည် တက်တိုက်ရန် ပြင်ဆင်ကြသည်။ တစ်စုက လှမ်းပစ်နေစဉ် တစ်စုက တောင်ကမူကို တက်ရောက် သိမ်းပိုက်ရာ တောင်ကမူခြေ မြက်တောထဲ ရောက်သည်နှင့်တစ်ပြိုင်နက် 'ယောက်ျား…' အသံနက်ကြီးများ ထွက်ပေါ်လာ၏။ ပြည်ချစ်တပ်သားများသည် ကုလားများနှင့် အနီးကပ်ချဉ်း အော်ဟစ် ထွက်လာခြင်း ဖြစ်ရာ လန့်ပြေးသူ ပြေး၊ ခုခံသူ ခုခံနှင့် လုံးထွေးနေသည်။



"ယောက်ျားကွ…"

စားများသည် နေရောင်ဝယ် ဝင်းခနဲ ဝင်းခနဲ လက်၍ ကုလားခေါင်းများ တစ်လုံးပြီး တစ်လုံး ပြတ်ကာ သွေးတွေ ပန်းထွက်လာ၏။

ယင်းအချိန်နှင့် တစ်ပြိုင်နက်ပင် သစ်ပင်ကြီးအနီး ချုံပုတ်များထဲမှလည်း စားကိုင် ပြည်ချစ်တပ်သားများ ပြေးထွက်လာကြသည်။

"ယောက်ျား… ယောက်ျား…"

ပြည်ချစ်တပ်သားများသည် သစ်ပင်အောက် ဝင်၍ တရကြမ်း ခုတ်ထစ်သတ်ဖြတ်လေ၏။

ကုလားများမှာ တောင်ပူစာဆီ အာရုံစိုက်နေစဉ် တောင်ပူစာအခြေမှ ထတိုက်ခံရသည်။ ထိုနှစ်နေရာသို့ စစ်ကူလွှတ်ရန် ပြင်ဆင်နေစဉ် ထပ်မံအလစ်တိုက်ခံရသည့်အတွက် သေသူသေ၊ ပြေးသူ ပြေး၊ ပြန်ပစ်သူ ပစ်၊ ကုလားများ အရေးနိမ့်လေသည်။

ပြည်ချစ်တပ်သားများသည် ထွက်ပြေးသော ကုလားများ နောက်သို့ ထက်ကြပ်မကွာ လိုက်သတ်၏။ အပြေးကောင်းသော ကုလား လွတ်မြောက်သည်။

ပြည်ချစ်တပ်သားများသည် သေနတ်နှင့် ကျည်ဆန်များကို ရှာဖွေယူငင်ပြီးနောက် ချုံအုပ် ချုံနွယ်များကြားသို့ ဝင်ရောက် ပျောက်ကွယ်သွားကြ၏။

ကြာအင်းတွင် တပ်စွဲထားသော ကုလားတပ်မှာ ၃ ကြိမ်တိတိ ပုန်းအောင်းအတိုက်ခံရပြီးနောက်တွင် နေ့ကြောင်တောင်ပင် ကင်းမလှည့်ရဲတော့ပေ။ နယ်မြေ ထိန်းသိမ်း ချဲ့ထွင်ရေး ဆက်လက်မလုပ်ရဲတော့ပေ။ နယ်မြေ ထိန်းသိမ်းချဲ့ထွင်ရေး ဆက်လက် မလုပ်ရဲသလို တပ်စခန်းကိုလည်း ခိုင်မာသည်ထက် ခိုင်မာအောင် လုံခြုံသည်ထက် လုံခြုံအောင် ပြင်ဆင်နေကြရလေ၏။

ငှင်းတို့မှာ မြတောင်တပ် ဝင်စီးလိမ့်မည် ဆိုသော သတင်းကို မကြာခဏ ရ၏။ အချိန်ရှိသရွေ့ တထိတ်ထိတ် နေကြရသည်။ မြတောင်သား မပေါ်လာသော်

ကောလာဟလကလည်း-

www.burmeseclassic.com



"မြတောင်ဗိုလ်... တိုက်ပွဲမှာ ရတဲ့ ဒဏ်ရာနဲ့ သေပြီ။ သူ့တပ်က ဗျိုင်းကလေး ဆိုတဲ့ ဗိုလ်က လာပြီး အုပ်ချုပ်နေတာ"

ကုလားများမှာ ကောလာဟလကို ယုံလည်း မယုံရဲ။ ပယ်လည်း မပယ်ရဲကြပေ။

စင်စစ်မှု မြတောင်ဗိုလ်မှာ ကြာအင်းတွင် လေးချိုး သုံးချိုးမျှ ကျဆုံးခဲ့ရသော တပ်အင်အားကို တတ်စွမ်းသရွေ့ ပြန်လည်ဖြည့်တင်းနေရသည်။ လက်နက် လူသူ ဖြည့်တင်းသလို လူဟောင်းများကိုလည်း အားမွေးပေးနေရသေး၏။

ယခုမူ သူ့တပ်သည် တိုက်နိုက်နိုင်သော အခြေအနေသို့ ရောက်လာခဲ့ပြီး သူ့တပ်အစွမ်းကို မှန်ပြတောင်တွင် ပွဲဦးထုတ်လိုက်ပြီးနောက် ချောင်းတိုက် တိုက်ပွဲ ၃ ခုကို အောင်မြင်လိုက်သည်။

မြတောင်ဗိုလ်က ယင်းသို့ လှုပ်ရှားပြလိုက်လျှင် ကျေးရွာများတွင် ဂယက်ထကာ စိတ်ဓာတ်တက်ကြွလာကြ၏။

"မြတောင်ဗိုလ်နဲ့ ဗျိုင်းကလေး ကိုယ်ပျောက်တယ် ဆိုပဲ"

"ကြာအင်း တိုက်ပွဲတုန်းကများ မြတောင်ရဲ့ ခေါင်းပေါ်ကို အမြောက်ဆန် ကြီးကျလာတာတဲ့။ အမယ်... သူကတော့ သိတောင် မသိသလိုပဲတဲ့"

"တောင်ပေါက်တိုက်ပွဲမှာ သူ့ကို ကုလားတွေ ဝိုင်းပစ်လိုက်ကြတာ မြတောင်ဗိုလ်က လက်ပိုက်ပြီး ရပ်နေဆိုကိုး။ ကျည်ဆန်တွေ ခြေရင်းမှာ ပုံနေ တော့မှ ကဲ မောကြပြီလား ဟေ့... ဆိုပြီး ဓားနဲ့ ခုတ်တာတဲ့"

လူတို့သည် ကုလားကို မနှစ်သက်သဖြင့် ဟိုလူ ဟုတ်နိုးနိုး၊ သည်လူ ဟုတ်နိုးနိုးဖြင့် ကိုးကွယ်ရာ ရှာကြ၏။ ဟုတ်ယောင်ယောင် လူကို တွေ့လျှင် ကိုးကွယ်ချင်လာကာ ကိုးကွယ်ခံထိုက်သူ ဖြစ်အောင် တရားလွန် ချီးမွမ်းကြတော့ သည်။ ဖြစ်နိုင်တာရော မဖြစ်နိုင်တာ၊ မှန်တာရော မှားတာပါ၊ တရားလွန် ချဲ့ကာ အမွှန်းတင်ကြလေ၏။

ယင်းသို့လျှင် မြတောင်ဗိုလ်နှင့် ဗျိုင်းကလေးတို့၏ သတင်းက ကျေးရွာ များတွင် ပျံ့လှိုင်နေသည်။ တိုက်ပွဲကလေး တစ်ပွဲ တိုက်မိခါမျှဖြင့် မဟာသူရဲကောင်း ကြီး ဖြစ်အောင် ပြောဆိုကြသည့်အတွက် ဖြစ်၏။

※

ထိုနေ့ညတွင် မြတောင်ဗိုလ်၏ တပ်သည် ကြာအင်းမြို့ခြေသို့ ချဉ်းကပ်လာခဲ့ သည်။



ကြာအင်းမြို့ကား တိတ်ဆိတ်နေ၏။ လဆုတ်လသည် မထွက်ပေါ်လာ သေးပေ။

ကုလားတပ်သည် မြို့ထဲတွင် မနေသည့်အတွက် ရပ်သူရွာသားများ ပြန်လည်မနေထိုင်သေးသော အိမ်များတွင် ပြည်ချစ်တပ်သားများ ခိုအောင်းရန် နေရာကောင်းများ ဖြစ်လာသည်။

ကြာအင်းမြို့သည် မူလကပင် စီးပွားရေးလက္ခဏာအရ ဆုတ်ယုတ်ခဲ့ ရာတွင် ယခုမူ ကုလား မသိမ်းမီ အခြေအနေသို့ ပြန်ရောက်မည့်ပုံ မပေါ်တော့ပေ။

စည်ကားခဲ့သော ဈေးနေရာတွင် ဆိုင်များ မရှိတော့ချေ။

လူများသည် ခြေဦးတည့်ရာ ပြေးလွှားရင်း ရောက်ရာ အရပ်တွင် အခြေစိုက်တော့သည်။ သူတို့ ရောက်ရာ အရပ်တိုင်းသည်လည်း ကြာအင်းမြို့ ထက် ကောင်းရေးဝယ်တာ ကောင်း၏။ စိုက်ရေးပျိုးရေး ကောင်း၏။ ယင်းသို့ဖြင့် ကြာအင်းမြို့သည် နာလန်မထူနိုင်သော ဘဝသို့ သက်ဆင်းလာရလေတော့သည်။

မြတောင်ဗိုလ်၏ တပ်သည် လ မထွက်မီ ရွာထဲတွင် ခိုနိုင်အောင် လာခဲ့ကြခြင်း ဖြစ်၏။

ကြာအင်းသည် တိတ်ဆိတ်နေ၏။ တစ်အိမ်တလေမှ ချောင်းဟန့်သံ ကြားရ၏။ မီးရောင် လက်ခနဲ ပေါ်လာပြီး ပျောက်သွားသည်။

မြတောင်ဗိုလ်၏ တပ်သည် နှစ်စု ခွဲလိုက်၏။ တစ်စုတွင် ဗျိုင်းကလေး နှင့် နီတာတို့ အုပ်ချုပ်၍ ကျန်အစုကို မြဟောင်နှင့် ရွှေလှတို့ အုပ်ချုပ်သည်။ သူတို့သည် အိမ်လွတ်များအတွင်း ဝင်ရောက် စောင့်ဆိုင်းနေကြလေ၏။

ပြူစ လရောင်သည် သစ်ပင်ထိပ်ဖျားများပေါ်သို့ ကျရောက်လာ လေသည်။

ပြည်ချစ်တပ်သားများသည် အိမ်များထဲမှ အလျှိုအလျှို ထွက်လာကြ သည်။ သည့်နောက်၌ လရောင် မရောက်သေးသော တောင်ချပ်ကြားများ ကြား တွင် ပျောက်ကွယ်သွားကြလေ၏။

ကြာအင်းမြို့သည် လည်းကောင်း၊ ကုလားတပ်စခန်းသည် လည်းကောင်း ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

မြတောင်ဗိုလ်၏ အစုသည် ခြောင့်များ၊ ထောင်ချောက်များကို သတိ ဖြင့် ဖယ်ရှားကာ ကုလားသစ်တပ် အခြေသို့ ချဉ်းကပ်မိချိန်တွင် လရောင်သည် ကုလားတပ်ပေါ်သို့ ကောင်းစွာ ကျရောက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လေထုကို ဖြတ်သန်း၍ မြားသုံးစင်း ထွက်ပျံလာသော အသံ အဆုံးတွင် ကုလားအစောင့် စစ်သား ၃ ယောက်မှာ လဲကျ သေဆုံးကုန်လေ၏။

ချက်ချင်း ပြည်ချစ်တပ်သားများ ဝင်ရောက်လာကြသည်။ သူတို့သည် ကုလားများကို အေးဆေးစွာပင် ခုတ်သတ်ကြ၏။

ထူးခြားသည်မှာ ညာသံ မပေးခြင်း၊ မဟစ်ကြုံးခြင်းပင် ဖြစ်သည်။

ညာသံပေးခြင်း၊ ဟစ်အော်ကြုံးဝါးခြင်းသည် ရဲမာန်တက်၍ ရန်သူအား ချောက်ချားစေသည်မှာ မှန်ပါ၏။ သို့ရာတွင် ယခုကဲ့သို့ တိတ်တဆိတ် ဝင်ရောက်သတ်ဖြတ်ရသော သူ့ပိုင်နက်တွင်မူ ဟစ်ညာခြင်းဖြင့် လှုပ်နှိုးရာ ရောက်ကာ ပြေးပေါက်ပိတ်ပြီး ဆုံးရှုံးရစရာ ရှိ၏။ ထို့ကြောင့် တိတ်ဆိတ်စွာ အမှည့်ခြွေ ခြွေခြင်း ဖြစ်သည်။

သည်အတိုင်းသာဆိုလျှင် ကုလားတပ်မှာ တပ်လုံး ပြုတ်စရာ ရှိ၏။

သို့သော် ဓားသမားတစ်ယောက်၏ ဓား၊ ကြိုးတန်းကို ငြိပြီး ခုတ်အားလျော့သည်တွင် ကုလားတစ်ယောက် မသေမရှင် ထအော်သည့်အတွက် ကုလားများ နိုးထ ပြေးလွှားကြလေ၏။

"ယောက်ျား…"

"မြတောင်ကွ…"

"ဗျိုင်းကလေးကွ‥"

ဟစ်အော်ကြုံးဝါးသံများသည် ကြာအင်းမြို့ကိုပါ လှုပ်နှိုးလိုက်၏။ ကုလား အများအပြား ခေါင်းပြတ်ကြသည်။

"မြတောင်ဗိုလ်ကွ…"

ဟူသော အသံများသည် တစ်ခဲနက် တက်လာ၏။

"ဗျိုင်းကလေးဟေ့…" ဟူသော အသံသည် တစ်သံသာ ရှိ၏။

ကုလားများသည် အော်ကြ၊ ဟစ်ကြ၊ ပြေးလွှားကြ၊ အသတ်ခံရသဖြင့် ပြည်ချစ်တပ်သားများ စီးမိနေသော တပ်စခန်းအဖြစ်သို့ အလျင်အမြန် ဆုတ်ခွာကာ ကိုယ့်တပ်ကို ပြန်တိုက်ကြရလေ၏။

ပြည်ချစ်တပ်သားများသည် ဆွဲနိုင်သမျှ ရရာ မိရာ လက်နက်ခဲယမ်းမီးကျောက်များကို သယ်ပိုး၍ ချက်ချင်း ဆုတ်ခွာခဲ့ကြသည်။

ပြည်ချစ်တပ်သားများ ဆုတ်ခွာသွား၍ ကွမ်းတစ်ယာညက် အကြာတွင် ကုလားတပ်စခန်းမှ တစ်စုံတစ်ရာ ပေါက်ကွဲသံကြီးနှင့်အတူ တောင်ကုန်းဝါ မြောက်တက်သွားသည့်အလား လွင့်ပျံပြီး မီးတောက်များ ဖုံးလွှမ်းသွားလေ၏။



ဤတိုက်ပွဲတွင် ကုလား ၅၀ သေ၍ ပြည်ချစ်တပ်သား အနည်းငယ်သာ ထိခိုက်ကျဆုံး၍ မြတောင်ဗိုလ်နှင့် ဗျိုင်းကလေး၏ သတင်းမှာလည်း ကြီးသည်ထက် ကြီးလာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၂၄

ဓားမြှောင်တစ်ချောင်းသည် စာရွက် ကပ်ထားသော ထန်းပင်ကို လာစိုက်သည်။

ထန်းပင်ဘေးမှ လူမှာ လန့်ဖျပ်ပြီး ထွက်ပြေးသည်တွင်-

"ဟေ့ မပြေးနဲ့၊ သေနတ်နဲ့ ပစ်လိုက်မယ်"

ဟု ကိုရွှေလှာက လှမ်းအော်လိုက်မှ ထိုသူသည် ရပ်၍ နောက်သို့ ပြန်ကြည့်၏။

ဓားမြှောင်ပစ်သူမှာ မြတောင်ဗိုလ်၏ တပ်မှ ကိုရွှေလှာ ဖြစ်သည်။

"ဟိုဥစ္စာက ဘာတဲ့လဲကွ"

ရွာသားသည် မျက်လုံးပြူး ကြည့်နေ၏။

"မင်းကို ရန်မရှာပါဘူးကွ၊ မေးတာ ဖြေစမ်းပါဦး"

"မြတောင်ဗိုလ်ကို အသေရရ အရှင်ရရ ဖမ်းပေးနိုင်ရင် ဆုငွေ ၅၀၀ ပေးမယ်တဲ့"

"ဩ ဩ… ဒါထက် မင်းက ဘာလုပ်လဲ"

"အခုနေတော့ အလုပ်မရှိပါဘူး၊ မိုးကျရင် လယ်လုပ်ပါတယ်"

"ဘာမှ မပင်ပန်းဘဲနဲ့ ငွေ ၅၀၀ ရအောင် မြတောင်ဗိုလ်ကို ဖမ်းပေးလိုက်ပါလားကွ"

"ဟာ… မလုပ်ပါနဲ့ဗျာ"

ရွာသားမှာ ထိတ်လန့်စွာ နောက်ဆုတ်သွားလေ၏။

"မင်း မပြေးနဲ့၊ ပြေးရင် ငါက သေနတ်နဲ့ လှမ်းပစ်မှာပဲ"



ကိုရွှေလှာက မြင်းကို ထန်းပင်ရင်းသို့ နှင်လာတာ ဓားမြှောင်ကို နှုတ်ယူရင်း-

"မင်းကို ငါ ၃၀၀ ပေးမယ်၊ မြတောင်ဗိုလ် ဘယ်မှာ ရှိလဲ ပြောစမ်း"

"မသိဘူး"

"ဘာမသိရမှာလဲကွ၊ မသိရင် သေဖို့ ပြင်ပေတော့"

ကိုရွှေလှာက သေနတ်နှင့် ထိုးချိန်၏။

"ပြောစမ်း၊ မြတောင်ဗိုလ် ဘယ်မှာ နေတယ် ကြားဖူးလဲ"

"စလင်းမှာ ကြားဖူးပါတယ်"

"စလင်းလား… ကျပင်းလား"

"ဘယ်က ကျပင်းမှာ ရှိရမှာလဲ၊ စလင်းနားက မြေနီကုန်းမှာ အမြဲဝင်ထွက်နေတာပဲ"

"ဟား ဟား ဟား ဟား… ဟား ဟား ဟား ဟား…"

ရွှေလှာသည် ထန်းပင်တွင် ကပ်ထားသော စာရွက်ကို ဆွဲခွာလိုက်ပြီး ခပ်လှမ်းလှမ်း တောတန်းဘက်သို့ မြင်းကို လှည့်လိုက်သည်။

ကြာအင်းတွင် မြတောင်ဗိုလ် ရှိကြောင်း သိလျက်နှင့် စလင်းတွင် ရှိသည် ပြောလိုက်သော ရွာသားသည် ရွှေလှာ ကျောခိုင်းသွားသည်နှင့် မြေကြီးပေါ် ဟိုရှာ သည်ရှာ လုပ်ကာ အုတ်ခဲကျိုးတစ်ခု တွေ့ရာ၊ ကောက်ယူပြီး မဝေးသေးသော ရွှေလှာကို လှမ်းထုလိုက်လေ၏။ ဘုန်းခနဲ မှန်ကာ ကျောကော့သွားသည်။ ရွှေလှာသည် ချက်ချင်း လှည့်ပြီး သေနတ်ဖြင့် ထိုးချိန်လိုက်ရာ ခုတင်ကလူမှန်း သိသဖြင့် တဟားဟား ရယ်မောလျက် တောစပ်ဆီသို့ ဒုန်းစိုင်းခဲ့လေ၏။

"ဟား ဟား ဟား… ဟား ဟား ဟား…"

ရွှေလှာသည် ရယ်ရင်းမောရင်း တောတန်းထဲ ဝင်လာသည်။

"ဘာဖြစ်လာတာလဲကွ"

ကိုကြာလန်းက တောအုပ်စပ်မှ ဆီးကြိုမေး၏။ သူ့နောက်တွင် မြတောင်ဗိုလ်က အေးဆေးစွာ ကွမ်းယာ ယာစားနေသည်။

"ဟား ဟား ဟား… ငါ့ကွာ မြတောင်ဗိုလ် ဘယ်မှာ ရှိလဲ မေးတာနဲ့ စလင်းနားက မြေနီကုန်းမှာလို့လည်း လိမ်အပြောခံရသေး၊ လှည့်အလာမှာ အုတ်ခဲနဲ့လည်း အထုခံရသေးသမောင့်"

"ဟား ဟား ဟား… ဟား ဟား ဟား…"

www.burmeseclassic.com

www.burmeseclassic.com



ကိုကြာလန်းမှာ မျက်ပေါက်ပိတ်အောင် ရယ်မောနေပြန်လေသည်။

"ဟောဒီမှာ ဆုငွေထုတ်တဲ့ ကြော်ငြာ ဗိုလ်မှူးရေ့..."

ရွှေလှာက ကိုကြာလန်းနှင့် ရောနှော ရယ်မောရင်း မြတောင်အား လှမ်းမေး၏။

"ဟ... ၅၀၀ ကြီးများတောင် ဆိုပါကလားကွ ဟော ဟဲ ဟဲ..."

"ငွေဆိုတာ သည်းခြေကြိုက်တယ်နော် ဗိုလ်မှူး၊ အသွားအလာ ဆင်ခြင်သင့်ပြီ"

ရွှေလှာက သတိပေး၏။

"အမျိုး ဘာသာ သာသနာရဲ့ မျက်နှာကို မထောက်လို့ ကုလားဆီ သတင်းပေးချင် ပေးကြပါစေကွာ။ ဟော့ ငွေ ၅၀၀ ဘယ်နှစ်နှစ် စားရမလဲ ဟင်။ သေရောကျေရော ၂ နှစ်ပေါ့ကွ။ သစ္စာဖောက် မျိုးမစစ် ဆိုတဲ့ အမည်ပျက်က သေပြီးသည့်အထိ မပျောက်ဘူး။ လုပ်ချင်လည်း လုပ်ကြပေစေပေါ့ကွာ။ ငါ တရားစောင့်လျက်နဲ့ တရားပျက်ကြရင် ပျက်တဲ့လူကို တရားက စီရင်ပါလိမ့်မယ်ကွာ။ ငါကတော့ ငါ့လမ်း ငါ သွားမှာပဲ၊ လာဟေ့"

ပြောပြောဆိုဆို မြင်းကို နှင်၍ သပြေပင်ရွာ အနောက်ပိုင်းသို့ လာခဲ့ကြသည်။

ရွာ၏ အပြင်ဘက်တွင် ရွာခြေကို ကပ်၍ ဆောက်လုပ်ထားသော တဲကလေးမှာ ထန်းပင်များ ဝိုင်းရံလျက် ရှိ၏။ တဲရှေ့တွင် ထန်းရည်ခံသော မြူအိုးတွေ ပုံထပ်ထားသည်။ တဲထဲမှ မီးခိုးများ အူထွက်နေ၏။

တဲဝတွင် ထန်းလှီးဓား ချိတ်ထားသည်ကို မြင်ရသဖြင့်-

"ချက်စု ရှိလားဟေ့"

ဟု ကိုကြာလန်းက အော်လိုက်သည်။

"ဗျို... ရှိပါတယ်"

ချက်စုက အော်ဟစ် ဖြေရင်း တဲအပြင်သို့ ထွက်လာကာ-

"ဘယ့်နှယ်... တစ်ယောက်တည်းလား။ တဲထဲမှာ ဘယ်သူမှ မရှိပါဘူး... လာပါ"

"ဗိုလ်မှူး ပါတယ်"

"ဟုတ်လား ခေါ်ပါ။ ရှင်မရေ... ဖျာခင်းပါဟ"

ချက်စုက တဲထဲ လှမ်းအော်ရင်း မျှော်ကြည့်သည်။ အရိပ်အခြည်ကို ကြည့်နေသော ရွှေလှာနှင့် မြတောင်တို့က ကင်းမွန်းခါးပင် တစ်ပင်အောက်မှ ထွက်လာကြလေ၏။



"ကြွပါ ဗိုလ်မှူး... ကြွပါ"

မြတောင်အား ချက်စုက ခရီးဦးကြိုပြု၏။

"မြင်းတွေကို ခပ်လှမ်းလှမ်းက မမြင်နိုင်တဲ့ နေရာမှာ ထားကြဟေ့"

မြတောင်က သတိပေးပြီး တဲထဲ ဝင်လာရင်း-

"ဘာများ သတင်းထူးသလဲကွ"

ဟု မေးသည်။

"တမြန်နေ့က ကုလားတပ်တစ်တပ် ရွာကို လာသွားတယ် ဗိုလ်မှူးရဲ့၊ ၂၀ လောက် ရှိမယ်"

"ဘယ်က လာတာလဲ"

"ဆင်ဖြူကျွန်းက"

"ဘာလုပ်သွားသေးလဲ"

"ရွာဆော် ဘယ်သူလဲ မေးပြီး ဆယ်အိမ်ခေါင်းတွေ ဘာတွေရဲ့ နာမည် မှတ်သွားတယ်။ ဘာမှတော့ လုပ်မသွားဘူး"

ချက်စု၏ ဇနီးက ထန်းလျက်နှင့် လက်ဖက်ရည် လာချပေးသည်။

"သုံးဆောင်ပါ ဗိုလ်မှူး"

"အေး အေး... နေထိုင်ကောင်းကြရဲ့လား"

"ကောင်းပါတယ် ဗိုလ်မှူး"

"ကလေးတွေကော"

"ရှိပါတယ် ဗိုလ်မှူး၊ ထမင်းဆာတယ် ဆိုတာနဲ့ ထမင်းရည် တိုက်ထားရတယ်"

"အေး... အေး..."

ချက်စု၏ ဇနီးသည် ပြောပြောဆိုဆိုဖြင့် ဖျည်းအိုးကြီးများဘက်သို့ ဆုတ်သွား၏။ ဖျည်းအိုးကြီးများမှာ ထန်းရည်မှ ထန်းလျက် ဖြစ်အောင် ထည့်ကျိုရသော အိုးများ ဖြစ်သည်။

မြတောင်ဗိုလ်က-

"မင်းနေရာက လူစုံတဲ့ နေရာပဲကွ။ အဲဒီလို ကုလားတွေ လာတော့ ရွာသူရွာသားတွေရဲ့ သဘောက ဘယ်လိုရှိလဲကွ"

"အားကိုးအားထားချင်တဲ့ သဘောတော့ မရှိလှဘူး ဗိုလ်မှူး၊ သို့သော်သည့် မင်းအဖြစ် သူပဲ အုပ်ချုပ်ဖို့ လာရင် သူ့ကိုပဲ လက်ခံကြမှာပဲတဲ့"

"ဒါပေါ့လေကွာ..."

www.burmeseclassic.com

www.burmeseclassic.com



''သံဆုံ ဆိုတဲ့ မားပြတော့ နွယ်တမယ်မှာ အသက်ခံရသတဲ့ ဗိုလ်မှူး''

''ဘယ်လို ဖြစ်ကြတာလဲ။ မင်းတို့ဘက်လည်း ဒီကောင် လာမှ သမ္မတ်လား''

''ဟုတ်ပါတယ်။ ဒီကောင် နွယ်တမယ်ကို ငွေလာတောင်းတော့ လက်ရွေးစင် ကာလသား ၂၀ က ဝိုင်းချုပ်ပြီး ရေထဲ နှစ်သက်တာတဲ့''

''ပြီးတယ် ဆိုတာကိုးကွ။ ဒီလိုပဲ လုပ်ကြရမှာပေါ့။ ကောင်းတယ်ကွာ ကုလားကျတော့ အရိပ်ကိုတောင် ကြောက်တယ်။ ရပ်သူရွာသားကျတော့ ဓားကားလို့''

မြတောင်က အားရကျေနပ်စွာ ရေရွတ်လိုက်သည်။

''အဲဒီသံဆုံရဲ့ ဆရာ ရှိသေးတယ် ဗိုလ်မှူး။ ဗိုလ်ထွန်းအောင် ဆိုတာလေ''

''ကျွန်တော်တောင် ဓားနဲ့ တစ်ခါ လိုက်ပိုင်းဖူးသေးတာပဲ ဗိုလ်မှူးရဲ့ ချောင်း ဟိုဘက်မှာလေ''

ကိုကြာလန်းက တဲထဲ ဝင်လာရင်း ပြောပြီး ကလေးတစ်ယောက်ကို ကောက်ချီသည်။

''အဲဒီ ဗိုလ်ထွန်းအောင်လည်း ကုလားလက်ထဲမှာ သေသွားပြီ ဗိုလ်မှူး''

''ဘာလဲ သူက ကုလားကို သွားတိုက်လို့လား။ ဘယ်လို ဖြစ်တာလဲ''

မြတောင်က မေးသည်။

''မဟုတ်ပါဘူး ဗိုလ်မှူး… ယမ်းဖိုကုန်းရွာမှာ ငမှိုင်းနဲ့ မိကျည်းအုံ ဆိုတဲ့ မောင်နှမ နှစ်ယောက် ရှိတယ် ဗိုလ်မှူး။ ဗိုလ်ထွန်းအောင်က မိကျည်းအုံကို လာလာလည်တော့ သူ့မှာလည်း သားကြီး မယားကြီးနဲ့၊ သူကလည်း မုဒိမ်းဓားပြ ဆိုတော့ ငမှိုင်းက တစ်စက်မှ လာတာ သဘောမကျဘူး။ သဘောသာ မကျတယ်၊ ဗိုလ်ထွန်းအောင်ကိုလည်း မတားမြစ်ရဲဘူး''

''ဒါတွေ ငါ သိပြီးသားပါကွာ၊ လိုရင်းကို ပြောစမ်းပါ''

''ဒါပေမဲ့ ငမှိုင်းဟာ ဘာလုပ်ရမှန်း မသိတိုင်း သစ်ရွေတဲ့ ဓားကြီးကို နေတိုင်း ဖိသွေးနေသတဲ့။ ဗိုလ်ထွန်းအောင်က ဝင်ရင်း ထွက်ရင်း ဘာလုပ်ဖို့လဲ ကွလို့ မေးတော့ တောတက်မလို့ပါလို့ ပြောသတဲ့''

''ဒီဓားနဲ့ ခုတ်တယ် ဆိုပါတော့ကွာ''

''ဟုတ်ပါတယ်၊ တစ်နေ့ကျတော့ ဗိုလ်ထွန်းအောင်က ခေါင်းလျှော် ထားလို့ ဆံပင်ဖားလျားချလာသတဲ့။ အဲဒီမှာ ငမှိုင်း သညာပေးတဲ့အတိုင်း မိကျည်းအုံက ဗိုလ်လေး ညောင်းလာတယ် ထင်တယ်။ ကျည်းအုံ နှိပ်ပေးပါရစေ လုပ်တာကိုး ဗိုလ်မှူးရဲ့''



''ဗိုလ်လေးတဲ့ကွာ… ချွေးဝဲဓားကမျှား''

ကိုကြာလန်းက ကလေး တစ်ဖက်ချီကာ ထန်းလျက်အိုး ကူမွှေရင်း မှတ်ချက်ချ၏။

''ဗိုလ်ထွန်းအောင်ကလည်း မိကျည်းအုံ အချိုသတ်ထားလို့သာ ကြိုး ရှည်ရှည်နဲ့ လှွတ်ထားရတာ ဖြစ်လေတော့ အကြိုက်ကျသွားတာပေါ့ ဗိုလ်မှူး ရယ်၊ အဲဒါနဲ့ အနှိပ်ခံတဲ့အခါမှာ စောင်ကြားထဲမှာ မီးနေထဘီတွေ ထည့်ပြီး ချုပေးသတဲ့။ နောက် စကားတပြောပြော တပြုံးပြုံးနဲ့ နှိပ်ပေးနေသတဲ့''

''ဒါနဲ့ ဆံပင်တွေ ကြမ်းကြားက ဆွဲချပြီး ထွန်းအောင် မထနိုင်အောင် ဆံပင်တွေကို ကြမ်းနဲ့ ကန့်ပြီး တုပ်လှျိုထား။ ဒီလို မဟုတ်လား''

''ဟာ… ဗိုလ်မှူးက သိပြီးသားကို ခင်ဗျ၊ ဟား ဟား ဟား''

ချက်ရှူမှာ ရှက်ကိုးရှက်ကန်း ရယ်မောလေသည်။

မြတောင်က-

''ဟ… ဒီအထိတော့ ငါ သညာပေးလိုက်တာတွေကိုးကွ။ ဘယ်လို ဖြစ်တယ် ဆိုတာ ဆက်ပြောပါဦး''

ပြုံးပြုံးကြီးဖြင့် အရှက်ပြေစေရန် ဖြေပေးလိုက်၏။

''အဲဒီလိုလည်း အဆင်သင့်ဖြစ်ရော ငမှိုင်းက ဓားကြီးထမ်း အိမ်ပေါ် တက်လာပြီး ဘာမပြော ညာမပြောနဲ့ ဝင်ပြီး ဓားနဲ့ ပိုင်းလိုက်တာ ညို့သကျည်း ကို ခုတ်မိရော။ ဗိုလ်ထွန်းအောင်က ထပေမယ့် ဆံပင်ကို ချည်ထားတော့ ရုတ်တရက် မထနိုင်ဘူး၊ အဲဒီတုန်းမှာ ကျည်းအုံနဲ့ ငမှိုင်းတို့ တစ်ချိတည်း ထွက်ပြေးကြတော့တာပဲ ဗိုလ်မှူးရေ့…''

''ထနိုင်သေးရဲ့လားဟော့''

''ကြောက်ကြောက်နဲ့ ခုတ်တာ ခြေတစ်ဖက်ပဲ ထိထိမိမိ ခုတ်မိတယ် ထင်ပါရဲ့ ဗိုလ်မှူးရယ်။ ဓားဆွဲပြီး ခြေတပေါင်ကျိုး ပြေးလိုက်သေးသတဲ့။ ဆံပင်ကို ဓားနဲ့ ဖြတ်သလား၊ လက်နဲ့ ဆွဲဖြေသလားတော့ မသိဘူး''

''ရွာက ဘာလုပ်သလဲ''

''ရွာကလည်း ဟယ် ဒီတစ်ခါတော့ လက်စားချေနိုင်ပြီဟ ဆိုပြီး ဝိုင်းလာကြတယ်။ ဒါပေမဲ့ ငယ်ကြောက် ဆိုတော့ အနားမကပ်ရဲကြဘူး၊ ဟိုက လည်း ဓားကြီး တယမ်းယမ်းနဲ့ လုပ်နေတာကိုး။ အဲဒီမှာ ဆင်ဖြူကျွန်း ကုလားစစ်တပ်ကို သွားတိုင်ရသတဲ့''

www.burmeseclassic.com

www.burmeseclassic.com



"ကုလား ပါလာရင် ဘယ်ကောင်းတော့မလဲကွာ။ မြှိုင်း ဖျင်းတာ ထားပါတော့၊ ရှာကလည်း ဖျင်းပဲ ဖျင်းတင်းလွန်း"

ကုလား ပါလာသည် ဆိုသောကြောင့် မြတောင်က မကျေမနပ် ရေရွတ်သည်။

"ကုလားတွေ လိုက်လာတော့ သူတို့လည်း အနှားမကပ်ရဲဘူးတဲ့"

"အာဇာနည်တွေပါကလားဟေ့"

"နောက်ဆုံးမှာ ဗိုလ်လေး စားချပါ၊ ကျွန်တော်တို့ ဆေးကုပေးပါမယ် ပြောတော့မှ စားချသတဲ့ ဗိုလ်မှူးရဲ့။ သူတို့ အပြောအတိုင်း ခေါ်သွားပြီး ဆေးကု ပေးမယ့် မရတော့ဘူး။ နောက်တစ်နေ့မှာ သေတာပဲတဲ့"

"ဒီမကောင်းဆိုးဝါးကို ဘာကြောင့် သူတို့က ဆေးကုပေးချင်ရတာလဲ"

ချက်စူ၏ ဇနီးက မီးဖိုဘေးမှ လှမ်းမေး၏။

"ညည်း ဝင်မရှုပ်စမ်းနဲ့အေ"

"မေးပါစေကွာ၊ သူလည်း ရပ်သူရွာသား တစ်ဦးပဲကွာ။ သူနဲ့လည်း သက်ဆိုင်တာပေါ့"

မြတောင်က ဝင်ရောက် ဟန့်တားလိုက်ကာ-

"ဒီလိုဟေ့… ထွန်းအောင်ရဲ့ ဆိုးဂိုဏ်းကို အကြောင်းပြုပြီး ကျေးရွာ းတွက ကြောက်ကြတယ်။ ဒီအကောင်ကို ကုလားက ဆေးကုပေးတာဟာ သူ့ဘက် သိမ်းသွင်းပြီး ရပ်ရွာကို နှိပ်စက်နိုင်းချင်လို့ဟေ့"

"ကုလားကတော့ ယုတ်မာရာမှာ ကမ်းကုန်တာပဲ ဗိုလ်မှူး"

ချက်စူက ညည်းသည်။

"မင်းက ဒီဒေသမှာ ယုတ်မာတာကလေးကိုသာ သိလို့ကိုးကွ။ အောက် ဒြဲန်မာနိုင်ငံမှာ ဓနဖြူ ဗိုလ်မြတ်ထွန်းကို မနိုင်တော့ တွေ့သမျှ လယ်သမားတွေ ဂ်ငါတွေ ရာချီ ထောင်ချီ ဖမ်းပြီး ရှေ့က အသွားခိုင်းတာ။ ကိုယ့်အမျိုးသားချင်း သွာပြီး ဟိုက မတိုက်ဘဲ ဆုတ်ပေးရတယ်။ ကုလားကတော့ လူအုပ် အကာ အကွယ်ယူပြီး တိုက်တယ်။ တစ်ခါ ဗိုလ်မြတ်ထွန်းတို့က ခလုတ်တွေ၊ မောင်းတွေ ခြောင့်တွေ ထောင်ထားတာလည်း ကုလားက မရှာတတ် မဖျက်တတ်တော့ သေတယ်။ သူတို့ သေမှာစိုးလို့ ခုတင်က ပြောသလို ရပ်သူရွာသားတွေကို ရှေ့ အသွားခိုင်းတော့ အပြစ်မဲ့ ရပ်သူရွာသားတွေ ခလုတ်နင်းမိ၊ မောင်းကို နင်းမိပြီး သေကုန်တော့တာပေါ့။ ဒါကျတော့ မင်းတို့ ဘာပြောဦးမလဲ"

"ကုလားဟာ လူမဟုတ်တော့ဘူးပေါ့ ဗိုလ်မှူးရယ်"



ချက်စူက ဖြေလိုက်စဉ် ကိုကြာလန်းက-

"ထွန်းအောင်ကို ဆေးကုပေးတာမှာ နောက်တစ်ကြောင်း ရှိသေးတယ် ဗိုလ်မှူးရဲ့။ ဒီကောင်ကို ကျွန်တော်တို့ကလည်း ဆုံးမထားဖူးတော့ ဒီကောင်ဟာ မုချ ကျွန်တော်တို့ကို တေးထားမှာပဲ။ ဒီကောင်ကိုသာ ကုလား အဆောင်အယောင် လက်နက်တပ်ပေးလိုက်ရရင် သူပုန်မျိုးပြုတ်ရောဟဲ့ ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါလိမ့်မယ် ဗိုလ်မှူးရဲ့"

"ဒါပေါ့ကွာ… ကုလားပဲ၊ ဗမာလိုတော့ ဘယ်မှာ စိတ်ဓာတ်ဖြူစင် ပါ့မလဲ။ သူတစ်ပါးတိုင်းပြည်ကို လုယက်ကတည်းက ယုတ်မာလို့ လုယက်တဲ့ ဟာကို"

မြတောင်က ကုလားကို ဝိဂြိုဟ်ပြုလိုက်သည်တွင် ကိုကြာလန်းမှာ တစ်စုံတစ်ရာ သတိရဟန်ဖြင့် ပျာပျာသလဲ ဖြစ်သွားပြီး-

"ဟေ့ ဟေ့ ချက်စူ… ငါတို့ ဒီမှာ ထမင်းစားမှာကွ၊ လုပ်ပါဦး"

"ခင်ဗျားက ခုမှ ပြောနေ။ ဒီမှာဖြင့် ထမင်း နောက်ထပ် ချက်တာတောင် ကျက်ပြီ"

ချက်စူက ပြုံး၍ ဖြေသည်။

"အေး… ဒီလိုမှပေါ့ကွာ၊ ဘာမှ တွေတွေထူးထူး လုပ်မနေနဲ့။ အိမ်မှာ ရှိတာပဲ ချက်။ မင်းတို့မလဲ ကလေးတွေနဲ့ ဆင်းရဲတယ်၊ ဒါကိုလည်း ယူလိုက်"

ကိုကြာလန်းက ငွေဒင်္ဂါး ၁၀ ပြား ထုတ်ပေးသည်။

"မယူပါရစေနဲ့ ကိုကြာလန်းရယ်"

ချက်စူ၏ မယားကလည်း-

"ကျွန်မတို့ မစားရ နေပါစေတော်၊ ဗိုလ်မှူးကို ကြည်ညိုလို့ ကျွေး ပါရစေ"

မြတောင်က-

"ထမင်းက အဆင်သင့်လို့ ဝင်စားတာ ငါ့နှမရဲ့။ ဒီငွေဒင်္ဂါးတွေက ငါ့နှမတို့ ဆင်းရဲတယ်ဆိုပြီး ပေးရအောင် တမင်ယူလာတာ ငြင်းမနေနဲ့"

ယင်းသို့ မြတောင်ကိုယ်တိုင် ဝင်၍ ပြောသောအခါတွင်မှ ချက်စူတို့ လင်မယားမှာ ဆက်၍ မငြင်းဆန်ရဲကြတော့ပေ။

ချက်စူသည် ငွေဒင်္ဂါးများကို တိုင်တစ်တိုင်ဘေးတွင် မြှုပ်ထားလိုက်ပြီး နောက် မယားကို ကူညီချက်ပြုတ်လေသည်။ ချက်ပြုတ်သည် ဆိုရာ၌ ခွေးသား သော ကြက်ကို အသား ချော့ဖမ်းပြီး မီးမြိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့စဉ် ထန်းတဲဆီသို့ လူတစ်ယောက် လာနေသဖြင့် ချက်စုက ထသွားသည်။ ထိုသူကို ကိုကြာလန်းကလည်း မြင်သည်။

"ချက်စုရေ... မင်းတို့ ကိစ္စပြီးရင် ဒီကို လွှတ်လိုက်ပါဦးကွာ"

ထိုသူမှာ မြတောင်ဗိုလ်၏ တပ်မှ ချောင်းဖြူ သူလျှိုတစ်ယောက် ဖြစ်ပေ၏။ သူသည် ချက်စုနှင့် ခဏစကားပြောပြီးနောက် တဲထဲ ဝင်လာသည်။ မြတောင်က သူလျှိုကို တဲပြင်သို့ ခေါ်ထုတ်ခဲ့သည်။

"ဘာများ သတင်းထူးလဲဟေ့"

"ထူးတယ် ဗိုလ်မှူး"

မြတောင်ဗိုလ်က ထန်းပလပ်ပြားပုံပေါ် ထိုင်၏။

"ဆိုစမ်းကွာ၊ ထူးတဲ့ဟာတွေ..."

"တခြားတော့ မဟုတ်ပါဘူး ဗိုလ်မှူးရယ်၊ မိမိငယ် ကိစ္စပါပဲ"

"ဘာ... မိမိငယ် ဟုတ်စ"

မြတောင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ကိုယ်ကို ရှေ့သို့ ကိုင်းထားမိ၏။

"မိမိငယ်ဆီကို လာလာလည်နေတဲ့ ဆင်ဖြူကျွန်းက မောင်မောင်လတ် ဆိုတာ"

"သူ့ကို ငါ သိပါတယ်လေ"

မြတောင်က အရေးတကြီး ဖြတ်ပြော၏။

"မိမိငယ်ဟာ မောင်မောင်လတ်နဲ့ သင့်မြတ်နေပုံ ရပါတယ် ဗိုလ်မှူး"

"ရှင်းရှင်း ဆိုစမ်းကွာ၊ သမီးရည်းစား ဖြစ်နေကြတယ် ဟုတ်စ"

"ဒီလိုပဲ ထင်ပါတယ်"

"အင်း..."

မြတောင်မှာ သက်မ ချသည်လည်း မမည်၊ ညည်းသည်လည်း မဟုတ်သော အသံတစ်မျိုး ပြုလိုက်ကာ သွားစေ၍ တွေတွေကြီး စဉ်းစားလိုက်ပြီး–

"မင်းမှာ ဘာတွေ အထောက်အထား ရှိသလဲကွာ။ လာတာတော့ လာမှာပဲ၊ မိမိငယ် စိတ်မပါဘူး ထင်တယ်"

"အိမ်ပေါ်မှာပဲ ဖြစ်ဖြစ်၊ အိမ်ဝင်းထဲမှာပဲ ဖြစ်ဖြစ် မောင်မောင်လတ်နဲ့ မိမိငယ်နဲ့ စကားပြောဆို ဆွေးခဲ့ကြရာမှာ အရင်က အနားမှာ ဒေါ်သီတာ အမြဲ ရှိပါတယ်။ အခု ဒေါ်သီတာ မရှိဘူး ဗိုလ်မှူး"

"ကြာပြီလားကွ"



"နှစ်သီတင်းလောက် ရှိပါပြီ"

"ဒေါ်သီတာများ နေထိုင်မကောင်းရော့လားကွာ"

"ကောင်းပါတယ် ဗိုလ်မှူး"

အမှန်မှာ ဦးပိုးဟပ်ကဲ့သို့သော လူတစ်ဦး၌ အခိုင်းအစေများ ထားရှိနိုင်သည်။ မိမိငယ်၏ အဆင့်အတန်းမှာလည်း ဒေါ်သီတာ... အကယ်တမ္မ များနှာရှိဦးတော့၊ မိမိငယ်၏ အပါးတွင် အဖော်တစ်ယောက် ရှိနေနိုင်သည်။

"အေးလေ... ဒါ ထားလိုက်ပါတော့ကွာ၊ တခြားအကြောင်းများအကောဘ"

"ကျွန်တော် ဆင်ဖြူကျွန်းကို သွားတဲ့အခါမှာ မောင်မောင်လတ်ကို ကုလားတပ်ထဲ ဝင်သွားတာ၊ ထွက်လာတာများလည်း မြင်မိပါတယ် ဗိုလ်မှူး"

"အေး... ဒါဟာဖြင့် အင်မတန် အဖိုးတန်တဲ့ သတင်းပဲဟေ့။ တဲ မင်းလည်း စားရေးသောက်ရေး ချောင်ပုံ မရဘူး၊ ရော့... ယူသွား"

မြတောင်က ငွေဒင်္ဂါး ၁၀ ပြား ထုတ်ပေးလေသည်။

"ကျွန်တော် မယူပါရစေနဲ့ ဗိုလ်မှူး၊ ကျွန်တော် ချောင်လည်ပါတယ်"

"ဒီကာလဆိုးမှာ ဘယ်သူမှ မချောင်လည်ပါဘူးကွာ။ ငါလည်း ကုလားဆီက ရတုန်းမို့ ပေးနိုင်တာ။ ကဲ... သွားပေတော့"

ချောင်းဖြူ သူလျှိုမှာ ဆက်လက် မငြင်းဆန်ရဲသဖြင့် နှုတ်ဆက် ထွက်ခွာသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂၄

စားကို လက်ဖြင့် စမ်းသပ်ပြီးနောက် မြတောင်၊ ကိုကြာလန်းနှင့် ရွှေလှာတို့မှာ ရွာထဲသို့ ဝင်ရန် ပြင်ဆင်ပြီးသား ဖြစ်သွားလေ၏။

"ရွှေလှာ… ဒီက စောင့်ဟေ့"

"ဟုတ်ကဲ့… ဗိုလ်မှူး"

ရွှေလှာသည် ခပ်အုပ်အုပ် နိမ့်နိမ့် သစ်ပင်တစ်ပင်အောက်သို့ မြင်းနှင့် ခင်ရောက် ပျောက်ကွယ်သွားလေ၏။

ချောင်းဖြူရွာမှာ သပြေပင်ရွာနှင့်စာသော် ခရီးလမ်းကျသဖြင့် ယခုအချိန် တွင် လူဝင်လူထွက် ရှုပ်ထွေးသည်။ ကုလားစစ်သားများ အချိန်မရွေး ရောက် လာရန် လွယ်ကူ၏။ သို့ကြောင့် ရွာအဝင်တွင် ရွှေလှာအား ချထားခဲ့ခြင်း ဖြစ်သည်။

ချောင်းဖြူရွာ၏ ညနေခင်းမှာ ယခင်နှင့်စာသော် သာယာလာပြီ ဆိုနိုင် ၏ နွားသွင်းသူများ၊ ရေသယ် ရေခပ်သူများနှင့် လမ်းထွက် ကစားနေသော ကလေးများ တစ်ယောက်စ နှစ်ယောက်စနှင့် စည်သယောင် ရှိသည်။ မြတောင်ဗိုလ် သည် ရွာထဲသို့ မြင်းစီး ဝင်လာခဲ့၏။

လုံချည်အစုတ် တစ်ထည် ခေါင်းပေါင်း၍ ကျောအပြောင်သားနှင့် ရထမ်းဆိုင်းကို ထမ်း၍ လူတစ်ယောက် မျက်နှာချင်းဆိုင်မှ လာသည်။ သူ၏ ရအိုးထဲမှ ရေများ လမ်းတစ်လျှောက် အောင်ဘင်ခတ် ဖိတ်ကျ၏။ သူသည် ညီသူကမျှ မတောင်းဘဲနှင့် ရေတစ်မှုတ် ခပ်ပြီး ကိုကြာလန်းကို ပေးရင်း–

"စိတ်မချရဘူးနော်၊ သတိထားကြ"

ဟု ပြောသည်။



ကိုကြာလန်းက ရေသောက် ဟန်ဆောင်ပြီး ရေမှုတ်ကို ပြန်ပေးလိုက် ၏။ ထို့နောက် သူတို့သည် ဦးပိုးဟပ်၏ အိမ်သို့ ဆက်လက်လာခဲ့ကြသည်။

"ဗိုလ်မှူး… မြင်းကို တဲခါးပေါက်အောက်မှာ ထားပြီး ကျွန်တော် ခြံဝက စောင့်မယ်"

"စိုးရိမ်ကြီးရန်ကောကွာ"

မြတောင်ဗိုလ်က ပကတိ အေးစက်စက် ပြန်ဖြေရင်း မြင်းပေါ်မှ ဆင်း၍ အိမ်ပေါ် တက်လာသည်။

"မောင်မောင်ပါကလား… လာ လာ"

ဒေါ်သီတာသည် မိမိငယ်၏ ဘေးတွင် ထိုင်ကာ အဝတ်ချုပ်နေရာက အာသွက် လျှာသွက် ထ၍ နေရာပေး၏။

မိမိငယ်သည် ကျုံ့ကျုံ့ ပြင်ထိုင်ကာ အလုပ်ကို ချထားရင် မပြုံးတပြုံး မော့ကြည့်သည်။

"မောင်မောင် နေလို့ကောင်းရဲ့လား"

"ကောင်းပါတယ်၊ မိမိကော နည်းနည်းပိန်သွားသလိုပဲ"

"အိပ်ပျက်လို့ ထင်ပါရဲ့။ မောင်မောင် ဆင်ဖြူကျွန်းက ပြန်လာတာ လား"

"သပြေပင်က လာတာပါ မိမိ။ ခရီးလည်းကြုံ၊ မေးစရာလည်း ရှိလို့"

"ဘာများပါလိမ့်… မောင်မောင်ရယ်"

မိမိငယ်သည် လျှို့ဝှက်သော ကိစ္စတစ်ရပ်ကို မရမနေ ထုတ်ဖော်ရန် ကြိုးစားခံရသည့်အလား မလုံမလဲကလေး ဖြစ်သွား၏။

"သစ္စာတရားဟာ ဘယ်လောက် အာနိသင် ကြီးတယ်ဆိုတာ မိမိ သိမှာပေါ့နော်"

"အနည်းအကျဉ်းသိပါတယ် မောင်မောင်၊ သစ္စာဆိုကာမျှနဲ့ မြွေဆိပ် များ လျှောကျတဲ့ သက်သေ သာဓကတွေလည်း ကြားဖူးပါရဲ့"

"ဪ… ဗိုလ်မှူးပါလား"

ဦးပိုးဟပ်က အိမ်ခန်းဝသို့ ရောက်လာ၏။

"ကြွပါ ဦးရီး… ကျန်းခန့်သာလို့ မာပါစ ခင်ဗျာ၊ ကြွပါ"

မြတောင်က ခေါင်းရင်း နေရာတွင် ဦးပိုးဟပ် ထိုင်ရန် နေရာချပေး၏။

ဦးပိုးဟပ်က မြတောင်၏အနီးတွင် ဝင်ထိုင်လိုက်ကာ–

www.burmeseclassic.com

www.burmeseclassic.com



''အင်း... မပြောမပြီး မတီး မမြည် ဆိုတာလို ပြောစရာ ရှိပြန်တော့လည်း ပြောရတော့မှာပဲ ဗိုလ်မှူးရေ့''

ဟု ဆိုသည်။

''ဘာများပါလိမ့် ဦးရီးရယ်''

''အားလည်း နာပါတယ် ဗိုလ်မှူးရယ်၊ သို့ပေသည့် အင်း...''

ဦးပိုးဟပ်က ထွေးခံ ဆွဲယူပြီး ကွမ်းသွေး ထွေးထည့်နေစဉ် မြတောင်သည် မိမိငယ်အား စောင်းငဲ့ကြည့်၏။ မိမိငယ်မှာ မျက်နှာပျက်နေ၏။

''ဒီလိုပါ ဗိုလ်မှူးရယ်၊ အခု ကုလားတက်လာတော့ အနယ်နယ်အရပ်ရပ်က နခံကြ၊ တိုက်နိုက်ကြတာပဲ မဟုတ်လား။ မန္တလေးဘက်မှာဆိုရွှေဓားဗိုလ်၊ နတ်မောက်က ဗိုလ်မင်းရောင်၊ စလင်း ဗိုလ်ဥတ္တမ၊ ပခုက္ကူ ဗိုလ်ရာညွှန့်၊ ဗုဂံဗိုလ်ချို၊ ဒီဘက်မှာ ကိုရင်ကြီးဗိုလ်တို့၊ ဗိုလ်မှူးတို့ စွမ်းစွမ်းတမံ တိုက်ကြတာပဲ''

ဦးပိုးဟပ်သည် အစချီခြင်းမျှသာ ရှိသေးသည့်အတွက် မည်သည်ကို ရည်ညွှန်းသည် မြတောင် မကောက်နိုင်သေးပေ။ ထို့ကြောင့် မျက်လွှာချကာ နားစိုက်ထောင်နေ၏။

''ဘယ်လောက်ပဲ စွမ်းစွမ်းတမံ တိုက်ကြပေမယ့် ကုလားဟာ နောက်ဆုတ်မသွားဘဲ ရှေ့ကိုပဲ တိုးတိုးလာတာပဲ မဟုတ်လား။ ဗိုလ်မှူးတို့တစ်တွေမှာသာ တစ်ရွာပြီး တစ်ရွာလွှတ်၊ တစ်မြို့ပြီး တစ်မြို့၊ တစ်နယ်ပြီး တစ်နယ်နဲ့ နောက်ဆုံး ဗိုလ်မှူးတို့ ကိုယ်တိုင်တောင် ပြေးလွှားတိမ်းရှောင်နေကြရပြီ မဟုတ်လား''

''ဟုတ်ကဲ့... အမိန့်ရှိပါဦး''

''အင်္ဂလိပ်မင်းရဲ့ အာဏာစက်ဟာလည်း ဆင်ဖြူကျွန်းရဲ့ အပြင်ဘက်ထွက်လာပြီး အခုဆိုရင် ကျပင်းကို ရောက်နေပြီ ဗိုလ်မှူး။ သူ့အာဏာစက် ကျယ်ပြန့်လာသလောက် ဗိုလ်မှူးတို့ သူပုန်တွေမှာ ကျုံ့ကျုံ့လာကြပြီ။ အင်္ဂလိပ်မင်းကလည်း သူပုန်နဲ့ ဆက်သွယ်တာ တွေ့ရင် ရက်စက်တယ် ကြားရတယ်။ ယမ်းဖိုကုန်းဆိုရင် ဗိုလ်ထွန်းအောင်ကို လက်ခံမှုနဲ့ တစ်ရွာလုံး ဒဏ်တပ်ခံရတဲ့ အပြင် လူတွေကို ဟိုရွှေ့ သည်ပြောင်း လုပ်ပစ်တယ်။ တချို့လည်း ဆူးကပ်ထဲ အထည့်ခံကြရတယ်''

''ကျွန်တော် တစ်ခု မေးပါရစေ ဦးရီး''

မြတောင်က ဒေါသကို ချုပ်တည်း၍ ပြုံးပြုံးကလေး ဆို၏။



''မေးပါလေ''

''ကုလားကိုတော့ အင်္ဂလိပ်အစိုးရမင်း၊ ကျွန်တော်တို့ကျတော့ သူပုန်လို့ ဦးရီးက ခေါ်ပါတယ် ခင်ဗျာ။ ကျွန်တော် နားမရှင်းလို့ မေးပါရစေ၊ ကျွန်တော်တို့ဟာ သီပေါမင်းကို ပုန်ကန်နေလို့ သူပုန် အခေါ်ခံရတာလား''

''ဒါကတော့ ဗိုလ်မှူးတို့ရဲ့ သီပေါမင်းတောင်မှ အင်္ဂလိပ် လက်ထဲရောက်သွားပြီပဲ ဗိုလ်မှူးရဲ့''

''ဟုတ်ပါတယ်လေ... သီပေါမင်း ပါသွားတာက သူ ညံ့လို့ ပါသွားတာကပဲ၊ သီပေါမင်း ညံ့တာနဲ့ ကျွန်တော်တို့က အညံ့ခံရတော့မလား၊ ဦးရီးရဲ့ လယ်ထဲကို ဝင်စားတဲ့ နွားကို ဦးရီး တုတ်နဲ့ လိုက်ရိုက်သလား။ အညံ့ခံပြီး ထိုင်ကြည့်နေသလား''

မြတောင်၏ မျက်လုံးများသည် တောက်ပ ဝင်းလက်လာလေ၏။ သူသည် ရိုသေလေးစားအပ်သော အဖြစ်ကို မေ့လျော့ကာ ဦးပိုးဟပ်အား စိုက်ကြည့်နေလေသည်။

''ဦးရီး အိမ် မီးဖိုထဲ ဝင်လာတဲ့ ခွေးရူးတစ်ကောင်ကို ဦးရီး အညံ့ခံပြီး ကြည့်နေမလား၊ ဓားနဲ့ လိုက်ခုတ်မလား။ ဦးရီးရဲ့ လယ်ထဲ ဝင်စားတဲ့ နွားကို တုတ်နဲ့ လိုက်ရိုက်တော့ ကျွန်တော်က ဦးရီးကို သူပုန်လို့ ခေါ်ရင် ဦးရီး ခံနိုင်မလား။ ဦးရီးအိမ် မီးဖိုထဲ ဝင်လာတဲ့ ခွေးရူးကို ဦးရီး ဓားနဲ့ လိုက်ခုတ်တဲ့အတွက် ဦးရီးကို သူပုန်လို့ ခေါ်မယ်။ မှန်ကန်ပါ့မလား၊ တရားပါ့မလား ခင်ဗျာ''

''တယ်လည်း သိခေါက်လျက်နဲ့ အဝင်နက်တာကိုး ဗိုလ်မှူးရဲ့''

ဦးပိုးဟပ်က ညည်းတွားလိုက်သည်။

''ကျွန်တော် နားလည်ပါတယ် ခင်ဗျာ။ ဦးရီး ပြောချင်တာကို ကျွန်တော် သိပါတယ်။ ကျွန်တော်တို့ဟာ ပုန်ကန်ခြင်း၊ ထောင်ထားခြင်း၊ ခြားနားခြင်း ပြုတာ မဟုတ်ပါဘူး။ အိမ်ထဲ ဝင်လာတဲ့ ခွေးရူးကို ဓားနဲ့ ဆီးခုတ်တာ မနိုင်လို့ နောက်ဆုတ်ပေးကြရတာပါ။ သူပုန် မဟုတ်ပါဘူး ဦးရီး ခင်ဗျာ''

''ဘာပဲခေါ်ခေါ်ပေါ့ ဗိုလ်မှူးရယ် ကျွန်တော်တော့ သူပုန်နဲ့ ဆက်သွယ်တယ်ဆိုပြီး အပြစ်ပေးခံရမှာ ကြောက်တယ်''

''ကောင်းပါပြီ၊ ကျွန်တော် နားလည်ပါပြီ ဦးရီး''

ဦးပိုးဟပ်သည် စိတ်မကောင်းစွာဖြင့် ထရပ်ကာ-

''မတတ်သာလို့ ပြောရပါတယ်။ စိတ်မရှိစေချင်ပါဘူး''

သူက အခန်းထဲသို့ ပြန်ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိငယ်မှာ မြတောင်အား မျက်နှာငယ်ကလေးနှင့် ကြည့်နေရှာသည်။ မြတောင်မှာလည်း မိမိငယ်အား ဝမ်းနည်းစွာ ကြည့်မိ၏။ သူတို့သည် တစ်ယောက်ကို တစ်ယောက် စကားမဆိုအားကြပေ။

မှောင်စပျိုးခဲ့ပြီ ဖြစ်၏။

ကိုကြာလန်းသည် ရွာထဲ လမ်းတစ်လျှောက်ကို စောင့်ကြည့်နေသည်။

ကိုရွှေလှသာမူ ရွာအဝင်လမ်း သစ်ပင်အုပ်အောက်တွင် ငြိမ်သက်စွာ ရပ်စောင့်နေ၏။ ရွာအဝင်လမ်းသည် သူ ရပ်နေသော နေရာနှင့် များစွာ မလှမ်းလှ။ နှစ်လံမျှသာ ဝေးမည်။

လူများသည် မမှောင်မီ ရွာထဲ ဝင်ရန် သုတ်သီးသုတ်ပျာ လာကြ၏။ ထင်းခွေ ဟင်းရွက်ချိုးသူများ၊ နွားလိုက်သူများ၊ ထန်းရည်သမားများ စသည်တို့။

ရွာတံခါးတွင် ဝင်ထွက်သူများနှင့် ရှင်းလင်းသွားသည်။

ကိုရွှေလှသည် မြင်းခွာသံများ ကြားရ၏။ သစ်ကိုင်းများကြားမှ ချောင်းကြည့်လိုက်ရာ ရွာတံခါးသို့ ဦးတည်လာသူ ၃ ယောက်ကို မြင်ရသည်။ ရှေ့မှ တစ်ယောက်မှာ မြန်မာ အဝတ်အစားနှင့် ဖြစ်၍ သူ့နောက်မှ နှစ်ယောက်မှာ ကုလား စစ်သားများ ဖြစ်၏။

မြန်မာမှာ မောင်မောင်လတ်တည်း။

မောင်မောင်လတ်သည် ယခင်က ချောင်းပြုသို့ တစ်ကိုယ်တည်း လာစဉ် ဖြစ်သည်။ မြတောင်နှင့် မိမိငယ်တို့ အိမ်တွင် တစ်ကြိမ် ဆုံပြီးနောက် တွင် သူ့အနေအထား ပြောင်းလဲလာ၏။ ကုလား စစ်သား နှစ်ယောက် နောက်ပါ အဖြစ် ပါလာလေရှိသည်မှာ မကြာသေး။ သူ့အထာကို မည်သို့ရှိသည် မသိရသေး။

ကိုရွှေလှသည် မောင်မောင်လတ်ကို မသိပေ။ သို့ကြောင့် ရန်သူ မိတ်ဆွေ မခွဲခြားတတ်။ ကုလား နှစ်ယောက်မှာမူ ရန်သူ ဖြစ်ပေသည်။

မောင်မောင်လတ်တို့သည် ကိုရွှေလှ ပုန်းအောင်းနေသော သစ်ပင်ရှေ့သို့ ရောက်လာကြ၏။ ထို့နောက် လွန်သွားသည်။

"ယောက်ျား..."

ဟူသော အသံနက်ကြီးသည် ကုလား နှစ်ယောက်၏ နောက်မှ ပေါ်လာ၏။ ကိုရွှေလှသည် မြင်းကို အပြင်းနှင်ကာ ဓားဝဲလွှင့်၍ ကုလားနှစ်ယောက်ကို ဝင်ခုတ်၏။

"မြတောင်တပ်ကွ... ယောက်ျား..."



ကုလား နှစ်ယောက်မှာ ရိုင်ဖယ်သေနတ်ကို မြှောက်ချိန်ချိန် မရလိုက်ကြ။ ဓားအောက်တွင် အသက်ပျောက်ကုန်ကြသည်။

နောက်ပါ နှစ်ယောက် ခေါင်းပြတ်သွားချိန်တွင် မောင်မောင်လတ်က ပြောင်းတိုသေနတ်ကို ဆွဲထုတ်၏။ ကိုရွှေလှက သွက်လက်သည်။ ပြောင်းတိုသေနတ်ကို အောက်မှ ပင့်ခုတ် ခုတ်ချလိုက်၏။ သေနတ်သည် ပဲ့ရွဲ့ပြီး လွင့်စဉ်သွားတော့သည်။

မောင်မောင်လတ်မှာ ကြောက်အားလန့်အားနှင့် ရွာထဲ ဒုန်းစိုင်းဝင်လာ၏။ သူသည် ခြံဝတွင် စောင့်နေသော ကိုကြာလန်းကို မမြင်၊ အိမ်ပေါ်သို့ ဒရောသောပါး ပြေးတက်လာ၏။

"မြတောင်... မြတောင်..."

သွေးရူးသွေးတန်း ပြေးတက်လာသည်တွင် မီးရောင်အောက်၌ မိမိငယ်အား ရပ်၍ နှုတ်ဆက်နေသော မြတောင်ဗိုလ်အား မြင်ရသောအခါ မောင်မောင်လတ်မှာ ပါးစပ် ဟကာ မျက်လုံးကြီး ပြူးသွားလေ၏။

"စိတ်ချနေမယ်နော်"

မြတောင်က နှစ်ကိုယ်ကြား ပြောလိုက်ပြီး-

"သြော်... မိတ်ဆွေကြီးပါကလား"

ဟု မောင်မောင်လတ်အား လှည့်ပြောလိုက်ရာက-

"အချိန်တောင် လင့်နေပါပေါ့လား၊ ခုနက မြတောင် မြတောင်...နဲ့ ကြားလိုက်ပါတယ်။ ဘာဖြစ်လာတာလဲ။ ပဝါတွေ ဘာတွေလည်း ဖိုသီဖတ်သီနဲ့၊ ဟော... လက်မှာလည်း သွေးတွေပါကလား"

မောင်မောင်လတ်မှာ အထိတ်တလန့်ဖြင့် လက်ကို ငုံ့ကြည့်မိသည်။ ကိုရွှေလှ၏ ဓားဖျား ထိသွားခြင်း ဖြစ်၏။ သူ ငုံ့နေစဉ် မြတောင်က ပြောင်းတို သေနတ်ကို အသင့်ထုတ်ထားပြီး ဖြစ်သည်။

"မများပါဘူး ထင်ပါရဲ့၊ ဘယ်လို ဖြစ်လာတာလဲ မိတ်ဆွေ"

"ရွာအဝင်မှာ အတိုက်ခံရတယ်၊ မြတောင်ကွ... လို့လည်း အော်တယ်။ ခင်ဗျားကလည်း ဒီမှာပါလား"

မြတောင်ဗိုလ်က ပြုံးလိုက်သည်။

"မြတောင် ဆိုတာဟာ ဒီနယ်မှာ အများကြီး ရှိတယ် မိတ်ဆွေ၊ မိတ်ဆွေတို့ ဆင်ဖြူကျွန်းရွာထဲမှာလည်း ရှိတာပဲ။ မိတ်ဆွေက ကုလားနဲ့ နီးစပ်တော့ ဒီသတင်း တဆိတ် ဆောင်ကြဉ်းသွားပါဘိ"

www.burmeseclassic.com

www.burmeseclassic.com



''ထိုင်ပါဦးလေ…''

မိမိငယ်က မောင်မောင်လတ်အား မရဲတရဲ နေရာထိုင်ခင်း ပေးသည်။

''မထိုင်တော့ဘူး မိမိ၊ ပြန်တော့မယ်''

''လက်ကို ဆေးသိပ်ပါဦးလား''

''မသိပ်ပါတော့ဘူးလေ၊ သိပ်မများပါဘူး။ ကဲ ကဲ သွားမယ်''

မောင်မောင်လတ်နှင့် မြတောင်သည် အတူတူ ဆင်းလာကြ၏။

''ခင်ဗျား တစ်ယောက်တည်း ပြန်ရဲရဲ့လား။ ကျွန်တော် လိုက်ပို့ရဦး မလား''

''ကိစ္စမရှိပါဘူး။ ရွာသား ၃ ယောက်လောက် အဖော် ငှားသွားမယ်''

သူတို့သည် မြင်းစီး၍ ဝင်းပြင်သို့ ထွက်လာကြ၏။

''ခင်ဗျားကို ကျွန်တော် ရန်မရှာတာ ခင်ဗျား အမြင်ပဲ။ ဘယ်နေရာက တိုက်လွှတ်တယ် ဆိုတာ မသိရဘူးလား''

''ရွာတံခါးနား မရောက်ခင်ဘဲ''

မောင်မောင်လတ်မှာ မြတောင်ကွ… အော်ကာ အတိုက်ခံရသည် မှန်၏ သို့ရာတွင် မိမိ သိသော မြတောင်က မိမိကို မတိုက်ကြောင်း မျက်မြင် ကိုယ်တွေ့ ဖြစ်နေသောအခါ အတော်စဉ်းစားရ ကျပ်နေရှာသည်။

''ကဲ… ခင်ဗျားကို ကျွန်တော် လိုက်ပို့ပါ့မယ်။ လူလည်း ငှားမနေပါ နဲ့၊ ဟုတ်စ''

''ကျေးဇူးတင်ပါတယ်ဗျာ၊ နေပါစေ''

''ဒါဖြင့်လည်း သွားပြီဗျို့''

မြတောင်နှင့် ကိုကြာလန်းတို့သည် ကိုရွှေလှ ဟုန်းနေသည့် တံခါးသို့ လာခဲ့ကြ၏။

''ရွှေလှ… ထွက်ခဲ့ဟေ့''

ကိုကြာလန်းက လှမ်း၍ အသံပြုလိုက်စဉ် မြတောင်က–

''ကုလား အလောင်းတွေကောကွ''

ကိုရွှေလှသည် အထူးအထွေ ဖြေမနေဘဲ သစ်ပင်အောက်မှ မြင်း နှစ်ကောင်ကို ဆွဲထုတ်လာ၏။ မြင်းပေါ်တွင် ကုလားအလောင်းတွေ ရှိနေသည်။

''ကောင်းတယ်ကွာ… ကောင်းတယ်''

မြတောင်က နှစ်ထောင်းအားရစွာ ချီးမွမ်း၏။



''ကျွန်တော်က သေနတ်နဲ့ ယမ်းတောင့်တွေ ယူထားလိုက်ပြီး မြင်းနဲ့ အလောင်းတွေ ပြန်လွှတ်လိုက်မယ် စိတ်ကူးတယ် ဗိုလ်မှူး။ ဒါမှ လမ်းမှာ တွေ့တဲ့ လူတွေက မြင်မှာ''

ကိုရွှေလှက သူ့အကြံအစည်ကို နောက်မှ လိုက်လာရင်း အားပါးတရ ပြော၏။

''ဒါလည်း ကောင်းပါတယ်''

မြတောင်က ရွာအပြင်မှ ကွေ့၍ မိမိငယ်တို့ အိမ်နောက်သို့ ဦးလှည့်လာ ရင်း ပြောသည်။

''ငါ လုပ်ချင်တာကတော့ ကုလားအလောင်းတွေရော၊ မြင်းတွေပါ ပျောက်ဖျက်ပစ်ချင်တယ်။ ဒါမှ ဟိုသစ္စာဖောက် အခက်တွေ့မယ်''

''ဟုတ်တယ်ဟော့၊ အတိုက်ခံရရင် ဘယ်မလဲ အလောင်း။ ဒီလို မေးမှာကိုး ကိုရွှေလှရ။ အလောင်းလည်း မရှိ၊ သူနဲ့ ထည့်လိုက်တဲ့ ကုလားတွေလည်း ပျောက် ဆိုတော့ သင်းကို မသင်္ကာ ဖြစ်မယ်''

ကိုကြာလန်းက မိမိ ရိပ်စားမိသော သဘောကို ဖွင့်ပြောလိုက်ရာ–

''ဟာ… ဒါက သိပ်ကောင်းတာပဲ''

ဟု ကိုရွှေလှက ကျေနပ်စွာ ဆို၏။

သူတို့သည် ဦးပိုးဟပ်၏ အိမ်နောက် တောထဲသို့ ရောက်လာကြစဉ် ရွာမှ ထွက်သွားသော မောင်မောင်လတ်၏ မြင်းခွာသံကို ကြားရသည်။ ကိုကြာလန်း နှင့် ကိုရွှေလှတို့သည် မြင်းခွာသံကို နားစွင့်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ပြုံးကြည့်မိကြလေ၏။

မြတောင်သည် မြင်းကို ကိုကြာလန်း၏ လက်ထဲ ထည့်ခဲ့ပြီး ဦးပိုးဟပ် အိမ်ဝင်းထဲသို့ နောက်ဖေးပေါက်မှ ဝင်လာသည်။

မိမိငယ်သည် တံခါးနားတွင် ရပ်စောင့်နေ၏။

''ဒေါ်သီတာကော မိမိ''

''စံပယ်ရုံအောက်မှာပဲ စောင့်နေခဲ့တယ် မောင်မောင်''

''ဒါဖြင့် လရောင်အောက်ကို သွားကြရအောင် မိမိရယ်''

မြတောင်သည် မိမိငယ်၏ ပခုံးကလေးကို အလိုက်သင့် ဖက်ကာ အပြင်သို့ ထွက်ရင်း တံခါးကို နောက်ပြန် ကန်ပိတ်ပစ်ခဲ့သည်။

ငွေစန္ဒာလမင်းသည် မြူတိမ် ကင်းရှင်းစွာ ထွန်းလင်းနေ၏။ မိမိငယ် နှင့် မြတောင်တို့သည် သစ်ရွက်ခြောက်များပေါ်တွင် ထိုင်ကြသည်။ မိမိငယ်သည် ငေးငိုင်ငိုင် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

''မောင်မောင့်ကို တကယ်ချစ်သေးရဲ့လား မိမိရယ်''

ဖြုန်းစားကြီး မေးချလိုက်သောကြောင့် မိမိငယ်မှာ အံ့အားသင့်သွားသည်။

''ဟိုတုန်းကတော့ မိမိဟာ မောင်မောင့်ကို နှစ်နှစ်ကာကာ ချစ်ကောင်း ချစ်ခဲ့ပေလိမ့်မယ်။ သို့ပေသည့် သီပေါကိုယ်တော်လေးကို မောင်မောင်က ရွတ်ပြပြီးတဲ့နောက်မှာ မောင်မောင့်အပေါ် အမျက်သိုရာက အခု မောင်မောင်လတ်နဲ့ တွေ့တော့ မောင်မောင်လတ်ဘက်ကို ပါသွားပြီလို့ မောင်မောင် ထင်တယ်။ ဟုတ်သလား မိမိ''

''ဘယ်လို မေးလိုက်တာလဲ မောင်ရယ်''

''မောင်မောင့်ကို မလိမ်ချင်ပါနဲ့ မိမိရယ်၊ မိမိကို အပြစ်ဆိုချင်လို့ မေးတာ မဟုတ်ပါဘူး။ မောင်မောင့်အနေနဲ့ ဘယ်နေ့ သေမယ် မသိတဲ့ လူတစ်ယောက်ပါ။ ဒီလို လူတစ်ယောက်ဟာ မိမိနဲ့လည်း စိတ်သဘောချင်း ထပ်တူ မဖြစ်ပြန်တော့ ရှေ့ရေး ဖြောင့်ဖြူးတဲ့ လူတစ်ယောက်ကို မိမိ ရည်မှန်းတယ် ဆိုရင်လည်း လုပ်သင့်တဲ့ ကိစ္စပါ၊ မောင် နားလည်ပါတယ်''

''မောင်…''

''မိမိ…''

''မိမိရဲ့ သစ္စာကို သံသယရှိနေပြီလား မောင်ရယ်''

''မိမိ ဘာလုပ်တယ်၊ ဘယ်လိုနေတယ် ဆိုတာကို မောင်ဟာ အစေး ကြီးကနေပြီး သိတယ်။ တစ်ရွာလုံးဟာ မောင့်သူလျှိုတွေချည်းပဲ မိမိ။ အမှန်ကို သိရရင် မောင်မောင်လေ မိမိကို ချစ်လွန်းလို့ ဝမ်းသာအားရ နောက်ဆုတ်ပေး မလို့ပါကွယ်''

''မိမိ မောင် ထင်သလို မျက်နှာမများပါဘူး။ မေတ္တာဆိုတာဟာ ရှုံ့ချည် နှပ်ချည် လုပ်လို့ မရပါဘူး မောင်ရယ်''

မိမိငယ် မြတောင်၏ ပခုံးကို ခေါင်းမှီ၍ ရှိုက်လိုက်လေသည်။ မြတောင် မှာ မိမိငယ်၏ စကားကို ယုံရကောင်းနိုး၊ မယုံရကောင်းနိုး ဖြစ်သွား၏။ သို့သော် မိန်းမ မာယာ ဆိုသည်က အများသား။

မြတောင်သည် ပင့်သက်ရှိုက်လိုက်ကာ-

''မိမိရယ်… မောင်မောင်ဟာ မိမိကို သန့်ရှင်းတဲ့ အချစ်နဲ့ ချစ်ခဲ့တာပါ။ မိမိ ယုံပါနော်။ မောင် ကျိန်ရဲပါတယ်။ မောင့်ဘဝဟာ မေးသွားပေါ် လျှောက်ရတဲ့ လူလို တစ်ချက် အတိမ်းမခံပါဘူးနော်။ မိမိ စကားကို မောင် ယုံစားနေတုန်းမှာ မိမိ ကွယ်ရာက ဖောက်ပြားရင် မောင့်မှာ ဘေးအန္တရာယ် ဖြစ်တတ်ပါတယ်''



''ဘယ်လို ပြောလိုက်တာလဲ မောင်ရယ်၊ မိမိ သစ္စာမပျက်ပါဘူး''

မိမိငယ်က မြတောင်၏ ရင်ခွင်တွင်းသို့ ခေါင်းမှေ့၍ ဝင်လာသည်။ မြတောင်က ကျောပြင်ကလေးကို အလိုက်သင့် ဖက်ထားလိုက်ပြီး-

''မောင့်မှာ တွယ်တာစရာ ဆိုလို့ တစ်လောကလုံးမှာ မိမိ တစ်ယောက် တည်းသာ ရှိပါတယ် မိမိရယ်''

မြတောင်သည် သက်ပြင်းချကာ ထရပ်လိုက်၏။

''မောင်… သွားမယ်နော်''

ပြောပြောဆိုဆို ချုံများဘက်သို့ မြတောင် ထွက်သွားလျှင် မိမိငယ်မှာ သက်မ ချလျက် ကျန်ရစ်ခဲ့သည်။

———

www.burmeseclassic.com

www.burmeseclassic.com

## ၂၅

"မြတောင်ကို မိလာပြီတဲ့ဟေ့"

ကြာအင်းမြို့သားများသည် ထိုသတင်းကို ကြားရသည်နှင့်တစ်ပြိုင်နက် မိမိတို့ မျက်နှာမူရာ အရပ်ရှိ အိုးအိမ်၊ သစ်ပင်၊ ကျွဲ၊ နွား၊ လူသူများ စောင်းဆောင်လိမ့်လူး၍ မိမိတို့ ခေါင်းပေါ်သို့ ရောက်လိုက်၊ အောက် ရောက်လိုက် ဖြစ်ကုန်သည် ထင်ကြလေ၏။

"ကိုကြာလန်းလည်း ပါသတဲ့"

ကြားရသူအပေါင်းမှာ ရုတ်တရက် မလှုပ်ရှားနိုင်ဘဲ ငေးမောကြောင်အ သွားကြရသည်။

သတိ ဝင်လာသည့်အချိန်တွင်-

"ဟဲ့… ဘယ်မှာလဲ၊ အသေ မိတာလား၊ အရှင် မိလာတာလား"

စသည်ဖြင့် အလုအယက် မေး၍ ပြေးထွက်ကြည့်ကြသည်။

မြတောင်ဗိုလ် အစစ်ပေတည်း။

မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့အား မြင်းတစ်စီးစီတွင် လက်ပြန်ကြိုးတုပ်ကာ တင်လာ၏။ သူတို့နောက်တွင် ကုလားစစ်သား နှစ်ယောက်က မြင်းတစ်စီးစီ စီးလျက်၊ ရိုင်ဖယ်သေနတ်ဖြင့် ချိန်ကာ လိုက်ပါလာသည်။

မြတောင်ဗိုလ်မှာ အပြုံးမပျက်။ သူ၏ မြစိမ်းရောင် ခေါင်းပေါင်းပဝါက အထောင် မပျက်။ ကိုကြာလန်းမှာကား ရပ်သူရွာသားများကို မျက်မှောင်ကုတ် ကြည့်လျက် ပါလာ၏။



မြင်း ၄ စီးသည် ကြာအင်းမြို့လယ်မှ ဖြတ်၍ မြောက်တံခါးမှ ထွက်သည်။

မြို့အနောက်ဘက်ရှိ ကုလားသစ်တပ်မှာ မြတောင်ဗိုလ်ကို မိလာသည် ဆိုသော သတင်းကြောင့် သစ်တပ်တံခါးကို ဖွင့်ထားပြီးပေပြီ။ မြတောင်ဗိုလ်ကား သစ်တပ်ထဲ ရောက်လာသည့်တိုင်အောင် အပြုံးမပျက်ပေ။

မြင်း ၄ စီးသည် အထည်တဲတစ်ခု ရှေ့တွင် ရပ်၍ ကုလားဖြူ ၃ ယောက်နှင့် ကုလားနက်အများ ဆီးကြိုကြသည်။ မြတောင်ဗိုလ်နှင့် ကိုကြာလန်းက ရှေ့မှ သွား၍ ကုလား နှစ်ယောက်က သေနတ်ဖြင့် ချိန်မြဲ ချိန်ထားကာ ရွက်ထည်တဲထဲ ဝင်လာကြ၏။

"မြတောင်ဗိုလ်… သူ့တပည့် မောင်ကြာလန်း"

ကုလားစစ်သားတစ်ယောက်က ကုလားစကား မပီမသဖြင့် ပြောသည်။

ကုလားဖြူ အရာရှိသည် သက်မကင်းသော အကြည့်ဖြင့် တစ်ချက် ကြည့်လိုက်ကာ-

"မင်းတို့ ဘယ်တပ်ကလဲ"

ဟု မေးရာ-

"မြတောင်ဗိုလ်ရဲ့ တပ်က"

ဟု မြန်မာလို ပီပီသသ ဖြေလိုက်စဉ်တွင် မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့၏ လက်ပြန်ကြိုးများ ပြုတ်သွားကာ-

"မြတောင်ဗိုလ်ဟေ့…"

ဟူသော အသံကြီးနှင့်အတူ ဓားများ လေတွင် ပျံ့ဝဲသွား၏။ ကုလားဖြူ ၃ ယောက်နှင့် ကုလားနက်များ လုံးထွေးပြီး ခေါင်းပြတ်ကုန်၏။

ကုလားယောင်ဆောင်လာသော ပြည်ချစ်တပ်သား နှစ်ယောက်က စက်သေနတ် နှစ်လက်ကို ပြေးဆွဲသည်။ ရှိသမျှ ရွက်ထည်တဲတွေကို လျှောက်ပစ်၏။

ကုလားတွေ အော်ဟစ်ပြေးလွှားသံ၊ စက်သေနတ်သံများနှင့် ကုလားတပ်တစ်ခုလုံး အပျက်ကြီး ပျက်လေတော့၏။

သေနတ်ဖြင့် ပစ်သူက ပစ်စဉ်၊ အချို့က သေနတ်များကို ယူသည်။ ကျည်ဆန်များကို မြင်းပေါ် တင်သည်။ မယူနိုင်တာတွေ စုပုံထား၏။ ထို့နောက် ကျည်ဆန်ပုံ၊ သေနတ်ပုံကို မီးရှို့ပြီး မြင်း ၄ စီး ဒုန်းစိုင်း ပြေးထွက်လာသည်။

ကုလားသစ်တပ်မှာ ဒုတိယအကြိမ် ပေါက်ကွဲသံကြီးများနှင့်အတူ မီးလောင် ပြာကျရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြာအင်း မြို့သူမြို့သားများမှာ တစ်ခါတော့ မြတောင်နဲ့ ကိုကြာလန်းတို့ ပွဲချင်းပြီး အသတ်ခံရပြီ… ဟု ထင်လိုက်ကြသည်။ သေနတ်သံများကို မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့ အသတ်ခံရသော အသံဟု ထင်ကြသောကြောင့် ဖြစ်၏။

သို့ရာတွင် ကုလားစစ်သား အတု ကိုရွှေလှသာနှင့် အခြားတစ်ယောက်က အလယ်က၊ မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့က ဘေးမှ ညှပ်၍ မြင်း ၄ စီး ရင်ပေါင်တန်းလျက် မြို့ထဲ ပြေးဝင်လာကြသည့်ဟန်ကို မြင်ကြရသောအခါ မယုံကြည်နိုင်အောင် အံ့အားသင့်သွားကြရလေတော့သည်။

မြတောင်ဗိုလ်တို့ ပြည်ချစ်တပ်သား တစ်စုသည် သေနတ်များ၊ ကျည်ဆံများကို မြင်းပေါ်တွင် တင်လာကြ၏။ ယင်းသည်ကို မြင်မှ ကုလားတွေ အလှည့်စားခံရကြောင်း သဘောပေါက်သွားကြလေတော့သည်။

ဤပွဲတွင် ကုလားဖြူ ၃ ယောက် အပါအဝင်၊ ကုလား ၅၀ ခန့် သေ၏။ မြတောင်၏ တပ်စခန်းကို ဝိုင်းတိုက်ရန် စီစဉ်နေစဉ် အလှည့်စားခံရသောကြောင့် ပို၍နစ်နာသည်။

မြတောင်ဗိုလ်သည် ချောင်းဖြူမှ ပြန်လာပြီး တပ်စခန်းသို့ မဝင်ဘဲ ကုလားအလောင်းများကို ခဲဆွဲ၍ ကန်ထဲ ပစ်ချ၏။ ကုလားအလောင်းမှ အဝတ်များ ချွတ်ယူထားကာ သွေးစွန်းများ စင်ကြယ်အောင် အလျှော်ခိုင်းသည်။

ထို့နောက် ကိုရွှေလှသာကို အဝတ်ခိုင်း၏။ ကိုကြာလန်းက စက်သေနတ်ကို မြင်ဖူး ကိုင်ဖူးသော တပ်သားဟောင်းတစ်ယောက်ကို သွားခေါ်ကာ ကုလားအဝတ်တစ်စုံကို အဝတ်ခိုင်းသည်။ သူတို့နောက်သို့ ကိုနီတာက အရေးတကြီး ပြေးလိုက်လာသော်လည်း မြတောင်ကို မမီလိုက်ပေ။ သူ၏ အရေးကြီးသော သတင်းကား မည်သည့်ကိစ္စနည်း။

မြတောင်ဗိုလ်သည် ကြာအင်းမြို့ထဲ မဝင်မီ ယုတ္တိရှိအောင် ဇာတ်တိုက်နေရသဖြင့် မိုးစင်စင်လင်းသွားခဲ့ရသည်။ ထိုအချိန်တွင် ရေလျှော်ထားသော ကုလားစစ်သား အဝတ်များ ခြောက်သွေ့သွားပြီ ဖြစ်သဖြင့် ပို၍အဆင်ပြေခဲ့သည်။

တပ်စခန်းသို့ သူတို့ ပြန်ရောက်သောအခါ ကိုနီတာ အိပ်ရာမှ မနိုးသေးပေ။

သို့ကြောင့် မြတောင်ဗိုလ်သည် တဲထဲ ဝင်အိပ်သည်။ တပ်တာဝန်ကို ကိုရွှေလှသာ ယူမည် ဆိုသဖြင့် ကိုကြာလန်းက စားရေးသောက်ရေး စီမံပြီး အိပ်၏။

ကိုကြာလန်းအား ကိုနီတာက လာနှိုးချိန်မှာ ဆွမ်းခံပြန်ချိန်သာ ရှိသေးသည်။



"ဟော့… ဘာလဲကွ"

"ဗိုလ်မှူးကို နှိုးပေးစမ်းကွာ"

"မင်းဟာက ဘာမှန်း မသိတာ"

"အရေးကြီးလို့ပါကွာ"

သို့ဖြင့် ကိုကြာလန်းသည် မြတောင်ဗိုလ်အား အိပ်ရာမှ နှိုးပေးရတော့၏။

"ကိုနီတာ ဘာလဲ"

မြတောင်ဗိုလ်က ကိုကြာလန်းအား မမေးဘဲ ကိုနီတာအား တန်း၍ မေးသည်။

"ကိုရင်ကြီးဗိုလ်ဆီက အခုပဲ လူလာသွားပါတယ် ဗိုလ်မှူး"

ကိုနီတာက မိမိ မျက်နှာကို မြတောင်ဗိုလ် မမြင်အောင် ငုံ့ထားသည်။

"ဘာအကြောင်းတဲ့လဲ၊ နေပါဦး… မင်းက ဘာဖြစ်လို့ ခေါင်းငုံ့ထားရတာလဲ"

ကိုနီတာ ခေါင်းမော့လာ၏။ သူ့ပါးပြင်ပေါ်သို့ မျက်ရည်ကြောင်း နှစ်ခု ဖြတ်စီးလာ၏။ မြတောင်ဗိုလ်၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားကာ–

"ဗျိုင်းကလေး ဘယ်သွားလဲ"

"ညနေကပဲ ထွက်သွားပါတယ်၊ အဲဒါကို ညတုန်းက ဗိုလ်မှူးကို ပြောရအောင် ကျွန်တော် ထွက်လိုက်လာတော့ မမီလို့ မတိုင်လိုက်ရပါဘူး"

"သူ ဘယ်သွားမယ် ပြောလဲ"

"တောင်နားလို့ ပြောသွားပါတယ်"

"ငါ သိပါတယ်ကွာ၊ သူဟာ ဆင်ဖြူကျွန်း သွားတယ်၊ အခု ကျသွားပြီ၊ ဟုတ်သလား"

"ဟုတ်… ဟုတ်ပါတယ်"

ကိုနီတာက အထစ်ထစ် အငေါ့ငေါ့ ဖြေရှာသည်။ ကိုကြာလန်းနှင့် ကိုရွှေလှသာတို့မှာလည်း ခေါင်းငုံ့ထားမိကြလေ၏။

"တောင်ကို ဗျိုင်း ထွက်သွားတယ်။ အခုနံနက် ကိုရင်ကြီးဗိုလ်ဆီက လူလာတယ် ဆိုကတည်းက သူဟာ ဆင်ဖြူကျွန်း သွားတယ် ဆိုတာ ငါ သိတာပေါ့ကွ"

ဗျိုင်းကလေး လူဝတ်လဲရသည့် အကြောင်းရင်းကို သိထားခဲ့သော မြတောင်ဗိုလ်သည် ဗျိုင်းကလေး ဆင်ဖြူကျွန်းသို့ မသွားဖြစ်အောင် တာဝန်တွေ

www.burmeseclassic.com



မရပ်မနား ပေးခဲ့သည်။ ယမန်နေ့ ညက သူ့ကို တပ်တာဝန် ပေးထားခဲ့ရာ တာဝန်ကို ကိုနီတာအား လွှဲပြီး ထွက်သွားခဲ့၏။

ဗျိုင်းကလေးသည် ပဲ့နင်းကို သတ်ချင်သဖြင့် လူထွက်ခြင်း ဖြစ်သည်။

ပဲ့နင်းသည် ဗုဒ္ဓဘာသာ မှန်ပါလျက်ကယ်နှင့် သာသနာ့ ဒါယကာ မျက်နှာ လွှဲသွားရုံနှင့် သာသနာ့ဝန်ထမ်းတို့ကိုပင် အားနာရှိသေရမှန်း မသိဘဲ ကျောင်းဝင်းထဲတွင် မြင်းစီးခဲ့၏။ ဤသည်ကို တားမြစ်သော ရှင်သာမဏေအား မခိုးမခန့် ပြောခဲ့သည်။ ထို့ကြောင့် သူ့ကို သတ်ရန် ကိုရင်ဗျိုင်း လူထွက်ခဲ့၏။

ဗျိုင်းကလေး လူထွက်ပြီးချိန်မှ စ၍ ကြာအင်းမြို့တွင် တိုက်ပွဲတွေ အဆက်မပြတ် ဖြစ်ပွားခဲ့ကာ နောက်ဆုံး ဗျိုင်းကလေးတို့ လွန်လွန်မင်းမင်း အကျအဆုံးဖြင့် ဆုတ်ခွာခဲ့ရပြီး နောက်တွင်လည်း လူသူအင်အား ဖြည့်တင်းခြင်း၊လက်နက်အင်အား ဖြည့်တင်းခြင်းဖြင့် မအားမလပ်အောင် ရှိနေရသည့်အပြင် တပ်၏ စိတ်ဓာတ် တက်ကြွရေး အတွက် တိုက်ပွဲများ မကြာခဏ ဆင်နွှဲနေရပြန်သည်တွင် အားခွင့်နားခွင့် မရခဲ့ပေ။

ယမန်နေ့ကမူ ဗျိုင်းကလေးသည် မြတောင် မရှိခိုက် တပ်ကို စောင့်ရှောက်ရန် တာဝန်ပေးခံရသည်။

ညနေတွင် ဗျိုင်းကလေး မျက်စိအောက်၌ အရူးမတစ်ယောက်သည် ဆရာတော်၏ ကျောင်းဝင်းထဲသို့ မြင်းစီးဝင်လာခဲ့၏။ ဗျိုင်းကလေး၏ အသိတွင် ကိုရင်ဘဝက တားထားခဲ့သော ပဲ့နင်းသည် မြင်းကြီးစီးလျက် ရောက်ရှိလာတော့သည်။ သူသည် ဓားကို ဆွဲချွတ်ကာ တပ်သို့ ပြန်ပြေးလာခဲ့၏။

"ဦးနီတာ... ဦးနီတာ..."

တပ်သားများမှာ မျက်ကလဲဆန်ပျာဖြင့် လိုက်ဆွဲရတော့မလို တောင်းပန်ရမလို ဖြစ်သွားကြသည်။ သို့သော် ဘာအကြောင်းကြောင့် ဓားဆွဲ လာသည်ကား မသိကြ။

"ဟေး... ဦးနီတာ၊ တယ် ဒီလူကြီး သေနေပြီလား"

"ဗျိုင်းဗိုလ်လေး... ဘာလဲ၊ ဟာ... ဓားကြီးနဲ့ ဘာဖြစ်လာတာတုန်း"

ဓားကို မြင်သောအခါ ကိုနီတာမှာ တွန့်ဆုတ်ဆုတ် ဖြစ်သွား၏။

"ကျွန်တော် တောင်နားကို ကိစ္စရှိလို့ဗျာ။ အဲဒါ တပ်ကို ခဏ စောင့်ရှောက်လိုက်စမ်းပါ"

"ဟာ... မဖြစ်ဘူး၊ ဗိုလ်မှူး လာမှ သွား"



"မစောင့်နိုင်ဘူးဗျာ"

ဗျိုင်းကလေးသည် ပြောပြောဆိုဆို ထွက်သွားတော့သည်။

"ဗိုလ်လေး... ဟေး ဗိုလ်လေး..."

ကိုနီတာက ပြေး၍ လိုက်ပါသေး၏။ ဗျိုင်းကလေးက မြင်းဒုန်းစိုင်း၍ ထွက်သွားခဲ့ပေပြီ။

"တယ်ခက်တဲ့ ဗျိုင်းပဲ... ဗိုလ်မှူးကတော့ ဆိုတော့မှာပဲ"

ဗျိုင်းကလေးသည် တစ်ရွာဝင် တစ်ရွာထွက်ဖြင့် လမ်းခရီးသတင်း စနည်းနာ၍ တစ်ဖုံ၊ တောလမ်း ဖြတ်၍ တစ်နည်းဖြင့် လာခဲ့ရာ ညနေစောင်းတွင် နွယ်တမယ်သို့ ရောက်လာသည်။ သူသည် ဆင်ဖြူကျွန်းသို့ တည့်တည့် မကူးဘဲ ချောင်းအတိုင်း စုန်လာခဲ့ပြန်၏။

ညီအစ်ကို မသိတသိ အချိန်တွင် ဗျိုင်းကလေးသည် ကျွန်းညိုရွာဘေးမှ ပတ်၍ လာခဲ့ရာ ရွာနောက်ရှိ ညောင်မှတ်ဆိတ်ပင်ကြီးအနီး အရောက်တွင် အမည်မသိ မြင်းစီးတပ်သား နှစ်ယောက် နှစ်ဖက် ညှပ်၍ မိမိထံ လာနေသည်ကို မြင်ရသဖြင့် ဓား ဆွဲထုတ်လိုက်၏။

"ဟေ့... ရပ်လိုက်ကြ၊ မင်းတို့ ဘယ်သူလဲ"

မြင်းနှစ်စီးသည် ရပ်သွား၏။

"မေးနေတာ မကြာဘူးလား၊ ဗျိုင်းကလေးတဲ့ဟေ့... အကုန်လုံး ဓားစာ ဖြစ်ကုန်မယ်"

ဗျိုင်းကလေးက ဓားကို လေထဲတွင် ဖျဲဝဲလှုပ်ရှား၍ ကြုံးဝါးလိုက်သည့် အတွက် မှောင်မည်းသော ညောင်ပင်အောက်မှ မြင်းတစ်စီး ထွက်လာကာ—

"ဟေ့... ဗျိုင်းလေး... လူမှားပါ့မယ်ကွ၊ ငါတို့ပါ"

အသံရှင်မှာ ဗျိုင်းကြီး ဖြစ်သည်။ ဗျိုင်းကြီး ခေါ် ကိုရင်ကြီးဗိုလ်သည် ဗျိုင်းကလေးထံ ချဉ်းကပ်လာပြီး မြင်းနှစ်စီး ယှဉ်ရပ်၏။

"မိုးချုပ်မှ ဘယ်က လာတာလဲ။ ဘယ်ကို သွားမလို့လဲ"

"ဆင်ဖြူကျွန်းကို သွားမလို့ ကိုရင်ကြီးရဲ့"

"ကုလားတွေ အရင်နဲ့စာရင် အစောင့်အနေ ထူထပ်တယ်ဟေ့၊ သတိနဲ့ သွား။ နေပါဦး... မင်းကိစ္စကို ငါ မသိရဘူးလား ဗျိုင်းရ"

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ကြီးဗိုလ်က ရင်းနှီးသူပီပီ မေးလိုက်ခြင်း ဖြစ်သည်။

''သိရပါတယ်ဗျာ။ ကျွန်တော် ဘာပြုလို့ လူဝတ်လဲတဲ့အကြောင်းကို ခင်ဗျား သိသလား''

''မြတောင်ဗိုလ် ပြောလို့ သိထားပါတယ်ကွာ။ ဩ... အခု ပဲ့နင်းကို သွားသတ်မလို့ ဆိုပါတော့''

''ဟုတ်တယ်... ဒီကောင်ကြီးကို မသတ်ရရင် ကျွန်တော် အသေ ဖြောင့်မှာ မဟုတ်ဘူး''

''ကောင်းတယ်။ ရှင်ဘုရင် ထိုင်သွားတဲ့ ရာဇပလ္လင် ဖင်ငွေ့မပြယ်ခင်က အမျိုး ဘာသာ သာသနာကို စော်ကားတဲ့ ဒီကောင်မျိုးကို သတ်ပစ်တာပဲ အေးတယ်''

''ဒါပဲဗျာ... သွားမယ်''

ဖျိုင်းလေးက မြင်းဇက်ကို လှုပ်၍ ရေနံစုရွာသို့ သွားသည့် လမ်းဘက်သို့ မြင်းလှည့်လိုက်၏။

''ဖျိုင်းကလေးရေ... ခဏဟေ့''

ကိုရင်ကြီးဗိုလ်က လှမ်းအော်ပြီး လိုက်လာသည်။

''ဘာများလဲ... ကိုရင်ကြီးရဲ့''

''ပဲ့နင်းကို သည့်ပြင်လူ ဖမ်းလာတာ မင့်လက်နဲ့ သတ်ရရင်ကော မကျေနပ်ဘူးလား''

''သတ်မယ်လေ... ဘယ်မလဲ''

ဖျိုင်းကလေးက သွက်လက်စွာ ဖြေ၏။

''အခုတော့ သူ့အိမ်မှာပဲ ရှိမှာပေါ့ ဖျိုင်းကလေးရာ... ဟား ဟား ဟား...''

''ကျွန်တော်က အဟုတ်မှတ်လို့၊ တယ်နောက်တဲ့ ပြိတ္တာကြီးပဲ''

ဖျိုင်းကလေးက ဖျိုင်းကြီးအား ပခုံးချင်း ဝင်ဆောင့်ပစ်သည်။

ဖျိုင်းကြီးမှာ အမှတ်မဲ့မို့ မြင်းကုန်းပေါ်မှ လည်ကျသွား၏။ သို့ရာတွင် ယင်းသို့ လည်လျက်ကပင် မြင်းကုန်းပေါ် ပြန်ရောက်လာသည်။

''နောက်တာ မဟုတ်ဘူးကွ။ အဲဒီလူကို ငါဖမ်းပေးမယ်ဆိုရင် ဘယ့်နှယ်လဲ''

''ခင်ဗျားက သူ့ကို ဖမ်းပေးတော့ ကျွန်တော်က ခင်ဗျားကို ဘာလုပ်ပေးရမလဲ''



''ဒီလို ရှိပါတယ်ကွာ။ ကုလားတွေဟာ အရင်တုန်းကဆိုရင် အဲဒီဘုရား ပရဝဏ်ထဲက မထွက်ရဲကြဘူး။ အခု မြို့ထဲမှာ ကင်းလှည့်နေကြပြီ။ နောက်တစ်ဆင့် တက်ပြီး ရွာတွေကို သူတို့ ညကင်းလှည့်ကြတော့မယ် ဖျိုင်းရဲ့။ အဲဒါ မြင်လို့ ပျို့လွှင့်ဘက်မှာ ငါ ဝင်တိုက်တာ ကုလားလည်း တော်တော်သေတယ်။ ငါ့တပ်လည်း တော်တော်နာခဲ့တယ်။ လောလောဆယ်မှာကော့ ငါဟာ တိုက်ချင်တယ်။ ဒီကုလားစုတ်တွေ ဘုရားဝိုင်းထဲ ပြန်ဝင်သွားအောင် တိုက်ချင်သေမယ့် ငါ့မှာ အင်အား မရှိဘူး။ ဒါကြောင့် ငါနဲ့ မင်းနဲ့ နှစ်ယောက်တည်း ဝင်ကြချင်တယ်။ ပဲ့နင်းကို ဖမ်းဖို့လောက်တော့ ငါ့တပည့်တွေကို ခိုင်းလိုက်မယ်။ ဘယ့်နှယ် မကောင်းဘူးလား''

''ကောင်းလိုက်ချည့်ပေါ့ဗျာ။ ဘယ့်နှယ်... ပြောပါလိမ့်''

ဖျိုင်းကလေး ဝမ်းသာအားရ ဖြေလိုက်သည့်တွင် ဖျိုင်းကြီးသည် နောက်သို့ လှည့်ကာ လက်ထောက်ဗိုလ်ကို လှမ်းခေါ်၏။

လက်ထောက်ဗိုလ်အား လုပ်ဆောင်စရာ ကိစ္စကို အမိန့်ပေးပြီးနောက် ထပ်မံ မှာကြားသည်။

''ပဲ့နင်းကို ဖမ်းပြီးရင် မင်းတို့အားလုံး သတိ ဝီရိယနဲ့ ပြန်လာကြ။ ဘုရားကြီးကုန်းဘုရားကနေ စောင့်၊ ကြားလား''

''ကြားပါတယ် ဗိုလ်မင်း''

''သူ့အိမ်သားတွေက လာရွေးလည်း မပေးနဲ့။ ရွှေကိုယ်လေးနဲ့ စက်ပြီး ရွေးပေစေ မပေးရဘူး၊ နားလည်ရဲ့လား''

''နားလည်ပါတယ်''

''အေး... တစ်သဝေမတိမ်းစေရဘူး။ ငါတို့ သွားမယ်ဟေ့''

မြင်းနှစ်စီးသည် တောအုပ်ထဲသို့ ဝင်ပါသွားခဲ့ကြလေ၏။

ဖျိုင်းကြီးနှင့် ဖျိုင်းကလေးတို့သည် လယ်ကွင်းများ၊ တောအုပ်များကို ဖြတ်သန်းလာခဲ့ကြသည်။ တစ်ယောက်နှင့် တစ်ယောက် စကားမပြောမိကြချေ။

''မြင်းတွေ ဘယ်မှာ ထားမလဲဗျ''

ရွှေပုံသာကျောင်းနှင့် ယိုးဒယားတွင်းအကြား ခင်တန်းကလေးသို့ ဖြတ်ကျော်လာမိမှ ဖျိုင်းကလေးက စတင်မေး၏။

''ရေနားမှာ ချုံပုတ်ကြီးတစ်ခု ရှိတယ်ကွ။ အဲဒီချုံမှ ဝှက်ထား ကြရအောင်''

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဘေးပတ်ဝန်းကျင်သို့ လည်းကောင်း၊ ကုလားများ ခိုလှုံရာ ဘုရားဝင်းဆီသို့ လည်းကောင်း အကဲခတ်ရင်း လှမ်းကြည့်ရင်းဖြင့် ဘုရားနားသို့ နီးကပ်လာကြသည့်အတွက် မြင်းနှစ်ကောင်ကို ချုံတစ်ခုထဲတွင် ဝှက်ထားခဲ့ကြသည်။

"လာဟေ့..."

ဖျိုင်းကြီးက ရှေ့ဆောင်ကာ ဘုရားဝိုင်း၏ တောင်ဘက်သို့ မှောင်ရိပ်ခိုပြီး ပတ်လာခဲ့ကြသည်။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေ၏။

လမိုက်ညမို့ ကြယ်ရောင်များသည် ဖျိုင်းကြီးနှင့် ဖျိုင်းကလေးတို့အတွက် အားကိုး အလင်းရောင်များ ဖြစ်သည်။ သူတို့သည် ဘုရားဝိုင်း၏ စနေထောင့်သို့ ရောက်လာကြ၏။ ထိုနေရာတွင် ကုလားစစ်သားများ နေထိုင်သည့်အတွက် တစ်ယောက်ချင်း နှစ်ယောက်ချင်း ဝင်ကြရန် အကောင်းဆုံး နေရာပေတည်း။

ဖျိုင်းကြီးနှင့် ဖျိုင်းကလေးတို့သည် ဘုရားတံတိုင်းအတွင်းသို့ ခုန်ဝင်လိုက်ကြ၏။ လူနှင့် မြေကြီးနှင့် ထိမိပြီးနောက် တော်တော်နှင့် မလှုပ်ရှားကြ။ စည်မျှပင် သတိ ဝီရိယကောင်းသော စန္ဒရီပင် ဖြစ်စေ သိနိုင် မြင်နိုင်ရန် ခက်ခဲသည်။

သို့ကြောင့် ဖျိုင်းကြီးနှင့် ဖျိုင်းကလေးတို့သည် ရှေ့သို့ ဖြည်းဖြည်း တွားလာခဲ့ကြရာ လူတစ်ရပ်ကျော်ကျော် စိုက်ထူထားသော သစ်လုံးများဖြင့် ပြီးသည့် သစ်တပ်ဘေးသို့ ရောက်လာကြသည်။ သူတို့သည် ပြိုင်တူ အထဲသို့ ချောင်းကြည့်ကြသည်။ အချို့မှု ရယ်မော ပြောင်လှောင်နေကြ၏။

"ဒီနေရာ ကောင်းတယ်ဟေ့... ကြောင့်တွေ ဘာတွေ မရှိဘူး"

ဖျိုင်းကြီးက တီးတိုး လေသံဖြင့် ပြောရင်း ပခုံးတွင် လွယ်ထားသော ဓားတွေကို ဖြုတ်၍ ဖျိုင်းကလေး လက်ထဲ ထည့်၏။ ဖျိုင်းကလေးကလည်း သူ့ဓားနှစ်လက်ကို ဖျိုင်းကြီး လက်ထဲ ထည့်သည်။ နောက် ဓားများကို လက်နှစ်ဖက်တွင် ဆုပ်လျက် အပြန်အလှန် ချည်နှောင်ပေးကြ၏။

သစ်တပ်တွင်းက ဆူညံနေသော ကုလားများ ရုတ်တရက် တိတ်ဆိတ်သွားကြသည်။ ဖျိုင်းကြီးနှင့် ဖျိုင်းကလေးတို့မှာလည်း ငါတို့ ရောက်နေတာ ကုလားတွေ သိသွားလို့များလား...ဟု ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြ၏။ သစ်လုံးများကြားမှ ချောင်းကြည့်ကြသည်။ သည်တော့မှ သက်မ ပြိုင်တူချလိုက်ကြသည်။

ကုလားများ ရုတ်ခြည်း တိတ်ဆိတ်သွားရခြင်းမှာ ဆူနေသူများအပါးသို့ ကုလားဖြူ အကြီးအကဲတစ်ယောက်နှင့် ယင်သားများ ရောက်ရှိလာသောကြောင့် ဖြစ်၏။



"ဓားစာတွေ တိုးလာပြီဟေ့... ဝင်ကြစို့လား"

ဖျိုင်းကြီးက ညှိလိုက်သည်။

"ဟုတ်တယ် ကောင်းတယ်"

ဟု ဖျိုင်းကလေးက ထောက်ခံလိုက်စဉ် ဖျိုင်းကြီးသည်-

"ယောက်ျား..."

ဟု အသံဆိုးကြီးဖြင့် အော်ကာ သစ်တပ်တွင်းသို့ ခုန်ဝင်သွားလေ၏။

ကုလားများမှာ ခုခံချိန် ရှောင်တိမ်းချိန် မရ။ အထွေးထွေး သေကုန်သည်။ အော်ဟစ်သံများ ပြေးလွှားသံများဖြင့် ဝရုဲသားတို့ ပြေးလွှားအော်ဟစ်သံများနှယ် ပွက်ပွက်ရိုက်နေစဉ် "ယောက်ျား..." ဟူသော အသံဆိုးကြီးဖြင့် ဖျိုင်းကလေးက နောက်ထပ် ခုန်ဝင်လာပြန်၏။

"ဖျိုင်းကြီးတဲ့ဟေ့"

"ဖျိုင်းကလေးတဲ့ကွ"

ကြုံးဝါးသံများသည် မြေတုန်ဘနန်း ရိုက်ဟည်းသည်။

ဖျိုင်းကြီးနှင့် ဖျိုင်းကလေးတို့သည် မီရာ ကုလားများကို အလွတ်မပေး။ ထွက်ပြေးသူများ နောက်သို့လည်း ကြက်သူငယ် စွန်ရဲသုတ်သလို လိုက်လံခုတ်သတ်ကြလေ၏။

မိစ္ဆာဒိဋ္ဌိများသည် သင်းတို့ ဖိနပ်စီး၍ စော်ကားခဲ့သော ဘုရားမြေကို သင်းတို့၏ လည်ချောင်းမှ ပွက်ပွက်သွန်သော သွေးဖြင့် ဆေးကြောကြရတော့သည်။

ဖျိုင်းကလေးသည် လင်းယုန်ငှက်ကဲ့သို့ လျင်မြန်၏။ ဖျတ်လတ်၏။ အခွင့်သာခိုက်မို့ တရကြမ်း ခုတ်သည်။ သူ့ဓားနှစ်လက်မှာ ကုလားသွေးဖြင့် ရွှဲအိုင်နေကာ သူ့တစ်ကိုယ်လုံးလည်း ကုလားသွေးဖြင့် ရွှဲဘိသည်။

"ဖျိုင်းကြီးကွ..."

"ဖျိုင်းကလေးကွ..."

သူတို့သည် ကုလားများကို အလွတ်မပေးတမ်း ခေါင်းဖြတ် ခုတ်သတ်ကြပြား လွတ်သွားသော ကုလားများလည်း ရှိသေး၏။ ရာနှင့်ချီ ရှိနေသော ကုလားများကို နှစ်ယောက်တည်းဖြင့် ခုတ်သတ်ရသည့်အတွက် ကွမ်းတစ်ယာညက်အကြာတွင် နှစ်ယောက်လုံး လက်ပန်းကျလာကြသည်။ လွတ်သွားသော ကုလားများသည် စက်သေနတ်ဖြင့် ပြန်လှန်ပစ်ခတ်စပြုလေ၏။

"ဖျိုင်းကလေးတဲ့ဟေ့"

www.burmeseclassic.com



ဗျိုင်းကလေးကား အားတင်းလျက် လိုက်လံ ခုတ်ထစ်နေဆဲပင်။

"ဗျိုင်းကလေး... ဆုတ်ဟေ့ ဆုတ်ဟေ့"

ဓား ၄ လက်ရှိန်မှ ရှောင်တိမ်းပြေးလွှားသော ကုလားအချို့မှာ ခုခံသော ကုလားများ၏ စက်သေနတ် ကျည်ဆန်ကြောင့် တုံးခနဲ တုံးခနဲ လဲသေကြပြန်၏။ ဗျိုင်းကြီး ဗျိုင်းကလေးကို ခုခံရာတွင် အချင်းချင်းကိုပင် မငဲ့ကွက်စတမ်း ပစ်ခတ်ကြခြင်း ဖြစ်သည်။

"ဗျိုင်းကလေးတဲ့ဟေ့ နော်... ဗျိုင်းကလေးတဲ့ဟေ့..."

ဗျိုင်းကလေး၏ ကြုံးဝါးသံက ဆင်ဖြူကျွန်း တစ်ရွာလုံးကိုပင် သိမ့်သိမ့်ခါစေတော့မယောင် ကျယ်လောင် ဟိန်းညံ၏။ သူသည် ဗျိုင်းကြီး၏ သတိပေးသံကို မကြားဘဲ တရကြမ်းသာ နင်းခုတ်နေသည်။

"ဆုတ်ဟေ့... ဆုတ်ဟေ့... ဗျိုင်းကလေးရေ... ဆုတ်ပါတော့လား"

ဗျိုင်းကြီးသည် အော်ဟစ် သတိပေးရင်း သစ်တပ်ကို ခုန်၍ ဘုရားဝိုင်း၏ တောင်ဘက်သို့ ခုန်ထွက်သွားလေသည်။

ဗျိုင်းကြီး ထွက်သွားလျှင် ဗျိုင်းကလေးသည်လည်း ဆက်မခုတ်တော့ဘဲ သစ်တပ်နံရံဆီသို့ အားယူ ပြေးလွှားလာ၏။ ကျည်ဆန်များသည် သူ့အားမှ ပွတ်သပ် ပျံဝဲလာသည်။ ကျည်ဆန် သုံး လေးတောင့်သည် ဗျိုင်းကလေး ခုန်ချိန်၌ ခြေထောက်ကို လာမှန်၏။

"ဟား..."

ဟူသော ကုလားများ၏ အော်သံသည် ဘုရားဝိုင်း တစ်ခုလုံး ညံသွားသည်။ အကြောင်းမူကား ဗျိုင်းကလေးမှာ အားယူ၍ ခုန်စဉ် ခြေထောက်ကို သေနတ် အမှန်ခံရသဖြင့် အပြင် မရောက်ဘဲ သစ်ချွန်များပေါ်သို့ ကားခနဲ ကျကာ တံကျင်လျှိုပြီးသား ဖြစ်သွားသောကြောင့်တည်း။

ထိုနေရာတွင် သစ်လုံးများကို ချွန်စိုက်ထားရုံသာမက ဝါးများကိုပါ ချွန်၍ ဆင့်ထားသည့်အတွက် ဗျိုင်းကလေး အသေဆိုးရခြင်း ဖြစ်ပေသည်။

ဗျိုင်းကလေးတစ်ယောက်၏ အသက်နှင့် လဲလှယ်လိုက်ရသော ကုလားအလောင်းများကို ညတွင်းချင်း ဖျောက်ဖျက်ရန် ကုလားများ စီမံကြ၏။ သို့ရာတွင် သောက်သောက်လဲ သေနေသော ကုလားများကို ညတွင်းချင်း မြှုပ်နှံရန်မှာ ရိုးရိုးလုပ်၍ မရ။ သို့ကြောင့် အနောက်ဖျားရှိ ရေတွင်းများထဲသို့ အလောင်းတွေ ပစ်ချကာ မြေဖို့ပစ်ကြရ၏။



နံနက်လင်းသောအခါတွင် ရပ်သူရွာသားများမှာ သစ်တပ်ထိပ်တွင် တံကျင်လျှိုလျက် ကျဆုံးသွားသော ဗျိုင်းကလေးကို သွေးစွန်း နီမြန်းသော ကိုယ်၊ သွေးစေးတို့ လူးခြယ်သော ဓားနှစ်လက် ဝဲ ယာ စွဲထားသော ဟန်ဖြင့် ရင်ထုမနာ မြင်ကြရသည်။

ကုလားများက ဗျိုင်းကလေး၏ အလောင်းကို မဖယ်ရှားခြင်းမှာ-ကြည့်ကြ၊ ဒီလို အသတ်ခံရမယ်...ဟု ဟန်ဆောင် ခြောက်လှန့်လိုသောကြောင့် ဖြစ်၏။ အမှန်မှာမူ ဗျိုင်းကလေး အဘယ်ကြောင့် ကျဆုံးရကြောင်းကို ညာခြေတွင် ထိမှန်ထားသော သေနတ်ဒဏ်ရာများက သက်သေခံနေလေ၏။

ဗျိုင်းကြီး၏ တပ်နှင့် ပြန်ဆုံရန် သတ်မှတ်ထားသော ဘုရားကြီးကုန်းဘုရားသို့ ဗျိုင်းကလေး ပြန်ရောက်မလာသည့်အခါတွင် ဗျိုင်းကြီးသည် မိမိ၏ တပ်သားများအား မဟာစေတီလှဘုရားဝိုင်း တောင်ဘက်ပိုင်းသို့ ကင်းထောက် စေလွှတ်သဖြင့် ဗျိုင်းကလေး မရှုမလှ ကျဆုံးခဲ့ရကြောင်း သိရတော့သည်။

ဗျိုင်းကလေး ဆုံးမချင်သော ပဲ့နင်းသည်လည်း လက်ထောက်ဗိုလ်နှင့် တပ်သားအချို့ ဖမ်းဆီးလာသောကြောင့် မျက်နှာငယ်ကလေးဖြင့် ရောက်နေသေပြီ။ သူက ဗျိုင်းကြီး၏ ခြေကို ဖက်၍ တောင်းပန်သည်။ ရှိသမျှ စည်းစိမ် ပုံအပ်ပေး၏။

"ကုလားကို အားကိုးပြီး သာသနာကို စော်ကားတဲ့ လက်နဲ့ လာမထိနဲ့ဟေ့"

ဗျိုင်းကြီးသည် ပဲ့နင်းအား ကန်ကျောက်ပစ်လိုက်ကာ-

"ဟေ့... တံတိုင်းပေါ် တင်ထားလိုက်ကြ"

ဟု အော်ဟစ် အမိန့်ပေးပြီးနောက် ပဲ့နင်း အော်ဟစ် ရုန်းကန်နေသည့်ကြားက-

"ညီလေးရေ... မင်းကိုယ်စား ငါ့လက်နဲ့ သတ်ပြီဟေ့။ ရောက်ရာဘဝက သာဓု ခေါ်ပေတော့ကွာ"

ဟု ငိုသံကြီးဖြင့် အော်လျက် ပဲ့နင်းအား ခုတ်သတ်လိုက်လေ၏။

ပဲ့နင်းသည် တစ်ချက်တည်းဖြင့် အသက်ထွက်သွားပြီ ဖြစ်သော်လည်း ဗျိုင်းကြီးက-

"သာသနာကို စော်ကားဦးဟ။ ကိုယ့်အမျိုးကို ကာပြန်ဦးဟ။ မိုက်ရိုင်းဦးဟ..."

ဟု ဒေါသတကြီး အော်ကာ ဆက်၍ ဆက်၍ ခုတ်သည်။

www.burmeseclassic.com



ဖျိုင်းကြီးသည် ဖျိုင်းကလေး၏ ကိုယ်စား လက်စားချေပြီးနောက် ထမင်းအိုးတစ်လုံးချက်ခန့် ကြာအောင် မျက်နှာ လက်ဝါးအုပ်၍ ငြိမ်သက်စွာ ထိုင်နေခဲ့သည်။ ထို့နောက် မြင်းသည်တော်တစ်ယောက်ကို မြတောင်ဗိုလ်ထံ လွှတ်လိုက်လေ၏။

ဖျိုင်းကြီးထံမှ တပ်သား ပြောခဲ့သမျှကို ကိုနီတာက အသေးစိတ် ပြန်ပြောင်းပြောပြပြီးနောက် ခေါင်းငုံ့၍ ရှိုက်နေလေသည်။ တဲအတွင်း၌ ငြိမ်သက် တိတ်ဆိတ်သွား၏။ ကိုကြာလန်းနှင့် ကိုရွှေလွှာတို့မှာ ခေါင်းငုံ့နေကြသည်။

မည်သူ့ထံမှ မသိ၊ ရှိုက်သံ ပေါ်လာ၏။

"ဟော… ဘယ်သူလဲကွ ငိုတာ။ ဒါဟာ ငိုစရာလားကွ"

မြတောင်က ကြမ်းကို ဖနောင့်ဖြင့် ပေါက်ရင်း အော်ဟစ်လိုက်သည်။ ကိုနီတာတို့မှာ လန့်ဖျပ်သွား၏။ မြတောင်အား ထိတ်လန့်စွာ ကြည့်မိကြသည်။

မြတောင်ဗိုလ်မှာ ကိုနီတာတို့အား မကြည့်။ ခေါသဖြစ်ဟန်လည်း မပေါ်။ ဘုရားစိန်ဖူးဆီ မော့ကြည့်နေသည်။ သူ့ပါးစပ်သည် တဖြည်းဖြည်း လှုပ်လာ၍ တိုးတိုးသက်သာ အသံထွက်လာ၏။

"ဒါဟာ ငိုစရာ မဟုတ်ဘူး၊ ဒါဟာ ငိုစရာ မဟုတ်ဘူး၊ ဂုဏ်ယူစရာ ဝမ်းသာစရာသာ ဖြစ်တယ်။ ဖျိုင်းကလေးဟာ သူ့ရဲကောင်းတို့ရဲ့ မြတ်သော သေခြင်းနဲ့ ကျဆုံးသွားရတာ"

မြတောင်၏ အသံသည် ကျယ်လောင်လာ၏။ ဒေါ်ပိုင်ကြီးဘုရား ပရဝဏ်တွင်း၌ မြတောင်၏ အသံက ကျယ်လောင်စွာ ဝဲပျံလာ၏။

"ဖျိုင်းကလေးအတွက် ငါတို့ ဂုဏ်ယူရမယ်။ ယောကျ်ားကောင်းတို့ရဲ့ သွားရာလမ်းဟာ ဒါပဲ။ အမျိုး ဘာသာ သာသနာကို အသက်ပေး ကာကွယ်မယ်။ သစ္စာပြုထားတဲ့ မင်းတို့ ငါတို့အတွက် တစ်ခုတည်းသော နောက်ဆုံး သွားရာလမ်းဟာ ဒါပဲ ရှိတယ်။ ငါလည်း ဒီလို သေရမှာပဲ။ သေခါနီးလေလေ ငါတို့ဟာ ပိုပြီး တိုက်ရမယ်။ သတ်ရမယ်။ ကုလားကို သတ်ရမယ်၊ သတ်ရမယ်"

ခက်ထန်၍ ကျယ်လောင်၍ ကြားရသူတိုင်း သွေးပျက် ထိတ်လန့်စရာ ကောင်းသော အသံကြီးသည် ဒေါ်ပိုင်ကြီးဘုရား ပရဝဏ်အတွင်း၌ ရိုက်ခတ် မြည်ဟိန်းနေရာက အပြင်သို့ ကျယ်လောင်စွာ လွင့်ပျံသွားလေ၏။

## ၂၆

တနင်္ဂနွေထောင့်သို့ မျှော်လျှင် မန္တလာကန်သည် ကြာအင်းမြို့၏ အသရေကို ဆောင်နေသည်။

ကြာအင်းမြို့သည် တိမ်ကောခဲ့ပြီ။ ယခုမူ ဆုတ်ယုတ်နေချေပြီ။

ကြာအင်းမြို့ကို အမှီပြု၍ တူးဖော်ခဲ့သော မန္တလာကန်သည်လည်း ကြာအင်းမြို့ တိမ်ကောသလို တိမ်ကောခဲ့၏။ ကြာအင်းမြို့ ဆုတ်ယုတ်သလို လည်း ဆုတ်ယုတ်နေပြီ။ သို့ပေတြား ကန့်မင်း မန္တလာ၏ အသရေသည် ကျန်ရှိ နေသေး၏။ ဝမ်းဘဲ ဟင်္သာတို့ ပျံဝဲပျော်မြူးနေကြသည်။ ကြာမျိုးတို့မူ သုဉ်းလေပြီ။

တောင်ဘက်တွင်မူ ငါးမျက်နှာ ကန်မင်းသည် တင့်တယ်၏။ မန္တလာ ကန်မင်း၏ တစ်ချိန်သော ကာလက ရှိခဲ့ဖူးသော အသရေကို ဆောင်၍ ကြာမျိုး ငါးမည်တို့ ကြိုင်လှိုင်၏။ ရေငှက်တို့ စည်ကားပျော်မြူး၏။ သင်းရနံ့ကို ဆောင် ၏။

မြတောင်သည် စာတစ်စောင်ကို ကိုင်ထားရင်း ငေးနေသည်။

စာမှာ မိမိငယ်ထံမှ စာ ဖြစ်၏။ မိမိငယ်က မြတောင်အား မိမိထံ ဆက်ဆက်လာပါရန် မှာကြားသော စာ ဖြစ်ပေ၏။

မြတောင်သည် ငြိမ်သက်နေရာက လှုပ်ရှားလာပြီး ဘုရား ရင်ပြင်တော် ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ကိုကြာလန်းသည် မနီး မဝေးမှ ရပ်လျက် မြတောင်၏ အရိပ်အကဲကို စောင့်ကြည့်နေ၏။

ချစ်သူ့ထံမှ အမှာစာ ရောက်လာလျှင် ချစ်စိတ် ချစ်သွေး ဝင်စားလာရ သည်မှာ ဓမ္မတာပင် ဖြစ်သည်။ ချစ်သူ့မျက်နှာကို မြင်ယောင်ကာ ချစ်အားချစ်ဓာန်

www.burmeseclassic.com



တက်ကြွလာမည်သာပင်။ မြတောင်သည် မိမိငယ်၏ ချစ်စဖွယ် မျက်နှာ[illegible] တရေးရေး မြင်ပြီး ရင်တွင်း တသိမ့်သိမ့် လှုပ်ကြွနေပေမည်လော။

"ကိုကြာလန်း…"

သူက လမ်းလျှောက်နေရာက စေတီထောင့်တွင် ရပ်လိုက်၏။

"ဗိုလ်မှူး…"

ကိုကြာလန်းက ပြေးလာသည်တွင်-

"ကိုနီတာနဲ့ ကိုရွှေလှသာကို သွားခေါ်ချေဗျာ"

သူ့စိတ် နှုံးညံ့နေသည်မှာ မှန်၏။ သူ့စိတ် ခက်ထန်လာလျှင် သူ့စ[illegible] အသုံးအနှုန်းများ ယခုလို မချိုသာပေ။ သူသည် တစ်စုံတစ်ရာကို နက်နက်[illegible] တွေးဟန်ဖြင့် ဆက်၍ လမ်းသလားနေ၏။

"လာပါပြီ ဗိုလ်မှူး…"

မကြာမီ သူ့ရှေ့သို့ ကိုနီတာနှင့် ကိုရွှေလှသာ ရောက်လာကြသည်။

မြတောင်က လက်ထဲမှ စာကို မြှောက်ပြလိုက်ကာ-

"ဒီစာ လာပေးတဲ့လူကို ခင်ဗျားတို့ သိကြသလား"

"မသိပါဘူး ဗိုလ်မှူး"

"သူ့ကို ဘယ်နားမှာ တွေ့လဲ"

"ရေပြွန်နားမှာ တွေ့ပါတယ် ဗိုလ်မှူး"

"ကောင်းပြီး… ဒီဘုရားဝိုင်းထဲမှာ ကျုပ်တို့ လှုပ်ရှားသွားလာနေ[illegible] ကို အဲဒီရေပြွန်နားကနေပြီး မြင်နိုင်သလား"

ကိုနီတာနှင့် ကိုရွှေလှသာတို့ ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားကြသည်။

ကိုကြာလန်းက-

"ဟာ မြင်ရတာပေါ့ ဗိုလ်မှူးရဲ့"

ဟု ဝင်ဖြေရာ-

"အေး… အဲဒါမှာ ကိုနီတာ ပေါ့လျော့တာပဲ။ ကင်းစည်းကို [illegible] ပြီး လူစိမ်းကို အဝင်မခံသင့်ဘူး။ ဒီလူကိုလည်း ငါ မသင်္ကာဘူး"

မြတောင်သည် လက်ထောက်ဗိုလ်များကို ထားခဲ့ကာ စေတီ တ[illegible] ထောင့်သို့ လျှောက်သွားပြန်၏။ ထိုနေရာတွင် ရပ်ကြည့်နေပြီးမှ ပြန်လျှော[illegible] လာကာ-

"မြို့သစ်နားမှာ တို့ ကြည့်ထားတဲ့ တောင်ခေါင်းနှစ်ခုကို ကိုနီ[illegible] အခု ထပ်ပြီး သွားကြည့်ပါ၊ နားလည်လား"

"နားလည်ပါတယ် ဗိုလ်မှူး"

"ကိုရွှေလှသာက တပ်ကို စောင့်ရှောက်ရင်း ကျန်ခဲ့ပြီး၊ တပ်ရွှေ့ပြောင်းဖို့ [illegible]ရန်သင့် စီမံထားရမယ်၊ နားလည်လား"

"ဟုတ်ကဲ့… ဗိုလ်မှူး"

"ကိုနီတာ ပြန်ရောက်လာလို့ ဟိုနေရာမှာ အခြေအနေ ကောင်းမြ[illegible]ကောင်းနေတယ်ဆိုရင် နှစ်ယောက် တိုင်ပင်ပြီး တပ်ရွှေ့ရမယ်။ စခန်းသစ်ကို [illegible]ားရင် တစ်နေရာတည်းကိုချည်း လမ်း မလုပ်ရဘူး၊ နေရာပြောင်းပြီး ဝင်ရ[illegible]က်ရမယ်"

"အဲဒါ… ဘယ်လို"

ကိုနီတာက နားမရှင်းသဖြင့် မေး၏။

"ဒီလိုကွာ… ဒီနေရာကိုချည်း ဖိပြီးနင်းနေရင် လူသွားလမ်း လမ်းရာ [illegible]င်သွားမယ်။ အနံ့အပြား ဖြန့်နင်းတော့ အရာမထင်ဘူး"

"ဟုတ်ကဲ့… ဗိုလ်မှူး၊ စခန်းကို လူမသိအောင် လုပ်တာ မဟုတ် [illegible]"

"အေး… ဟုတ်တယ်၊ စခန်းရွှေ့ရင် အရုဏ်မတက်မီ ပြီးစီးစေရမယ်၊ [illegible]လည်လား"

"လည်ပါတယ် ဗိုလ်မှူး"

"အဲဒီစခန်းကို ရောက်တဲ့အချိန်က စပြီး မီးမလှုံရဘူး၊ ထမင်း ဟင်းကို [illegible]ြား သွားချက်ရမယ်။ နားလည်လား ကိုနီတာ"

"ဟုတ်ကဲ့… ဗိုလ်မှူး"

"ရွှေ့ပြီးရင် ကြောင်ကို အစောင့် ၅၀ နဲ့ ထားပစ်ခဲ့။ ကျန်တဲ့ လူ [illegible]အားဟာ ဒီစခန်းဟောင်းကို ပြန်ပြီး ဝိုင်းထားရမယ်။ အဲဒါကို ကိုနီတာ [illegible]းပါ"

"ဟုတ်ကဲ့… ဗိုလ်မှူး"

"ကိုရွှေလှသာက သေနတ် ၁၀ လက်နဲ့ ဘုရားထဲ ပြန်ဝင်နေရမယ်"

"ကောင်းပါပြီ ဗိုလ်မှူး"

"ကဲ… ကိုကြာလန်း တို့ သွားကြစို့။ ချောင်းဖြူကို သွားမယ်"

မြတောင်သည် ပြောပြောဆိုဆို ဘုရားဝိုင်းထဲမှ ထွက်လာသည်။ [illegible]ကြာလန်းသည် နောက်မှ အပြေးလိုက်လာကာ မြင်းပြင်ပေး၏။ ခဏအတွင်း

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများသည် တိတ်ဆိတ်သော ငါးမျက်နှာကန်ပေါင်၏ ညဥ့်ယံကို ဖော
ထွင်း ထွက်ပေါ်လာသည်။

မြင်းနှစ်စီးသည် ချောင်းဖြူ အရောက် အပြင်းနှင်လာခဲ့၏။

သို့သော် မြင်းနှစ်စီးသည် ချောင်းဖြူရွာတွင် မရပ်တန့်ဘဲ ရွာကို ကျော်
သွားသည်။ မြန်မာခရီး တိုင်ဝက်ခန့် လွန်အောင် နှင်လာခဲ့ပြီးမှ မြတောင်သ
မြင်းကို နောက်ကြောင်းလှည့်၍ အေးဆေး နှေးကွေးစွာ စီးလာ၏။

မြင်းနှစ်စီးသည် ရွာနှင့် တစ်ခေါ်လောက် အကွာတွင် ရပ်ကာ မြတော
နှင့် ကိုကြာလန်းတို့သည် မြင်းပေါ်မှ ဆင်း၍ ရွာဆီသို့ တိတ်ဆိတ်စွာ ချဉ်းက
လာကြသည်။ ရွာငယ်သည် အပြစ်မဲ့သော သားငယ်လို နှစ်ခြိုက်စွာ အိပ်မော
နေ၏။ မြတောင်တို့သည် ဦးပိုးဟပ် အိမ်နောက်ဖေးသို့ ရောက်လာကြသည်

မြတောင်သည် ကိုကြာလန်းအား တစ်စုံတစ်ရာ တီးတိုး မှာကြ
နောက်ဖေးတံခါးနှင့် ခဲတစ်ပစ်ကွာရှိ ချုံထဲတွင် မြင်းနှစ်စီးနှင့် အတူ ထားပစ်ခဲ့

မိမိငယ်သည် တံခါးဖွင့်၍ အသင့် စောင့်ကြိုလင့်သည်။

"လာမှ လာပါ့မလားလို့ စိတ်ပူလိုက်ရတာ မောင်ရယ်"

မိမိငယ်က နှစ်သက်စဖွယ် ဆို၏။

"လာတာပေါ့ မိမိရယ်၊ ချစ်သူက မှာတာ မဆိုထားနဲ့ ရန်သူ
မှာကြားရင်တောင် သွားမှာပဲ"

မြတောင်က လေးနက်စေလိုသဖြင့် ပြောခြင်းလား၊ တမင်ပြောခြင်းလ
ဤသည်ကို သူသာ သိမည်။ မိမိငယ်မှာမူ ကွက်ခနဲ မျက်နှာပျက်သွားပြီး

"မိမိကပဲ ရန်သူ ဖြစ်ရဦးတော့မလိုပါကလား မောင်ရယ်၊ မိမိ
ထိတ်လိုက်ပါဘိ"

မိမိငယ်က မြတောင်၏ ရင်ဘတ်ပေါ် ခေါင်းတင် မှေးမှိသည်။ မြတော
က ကျောပြင်ကလေးကို ပွတ်သပ်နေ၏။

"မောင် လာတော့မယ့်ဆဲဆဲမှာ မိမိဆီက အမှာ ရောက်လာတာ
ဘာကိစ္စများလဲဟင်... မောင်တော့ ထိတ်သွားတာပဲ"

"မောင့်ကို မတွေ့ရတာလည်း ကြာလို့၊ ပြီးတော့လည်းပဲ..."

မိမိငယ်သည် စကားမဆက်သေးဘဲ မြတောင်ကို မော့ကြည့်သည်။

"ပြီးတော့ ဘာဖြစ်လဲ မိမိ"

"ဟော့... မြတောင်"

ရုတ်တရက် ကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာ၏။



"ခင်ဗျားကို ကျွန်တော်တို့ ဝိုင်းထားပြီးပြီ၊ လက်နက်ချပါ"

အသံရှင်ကား မောင်မောင်လတ် ဖြစ်ပေတော့သည်။

မြတောင်မှာ ယင်းအသံကို ကြားလိုက်ရသဖြင့် မည်သို့မျှ ထူးခြားမသွား
ပေ။ လှုပ်လှုပ်ရှားရှားလည်း ဖြစ်မသွားပေ။ မိမိငယ်၏ ညက်သော၊ မွှေးသော
သော ပါးကလေးကို စိတ်ရှိလက်ရှိများ မွှေးနေလိုက်ပါသေး၏။

"ဗိုလ်မြတောင် ပြောနေတာ မကြားဘူးလား"

မောင်မောင်လတ်၏ အသံက ထွက်ပေါ်လာပြန်သည်။

"အသက် မသေချင်ရင် လက်နက်ချပြီး ဒီကို လာခဲ့"

မြတောင်သည် မိမိငယ်ကို အဖက်မပျက်။ ထိုင်လျက်က ပြန်အော်၏။

"ကုလားမွေးတဲ့ ဟဲ့ ခွေး... အသက်ကို မနှမြောလို့ ကုလားကို
ကိုက်သတ်နေတာ နင် မသိဘူးလား။ အသက်သေမှာစိုးရင် နင့်လိုပဲ ကုလား
ရှေ့ သွားပြီး အမြီး နန့်နေမှာပေါ့"

ထိုအချိန်တွင် မိမိငယ်မှာ မြတောင်၏ ရင်ခွင်ထဲမှ မလှုပ်သာ မလှန်
သာ ဖြစ်နေ၏။ မြတောင်ကလည်း တင်းတင်းကျပ်ကျပ် ဖက်ထားသည်။

"မောင်ရယ်... မိမိကို အထင်မလွဲပါနဲ့နော်။ မောင် လက်နက်ချပြီး
သူတို့ပေးတဲ့ မြို့အုပ်ရာထူးကို ယူလိုက်ရင် မောင်နဲ့ မိမိတို့ ပျော်ပျော်နဲ့ စိတ်
အေးလက်အေး နေရမှာမို့ပါ မောင်ရယ်"

"မြို့အုပ်... ဟဲ ဟဲ ဟဲ... ဗမာအချင်းချင်း နှိပ်ကွပ်ပြီး ကုလားကို
ကိုးရားထူးရတဲ့ မြို့အုပ်။ ဟင်း ဟင်း... ကုလား ၁၀၀၀ တပ်ကို တစ်ယောက်
တည်း ဝင်တိုက်ရတာလောက် မမက်ပါဘူး"

"ဟော့... ဗိုလ်မြတောင် ပြောနေတာ မကြားဘူးလား၊ ပစ်လိုက်ရမလား"

မောင်မောင်လတ်၏ အသံသည် အိမ်ဆီမှ ထွက်ပေါ်လာပြန်၏။

"ပစ်မှာကိုများ ပြောနေရသေးသလား၊ ကုလား မွေးတဲ့ ခွေးရာ"

"ဗိုလ်မြတောင်... ကျွန်တော်တို့ ပြောတာကို သေသေချာချာ စဉ်းစား
ပါနော်"

ဗမာစကားကို ပီသစွာ ပြောနိုင်သော ကုလားတစ်ယောက် အသံ
ဖြစ်သည်။

"ကျွန်တော်တို့ဟာ ဗိုလ်မြတောင်လို သူရသတ္တိရှိတဲ့ အာဇာနည်ပုဂ္ဂိုလ်
တစ်ယောက် အလဟဿ အသက်ဆုံးရှုံးရတာ မလိုလားပါဘူး။ ဒါကြောင့်
ကျွန်တော်တို့ ဗြိတိသျှအစိုးရ လက်အောက်ကို ဝင်ရောက် အမှုထမ်းပါလို့ အကြံ

www.burmeseclassic.com



ပေးချင်ပါတယ်။ ခင်ဗျား ကျူးလွန်ခဲ့တဲ့ ပြစ်ချက်အားလုံးကို လျှော့ပစ်ပြီး မြို့အုပ် ရာထူး ပေးပါ့မယ်''

''ဟုတ်ပါတယ် မောင်ရယ်… မိမိကို တကယ်ချစ်ရင် အေးအေးချမ်းချမ်း နဲ့ တူပျော်ပျော် နေကြပါစို့ မောင်ရယ်''

ရင်ခွင်ထဲက မိမိငယ်က တစာစာ တိုက်တွန်းသလို အိမ်အောက် ပဲပုတ် စပါးပုတ်များကြားမှ မောင်မောင်လတ်ကလည်း-

''ဗိုလ်မြတောင်… ခင်ဗျား စိတ်ကူးမလွဲစမ်းပါနဲ့ဗျာ၊ ခင်ဗျား ကျူးလွန် ခဲ့တဲ့ အပြစ်တွေလည်း လျှော့ပစ်ဦးမယ်၊ မြို့အုပ်ရာထူးလည်း…''

''ဟဲ့ ခွေး… တိတ်လိုက်စမ်း''

မြတောင်က လှမ်းငေါက်လိုက်သဖြင့် မောင်မောင်လတ် ပါးစပ်ပိတ် သွား၏။

မြတောင်က-

''ငါ့အိမ်ထဲ ဝင်ပြီး ငါ့ကို ကိုက်ရအောင် လာတဲ့ ခွေးရူးကို ငါ ရိုက် လွှတ်တာ အပြစ်ရှိတယ်လို့ ခေါ်မလား ခွေးရဲ့။ နင့်သခင် ခွေးယုတ်တွေ ရွာတွေ မီးရှို့၊ လူတွေ သတ်၊ သမီးပျိုတွေကို မုဒိမ်းကျင့်၊ ဘုန်းကြီး ရဟန်းတွေ ကို သတ်၊ ဘုရားစေတီတွေကို ဖောက်ထွင်းဖျက်ဆီးတဲ့ ရာဇဝတ် အပြစ်ကြီးတွေ ရှိနေတာ။ အဲဒါကို နင် မသိဘူးလား ဟင် ခွေး''

''မြတောင်ဗိုလ်… ခင်ဗျား ပြေးလည်း အပိုပဲ။ အေးအေးနဲ့ ပြောရ ရင် ပစ်ဖမ်းရလိမ့်မယ်''

မောင်မောင်လတ်၏ အသံသည် ခက်ထန်လာလေ၏။

''မောင်ရယ်… မိမိကို မသနားတော့ဘူးလား မောင်ရယ်။ သူတို့ ပြောတာ အင်မတန် ကောင်းပါတယ် မောင်ရယ်''

မိမိငယ်က တစ်မျိုး။

''မောင် ဘယ်လိုပဲ အခွင့်အရေးတွေ ရနေပေမယ့် မောင့်ကို ယုံကြည်ပြီး မောင့်သစ္စာကို ခံယူပြီး မောင့်အမိန့်ကို တစ်သဝေမတိမ်း နာခံနေကြတဲ့ မောင့် ကပ်သား ၂၀၀၀ ကို မောင် သစ္စာမဖောက်ပါရစေနဲ့ မိမိရယ်။ ယောက်ျား မဟုတ်တဲ့ အလုပ်ကို မိမိရဲ့ တစ်မျက်နှာလေး ကြည့်ပြီး ကျူးလွန်ရတော့မှာ လားကွယ်''

''ဟော့… မြတောင် လက်နက်ချပါ''

မောင်မောင်လတ်၏ အသံ ပေါ်လာပြန်ချေ၏။



''မိမိ ဒီကို ပြေးခဲ့ပါ''

မြတောင်သည် မိမိကို ပွေ့၍ ရပ်လိုက်ကာ-

''မိမိ သွားလေ… ခေါ်နေတယ်''

ဟု အော်၍ မိမိငယ်အား မလွှတ်ဘဲ နောက်သို့ ဆုတ်ပြေးလာလေ၏။

''မပစ်နဲ့''

လရောင် ဝိုးတဝါးတွင် မိမိငယ် ထရပ်ပြီး ပြေးလာသည် ထင်သော် လည်း မိမိငယ် ပြေးမလာကြောင်း သိရသောအခါ မောင်မောင်လတ်မှာ စိတ် လှုပ်ရှားစွာ အော်လိုက်လေသည်။

မြတောင်သည် မိမိငယ်အား မြင်းပေါ် တင်ကာ ကိုကြာလန်းနှင့် မြင်းချင်း ယှဉ်၍ ဒုန်းစိုင်း ထွက်သွားလေ၏။

ကုလားများသည် မြတောင်အား အိမ်ရှေ့ရော နောက်ဖေးပါ ဝိုင်းထား ခဲ့သည်။ သို့သော် မြတောင်တို့ ရောက်လာပြီးမှ ဖြစ်သည့်အပြင် ကိုကြာလန်း ကိုလည်း ရှာဖွေမတွေ့ခဲ့ကြပေ။

မောင်မောင်လတ်မှာ ကိုရွှေလှ၏ ကောင်းမှုကြောင့် ကုလား နှစ်ယောက် အစတုံးခဲ့ရသည့်အတွက် ကုလားထဲတွင် မျက်နှာ ပျက်ခဲ့ရသည်။ ယင်းကုလား နှစ်ယောက်ကို အကြောင်းပြု၍ ကြာအင်းတပ်မှာလည်း မရှုမလှ ခံလိုက်ရ၏။ ယင်းအတွက် မောင်မောင်လတ်သည်ပင် ကိုယ့်လူ သူ့ဘက်သားလားဟု အထင် ခံခဲ့ရလေသည်။

တစ်လောကမူ မောင်မောင်လတ်တို့ စန်းထရန်အတွက် သူ့ဖခင်ကို ဗျိုင်းကြီးက နှပ်နှပ်စဉ်းပစ်လိုက်၏။ သို့ကြောင့် ကုလားတို့၏ သံသယ ပျောက် သွားသည်။ သံသယအပျောက်ကို အခွင့်ကောင်းယူပြီး မောင်မောင်လတ်က မြတောင်ကို ဖမ်းပေးမည် အာမခံ၍ တစ်ဖက်မှ မိမိငယ်ကို သိမ်းသွင်းလျက် ယင်းသို့ စီစဉ်ခြင်း ဖြစ်ပေသည်။

မြတောင်သည် ချောင်းအလွန် တောစပ်၌ မြင်းကို ရပ်ကာ မိမိငယ်အား မြင်းပေါ်မှ ပွေ့ချ၏။ မြင်း ရပ်လိုက်ရခြင်း အကြောင်းမှာ မိမိငယ် ကလန်ကဆန် လုပ်နေသောကြောင့် ဖြစ်၏။

''မိမိရဲ့ မေတ္တာကို အခုတော့ မောင်မောင် သိရပါပြီ မိမိရယ်၊ မောင် သိပါပြီ''

လရောင်တွင် ဝင်းပနေသော မိမိငယ်၏ မျက်နှာကလေးကို စေ့စေ့ ကြည့်ကာ မြတောင်က ဝမ်းနည်းသဖြင့် ပြော၏။

www.burmeseclassic.com



"မောင်မောင်... မောင်မောင်..."

မိမိငယ်သည် မြတောင်ကို ပြေးဖက်သည်။

"မိမိကို ဒီလို အထင်မလွဲပါနဲ့ မောင်ရယ်၊ မောင့်ကို မိမိ မကောင်းမကြံကြောင်း သစ္စာဆိုရဲပါတယ် မောင်"

မိမိငယ်သည် ရှိုက်၍ ရှိုက်၍နေ၏။

"ဒါဖြင့် မောင့်အပေါ်မှာ ကောင်းစေချင်တဲ့ စေတနာနဲ့ ဆောင်ရွက်တယ် ဆိုပါတော့"

မြတောင်က ပြန်လည်ပွေ့ဖက်ထားရာမှ မိမိငယ်အား မေးစေ့ကလေးကိုကိုင်၍ အမော့ခိုင်းကာ မေးသည်။

"သည်အတိုင်း အမှန်ပါ မောင်... မိမိဟာ မောင်မောင့်အပေါ်မှာ မရိုးသားတဲ့ စိတ် မရှိရိုး အမှန်ပါ မောင်"

"ကောင်းပြီ... ဒီကိစ္စ အထမမြောက်ဘဲ မောင်က ခေါ်လာတော့ မိမိ ဘာပြုလို့ ကလန်ကဆန် လုပ်တာလဲ... ဆိုစမ်းပါဦး"

မိမိငယ်သည် မျက်လွှာပင့်၍ မရဲတရဲ ကြည့်သည်။

"မောင် စိတ်ဆိုးသလား ဟင်"

"မောင် မေးတာကို ဖြေပါဦးလေ"

"မိမိ မောင့်ကို ချစ်တယ် ဆိုတာကို မိမိ သစ္စာပန်ရဲပါတယ် မောင်။ သို့ပေမယ့် မောင်ကိုယ်တိုင် နေ့ သေမလား ည သေမလား မသိတတ်နိုင်တဲ့ ဘဝမှာ မောင့်နောက်ကို လိုက်ရမလား မောင်"

"လိုက်ရမယ်... အမရာ ကိန္နရီ မဒီ သမ္ဘုလတို့လို မိန်းမမြတ်တွေကတော့ ဘယ်ဘဝရောက်ရောက် သစ္စာရှိကြတာပဲ။ မောင်လည်း မောင့်ချစ်သူကို တော်လေးဝင် မိန်းမမြတ်လို့ အထင်ရောက်ထားတော့ လိုက်လိမ့်မယ် မျှော်လင့်တာပဲ"

"မောင့်နောက်ကို မလိုက်တဲ့အတွက် မိန်းမယုတ်လို့ ဆိုချင်ရင်လည်း ဆိုပါတော့ မောင်ရယ်။ မိမိ လည်စဉ်းပေးပါ့မယ်။ မောင် သတ်ချင်လည်း သတ်သွားပါ။ မိမိ မလိုက်ပါရစေနဲ့ မောင်"

"ဒါလား... မေတ္တာစစ်"

မြတောင်က ခပ်ဆတ်ဆတ် မေးလိုက်လေသည်။

"မောင့်စကားအတိုင်း မိမိကလည်း ပြန်မေးရလိမ့်မယ် မောင်။ မိမိ ချစ်သူကို ဒုက္ခတွင်း ဒုက္ခတောထဲ ဆွဲခေါ်ချင်တဲ့ မောင်ဟာ မေတ္တာစစ် မေတ္တာမွန် ထားရှိတယ် ခေါ်နိုင်မလား ဟင်"



မြတောင် နှုတ်ဆိတ်သွားသည်။

"မောင်..."

မိမိငယ်က သွင်းချိုသော အသံကလေးဖြင့် ခေါ်၏။ မြတောင်သည် မိမိငယ်အား ငုံ့ကြည့်ရှုသာ ကြည့်သည်။

"မိမိကို မုန်းသွားပြီလား မောင်ရယ်"

"မမုန်းပါဘူးလေ... သို့ပေသည့် စကားအရာမှာတော့ မိမိကို မောင် မတုပနိုင်ပါဘူး။ မိမိက အဝေးရောက် အပျိုတော်ပေကိုး"

"ဒီလို စကားနာမထိုးပါနဲ့ မောင်၊ အခုလည်း မိမိဟာ မောင့်လက်ထဲမှာပါပဲ မောင်ရယ်။ မောင် ပြန်ပို့မှ မိမိ ပြန်ရမှာပါ။ မောင် ပြန်မပို့ဘဲ ဆောင်ကြဉ်းသွားလည်း မိမိ မခုခံနိုင်ပါဘူး"

မြတောင်က စကားမဆို။ တံတွေးကိုသာ မျိုချနေသည်။

"မိမိကို မောင် မသနားရင် မောင့်စခန်း မောင့်တပ်ကို ခေါ်သွားနိုင်ပါတယ်။ မိမိကို မောင့်အလိုကျ ပြုနိုင်ပါတယ်။ မယားပြုပြု သားပြုပြု၊ သို့ဝေသည့် မိမိ မကြည်ဖြူဘူး။ မိမိ အလိုမတူဘူး မောင်"

"ကုလားထဲမှာ ဒူးမထောက်လို့ ချစ်သူက မကြည်ဖြူဘူးဆိုလည်း ပြန်ပို့ပါ့မယ် မိမိရယ်... ပြန်ပို့ပါမယ်ဗျာ"

မြတောင်သည် တစ်ဆို့သော အသံဖြင့် ကြိုးစား ပြောရာက-

"ကိုကြာလန်းရေ... မြင်းပေါ်တက်ပြီး နောက်က သတိဝီရိယနဲ့ လိုက်ခဲ့"

ကိုကြာလန်းသည် တစ်စုံတစ်ရာ မဆို။ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်သည်။ ရှာဆီမှ မြင်းခွာသံများ ကြားရ၏။ ကိုကြာလန်း ပြန်၍ ခုန်ဆင်းကာ မြတောင်၏ မြင်းကို နီးရာ ချုံထဲသို့ ဆွဲသွင်းသည်။

မြင်းခွာသံများသည် တဖြည်းဖြည်း နီးကပ်လာ၏။ ကုလားစစ်သား ၂၀ သည် မြတောင်တို့ နေရာကို ဖြတ်ကျော်သွားသည်။ မြတောင်တို့သည် နောက် ဆက်လာဦးမည်လားဟု စောင့်နေပြီးနောက် အတန်ကြာမှ နားတစ္စင့်စွင့်ဖြင့် ချောင်းဖြူရွာဘက်သို့ ပြန်လာခဲ့ကြလေ၏။

ချောင်းဖြူ တစ်ရွာလုံးမှာ ပွက်လောရိုက်နေပေသည်။ လူများ ဆင့်ခေါ်သံ၊ အော်ဟစ်သံများ ညံသလို မီးစည်း မီးတုတ်များလည်း လင်းထိန်နေတော့သည်။ အကယ်၍ ရှေ့ကလိုက်သော ကုလားတပ်က မိမိငယ်ကို မမီ မတွေ့ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် လမ်းတစ်လျှောက် တောများကို နင်း၍ ရှာဖွေစေရန် ဖြစ်၏။ စီမံသူမှာ မြန်မာအမျိုးသား မောင်မောင်လတ်တည်း။

"ရွာသားတွေ ဒုက္ခရောက်နေပြီ မိမိရေ... သွားပေတော့"

မြတောင်သည် မိမိငယ်အား မြင်းပေါ်မှ လျှော့ချပေးသည်။ ထို့နောက် မိမိငယ်၏ ခြေနှင့် မြေနှင့် မထိမီ ပြန်၍ ဆွဲတင်ကာ အငမ်းမရ နမ်း၏။ မွတ်သိပ်စွာ နမ်း၏။

"လူတွေ ဒီဘက် လာနေကြပြီ မောင်ရယ်..."

မိမိငယ်သည် လွန့်ကာလူးကာ တောင်းပန်ကာနှင့် ပြုံးသမျှ ခံနေရသည်။

"မောင်တို့ နောက်ဆုံး တွေ့ရတာ ဖြစ်ပြီ ထင်ပါရဲ့ မိမိရယ်"

သူသည် မိမိငယ်အား ထပ်ကာထပ်ကာ နမ်း၏။

"မောင့်နှလုံးသားဟာ မီးလို ပူနေပါပြီကွယ်"

"မောင်... မောင်... လွှတ်ပါတော့ မောင်ရယ်"

"ထွက်လဟ... ထွက်လဟ... တိုးကြပါတော့လား... ဝင်ကြပါတော့လား"

ရွာဆော်ကြီး၏ အသံနှင့်အတူ မီးရောင်များ နီးသည်ထက် နီးကပ်လာသဖြင့် မြတောင်သည် မိမိငယ်ကို လွှတ်၍ ဖြည်းညင်းစွာ ပြန်လှည့်ခဲ့လေ၏။ မကြာမီ-

"ဟာ... တွေ့ပြီ တွေ့ပြီ"

ဟု ရွာသားများ ဝမ်းသာအားရ အော်သံကို မြတောင်တို့ ကြားလိုက်ရသည်။

မြတောင်၏ ရင်မှ မီးတောက်၍ ကျန်ခဲ့၏။

သူသည် မိမိငယ်အား သံသယ ဆပွား၍ မြင်သည်။ မောင်မောင်လတ်နှင့် ပေါင်းသလား၊ ကုလားလူ ဖြစ်သွားပြီလား၊ ရိုးသားစွာ ပြုမူခြင်းလား စသည်များ။

သို့ မတင်မကျ ရှိစေကာမူ မိမိငယ်ကို ချစ်မြဲ ချစ်သည်သာပင်။

သံသယသည် သံသယဖြစ်၍၊ ချစ်ခြင်းမှာ ချစ်ခြင်းသာ ဖြစ်၍ တစ်နေရာမှ ပေါက်ဖွားခြင်းဖြစ်သည် ဦးနှောက်က သံသယကို မွေး၍ နှလုံးသားက အချစ်ကို မွေးသည်။

အကယ်၍ မုန်းသည် ဆိုဦးတော့။ အချစ်သည် ပပျောက်သွားခြင်းမရှိ။ အမုန်းရှိန် မြင့်မားခြင်းက အချစ်ကို ကျော်လွှားသွားခြင်းသာ ဖြစ်သည်။ မုန်းစိတ်



လျော့ပါး အားနည်းသွားသည်နှင့်အမျှ ချစ်စိတ်က ပြန်လည်ဦးဆောင်လာခြင်းသာ ဖြစ်သည်။

မြတောင်၏ သံသယသည် ချစ်ခြင်း ဓါးသကို လည်းကောင်း မုန်းခြင်းဓါးသကို လည်းကောင်း၊ ရိုက်ခတ် လှုံ့ဆော်နေချေ၏။ သည်တွန်းကန်ခြင်းကြောင့် မြတောင်၏ ရင်မှာ မီးလို ပူနေသည်။

မြတောင်သည် သက်မ တချချဖြင့် မြင်းနောက်သို့ ပါလာ၏။

တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ရှင်ကာ ဓားကို မှီဝဲနေသော ပြည်ချစ်စစ်သားကြီး၏ ရင်ဝယ် လွမ်းမီးတိုင်သည် ထိန်လင်းနေလေပြီ။

အဝေးမှ မြင်းခွာသံများကို ကြားရသည်။

မြတောင်သည် ခေါင်းကို ထောင်လိုက်၏။ ကိုကြာလန်းသည် မြတောင်နှင့် မြင်းချင်း ယှဉ်ပူးလိုက်သည်။

"စောစောက သွားတဲ့ ကုလားတွေ ထင်တယ် ဗိုလ်မှူး"

"အေး..."

သူတို့သည် ချုံပုတ်များကြားသို့ ဝင်နေလိုက်ကြသည်။

မြင်းခွာသံများက နီးသည်ထက် နီးလာ၏။ ချုံများကြားမှ ချောင်းကြည့်သော် တရိပ်ရိပ် ပြေးလာသော မြင်းများကို မြင်ရလေပြီ။ ကိုကြာလန်းသည် မြတောင်အား အကဲခတ်သလို ကြည့်၏။ မြတောင်မှာ ညှိုးငယ်နေသည်။ မိမိငယ်အတွက် ရင်တွင်းမဆံ့ သောကလှိုင်နေဟန် ရှိ၏။

ကုလား မြင်းတွေ နီးလာပြီ။ နီးလာပြီ။ နီးကပ်လာပြီ။ ရှေ့သို့ ရောက်လာပြီ။

လျှပ်တစ်ပြက်အတွင်း မြတောင်၏ မျက်နှာမှာ တင်းမာလာ၏။ မျက်လုံးအစုံက မီးရောင်လက်လာ၏။ ဓားသည် လရောင်နှင့် လက်ခနဲ ထွက်ပေါ်လာ၏။ မြတောင်သည် မြင်းကို တရကြမ်း နှင်၍ ပြေးထွက်၏။

"ယောက်ျား..."

မိုးကြိုးပစ်သံအလား ကျယ်လောင်စူးရှသော အသံကြီးသည် ကုလားများကို ဖရိုဖရဲ ဖြစ်စေ၏။ လရောင်တွင် ဖွေးခနဲ ဖွေးခနဲ ဖြစ်သွားသော ဓားအောက်ဝယ် ကုလားခေါင်းများ တစ်လုံးပြီး တစ်လုံး မြေသို့ ကျ၏။

"မြတောင်တဲ့ဟေ့..."

ကိုကြာလန်းကလည်း ဓားကို ယမ်း၍ ထွက်ခုတ်သည်။

"မြတောင်တဲ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



မြတောင်သည် ဝဲလက်က ပြောင်းတိုသေနတ်ကိုင်လျက် ယာလက်ကဓားကို ရှေ့နောက် ဝဲ ယာ မလပ်မပြတ် ဝှေ့ယမ်းခုတ်ထစ်၏။ တောလမ်းကလေးတွင် ဖုန်တထောင်းထောင်းထ၏။ မြင်းတွေ ဗြုံလဲ၏။ မြင်းတွေ အထိတ်တလန့် အော်ဟစ်၏။ မြတောင်တို့၏ သံပြိုင် ကြုံးဝါးသံက ကုလားတို့ အထိတ်တလန့် အော်သံကို လွှမ်း၏။ သွေးစီးချောင်းက လမ်းဖုန်ကို သိပ်၍ ကုလား ခေါင်းတွေ ပြတ်သည်။

ကုလားတွေမှာ မြတောင်၏ ဓားဖြင့်လည်း သေ၏။ သေနတ်ဖြင့်လည်း သေ၏။

ဓားရေး ပိုင်ရုံသာမက မြင်းစီးလည်း အင်မတန် ကျွမ်းကျင်သည့်အပြင် တစ်ချက်ဆို တစ်ချက် ထိအောင် တိုက်ရင်းခိုက်ရင်း ပစ်နိုင်သော မြတောင်၏ အလစ်ဖြတ် အတိုက်ခံရသည့်အတွက် ကုလားများမှာ ထိတ်လန့်ခြင်း၊ အံ့ဩခြင်းဖြင့် ပြန်လည်တိုက်ခိုက်ရန် မပြင်ဆင်နိုင်မီ သေကြရ၏။ သူတို့ သေနတ်များမှာ ပူးသတ် တိုက်ခိုက်ရာ၌ အချည်းနှီး ဖြစ်ကုန်သည်။ သေနတ်ဖြင့် ပစ်နိုင်သော နေရာကို ရပြန်သော် ဖုန်လုံးကြီး ပိတ်နေ၏။

“ယောက်ျား…”

သည်အသံ ပေါ်လာတိုင်း ကုလားတွေ ခေါင်းပုကာ မျက်စိမှိတ်သွားကြသည်။

“ယောက်ျား… ယောက်ျား…”

မြတောင်တို့သည် မြောက်ဘက်သို့ လှည့်ပြေးသော ကုလားများနောက်သို့ ထက်ကြပ် ကပ်လိုက်ကာ ခုတ်သတ်ကြပြီးနောက် မြောက်ဘက်သို့ ဆက်၍ မြင်းများကို ဒုန်းစိုင်းခဲ့ကြလေ၏။

## ၂၇

မြတောင်နှင့် ကိုကြာလန်းတို့သည် ဒေါ်ပိုင်ကြီး ဘုရားဝိုင်းအတွင်းရှိ စခန်းဟောင်းသို့ အရုဏ်မတက်မီ ပြန်ရောက်လာကာ တဲထဲတွင် ဝင်ရောက် အိပ်စက်လိုက်ကြလေ၏။

ပြည်ချစ်တပ်သားများမှာ ပုရွက်တို့ အသိုက်ပြောင်းသလို တလှုပ်လှုပ်ဘရုရု ရွှေ့ပြောင်းနေကြလေသည်။ သူတို့သည် မြတောင်၏ အမိန့်အတိုင်း ရောင်နီမလာမီ ရွှေ့ပြောင်းသော ကိစ္စ ပြီးစီးကာ တောင်မကြီးပေါ်မှ လည်းကောင်း လယ်ကွက်များထဲမှ လည်းကောင်း၊ သစ်ပင် ချုံပုတ်နှင့် တောင်ကြားများမှ လည်းကောင်း၊ ဒေါ်ပိုင်ကြီးဘုရားကို ဝိုင်းရံထားလိုက်ကြလေသည်။

အရုဏ်လာလေပြီ။

“ရန်သူ လာနေပြီ”

လယ်ကွက်များအတွင်းရှိ တပ်ပုန်းများမှ ပို့လိုက်သော သတင်းသည် ကိုနီတာထံ ရောက်လာ၏။ တောင်မကြီး၏ အနောက်ဘက်၊ ကန်၏ တောင်ဘက်စသည်တို့မှ ပို့လိုက်သော သတင်းသည် ကိုနီတာထံ ရောက်လာသည်။ ကိုနီတာက တောင်မကြီးပေါ်တွင် ရှိနေသော ကိုရွှေလှာထံတစ်ဆင့် အကြောင်းကြား၏။

ကုလားများသည် ၅၀၀ မျှရှိသော အင်အားဖြင့် လေးဖက်လေးတန်မှ ဝိုင်းရံတက်လာကြသည်။ လယ်ကွင်းများ၊ တောင်ချောက်၊ တောင်ကုန်းနှင့် သစ်ပင်တောအုပ်များကြားမှ ကုလားတွေ တရွေ့ရွေ့ တက်လာကြသည်။

ကုလားများသည် မြတောင်ထံသို့ မိမိုင်ယ်၏ တာလာပို့သော လူထံမှ မြတောင်တပ် တည်ရာကို သိထားသဖြင့် ညနေကပင် ကြံအင်း ကုလားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူကျွန်းကုလားတို့ စည်းဝါးရိုက်ထားကြသည်။ သူတို့သည် မောင်မောင်လတ်၏ အစီအမံဖြင့် မြတောင်ကို ဖမ်းမိလျှင် မိ၊ မမိလျှင် အရဏ်တာက်ချိန်တွင် တိုက်မည်။ အင်အားမှု ၂၀၀ မျှသာ သုံးမည်။

ချောင်းဖြူမှ မြတောင် လွတ်ထွက်သွား၍ မိမိငယ်ထံမှ စကား အဆအနေ ရှာဖွေသောအခါ မြတောင်တွင် အင်အား ၁၀၀၀ ကျော်သည်ဟု သိကြရသဖြင့် ရှိသမျှ အင်အားကို အကုန်ထုတ်သုံးကြခြင်း ဖြစ်သည်။

"ဗိုလ်မှူး… ကုလားတွေ တက်လာပြီ"

ကိုရွှေလှသည် ကိုနီတာထံမှ သတင်းရလျှင်ရချင်း မြတောင်၏တဲ သို့ ပြေးလာကာ နှိုးတော့သည်။

"ဗိုလ်မှူး… ဗိုလ်မှူး…"

"နိုးပါပြီဗျ၊ ကုလားတွေ ဘယ်ဘက်က တက်လာသလဲ"

မြတောင်က အိပ်ရာမှ လူးလဲထရင်း မေးလေသည်။

"လေးဖက်လေးတန်က ဝိုင်းပြီး တက်လာတာပဲ ဗိုလ်မှူး"

"အေး… ကောင်းတယ်"

မြတောင်သည် ချက်ချင်းထ၍ အပြင်သို့ လှမ်းကြည့်၏။ အပြင်တွင် လုံးဝ ငြိမ်သက် တိတ်ဆိတ်နေသည်။ သို့စဉ် ကိုနီတာ ရောက်လာ၏။

"တပ်တွေကို ချက်ချင်း အမိန့်ပြန်ပါ ကိုနီတာ။ တောင်မကြီးပေါ်က စ မတိုက်မချင်း မတိုက်ဘဲ ငြိမ်ငြိမ်သက်သက် နေကြရမယ်။ တောင်မ ကြီးပေါ်က ဆုတ်မှ စခန်းသစ်ဘက်ကို ဆုတ်ကြရမယ်"

"ကောင်းပါပြီ ဗိုလ်မှူး…"

ကိုနီတာ ပြန်ထွက်သွားလျှင် မြတောင်သည် ကိုရွှေလှ၊ ကိုကြာလန်းတို့ကို ခေါ်၍ တောင်မကြီးပေါ်သို့ တက်ခဲ့၏။

မန္တလာကန်မင်းသည် လည်းကောင်း၊ ငါးမျက်နှာကန်သည် လည်း ကောင်း ငြိမ်သက် အေးဆေးသော အသွင်ကို ဆောင်မြဲ ဆောင်နေပေသည်။

အလင်းရောင်သည် တဖြည်းဖြည်း စိုးမိုးလာ၏။ ကြည့်ရ ကျင့်သားရလာပြီမို့ မြတောင်တို့သည် ကုလားတပ်များကို မြင်ရလေပြီ။

"ဗိုလ်မှူး…"

"ဘာလဲ ကိုကြာလန်း"

ကိုကြာလန်းက တစ်စုံတစ်ရာ အရေးတကြီး ပြောလိုဟန်ဖြင့် စကား စလိုက်သည့်အတွက် မြတောင်က ရန်သူ အခြေအနေကို အကဲခတ်နေရာက ပြန်မေး၏။



"ရန်သူမှာ အမြောက်လည်း ပါလိမ့်မယ် ထင်တယ် ဗိုလ်မှူး"

"ဒါ ဘာဖြစ်လဲ"

"ဘုရားပေါ်က ကျွန်တော်တို့ အလုံးအရင်းနဲ့ ခံလို့ အမြောက်နဲ့ပစ်ရင် ဘုရားပျက်လိမ့်မယ် ဗိုလ်မှူး"

"အေး… ဟုတ်တယ်"

ကျည်ထိုးပေးမည့် တပ်သားများနှင့် ကိုယ်ကိုင် ပစ်ခတ် တိုက်ခိုက်မည့် တပ်သားများကပါ ကိုကြာလန်း စကားကို ထောက်ခံကြသည်။

မြတောင်သည် တွေတွေကြီး စဉ်းစားနေလေ၏။

"အေး… ကိုရွှေလှနဲ့ ငါတို့တစ်တွေ ဒီမှာ နေခဲ့မယ်။ ကျန်လူတွေ ဘုရားကလေးတံတိုင်းထဲ ပြန်ဝင်ကြဟေ့"

သို့ဖြင့် တောင်မကြီးပေါ်တွင် ကိုရွှေလှအား ကျည်ထိုးပေးမည့်သူများ၊ ကိုရွှေလှ၊ ကိုကြာလန်းနှင့် မြတောင်တို့သာ ကျန်ခဲ့တော့၏။

ကုလားတပ်တစ်တပ်သည် လယ်ကွင်းများထဲမှ ချဉ်းကပ်လာ၏။ နောက် တစ်တပ်သည် ကန်ပေါင်ပေါ်မှ တက်လာသည်။ ဒေါ်ပိုင်ကြီး ဘုရားတံတိုင်း အတွင်း၌ လုံးဝတိတ်ဆိတ်နေ၏။

မြတောင်သည် လက်မြှောက်၍ တစ်စုံတစ်ရာ အမိန့်ပေးလိုက်သော ကုလားဗိုလ်ကို ပစ်ချလိုက်သည်။

တိတ်ဆိတ်ငြိမ်သက်နေသော မဟာဂီရိတောင်တစ်ပိုက်ကို သေနတ်သံနှင့် ၄င်း၏ ပဲ့တင်သံက လွှမ်းမိုးသွား၏။

ကုလားများသည် ဒေါ်ပိုင်ကြီးဘုရား တံတိုင်းအတွင်းသို့ ဝိုင်းဝန်းပစ်ခတ်ကြသည်။ သေနတ်သံများက ပေါက်ပေါက်ဖော်သံနှယ် ဆူညံလာလေ၏။

သို့စဉ် ကြာအင်းဘက်မှ တက်လာသော ကုလားတပ်ကလည်း ဒေါ်ပိုင် ကြီးဘုရားတံတိုင်းအတွင်းသို့သာ ဝိုင်းပစ်ကြ၏။

ဘုရားတံတိုင်းအတွင်းမှာမူ ငြိမ်သက်မြဲ ငြိမ်သက်နေ၏။

ကုလားတပ်များသည် ဘုရားတံတိုင်းခြေသို့ တမရွှေ့ ချဉ်းကပ်လာကြ သည်။

ဘုရားတံတိုင်းနောက်မှ စက်သေနတ်သံ ရုတ်တရက် ထွက်ပေါ်လာ၏။ ကုလားများ အကုံးအရုံးကျကာ အော်ဟစ်လျက် ဆုတ်ပြေးကြလေသည်။

ပုန်းအောင်း စောင့်လင့်သော ပြည်ချစ်တပ်သားများသည် ဗလုံးဗထွေး ဆုတ်ပြေးသော ကုလားများကို ဝိုင်းဝန်းပစ်ခတ်ကြတော့သည်။ ကုလားများမှာ

www.burmeseclassic.com



သည့်အခါကျမှ ညှပ်အတိုက်ခံရမှန်း သိကာ နှစ်ဖက် ပြန့်၍ တိုက်ခိုက်ကြလေ၏။ ကောင်းစွာ လင်းချင်းလာသည်နှင့်အမျှ တိုက်ပွဲ ပြင်းထန်လာလေသည်။

ကြာရန့်သည် မသင်းတော့။ ယမ်းငွေ့များသည် ငါးမျက်နှာကန်ကို ဖုံးလေ၏။

ကုလားများသည် တောင်မကြီးပေါ်ရှိ သေနတ် ၃ လက်ကို သတိမထားမိကြ။ ဘုရားတံတိုင်းအတွင်း၌ ချုံပုတ်များဆီသို့သာ သဲသဲမဲမဲ ပစ်ခတ်ကြလေသည်။

ပုန်းအောင်းနေသော တပ်များမှာ စားဖြင့် ခုတ်ခွင့်မရသည့်အပြင် အင်အားချင်းလည်း များစွာ ကွာနေသည့်အတွက် ကုလားများ သဲသဲမဲမဲ ပြန်ပစ်သောအခါ မူလ အစီအစဉ်အတိုင်း ဆုတ်ခွာသွားကြလေ၏။

ဘုရားတံတိုင်းအတွင်းမှ ရိုင်ဖယ်သေနတ်များနှင့် စက်သေနတ်သမားတို့သည် ကုလားများ နီးကပ်လာမှသာ ပစ်သည်။ ခွာသွားလျှင် အပစ်ရပ်၏။ စင်စစ် သူတို့၌ ကျည်များစွာ မရှိသောကြောင့် ဖြစ်သည်။

အေးအေးနှင့် တစ်ချက်ချင်း ပစ်နေသူများကား ကိုရွှေလှ၊ ကိုကြာလန်းနှင့် မြတောင်တို့ ဖြစ်၏။ သူတို့သည် ပိုင်လောက်မှ ပစ်သည်။ အထူးသဖြင့် ကိုရွှေလှမှာ မလွဲတမ်း ပစ်နိုင်သူ ဖြစ်သည်။

ကိုရွှေလှမှာ နားပေါက်ထဲကိုပင် အထိအခိုက် မရှိ ဝင်အောင် ပစ်နိုင်သူအဖြစ် ကျော်ကြားသည်။ သူ ပစ်လျှင် သူ့နောက်တွင် ၃ ယောက်ထက် မနည်း ရှိနေရကာ တစ်လက်ပြီး တစ်လက် ဆွဲပစ်နိုင်အောင် ယမ်းထိုးပေးကြရ၏။ ယခုလည်း သူ့နောက်တွင် တပ်သား ၃ ယောက်က ကျည်ထိုးပေးနေရသည်။

ပြည်ချစ်တပ်သားတို့ အများဆုံး ကိုင်နိုင်သော သေနတ်မှာ တူမီးနှင့် ကျောက်မီး ဖြစ်ရာ တစ်ချက် ပစ်ပြီးနောက်၊ နောက်တစ်ချက် ပစ်နိုင်ရန် မလွယ်ကူ။ မမြန်ဆန်ပေ။ ကိုရွှေလှကဲ့သို့ ယမ်းထိုးပေးသူများ ရှိနေမှသာ ဘောပွင့်ရိုင်ဖယ်သေနတ်များကို ရင်ဆိုင် တိုက်ခိုက်နိုင်ကြပေသည်။

ကုလားတစ်ယောက် ကုန်းကွ တက်လာ၏။ ကိုရွှေလှက ပစ်ချလိုက်သည်။

"ဟေ့… ရွှေလှ၊ မင့်သေနတ်က စားပြတိုက်တာကျနေတာပဲ။ မြည်လှချည့်လားကွ"

မြတောင်က ကွမ်းယာနေရာမှ လှမ်းမေးသည်။

"သရက်မီးသွေး ပါသွားလို့ ထင်ပါတယ် ဗိုလ်မှူး"



"မင်း ဒီလို ပေါ့ပေါ့ဆဆ မလုပ်နဲ့၊ သေလိမ့်မယ်"

မြတောင်က တစ်ချက် မာန်လိုက်ပြီး ကွမ်းသွေး ပျစ်ခနဲ ထွေး၍-

"မရိုးသား မီးသွေးတောင် အဆင်မသင့်ရင် တော်တော်ကြာတတ် တယ်။ သရက်သား မီးသွေး ဆိုရင်တော့ ပြီးရော ပြီးရော"

တူမီးသေနတ်နှင့် ကျောက်မီးသေနတ်တို့တွင် ကျောက်မီးမှာ မီးကူးချင်မှ ကူးသည့်အအတွက် ပြည်ချစ်တပ်သားတို့ မသုံးစွဲပေ။

တူမီးသေနတ်ပင် ဖြစ်စေ၊ ကျောက်မီးသေနတ်ပင် ဖြစ်စေ မီးသွေး ကန့်နှင့် ယမ်းကို သုံးစွဲကြရသည်။

မီးသွေး၌ သရက်သား မီးသွေးကို သုံးစွဲပစ်ခတ်လျှင် အသံကျယ်လောင်၏။ သို့သော် ကျည်ထွက် နှေးကွေးသည်။ မီးစွဲမြန်ရန်၊ ကျည်ထွက်မြန်ရန် အတွက် မရိုးပင်ကို ဖုတ်သော မရိုးသားမီးသွေးကို သုံးစွဲကြရ၏။ ထို့ကြောင့် အသံ သရက်၊ အမြန် မရိုးဟု ပြောစမှတ်ပြုကြသည်။

ကိုရွှေလှသည် ကုလားဗိုလ်တစ်ယောက်ကို လိုက်ချိန်နေပြန်၏။ နောက် ပစ်ချလိုက်သည်။

"အေးကွ… ဒါတော့လည်း မမြည်ပါဘဲလား"

မြတောင်က ရေရွတ်လိုက်ရင်း လှမ်းပစ်၏။

ကုလားတပ်များသည် ဘုရားတံတိုင်းဆီသို့ စုပြုံတက်လာကြပြန်၏။ ဘုရားထဲမှ သေနတ်သံများ တရစပ် ထွက်လာပြန်သည်။ တောင်မကြီးပေါ်မှ လည်း အဆက်မပြတ် ပစ်နေ၏။

ကုလားများသည် ထွက်ပြေးကြ၏။ သို့သော် ပြန်တက်လာရသည်။ အတုံးအရုံး သေကုန်သည့်ကြားမှ နောက်မှ အတင်းဝေါက်ငမ်း အမိန့်ပေးနေသည့် အတွက် ပစ်ခတ်ရင်း တက်လာကြသည်။

"ဗိုလ်မှူး… ဗိုလ်မှူး…"

ကိုကြာလန်းက အထိတ်တလန့် အော်၍ ဘုရားတံတိုင်းအတွင်းသို့ လက်ညှိုးထိုးပြ၏။

ဘုရားတံတိုင်းအတွင်းမှ ခုခံသော ပြည်ချစ်တပ်သားများသည် သေနတ် မပါဘဲ ဆုတ်ခွာသွားကြသည်။

"ကျည်ဆန်ကုန်လို့ ဖြစ်မှာပေါ့ကွာ"

မြတောင်က အေးဆေးစွာ ပြောလိုက်ပြီးမှ-

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ကျည်မျိုးကို ငါတို့မှ မလုပ်တတ်တာ၊ လွှင့်ပစ်ဖို့ပဲ ရှိတော့တာပေါ့ကွ။ ကျည်ကုန်ရင် တုတ်ချောင်းလောက်မှ အသုံးမဝင်ဘူး။ ကဲ… သွားကြစို့ဟေ့"

မြတောင်သည် ဘုရားတံတိုင်းတွင်း ဝင်လာသော ကုလားအုပ်ထဲသို့ တစ်ချက် ပစ်သွင်းလိုက်ပြီးလျှင် အနောက်ဘက် တောင်ကြားသို့ ဆုတ်ခွာကာ လမ်းကို ဖြတ်၍ တောထဲ ဝင်လာကြသည်။

မြတောင်မှာ ဤစခန်းကို ကြိုတင်စွန့်ခွာပြီး ဖြစ်သဖြင့် အသေအလဲ ခုခံရန် အစီအစဉ် မရှိပေ။ ရသမျှ အမြတ်ဟူသော သဘောဖြင့် မိမိဘက်မှ အထိအခိုက် မရှိအောင် တိုက်ခိုက်ပြီး ဆုတ်ခွာရန် မဆွကပင် စီစဉ်ထားခဲ့သည်။ ထို့ကြောင့် အလွယ်တကူပင် ဆုတ်ခွာလာခြင်း ဖြစ်ပေ၏။

မကြာမီ ကြိုတင်ဆုတ်ခွာနှင့်သော ကိုနီတာနှင့် ဆုံမိကြသည်။ သူတို့သည် မြက်တောများ၊ ကွင်းပြင်များ၊ ချောက်ကြားများ၊ ဆူးပင်များကို ဖြတ်သန်း၍ လာခဲ့ကြသည်။

"တို့ နေရာကို ဝင်ရင် လှိုဏ်ထဲ ဝင်ဖို့နဲ့ လှိုဏ်ပေါ်မှာ ကင်းချဖို့ စီစဉ်ပြီးပြီလားဟေ့"

"အားလုံး စီစဉ်ပြီးပါပြီ ဗိုလ်မှူး"

မြတောင်သည် ဤနေရာ ဤဒေသကို ထပ်ထပ်ကြိမ်းအောင် ဖြတ်သန်းနင်းချေပြီးသား ဖြစ်သော်လည်း စခန်းသစ် လုံခြုံရေးအတွက် ပတ်ဝန်းကျင်ကို မြင်းပေါ်မှ အဆက်မပြတ် လှည့်ပတ် အကဲခတ် လိုက်ပါလာပေသည်။

"ကုလား ၆၀ လောက် ထိပါတယ် ဗိုလ်မှူး၊ ပွဲချင်းပြီးကတော့ ၄၀ လောက် ရှိပါလိမ့်မယ်"

ကိုနီတာက ဆက်လက်၍ အစီရင်ခံ၏။

"အေး… ကုလား သေတာကတော့ မဆန်းပါဘူးကွာ။ တို့အိမ်ထဲ ဝင်လာတဲ့ ခွေးဟာ အရိုက်ခံ အသတ်ခံရမှာပဲ။ တို့ဘက်ကကော ဘယ်လောက်များတောင် ထိခိုက်သေးလဲ"

"၃ ယောက် ကျပြီး၊ ၄ ယောက် ဒဏ်ရာရပါတယ် ဗိုလ်မှူး။ ဒဏ်ရာရတဲ့ လူတွေကို နေပူခံရွာ သွားတဲ့ လှည်းအုပ်နဲ့ ထည့်ပေးလိုက်ပါတယ်"

"ဒဏ်ရာတွေက တော်တော်ကြီးသလား ကိုနီတာရဲ့"

"ပွတ်ကာသပ်ကာပါပဲ။ တစ်ယောက်ပဲ ကြီးကျယ်ပါတယ်"



"အေး… တို့ သမားတော်ကြီးလည်း ငါတို့ ဗိုသမျှ လူတွေကို ကုသပေးနေရတယ်။ ငါတို့ဆီက ဘာမျှ မရရှာဘူး"

"အရင် ၃ ပတ်ကျော် အဖိတ်နေ့က ဗျိုင်းကလေး ဒင်္ဂါး ၁၀၀ ပေးလိုက်တယ် ဗိုလ်မှူး"

ကိုကြာလန်းက ဝင်ပြောသည်။

"သူပဲ မပြောသလား၊ ငါပဲ မေ့နေသလား။ ငါတော့ အခုမှ သိတယ်"

ပြည်ချစ်တပ်သားများမှာ အစား ဆင်းရဲရုံ၊ အနေ ဆင်းရဲရုံသာမက ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် သုံးစွဲသော လက်နက်လည်း ညံ့ဖျင်းသည်။ နာများ မကျန်းလျှင် ဖြစ်သလို ကုသကြရ၏။ တိုက်ပွဲမှာ ဒဏ်ရာ ကြီးကြီးကျယ်ကျယ် ရလျှင်လည်း တပ်တွင်း၌ မကုနိုင်။ နေပူခံရွာရှိ သမားတော်ကြီး ဦးပန်းညိုထံ ပြေးကြရသည်။

ဦးပန်းညိုသည် ပြည်ချစ်တပ်သားများကို ရွာထဲတွင် လည်းကောင်း၊ ယာထဲ ဘုန်းကြီးကျောင်းထဲ ဘုရားထဲတွင် လည်းကောင်း ဆေးဝါးကုသပေးရ၏။ အစားအသောက်လည်း ကျွေးမွေးပေးရ၏။ သူကား သေနတ်မကိုင်၊ ဓားမကိုင်ဘဲ ကုလားကို တိုက်ခိုက်သော ပြည်ချစ်တပ်သားကောင်းကြီး တစ်ဦးပေတည်း။

ကြိုတင် ရွှေ့ပြောင်းထားသော တောင်ခေါင်းစခန်းသစ်သို့ မြတောင်နှင့် တပ်သားများ ရှေ့ဆင့် နောက်ဆင့် ဆိုက်ရောက်ကြသည်။

"ဟေ့… ဟိုနေရာမှာ ဘာတွေဖြစ်လို့ ကင်းမချတာလဲကွ"

မြတောင်က အချက်အချာကျသော နေရာများသို့ လှမ်းကြည့်ရာက ကိုနီတာအား မေးလိုက်၏။

"ချထားပါတယ် ဗိုလ်မှူး… ဟင်"

ကိုနီတာသည် မိမိ သေချာစွာ ချထားသော ကင်းများကို မမြင်ရသဖြင့် အံ့အားသင့်သွားကာ တောင်ခေါင်း နှစ်ခုဆီသို့ လှမ်းကြည့်သည်။ တပ်သားများ အရိပ်အယောင်ကို မတွေ့ရပေ။

"တစ်ခုခု ဖြစ်ပြီ ထင်…"

ကိုနီတာ၏ စကား မဆုံးပေ။ တောင်ခေါင်း နှစ်ခုထဲမှ ကုလားတွေ ဒလဟော ထွက်လာကာ တရကြမ်း ပစ်ခတ်ကြလေသည်။

တစ်ပြိုင်နက်ပင် တောင်ခေါင်း တည်နေရာကို စိုးမိုးနိုင်သော တောင်ကုန်းများထက်မှလည်း ကုလားတွေ ပေါ်လာကာ အလစ် အတိုက်ခံရသော ပြည်ချစ်တပ်သားများကို စီးနင်းပစ်ခတ်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



“သေနတ်သံများ၊ ပြည်ချစ်တပ်သားများ၏ အော်ဟစ် ပြေးလွှားသံများဖြင့် ဆူညံနေလေသည်။ ပြည်ချစ်တပ်သားများမှာ အလောင်းချင်းထပ်မျှ ကျဆုံးကြရ၏။

“တောင်ခေါင်း နှစ်ခုကြားကို ဝင်တိုက်ကြဟေ့… ယောက်ျား…”

မြတောင်သည် ကိုရွှေလှနှင့် ကိုနီတာတို့အား အော်ဟစ် အမိန့်ပေးရင်း မိုးကြိုးထစ်သကဲ့သို့သော အသံကြီးဖြင့် အော်ဟစ်ကာ ကုလား သေနတ်များဆီသို့ မြင်းစိုင်းဝင်ရင်း ခုတ်ထစ်လေတော့၏။

“မြတောင်ကွ… မြတောင်တဲ့ဟေ့…”

သူတို့နောက်သို့ တပ်သားများသည် ပြေးလိုက်လာကာ ပူးသတ် ထိုး ခုတ်ကြလေသည်။

ပြည်ချစ်တပ်သားများသည် ကုလားတပ်သားများနှင့် လက်တစ်ကမ်း ရောက်လာလျှင် ကုလား သေသည်သာ များ၏။ သို့ရာတွင် များစွာသော ပြည်ချစ်တပ်သားများမှာ လက်တစ်ကမ်း မရောက်မီ ကျည်သင့်၍ ကျဆုံးကုန်ရ လေသည်။

မြတောင်ဗိုလ်၊ ကိုကြာလန်း၊ ကိုနီတာ၊ ကိုရွှေလှနှင့် လက်ထောက် ဗိုလ်ကလေး ၃ ယောက်တို့သာ ကုလားများကို မြင်းဖြင့် နင်းခုတ်ပြီး ဖောက်ထွင်း လွတ်မြောက်လာခဲ့ကြ၏။

ကုလားများသည် သည်ပွဲ၌ မြတောင်ဗိုလ်၏ တပ်ကို တပ်လုံးပျောက် ရှင်းလိုက်နိုင်ကြ၏။ ရှင်းနိုင်အောင်လည်း သူတို့က ဉာဏ်သာ၍ သူတို့က အပေါ်စီး ရလိုက်ပေသည်။

အဘယ်ကြောင့်ဆိုသော် ကိုနီတာတို့ တပ် ရွှေ့ပြီးနောက် တပ်သား ၅၀ အစောင့်အနေ ချထားပြီး စခန်းဟောင်းသို့ ပြန်သွားချိန်တွင် ကုလားများက အပိုင်အနိုင် ဝင်စီးလိုက်ကြသောကြောင့်တည်း။ ကျန်ရစ်ခဲ့သော တပ်သားများက အေးဆေးသည် ကင်းတာဝန်ကျ တပ်သားများက နမော်နမဲ့ နိုင်သည်။ ယင်းသို့ လျှင် တစ်တပ်လုံး အဖမ်းခံရသူ ခံရ၊ အသတ်ခံရသူ ခံရနှင့် တစ်တပ်လုံး ကုလား ရသွား၏။

ကုလားများသည် တောင်ခေါင်းထဲမှ လည်းကောင်း၊ တောင်ကုန်းများ အပေါ်မှ လည်းကောင်း အသေအချာ နေရာယူပြီး မြတောင်တို့ ပြန်အလာကို ပျင်းရိစွာ စောင့်ဆိုင်းနေခဲ့ကြပြီး အမိအရ တိုက်နိုက်ကြခြင်း ဖြစ်ပေသည်။

မြတောင်ဗိုလ်၏ တပ်သည် ထိုအချိန်က စပြီး လုံးဝ ပျက်လေတော့၏။



မြတောင်ဗိုလ်၏ တပ်ပျက်သည့်အခါကျမှသာ ကုလားများမှာ ကြာအင်းကို အပိုင်အနိုင် အုပ်စီးမိပြီဟု ယူဆနိုင်ကြတော့သည်။ ထို့ကြောင့် ကုလားသည် ကြာအင်းကို ၃ နှစ်ကြာမှ နိုင်သည်ဟု ဆိုစမှတ်ပြုကြ၏။

မြတောင်ဗိုလ်၏ တပ်ကို တပ်လုံးဖြုက်လိုက်သော တပ်မှာ ကံသစ်ကြီး မှန်ပြတောင်မှ လာသော တပ် ဖြစ်သည်။

မြတောင် အခြေပျက်သွားသော သတင်းကို ရလျှင်ရချင်း၊ ကုလားတပ် များသည် မြတောင်ဗိုလ် နောက်သို့ အပြင်းအထန် ဖိလိုက်ကြလေ၏။ လူကို မမိနှင့်ဦးတော့၊ သူ၏ လှုပ်ရှားမှုကို ထိန်းချုပ်နိုင်သည်။ တောအနံ့ တောင်အနံ့ မပြတ် ရှာဖွေနေသောကြောင့် မြတောင်ဗိုလ်မှာ လူစုရန် အချိန်မရ၊ လျှောက် ပြေးနေရသော အခြေသို့ ဆိုက်ရလေတော့၏။

ကုလားများ နေ့မနား ညမနား ပိုက်စိပ်တိုက်၍ လိုက်နေကြသည်။ မြတောင်ဗိုလ်သည် ရှေ့သို့ သိပ်မပြေးပေ။ အထူးသဖြင့် သူသည် ကြာအင်းမြို့ကို မခွာဘဲ ကုလားများကြားကပင် ကြာအင်းအနီးသို့ ပြန်ရောက်လာလေ၏။ ကုလား တပ်ကြီးတပ်ခိုင်နှင့် မနီးမဝေးတွင် နေထိုင်သောကြောင့်လည်း ကုလားများ မျက်စိမှောက်နေကြပေသည်။

မြတောင်ဗိုလ်၏ တပ်တွင် မြင်းဟူ၍ တစ်ကောင်မျှ မရှိတော့ပေ။ တပ်အင်အားမှာလည်း မြတောင်ဗိုလ်နှင့် ၇ ယောက်သာ ရှိတော့သည်။ မြတောင်ဗိုလ်၊ ကိုကြာလန်း၊ ကိုရွှေလှ၊ ကိုနီတာ၊ ကိုကြံဘူး၊ ကိုကြံဘော်နှင့် ဂျင်လိန်တို့ ဖြစ်၏။

သူတို့သည် နေ့တွင် လုံခြုံနိုင်သမျှ လုံခြုံအောင် နေကြ အိပ်ကြပြီး ညအခါကျမှ အစုလိုက် ထွက်နိုင်ကြသည်။ ဂျင်လိန်နှင့် ကြံဘူး၊ ကြံဘော်တို့မှာ လူသိနည်းသဖြင့် သတင်း နားထောင်ရန် စနည်းနာရန် တစ်ခါတလေ အပြင်ထွက် ကြသည်မှအပ မြတောင်ဗိုလ်၏ သတင်းမှာ တိမ်မြုပ်နေပေ၏။ သို့ရာတွင် မြတောင်ဗိုလ်အတွက် ထုတ်ထားသော ဆုငွေ ၅၀၀ ကိုကား မရုပ်သိမ်းသေးပေ။

တစ်နေ့တွင်ကား ကိုကြာလန်းမှာ မြတောင်ဗိုလ် စေသဖြင့် နေပူခံရွာ ဘက်သို့ လှည်းကြုံစီး၍ လာသည်တွင် ကုလားတပ်တစ်တပ်နှင့် တွေ့ပြီး အဖမ်း ခံရလေ၏။ ကုလားများသည် ကိုကြာလန်းအား ကြာအင်းသို့ ခေါ်လာခဲ့ပြီး စစ်ဆေးကြသည်။

“ခင်ဗျားဟာ မြတောင်ဗိုလ်ရဲ့ လူယုံ ကိုကြာလန်းပဲ၊ ညာမနေနဲ့။ ခင်ဗျားနဲ့ မြတောင်ဗိုလ်နဲ့ တရားခံယောင်ဆောင်ပြီး ဝင်တိုက်သွားတာ မှတ်မိသေးလား”

www.burmeseclassic.com



ကြာအင်းစခန်းမှ မျက်မြင်ကိုယ်တွေ့ စကားပြန်တစ်ယောက်က ကိုကြာလန်းကို မလှုပ်နိုင်အောင် စကားဖြင့် ချည်တုပ်လိုက်၏။ ကိုကြာလန်းသည် မငြင်းနိုင်သော်လည်း ဝန်မခံပေ။

“သခင်ကြီးက မေးတယ်၊ မြတောင်ဗိုလ် ဘယ်မှာတုံလဲ”

“ငါတို့မှာ ဆရာ တပည့် ၃ ယောက်ပဲ ရှိတော့တယ်၊ ကုလားတပ်တွေ လိုက်နေလို့ ပြေးနေရတာ၊ ဘယ်မှာ အတည်တကျ နေနိုင်ပါ့မလဲ”

ကိုကြာလန်း၏ အဖြေကို စကားပြန်က ကုလားလို ပြန်ပြောလိုက်ရာ ကုလားတွေ များစွာ သဘောကျသွားသည်။ အားရပါးရ ရယ်မောကြသည်။

“ကောင်းပြီ... ခင်ဗျားတို့ ပြေးလွှားနေရတယ် ဆိုပေမယ့် ခင်ဗျားနဲ့ သူနဲ့ ဘယ်လိုလုပ်ပြီး ပြန်ဆုံကြမလဲ၊ ဆုံဖို့ နေရာ ရှိရမယ်”

“ငါ ပြောတာ မင်း ယုံမှာလား”

“နားထောင်ရဦးမယ်လေ”

“ဗိုလ်မှူးဟာ ငါနဲ့ ဘယ်လို ဆုံရမယ်လို့ သတ်မှတ်မပေးဘူး။ သူ့ဆီကို ငါ ပြန်သွားချင်လည်း သွားနိုင်တယ်၊ မသွားဘဲလည်း နေနိုင်တယ်။ ပြန်သွားချင်ရင်တော့ တောတကာ တော၊ တောင်တကာ တောင်ကို ခြေတိုအောင် လိုက်ရှာရမယ်၊ အသံဝင်အောင် ခေါ်ရမယ်၊ သူကလည်း ငါ့အသံကို ကြားစေကာမှ ထူးချင်မှ ထူးမယ်။ မြင်စေကာမှ ခေါ်ချင်မှ ခေါ်မယ်။ ငါ့ကို သူ အလိုရှိသေးတယ် ဆိုရင် ငါ့နောက်မှာလည်း ဘယ်သူမှ မပါဘူး ဆိုရင်တော့ ငါ့ကို သူ ထွက်ခေါ်မယ်။ သို့တည်းမဟုတ် အသံပေးမယ်”

ကိုကြာလန်း၏ အဖြေကို စကားပြန်မှတစ်ဆင့် ကြားရပြီးသောအခါ ကုလားဖြူများ အတန်ကြာ ဆွေးနွေးကြ၏။

“ကိုကြာလန်း... ခင်ဗျားကို သခင်ကြီးက မေးတယ်”

စကားပြန်က ဆက်လက်ပြောသည်။

“ခင်ဗျား အခုလို အတော်တော် အပြတ်ပြတ်နဲ့ ပြေးလွှားမနေဘဲ၊ မျက်နှာပွင့်လန်းမယ့် ရာဇဝတ်အုပ် မလုပ်ချင်ဘူးလား”

“ဗမာအချင်းချင်း ပြန်ပြီး မညှဉ်းဆဲ မသတ်ဖြတ်ချင်ပါဘူးကွာ၊ ရွာပြန်ပြီး အေးအေးလူလူပဲ တောင်ယာ လုပ်စားပါရစေ”

စကားပြန်က ပြန်ပြော၏။ ကုလားဖြူများ ခေါင်းညိတ်နေသည်။

“ကိုကြာလန်း၊ ခင်ဗျား ရွာပြန်ပြီး အေးအေးဆေးဆေး နေချင်ရင် မြတောင်ဗိုလ်ကို ဖမ်းပေးရမယ်။ ခင်ဗျားကို ကျုပ်တို့က မြေကောင်းကောင်းလည်း ပေးမယ်။ ငွေ ၅၀၀ လည်း ပေးဦးမယ်”



ကိုကြာလန်းသည် ဖုန်းခနဲ ခုန်ထကာ စကားပြန်၏ ရင်ဝကို ဒူးဖြင့် ပစ်တိုက်လိုက်ချင်သည်။ သို့ရာတွင် ယင်းသို့ ပြုကာမျှဖြင့် လွတ်လမ်း မရှိပေ။ သူက ဒေါသကို ငြိမ်အောင် လုပ်ပြီးမှ ပြန်ဖြေ၏။

“ဗိုလ်မှူးဟာ အမျိုး ဘာသာ သာသနာအတွက် တိုက်နိုက်နေသူပါကွာ။ မင်းတို့ ဒီလို မကောင်း မကြံချင်ပါနဲ့”

“ချောင်းဖြူရွာမှာ ဝိုင်းထားတုန်းက ခင်ဗျားလည်း ပါပါလိမ့်မယ် ကိုကြာလန်း။ သူ့ကို မြို့အုပ်အရာ ပေးပါမယ် ပြောသားပဲ။ သူမှ လက်မခံတာကိုးဗျ။ ဒါကြောင့် မြတောင်ဗိုလ်ကို အသေရရ အရှင်ရရ ဖမ်းတော့မှာပဲဗျာ”

“၅၀၀ နဲ့ သစ္စာဖောက်ရမှာ နည်းတယ်ဗျာ”

“၅၀၀ အပြင် ခင်ဗျားကို မြေကောင်းတွေလည်း ပေးဦးမှာပဲ ကိုကြာလန်းရဲ့။ ခင်ဗျား စိတ်ကူးမလွဲစမ်းပါနဲ့ဗျာ”

ဤသို့ဖြင့် ကိုကြာလန်းသည် မြတောင်ဗိုလ်အား အရှင် ဖမ်းပေးရန် သဘောတူလိုက်လေတော့၏။ မြတောင်ဗိုလ်မှာ အသားထဲက လောက်ထွက်ခဲ့ပြီ တကား။

ဤလမ်းတွင် တောပန်းများ ပွင့်လှိုင်ကြသည်။ ခံပန်းရနံ့သည်လည်း ကြူပြန့်နေသည်။

ငှက်တို့သည် တေးကို ဖွဲ့သီ၍ တစ်ပင် ပျံကူး ပျော်မြူးနေကြ၏။ ချုံကို မှီတင်းနေထိုင်သော ပိုးကတ္တီပါကောင်ကလေးများသည် ပန်းပွင့်ကို ဖျက်ဆီးရန် အလှတန်ဆာ ဆင်နေကြ၏။

ဤလမ်းကလေးသည် ထင်းခုတ်သူတို့၏ ထွင်လမ်း ဖြစ်သည်။ ဝဲယာတွင် တောဆူးပုတ်ပင်များ ခြံရံနေသည်။ တစ်ယောက် သွားသာရုံမျှ ရှိသည်။

မြင့်မတ်ခန့်ညားသော ကုလားစစ်မြင်း ၅ စီးသည် တစ်ကောင်နောက် တစ်ကောင် လိုက်လျက် လမ်းမြောင်ကလေးထဲသို့ ဝင်လာကြ၏။ မြင်းပေါ်ဝယ် အကြပ်အဆင့် ရှိသော ကုလားတစ်ယောက် ဦးဆောင်၍ ကုလားစစ်သား ၅ ယောက် ပါလာ၏။ မြတောင်ဗိုလ်အား အရှင် ရမိတော့မည်မို့ စစ်ဝတ်စုံ အသစ်အလှများ ဝတ်ဆင်ထားကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဆူး မရှိသော ချုံနွယ်များ ဝန်းယှက်ခြံရံသော နေရာတွင် လူ ၃ ယောက်ကို လှမ်းမြင်ကြရသည်။

တစ်ယောက်သောသူမှာ မြတောင်ဗိုလ် ဖြစ်ကာ သူ့ကိုယ်တွင် နွယ်ကြိုးများ တုပ်နှောင်လျက် ရှိ၏။ သူ့နောက်တွင် ကိုကြာလန်းနှင့် ကိုနီတာတို့က သေနတ်များဖြင့် ချိန်ထားကြသည်။ သူတို့သည် မြတောင်ဗိုလ်အား ဖမ်းဆီးလာရာက ကုလားများကို မြင်လိုက်သဖြင့် ရပ်တန့်နေလိုက်ကြဟန် တူ၏။

"မြတောင်ဗိုလ်... မြတောင်ဗိုလ်... အား... အများကြီး ကောင်းတယ်"

ရှေ့ဆုံးမှ ကုလားက မြတောင်ဗိုလ်ကို စေ့စေ့ကြည့်ကာ ရယ်သွမ်းသွေးသည်။

ကိုကြာလန်းက မြတောင်ဗိုလ်အား ချီဆွဲထားသော နွယ်စ မြှောက်ပြရင်း-

"ငွေ ၅၀၀ ဘယ်မှာလဲ... အခု ပေးပါ" ဆို၏။

"ရမယ်.. ရမယ်... ပေးပါ"

ကုလားက ကြိုးစကို ငုံ့ဆွဲယူလိုက်သည်နှင့် တစ်ပြိုင်နက် သေနတ်သံ ၄ ချက် ထွက်ပေါ်လာပြီး မြင်းပေါ်မှ ကုလား ၄ ယောက် လိမ့်ကျသွားသောသည်။ ကြိုးစ ငုံ့ဆွဲသောကုလားလည်း မြေပေါ် ကိုင်ရိုက်ခံရကာ မြတောင်ဗိုလ်က လည်ပင်းကို နင်းထားသည်။

ချုံထဲတွင် ကြံဘူးနှင့် ကြံဘော်က တစ်တွဲ၊ ကိုရွှေလှာနှင့် ကိုဂျင်ယိုက တစ်တွဲ နှစ်ဖက် ညှပ်၍ ယမ်းအသင့်ထိုးကာ စောင့်နေကြရာက ကြိုတင်စီစဉ်ထားသည့်အတိုင်း ပစ်သတ်လိုက်ကြခြင်း ဖြစ်၏။

"ထွီ... ကျက်သရေ ယုတ်လိုက်လေခြင်း ကွယ်ရို့"

ကိုရွှေလှာသည် ကုလား အလောင်းများကို တက်နင်းရင်း ရေရွတ်သည်။

ကိုကြာလန်းသည် မြတောင်ဗိုလ်၏ ခြေထောက် အောက်မှ ကုလားကို ဆွဲထုတ်ကာ လည်းချောင်းကို ဖောက်သည်။ ပန်းထွက်လာသော သွေးများကို လက်ဝါးဖြင့် ခံ၍ သောက်စဉ် ကုလားမှာ မချီမဆံ့ အသက်ပျောက်သွားတော့၏။

"သင်းတို့ အလောင်းတွေကို မြင်းပေါ် တင်ပြီး ပြန်လွှတ်လိုက်ရအောင် ဗိုလ်မှူး"

ကိုနီတာက လက်နက်ခဲယမ်း မီးကျောက်များကို စုဆောင်းသိမ်းယူပြီး နောက် အမိန့်တောင်းသည်။



"တို့ လွှတ်အောင် ပြေးဖို့က ပိုပြီးအရေးကြီးတယ် နီတာ၊ ဒါကြောင့် အလောင်းတွေ မြန်မြန်မြှုပ်ပြီး ကုလားယောင်ဆောင်၊ ကုလားမြင်းကို စီးပြီး ဝေးဝေးကို ရှောင်နိုင်မှ ဖြစ်မယ်"

ယင်းသို့ဖြင့် ကုလားစစ်သား ၅ ယောက်နှင့် မြင်း ၅ စီး၊ ဗမာ ၂ ယောက် ပါသော အဖွဲ့တစ်ဖွဲ့သည် ကြာအင်းမြို့၏ စနေထောင့်သို့ တောတန်းခုတောရိပ်ခို၍ ခရီးနှင်သွားကြလေ၏။

နောက်နေ့များတွင်လည်း ကုလားများသည် မြင်းခွာရာများကို ခြေရာခံ၍ စနေထောင့်သို့ ဦးတည် ချီတက်ကြလေသည်။ မြေကို လှန်မတတ်၊ တောကို ချေမတတ် တရစပ် ရှာဖွေနေကြစဉ် မြတောင်ဗိုလ်နှင့် တပ်သားများကား ငါးမျက်နှာကန်ပေါင်ဖျား ရှောက်ခါးတောထဲတွင် ရောက်နေကြလေသည်။

မြတောင်တို့သည် လင်းဇင်းသို့တိုင်အောင် မြင်းများကို မရပ်မနား စီးနှင်သွားပြီး မြင်းတွေကို ပြန်လွှတ်လိုက်ကြ၏။ မြင်းများသည် လာလမ်းအတိုင်း ကြာအင်းသို့ ပြန်ကြ၏။ လူများကမူ ခရီးဆုံးတွင် ခဏတစ်ဖြုတ် နားပြီးလျှင် တခြားလမ်းမှ ကြာအင်းဘက်သို့ ညတွင်းချင်း ပြန်လာခဲ့ကြသည်။

ထို့ကြောင့် မြင်းခွာရာ နှစ်ကြိမ် ထင်ပြီးသော လမ်းတစ်လျှောက် ကုလားစစ်သားများ သဲကြီးမဲကြီး ရှာဖွေနေစဉ် မြတောင်တို့တစ်တွေက ငါးမျက်နှာကန်၏ တောင်ဖျား ရှောက်ခါးတောထဲတွင် ပျားဖွပ်သလိုလို၊ ခါထောင်သလိုလို၊ ချိုးတည်သလိုလို၊ ငါးမျှားသူ ယောင်ယောင်ဖြင့် လက်ဖက်ရည်အိုး အောတွင် စိတ်ချလက်ချ အိပ်မောကျနေနိုင်ကြခြင်း ဖြစ်သည်။

ညနေစောင်းတွင် တစ်ယောက်ပြီး တစ်ယောက် နိုးလာကာ ထမင်းဟင်း ချက်ပြုတ်ရန် ပြင်ဆင်ကြလေ၏။ သူတို့အထဲတွင် ကိုရွှေလှာ မရှိပေ။

"ကိုကြာလန်း... ရွှေလှာ ဘယ်သွားလဲ"

မြတောင်က နိုးသည်နှင့်တစ်ပြိုင်နက် လူစစ်ကြည့်ကာ မေးသည်။

"ချောင်းဖြူကို သွားပါတယ် ဗိုလ်မှူး"

"ဟော... နီတာနဲ့ ကြံဘူး ကြံဘော်တို့ နားထောင်ကြစမ်းဟော"

"ဟုတ်ကဲ့... ဗိုလ်မှူး"

ကိုနီတာတို့က ဆန်ဆေးရာ မီးမွှေးရာက ဖြေ၍ အလုပ်ရပ်ကာ နားထောင်နေကြ၏။

"ငါ တပ်ကို ဖျက်တော့မယ် စိတ်ကူးတယ်ကွာ။ အခုလည်း ထွတ်သလောက် ရှိနေပြီ မဟုတ်လား။ အစုအဝေးနဲ့ဆိုတာ တိမ်းရှောင်ရ ခက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ သေမှပဲ လက်လျှော့မယ် ဗိုလ်မှူး"

ကိုကြံဘူးက ထမင်းအိုးကို မီးဖိုပေါ် တင်ရင်း ဖြေသည်။

"ငါ့အကြံအစည်က လက်လျှော့ဖို့ မဟုတ်ဘူး။ ဒီနားတစ်ဝိုက်မှာ ကိုယ့်ရွာ ရှိရင်လည်း ပြန်နေကြ။ ကိုယ့်ရွာ မရှိရင်လည်း အသိဖွဲ့နေထိုင်ကြပြီး တောင်ယာ ပဲခင်း လုပ်ကိုင်စားသောက်ရင်း အင်အားစုကြ။ အရေးကြုံရင် လူစုပြီး ထတိုက်။ နောက် ကိုယ့်အလုပ် ကိုယ် လုပ်နေကြ။ အဲဒီလို လုပ်ခြင်းအားဖြင့် အခုထက် အန္တရာယ်ကင်းမယ်။ ရပ်သူရွာသားတွေရဲ့ စိတ်ဓာတ်ကိုလည်း အထူး စနည်းမနာဘဲ သိရမယ်"

"ကောင်းပါတယ် ဗိုလ်မှူး"

ကိုနီတာက ထောက်ခံသဖြင့် ကျန်တပ်သားများကလည်း ထောက်ခံကြ၏။

"ကြာလန်းရေ... ဗိုလ်မှူး နိုးပြီလား"

အပြင်မှ ကိုရွှေလှ၏ အသံကို ကြားရသဖြင့် မြတောင်က လှမ်းခေါ်၏။

"နိုးပြီဟေ့... ဘာအကြောင်းထူးလို့လဲ"

"မိမိငယ်တို့ ဆင်ဖြူကျွန်းကို ပြောင်းသွားပြီ ဗိုလ်မှူး။ ကျွန်တော့် အထင်တော့ ဗိုလ်မှူးကို ကြောက်လို့ ဖြစ်မှာပဲ"

"ဟုတ်မှာပေါ့ကွာ"

မြတောင်ဗိုလ်က စိတ်မဝင်စားသလို ဖြေ၏။

"ကျွန်တော် ထန်းသမားဆီက ကြားခဲ့ရတဲ့ သတင်းကတော့ မိမိငယ်နဲ့ မောင်မောင်လတ် ဆိုတာ မင်္ဂလာဆောင်တော့မယ်တဲ့။ ဟုတ် မဟုတ်တော့ မသေချာဘူးနော် ဗိုလ်မှူး"

"ဒါလည်း ငါ ထင်တဲ့အတိုင်း ဖြစ်လာတယ် ဆိုရမှာပေါ့ကွာ"

မြတောင်သည် ဤသို့ မှတ်ချက်ချပြီး ငေးမောနေရာက-

"မင်္ဂလာဆောင်က ဘယ်တော့တဲ့လဲကွ"

ဟု မေးသည်။

"နက်ဖြန် နံနက်တဲ့ ဗိုလ်မှူး"

"ဟင်... သစ္စာဖောက် ရာထူးမက်တဲ့ မိန်းမကို ဆုံးမရဦးမှာပေါ့ကွာ။ ကဲ... လာကြဟေ့"

သူသည် ထမင်းအိုး တည်နေပါကလားဟု သတိမရတော့။ ချက်ချင်း ထရပ်ကာ ရှောက်ခါးတောထဲမှ ထွက်သွားသည်။ ကိုကြာလန်းလည်း သူ့နောက်မှ ကပ်လိုက်သွားရ၏။



ကျန်လူ ၅ ယောက်မှာ ချန်ပြီး နေရစ်ရန် အမိန့်ပေး မခံရသဖြင့် တည်နေဆဲ ထမင်းအိုးကို နွယ်ကြိုးစွပ်သူက စွပ်၊ ထမ်းပိုးရှာသူက ရှာ၊ ထန်းရွက်ခြောက်ရှာသူက ရှာနှင့် အလျင်အမြန် လုပ်ကိုင်ဆောင်ရွက်ပြီး မြတောင် နောက်သို့ ဒရောသောပါး လိုက်သွားကြရလေ၏။

ငါးမျက်နှာမှ ဆင်ဖြူကျွန်းသို့ ဖြတ်လမ်း ဖြစ်သော လယ်ကွင်းများ တစ်လျှောက်တွင် မှောင်စပျိုးပေပြီ။

ဤမှောင်သော လယ်ကွင်းထဲတွင် မီးတောက်မီးလျှံကြီး တစ်ခုသည် စုန်းတောက်စားတာလိုလို၊ သရဲမီးလိုလို တရွေ့ရွေ့ လျှောက်သွားနေ၏။ အနီးကပ် ကြည့်ပါမူ မြတောင်ဗိုလ်၏ နောက်သို့ ပြေးလိုက်ရင်း လမ်းလျှောက်ကာ ထမင်းချက်နေသော ကိုနီတာ၊ ကိုရွှေလှ၊ ကိုကြံဘူး၊ ကိုကြံဘော်နှင့် ဂျင်လိန် တို့ကို တွေ့ရမည် ဖြစ်သည်။

ကိုရွှေလှနှင့် ကိုနီတာတို့က ရေဘူး၊ လက်ဖက်ရည်အိုးများကို ကိုင်ကာ ရှေ့မှ လိုက်၍၊ သူတို့နောက်မှ ကိုကြံဘူးနှင့် ကိုကြံဘော်က တုတ်တစ်ချောင်းကို ထမ်းထားကြ၏။ တုတ်၏ အလယ်တွင် ထမင်းအိုး လည်ပင်းကို နွယ်စိုတစ်ချောင်းဖြင့် ချီ၍ လျှိုထားသည်။ လမ်းလျှောက်နေသော ဤထမင်းအိုးကို လမ်းလျှောက်မီးဖိုဖြင့် လိုက်လံရှို့မြှိုက်ရသူမှာ ဂျင်လိန် ဖြစ်၏။ ဂျင်လိန်သည် ထန်းရွက်ခြောက်တွေကို ကြိုးဖြင့် သီ၍ တရွတ်ဆွဲကာ တစ်ချပ်ပြီး တစ်ချပ် ယူ၍ ထမင်းအိုးအောက်တွင် ရှို့မြှိုက်ပေးနေသည်။

မြတောင်ဗိုလ်သည် နောက်မှ မည်သူ ပါသည် မပါသည်၊ ဘာလုပ်နေသည်ကို လုံးဝလှည့်မကြည့်ဘဲ ရှေ့သို့သာ အတွင် စိုက်စိုက်သွားနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂၈

ဓားမြှောင်တစ်ချောင်း မောင်မောင်လတ်၏ ရှေ့တွင် လာစိုက်သည်။

သတို့သားနှင့် သတို့သမီးကို တပြုံးပြုံး ကြည့်နေမိသော ရွှေပွဲလာ ပရိသတ်တို့မှာ ဟာခနဲ ပြိုင်တူ အော်မိကြကာ မောင်မောင်လတ်မှာ ထရပ်ပြီး ပြောင်းတိုသေနတ်ကို ဆွဲထုတ်လိုက်စဉ် သေနတ်သံ တစ်ချက် ထွက်ပေါ်လာပြီး ခွေကျသွားလေ၏။

“တစ်ယောက်မှ မလှုပ်နဲ့။ မဆိုင်သူကို လက်ဖျားနဲ့တောင် မထိဘူး။ မြတောင်ဗိုလ်တဲ့ဟေ့…”

မြတောင်သည် ပရိသတ်ကို ကွေ့ရှောင်ကာ လှပ၍ သွေးဆုတ်နေကာ တဆတ်ဆတ် တုန်နေသော မင်္ဂလာ သတို့သမီး ရှိရာသို့ လျှောက်လာခဲ့လေ၏။

သူတို့သည် ကုလားစစ်သား အဝတ်ကို ဝတ်ကာ အဝင်အထွက် အစစ်အဆေးများကို လိမ်လည်၍ လည်းကောင်း၊ ကင်းလှည့်သမားယောင်ဆောင်ကာ လှည့်ပတ်၍ လည်းကောင်း ဆင်ဖြူကျွန်းရွာထဲသို့ ရောက်လာကာ လက်ထပ်မင်္ဂလာပွဲကို ရုတ်တရက် ဝင်ရောက်ဖျက်ဆီးကြခြင်း ဖြစ်သည်။

ဤလက်ထပ်မင်္ဂလာပွဲကို မတော်တဆ မြတောင်ဗိုလ် ဝင်ရောက်ဖျက်ဆီးခဲ့သော် ဟူသော မလိုလည်း လိုလည်း စိုးရိမ်ချက်ဖြင့် ကုလားစစ်သား အနည်းငယ်ကို ချထားသည်။ ယခု အစောင့်များကို ကျော်လွှန်၍ လက်ထပ်ပွဲကို ဖျက်လေပြီ။ သေနတ်သံ ကြားမှ အကြောင်းစုံ သိရသော ကုလားများမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရလေ၏။



မြတောင်ဗိုလ်၏ တပ်သားများသည် ဧည့်ပရိသတ်အား သေနတ်ဖြင့် ချိန်ထားသည်။

ပရိသတ်မှာ ကြောက်ရွံ့ထိတ်လန့်စွာ ငြိမ်သက်နေကြ၏။ ကုလားမင်းထံ ကျေးတော်မျိုး ကျွန်တော်မျိုး ခံလျှင် ချမ်းသာပြီ ထင်နေသူများမှာ ပို၍ ကြောက်ဒူးတုန်နေကြသည်။

မြတောင်ဗိုလ်သည် မိမိငယ်ထံ တစ်လှမ်းချင်း လျှောက်လာ၏။

ရွှေပွဲလာ ပရိသတ်ကြီးမှာ မိမိငယ်၏ ကံကြမ္မာကို မတွေးတောတတ်တိုင်း မြတောင်ဗိုလ်ကိုသာ အသက်မရှူရဲဘဲ ကြည့်နေကြသည်။

“မောင်… မောင်… မိမိ အသက်ကို ချမ်းသာပေးပါ မောင်ရယ်၊ မိမိ မှားပါပြီ”

မိမိငယ်က မြတောင်၏ ခြေအစုံကို ဖက်၍ တောင်းပန်သည်။ မြတောင်က မိမိငယ်၏ ပါးကို ရိုက်ချပစ်လိုက်ပြီး ဆံပင်မှ ဆွဲလျက် ထအရပ်ခိုင်း၏။

“ဒီမိန်းမဟာ ကျုပ်ကို ချစ်ယောင်ဆောင်ပြီး ချောင်းဖြူရွာမှာ ထောင်ဖမ်းခဲ့တဲ့ သစ္စာဖောက်မပဲ။ ကျွန်တော်ဟာ ဒီမိန်းမယုတ်ကို ဆုံးမဖို့ လာတာပါ။ မောင်မောင်လတ်က ရန်မူလို့ လက်ဦးအောင် လုပ်လိုက်ရတာကို ခွင့်လွှတ်ကြစေချင်ပါတယ်”

မြတောင်၏ အသံသည် မင်္ဂလာပွဲကို လွှမ်းခြုံနေသည်။

“ကျွန်တော်ဟာ ဓားပြ မဟုတ်ဘူး။ သူတစ်ပါး သားပျို သမီးပျိုကို မစော်ကားဘူး။ စေတီပုထိုးက ဌာပနာတွေကို မဖောက်ဘူး။ ရွာတွေကို မီးမရှို့ဘူး။ အဲဒီပြစ်ချက်တွေ ကျူးလွန်တဲ့ မိစ္ဆာဒိဋ္ဌိတွေကို သေသည်အထိ တိုက်မယ့်လူပဲ။ အမျိုး ဘာသာ သာသနာကို သစ္စာဖောက်ပြီး ရန်သူကို ဘုရား မထူးဘူး။ သခင် မခေါ်ဘူး၊ ဒူးမထောက်ဘူး”

မြတောင်၏ အသံသည် ကျယ်လောင်သည်ထက် ကျယ်လောင်လာကာ မိုးကြိုးပစ်သလို ပြင်းထန်ရူးရှလာလေသည်။

“ဒါဟာ မြတောင်ဗိုလ်ပဲ။ အခု ဒီသစ္စာဖောက်မကို ဆုံးမဖို့ လာခဲ့တာမှာ ကျွန်တော့်ကိုယ် ကျွန်တော် လွတ်လမ်း မရှိတော့ဘူးလို့ စိတ် တုံးတုံးချပြီးမှ လာခဲ့တာပဲ။ အမျိုး ဘာသာ သာသနာကို စော်ကားသူတို့အတွက် သုဘြိုတဲ့ နေရာရယ်လို့ လုံးဝမရှိဘူး။ ဒါကို မှတ်သားထား”

သူ့စကား မဆုံးမီ ကုလားဖြူ ဗိုလ်တစ်ယောက်နှင့် စစ်သားများ ပြေးထက်လာကြသည်။ မြတောင်ဗိုလ်၏ တပ်သားများက တသီကြီး ပစ်ချလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခြား ပြတင်းပေါက်များမှ ကုလားစစ်သားများ လှေကားထောင်ကာ ဝင်ရောက်လာကြပြီး ပရိသတ်ကိုပါ မရှောင် သိမ်းကျုံးပစ်ခတ်ကြလေသည်။

ငိုသံ၊ အော်ဟစ် ပြေးလွှားသံများ၊ သေနတ်သံများ ဆူညံ၍ ယမ်းခိုးများ ဖုံးအုပ်နေစဉ် မြတောင်သည် မိမိငယ်ကို ပွေ့၍ ခုန်ချ၏။ သူ့နောက်မှ ကိုကြာလန်း ခုန်ချသည်။

ကျန်လူ ၅ ယောက်သည် အောက်စောင့် စစ်သားအုပ်ထဲ ခုန်ချပြီး ဓားဖြင့် ဇွတ်ယမ်း ခုတ်ထစ်၏။ မြတောင်၊ ကိုကြာလန်း တို့ မြင်းဖြင့် ထွက်ပြေးကြသည်။ ကိုနီတာ၊ ကိုရွှေလွှာ တို့ ၅ ယောက်က မင်းကတော်တစ်ယောက်၏ ပေါင်းချုပ်ရထားတစ်စင်းပေါ် တက်ကာ ပြန်လှန်ပစ်ခတ်ရင်း မောင်းပြေးကြသည်။

ဆင်ဖြူကျွန်းတစ်ရွာလုံး ကမ္ဘာပျက်သည့်နှယ် သေနတ်သံ၊ လူသံများ ပွက်ပွက်ရိုက်နေ၏။

မိမိငယ်မှာ မြတောင်ဗိုလ်၏ မြင်းပေါ်တွင် မြတောင်ဗိုလ်နှင့်အတူ သေနတ်မှန်ခံရသည်။ မြတောင်သည် မြင်းပေါ်မှ ခုန်ချ၍ ချုံထဲ ဝင်ပြေး၏။ ကိုကြာလန်းလည်း ခုန်ချကာ ချုံထဲ ပြေးဝင်လာသည်။

လမ်းကွေ့မှ မြင်းစီးစစ်သားများ တရကြမ်း ပစ်ခတ်ရင်း ပေါ်လာ၏။

ထိုစစ်သားများသည် ရှေ့သို့ မလိုက်နေကြစဉ် နောက်မှ ပါလာသော ရထားပေါင်းချုပ်ထဲမှ လူများ၏ လက်ချက်ဖြင့် တစ်ယောက်ပြီး တစ်ယောက် ကျကုန်သည်။ ရထားသည် နောက်သို့ အာရုံစိုက် ပစ်ခတ်ရင်း ရွာပြင်သို့ အရှိန်ပြင်းစွာ ပြေးထွက်သွား၏။ ရွာတံခါးကို တိုက်၍ တိမ်းမှောက်သွားသည်။ အထဲမှ လူများ စင်ထွက်လာပြီး အနီးရှိ ကွမ်းခြံတောအုပ်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

ကုလားများသည် ကွမ်းခြံတောအုပ်ကို စိစိညက်ညက် ကျေအောင် လှမ်းပစ်ပြီး တပ်ခေါက် ပြန်သွားကြသည်။

ဈေး စတင်စည်ကားချိန်တွင် ကုလားစစ်တပ်နှင့် မကွာလှမ်းလှသော နေရာရှိ လူစည်ကားသော မင်္ဂလာဧည့်ခံပွဲကို မြတောင်ဗိုလ်နှင့် တပ်သား ၆ ယောက်က ဝင်ရောက် ဖျက်ဆီးသွားသော သတင်းသည် ဆင်ဖြူကျွန်းရွာထဲတွင် အုတ်အော်သောင်းတင်း ဖြစ်ကျန်ခဲ့၏။ ဈေးသူဈေးသားများမှာ ပြေးကြလွှားကြဖြင့် ထိုနေ့အဖို့ ဈေးကွဲသွားတော့သည်။



"ကုလားအလိုတော်ရိ တစ်ယောက်နဲ့ မြတောင်ရဲ့ ရည်းစားဟောင်း သေသတဲ့"

"ကုလား ၅ ယောက်လည်း သေသတဲ့"

ဈေးစည့်စအချိန်တွင် ဖြစ်ပွားသောကြောင့် ယင်းသတင်းမှာ နေမဝင်မီ ချောင်းကောက်၊ ညောင်အင်း၊ ထုံးချောင်း ပန်းတော၊ ရွှေကြာငုံစလင်း၊ ကြက်သားကိုင် မင်းတဲ၊ ဆင်မကျွန်း၊ တညောင် စသော ပတ်ဝန်းကျင်ဒေသများသို့ ပျံ့နှံ့သွားလေ၏။

ကိုကြာလန်းမှာ မိမိ၏ ပခုံးမှ ဒဏ်ရာကိုလည်း ပြုစုရသည်။ မြတောင်ဗိုလ်၏ ပေါင်မှ ဒဏ်ရာကိုလည်း သွေးမလွန်အောင် ကြိုးစည်းခြင်း၊ ရှာ အရွက် ဝါးအုံခြင်းဖြင့် သက်သာရာရအောင် ကူညီရသေး၏။

သူတို့ အောင်းမိရာ ချုံကြီးသည် လူနေအိမ်ခြေများနှင့် မကွာလှမ်းလှပေ။ သို့သော် ဆုငွေ ၅၀၀ တန် လူတစ်ယောက်သည် အိမ်မြင်ကရာကို မဝင်ရဲ။ ဝင်ဝံ့ဝင်ရဲသော ခင်ခင်တို့ အိမ်မှာ အနည်းငယ် လှမ်းသည်။

လှမ်းပေစေတော့၊ သွားမည် ဆိုကာ သွားပါကလည်း လမ်းတစ်လျှောက်နှင့် အိမ်နီးနားချင်းတို့ကို ယုံရပါမည်လော။ မယုံကြည်ထိုက်သဖြင့် မသွားလျှင်လည်း ရှည်မြင့်သော နေ့တာ ကုန်ဆုံးအောင် စောင့်ရတော့မည်။

မြတောင်၏ ဒဏ်ရာမှာ ခဲဆိပ် တက်စပြုလာသည်။ တစ်ချိန်ထက်တစ်ချိန် တိုး၍ ကိုက်ခဲနာကျင်လာချေသည်။ မြတောင်မှာ အံကြိတ်၍ ခံရသဖြင့် ချွေးသီးချွေးပေါက်များ ယိုစီးလာ၏။

သို့စဉ်တွင် လူကြီးတစ်ယောက်သည် ကုက္ကိုရွက်များ အပြည့်အသိပ်ထည့်ထားသော ရာဝင်ပုတ်ကြီး တစ်လုံးကို အငှားသမား နှစ်ယောက်အား လှို့ထမ်းစေလျက် မြတောင်တို့ ပုန်းအောင်းရာ လမ်းအတိုင်း လျှောက်လာသည်။

"ဒီနား ရပ်ကြပါဦးကွ"

သူသည် ချုံကြီးကြီး တွေ့လျှင် ပုတ်ကို ချုံစပ်တွင် ချ၍ သံသတ်ရွက်၊ ကုက္ကိုရွက် စသည်များ ခူးထည့်၏။

သူသည် ဤနည်းအတိုင်း လျှောက်လာခဲ့ရာ မြတောင်နှင့် ကိုကြာလန်းတို့ ပုန်းအောင်းနေသော ချုံစပ်သို့ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အရွက်ခူးဟန်ဖြင့် ချုံထဲသို့ ငုံ့ကြည့်လိုက်ကာ-

“ဗိုလ်မှူး… ပုတ်ထဲ ဝင်လိုက်ခဲ့ပေတော့”

ဟု တီးတိုး ပြောပြီး ပုတ်ကို မသိမသာ ဆောင်းပေးရင်း အထဲမှ သစ်ရွက်တွေကို နှိုက်၍ အမြင့်ကြီး မြှောက်ပေးသည်။

ပုတ်ထမ်းသမား နှစ်ယောက်ကို ရှေ့ဆောင်ရှေ့ရွက် ပြုလာသူကား ပုံနှင်းကြီးကိုယ်တိုင် ဖြစ်ကောင်းဖြစ်မည်။ သို့တည်းမဟုတ် ယုံကြည်ရသော တပည့်တပန်း တစ်ယောက် ဖြစ်ချင် ဖြစ်မည်။ မြတောင်သည် ဤနည်းဖြင့် အကာယ်ဆယ်ခံရကာ ခင်ခင်တို့ အိမ်သို့ ရောက်လာခဲ့ပေ၏။

## ၂၉

“မောင်ကြီး… နေကောင်းရဲ့လား”

ခင်ခင့်အသံသည် ချိုလွင်လှပါပေသည်။ ခင်ခင့် ကိုယ်ရနံ့သည် သင်းပျံ့လှပါပေသည်။ ခင်ခင့် မျက်လုံးများသည် တောက်ပလှပါပေသည်။

မြတောင်မှာ ခင်ခင်တို့ အိမ်ခန်းတွင်းသို့ ရောက်သည်မှ စ၍ ဒဏ်ရာ တစ်ဝက် သက်သာခဲ့၏။ ခင်ခင်တို့ သားအဖ၏ ကြီးမားသော မေတ္တာရိပ်အောက် ခိုဝင်မိသည်နှင့်တစ်ပြိုင်နက် မြတောင်ဗိုလ်အတွက် ဘေးရန်ခပ်သိမ်း၊ အန္တရာယ် ခပ်သိမ်း ကင်းငြိမ်းခဲ့လေပြီ။

“ခင်… မနေတတ်တော့ဘူး မောင်ကြီးရယ်၊ အကြည့်ရဲလှချည့်ရဲ့”

ခင်ခင်သည် ရှက်စနိုး ဆို၍ မြတောင်၏ ရင်အုပ်ကြီးကို စိုက်ကြည့်နေသည်။

“မောင်ကြီး မြတ်နိုးလွန်းလို့ပါ နှမရယ်”

“ခင် မေးတာ ဖြေပါဦး၊ ညစာ သုံးဆောင်လို့ မြိန်ယှက်တယ် မဟုတ်လား ခင်တော့ မောင်ကြီး တစ်နေ့တခြား နေကောင်းလာပြီ ထင်ပြီး ဝမ်းသာလိုက်ရတာ”

“ခင့် မေတ္တာတံတိုင်းကြီးအောက်မှာ ခိုလှုံပုန်းအောင်းနေရတဲ့ နောက်တော့ ဘယ်မှာ မကျန်းမာပဲ နေနိုင်ရိုးလားကွယ်”

“စကားကလည်း တတ်လှချည့်ရဲ့”

“ကိုကြာလန်းတစ်ယောက်ကော ခင်”

“မောင်ကြီး သတိ ချို့ယွင်းပြီ ထင်တယ်၊ နံနက်ကပဲ မောင်ကြီးဆီမှာ ဦးကြာလန်း ခွင့်ပန်နေတယ် မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်က အပြစ်တင်သံ မနှော၊ ကြင်နာသံအပြည့်ဖြင့် ဆို၏။

"ဟုတ်ပေသားပဲ၊ ရွှေလှုအနဲ့ နီတာတို့ မသေတာ မှန်ရင်တော့ ကိုကြာလန်း ရှာလို့ တွေ့မှာပါပဲလေ။ ကြံဘူး၊ ကြံဘော်နဲ့ ဂျင်လိမ့်တို့ကတော့ သည်အရပ်သား မဟုတ်လို့ ရှာဖို့ ခက်မှာပဲ"

"သူတစ်ပါးကို ပြောလို့ ၊ မောင်ကြီးကကော ဘယ်အရပ်၊ ဘယ်ဇာတိ သားလဲဟင်၊ ခင် သိပါရစေ"

မြတောင်သည် ခင်ခင်၏ ကြည်လဲ့သော မျက်နှာကလေးကို ရှုးစိုက် ကြည့်နေသည်။

"ကြည့်ပြန်ပြီလား. မောင်ကြီး၊ ဒါကို မေးတာ ခင့်မှာ အပြစ်ရှိသွားပြီ လား ဟင်"

"မရှိပါဘူးဗျာ"

"ဒါဖြင့်ပြော ပခုက္ကူက ဆိုတာ ဟုတ်သလား မောင်ကြီး"

"ပင်းတလဲချကောက်သားပါ ခင်ရယ်"

"ခင် မီးထွန်းလိုက်ဦးမယ်နော်"

ခင်ခင်သည် မြတောင်အပါးမှ ဖြည်းညင်းစွာ ထွက်သွား၏။ မြတောင် မှာ ခင်ခင် ထွက်သွားရာ တင်းတိမ်ဆီသို့ ငေးစိုက်ကျန်ရစ်ခဲ့သည်။

ခင်ခင်တို့အိမ်သို့ မြတောင် ရောက်လာသည်မှာ သုံးလ ပြည့်ခဲ့ပြီ။ ဤအတောအတွင်း ပဲ့နင်းကြီးသည် သစ္စာရှိသော သမားတော်ကြီးတစ်ယောက်ကို လှို့ဝှက်စွာ ပင့်ခေါ်၍ မြတောင်အားကုသခဲ့သည်။ မြတောင်မှာ တစ်နေ့တစ်ခြား ကျန်းမာလာ၏ သမားတော်ကြီး၏ ရွှေနှန်းသုံး ဆေးဝါးများကလည်း စွမ်း၊ ခင်ခင်၏ မေတ္တာ စေတနာကလည်း ကြီးမားသောကြောင့် ဖြစ်သည်။

ခင်ခင်သည် မြတောင်အပေါ်၌ မဆွကပင် မေတ္တာ စေတနာ ကြီးမားခဲ့ ၏။ မိမိအိမ်ထက်သို့ မြတောင် ရောက်လာကာ၊ မိမိ၏လက်ဖြင့် ယုယပြုစုပေးနေ ရသည်တွင် ခင်ခင်၏ မေတ္တာကန်သာသည် ကျိုးပေါက်လာတော့သည်။ ယနေ့ ဆိုလျှင် သူတို့ မေတ္တာချင်း တုံ့လှယ် ယှက်သွယ်သည်မှာ တစ်လ သက်တမ်းရှိပြီ။

မြတောင် ငေးမော တွေးတောနေဆဲ၊ ခင်ခင်သည် ပျားဖယောင်းတိုင် ထွန်းညှိ၍ ဝင်လာသည်။

"ဘာတွေ စဉ်းစားနေတာလဲ မောင်ကြီး"

ခင်ခင်က မြတောင်၏ နဖူးကို တယုတယ စမ်းသပ်၏။

"ဘာရယ် မဟုတ်ပါဘူး ခင်၊ ဦးရီးလည်း အသံ မကြားပါကလား"



"ရှိပါတယ်မောင်၊ ဘာဘ ပုတီးစိပ်နေလို့ အသံမကြားတာပါ၊ ပြောပါဦး ခုနက ဘာတွေ စဉ်းစားနေတာလဲ"

"တောင်ရောက် မြောက်ရောက်ပါပဲ ခင်ရယ် ဘာရယ်လို့ မဟုတ်ပါဘူး"

မြတောင်က ပြုံးရယ်ကာ ဖြေသည်။ ခင်ခင်က ခုတင်ပေါ် တစောင်း ထိုင်လိုက်ရင်း-

"အဲဒီတောင်ရောက်မြောက်ရောက် ဆိုတာထဲမှာ ခင် ပါသလားဟင်"

ခင်ခင်သည် မြတောင်၏ ရင်ခွင်နှင့်ထိအောင် တိုးကပ်ကာ မေး၏။ မြတောင်သည် လက်ထောက်၍ တစောင်း လှဲလိုက်ပြီး-

"ခင့်အကြောင်းတွေ အများကြီး ပါတယ်"

"ဘာတွေလဲဟင်"

"သြော်… ဒီမယားလေးနဲ့"

"ဟင် ခင် နားရှက်တယ် မောင်ကြီးရယ်"

ခင်ခင်သည် နားနှစ်ဖက်ကို ပိတ်၍ မျက်နှာနီနီကို ငုံ့ပစ်လေ၏။

"မောင်ကြီး တောင်းပန်ပါတယ် ခင်ရယ်၊ ကဲ နားထောင်ပါ။ ခင်နဲ့ မောင်ကြီးတို့ရဲ့ ရှေ့ရေးကို ဘယ်လို စီစဉ်ရပါ့မလဲ၊ စဉ်းစားလိုက်တိုင်း ရင်လေး ပါဘိတော့တယ် ခင်ရယ်"

"ခင် စဉ်းစားရမှာပါ မောင်ကြီးရဲ့"

မြတောင်သည် ခေါင်းကလေး တခါခါနှင့် ပြောနေသော ခင်ခင်၏ တလိုင်းပေါက်အင်္ကျီမှ ထွက်နေသော လည်ပင်းသားကို ငေးကြည့်နေ၏။ ခင်ခင် မှာ မလုံမလဲနှင့် မိမိကိုယ်ကို ငုံ့ကြည့်၏။

"ဘာကြည့်တာလဲ မောင်ကြီး"

"လှလို့ပေါ့ကွယ်၊ သြော် မောင်ကြီးအနေနဲ့ ကျေးဇူးရှင်ကို ကျေးဇူးစွပ် ရာမရောက်ရအောင် အရာရာကို ကြိုတင်စဉ်စား ပူပန်ရပါတယ်။ ခင့်ဘာဘများ အမျက်ရှလေမလားဆိုပြီး စိုးရိမ်ရသေးတယ်"

"ပူမနေစမ်းပါနဲ့ မောင်ကြီးရယ်။ ဒါတွေ ခင် စီစဉ်ပါ့မယ်"

"အလိုလေးဗျာ၊ သမီးက အိမ်ထောင်သားမွေးကိစ္စ ဖအေကို ပြောမယ် ဟုတ်စ"

မြတောင်က မျက်ကလဲဆန်ပျာ မေး၏။

"ဖအေကို မပြောလို့ ဘယ့်နှယ် လုပ်မှာလဲ မောင်ကြီးရယ်။ မအေရှိ ခဲ့မယ် လောကီရေးမှန်ရင် ဘာမှ လာမပြောနဲ့ ပိတ်ထားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း" မြတောင်သည် လေးလေးတွဲ့တွဲ့ ညည်းတွားမိသည်။ သူ့တစ်သက်တွင် သည့်တစ်ခါလောက် ကြောင့်ကြအိုး ဆူရသည် မရှိ။ တပ်ကြီးတပ်နိုင်နှင့် တိုက်ပွဲကြီး တိုက်ပွဲငယ်တို့ကို ဆင်နွဲ့ရခြင်းသည် စင်စစ် ချစ်သူတစ်ယောက်အတွက် စိုးရိမ်ပူပန်ရခြင်းလောက် စိတ်မပန်းခဲ့ချေ။

"မောင်ကြီးကလည်း ပူစရာမရှိတာ ပူနေပြန်ပါပြီ။ ကဲပါ… ကြာအင်းမြို့သမိုင်း ဆက်ပြောမယ်ဆို"

"မနေ့တုန်းက ပြောလို့ ပြီးခဲ့ပါပြီကော ခင်ရယ်"

"ဟင့်အင်း ကျန်သေးတယ်၊ တောင်ကိုးလုံးတို့ အင်းကိုးအင်းတို့"

"မောင် မေ့နေပါပြီကွယ်"

"မမေ့ရဘူး၊ စဉ်းစားပြီး ပြောရမယ်"

ခင်ခင်သည် မြတောင်၏ အနားလွတ်သောခြေမှ ဒူးတစ်ဖက်ကို အတင်းဆွဲထောင်ကာ ဒူးပေါ် မေးတင်၍ မြတောင် ပြောမည့် စကားကို နားစွင့်နေသည်။

"တယ်ပြီး၊ အပြောရ အဆိုရခက်တဲ့ မိန်းကလေးပါလား၊ ခင်ပွန်းသည်ဆိုးဆိုးနဲ့ရမှ ဝဋ်လည်နေမယ် သိလား"

"မောင်ကြီးကဖြင့် ဘယ်တော့မှမဆိုးပါဘူး"

"ဘယ်နှယ့် ပြောပါလိမ့်၊ မောင်ကြီးလောက် ဆိုးတဲ့လူရှိတောင်မရှိဘူးထင်တယ်။ ဆိုးလို့သာ ဆုငွေ ၅၀၀ ထုတ်ထားတာပေါ့"

"ကုလားဆိုတာ ဓားပြ၊ သူခိုး၊ မုဒိမ်း တန္တဘဲ မောင်ကြီးရဲ့။ သင်းတို့က ဆိုးသွမ်းတယ်ဆိုတဲ့ လူဟာ ကောင်းလို့ဖြစ်မှာပေါ့။ ကြည့်ပါလား… ကုလားမြှောက်စားပြီဟေ့ဆိုရင် သူခိုးတို့၊ ဓားပြတို့၊ သစ္စာဖောက်တွေချည်းပဲ"

ခင်ခင်က ဒေါသကလေး နှော၍ ချေပလိုက်ပြီးနောက်-

"ပြောစမ်းပါ မောင်ကြီးရယ်" ဟု ဆက်လက် ပူဆာပြန်၏။

"ကြာအင်းမြို့ကို အင်းကိုးအင်း၊ ကန်ကိုးကန်နဲ့ တောင်ကိုးလုံး ဝိုင်းဝန်းရံခနေသတဲ့ ခင်ရဲ့၊ အင်း…လိုက်ရမယ်လေ"

"ဒါရေးစကားမှ မဟုတ်ဘဲ မောင်ကြီးကလည်း… သမိုင်းကို"

"လက်ချိုးပြီး ရေပေတော့၊ အင်းမ၊ အင်းလျား၊ အင်းမြဲ၊ အင်းဝိုင်း၊ အင်းလယ်၊ အင်းဝ၊ အင်းပက်လက်၊ အင်းနက်ချောင်း၊ အင်းပြင်တဲ့"

"တောင်ကိုးလုံးကကော"

"တောင်ညီနောင်တဲ့၊ တောင်နီတဲ့၊ တောင်ဦးတဲ့၊ တောင်ဖိုတဲ့၊ တောင်ဆင်းတဲ့၊ တောင်ရင်းတဲ့၊ တောင်နောက်တဲ့၊ တောင်နံ့သာတဲ့၊ အဲဒါက နတ်မရဲ့ အမည်ကို



အစွဲပြုပြီး ခေါ်တာတဲ့၊ နောက်ပြီးအခု ရွှေမုဋ္ဌောငါးမျက်နှာ ဘုရားတည်ထားတဲ့ တောင်မကြီးတဲ့။ မဟာဂီရိတောင်၊ ရတနာဂီရိတောင်လို့လည်း ခေါ်တယ်"

"မယ်တောင်နံ့သာက ဘယ်လိုလုပ်ပြီး၊ နတ်ဖြစ်လာတာလဲ ဟင်-မောင်ကြီး"

"မသိတော့ပါဘူး ခင်ရယ်။ အဲဒီနားမှာလည်း နတ်တွေက ရှုပ်လိုက်တာလွန်လို့။ မင်းမဟာဂီရိတဲ့၊ သူ့သားတွေက သခင်ဖြူ သခင်ညိုတဲ့။ မယ်တောင်နံ့သာက သူတို့နဲ့ ဘာတော်စပ်တယ် မသိပါဘူး။ မယ်တောင်နံ့သာရဲ့ ယောက်မတော်မယ်ဖိုးခေါင်ဆိုတဲ့ နတ်ကလည်း ပင်လယ်က လာတာ နေစရာမရှိလို့ မယ်တောင်နံ့သာက ကြည့်ရှုစောင့်ရှောက်ထားရသတဲ့။ ရှုပ်လို့ပါ ခင်ရယ် ဘာတွေမှန်း မသိပါဘူး"

"မောင်ကြီး စစ်ထွက်ခါနီးမှာ သူတို့ကို မပသဘူးလားဟင်"

"ဘာဖြစ်လို့ ပသရမှာလဲ ခင်ရဲ့။ သူတို့မှာ တကယ် တန်ခိုးအာနိသင်ရှိရင် အမျိုး ဘာသာ သာသနာရဲ့ ရန်သူ ကုလားယုတ်တွေကို သူတို့ သတ်ပစ်ရမှာပေါ့။ အခုတော့ ဒီနတ်တွေ နေတဲ့ နတ်စင်ကိုတောင် ကုလားက ဖျက်ပစ်သေးတယ် ကုလားတွေ ဘာမှ မဖြစ်တာကိုက ဒီနတ်တွေ မရှိဘူး။ ရှိလည်း အလကားသတ္တဝါတွေ ဆိုတာ ထင်ရှားတာပဲ။ ဆရာတော် ရှင်မဟာသီလဝံသက မဟုတ်လား-- ဆုံးမတော်မူခဲ့တာ၊ ဘာတဲ့… အဲ… နတ်မိစ္ဆာတွေကို ကိုးကွယ်လို့ အိမ် လ ဆောက်မပေးဘူး။ ဆန်ကျိုးတစ်စေ့ လာမပေးဘူးတဲ့။ အချည်းနှီး မှားယွင်းသော ငရဲလားရာ အလုပ်တွေတဲ့"

"ရှင်မဟာရဋ္ဌသာရပါ မောင်ရဲ့"

"မသိပါဘူးကွယ်"

"ရှင်မဟာသီလဝံသပဲ ထားပါ မောင်ရယ်။ ကဲ… ကန်ကိုးက ပြောပါဦး"

"ကန်ဝ၊ ကန်တော်၊ အဲ ကန်တော်ကတော့ ကန်တော်ရွာဆိုပြီး ဖြစ်နေပြီ။ ပြီးတော့ ကန်ဇီလာ၊ ကန်လှ၊ ကန်မ၊ ကန်သစ်၊ ကန်ပိုင်၊ ကန်ခေါ် ကန်တန်တဲ့။ ဟုတ်ပြီလား"

"မောင်ကြီး… အဲဒီအင်းတွေ ကန်တွေ တောင်တွေကို အကုန်ရောက်သလား ဟင်"

"အကုန် ရောက်ဖူးဖို့ ဝေးလို့၊ ဘယ်ဥစ္စာ ဘယ်နား ရှိတယ်ဆိုတာ ကျကျနန ပြောတတ်တဲ့လူ အရှားသားကလား ခင်ရဲ့။ ခုနက ပြောတဲ့ ကန်ဆော သိတယ်။ တောင်ဖို ဆိုတာလည်း ကြာအင်းအနောက်မှာ ရွာအဖြစ် နိုးဘ

www.burmeseclassic.com



နောက်ပြီး တောင်နံ့သာ ဆိုတာကတော့ နတ်စင်နဲ့ ဘာနဲ့ ရှိလို့ သိတယ်။ ကျန်တာတွေတော့ ရောက်ဖူးသည့်တိုင်အောင် သိမှာ မဟုတ်ပါဘူး ခင်ရယ်''

မြတောင်က ခင်ခင်အား ပြုံးကြည့်၍ မေးစေ့ကလေးကို ကိုင်လှုပ်ရင်း-

''ကျေနပ်ပြီလား''

ဟု မေးလေသည်။ ခင်ခင်သည် ပုတ်သင်မကလေး တစ်ကောင်သဖွယ် ခေါင်းကို ကျေကျေနပ်နပ် ညိတ်ပြလေသည်။

မြတောင်နှင့် ခင်ခင်တို့၏ ဤသို့သော ဆက်ဆံရေးကို ပွဲနင်းကြီး မသိ မဟုတ်။ သူကိုယ်တိုင် မသိသည့်တိုင်အောင် အရိပ်အခြေများမှတစ်ဆင့် သိမည်သာ ဖြစ်၏။ သို့ပသော် သမီးကိုဖြစ်စေ၊ မြတောင်ကို ဖြစ်စေ ယင်းသို့သော ဆက်ဆံရေး နှင့် စပ်လျဉ်း၍ ကန့်ကွက်ပိတ်ပင် စကား အရိပ်အမြွက်မျှ မဆိုခဲ့ချေ။

သို့ကြောင့်လည်း မြတောင်နှင့် ခင်ခင်တို့ မေတ္တာတုံ့လှယ်မှုမှာ လသျှောင်းသည်နှင့်အမျှ ရင့်မာလာကာ ရွာသို့ ပြန်ရောက်နေကြသော ကိုရွှေလှ၊ ကိုနီတာတို့ကို အခေါ်လွှတ်ပြီး အစ်ကိုကြီးအရာမှာ နေ၍ ခင်ခင့် ဖခင် ပွဲနင်းကြီးအား အကြောင်းစုံ ဖွင့်ပြောနိုင်းရတော့သည့် အခြေသို့ ဆိုက်ရောက်ခဲ့လေ၏။

ပွဲနင်းကြီးသည် ကျေနပ်စွာ လက်ခံသည်။ မြတောင်သည် မြေနုရွာမှ ကိုနီတာ၏ ညီ မောင်မြ အမည်ခံကာ ပွဲနင်းကြီး၏ မိတ်ဆွေ အနည်းငယ်ရှေ့တွင် ခင်ခင်ကို လက်ထပ် ယူငင်လိုက်၏။

ခင်ခင်မှာ ထိုအချိန်တွင် သားသမီး ရှိနေလေပြီ။

မြတောင်သည် မူလကျက်စားရာ ကြာအင်းနှင့် ဆင်ဖြူကျွန်းကို ကူးကလန့်ခတ်လာပြန်၏။ ၆ လနီးပါး ငြိမ်သက်ခဲ့သော မြတောင်သည် ကာလာဟာလ ဖြစ်နေသလို ကျဆုံးခဲ့ခြင်း မဟုတ်ကြောင်း လက်တွေ့လှုပ်ရှား တိုက်ခိုက်မှုများဖြင့် သက်သေပြလာသည်။

ကုလားများသည် မြတောင်တပ်ကို ရှာဖွေသော်လည်း အချည်းနှီး ဖြစ်ရ၏။ မြတောင်တပ်မှာ ရှေးကကဲ့သို့ တပ်ကြီးတပ်နိုင် မရှိ။ နှင်တံကိုင်ထားသူ၊ တံစဉ်ကိုင်ထားသူ၊ ဓားကိုင်ထားသူနှင့် တောသူတောင်သားတိုင်း မြတောင်တပ်သားများ ဖြစ်နေကြရာ ကုလားများ အရှာရခက်၊ အတိုက်ရ ခက်ခဲနေလေတော့၏။

ခင်ခင် မီးနေဆောင်သို့ ဝင်ရသော နေ့တွင် ကုလားများသည် ပွဲနင်းကြီး အိမ်ကို လာရောက် ဝိုင်းဝန်းကြတော့သည်။

ခင်ခင်သည် မီးနေကတ်ပေါ်မှ ခေါင်းထောင်၍ နားစွင့်လိုက်ရာ-

''ကုလားတွေ လာနေပြီ မောင်''



ဟု ပြောသည်။

''စိတ်ထင်လို့ပါ ခင်… ကုလား မလာပါဘူး''

မြတောင်က ဖုံးဖိနှစ်သိမ့်စေကာမူ ခင်ခင်က ပြုံး၍ ခေါင်းယမ်း၏။

''စိတ်မထင်ပါဘူး မောင်ရယ်… မောင်သာ လွတ်အောင် ပြေးပါ။ ခင် အားမငယ်ပါဘူး၊ မောင့်ကိုယ်ပွား မောင့်သား မောင့်သမီးတွေ ခင့်အပါးမှာ ရှိနေပြီ။ ဓားကိုင်ပြီး ခါးတောင်းကျိုက်ပါတော့လား မောင်။ ရန်သူကို ဆင်းတိုက်ပါတော့လား၊ ခုတ်ပါတော့လား''

ခင်ခင်သည် ပြောရင်း ပြောရင်း ဒေါသတကြီး ကျယ်လောင်စွာ အော်ဟစ်လိုက်သည့် ခဏဝယ်၊ မြတောင်သည် အိမ်ရှေ့တွင် ချိတ်ထားသော ဓားကို မြေးဆွဲ၏။ ကိုကြာလန်းက ပြောင်းတိုသေနတ်ကို လာပေးသည်။

''ပြေးပေါက် ပိတ်နေပြီ မိုလ်မှူး''

''ပြေးပေါက် မလိုပါဘူးကွာ''

မြတောင်သည် ခါးတောင်းကျိုက်၍ သေနတ်တစ်ဖက် ဓားတစ်ဖက် ကိုင်လိုက်၏။

လှေကားမှ ကုလားများ ပြေးတက်လာသည်။

''ယောက်ျား… ကျား…''

မြတောင်နှင့် ကိုကြာလန်းတို့သည် ပြိုင်တူအော်၍ မြတောင်က လှေကားလယ်သို့ ပျံဝဲ ရောက်ရှိသွားကာ ကိုကြာလန်းက အိမ်ပေါ်မှ ခုန်ချသည်။

ကုလားခေါင်းများသည် လှေကားတစ်လျှောက် တဒုန်းဒုန်း မြည်ကာ လိမ့်ဆင်းသွားကြ၏။

''မြတောင်တဲ့ဟေ့… မြတောင်ကွ''

မိုးကြိုးဆယ်စင်း ပစ်သလို ဗူးဝါးပြင်းထန်သော ကြုံးဝါးသံကြီးသည် သေနတ်သံများ၊ အော်ဟစ်သံများကို ဖုံးလွှမ်းသွားသည်။ ဓားခုတ်သံနှင့် သေနတ်သံများ ရောယှက်ကာ မြေအပြင်သို့ ကုလားသွေးတို့ ခြင်းခြင်းနီနေချိန်ဝယ် ခင်ခင်သည် ပြည်ချစ်တပ်သားကလေး တစ်ယောက်ကို အားမာန်အပြည့်ဖြင့် မီးရှူးသန့်စင်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ၃၀

ဆင်ဖြူကျွန်းတစ်ရွာလုံးကို သေနတ်သံ၊ မြင်းခွာသံများ ဖုံးအုပ်သွားလေ၏။

မြတောင်နှင့် ကိုကြာလန်းတို့သည် ကုလားများ၏ မြင်းကို တက်စီး ထွက်ပြေးလာကြသည်။ ကိုကြာလန်းသည် မြင်းပေါ်သို့ မတက်မီ ကုလားတို့၏ သေနတ်တစ်လက်ကို ရအောင် ယူနိုင်ခဲ့ကာ ပြန်လှန်ပစ်ခတ်ရင်း မြတောင်၏ နောက်မှ လိုက်ပါလာသည်။

သူတို့သည် ဆင်ဖြူကျွန်း တောင်တံခါးမှ ထွက်ကာ တောအုပ်ထဲ ဝင်ပြေးလာ၏။ တောထဲတွင် မြင်းနှစ်ကောင်ကို ထားခဲ့ကာ ချောင်းကို ဖြတ်ကူး သည်။

ကုလားများသည် မြို့ ရွာ လေးမျက်နှာသို့ ဖြန့်ပြီး လိုက်လာကြရာ မြတောင်တို့ ချောင်းလယ်သို့ ရောက်ချိန်တွင် ကုလားတပ်တစ်တပ်က ချောင်း ကမ်းနဖူးသို့ ရောက်လာကြလေ၏။ မြတောင်နှင့် ကိုကြာလန်းတို့က ပြန်လှန် ပစ်ခတ်ရင်း ကိုင်းတောတစ်ခုထဲ ဝင်ပြေးကြသည်။ ကိုင်းတောထဲ အရောက်တွင် ကိုကြာလန်း၏ ခြေထောက်တို့ သေနတ်မှန်၏။

“ဗိုလ်မှူး ပြေး… ဗိုလ်မှူး ပြေးပါ”

ကိုကြာလန်းသည် ကုန်း၍ အော်၏။

“သူတို့က ကျွန်တော့်ကို မလိုချင်ပါဘူး ဗိုလ်မှူးရဲ့၊ ဗိုလ်မှူး ပြေးပါ”

“ငါ့ကို မိလည်း သတ်မှာပဲ။ မင်းကို မိလည်း ချမ်းသာမပေးပါဘူး ကိုကြာလန်းရာ။ အသက်တစ်ချောင်းချင်း အတူတူပါပဲ။ လာစမ်းပါကွာ…”

မြတောင်သည် ကိုကြာလန်းအား ထမ်း၍ သေနတ် နှစ်လက်ကို လွယ်ကာ



တာရကြမ်း ပြေးသည်။ ကုလားများသည် မှန်းရမ်းပစ်ရင်း ချောင်းထဲသို့ ဆင်းကူးလာ ကြ၏။

လူဟန် သိမ်မွေ့သလောက် ကုလားကို တိုက်ခိုက်ရာတွင် သရဲသဘက် စီး၍ လူစိတ် ပျောက်သွားလေ့ရှိသော မြတောင်၏ ရဲရဲရင့်ရင့် တိုက်ခိုက်မှုကို အကြိမ်ကြိမ် ခံခဲ့ရသော ကုလားများမှာ ကိုင်းတောထဲသို့ အရမ်း မဝင်ဝံ့ကြပေ။ ကိုင်းတောကြီးကို ထောင်းလမောင်း ကျေအောင် ပစ်ခတ်လျက် ဝိုင်းရံထားကြ သည်။

“ဗိုလ်မြတောင်… လက်နက် ချပါ”

စကားပြန်က အော်ဟစ်၏။

“ဗိုလ်မြတောင်… ခင်ဗျားကို အသက်ချမ်းသာပေးမယ်၊ ထွက်ခဲ့ပါ”

လေဖြေ့သဖြင့် ကိုင်းပင်များကို တိုက်ခတ်လှုပ်ယမ်းသွားသံက ကုလား များအား ရယ်သွမ်းသွေးနေသည်သို့ ရှိ၏။

“ကိုင်းတောကို မီးမရှို့ခင် ထွက်ခဲ့ပါ ဗိုလ်မြတောင်”

မြတောင်ကား ထွက်မလာပေ။ ကိုင်းတောကြီး၏ သုံးမျက်နှာမှ မီးတောက် များ တက်လာသည်။ ပေါက်ကွဲသံများ၊ မီးလုံး ရိုက်ဟပ်သံများနှင့် မီးတောက်သည် အလယ်သို့ စုလာ၏။ ကုလားဖြူ ကုလားမည်းများမှာ မြတောင်၏ အရိပ်အယောင် ကိုမျှ မမြင်ရပေ။

ကိုင်းတောကြီးတစ်ခုလုံး ပြာကျသွားပြီ။ မြတောင်ကား ကုလားထံတွင် လက်နက်မချဘဲ မီးထဲတွင် မိမိကိုယ်ကို စတေးလိုက်ပြီလော။

www.burmeseclassic.com

www.burmeseclassic.com

# ၃၁

နွယ်တမယ်ရွာသည် ဆင်ဖြူကျွန်းနှင့် မျက်နှာချင်းဆိုင် စလင်းချောင်း အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ အဖ ဦးနွယ်တို့ တည်ထောင်ခဲ့သော 'စွန်းရွာ' အဖြစ်လည်း ထင်ရှား၏။ အရှေ့ဘက်တွင် စလင်းချောင်း၊ အနောက်ဘက်တွင် လယ်ကွင်းများ၊ တောအုပ် တောတန်းများ ခြံရံသည်။

BURMESE CLASSIC

အမှူးတော်ကြီး မယ်မင်းယာသည် နွယ်တမယ်ရွာ၏ ကျက်သရေဆောင် အမျိုးသမီးကြီး ဖြစ်သည်။ သူ့ဝိုင်းသည် တစ်ဓကောခန့် ကျယ်၍ သားသမီးများ မြေး မြစ်များ၊ တပည့်တပန်းတို့၏ အိမ်များဖြင့် သိုက်သိုက်ဝန်းဝန်း ရှိ၏။ မယ်မင်းယာ၏ ဝိုင်းမှာ ရွာငယ်တမျှလည်း စည်ကားသည်။ နွားလှည်းများ မြင်းများ၊ လူများ ဝင်ကြ ထွက်ကြနှင့် ရွာ၏ အသံကို ဖြစ်ပေါ်စေ၏။

အမှူးတော်ကြီး၏ အိမ်ခြေရင်း အဖီကလေးတစ်ခု၏ အဝင်ဝတွင် ထိုင်၍ လူ ၃ ယောက်သည် တစ်စုံတစ်ရာကို စိတ်ပါဝင်စားစွာ ဆွေးနွေးနေကြ သည်။ သူတို့သည် ဝိုင်းအပြင်သို့ လည်းကောင်း၊ ဝိုင်းထဲသို့ လည်းကောင်း အခါမလပ် အကဲခတ်၍လည်း နေကြ၏။

လူနှစ်ယောက်မှာ မြတောင်ဗိုလ်နှင့် ကိုကြာလန်းတို့ ဖြစ်ကြ၍ အတွင်းမှ ထိုင်သည်။ ကျန်တစ်ယောက်မှာ အိမ်ရှင် ဖြစ်ဟန်ရှိကာ ရှမ်းအမျိုးသားတစ်ယောက် ဖြစ်ဟန်ရှိ၏။

မြတောင်ဗိုလ်သည် ကိုင်းတောကြီးအတွင်းမှ မထွက်ဘဲ ကိုကြာလန်းကို ထမ်း၍ ပြေးလာခဲ့စဉ် ထိုအိမ်ရှင်၏ လှည်းနှင့် တွေ့သဖြင့် မြက်နှင့် ပဲများထဲ ဝင်ပြီး လိုက်လာကြခြင်း ဖြစ်သည်။



ယနေ့ဆိုလျှင် သူတို့ ပြေးခဲ့သည်မှာ ၇ ရက် ရှိပေပြီ။ ကိုကြာလန်း၏ ခြေထောက်မှ သေနတ်ဒဏ်ရာမှာ များစွာ သက်သာနေပေပြီ။

မြတောင်သည် မိမိ၏ သတင်းကို ခင်ခင်ထံ ပို့ပေးရန် လူတစ်ယောက်အား ဆင်ဖြူကျွန်းသို့ လွှတ်ထားသဖြင့် ယခုကဲ့သို့ သတိဝီရိယနှင့် စောင့်ဆိုင်းနေခြင်း ဖြစ်ပေ၏။

''ဒီနယ်မှာဆိုရင် ဗျိုင်းကြီးရဲ့ တပ်တစ်တပ်ပဲ ခိုင်ခိုင်မာမာ ရှိတော့တယ် မဟုတ်လား ဗိုလ်မှူး''

အိမ်ရှင်က ဆက်လက် ပြောဆိုရင်း မေးလိုက်ခြင်း ဖြစ်သည်။

''ဟုတ်တယ်... ဦးပညာ၊ အခုလို စုစုစည်းစည်း ရှိတဲ့အတွက် အချိန်မရွေး ထတိုက်နိုင်တာတော့ မှန်ပါတယ်။ သို့ပေသည့် တပ်သားတွေကို အုပ်ထိန်းဖို့နဲ့ စားရေး နေရေး ပြဿနာကျတော့ အင်မတန် ကြီးမားတယ်ဗျ''

''မှန်တယ် ဗိုလ်မှူး... မ ပေါင်း တစ်ထောင်ရဲ့ သားတွေ ဖြစ်လေတော့ လူဆိုးလည်း ပါတယ်၊ လူကောင်းလည်း ပါတယ်။ အစား အနေ ခက်ခဲလာတော့ မလုပ်သင့်တာတွေ လုပ်မိပြီး အားလုံး နာမည်ပျက်ရတာ၊ အခုပဲ မင်းကြီးဗိုလ်ဥတ္တမ နာမည်ပျက်လာပြီ မဟုတ်လား''

''မင်းကြီးကို ကြည်ညိုပေမယ့် အဲဒီလို ငါးခုံးမတွေကြောင့် အကြည်ညို လျော့ကုန်တာကတော့ နာလှပါတယ်''

ကိုကြာလန်းက ညည်းညူလိုက်သည်။

မြတောင်က-

''အဲဒါကြောင့် ကျွန်တော်လည်း တပ်ကို ပြန့်ပြီး မစုစည်းဘဲ အခုလို ပြန့်ထားတာပဲ။ တိုက်ရေး ခိုက်ရေးမှာတော့ မမြန်ဆန်ဘူးပေါ့လေ။ ရေရှည်မှာတော့ ဒီနည်းနဲ့မှပဲ ကုလားကို ကြံ့ကြံ့ခံနိုင်မှာ မဟုတ်လား။ နေရေး စားရေး မကြောင့်ကြ ရတော့၊ ရွာခံဗိုလ်လေးတွေက နိုင်နိုင်နင်းနင်း အုပ်ချုပ်သွားနိုင်လိမ့်မယ်''

''ဒီနည်းဟာ အကောင်းဆုံးပဲ ဗိုလ်မှူး၊ ဒီနည်းကို တစ်ပြည်လုံးမှာ သုံးရရင် သင်း ကုလား ဘာခံနိုင်မလဲ ဗိုလ်မှူးရဲ့''

ဦးပညာမှာ စိတ်အား ထက်သန်လွန်းသဖြင့် လက်သီး ဆုပ်ထားမိ၏။

ကိုကြာလန်းက-

''အရှေ့ဘက်က မင်းကြီးရွှေလရောင်ဆီ၊ ဗိုလ်ရာညွန့်၊ ဗိုလ်ချိုတို့ဆီကိုလည်း ဗိုလ်မှူးရဲ့ သဘောဆန္ဒကို လူလွှတ် အကြောင်းကြားဖို့သားပဲ။ သူတို့ ဘာကြောင့်များ မလုပ်ကြတယ် မသိဘူး''

www.burmeseclassic.com

www.burmeseclassic.com



"အခက်အခဲတွေ ရှိလို့ နေမှာပေါ့လေ။ သို့ပေသည့် တပ်တွေ မပေါင်းနိုင် မပူးနိုင်ကြရင်တော့ တပ်ဖြန့် ရုပ်ဖျက်ထားတာ အကောင်းဆုံးပဲ"

"ဟုတ်တယ်… ဗိုလ်မှူး… အခုတော့ မစုစည်းဘဲ တကွဲတပြား တိုက်နေကြရတယ်။ မစုစည်းတော့လည်း အားမပြည့်ဘူး ဆိုရမှာပေါ့လေ။ တချို့ကျတော့လည်း နီးရာ မီးရာလေးလောက်ပဲ စုစည်းကြသကိုး"

ကုလားကို ဆန့်ကျင် တိုက်ခိုက်သော ပြည်ချစ်အင်အားစုများမှာ မသေးငယ်ပေ။ တောင်ပေါ် တောင်အောက်၊ ချောင်းကြိုချောင်းကြား မကျန် ပြည်ချစ်တပ်သားတို့ ရှိ၏။

ကချင်အမျိုးသားတို့သည် ပုန်းကန်ဒူးဝါး၊ ဆင်ရိုင်းဝါး၊ ဆမာဒူးဝါး၊ လွယ်ဆိုင်ဒူးဝါး၊ ဆဒုံဒူးဝါးနှင့် ကရာဒူးဝါးတို့၏ ဦးဆောင်မှုဖြင့် အပြင်းအထန် တိုက်ခိုက် တွန်းလှန်နေကြသည်။

ရှမ်းတို့ဒေသတွင် မိုးနဲစော်ဘွား စောခွန်ကြည်၊ ရပ်စောက်စော်ဘွား စောပိုင်း၊ မိုင်းပွန်စော်ဘွား စောခွန်တီး၊ ကျိုင်းတုံစော်ဘွား စောခမ်ဖု၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်နှင့် ကနောင်မင်းသား၏ သားတော် လင်းပင်မင်းသားတို့ ဦးဆောင်၍ ကုလားတို့အား ပြောင်မြောက်စွာ တိုက်ခိုက်နေကြသည်။

ကယားတို့ဒေသနေတွင် စောလှဘော် ဦးဆောင်၍ ကုလားကို တိုက်ခိုက်သည်။

ဝ အမျိုးသားတို့ကို စောမဟာနှင့် နော်ခမ်းတို့ ဦးဆောင်၍ ကုလားကို တွန်းလှန်သည်။

ချင်းတို့ ဒေသမှ ရွှေချိုးဖြူမင်းသား၊ ဗိုလ်တုတ်စံ၊ ဗိုလ်သာဒွန်း၊ ဦးခက်နှင့် စုံပက်၊ ထွန်းစံ၊ ထင်းစံ၊ ဒေါ်စံ၊ ဟောက်စံ စသော အာဇာနည်များ ခေါင်းဆောင်၍ ကုလားကို နှိမ်နင်း၏။

ပအို့ ပြည်ချစ်တပ်သားများကို မရန်းချောင်း ဘုန်းကြီး ခေါင်းဆောင်၍ ကုလားအား တိုက်ခိုက်သည်။

ကရင်ပြည်ချစ်တပ်သားများကို မန်းလုံနှင့် ဗိုလ်မြတ်ထွန်း ခေါင်းဆောင်၍ ကုလားတို့အား ရေရော ကုန်းပါ ချေမှုန်းသည်။

ရခိုင်ပြည်ချစ်တပ်သားများသည် ဖော်ဂျီဗိုလ်၊ မျက်ကန်းဗိုလ်တို့၏ ဦးဆောင်မှုဖြင့် ကုလားကို သုတ်သင်၏။

စိတ်ဓာတ်ရော လူအင်အားပါ လွန်စွာ ကောင်းမွန်နေစေကာမူ တကွဲတပြားစီ ဖြစ်နေသော ဤပြည်ချစ်တပ်သားများကို စနစ်တကျ စုစည်း၍ တစ်နေရာတည်းမှ စနစ်တကျ ညွှန်ကြား တိုက်ခိုက်ရသော် မည်မျှ ကောင်းမည်နည်း။



ဤသည်ကို ရည်ညွှန်း၍ ဦးပညာက မချင့်မရဲ မြည်တမ်းလိုက်ခြင်း ဖြစ်သည်။

"ဆိုင်… ပြန်လာပြီ ဗိုလ်မှူး"

ဦးပညာကပင် ဆက်လက်၍ ဝိုင်းထဲ ဝင်လာသော အဝတ်အစုတ်စုတ်နှင့် လူငယ်တစ်ယောက်ကို မြင်သဖြင့် ပြောလိုက်၏။

ဆိုင်သည် ဝိုင်းအပြင်သို့ လှည့်ပတ်အကဲခတ်ပြီးမှ ဦးပညာ၏ အမီကလေးသို့ ရှေးရှုလာခဲ့သည်။

"လာစမ်းပါကွ… မြန်မြန်"

ဦးပညာက လက်မောင်း ပြုတ်ကျမတတ် လက်ယပ်ခေါ်၍-

"တွေ့ခဲ့လားဟေ့"

ဟု မြတောင်က ဆီးမေးသည်။

ဆိုင်က ခေါင်းပေါင်းအဝတ်ဖြင့် ချွေးသုတ်ရင်း ကြမ်းစွန်းတွင် ဝင်ထိုင်လိုက်၏။

"တွေ့ခဲ့ပါတယ်၊ အားလုံး ကျန်းကျန်းမာမာပါပဲ။ စာတစ်စောင်နဲ့ ဆေးတွေလည်း ပေးလိုက်သေးတယ်"

ဆိုင်က အထုပ်တစ်ထုပ်ကို ကမ်းပေးရာ မြတောင်မှာ အထုပ်ကို မဖြေနိုင်သေးဘဲ ကြည်နူးစွာ ရင်ဝယ် ပိုက်ထားပါသည်။

"ကုလား… ကုလား…"

ဟိုမှ သည်မှ အော်လိုက်သံများကြောင့် ဆိုင်နှင့် ဦးပညာတို့ မျက်ယာခတ်သွားကြ၏။

"မြောက်ပိုင်းမှာ ကုလားတွေ တစ်အိမ် တက်ဆင်း ရှာနေကြတယ်"

ဆွမ်းဟင်း ယူသော ကျောင်းသားကလေးတစ်ယောက်က ဗျက်ခွက်ကြီး အစောင်းစောင်း အဖိတ်ဖိတ်ဖြင့် ဖြတ်ပြေးရင်း အော်သွား၏။

"ဆိုင်… မြင်း ပြင်စမ်းပါဟ"

ဦးပညာသည် အော်ဟစ်ကာ မားကို ဆွဲ၍ နောက်ဖေးသို့ ပြေးသွားပြီး ခြံစည်းရိုးကို ဖျက်ချ၏။

"ဗိုလ်မှူး… ကုလားတွေ လာနေပြီ၊ ပြေးပေတော့"

မြတောင်ဗိုလ်သည် ခင်ခင့်ထံမှ ပါးလိုက်သော အထုပ်ကို ခါးတွင် ချည်၍ အိမ်ပေါ်မှ အေးဆေးစွာ ဆင်းလာသည်။

"နီးလာပြီ ဗိုလ်မှူးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးပညာက စိုးရိမ်၍ ပျာယာခတ်နေသလောက် မြတောင်က အေးဆေး၏။ သူသည် ဝိုင်းအနေအထားနှင့် ထွက်ပေါက် ဝင်ပေါက်များကို အကဲခတ်ပြီး မြင်းပေါ် တက်သည်။ ထို့နောက် ဦးပညာ ဖျက်ပေးသော နောက်ဖေး စည်းရိုးမှ ထွက်ဘဲ ရွာထဲသို့ ဝင်သွားရာ ဟင်ခနဲ အော်၍ ဦးပညာတို့ ကျန်ခဲ့၏။

မြောက်ပိုင်းမှ အော်ဟစ်သံ၊ ပြေးလွှားသံ၊ ငိုသံများသည် တဖြည်းဖြည်း နီးကပ်လာ၏။ မြတောင်နှင့် ကိုကြာလန်းတို့သည် လူမရှိသော အိမ်ကလေးတစ်လုံးအောက်တွင် စောင့်နေကြ၏။

မြင်းခွာသံများ နီးလာပြီ။ စကားပြန်နှင့် ကုလားများ၏ အသံကို ကြားရသည်။

"လူမနေတဲ့ အိမ်ပေမယ့် ရှာရမယ်"

စကားပြန်၏ အသံ အဆုံးတွင်-

"ယောက်ျား..."

ဟူသော အသံနက်ကြီးနှင့်အတူ ကုလားအုပ်၏ ကြားသို့ မြတောင်ရောက်လာကာ ဓားဖြင့် မွှေ့ယမ်းခုတ်ချသည်။

"မြတောင်ကွ..."

ဓားနှစ်စင်းသည် ကုလားများ၏ လည်ပင်း၊ နံကြား၊ သေနတ် မရှောင်ရတ်တရက် ခုတ်ပိုင်းချပြီး လေကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် အမှုထောက်ကြီး၏ ဝိုင်းထဲသို့ ဝင်ကာ ဦးပညာ လုပ်ထားသော အပေါက်မှ ခုန်လွှားထွက်ပြေးသွားလေ၏။

ကုလားများသည် ကြက်သေ သေလျက် ကျန်ရစ်ခဲ့ပြီးမှ ကယောင်ကတမ်းဖြင့် မည်းမည်း မြင်သမျှကို လှမ်းပစ်ရင်း မြတောင်တို့နောက်သို့ လိုက်ကြလေ၏။ သေနတ်သံများသည် နွယ်တမယ် ရွာထဲတွင် ဖုံးအုပ်သွားသည်။ နောက် လယ်ကွင်းများထဲတွင် ညံနေသည်။

ရှေ့မှ မြင်းနှစ်စီးသည် မြောင်းများကို ခုန်ကာ လွှားကာ ပြေး၏။ ကိုကြာလန်းနှင့် မြတောင်သည် တစ်ချက်တလေသာ ပြန်ပစ်နိုင်သည်။

"ဟ သား..."

မြတောင်သည် မြင်းကို ငေါက်၍ ဆူးစည်းတစ်စုကို ခုန်ကျော်လိုက်ရာ ရင်ဝမှာ ပူခနဲ ဖြစ်သွားပြီး မြင်းရော လူပါ ဒလိမ့်ခေါက်ကွေး လိမ့်သွားလေ၏။

"ငါတော့ ထိသွားပြီဟေ့"



မြတောင်သည် ချက်ချင်း ထရပ်သည်။ သို့ရာတွင် သူ စီးလာသော မြင်းမှာ ပြန်မထတော့ပေ။ လည်ပင်းမှ သွေး တရဟော ယိုကျလျက် အသက်ငင်နေပြီ။

ကိုကြာလန်းသည် မြင်းပေါ်မှ ခုန်ဆင်းနေခဲ့ပြီး မြတောင်ကို ဆွဲပြေးသည်။ သူတို့ ပြေးလမ်းဘေးတစ်လျှောက်တွင် ဆူးစည်းရိုးက ကာနေ၏။ ထို့နောက် ရေမြောင်းတစ်ခုထဲသို့ ဆင်းပြေးလာကြပြီး ချုံအုပ်ကြီးတစ်ခုထဲသို့ ရောက်လာကြသည်။

ကုလားများသည် သစ်ပင်အုပ် တစ်ခု၏ ဟိုဘက်တွင် ကိုကြာလန်း စီးလာသော မြင်း၊ ဖုန်တထောင်းထောင်း ထအောင် ပြေးနေသည်ကို လှမ်းမြင်ရသဖြင့် နှင်းလိုက်သွားကြလေ၏။

"ဒီမှာပဲ နားကြရအောင်ဟေ့"

မြတောင်သည် ပြောပြောဆိုဆို ထိုင်ချလိုက်ပြီး ခင်ခင် ပါးလိုက်သော အထုပ်ထဲမှ သွေးဆေး သိပ်၍ အဝတ်စည်းထားလိုက်သည်။ ပြီးလျှင် ခင်ခင့်ထံမှ စာကို ထုတ်ဖတ်၏။ ရင်ဘတ်မှ သွေးက စာပေါ်သို့ ယိုဆင်းနေ၏။

*နှမ ရှိသေစွာ စာအားဖြင့် ကန်တော့လိုက်ပါသည် မောင်ကြီးရှင့်... နှမအတွက် နောက်ဆံမတင်းပါလေနှင့်။ မောင့်သားကို ဓားရေးသင်၍ မကြာမီ ခင်လည်း လိုက်လာခဲ့ပါမည်။ မောင့်ဓားကို သေခါမှ ချမည်။ မောင်ကြီး ပြောစကားကို ကြားယောင်တိုင်း နှမ ဝမ်းသာနေပါသည်။*

မြတောင်သည် စာကို ရင်မှာ အပ်၍ မျက်လုံးကို မှိတ်ထားသည်။ ပင့်သက်ရှူ၍ မျက်လုံးဖွင့်လိုက်သောအခါ ကိုကြာလန်း၏ ပေါင်ရင်း၌ သွေးတွေ ရွှဲနေသည်ကို မြင်ရ၏။

"ဟင်... မင်းလည်း ထိလာသကိုး။ မှန်းစမ်း... မှန်းစမ်း..."

မြတောင်သည် သွေးဆေးဘူးကို ယူပြီး သိပ်ပေးရန် ကိုကြာလန်း၏ အဝတ်ကို ဆွဲလှန်လိုက်၏။ ကိုကြာလန်း၏ ပေါင်မှာ သွင်သွင်ကျိုးနေပေပြီ။ မြတောင်က ဆေးသိပ်ပြီး အဝတ်စည်းပေး၏။

သူသည် ကိုကြာလန်းအား အတန်ကြာ အကဲခတ်နေစဉ် မြင်းခွာသံများ ကြားရပြန်၏။ ကုလားများ ပြန်လာခြင်း ဖြစ်သည်။ ကုလားများသည် မြောင်းခုံများထဲတွင် လည်းကောင်း၊ မြောင်းကြိုမြောင်းကြား၊ ချုံပုတ်များ အောက်တွင် လည်းကောင်း လူစီတန်း၍ နင်းချေ ရှာဖွေကြလေ၏။

"ငါလည်း ရင်ဝကို ထိတာ သေတော့မှာပဲ ကိုကြာလန်း၊ မင်းလည်း မပြေးနိုင်တော့ဘူး။ ဒီတော့ အဖမ်းခံရတော့မှာပဲ။ မလွတ်တော့ပဲအတူတူ မကြာခင် သေတော့မယ့် ငါ့ကို ဖမ်းပေးလိုက်"

www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျာ... ခင်ဗျာ... ဗိုလ်မှူး''

ကိုကြာလန်း၏ မျက်နှာမှာ ချက်ချင်း ဖြူရော် ချောက်ချားသွားတော့သည်။

''သစ္စာရှိတဲ့ မင်းကို ငါ ကျေးဇူးဆပ်သွားပါရစေ။ ဆုငွေလည်း ရ၊ ဆေးဝါးလည်း အကုသခံရရင် မင်းဟာ ငါ့သားနဲ့ ငါ့မယားကို စောင့်ရှောက်နိုင်ပါတယ်''

''ကျွန်တော်... ကျွန်တော်... မလုပ်နိုင်ဘူး''

ကိုကြာလန်းသည် ခေါင်းငုံ့၍ ရှိုက်ကြီးတငင် ငိုလေ၏။

''ငါ့အမိန့်ကို မင်း ဘယ်တုန်းက ပယ်ဖူးသလဲ၊ ကုလားတွေကို အခု ထွက်ခေါ်''

ကိုကြာလန်းသည် ခေါင်းကိုသာ အတွင်ယမ်းနေ၏။ မြတောင်သည် အံတစ်ချက် ကြိတ်လိုက်ကာ-

''မြတောင်ကို ငါ ဖမ်းထားပြီဟေ့... ဒီမှာ...''ဟုအော်ကာ ချုံထဲမှ ပြေးထွက်သည်။

စင်စစ် မိမိ ဖြစ်စေချင်သလို ဖြစ်ရန်အတွက် မြတောင်က ကိုကြာလန်းအား အကျပ်ကိုင်လိုက်ခြင်း ဖြစ်သော်လည်း ကိုကြာလန်းသည် မြတောင်အား မှီတွဲဖက်ထားရာက စုရုံးရောက်ရှိလာသော ကုလားများ နီးကပ်လာသည့်အချိန်တွင် ခြေတပေါင်ကျိုး ဝင်၍ ခုတ်သတ်လေ၏။

''ယောက်ျား... ကျား...''

ကုလားများမှာ ကျားဟိန်းသံလို ကြောက်မက်ဖွယ်ရာ အသံကြီးအောက်တွင် အတုံးအရုံး သေကုန်သည်။ မြတောင်မှာလည်း မနေသာတော့ဘဲ အတင်းဝင်ခုတ်ရ၏။ လုံးထွေးခုတ်ထစ်ပြီ ဆိုလျှင် ကုလားတွေ၏ ခေါင်းမှာ ထန်းသီးကြွေသလို ကြွေရ၏။ မြေပြင်ဝယ် ကုလားသွေးများဖြင့် ရွှဲအိုင်နေသည်။

''မြတောင်တဲ့ ဟေ့...''

မြတောင်ဗိုလ်မှာ သံကုန် ကြုံးဝါးရင်း ဓားကိုမြှ မမြှောက်နိုင်တော့ဘဲ မတ်တတ် အသက်ပျောက်ကာ အတန်ကြာမှ ကိုကြာလန်းပေါ်သို့ လဲကျသွားလေ၏။

မြတောင်ဗိုလ်၏ ရုပ် ဒြပ် လဲပြိုသွားစေကာမူ သူ့သား၊ သူ့ဓားနှင့် သူ့စိတ်တို့သည်ကား တိုက်ခိုက်ဆဲ ချေမှုန်းဆဲ...။ ။